ပဠွဲဂ်စာအုပ်တိုက်

ဗန်းမော် သိန်းပေ

အီလွန် မတ်

ELON MUSK

ASHLEE VANCE

New York Times Bestseller အရောင်းရဆုံး စာအုပ်စာရင်းဝင်ဖြစ်တဲ့
"ELON MUSK" စာအုပ်ကို ဘာသာပြန်ထားပါတယ်။

designed by tin htoon

အီလွန်မတ်

ဗန်းမော်သိန်းဖေ

ပဉ္ဇင်စာအုပ်တိုက်

အမှတ် ၁၆၇ (A) ၊ ၃၅လမ်း (လယ်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၈၃၇၇၀၆၁

pyinsagam@gmail.com

www.pyinsagam.com

အီလွန်မတ်

E[illegible]K

ဗန်းမော်သိန်းဖေ

ပထမအကြိမ်ပုံနှိပ်ခြင်း

၂၀၂၃ ခုနှစ်၊ ဧပြီလ၊ အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း

ပန်းချီတင်ထွေး

စာစီစာရိုက်

လူမော်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်မိုးစိန် (အောင်သာပုံနှိပ်တိုက်-၀၀၆၉၀)

အမှတ် ၃၆၂၂ ရွှေနင်းဆီလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ

ဦးဆန်းအောင်သူ (ပဌာဂ်စာအုပ်တိုက်-၀၀၀၆၇)

အမှတ် ၁၆၇၊ ၃၅လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တန်ဖိုး - ၇၀၀၀ ကျပ်

မာတိကာ

ဘာသာပြန်သူ၏အမှာစာ

စာရေးသူ အက်ရ်ှလီဝန်းစ် (Ashlee Vance) ဟာ အီလွန်မတ်အကြောင်း ၆ နှစ်ကြာ လေ့လာခဲ့သလို သူ့မိသားစု၊ မိတ်ဆွေတွေ၊ သူ့ကုမ္ပဏီဝန်ထမ်းတွေ စတဲ့ လူပေါင်း ၅၀၀ ကျော်ကို တွေ့ဆုံမေးမြန်းပြီးမှ ဒီစာအုပ်ကို ရေးခဲ့တာပါ။ ဒါကြောင့် ဒီစာအုပ်ဟာ အီလွန်မတ်အကြောင်းနဲ့ပတ်သက်ရင် အပြည့်စုံဆုံးစာအုပ်လို့ ပြောလို့ရပါတယ်။ အီလွန်မတ်အကြောင်းရေးထားတဲ့ အတ္ထုပ္ပတ္တိစာအုပ်ဆိုပေမယ့် စာရေးသူရဲ့ စာအရေးအသား ကျွမ်းကျင်မှုကြောင့် စာအုပ်ဟာ ပျင်းစရာမကောင်းဘဲ အလွန်စိတ်ဝင်စားစရာကောင်းတာကို တွေ့ရတယ်။ ကျွန်တော်ဆိုရင် စာအုပ်စဖတ်ကတည်းက လက်ကမချနိုင်ဘဲ စာအုပ်ဆုံးတဲ့အထိ ဖတ်မိသွားခဲ့တယ်။

စာအုပ်ပါ အကြောင်းအရာကို အကျဉ်းပြောပြရရင် ဒီလိုပါ။

အီလွန်မတ်ဟာ ၁၉၇၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ တောင်အာဖရိကနိုင်ငံ၊ ပရီတိုးရီးယားမြို့မှာ မွေးဖွားခဲ့တယ်။ မောင်နှမသုံးယောက်မှာ သူက အကြီးဆုံးပါ။ ငယ်စဉ်ကတည်းက အပေါင်းအသင်းနည်းပြီး စာအုပ်ဖတ်တာ အလွန်ဝါသနာပါတယ်။ ကာတွန်းစာအုပ်တွေဖတ်ပြီး တခြားဂြိုဟ်တွေကို သွားရောက်ဖို့ စိတ်ကူးယဉ်နေခဲ့တယ်။ သူ အသက် ၉ နှစ်သားမှာ သူ့အဖေနဲ့အမေ ကွာရှင်းလိုက်ကြ

တယ်။ အဖေနဲ့ သွားနေတယ်။ ကွန်ပျူတာပရိုဂရမ်ရေးရာမှာ ကျွမ်းကျင်လို့ ၁၂ နှစ်သားမှာ သူရေးတဲ့ BLASTER ဆိုတဲ့ ပရိုဂရမ်ဟာ PC မဂ္ဂဇင်းမှာ ဖော်ပြခံခဲ့ရပြီး ဆုငွေ ဒေါ်လာ ၅၀၀ ရတယ်။ အထက်တန်းကျောင်းတက်တော့ ကျောင်းသားတွေရဲ့ အနိုင်ကျင့်တာခံရလို့ ကျောင်းမှာမပျော်ဘူး။ ၁၇ နှစ်သားမှာ တောင်အာဖရိကနိုင်ငံက လူဖြူအစိုးရရဲ့ လူမျိုးခွဲခြားတဲ့စနစ်ကို မကြိုက်လို့ သူ့အမေရဲ့ ကူညီမှုနဲ့ ကနေဒါနိုင်ငံကို တစ်ယောက်တည်း ထွက်သွားတယ်။ အဲဒီနိုင်ငံမှာ အလုပ်ကြမ်းတွေလုပ် ငွေစုပြီး Queen's တက္ကသိုလ် တက်တယ်။ အဲဒီမှာ 'ဂျပ်စတင်ဝီလ်ဆန်' ဆိုတဲ့ ကျောင်းသူနဲ့ ချစ်ကြိုက်သွားတယ်။ နောင်နှစ်အတော်ကြာမှာ သူတို့လက်ထပ်လိုက်ကြတယ်။

Queens တက္ကသိုလ်တက်ရင်း အီလွန်မတ်ဟာ ပညာသင်စရိတ်ရဖို့ အဆောင်က ကျောင်းသားတွေရဲ့ ကွန်ပျူတာပျက်ရင် ပြင်ပေးတယ်။ သူတို့ ဂိမ်းကစားဖို့ ပရိုဂရမ်ရေးပေးတယ်။ Queens တက္ကသိုလ်တက်လို့ ၂ နှစ်အကြာမှာ အမေရိကန်နိုင်ငံ Pennsylvania တက္ကသိုလ်က စကောလာရှစ် ပညာသင်ဆုရလို့ အဲဒီတက္ကသိုလ်မှာ သွားတက်တယ်။ ကျောင်းစရိတ်ရအောင် အဆောင်နေ သူငယ်ချင်းတစ်ယောက်နဲ့တွဲပြီး အိပ်ခန်း ၁၀ ခန်းပါတဲ့ အိမ်ကြီးတစ်လုံးငှားကာ အရက်ရောင်းတယ်။ အဲဒီတက္ကသိုလ်ကနေ ရူပဗေဒဘာသာတွဲနဲ့ စီးပွားရေးဘာသာတွဲ ဘွဲ့နှစ်ခုရခဲ့တယ်။ ရူပဗေဒဘာသာအတွက် ပါရဂူ Ph.D ဘွဲ့ရဖို့ ဆက်တက်တယ်။ တက်တာကို ၂ ရက်နဲ့ ရပ်လိုက်တယ်။ သူ့အကြောင်းပြချက်က အဲဒီအချိန် အမေရိကန်နိုင်ငံ Silicon Valley ဒေသမှာ တစ်ဟုန်ထိုး တိုးတက်လာတဲ့ အင်တာနက်အခွင့်အလမ်းကို လက်လွှတ်မခံချင်လို့ပါတဲ့။

၁၉၉၅ ခုနှစ်မှာ အီလွန်မတ်နဲ့ သူညီ 'ကင်းဘား' ဟာ Silicon Valley မှာ Zip2 ကုမ္ပဏီ ထောင်လိုက်ကြတယ်။ Zip2 ကုမ္ပဏီက ကုမ္ပဏီတွေ၊ ဆိုင်တွေရဲ့ တည်နေရာကို အင်တာနက်နဲ့ မြေပုံပေါ်မှာ ရှာလို့ရအောင် လုပ်ပေးတယ်။ ၁၉၉၉ ခုနှစ်မှာ Compaq Computer ကုမ္ပဏီက အောင်မြင်နေတဲ့ Zip2 ကို ဒေါ်လာ ၃၀၇ သန်းနဲ့ ဝယ်လိုက်တယ်။ အီလွန်မတ်က သူပိုင်တဲ့

ရှယ်ယာတွေအတွက် ဒေါ်လာ ၂၂ သန်းရလို့ အသက် ၂၇ နှစ်မှာ မီလျံနာ သူဌေးလေး ဖြစ်လာတယ်။ ဒေါ်လာ ၂၂ သန်းထဲက ဒေါ်လာ ၁၂ သန်း ရင်းနှီးပြီး အင်တာနက်ဘဏ်လုပ်ငန်းလုပ်ဖို့ X.com ကုမ္ပဏီကို ထောင်လိုက်တယ်။ X.com ကုမ္ပဏီဟာ Confinity ကုမ္ပဏီနဲ့ ပေါင်းလိုက်ပြီး PayPal လို့ နာမည်ပြောင်းလိုက်တယ်။ မကြာခင်မှာ eBay ကုမ္ပဏီက PayPal ကို ဒေါ်လာ ၁.၅ ဘီလီယံနဲ့ ဝယ်လိုက်တယ်။ အီလွန်မတ်ဟာ သူပိုင်တဲ့ Paypal ရှယ်ယာ တွေအတွက် အမြတ်ခွန်ဆောင်ပြီး ဒေါ်လာ သန်း ၁၈၀ ရလိုက်တယ်။ အဲဒီထဲက ဒေါ်လာ သန်း ၁၀၀ ကို Space X ကုမ္ပဏီ တည်ထောင်ပြီး ရင်းနှီးငွေထည့်လိုက် တယ်။ နောက်တော့ Tesla Motors ကုမ္ပဏီမှာ ရင်းနှီးငွေထည့်တယ်။ ပြီးတော့ သူညီဝမ်းကွဲတွေပိုင်တဲ့ SolarCity ကုမ္ပဏီမှာ ငွေကြေးထည့်ဝင် ရင်းနှီးမြှုပ်နှံ တယ်။ Space X က ဒုံးပျံတွေထုတ်လုပ်ပြီး အာကာသထဲကို ဂြိုဟ်တုတွေ၊ အာကာသယာဉ်တွေ ပို့လွှတ်ဖို့ဖြစ်တယ်။ Tesla က လျှပ်စစ်ကားတွေ ထုတ် လုပ်ဖို့ဖြစ်ပြီး SolarCity က နေရောင်ခြည်စွမ်းအင်ကနေ လျှပ်စစ်ထုတ်ပေးဖို့ ဖြစ်တယ်။ အဲဒီကုမ္ပဏီသုံးခုဟာ အီလွန်မတ်ရဲ့ စွမ်းဆောင်မှုကြောင့် အခက်အခဲ တွေကို ကျော်လွှားပြီး အောင်မြင်လာခဲ့ကြတယ်။ (Space X ရဲ့ ဒုံးပျံလွှတ်တာ တွေ၊ Tesla ရဲ့ လျှပ်စစ်ကားထုတ်လုပ်တာတွေနဲ့ ပတ်သက်တဲ့ အခက်အခဲတွေကို ဘယ်လိုကျော်လွှားတယ်ဆိုတာကို စာအုပ်မှာ စိတ်ဝင်စားဖွယ် ဖတ်ရမှာဖြစ်ပါ တယ်။) ဒီကုမ္ပဏီသုံးခုကြောင့် အီလွန်မတ်လည်း ဘီလျံနာသူဌေးတစ်ယောက် ဖြစ်ခဲ့ပြီး ယနေ့အထိ ကမ္ဘာမှာ အချမ်းသာဆုံးလူတစ်ယောက် ဖြစ်နေပါတယ်။

အီလွန်မတ်ဟာ ငယ်စဉ်ကတည်းက စိတ်ကူးယဉ်နေခဲ့တာ တစ်ခုရှိတယ်။ အဲဒါက အင်္ဂါဂြိုဟ်ကို ဒုံးပျံနဲ့ လူတွေပို့လွှတ်ပြီး ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်ဖို့ပါ။ လူတွေဟာ ကမ္ဘာကြီးကိုစွန့်ခွာပြီး အဲဒီမှာ သွားနေကြမယ်ပေါ့။ ဒါကြောင့်လည်း သူဟာ အဲဒီရည်ရွယ်ချက်နဲ့ Space X ကုမ္ပဏီကို တည်ထောင်ခဲ့တာပါ။ ကျွန်တော် ဒီစာအုပ်ကို ဖတ်ပြီးသွားတော့ အကျိုးရှိသွားတာတစ်ခုက ဒုံးပျံတွေ၊ အာကာသ ယာဉ်တွေအကြောင်းနဲ့ လျှပ်စစ်ကားတွေအကြောင်း အရင်က အနည်းအကျဉ်းပဲ

သိထားခဲ့ရာက အများကြီးသိလာခဲ့တယ်။

ဒီစာအုပ်မှာ အီလွန်မတ်ရဲ့အကြောင်း ပြည့်ပြည့်စုံစုံသိချင်သူတွေ၊ ဒုံးပျံ၊ လျှပ်စစ်ကား။ နေရောင်ခြည်စွမ်းအင် စတဲ့ အဆင့်မြင့်နည်းပညာတွေအကြောင်း သိချင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းလုပ်ချင်သူတွေအတွက် သိထားစရာ အသိပညာ၊ တွေ၊ အတုယူစရာ နည်းပညာတွေနဲ့ သတိထားစရာသင်ခန်းစာတွေ အများကြီး ပါဝင်လို့ လူတိုင်းဖတ်ရှုသင့်တဲ့ စာအုပ်ပါ။ အထူးသဖြင့် လူငယ်တွေ ဖတ်သင့်တယ်လို့ ပြောချင်ပါတယ်။

ဗန်းမော်သိန်းဖေ

၂၀၂၃ ခုနှစ်၊ ဇေဖော်ဝါရီလ ၂၈ ရက်

အခန်း (၁)

တောင်အာဖရိကနိုင်ငံမှာ အထက်တန်းကျောင်းသားဘဝ

'အီလွန်မတ်' နာမည်ကို လူတွေ သတိထားမိကြတာ ၁၉၈၄ ခုနှစ်မှာ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံမှာ ထုတ်ဝေတဲ့ 'PC and Office Technology' မဂ္ဂဇင်းရဲ့ စာမျက်နှာ ၆၉ မှာ 'Blaster' ဆိုတဲ့ ကွန်ပျူတာဂိမ်းတစ်ခု အတွက် ရေးထားတဲ့ စာကြောင်း ၁၆၇ ကြောင်းပါ source code ပါလာခဲ့တယ်။ Source code ဆိုတာ ကွန်ပျူတာမှာ ထည့်ရိုက်ပေးရင် ဂိမ်းကစားလို့ရတဲ့ command စာကြောင်းတွေပါ။ ခေါင်းစဉ် 'Blaster' ရဲ့အောက်မှာ Elon Musk လို့ နာမည်ရေးထိုးထားတယ်။ နာမည်အောက်မှာ မှတ်ချက်တစ်ခု ထည့်ပေးထားတယ်။ မှတ်ချက်မှာ ရေးထားတာက *'ဒီကစားနည်းဟာ လူအများအပြားကို သေစေနိုင်သော ဟိုက်ဒရိုဂျင်ဗုံးတွေနဲ့ Status Beam Machines စက်တွေ အများကြီးတင်ဆောင်လာတဲ့ တခြားဂြိုဟ်က အာကာသယာဉ်ကြီးကို ဖျက်ဆီးရမှာ ဖြစ်ပါတယ်'* တဲ့။ သူပြောတဲ့ Status Beam Machine စက်ဟာ ဘယ်လိုဟာမှန်း ဘယ်သူမှမသိကြပါဘူး။

Source code အတွက် မဂ္ဂဇင်းက အီလွန်မတ်ကို ဒေါ်လာ ၅၀၀ ဆုချီးမြှင့်တယ်။ ဒေါ်လာ ၅၀၀ ဆိုတာ အများကြီးမဟုတ်ပေမယ့် ဆုရလို့ အီလွန်မတ်

အတော်ပျော်သွားတယ်။ သူ့ရဲ့ဂိမ်းဟာ ကွန်ပျူတာ သိပ္ပံပညာအတွက် အံ့ချီးဖွယ်ရာ မဖြစ်ပေမယ့် ၁၂ နှစ်အရွယ် ကလေးတစ်ယောက်ရဲ့ တီထွင်မှုမို့ ချီးကျူးစရာပါ။ ဒီအချိန်မှာ သူ့အရွယ် ကလေးငယ်တွေဟာ ဆော့လို့ကောင်းတုန်းနဲ့ source code ရေးတတ်ဖို့ နေနေသာသာ အဲဒါ ဘာမှန်းတောင်မသိကြဘူး။

သူ လူပျိုပေါက်အရွယ်ရောက်တော့ သူ့ရွယ်တူတွေနဲ့မတူဘဲ ကြီးကြီးကျယ်ကျယ်တွေ စိတ်ကူးယဉ်လာခဲ့တယ်။ သူ့မှာ ကမ္ဘာကြီးကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ပေးဖို့ တာဝန်ရှိတယ်။ ကမ္ဘာကြီးအတွက် သန့်စင်တဲ့စွမ်းအင်တွေ ထုတ်ပေးနိုင်မယ့် နည်းပညာတွေကို ရှာဖွေထုတ်ဖော်ရမယ်။ အာကာသကို လူများများသွားနိုင်ဖို့ အာကာသယာဉ်တွေ တည်ဆောက်ပေးရမယ် စတာတွေပါ။ သူဟာ အဲဒါတွေဖြစ်လာအောင် လက်တွေ့လုပ်ချင်နေတယ်။ "*ကျွန်တော် အဲဒါတွေ စိတ်ကူးယဉ်နေတာ ငယ်ငယ်က comic book (ကာတွန်းစာအုပ်) တွေ အများကြီး ဖတ်ခဲ့လို့ ထင်ပါတယ်*" လို့ သူကြီးလာတော့ ပြောပြတယ်။ နောက်ပြီး ထပ်ပြောသေးတယ်။ "*Comic Book တွေဟာ အမြဲလိုလို ကမ္ဘာကြီးကိုကယ်တင်ဖို့ ကြိုးစားတဲ့အကြောင်းတွေ ရေးပြထားကြတယ်။ ကမ္ဘာကြီးကို နေချင့်စဖွယ်နေရာ ဖြစ်အောင် လုပ်သင့်တယ်။ ဒါမှ လူဖြစ်ရတာ အဓိပ္ပာယ်ရှိတယ်လို့ ရေးပြထားကြတယ်*"။

သူ အသက် ၁၄ နှစ်အရွယ်ရောက်တော့ သိချင်စိတ်၊ စူးစမ်းချင်စိတ်ကြောင့် ဘာသာရေးနဲ့ အတွေးအခေါ်စာအုပ်တွေ ဖတ်တယ်။ ဒါပေမဲ့ ဖတ်ရင်းနဲ့ ငြီးငွေ့သွားလို့ ဆက်မဖတ်တော့ဘဲ သိပ္ပံဝတ္ထုစာအုပ်တွေကို ဖတ်ပြန်တယ်။ သူ အကြိုက်ဆုံး သိပ္ပံဝတ္ထုစာအုပ်ဟာ Douglas Adams ရေးတဲ့ "The Hitchhiker's Guide to Galaxy" (မြန်မာလို 'အာကာသဟင်းလင်းပြင်ရှိ ကြယ်စုတွေဆီ ခရီးကြဲ့သွားဖို့ လမ်းညွှန်' လို့ အဓိပ္ပာယ်ရတဲ့) စာအုပ်ဖြစ်ပါတယ်။ "*အဲဒီစာအုပ်ထဲမှာ တစ်ခုရေးပြထားတာကို ကျွန်တော် သဘောကျမိတယ်။ အဲဒါက မေးခွန်းမေးတတ်ဖို့ ခက်တယ်တဲ့။ မေးခွန်းမေးတတ်ရင် အဖြေရဖို့ လွယ်တယ်တဲ့။ ဒါကြောင့် ကျွန်တော်ဟာ တစ်စုံတစ်ခု မေးတော့မယ်ဆိုရင် ဘယ်လိုမေးခွန်းမျိုး မေးရမယ်*

ဆိုတာ စဉ်းစားလာခဲ့တယ်။ မေးခွန်းမေးတတ်ဖို့ စာမျှားမျှားဖတ်ဖို့ လိုတယ်ဆိုတာ လည်း သိလာခဲ့တယ်” လို့ သူ ပြောတယ်။

အီလွန်မတ်ဟာ ၁၉၇၁ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှာ တောင်အာဖရိကနိုင်ငံရဲ့ အရှေ့မြောက်ပိုင်းက မြို့တော်သုံးခုအနက် တစ်ခုဖြစ်တဲ့ ပရီတိုးရီးယားမြို့မှာ မွေးဖွားကြီးပြင်းခဲ့တယ်။ အီလွန်မတ်ရဲ့ ကလေးဘဝတစ်လျှောက်လုံး တောင်အာဖရိကနိုင်ငံမှာ လူမျိုးရေးခွဲခြားတဲ့ဝါဒ ကြီးစိုးနေတယ်။ လူဖြူတွေက လူမည်းတွေကို ဖိနှိပ်ချုပ်ချယ်ကြတယ်။ ဒါကြောင့် လူဖြူတွေက လူမည်းတွေအပေါ် မကြာခဏ အကြမ်းဖက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုတွေ ပြုလုပ်ကြတယ်။ ဒါတင်မကဘဲ လူမည်းမျိုးနွယ်စုတွေလည်း အချင်းချင်း တိုက်ခိုက်သတ်ဖြတ်မှုတွေ ရှိနေကြတယ်။ အီလွန်မတ် အသက် ၄ နှစ်ပြည့်ခါနီး ၁၉၇၆ ခုနှစ် ဇွန်လမှာ တောင်အာဖရိကနိုင်ငံမှာ ကြောက်မက်ဖွယ်ကောင်းတဲ့ (Soweto Uprising) ဆိုဝက်တိုအုံကြွမှုကြီး ဖြစ်လာခဲ့တယ်။ အဲဒါက ဆိုဝက်တိုမြို့မှာ လူမည်း အထက်တန်းကျောင်းသား ၂ သောင်းကျော်ဟာ အုပ်ချုပ်သူ လူဖြူအစိုးရကို လမ်းပေါ်ထွက် ဆန္ဒပြကြတယ်။ ဆန္ဒပြသူတွေကို လူဖြူရဲတွေက သေနတ်နဲ့ပစ် တုတ်နဲ့ရိုက်ပြီး အကြမ်းဖက်နှိမ်နင်းကြလို့ ကျောင်းသားတွေ ရာချီပြီး သေဆုံးကြတယ်။ ဒီအရေးအခင်းကြောင့် တောင်အာဖရိကနိုင်ငံဟာ အနောက်နိုင်ငံတွေရဲ့ ကုန်သွယ်ရေး ပိတ်ဆို့အရေးယူမှုတွေ ခံရတယ်။ လူဖြူ၊ လူမည်း အဓိကရုဏ်းတွေဟာ နိုင်ငံအနှံ့မှာ မကြာခဏဖြစ်ပွားနေပေမယ့် အီလွန်မတ်ဟာ ကလေးဘဝကတည်းက သူသွားချင်တဲ့ နေရာကို ပြဿနာမကြုံဘဲ သွားလာနိုင်ခဲ့တယ်။

အီလွန်မတ်ဟာ လူဖြူကောင်လေးတစ်ယောက်မို့ လူမျိုးရေးခွဲခြားမှုနဲ့ မကြုံရပေမယ့် လူဖြူတွေ လူမည်းတွေအပေါ် ဖိနှိပ် အနိုင်ကျင့်နေတာတွေ မြင်တွေ့နေရတာကို မနှစ်မြို့ဘူး။ သူ လူပျိုဖြစ်လာတော့ တောင်အာဖရိကနိုင်ငံမှာ မနေချင်တော့ဘူး။ လူဖြူလူမည်းပြဿနာကြောင့် မနေချင်တာ မဟုတ်ပါဘူး။ အနောက်နိုင်ငံတွေရဲ့ ကုန်သွယ်ရေး ပိတ်ဆို့အရေးယူမှု ခံထားရတဲ့ တောင်အာဖရိကနိုင်ငံမှာ နေရင် သူ့ဘဝ တိုးတက်မှာမဟုတ်ဘူးထင်လို့ တခြားနိုင်ငံတစ်ခုမှာ သွားနေချင်

တာပါ။ တခြားနိုင်ငံဆိုရာမှာ အထူးသဖြင့် အမေရိကန်နိုင်ငံပါ။ အမေရိကန်နိုင်ငံဟာ အခွင့်အလမ်းပေါများလို့ သူ့အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ အကောင်းဆုံး နေရာလို့ သူယုံကြည်တယ်။

အီလွန်မတ်ရဲ့ မျိုးရိုးစဉ်ဆက်ကို ကြည့်လိုက်တဲ့အခါ အမေရိကန်နိုင်ငံက ဆိုတာ တွေ့ရတယ်။ သူ့ရဲ့မိခင်ဘက်က တော်စပ်တဲ့ သူ့အဘေး (အဘိုးရဲ့အဖေ) 'ဂျွန်အီလွန်ဟာဒင်းမန်း' ဟာ အမေရိကန်နိုင်ငံ၊ အီလီနွိုက်ပြည်နယ်မှာ ၁၈၇၂ ခုနှစ်မှာ မွေးဖွားခဲ့ပြီး အဲဒီမှာပဲ ကြီးပြင်းခဲ့တယ်။ ဂျွန်အီလွန်ဟာ အသက် ၃၀ အရွယ် ၁၉၀၂ ခုနှစ်မှာ သူ့ထက် အသက် ၅ နှစ်ငယ်တဲ့ 'ဂျိန်းနော်မန်'နဲ့ လက်ထပ်လိုက်တယ်။ လက်ထပ်ကြပြီးတော့ သူတို့လင်မယားဟာ မင်နီဆိုးတားမြို့လယ်ကပီးကွတ်အရပ်မှာ သစ်လုံးအိမ်လေးတစ်လုံးဆောက်ပြီး နေကြတယ်။ မကြာခင် သားလေးတစ်ယောက်မွေးပြီး သူ့ကို 'ဂျောရှုဝါနော်မန်ဟာဒင်းမန်း' လို့ နာမည်ပေးထားတယ်။ ဂျောရှုဝါဟာ အီလွန်မတ်ရဲ့ အဘိုးပါ။

၁၉၀၇ ခုနှစ်မှာ ဂျွန်အီလွန်၊ ဂျိန်းနော်မန်နဲ့ သားဖြစ်သူ ဂျောရှုဝါတို့မိသားစုဟာ အမေရိကန်နိုင်ငံရဲ့ နယ်စပ်နား၊က ကနေဒါနိုင်ငံရဲ့ စာစကက်ချူဝမ်ဆိုတဲ့ မြက်ခင်းလွင်ပြင်ဒေသကို ပြောင်းရွှေ့သွားကြတယ်။ အဲဒီမှာ ဂျောရှုဝါရဲ့ညီမကို မွေးဖွားတယ်။ အဲဒီရောက်ပြီး မကြာခင် ဂျောရှုဝါ အသက် ၇ နှစ်သားအရွယ်မှာ သူ့အဖေ ဂျွန်အီလွန်ဟာ ဆီးချိုရောဂါနဲ့ ကွယ်လွန်သွားတယ်။ ဂျောရှုဝါဟာ သူတို့မိသားစု စားဝတ်နေရေးအတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်တယ်။ ကျယ်ပြန့်တဲ့မြေပေါ်မှာ ယာစိုက်ပျိုးတယ်။ လက်ဝှေ့ထိုးပွဲ၊ နပမ်းသတ်ပွဲတွေမှာ ဝင်ပြိုင်တယ်။ နိုင်ရင် ရတဲ့ ပိုက်ဆံနဲ့ မိသားစု စားသောက်ရတယ်။ နောက်တော့ သူဟာ မြင်းရိုင်းတွေကို လိုက်ရှာဖမ်းပြီး ယဉ်ပါးအောင်လုပ်တယ်။ ယဉ်ပါးသွားတဲ့ မြင်းတွေကို လယ်သမားတွေဆီရောင်းရင်း ပိုက်ဆံကောင်းကောင်းရတယ်။ ကနေဒါနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ မြင်းရိုင်းစီးပြိုင်ပွဲကို စီစဉ်ကျင်းပပေးခဲ့တယ်။ သူ့အိမ်မှာ မြင်းရိုင်းစီးနေတာ၊ မြင်းပေါ်ကနေ ကြိုးကွင်းကို ခေါင်းအထက်မှာ ဝှေ့ရမ်းပြနေတာတွေကို ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ချိတ်ဆွဲထားတယ်။ လူပျိုရွယ်ရောက်တော့

အမေရိကန်နိုင်ငံ၊ အိုင်ယိုဝါမြို့က chiropratic (ကျောရိုးနဲ့ အဆစ်အမြစ်ကို လက်နဲ့ ပြုပြင်ကုသပေးတဲ့) ပညာသင်ပေးတဲ့ The Palmer School of Chiropratic ကျောင်းသွားတက်တယ်။ အဲဒီကျောင်းကနေ ဘွဲ့ရပြီးတော့ အိမ်ကို ပြန်လာတယ်။ အဲဒီပညာနဲ့ လုပ်မစားဘဲ ယာစိုက်တဲ့အလုပ်ပဲ လုပ်တယ်။

၁၉၃၀ ပြည့်နှစ်ကျော်က အမေရိကန်နိုင်ငံမှာ စီးပွားပျက်ကပ်ကြီး ဖြစ်လာခဲ့တယ်။ ကုမ္ပဏီအများအပြား ပိတ်ကြပြီး လူတွေအများကြီး အလုပ်ပြုတ်ကုန်ကြတယ်။ အလုပ်လက်မဲ့တွေ များလာတယ်။ ဂျောရှ္ဝါလည်း ငွေကြေးအကျပ်အတည်း ဖြစ်လာတယ်။ သူဟာ လယ်ယာသုံးပစ္စည်းတွေကို ဘဏ်ကနေ ငွေချေးပြီး ဝယ်ထားခဲ့တာ ချေးငွေကို ပြန်မဆပ်နိုင်လို့ ဘဏ်က သူပိုင်တဲ့မြေအားလုံး (စုစုပေါင်း ဧက ၅ ထောင်) ကို သိမ်းယူသွားတယ်။ *"သူ အဲဒီအချိန်ကစပြီး ဘဏ်တွေကို လုံးဝ အယုံအကြည်မရှိတော့ဘူး။ အကြီးအကျယ် စိတ်နာသွားတယ်"* လို့ သူ့သား 'စကော့ဟာဒင်းမန်း' က ပြောပြတယ်။ စကော့လည်း နောက်တော့ သူ့အဖေ ဂျောရှ္ဝါ တက်ခဲ့တဲ့ The Palmer School of Chiropratic ကျောင်းသွားတက်ပြီး ဘွဲ့ရခဲ့တယ်။ နောင်မှာ သူဟာ ကမ္ဘာပေါ်မှာ အတော်ဆုံး ကျောရိုးပြုပြင်ကုသသူလို့ နာမည်ကြီးလာခဲ့တယ်။

၁၉၃၄ ခုနှစ်ရောက်တော့ ဂျောရှ္ဝါဟာ သူပိုင်မြေတွေအားလုံးကို ဘဏ်က အကြွေးနဲ့သိမ်းသွားတာကြောင့် စိတ်ဓာတ်ကျတာနဲ့ မိန်းမနဲ့သားကို စွန့်ခွာပြီး ကနေဒါနိုင်ငံအနှံ့ လျှောက်သွားတယ်။ အရပ် ၆ ပေ ၃ လက်မ မြင့်ပြီး အလွန်သန်စွမ်းတဲ့ ဂျောရှ္ဝါဟာ ရောက်ရာနေရာက ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အလုပ်ကြမ်းသမား ဝင်လုပ်တယ်။ မြင်းရိုင်းစီးပြသူအဖြစ် ပြပွဲတွေမှာ လုပ်ပြတယ်။ နောက်ဆုံးတော့ စာစကက်ချ်ုပ်မ်ဒေသက Swift Current မြို့မှာ အခြေချနေလိုက်တယ်။ အဲဒီမှာ အကြောပြင်ဆရာအဖြစ် အိမ်ခေါ်ရင် အကြောပြင်တာ ကုပေးတယ်။

၁၉၄၈ ခုနှစ်မှာ ဂျောရှ္ဝါဟာ ကနေဒီယန်လူမျိုး အကသင်ကျောင်းက အကသင်ဆရာမ 'ဝင်နီဖရက်ဒ် ဂျီစဖင်း ဖလက်ချာ' အတိုကောက် 'ဝင်နီ' နဲ့

လက်ထပ်လိုက်တယ်။ အခန်းတစ်ခန်းငှားပြီး အကြောပြင်ဆေးကုခန်း ဖွင့်တယ်။ သူ့ အကြောပြင်ဆေးခန်းဟာ အလွန်အောင်မြင်လာခဲ့တယ်။ ဇနီးဟောင်း ဂျိန်းနော်မန် ကွယ်လွန်သွားလို့ ဂျောရှုဝါဟာ သူနဲ့ရခဲ့တဲ့ သား စကော့ဟာဒင်းမန်းနဲ့ သမီးကို သူနဲ့အတူနေဖို့ ခေါ်ယူထားလိုက်တယ်။ မကြာခင် သူတို့မိသားစုထဲကို ဝင်နီမွေးတဲ့ အမ္ဘာညီအစ်မနှစ်ယောက် ရောက်လာကြတယ်။ 'ကေး' နဲ့ 'မေ' ပါ။ 'မေ'ဆိုတာ အီလွန်မတ်ရဲ့အမေ ဖြစ်လာမယ့်သူပါ။

သူတို့မိသားစုဟာ သုံးထပ်မြင့်ပြီး အခန်းပေါင်း ၂၀ ပါဝင်တဲ့ အိမ်ကြီး တစ်လုံးမှာ နေကြတယ်။ အခန်းကျယ်ကြီးတစ်ခန်းမှာ ဝင်နီက ကျောင်းသူတွေကို အကသင်ပေးတယ်။ စွန့်စားမှုကိုသဘောကျတဲ့ ဂျောရှုဝါဟာ လူ ၈ ယောက်အထိ စီးလို့ရတဲ့ Bellanca Cruisair အမျိုးအစား ပန်ကာတစ်လုံးတုပ် လေယာဉ်ပျံ တစ်စင်းကို ဝယ်လိုက်ပြီး အချိန်အားတိုင်း လေယာဉ်မောင်းနှင်နေတယ်။ သူမိန်းမ ဝင်နီနဲ့ ကလေး ၄ ယောက်တို့ကို လေယာဉ်ပျံပေါ်တင်ပြီး မြောက်အမေရိကတိုက် အနှံ့ကို လှည့်လည်ပျံသန်းတယ်။ ဂျောရှုဝါကို (လေယာဉ်ပျက်ကျပြီး သေဆုံးနိုင်လို့) မိသားစုအပေါ် ရက်စက်သူလို့ လူတွေက အပြစ်ပြောကြတယ်။ ဂျောရှုဝါက အဲဒါကို ဂရုမစိုက်ပါဘူး။ သူဟာ နိုင်ငံအနှံ့မှာကျင်းပတဲ့ အကြောပြင် ဆေးကုပညာ ဆွေးနွေးပွဲတွေ၊ နိုင်ငံရေး ဆွေးနွေးပွဲတွေကို လေယာဉ်ပျံကို ကိုယ်တိုင်မောင်းပြီး တက်ရောက်တယ်။ တစ်ခါတလေ သူမိန်းမ ဝင်နီလည်း လိုက်တယ်။ နောက်တော့ သူနဲ့ သူမိန်းမ ဝင်နီတို့ နှစ်ယောက်ပေါင်းပြီး စာအုပ်တစ်အုပ် ရေးတယ်။ စာအုပ် နာမည်က "The Flying Haldemans: Pity the Poor Private Pilot" တဲ့။ မြန်မာလို အနီးစပ်ဆုံး ဘာသာပြန်ရရင် 'ပျံသန်းနေတဲ့ ဟာဒင်းမန်းအတွဲပါ။ ဆင်းရဲတဲ့ လေယာဉ်မောင်းသမားကို သနားပါ' တဲ့။

အကြောပြင်ဆရာနဲ့ နိုင်ငံရေးသမားဖြစ်နေတဲ့ ဂျောရှုဝါဟာ ၁၉၅၀ ပြည့် နှစ်မှာ ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ အဲဒါက ကနေဒါနိုင်ငံကနေ တခြားနိုင်ငံတစ်ခုကို ထွက်ခွာသွားဖို့ပါ။ ဒီအချိန်မှာ သူ့အသက် ၄၈ နှစ် ရှိနေပါပြီ။ သူဟာ ဗျူရိုကရေစီစနစ်ကျင့်သုံးပြီး လူထုကို ဖိနှိပ်ချုပ်ချယ်တဲ့ ကနေဒါအစိုးရကို

သဘောမကျဖြစ်နေလို့ ကနေဒါနိုင်ငံက ထွက်ခွာသွားဖို့ ကြံစည်စိတ်ကူးနေခဲ့တာ ကြာပါပြီ။ ဆုံးဖြတ်ချက်ချပြီး လအတန်ကြာမှာ သူမိသားစုဟာ အိမ်ကြီး၊ အကသင်တန်းနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ၊ အကြောပြင်ဆေးကုတဲ့ ပစ္စည်းတွေကို ရောင်းချလိုက်တယ်။ ဂျောရှုဝါလည်း သူ တစ်ခါမှမရောက်ဖူးတဲ့ တောင်အာဖရိကနိုင်ငံကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီအချိန် တောင်အာဖရိကနိုင်ငံမှာ စီးပွားရေးလုပ်လို့ ကောင်းတယ်ဆိုပြီး လူဖြူအများအပြား ပြောင်းရွှေ့ အခြေချနေကြတယ်။ ဂျောရှုဝါဟာ Bellanca Cruisair လေယာဉ်ပျံကို တစ်ယောက်တည်း တစ်စစီဖြုတ်ပြီး သေတ္တာတွေနဲ့ထည့်တယ်။ ငယ်ရွယ်တဲ့ သူသား စကော့ဟာဒင်းမန်းက တတ်နိုင်သလောက် ကူလုပ်ပေးတယ်။ သေတ္တာတွေကို တောင်အာဖရိကနိုင်ငံကို သင်္ဘောနဲ့ ကြိုတင်ပို့လိုက်တယ်။ သူတို့ တောင်အာဖရိကနိုင်ငံ ရောက်တော့ လေယာဉ်ပျံကို ပြန်လည်တပ်ဆင်ပြီး လေယာဉ်ပျံနဲ့ တောင်အာဖရိကနိုင်ငံက အခြေချနေဖို့ ကောင်းမယ့်နေရာကို လိုက်ရှာကြတယ်။ နောက်ဆုံးမှာ ဂျောရှုဝါဟာ ပရီတိုးရီးယားမြို့မှာ အခြေချပြီး အကြောပြင်ဆေးကုတာကို စလုပ်တယ်။

သူတို့မိသားစုဟာ တောင်အာဖရိကနိုင်ငံကိုရောက်ပြီးတော့ စွန့်စားရတာတွေ လုပ်နေရလို့ အတော်ပျော်နေကြတယ်။ ၁၉၅၂ ခုနှစ်မှာ ဂျောရှုဝါနဲ့ ဝင်နီဟာ သူတို့ရဲ့လေယာဉ်ပျံနဲ့ အာဖရိကတိုက်ကို ဖြတ်ကျော်ပြီး စကော့တလန်နိုင်ငံနဲ့ နော်ဝေးနိုင်ငံတွေအထိ မိုင်ပေါင်း ၂၂,၀၀၀ ခရီးကို ပျံသန်းခဲ့ကြတယ်။ ဂျောရှုဝါက လေယာဉ်မောင်းပြီး ဝင်နီကတော့ လေယာဉ်မောင်းလိုင်စင် မရှိလို့ လေကြောင်းလမ်းပြတာပဲ လုပ်ပေးတယ်။ ဒါပေမဲ့ တစ်ခါတလေ ဂျောရှုဝါ လေယာဉ်မောင်းရတာ ညောင်းလာရင် ဝင်နီက လေယာဉ်ကို ဝင်မောင်းပေးတယ်။ ၁၉၅၄ ခုနှစ်မှာ သူတို့ဟာ တောင်အာဖရိကနိုင်ငံနဲ့ ဩစတေးလျှနိုင်ငံကို အသွားအပြန်ခရီး မိုင်ပေါင်း ၃ သောင်းကို ပျံသန်းပြီး လေယာဉ်မောင်းစံချိန်တင်ခဲ့ကြတယ်။ အဲဒီအချိန်က အဲဒီလောက်ဝေးတဲ့ခရီးကို အင်ဂျင်တစ်လုံးတပ် လေယာဉ်ပျံနဲ့ ပျံသန်းနိုင်တဲ့သူဟာ သူတို့ပဲ ရှိခဲ့ပါတယ်။

ဂျောရှုဝါတို့မိသားစုဟာ လေယာဉ်ပျံနဲ့ ပျံသန်းနေကြချိန်မဟုတ်ရင် ခရီးသွားတတ်ကြတယ်။ အာဖရိကတောင်ပိုင်းက ခါလာဟာရီ သဲကန္တာရမှာရှိတဲ့ Lost City (ပျောက်ဆုံးနေသော မြို့တော်) ကို သွားရောက်ပြီး အဲဒီမှာ လနဲ့ချီနေထိုင်တယ်။ အဲဒီက ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို လေ့လာကြတယ်။ အာဖရိကတိုက်က တောကြီးထဲမှာရိုက်ကူးထားတဲ့ ကလေး ၅ ယောက်ရဲ့ ဓာတ်ပုံတွေကို အိမ်မှာ ချိတ်ဆွဲထားတယ်။ ညဆိုရင် တောထဲမှာ မီးဖိုပြီး မီးဖိုဘေးမှာ ဝိုင်းထိုင်ရင်း ညစာစားကြတယ်။ မနက်ခင်းမှာ ကလေးတွေဟာ ခေါက်ကုလားထိုင်တွေမှာ ထိုင်ပြီး စာအုပ်ဖတ်ကြတယ်။ သူတို့ရဲ့နောက်ခံမှာ အနီရောင် Bellanca Cruisair လေယာဉ်ပျံ ရပ်ထားတာကို တွေ့ရတယ်။ ငြိမ်သက်အေးချမ်းတဲ့ ရှုခင်းကြောင့် အန္တရာယ်တစ်စုံတစ်ရာရှိမယ်လို့ မထင်ရဘူး။ ,ဒါပေမဲ့ အဲဒီလို မဟုတ်ဘူး။

တစ်ညမှာ သူတို့မောင်းနေတဲ့ကားဟာ မှောင်နေတဲ့လမ်းပေါ်က သစ်ငုတ်တိုတစ်ခုနဲ့ တိုက်မိပြီး ကားဘန်ပါဟာ ကားထဲချိုင့်ဝင်သွားတယ်။ ကားထဲက ရေတိုင်ကီပေါက်ပြီး ပျက်စီးသွားတယ်။ ကားဆက်မောင်းလို့ မရတော့ဘူး။ တောအုပ်ကြီးထဲမှာဖြစ်နေပြီး ဘယ်သူနဲ့မှလဲ ဆက်သွယ်မရတာကြောင့် ဂျောရှုဝါဟာ ကားကို သုံးရက်ကြာအောင် တစ်ယောက်တည်း ပြင်ရတယ်။ သူ ကားပြင်နေချိန်မှာ သူ့မိသားစုဟာ စားစရာအတွက် အမဲလိုက်ကြတယ်။ တစ်ခါတစ်ရံ သူတို့ဟာ ညပိုင်းမှာ မီးဖိုပြီး ဝိုင်းဖွဲ့စကားပြောနေကြတုန်း တောခွေးတွေ၊ ကျားသစ်တွေဟာ သူတို့အနားမှာ ဝိုင်းပတ် လျှောက်သွားနေကြတယ်။ မီးဖိုက အလင်းရောင်ကြောင့် သူတို့ကို ရန်မရှာကြဘူး။ တစ်မနက်မှာ မိသားစုဟာ အိပ်ရာထတော့ သူတို့ရဲ့ ထမင်းစားပွဲနဲ့ သုံးပေအကွာမှာ ခြသေ့ကြီးတစ်ကောင်ကို တွေ့လိုက်ကြတယ်။ အားလုံးလည်း ကြောက်လန့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။ ဂျောရှုဝါက ဓာတ်မီးတစ်လက်ကို ကောက်ယူပြီး ခြသေ့ကြီးရဲ့မျက်နှာကို မီးထိုးတယ်။ ပြီးတော့ ပါးစပ်က "ရှူး ... ရှူး" လို့ အော်ပြီး ခြသေ့ကြီးကို မောင်းထုတ်တယ်။ အဲဒါ အလုပ်ဖြစ်သွားတယ်။ ခြသေ့ကြီးဟာ သူတို့အနားက အသာအယာ ထွက်ခွာသွားတယ်။

ဂျောရှုဝါနဲ့ ဝင်နီတို့ဟာ သားသမီးတွေကို ထိန်းကျောင်းရာမှာ ချုပ်ချယ်တာ မလုပ်ဘဲ လွတ်လပ်စွာနေခွင့် ပေးထားကြတယ်။ အဲဒါဟာ သူတို့ရဲ့မြေး အီလွန်မတ် အထိပါပဲ။ ကလေးတွေ အမှားလုပ်ရင် မဆူဘူး။ အပြစ်မပေးဘူး။ ကလေးတွေဟာ အမှားကိုသိပြီး ပြင်သွားကြမယ်လို့ ယုံကြည်ကြတယ်။ ဂျောရှုဝါတို့လင်မယား လေယာဉ်ပျံမောင်းပြီး ခရီးသွားကြရင် ကလေးတွေကို သူတို့ချည်းပဲ အိမ်မှာထားခဲ့တယ်။ သူတို့ကို ကြည့်ရှုပေးမယ့်သူ တစ်ယောက်မှ အိမ်မှာခေါ်မထားဘူး။ ကလေးတွေ သူတို့ကိုယ်သူတို့ အားကိုးတတ်အောင်လို့ပါလို့ ဂျောရှုဝါက ပြောပြတယ်။ သူတို့ရဲ့သား၊ စကော့ဟာဒင်းမန်းက တစ်ခါ ပြောပြဖူးတယ်။ သူဟာ ကျောင်းက ရတ်ဘီအသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်သလို အတန်းထဲမှာလည်း အတန်းခေါင်းဆောင်ဖြစ်ပေမယ့် သူ့အဖေဟာ ကျောင်းကို တစ်ခေါက်တောင် မလာဖူးဘူးတဲ့။ *"အဖေက ကျွန်တော်တို့ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ကြတယ်။ အကောင်းအဆိုးကို ဆင်ခြင်တတ်တယ်လို့ ယုံကြည်တယ်။ အဖေဟာ အထူးသဖြင့် သူ့မြေး အီလွန်မတ် လုပ်တာကိုင်တာကို သဘောကျတယ်"* လို့ သူ ပြောပြတယ်။

ဂျောရှုဝါဟာ သူ့အသက် ၇၂ နှစ်အရွယ် ၁၉၇၄ ခုနှစ်မှာ မတော်တဆ ထိခိုက်မှုဖြစ်ပြီး ကွယ်လွန်သွားတယ်။ တစ်ညနေခင်း မှောင်စပျိုးချိန်မှာ သူဟာ သူ့လေယာဉ်ပျံကို လေယာဉ်ပြေးလမ်းမှာ ဆင်းသက်လိုက်တယ်။ ပြေးလမ်းကို ကန့်လန့်ဖြတ်တားထားတဲ့ သံဆူးကြိုးကို မမြင်လိုက်ဘူး။ လေယာဉ်ဘီးဟာ သံဆူးကြိုးနဲ့ငြိပြီး လေယာဉ်ဟာ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားတယ်။ ဂျောရှုဝါလည်း လေယာဉ်ပေါ်ကပြုတ်ကျပြီး ပြေးလမ်းနဲ့ ခေါင်းဆောင့်မိလို့ လည်ပင်းရိုးကျိုးပြီး ချက်ချင်းပဲ သေဆုံးသွားတယ်။ အဲဒီအချိန်မှာ အီလွန်မတ်ဟာ လမ်းလျှောက်တတ်ခါစကလေးပဲ ဖြစ်နေသေးတယ်။ သူကြီးလာတဲ့အခါ သူ့အဘိုးရဲ့ စွန့်စားမှုတွေကို အားကျခဲ့တယ်။ *"ကျွန်တော့်အဘွားက သူတို့ဟာ ခရီးသွားရင်း သေဖို့အခြေအနေတွေ အကြိမ်ကြိမ် ကြုံခဲ့ကြရတယ်လို့ ပြောပြတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။ *"တစ်ခါတလေ သူတို့ဟာ လေယာဉ်ပျံမောင်းရာမှာ ရေဒီယိုဝါယာလက် စတဲ့*

ဆက်သွယ်ရေးကိရိယာတွေ အိမ်မှာ မေ့ကျန်ခဲ့ကြတယ်။ အဲဒါတွေ မပါဘဲ လေယာဉ်ပျံနဲ့ သွားချင်တဲ့နေရာကို ရောက်အောင်သွားတယ်။ ကောင်းကင်က ရိုက်ထားတဲ့ မြေပုံတွေ ပါမသွားဘဲ ရိုးရိုးမြေပုံတွေပဲ ပါသွားကြတယ်။ အဲဒီမြေပုံတွေကလည်း နောက်ဆုံးမြေပြင်အနေအထားနဲ့ မတူတော့ဘူး။ ကျွန်တော့် အဘိုးနဲ့ အဘွား နစ်ယောက်စလုံးဟာ စွန့်စားမှုကို နှစ်သက်ရုံမကဘဲ ရှားမိုက်တဲ့အလုပ်တွေကိုလည်း လုပ်တတ်ကြတယ်” လို့ သူ ဆက်ပြောတယ်။ အီလွန်မတ်ဟာ သူတို့ဆီက စွန့်စားတတ်ခြင်းကို အမွေရခဲ့တယ် ထင်ပါတယ်။ သူ ကြီးလာတဲ့အခါ သူ့အဘိုး ဆုံးသွားပြီးတော့ သူ့အဘွား ရောင်းလိုက်တဲ့ အနီရောင် Bellanca Cruisair လေယာဉ်ပျံကို ပြန်ဝယ်ချင်လို့ စုံစမ်းကြည့်တယ်။ ဘယ်လိုမှ စုံစမ်းလို့မရဘူး။

အီလွန်မတ်ရဲ့အမေဖြစ်တဲ့ ‘မေ’ (နာမည်အပြည့်အစုံက ‘ဇမမတ်’ပါ) ဟာ ငယ်စဉ်ကတည်းက မိဘစကားနားထောင်ပြီး လိမ္မာတယ်။ အပျိုအရွယ်ရောက်တော့ ခေတ်ဆန်ဆန်အဝတ်တွေ မဝတ်တတ်ဘဲ ရိုးရိုးလေးဘဲ ဝတ်တယ်။ စာတော်ပြီး သင်္ချာဘာသာနဲ့ သိပ္ပံဘာသာကို စိတ်ဝင်စားတယ်။ မေဟာ ရုပ်ရည် ချောမောတယ်။ အရပ်မြင့်ပြီး အညိုရောင်ဆံပင် ရှိတယ်။ ပါးချိုင့်လေးနဲ့မို့ ပြုံးလိုက်ရင် အလွန်ချစ်စရာကောင်းတယ်။ မေတို့မိသားစုနဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ဟာ ဖက်ရှင်မယ်သင်တန်းဖွင့်ထားလို့ မေလည်း သူ့ဆီမှာ သင်တန်းတက်တယ်။ ကျောင်းပိတ်ရက်တွေမှာ သင်တန်းကလွှတ်လို့ ဖက်ရှင်ပြပွဲတွေမှာ သရုပ်ဆောင်ပြတယ်။ တစ်ခါတစ်ရံ လွှတ်တော်အမတ် သို့မဟုတ် သံအမတ်ရဲ့အိမ်မှာ ကျင်းပတဲ့ အခမ်းအနားတွေကို တက်ပေးရတယ်။ တောင်အာဖရိကနိုင်ငံရဲ့ မယ်ရှေးပွဲမှာ နောက်ဆုံးအဆင့်ထိ ပါဝင်ခဲ့တယ်။ (အသက် ၆၀ အရွယ်မှာတောင် သူဟာ အမေရိကန်နိုင်ငံက နာမည်ကြီးမဂ္ဂဇင်းတွေဖြစ်ကြတဲ့ New York နဲ့ Elle တို့ရဲ့ မျက်နှာဖုံးအတွက် ဓာတ်ပုံရိုက်ပေးရသလို နာမည်ကြီး အမျိုးသမီးအဆိုတော် Beyonce ရဲ့ မြူးဇစ်သီချင်းဗီဒီယိုမှာလည်း ပါဝင် သရုပ်ဆောင်ခဲ့တယ်။)

မေနဲ့ အယ်ရိုမတ် (အီလွန်မတ်ရဲ့အဖေ) တို့ဟာ တောင်အာဖရိကနိုင်ငံ၊ ပရီတိုးရီးယားမြို့မှာ ငယ်စဉ်က အိမ်နီးချင်းတွေဖြစ်ကြလို့ ခင်မင်ခဲ့ကြတယ်။ သူတို့

နှစ်ယောက်ဟာ ၁၉၄၈ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ 'မေ' အသက် ၁၁ နှစ်အရွယ်မှာ စတင်တွေ့ကြတယ်။ အယ်ရိုက အေးဆေးတည်ငြိမ်သလို 'မေ'ကလည်း ရိုးရိုးအအ လေးပါ။ အယ်ရိုဟာ 'မေ'ကို မြင်မြင်ချင်း သဘောကျသွားပြီး နှစ်ပေါင်းအတော် ကြာကြာ ကြိတ်ပြီးချစ်နေခဲ့တယ်။ "*သူ ကျွန်မကို ကြိုက်သွားတာ ကျွန်မရဲ့ ဖြူဖွေးတဲ့သွားတွေနဲ့ ပေါင်တံရှည်ရှည်တွေကြောင့်ပါ*" လို့ 'မေ'က ရယ်ရင်း ပြောပြတယ်။ သူတို့နှစ်ယောက်ဟာ တက္ကသိုလ်တက်တော့ ရည်စားဖြစ်သွားကြပြီး တွဲနေခဲ့ကြတယ်။ အယ်ရို လက်ထပ်ခွင့်တောင်းတာကို ၇ နှစ်ကြာမှ 'မေ' လက်ခံ လိုက်တယ်။ "*သူဟာ တစ်ချိန်လုံး လက်ထပ်ခွင့်ပေးဖို့ ပူဆာနေတယ်။ သူ တောင်း တာကိုမပေးရင် ရပ်မှာမဟုတ်လို့ ကျွန်မလည်း လက်ခံလိုက်ပါတယ်*" လို့ 'မေ'က ထပ်ပြောတယ်။

သူတို့နှစ်ယောက်ဟာ လက်ထပ်ပြီးတော့ ပရီတိုးရီးယားမြို့မှာပဲ နေကြ တယ်။ လက်ထပ်ပြီး မကြာခင်မှာ အဆင်မပြေဖြစ်လာကြတယ်။ မကြာခဏ ကတောက်ကဆတ် စကားများကြတယ်။ မတည့်အတူနေကြရင်း 'မေ'ဟာ ကိုယ်ဝန်ရလာတယ်။ ၁၉၇၁ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှာ အီလွန်မတ်ကို မွေးတယ်။ (သူတို့လက်ထပ်ပြီး ၉ လနဲ့ ၂ ရက်အကြာမှာ ဖြစ်ပါတယ်)။ သူတို့ဟာ အိမ်ထောင် ရေး အဆင်မပြေကြပေမယ့် ပရီတိုးရီးယားမြို့ပေါ်မှာ ချမ်းချမ်းသာသာ နေနိုင်ကြ တယ်။ အယ်ရိုဟာ လျှပ်စစ်နဲ့ စက်မှုအင်ဂျင်နီယာတွဲ့ရထားပြီး ရုံးအဆောက်အဦ တွေ၊ ကုန်တိုက်တွေ၊ အဆင့်မြင့်အိမ်ရာတွေနဲ့ လေဆိပ်တွေ ဆောက်တဲ့ စီမံကိန်း တွေကို တာဝန်ယူကြီးကြပ်ပေးရလို့ လစာဝင်ငွေ ကောင်းကောင်းရနေတယ်။ 'မေ' ကလည်း အာဟာရဗေဒပညာရှင်အဖြစ် အလုပ်လုပ်တယ်။ သူတို့နှစ်ယောက်ရဲ့ ဝင်ငွေကြောင့် အဆင့်အတန်းမြင့်မြင့် နေနိုင်ကြတယ်။ အီလွန်ကိုမွေးပြီး တစ်နှစ် အကြာမှာ 'ကင်းဘား' ဆိုတဲ့ သားတစ်ယောက်၊ နောက်တစ်နှစ် ထပ်ကြာတော့ 'တော်စကာ' ဆိုတဲ့ သမီးတစ်ယောက် ထပ်မွေးပြန်တယ်။

အီလွန်မတ်ဟာ တက်ကြွပြီး သိချင် စူးစမ်းချင်စိတ် ပြင်းပြတဲ့ ကလေး တစ်ယောက်ပါ။ သူဟာ သင်ပြပေးရင် တတ်လွယ်သူလည်း ဖြစ်တယ်။ သူ့အမေ

'မေ'က "*အီလွန်ဟာ ဥဏ္ဏကောင်းပြီး အရွယ်နဲ့မလိုက်အောင် ထက်မြက်တယ်။ ကစားစရာတွေကို ဖြုတ်တာတပ်တာလုပ်ရင် တခြားကလေးတွေထက် မြန်မြန်ပြီးတယ်*" လို့ ပြောတယ်။ "*ဒါပေမဲ့ စိတ်ပျက်စရာတစ်ခုက သူဟာ အမြဲလိုလို မိန်းမော တွေးတောနေတတ်တယ်*" လို့ 'မေ'က ဆက်ပြောတယ်။ တစ်ယောက်ယောက်က သူ့ကိုစကားလာပြောရင် သူဟာ ဘာစကားမှ ပြန်မပြောဘဲ ပြောသူရဲ့ မျက်လုံးတွေကို စူးစိုက် ငေးကြည့်နေတတ်တယ်။ အဲဒီလို မကြာခဏဖြစ်တာကြောင့် သူ့မိဘတွေက သူ့ကို နားမကြားဘူးထင်လို့ ဆရာဝန်နဲ့ပြကြည့်တယ်။ ဆရာဝန်က နားကြားအောင်ဆိုပြီး သူ့အာသီးကို ဖြတ်ပေးလိုက်တယ်။ ဒါပေမဲ့ နားမကြားတာ ထူးခြားမလာပါဘူး။ "*တကယ်တော့ အီလွန်ရဲ့ ပြဿနာက နားမကြားတာ မဟုတ်ပါဘူး။ သူဟာ တွေးရင်းနဲ့ တခြားကမ္ဘာတစ်ခုထဲ ရောက်နေတာပါ။ ဒါကြောင့် သူ စကားမပြောရင် လကမ္ဘာကို ဒုံးပျံလွှတ်ဖို့ အကြံထုတ်နေတယ်လို့ ကျွန်မ မှတ်ထားလိုက်ပါတယ်*" လို့ 'မေ'က ရယ်ရင်းပြောတယ်။

အီလွန်မတ် အဲဒီလိုဖြစ်နေတာကို တခြားကလေးတွေ နားမလည်ကြဘူး။ သူတို့ သူ့အနားမှာ ခုန်ပေါက်ကနေတာဖြစ်ဖြစ်၊ သူ့ကို အော်ခေါ်နေတာဖြစ်ဖြစ် အီလွန်မတ် သတိမထားမိဘူး။ သူ တွေးတော မိန်းမောနေတာကို တခြားကလေးတွေက ရိုင်းပျတယ်၊ ထူးဆန်းတယ်လို့ ထင်ကြတယ်။ "*အီလွန်ရဲ့အပြုအမူတွေဟာ တခြားကလေးတွေနဲ့ မတူကြဘူး။ ဒါကြောင့် ကလေးတွေဟာ အီလွန်ကို သဘောမကျကြဘူး*" လို့ 'မေ'က ပြောပြတယ်။

အီလွန်မတ်ဟာ တစ်နေရာမှာ ငြိမ်ငြိမ်လေးနေပြီး တစ်ယောက်တည်း မိန်းမော တွေးတောနေရတာကို သဘောကျတယ်။ သူ့အသက် ၅ နှစ်၊ ၆ နှစ် အရွယ်မှာ သူ့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို လုံးဝ မကြား။ မသိသလိုနေပြီး သူလုပ်နေတဲ့ အလုပ်ကိုပဲ အာရုံစိုက်နေတတ်ခဲ့တယ်။ သူက အဲဒီလိုလုပ်နိုင်တာ ဘာကြောင့်လဲဆိုတာ ရှင်းပြတယ်။ သူလုပ်နေတဲ့အလုပ်ကို ကွန်ပျူတာမှာ မြင်ရတဲ့ ဒီဇိုင်းပုံတွေလို ကြည်လင်ပြတ်သားစွာ မြင်နေရပြီး ပတ်ဝန်းကျင်က တခြားအရာတွေကတော့ မှုန်ဝါးနေကြတယ်တဲ့။ ဒါပေမဲ့ အသက်ကြီးလာတော့

အာရုံမျှားလာတာကြောင့် အဲဒီလို မမြင်ရတော့ဘူးတဲ့။

အီလွန်မတ်ရဲ့ လူငယ်ဘဝမှာ သိသာထင်ရှားတဲ့ စရိုက်တစ်ခုက စာအလွန်ဖတ်ချင်နေတာပါ။ သူဟာ ငယ်စဉ်ကလေးဘဝကတည်းက လက်ထဲမှာ စာအုပ်တစ်အုပ်ကို အမြဲကိုင်ထားတတ်တယ်။ "*သူဟာ တစ်နေ့ကို ၁၀ နာရီလောက် စာဖတ်တယ်*" လို့ သူ့ညီ 'ကင်းဘား'က ပြောပြတယ်။ "*ကျောင်းပိတ်ရက်ဆိုရင် တစ်ရက်ကို စာအုပ် နှစ်အုပ် ဖတ်ပြီးတယ်*" လို့ သူ ဆက်ပြောတယ်။ မိသားစုစျေးဝယ်သွားရင်း အီလွန်မတ် ပျောက်သွားရင် 'မေ' သို့မဟုတ် 'ကင်းဘား'က အနီးဆုံးစာအုပ်ဆိုင်ထဲ ဝင်ရှာတယ်။ အီလွန်မတ်ဟာ စာအုပ်ဆိုင်ထဲက ကြမ်းပြင်ပေါ် ဖင်ချထိုင်ရင်း စာအုပ်တစ်အုပ်ကို အာရုံစိုက်ပြီး သဲကြီးမဲကြီး ဖတ်နေတာကို တွေ့ရတယ်။

အီလွန်မတ် အလယ်တန်းတက်တော့ နေ့လယ် ၂ နာရီ ကျောင်းဆင်းတာနဲ့ အိမ်မပြန်ဘဲ စာအုပ်ဆိုင်သွားပြီး ညနေ ၆ နာရီအထိ စာအုပ်ဖတ်တယ်။ ညနေ ၆ နာရီထိုးရင် မိဘတွေ အလုပ်ဆင်းပြီး အိမ်ပြန်ရောက်လာမှာမို့ စာအုပ်ဖတ်တာ ကိုရပ်ပြီး အိမ်ပြန်တယ်။ စာအုပ်ဆိုင်မှာ ပထမတော့ ကာတွန်းစာအုပ်တွေ၊ နောက်တော့ စိတ်ကူးယဉ် သိပ္ပံဝတ္ထုစာအုပ်တွေနဲ့ သုတစာအုပ်တွေ ဖတ်တယ်။ "*တစ်ခါတလေ ဆိုင်ရှင်က ကျွန်တော့်ကို စာအုပ်မဝယ်ဘဲ စာအုပ်တွေပဲဖတ်နေတယ်ဆိုပြီး မောင်းထုတ်တယ်။ အမျှားအားဖြင့်တော့ ကျွန်တော် စာအုပ်ဖတ်နေတာ တွေ့လည်း ဘာမှမပြောပါဘူး*" လို့ အီလွန်မတ်က ပြောပြတယ်။

"*ကျွန်တော်အလွန်ကြိုက်တဲ့ သိပ္ပံဝတ္ထုစာအုပ်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ အကြိုက်ဆုံးစာအုပ်က "The Hitchhiker's Guide to Galaxy" အာကာသဟင်းလင်းပြင်ရှိ ကြယ်စုတွေဆီ ခရီးကြုံသွားဖို့ လမ်းညွှန်ဆိုတဲ့ စာအုပ်ပါ။ ကျွန်တော် လေးတန်းတက်နေတုန်းက ကျောင်းစာကြည့်တိုက်က စာအုပ်တွေ အကုန်လုံး ဖတ်ပြီးသွားတယ်။ နောက်ထပ် ဖတ်စရာစာအုပ် မရှိတော့လို့ စာကြည့်တိုက်မှူးကို စာအုပ်အသစ်တွေဝယ်ပေးဖို့ ပူဆာခဲ့ရတယ်။ နောက်ပိုင်းမှာ Encyclopaedia Britannica (စွယ်စုံကျမ်းလို စာအုပ်မျိုး) စာအုပ်တွေကို*

သဘောကျသွားတယ်။ အဲဒီစာအုပ်တွေမှာ ကျွန်တော် မသိတာတွေ အများကြီး ပါတယ်” လို့ သူဆက်ပြောတယ်။

အီလွန်မတ်ဟာ ကျောင်းစာကြည့်တိုက်က ငှားလာတဲ့ Encyclopaedia စာအုပ်ထူကြီးနစ်အုပ်ကို အိမ်မှာ အပြန်ပြန်အလှန်လှန် ဖတ်တယ်။ သာမန် ဖတ်တာမျိုးမဟုတ်ဘဲ ဖတ်ထားတာတွေကို ခေါင်းထဲမှာ စွဲမြဲစွာမှတ်မိအောင် ရွတ်ဆိုမှတ်သားတယ်။ အဲဒီအချိန်မှာ သူဟာ အိမ်ပြင် လုံးဝမထွက်ဘူး။ တခြား ကလေးတွေနဲ့ ဆော့ကစားတာ လုံးဝမလုပ်ဘူး။ နောက်တော့ အဲဒီစာအုပ်တွေ ထဲက အကြောင်းအရာ အချက်အလက်တွေဟာ သူ့ဦးနှောက်ထဲမှာ ဓာတ်ပုံ ရိုက်ထားသလို စွဲမြဲစွာ မှတ်မိနေတယ်။ မိသားစု ညစာစားကြရင်း သူ့ညီမ တော်စကာက သူ့ကို ကမ္ဘာကြီးနဲ့ လကမ္ဘာ ဘယ်လောက်ဝေးသလဲလို့ မေးတယ်။ သူက အကွာအဝေး အတိအကျကို လက်တန်းဖြေတယ်။ “*ကျွန်မတို့ဟာ သိချင်တာ ရှိတိုင်း အီလွန်ကိုပဲ မေးကြတယ်။ သူကလည်း မေးသမျှ အားလုံးနီးပါးကို ပြန်ဖြေ နိုင်တယ်။ ကျွန်မတို့က သူ့ကို genius ဉာဏ်ကြီးရှင်လို့ နောက်ပြောင်ပြောကြ တယ်။ အဲဒီအခါ သူဟာ ရှက်ပြုံးလေး ပြုံးနေတတ်တယ်*” လို့ တော်စကာက ပြောတယ်။ “*အီလွန် ဟာ စာဖတ်တယ်။ အရာရာကို သိနေတယ်။ ဒါပေမဲ့ ခက်တာက သူဟာ လူပ်လူပ်ရှားရှား ကစားတာကို ဝါသနာမပါဘူး ရှင့်*” လို့ ‘မေ’က ပြောတယ်။

တစ်ညမှာ အီလွန်မတ်ဟာ သူ့မောင်နှမတွေ၊ ဝမ်းကွဲမောင်နှမတွေနဲ့ အိမ် ပြင်မှာ ဆော့ကစားတယ်။ သူတို့ထဲက တစ်ယောက်က အမှောင်ကိုကြောက်တယ် လို့ ပြောတယ်။ အီလွန်မတ်က “*အမှောင်ဆိုတာ တကယ်တော့ အလင်းရောင် မရှိတာပါ*” လို့ ပြန်ပြောတယ်။ သူက တခြားသူတွေ အကြောက်ပြေအောင် ပြော လိုက်ပေမယ့် သူပြောတာ အမှန်ပါ။ အဲဒါကို တခြားကလေးတွေ နားမလည်ကြဘူး။ နောက်ပိုင်းမှာ အီလွန်မတ်ဟာ သူများတွေရဲ့အမှားတွေကို ထောက်ပြပြီး ပြင်ပေး တာရယ်၊ စကားကို ပွင့်ပွင့်လင်းလင်း ပြောတတ်တာရယ်ကြောင့် သူနဲ့ ပေါင်းသင်း ချင်သူတွေ နည်းလာတယ်။ သူလည်း တစ်ယောက်တည်း အထီးကျန်ဖြစ်လာတယ်။ “*အီလွန်ကတော့ တခြားသူတွေရဲ့ အမှားတွေ၊ ချို့ယွင်းချက်တွေကို ထောက်ပြ*

ပေးလို့ သူတို့ဟာ သူ့ကို ကျေးဇူးတင်ကြမယ်လို့ ထင်နေတယ်။ တကယ်တော့ သူတို့ဟာ တစ်စုံတစ်ယောက်က သူတို့ရဲ့အများတွေ ထောက်ပြတာကို မကြိုက်ဘူး ဆိုတာကို အီလွန် မသိရှာဘူး။ ဒီတော့ တခြားကလေးတွေ အီလွန်နဲ့ မကစားကြတော့ဘူး။ အီလွန်လည်း တခြားကလေးတွေနဲ့ ကစားချင်ရှာတာပေါ့။ အဲဒီလို ဖြစ်နေတာကို မြင်တွေ့ရတဲ့ အမေတစ်ယောက်အနေနဲ့ ကျွန်မ အများကြီး စိတ်မကောင်းဖြစ်ရပါတယ်”လို့ ‘မေ’က ပြောပြတယ်။ ကင်းဘားနဲ့ တော်စကာတို့ဟာ တစ်ခါတစ်ရံ အိမ်ကို သူတို့ရဲ့ သူငယ်ချင်းတွေ ခေါ်လာပြီး ကစားကြတယ်။ အီလွန်မတ်လည်း သူတို့နဲ့ ကစားချင်တယ်။ ဒါပေမဲ့ ကလေးတွေက မကစားချင်ကြဘူး။ ‘မေ’က အီလွန်မတ်ကို ခေါ်ကစားပေးဖို့ ကင်းဘားနဲ့ တော်စကာကို ပြောတော့ သူတို့က အီလွန်မတ်နဲ့ ကစားလို့မရဘူးလို့ ပြောကြတယ်။ သူ စကား ပြောတာကို သူ့သူငယ်ချင်းတွေ မကြိုက်ကြဘူးတဲ့။ အီလွန်မတ်ဟာ တခြားသူတွေနဲ့ ပြောဆိုဆက်ဆံရာမှာ အဆင်မပြေပေမယ့် သူ့ညီနဲ့ ညီမကို အလွန်ချစ်တယ်။ သူတို့ကို သူများတွေ ရန်စတာ၊ စော်ကားတာ လုပ်လာရင် အီလွန်မတ်ဟာ သူတို့ရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး ကာကွယ်တယ်။

အီလွန်မတ်တို့ရဲ့အိမ်ထဲမှာ ဓာတ်ပုံတစ်ပုံရှိတယ်။ အဲဒီဓာတ်ပုံထဲမှာ အသက် ၈ နှစ်အရွယ် အီလွန်မတ်၊ ကင်းဘားနဲ့ တော်စကာတို့ သုံးယောက်ဟာ ရွှေရောင်ဆံပင်ကိုယ်စီနဲ့ အုတ်ခုံတစ်ခုပေါ်မှာ ပခုံးဖက်ပြီး ထိုင်နေကြတယ်။ သူတို့ရဲ့ နောက်မှာ တစ်ပင်လုံး ခရမ်းရောင်သစ်ရွက်တွေ ဝေနေတဲ့ သစ်ပင်တန်းကို တွေ့ရတယ်။ ပုံထဲမှာ အီလွန်မတ်ဟာ ပါးဖောင်းဖောင်းလေးနဲ့ ပြုံးနေတာကို တွေ့ရတယ်။ အဲဒီဓာတ်ပုံရိုက်ပြီး မကြာခင်မှာပဲ သူတို့မိသားစုရဲ့ဘဝဟာ တစ်စစီ ပြိုကွဲသွားတယ်။ အယ်ရိုနဲ့ ‘မေ’တို့ကွာရှင်းလိုက်ကြတယ်။ ‘မေ’က အီလွန်မတ်တို့ကလေးသုံးယောက်ကိုခေါ်ပြီး မိသားစု အပန်းဖြေခရီးထွက်ရင် သွားနေကျ တောင်အာဖရိကနိုင်ငံရဲ့ အရှေ့ဘက်က ပင်လယ်ကမ်းခြေမြို့လေးဖြစ်တဲ့ ဒါဘန်မြို့ကအိမ်မှာ သွားနေတယ်။ အဲဒီမှာနေလို့ ၂ နှစ်ကြာတဲ့အခါ အီလွန်မတ်ဟာ သူ့အဖေ အယ်ရိုနဲ့ ပြန်လာနေတယ်။ “*ကျွန်တော့်အဖေဟာ တစ်ယောက်တည်းနေရလို့ စိတ်ဆင်းရဲနေတယ်။*

အမေ့မှာ ကလေးသုံးယောက်ရှိတယ်။ အဖေ့မှာ တစ်ယောက်မှမရှိဘူး။ အဲဒါ အဖေ့အတွက် မတရားဘူးပေါ့” လို့ အီလွန်မတ်က ပြောတယ်။ အဲဒီလိုပြောတာကို သူ့ရဲ့ ဆွေမျိုးတချို့က သဘောတူကြတယ်။ ဒါပေမဲ့ ‘မေ’က ခုလိုပြောတယ်။ *“အီလွန်ဘာကြောင့် ကျွန်မတို့ရဲ့ ပျော်စရာကောင်းတဲ့အိမ်ကို စွန့်ခွာချင်ရတာလဲဆိုတာ ကျွန်မ နားမလည်ဘူးရှင့်။ ကျွန်မ သူ့ကို ပျော်အောင်ထားပေးပါတယ်”* တဲ့။ အဲဒီကိစ္စနဲ့ပတ်သက်လို့ အီလွန်မတ်နဲ့ ကွာရှင်းထားတဲ့ဇနီး ဂျင်စတင်မတ်ကလည်း ခုလိုပြောတယ်။ *“အီလွန်ဟာ တကယ်တော့ သူ့အဖေ၊ အမေ နှစ်ယောက်စလုံးနဲ့ နီးနီးကပ်ကပ် မနေခဲ့ပါဘူး။ သူ့အမေကို သဘောမကျလို့ အဖေနဲ့သွားနေတာလည်း မဟုတ်ပါဘူး။ တကယ်တော့ သူဟာ လူတစ်မျိုးပါ။ သူ့ကို နားလည်ရခက်ပါတယ်”* တဲ့။ အီလွန်မတ် သူ့အဖေနဲ့သွားနေပြီး မကြာခင်မှာပဲ ,ကင်းဘားလည်း သူတို့ဆီ လိုက်လာတယ်။ သူက သားဆိုတာ အဖေနဲ့ အတူနေရတယ်လို့ အကြောင်းပြချက်ပေးတယ်။ သူတို့အမေ ‘မေ’လည်း ဝမ်းနည်းပက်လက်ဖြစ်ကျန်ခဲ့တယ်။

မကြာခင်မှာပဲ အီလွန်မတ်တို့အဖေ အယ်ရိဟာ အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်။ သမီးလေးနှစ်ယောက် မွေးတယ်။ အီလွန်မတ်ဟာ သူတို့ကို အလွန်ချစ်တယ်။ အီလွန်မတ်နဲ့ ကင်းဘားတို့ဟာ သူတို့အဖေအကြောင်း တစ်ခွန်းမှ မပြောကြဘူး။ သူတို့ညီအစ်မတွေကို စိတ်မထိခိုက်စေချင်ကြလို့ပါ။

အယ်ရိဘက်က မျိုးရိုးဇစ်မြစ်ကို ပြောပြရမယ်ဆိုရင် သူ့ဆွေမျိုးတွေဟာ တောင်အာဖရိကနိုင်ငံက ဖြစ်ကြတယ်။ သူရဲ့ ဘိုးဘွားဘီဘင် ရာဇဝင်ကို လိုက်လိုက်ရင် သူတို့ဟာ လွန်ခဲ့တဲ့ အနှစ် ၂၀၀ လောက်က ပရီတိုးရီးယားမြို့မှာ ပထမဆုံး အခြေချခဲ့ကြသူတွေ ဖြစ်ကြတယ်။ အယ်ရိရဲ့အဖေ ‘ဝေါလ်တာဟင်နရီဂျိမ်းစ်’ ဟာ စစ်တပ်က တပ်ကြပ်ကြီးတစ်ယောက် ဖြစ်ခဲ့တယ်။ *“ကျွန်တော် မှတ်မိသလောက်တော့ သူဟာ စကားအလွန်နည်းတယ်။ ဝီစကီအရက်ကို အမြဲသောက်ပြီး စိတ်တိုနေတတ်တယ်။ ဒါပေမဲ့ crossword puzzle (စကားလုံး ပဟေဠိ) ကစားရာမှာတော့ အလွန်တော်တယ်”* လို့ အီလွန်မတ်က (အဖေဘက်က) အဘိုးအကြောင်း ပြောပြတယ်။ အယ်ရိရဲ့အမေဟာ အင်္ဂလန်နိုင်ငံက ဆွေကြီးမျိုးကြီးထဲ

ကပါ။ ဝေါလ်တာနဲ့လက်ထပ်ပြီး တောင်အာဖရိကနိုင်ငံကို ရောက်လာခဲ့တယ်။ ကင်းဘားက သူ့ အဘွားအကြောင်းကို ခုလိုပြောပြတယ်။ "*အဘွားဟာ ကြံ့ရည်ဖန်ရည် ရှိတယ်။ အမြဲတမ်း သြဇာပေးတတ်တယ်။ သူ့ကို ကျွန်တော်တို့ ကြောက်ရတယ်*"။ အီလွန်မတ် က သူ့အဘွားကို 'နာနာ'လို့ခေါ်ပြီး နာနာ့အကြောင်း ခုလိုပြောပြတယ်။ "*ကျွန်တော့်မိဘတွေ ကွာရှင်းလိုက်တော့ ကျွန်တော် အတော်စိတ်မကောင်းဖြစ်နေတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့နဲ့ အတူနေတဲ့ နာနာဟာ ကျွန်တော့်ကို အလွန်ဂရုစိုက်ခဲ့တယ်။ ကျွန်တော့်ကို ကျောင်းဆင်းချိန်မှာ လာကြိုပေးတယ်။ ကျွန်တော်နဲ့ scrabble စာလုံးဆက်တမ်း ကစားတယ်။ ကျွန်တော် စားချင်တာကို ချက်ကျွေးတယ်*"။

အပေါ်ယံကြည့်ရင် အယ်ရိုရဲ့အိမ်ဟာ အီလွန်မတ်တို့မောင်နှမတွေအတွက် ပျော်စရာနေရာလို့ ထင်ရတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်မှာ ဖတ်စရာ စာအုပ်တွေ အများကြီးရှိတယ်။ ကွန်ပျူတာ၊ တီဗီနဲ့ အရုပ်တွေလည်း ရှိတယ်။ နောက်ပြီး အယ်ရိုဟာ နိုင်ငံခြားခရီးသွားရင် ကလေးတွေကို ခေါ်သွားတတ်တယ်။ "*ခရီးသွားရင် ကျွန်တော်တို့ မောင်နှမတွေ အလွန်ပျော်ကြတယ်*" လို့ ကင်းဘားက ပြောတယ်။ အယ်ရိုကလည်း သူ အိမ်မှာရှိရင် ကလေးတွေကို ဥဏ္ဏစမ်းပုစ္ဆာတွေမေးရင်း ရင်းနှီးအောင်လုပ်တယ်။ "*အဖေဟာ ပါရမီရှိတဲ့ အင်ဂျင်နီယာတစ်ယောက်ပါ*" လို့ အီလွန်မတ်က ပြောတယ်။ "*သူဟာ စက်ပစ္စည်းတွေအားလုံးရဲ့ အလုပ်လုပ်ပုံကို ကောင်းကောင်းသိနေတယ်*" လို့ သူ ထပ်ပြောတယ်။ အီလွန်မတ်နဲ့ ကင်းဘားဟာ သူ့အဖေအလုပ်လုပ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို လိုက်သွားတတ်ကြတယ်။ အဲဒီမှာ သူတို့ဟာ အုတ်စီတဲ့အလုပ်၊ ရေပိုက်တပ်ဆင်တဲ့အလုပ်၊ ပြတင်းပေါက် တပ်ဆင်တဲ့အလုပ်နဲ့ လျှပ်စစ်ဝါယာကြိုး သွယ်တန်းတပ်ဆင်တာတွေကို သင်ယူကြတယ်။ "*ကျွန်တော်တို့ အဲဒါတွေလုပ်ရတာ အရမ်းပျော်ခဲ့ကြတယ်*" လို့ အီလွန်မတ်က ပြောပြတယ်။

ကင်းဘားရဲ့အပြောအရ အယ်ရိုဟာ အလွန်တည်ကြည်ပြီး မျက်နှာထားတင်းတယ်။ သူဟာ အီလွန်မတ်နဲ့ ကင်းဘားကို စားပွဲမှာထိုင်ခိုင်းပြီး ၃ နာရီကနေ

၄ နာရီလောက်ကြာအောင် သြဝါဒပေး ဆုံးမတတ်တယ်။ အဲဒီအချိန်အတွင်း အီလွန်မတ်တို့ညီအစ်ကိုဟာ စကားတစ်ခွန်းမှ ပြန်ပြောခွင့်မရကြဘူး။ ထိုင်နေရာက ထသွားလို့လည်း မရဘူး။ အယ်ရိုဟာ သူတို့ကို တင်းတင်းကြပ်ကြပ် မည်ာမတာ ဆက်ဆံတာကို သဘောတွေ့နေပုံရတယ်။ အီလွန်မတ်ဟာ အခွင့်အရေးရတိုင်း အမေရိကန်နိုင်ငံမှာ သွားရောက် အခြေချနေထိုင်ဖို့ အယ်ရိုကို ပြောလေ့ရှိတယ်။ အဲဒီစကားကို မကြာခဏကြားလို့ အယ်ရိုဟာ စိတ်တိုလာပြီး အီလွန်မတ်ကို ခုလို ပညာပေးလိုက်တယ်။ တစ်ရက်မှာ အိမ်က အိမ်ဖော်တွေအားလုံးကို ရပ်ရှင်သွားကြည့်ခိုင်းတယ်။ အိမ်ရဲ့ အိမ်မှုကိစ္စ၊ အိမ်သန့်ရှင်းရေးတွေကို အီလွန်မတ် တစ်ယောက်တည်းကို လုပ်ခိုင်းတယ်။ ပြီးတော့ အယ်ရိုက အီလွန်မတ်ကို ပြောတယ်။ *"ဒီလောက်တောင် အမေရိကန်နိုင်ငံကို သွားချင်နေတဲ့ကောင်၊ သူမျှားနိုင်ငံရောက်သွားရင် ဒါတွေလုပ်ရမယ်။ ဒါကြောင့် လုပ်တတ်အောင် ကျင့်ထားကွ"* တဲ့။

အီလွန်မတ်နဲ့ ကင်းဘားတို့က အသေးစိတ် ပြန်မပြောကြပေမယ့် ကလေးဘဝမှာ သူတို့ဟာ သူ့အဖေကြောင့် စိတ်မချမ်းမြေ့ ဖြစ်ခဲ့ရတယ်လို့ ပြောပြကြတယ်။ 'မေ'ကလည်း အယ်ရိုအကြောင်း မေးလာရင် မျက်နှာထား တင်းသွားတယ်။ *"သူနဲ့ငါ ဇာတ်လမ်းပြီးဆုံးသွားပြီမို့ မမေးကြပါနဲ့။ မေးလာရင်လည်း ငါ တစ်ခွန်းမှ ပြောမှာမဟုတ်ဘူး"* လို့ သူ ပြန်ပြောတတ်တယ်။

ကျွန်တော် (ဒီစာအုပ်ရေးသူ) က အယ်ရိုကို အီလွန်မတ်အကြောင်း မေးတော့ သူက အီးမေးလ်ကနေ ခုလို ပြန်ဖြေတယ်။ *"အီလွန်ဟာ တစ်ယောက်တည်း နေတတ်တယ်။ အပေါင်းအသင်း နည်းတယ်။ အလုပ်လုပ်ရာမှာနဲ့ စာအုပ်ဖတ်ရာမှာ အာရုံစူးစိုက်တတ်တယ်။ သူဟာ ကွန်ပျူတာသိပ္ပံဘာသာကို စိတ်ဝင်စားပြီး ၁၂ နှစ်သားအရွယ်မှာ သူ့ရဲ့ ကွန်ပျူတာကျွမ်းကျင်မှုကို လူတွေအသိအမှတ်ပြုကြတယ်။ အီလွန်နဲ့ ကင်းဘားတို့ဟာ အသက် ၆ နှစ်အရွယ်ကစပြီး ကျွန်တော်နဲ့ အတူ တောင်အာဖရိကနိုင်ငံအနှံ့နဲ့ တခြားနိုင်ငံတွေကို ရောက်ခဲ့ကြတယ်။ အီလွန်၊ ကင်းဘားနဲ့ တော်စကာတို့ဟာ ကျွန်တော် အဖေတစ်ယောက်အနေနဲ့ ဂုဏ်ယူ*

ရမယ့်သူတွေပါ။ နောက်ပြီး အီလွန်ရဲ့ စွမ်းဆောင်မှုကြီးအတွက်လည်း ဂုဏ်ယူမိပါတယ်"။

အယ်ရိုက ဒီအီးမေးလ်ကို ကျွန်တော့်ဆီပို့ပြီး အီလွန်မတ်ကိုလည်း ကော်ပီပေးတယ်။ အီလွန်မတ်က အီးမေးလ်ကိုဖတ်ပြီး ကျွန်တော့်ကိုပြောတယ်။ "အဖေပြောတဲ့ အတိတ်အကြောင်းတွေကို အားလုံးမယုံပါနဲ့။ တချို့ဟာတွေ မမှန်လို့ပါ။ အဖေဟာ လူထူးလူဆန်းတစ်ယောက်ပါ" တဲ့။ ကျွန်တော်က အဲဒီလို ဘာကြောင့် ပြောရတာလဲလို့ မေးတော့ အီလွန်မတ်က တိုက်ရိုက်မဖြေဘဲ ခုလို သွယ်ဝိုက်ဖြေပါတယ်။ "ကျွန်တော့်ရဲ့အဖေနဲ့အတူ နေခဲ့ရတဲ့ ငယ်စဉ်ကလေးဘဝဟာ ပျော်စရာမကောင်းခဲ့ပါဘူး။ ကလေးဘဝမှာ လိုလေသေးမရှိအောင် အဖေက ပစ္စည်းတွေ၊ ကစားစရာတွေ၊ စာအုပ်တွေ ဝယ်ထားပေးပေမယ့် ကျွန်တော် မပျော်ပါဘူး။ အဖေလည်း အတူတူပဲ၊ မပျော်ဘူး။ ကျွန်တော် ဒါထက်ပိုပြီး မပြောချင်ပါဘူး" တဲ့။ ပြီးတော့ သူနဲ့ သူ့ဇနီးဟောင်း ဂျပ်စတင်ဟာ သူတို့ကလေးတွေကို အဘိုးအယ်ရိုနဲ့ ဘယ်တော့မှ တွေ့မပေးဘူးလို့ အီလွန်မတ်က ပြောထားတယ်လို့လည်း ပြောပြတယ်။ ဘာကြောင့် အီလွန်မတ်က ပေးမတွေ့ချင်တာလဲဆိုတဲ့ မေးခွန်းကို ဖြေဖို့ ဂျပ်စတင်က ငြင်းဆန်တယ်။

အီလွန်မတ် အသက် ၁၀ နှစ်ပြည့်ခါနီးမှာ ဂျိုဟန်နက်စဘတ်မြို့က Sandton City Mall ကုန်တိုက်ကြီးထဲမှာ ပြထားတဲ့ ကွန်ပျူတာတစ်လုံးကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်တယ်။ အရင်က သူ ကွန်ပျူတာကို မမြင်ဖူးခဲ့ဘူး။ "အဲဒီကုန်တိုက်ကြီးထဲက ရေဒီယို၊ ကက်ဆက် စတဲ့ အီလက်ထရောနစ်ပစ္စည်းတွေ ရောင်းတဲ့ဆိုင်ထဲမှာ ကွန်ပျူတာ ၃-၄ လုံး ပြထားတယ်" လို့ အီလွန်မတ်က ပြောတယ်။ "ဆိုင်ရဲ့ အရောင်းဝန်ထမ်းက ကျွန်တော်လုပ်ချင်တဲ့ အလုပ်တွေကို ပရိုဂရမ်ရေးပြီး ကွန်ပျူတာထဲထည့်ပေးလိုက်ရင် ကွန်ပျူတာက အလိုအလျောက် လုပ်ပေးသွားမယ်လို့ ရှင်းပြတယ်။ သူ့စကားကြောင့် ကျွန်တော် အရမ်းအံ့သြသွားပြီး 'ဝိုး၊ ဝိုး' လို့ အော်မိလိုက်တယ်။ ပြီးတာနဲ့ ကျွန်တော် အဖေ့ကို ကွန်ပျူတာတစ်လုံးဝယ်ဖို့ အတင်းပူဆာတယ်" လို့ သူ ဆက်ပြောတယ်။

မကြာခင်မှာ အယ်ရိုက အီလွန်မတ်အတွက် ၁၉၈၀ ပြည့်နှစ်ကျော်က ချမ်းသာတဲ့အိမ်တိုင်းလိုလို ဝယ်ကြတဲ့ Commodore VIC-20 ကွန်ပျူတာ တစ်လုံး မှာလိုက်တယ်။ Memory (ကွန်ပျူတာမှတ်ဉာဏ်) 5 Kilobytes ရှိတဲ့ ကွန်ပျူတာနဲ့ BASIC Programming အကြောင်း ရှင်းပြထားတဲ့ လက်စွဲစာအုပ်တစ်အုပ် အိမ်ကို ရောက်လာတယ်။ *"တကယ်တမ်းဆိုရင် BASIC Programming ကို တတ်ဖို့ လက်စွဲစာအုပ်မှာပါတဲ့ လေ့ကျင့်ခန်းတွေကို တစ်ဆင့်ချင်း လေ့ကျင့်ရမှာဖြစ်ပါတယ်။ လေ့ကျင့်ခန်းအားလုံးပြီးဖို့ အချိန် 6 လ ကြာပါမယ်။ ဒါပေမဲ့ ကျွန်တော် နေ့ရောညပါ မအိပ်ဘဲ လေ့ကျင့်ခန်းအားလုံးကို ၃ ရက်နဲ့ အပြီးလုပ်လိုက်တယ်။ BASIC Programming ကို ကောင်းကောင်းတတ်သွားတယ်။ အဲဒါဟာ ကျွန်တော့် ကလေးဘဝတစ်လျှောက်မှာ စိတ်အဝင်စားရဆုံး အလုပ်တစ်ခု ဖြစ်ခဲ့ပါတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

သူ့အဖေ အယ်ရိုဟာ အင်ဂျင်နီယာတစ်ယောက်ဖြစ်ပေမယ့် ကွန်ပျူတာကို အထင်သေးသူ ဖြစ်တယ်။ *"အဖေက ဇည့်ခန်းထဲက စားပွဲပေါ်မှာတင်ထားတဲ့ အသစ်စက်စက် ကွန်ပျူတာကို လက်ညှိုးထိုးပြပြီး အဲဒါဟာ ဂိမ်းကစားဖို့ သက်သက်ပါကွာ။ အင်ဂျင်နီယာတွေလုပ်တဲ့ အလုပ်ကို မလုပ်နိုင်ပါဘူးလို့ မဲ့ရွဲ့ပြီးပြောတယ်။ ကျွန်တော်က ဘာဖြစ်ဖြစ် ကွန်ပျူတာကို သဘောကျတယ်လို့ ပြန်ပြောလိုက်တယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

အီလွန်မတ်ဟာ စာအုပ်ဖတ်တာ၊ ကွန်ပျူတာနဲ့ ပရိုဂရမ်ရေးတာတွေ မလုပ်တဲ့အချိန်မှာ ကင်းဘား။ (သူ့အမေရဲ့ ညီမ 'ကေး'ရဲ့ သားတွေဖြစ်ကြတဲ့) ရပ်စ်၊ လင်ဒန်၊ ပီတာတို့ကို ဦးဆောင်ပြီး ကစားပေးတယ်။ အိမ်နီးချင်းတွေကို သူတို့လုပ်ထားတဲ့ Easter Egg (အီစတာပွဲတော်ရက်အတွင်း လက်ဆောင်ပေးဖို့ ဆေးရောင်ခြယ်ထားတဲ့ ကြက်ဥ) တွေ ရောင်းပြီး မုန့်ဖိုးရှာကြတယ်။ နောက်ပြီး အီလွန်မတ်ဟာ ပေါက်ကွဲစေတဲ့ ဗုံး။ ဗျောက်အိုးနဲ့ ရော့ကက်ဒုံးပျံတွေကို သူကိုယ်တိုင်လုပ်ပြီး ကစားပေးတယ်။ အဲဒီအချိန်မှာ တောင်အာဖရိကနိုင်ငံထဲက Estes ကုမ္ပဏီက ထုတ်လုပ်တဲ့ ကလေးကစားစရာ ဒုံးပျံလေးတွေ၊ ဗျောက်အိုးလို ပေါက်ကွဲ

ပစ္စည်းတွေ သူတို့ပြိုကို ရောက်မလာကြသေးလို့ အီလွန်မတ်က သူညီတွေ ကစားဖို့ အဲဒါမျိုးတွေ တီထွင်လုပ်ပေးတယ်။ "*ပေါက်ကွဲစေတဲ့ ပစ္စည်းလုပ်ရတာ စိတ်ဝင်စားစရာကောင်းတယ်။ ယမ်းမှုန့်လုပ်ဖို့ ယမ်းစိမ်။ ဆာလဖာ (ကန်)၊ မီးသွေးမှုန့်တွေပဲ လိုတယ်။ အဲဒါတွေကို နို့ဆီဘူးထဲမှာ ရောမွှေပြီး အက်ဆစ်ပြင်းပြင်းနဲ့ အယ်ကာလီပြင်းပြင်း ရောထည့်လိုက်ရင် ပေါက်ကွဲအားပြင်းတဲ့ ဝုံးဖြစ်လာတယ်။ ကျွန်တော် အဲဒါကို စာအုပ်ဖတ်ရင်း တတ်လာခဲ့တာပါ*" လို့ အီလွန်မတ်က ပြောပြတယ်။ အီလွန်မတ်နဲ့ ကလေးတွေဟာ ပေါက်ကွဲစေတဲ့ပစ္စည်းတွေနဲ့ မကစားရင် သူတို့ကိုယ်မှာ အဝတ်ထူထူပတ်၊ မျက်နှာကို နေကာမျက်မှန်တပ်ပြီး pellet gun (လေသေနတ်နဲ့တူပေမယ့် လေသေနတ်လောက်မပြင်းတဲ့ သေနတ်) တွေနဲ့ တစ်ယောက်နဲ့တစ်ယောက် ပစ်တမ်းကစားကြတယ်။ တစ်ရက်မှာ အီလွန်မတ်နဲ့ ကင်းဘားဟာ တောင်ကုန်းတစ်ခုမှာ စက်ဘီးနင်းပြီး တောင်တက်တောင်ဆင်းပြိုင်ကြတယ်။ ကင်းဘားရဲ့စက်ဘီးဟာ တောင်အဆင်းမှာ ကျောက်တုံးတစ်တုံးနဲ့ တိုက်မိပြီး ဂျမ်းပြန်သွားတယ်။ ကင်းဘားလည်း လွင့်စင်ပြီး ခြံဝင်းကာထားတဲ့ သံဆူးကြိုးမှာ သွားချိတ်နေတယ်။ ဒါပေမဲ့ ကင်းဘားဟာ သူ့ကိုယ်မှာ သံဆူးကြိုး စူးဝင်တာကို မမူဘဲ ရယ်နေတယ်။ အီလွန်မတ်က သူ့အနား အမြန်သွားပြီး သူ့ကို သံဆူးကြိုးက ဖြုတ်ပေးလိုက်တယ်။

နှစ်အနည်းငယ်အကြာမှာ အီလွန်မတ်နဲ့ သူညီတွေဟာ ပိုက်ဆံရှာချင်လို့ ဗီဒီယိုဂိမ်းကစားတဲ့ ရုံတစ်ရုံဆောက်ဖို့ ကြိုးစားကြတယ်။ သူတို့ဟာ မိဘတွေကို အသိမပေးဘဲ ရုံဆောက်ဖို့ မြေကွက်လပ်တစ်ခု ငှားရမ်းလိုက်ကြတယ်။ ဒါပေမဲ့ သူတို့ဟာ အသက် ၁၈ နှစ်မပြည့်ကြသေးလို့ ဗီဒီယိုဂိမ်းစက်တွေထားခွင့် လိုင်စင်ရဖို့ အခက်တွေ့နေကြတယ်။ အသက် ၁၈ နှစ်ပြည့်ပြီးသူတစ်ယောက်ကို သူတို့ကိုယ်စား လိုင်စင်လျှောက်ခိုင်းဖို့ စဉ်းစားကြတယ်။ ဒါပေမဲ့ အီလွန်မတ်ရဲ့အဖေ အယ်ရိ သို့မဟုတ် ရပ်စ်၊ လင်ဒန်၊ ပီတာတို့ရဲ့အဖေ 'ရိုက်ဗ်' သဘောတူမှာမဟုတ်ဘူးဆိုပြီး ဗီဒီယိုဂိမ်းကစားတဲ့ရုံလုပ်ဖို့ အစီအစဉ်ကို ဖျက်လိုက်ကြတယ်။

အီလွန်မတ်တို့ညီအစ်ကိုတွေရဲ့ စွန့်စားရဆုံးအချိန်တွေဟာ ပရီတိုးရီးယား

မြို့နဲ့ ဂျူဟန်နက်စဘတ်မြို့ကို ရထားစီးပြီး ကူးလူးသွားလာချိန်တွေ ဖြစ်ကြတယ်။ အဲဒီအချိန် ၁၉၈၀ ပြည့်နှစ်ကျော်လောက်က တောင်အာဖရိကနိုင်ငံအနှံ့မှာ လူဖြူနဲ့ လူမည်းတွေ အဓိကရုဏ်း မကြာခဏ ဖြစ်နေကြတယ်။ ၃၅ မိုင်ကွာဝေးတဲ့ ပရီတိုးရီးယားနဲ့ ဂျူဟန်နက်စဘတ်ကို ပြေးဆွဲတဲ့ ရထားပေါ် စီးနင်းလိုက်ပါခြင်းဟာ ကမ္ဘာပေါ်မှာ အန္တရာယ်အများဆုံး ခရီးသွားခြင်းနဲ့ တူပါတယ်။ ဒါပေမဲ့ အီလွန်မတ်တို့ဟာ အကြောက်အလန့်မရှိဘဲ အဲဒီခရီးကို မကြာခဏ သွားတတ်ကြတယ်။ *"တစ်ခါတလေ ရထားပေါ်မှာ လူဖြူတွေက လူမည်းတွေကို ရက်ရက်စက်စက် တုတ်နဲ့ ရိုက်၊ ဓားနဲ့ ခုတ်တာကို မြင်ရတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော် တောင်အာဖရိကနိုင်ငံမှာ မနေချင်တော့တဲ့စိတ် ဖြစ်ပေါ်လာခဲ့တယ် ထင်ပါတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

အီလွန်မတ်ဟာ Brystan High School ကျောင်းမှာ ကျောင်းတက်ရတာ မပျော်ဘူး။ မကြာခဏ အတန်းဖော်တွေရဲ့ အနိုင်ကျင့်ခံရလို့ပါ။ သူ ၈ တန်းတက်နေစဉ် နေ့လယ်ခင်းတစ်ခုမှာ ကင်းဘားနဲ့အတူ ကွန်ကရစ်လှေကားရဲ့ အပေါ်ဆုံးလှေကားထစ်မှာ ထိုင်ပြီး နေ့လယ်စာဘူးထဲက နေ့လယ်စာ စားနေကြတယ်။ အတန်းဖော်ကျောင်းသားတစ်ယောက် သူတို့အနားရောက်လာပြီး အီလွန်မတ်ကို တိုက်ခိုက်တယ်။ *"ကျွန်တော် သူတို့ လူမိုက်ဂိုဏ်းနဲ့ မပတ်သက်အောင် နေခဲ့ပါတယ်။ ဒါပေမဲ့ ဒီမနက်က ကျောင်းခန်းမထဲမှာ သူနဲ့ မတော်တဆ ပခုံးချင်းတိုက်မိခဲ့တယ်။ ကျွန်တော် သူ့ကို တောင်းပန်ခဲ့ပါတယ်။ ဒါပေမဲ့ သူ ကျေနပ်ပုံမရဘူး"* လို့ အီလွန်မတ်က ပြောပြတယ်။ အတန်းဖော်ဟာ ထိုင်ပြီး နေ့လယ်စာကို ငုံ့စားနေတဲ့ အီလွန်မတ်ရဲ့ခေါင်းကို ခြေထောက်နဲ့ အားကုန်ကန်လိုက်တယ်။ ပြီးတော့ ယိုင်သွားတဲ့ အီလွန်မတ်ကို လက်နဲ့ လှေကားပေါ်က တွန်းချလိုက်တယ်။ အီလွန်မတ်လည်း လှေကားပေါ်က တလိမ့်ခေါက်ကွေး လိမ့်ကျပြီး မြေပြင်ထိရောက်သွားတယ်။ အတန်းဖော် ကျောင်းသားတစ်အုပ်ရောက်လာပြီး မြေပြင်ပေါ်လဲကျနေတဲ့ အီလွန်မတ်ကို ခြေထောက်တွေနဲ့ ဝိုင်းကန်ကြတယ်။ သူတို့ရဲ့ခေါင်းဆောင်က အီလွန်မတ်ရဲ့ခေါင်းကို လက်နဲ့ကိုင်ပြီး မြေပြင်နဲ့ ကိုင်ဆောင့်တယ်။ *"သူတို့ ကျွန်တော့်ကို*

ရန်သူလို တိုက်ခိုက်ကြတယ်။ ကျွန်တော်လည်း သတိလစ် မေ့မြောသွားတယ်” လို့ အီလွန်မတ်က နောင်မှာ ပြန်ပြောပြတယ်။ လေကားထိပ်မှာ ထိုင်နေခဲ့ဖြစ်တဲ့ ကင်းဘားဟာ ပထမတော့ မြင်ကွင်းကို ကြောင်ပြီးကြည့်နေတယ်။ နောက်မှ သတိဝင်လာပြီး လေကားအောက်ကို ပြေးဆင်းသွားတယ်။ အီလွန်မတ်ရဲ့ ကိုယ်ပေါ်မှာ သူ့ကိုယ်ကိုမှောက်ပြီး ကာပေးထားလိုက်တယ်။ “အဲဒီအချိန်မှာ အီလွန်မတ်ရဲ့ မျက်နှာဟာ လက်ဝှေ့ကြိုးဝိုင်းထဲက လက်သီးနဲ့ အချက်ပေါင်းများစွာ အထိုးခံထားရတဲ့ လက်ဝှေ့သမားရဲ့ မျက်နှာလိုပဲ သွေးအလိမ်းလိမ်းဖြစ်နေတယ်” လို့ ကင်းဘားက ပြန်ပြောတယ်။ ကင်းဘားရောက်လာလို့ ကျောင်းသားတွေလည်း ရိုက်နှက်ကန်ကျောက်တာကို ရပ်လိုက်ပြီး နေရာက ထွက်သွားကြတယ်။ အီလွန်မတ်ကို ဆေးရုံပို့လိုက်ရတယ်။ “ကျွန်တော် ဆေးရုံမှာ တစ်ရက်နေရတယ်။ ဆေးရုံက ဆင်းပြီးတော့ တစ်ပတ်လောက် ကျောင်းမတက်နိုင်ဘဲ အိမ်မှာ နားနေရတယ်” လို့ အီလွန်မတ်က ပြောပြတယ်။ (၂၀၁၃ ခုနှစ်မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ အီလွန်မတ်က အဲဒီဖြစ်ရပ်မှာ သူနှာခေါင်း ဒဏ်ရာရခဲ့ပြီး ဒဏ်ရာဟာ မကြာခဏ ပြန်ပေါ်တာကြောင့် နှာခေါင်းကို ခွဲစိတ်ကုသခဲ့ရတယ်လို့ ပြောပြတယ်)။

နောက်ပိုင်းမှာလည်း အီလွန်မတ်ဟာ အဲဒီကျောင်းသားအဖွဲ့ရဲ့ (ကိုယ်ထိလက်ရောက် တိုက်ခိုက်တာ မလုပ်တော့ပေမယ့်) ပါးစပ်နဲ့ ရန်စတာ၊ ဆဲရေးတိုင်းထွာတာတွေကို အကြိမ်ကြိမ်ခံရတယ်။ တစ်ခါမှာ အီလွန်မတ်ရဲ့ အခင်ဆုံးသူငယ်ချင်း ကျောင်းသားတစ်ယောက်ဟာ အဲဒီအဖွဲ့ရဲ့ ထိုးကြိတ်ခြင်းကို ခံရတယ်။ သူက အီလွန်မတ်နဲ့ အပေါင်းအသင်း မလုပ်တော့ပါဘူးလို့ ကတိပေးမှ အဖွဲ့ရဲ့ ရန်ရှာမှု ရပ်သွားတယ်။ “တစ်ခါမှာ ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်က ခေါ်တယ်။ ကံကောင်းလို့ ကျွန်တော် မသွားဖြစ်လိုက်ဘူး။ ကျွန်တော် သူငယ်ချင်းဆီရောက်သွားရင် အဲဒီမှာ ပုန်းပြီး စောင့်နေကြတဲ့အဖွဲ့က ကျွန်တော့်ကိုတိုက်ခိုက်ဖို့ ကြံစည်ထားကြတယ်။ နောက်ပိုင်းမှာ အဲဒီအကြောင်းသိလိုက်ရလို့ ကျွန်တော် အတော်စိတ်မကောင်းဖြစ်သွားတယ်။ ကြံရာပါ သူငယ်ချင်းကိုလည်း စိတ်နာသွားတယ်”

လို့ မျက်ရည်ဝဲရင်း ပြောပြတယ်။ သူ့အသံ တုန်နေတယ်။ "*သူတို့ ကျွန်တော့်ကို ဘာကြောင့်မှန်းမသိဘူး အသေမဲပြီး နောင့်ယှက်နေကြတယ်။ ကျွန်တော် အတော် စိတ်ဆင်းရဲနေတယ်။ ကျွန်တော့်ဘဝဟာ အိမ်ကထွက်လို့ ကျောင်းရောက်တာနဲ့ ရန်စ စော်ကားခံရတယ်။ နေ့တိုင်းလိုပါပဲဗျာ*" လို့ သူက ဆက်ပြောတယ်။ (ဒါဟာ သူ တောင်အာဖရိကနိုင်ငံမှာ မနေချင်တဲ့ အကြောင်းတစ်ခုဖြစ်တယ်လို့ ထင်ပါတယ်)။

အီလွန်မတ်ဟာ အထက်တန်းနောက်ဆုံးနှစ်ရောက်တော့ ပရီတိုးရီးယားမြို့လယ်က Pretoria Boys High School အထက်တန်းကျောင်း ပြောင်းတက်တယ်။ အဲဒီကျောင်းက ကျောင်းသားတွေဟာ Brystan High School ကျောင်းက ကျောင်းသားတွေလို မဟုတ်ကြဘူး။ ယဉ်ကျေး ဖော်ရွေကြတယ်။ အုပ်စုဖွဲ့ပြီး ရမ်းကားတဲ့ကျောင်းသားတွေ မရှိကြဘူး။ အီလွန်မတ်ဟာ ဒီကျောင်းရောက်ပြီး ကတည်းက စိတ်ချမ်းသာနေတယ်။ ဒီကျောင်းဟာ စာအသင်အပြကောင်းတယ်လို့ နာမည်ကြီးတယ်။ ဒီကျောင်းက ကျောင်းသားအများအပြားဟာ အထက်တန်းစာမေးပွဲ အောင်မြင်ပြီးကြရင် အောက်စဖို့ဒ်တက္ကသိုလ်၊ ကင်းဘရစ်ချ်တက္ကသိုလ် စတဲ့ နာမည်ကြီးတက္ကသိုလ်တွေမှာ တက်ရောက် သင်ကြားခွင့်ရကြတယ်။

အီလွန်မတ်ရဲ့အတန်းဖော်ကျောင်းသားတွေက သူ့ကို အေးအေးဆေးဆေး နေတတ်ပြီး ခင်မင်စရာကောင်းတဲ့ လူငယ်တစ်ယောက်လို့ မြင်ကြတယ်။ "*အီလွန်ဟာ အတန်းထဲက အတော်ဆုံးကျောင်းသား ၄ - ၅ ယောက်ထဲမှာ မပါဘူး။ အလယ်အလတ်အဆင့်မှာပဲ ပါတယ်*" လို့ အတန်းထဲက အီလွန်မတ်ရဲ့ ခုံနောက်မှာထိုင်တဲ့ ကျောင်းသား 'ဒီယွန်ပရင့်စလူး' က ပြောပြတယ်။ တခြားကျောင်းသားတွေလည်း သူပြောတာကို သဘောတူကြတယ်။ အားကစား ဝါသနာမပါတဲ့ အီလွန်မတ်ဟာ အားကစားဝါသနာပါတဲ့ ကျောင်းသားတွေနဲ့ ရောရောနှောနှော မနေနိုင်တာကြောင့် အထီးကျန် ဖြစ်နေတယ်။ "*အဲဒီအချိန်တုန်းက အီလွန်မတ်မှာ ဘီလျံနာ သူဌေးတစ်ယောက်ဖြစ်လာမယ့် အရည်အချင်း တစ်ခုမှမတွေ့ရပါဘူး*" လို့ အီလွန်မတ်နဲ့ တစ်တန်းသားဖြစ်တဲ့ 'ဂီဒီယွန်ဖာရီ' က ပြောပြတယ်။ "*သူဟာ*

ကျောင်းမှာရော၊ အတန်းထဲမှာပါ ခေါင်းဆောင်တစ်ယောက် မဖြစ်ခဲ့ပါဘူး။ ဒီလို လူတစ်ယောက်က ကမ္ဘာပေါ်မှာ အထင်ရှားအကျော်ကြားဆုံး လူတစ်ယောက် ဖြစ်လာတာကို ကျွန်တော် အံ့သြမိတယ်ဗျာ" လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်မှာ ရင်းရင်းနှီးနှီးပေါင်းတဲ့ ကျောင်းကသူငယ်ချင်းတွေ မရှိပေမယ့် သူ့ရဲ့ ထူးခြားတဲ့ဝါသနာကြောင့် ကျောင်းသားအများစုရဲ့ စိတ်ဝင်စားမှုကို ရနေတယ်။ ဝါသနာက ဘာလဲဆိုတော့ သူဟာ ကျောင်းကို သူလုပ်ထားတဲ့ ရော့ကက် ဒုံးပျံတွေ ယူလာပြီး နေ့လယ်စာစားချိန်ရောက်တော့ ကျောင်းကဘောလုံးကွင်း ထဲမှာ အဲဒါတွေကို လွှတ်တင်ပေးတယ်။ ကျောင်းသားတွေက တအံ့တသြ ဝိုင်းကြည့် ကြတယ်။ သူကို ခေါ်းကျူးစကား ပြောကြတယ်။ သူ ဝါသနာပါတာဟာ ရော့ကက် ဒုံးပျံ လွှတ်တင်တာတစ်ခုတည်း မဟုတ်ပါဘူး။ ကျောင်းမှာကျင်းပတဲ့ စကားရည်လု ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ရတာကိုလည်း ဝါသနာပါတယ်။ အထူးသဖြင့် လောင်စာဆီ အသုံးမပြုဘဲ နေရောင်ခြည်စွမ်းအင် အသုံးပြုဖို့ ထောက်ခံတဲ့ အဆိုတင်သွင်းရတာ ကို သူပျော်တယ်။ "သူ အဲဒီလိုလုပ်တာဟာ အစိုးရက လောင်စာဆီသုံးဖို့ အားပေး တာကို မလေးမခန့်လုပ်တဲ့ သဘောပါ။ ဒါပေမဲ့ သူဟာ ယုံကြည်တာကို ခိုင်ခိုင် မာမာ ထောက်ခံတတ်သူပါ" လို့ အီလွန်မတ်နဲ့ တစ်တန်းတည်းနေခဲ့ပြီး နောင် နှစ်ပေါင်းများစွာ အဆက်အသွယ်မပြတ် ရှိနေခဲ့တဲ့ 'တဲရင့်စီဘီနေး' က ပြောပြ တယ်။ "အီလွန်မတ်ဟာ အထက်တန်းတက်နေစဉ်မှာ အင်္ဂါ(ရှေ)ဟက်ကို သွားရောက် ပြီး ကိုလိန်နိုင်ငံအဖြစ် သိမ်းပိုက်မယ်လို့ ပြောတယ်။ ကျွန်တော်တို့သူငယ်ချင်း တွေကတော့ သူပြောတာကို ဟာသတစ်ခုလို သဘောထားပြီး ဝိုင်းဟားကြတယ်" လို့ အတန်းဖော် ကျောင်းသားတစ်ယောက်ဖြစ်တဲ့ 'တက်ဝုဒ်' က ပြောပြတယ်။

တစ်ခါမှာလည်း အီလွန်မတ်နဲ့ ကင်းဘားဟာ အတန်းနှားချိန်မှာ အတန်း အပြင်ဘက် ထွက်ထိုင်ပြီး စကားပြောနေကြတယ်။ တက်ဝုဒ်ဟာ သူတို့အနား ရောက်လာပြီး ဘာပြောနေကြတာလဲလို့ မေးတယ်။ အီလွန်မတ်က ပြန်ဖြေတယ်။ "နောင်ဆိုရင် မြို့တွေမှာ ဘဏ်ခွဲတွေ ဖွင့်စရာမလိုတော့ဘူး။ ဘာကြောင့်လဲ ဆိုတော့ အင်တာနက်သုံးပြီး စာရွက်စာတမ်းတွေပေါ်မှာ လက်မှတ်ထိုးစရာ

မလိုတဲ့ paperless ငွေသွင်းငွေထုတ်တာ လုပ်နိုင်တော့မယ်" တဲ့။ တက်ဝုဒ်က *"ကျွန်တော့်စိတ်ထဲမှာ 'အဲဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး' လို့ ထင်လိုက်ပေမယ့် သူကို အားနာလို့ 'ဟာ၊ အဲဒါဆို သိပ်ကောင်းတာပေါ့' လို့ ပါ၊စပ်က ပြောလိုက်တယ်။ အခုတော့ သူပြောတာ တကယ်ဖြစ်နေပါပြီ"* လို့ နောင်မှာ ပြန်ပြောပြတယ်။

အီလွန်မတ်ဟာ အတန်းထဲက စာအတော်ဆုံးကျောင်းသား၊ ၁၀ ယောက် စာရင်းမှာ မပါပေမယ့် ကွန်ပျူတာပရိုဂရမ်ရေးနည်းသင်တန်းတက်ဖို့ စေလွှတ်ခံရတဲ့ ကျောင်းသားစာရင်းမှာ ပါခဲ့တယ်။ အထက်တန်းကျောင်းအသီးသီးက ရွေးချယ်ပေးလိုက်တဲ့ ကျောင်းသူကျောင်းသားတွေကို တက္ကသိုလ်မှာ ကွန်ပျူတာ ဘာသာသင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေက BASIC, COBOL နဲ့ Pascal စတဲ့ ကွန်ပျူတာပရိုဂရမ်ရေးနည်းတွေ သင်ပေးကြတယ်။ ကွန်ပျူတာဝါသနာပါတဲ့ အီလွန်မတ်ဟာ အဲဒါတွေသင်ရတာကို အလွန် သဘောကျနေတယ်။ သူဟာ ကျောင်းမှာသင်ခဲ့တဲ့ ပရိုဂရမ်ရေးနည်းတွေကို အိမ်က Commodore ကွန်ပျူတာမှာ စမ်းရေးကြည့်လိုက်၊ ကွန်ပျူတာစာအုပ်တွေ ဖတ်လိုက်နဲ့ ကျောင်းကပြန်လာရင် အနားမယူဘဲ ညမိုးချုပ်တဲ့အထိ လုပ်နေတယ်။ ပရိုဂရမ်မရေးတဲ့အချိန်နဲ့ ကျောင်းစာ မလုပ်တဲ့ အချိန်မှာ နဂါးတွေ၊ ဂြိုဟ်သားတွေ ပါဝင်ကြတဲ့ သိပ္ပံ စိတ်ကူးယဉ်ဝတ္ထု စာအုပ်တွေကို ဖတ်တယ်။ သိပ္ပံဝတ္ထုရေးဖို့လည်း စိတ်ကူးနေတယ်။ *"ကျွန်တော် 'Lord of the Rings' လို စိတ်ကူးယဉ်ဝတ္ထုမျိုး ရေးချင်နေတယ်"* လို့ သူပြောတယ်။

အီလွန်မတ်ဟာ မှတ်ဉာဏ်အလွန်ကောင်းတယ်။ စာမေးပွဲတွေမှာ သင်္ချာ ဘာသာကို အမြဲတမ်း အမှတ်ပြည့်ရတယ်။ ဒါဆိုရင် သူဟာ အတန်းထဲက ထိပ်ဆုံး ကျောင်းသားစာရင်းမှာ ဘာကြောင့်မပါရတာလဲလို့ မေးကြည့်တော့ ကျောင်းကသင် ပေးတဲ့ စာတွေကို သူ စိတ်မဝင်စားလို့ပါလို့ 'မေ'က ပြန်ဖြေတယ်။ အီလွန်မတ်က အဲဒါနဲ့ပတ်သက်ပြီး သူ့ရဲ့ခံယူချက်ကို ပြောပြတယ်။ *"ကျွန်တော်သွားချင်တဲ့နေရာ ရောက်ဖို့ ဘယ်စာတွေတတ်ဖို့လိုသလဲလို့ စဉ်းစားတယ်။ ဥပမာ - ကျောင်းက မယူ မနေရဘာသာလို့ သတ်မှတ်ထားတဲ့ Afrikaans အာဖရိကဘာသာကို*

ကျွန်တော်တတ်လို့ ကျွန်တော့်အတွက် ဘာမှအကျိုးမရှိဘူး။ ဒီတော့ အဲဒီဘာသာရပ်ကို စာမေးပွဲမှာ အောင်မှတ်ရရုံပဲ ဖြေတယ်။ ဒါပေမဲ့ ရူပဗေဒ၊ သင်္ချာနဲ့ ကွန်ပျူတာ ဘာသာတွေဟာ ကျွန်တော့်အတွက် အရေးကြီးပြီး အကျိုးရှိစေမှာမို့ အဲဒါတွေကို သေချာတတ်အောင် သင်တယ်။ စာမေးပွဲတွေမှာ အမှတ်ကောင်းကောင်းရအောင် ဖြေတယ်” တဲ့။ “ကျွန်တော် မူလတန်းတက်နေစဉ် ၄ တန်းလား။ ၅ တန်းလား မမှတ်မိတော့ဘူး။ စာမေးပွဲမှာ ဘာသာရပ်အချို့ ကျရှုံးခဲ့တယ်။ အဲဒါဖြစ်ပြီး မကြာခင် တစ်ရက်မှာ အိမ်ကိုအလည်လာတဲ့ အမေ့သူငယ်ချင်း ကျောင်းဆရာ တစ်ယောက်က ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်ဟာ ဘာသာရပ်တိုင်းကို မအောင်ရင် စာမေးပွဲကျတယ်တဲ့။ စာမေးပွဲကျရင် အဲဒီအတန်းမှာ နောက်တစ်နှစ် ထပ်နေရမယ်တဲ့။ ကျွန်တော် အတန်းထဲမှာ နောက်တစ်နှစ် ထပ်မနေချင်လို့ နောင် စာမေးပွဲတိုင်းမှာ ဘာသာရပ်အားလုံး အောင်အောင်ဖြေခဲ့ပါတယ်” လို့ သူက ဆက်ပြောတယ်။

အသက် ၁၇ နှစ်အရွယ်မှာ အီလွန်မတ်ဟာ တောင်အာဖရိကနိုင်ငံကနေ ကနေဒါနိုင်ငံကို ထွက်ခွာသွားတယ်။ သူ ကနေဒါနိုင်ငံကိုသွားတဲ့ ရည်ရွယ်ချက်ကို သတင်းစာတွေနဲ့ မဂ္ဂဇင်းတွေမှာ ရေးပြရာမှာ ကွဲလွဲချက် နှစ်မျိုးတွေ့ရတယ်။ ပထမ သတင်းတွေမှာ ရေးထားတာက သူဟာ အမေရိကန်နိုင်ငံကိုသွားဖို့အတွက် ကနေဒါ နိုင်ငံကို အရင်သွားတယ်တဲ့။ ဒုတိယသတင်းတွေမှာ ရေးထားတာက သူဟာ တောင်အာဖရိကနိုင်ငံရဲ့ အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုမထမ်းမနေရ ဥပဒေကို ရှောင်ရှားချင်လို့ ကနေဒါနိုင်ငံကို သွားတယ်တဲ့။ တကယ်လည်း သူဟာ တောင် အာဖရိကနိုင်ငံအစိုးရရဲ့ လူမျိုးရေးခွဲခြားတဲ့စနစ်ကို မကြိုက်လို့ အစိုးရလက်အောက်မှာ စစ်မှုမထမ်းချင်ပါဘူး။

လူအတော်များများမသိကြတဲ့ သူ့အကြောင်း တစ်ခုရှိတယ်။ အဲဒါက သူဟာ အထက်တန်းစာမေးပွဲ အောင်ပြီးတော့ University of Pretoria တက္ကသိုလ် တက်ပြီး ရူပဗေဒဘာသာနဲ့ အင်ဂျင်နီယာဘာသာတွေ သင်ယူတယ်။ ဒါပေမဲ့ ၅ လ အကြာမှာ ကျောင်းထွက်လိုက်တယ်။ သူကတော့ ကနေဒါနိုင်ငံသွားဖို့ လိုအပ်တဲ့

စာရွက်စာတမ်းတွေစောင့်နေတုန်း အပျင်းပြေ တက္ကသိုလ်တက်လိုက်တာပါလို့ ပြောတယ်။ ဒါပေမဲ့ သူ့သူငယ်ချင်းတချို့က ပြောကြတယ်။ သူဟာ စစ်မှုထမ်းရမှာကို ရှောင်ချင်လို့ တက္ကသိုလ်တက်တာပါတဲ့။ (တက္ကသိုလ်တက်နေသူကို စစ်မှုထမ်းခွင့် စောင့်ဆိုင်းပေးပါတယ်။ ဘွဲ့ရပြီးမှ စစ်မှုထမ်းရပါတယ်)။

တကယ်တော့ အီလွန်မတ်ရဲ့ အမေရိကန်နိုင်ငံကို သွားချင်စိတ်ဟာ ရုတ်တရက် ပေါ်လာခဲ့တာ မဟုတ်ပါဘူး။ သူ ကွန်ပျူတာဘာသာကို လေ့လာရင်းနဲ့ Silicon Valley အကြောင်း စိတ်ဝင်စားလာခဲ့တယ်။ (Silicon Valley ဆိုတာ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ San Fransico Bay Area နယ်မြေက Apple, Microsoft, Google စတဲ့ ထင်ရှားကျော်ကြားတဲ့ ကွန်ပျူတာ၊ အင်တာနက်နဲ့ အီလက်ထရောနစ်ကုမ္ပဏီတွေ အများအပြားရှိကြတဲ့ နေရာပါ)။ အီလွန်မတ်ဟာ သူ့အိပ်မက်ကို အကောင်အထည်ဖော်ဖို့ အကောင်းဆုံးနေရာဟာ Silicon Valley ဖြစ်တယ်လို့ စဉ်းစားမိတယ်။ တစ်ဖက်မှာလည်း တောင်အာဖရိကနိုင်ငံဟာ တီထွင်ချင်သူတွေအတွက် အခွင့်အလမ်းနည်းပါးတယ်လို့ မြင်မိတယ်။ *"အီလွန်မတ်အတွက် တောင်အာဖရိကနိုင်ငံဟာ အကျဉ်းထောင်လို ဖြစ်နေတယ်"* လို့ ကင်းဘားက ပြောပြတယ်။

အီလွန်မတ်စောင့်နေတဲ့ အခွင့်အလမ်း မကြာခင်မှာ ပေါ်လာတယ်။ အဲဒါက ကနေဒါနိုင်ငံရဲ့ လူဝင်မှုဥပဒေ အပြောင်းအလဲဖြစ်သွားတယ်။ အရင်က ကနေဒါနိုင်ငံမှာ နေခဲ့ဖူးပြီး လောလောဆယ်မှာ တခြားနိုင်ငံသားဖြစ်နေသူတွေနဲ့ သူတို့ရဲ့ သားသမီးတွေဟာ ကနေဒါနိုင်ငံသား ပြန်လျှောက်ခွင့်ရမယ်တဲ့။ ငယ်စဉ်က ကနေဒါနိုင်ငံမှာ နေခဲ့ဖူးတဲ့ အီလွန်ရဲ့အမေ 'မေ'ဟာ အဲဒီအခွင့်အလမ်းကို ရယူလိုက်တယ်။ သူလည်း ကနေဒါနိုင်ငံသား လျှောက်လိုက်သလို အီလွန်မတ်နဲ့ ကင်းဘားတို့ဆီ နိုင်ငံသားလျှောက်ဖို့ လျှောက်လွှာတွေ ပို့ပေးလိုက်တယ်။ အီလွန်မတ်ဟာ လျှောက်လွှာကို မြန်မြန်ထက်ထက်ဖြည့်ပြီး သူ့အမေဆီ ပြန်ပို့လိုက်တယ်။ ကင်းဘားကတော့ လျှောက်လွှာဖြည့်ဖို့ အချိန်ဆွဲနေတယ်။ သူ့ရည်းစားနဲ့ မခွဲချင်တာကြောင့် ကနေဒါနိုင်ငံကိုသွားရင် ကောင်းမလား၊ မကောင်းဘူးလား စဉ်းစားနေတယ်။

'မေ'လည်း အီလွန်မတ် ဖြည့်ပြီးပို့လာတဲ့ နိုင်ငံသားဖြစ်ခွင့်လျှောက်လွှာကို ကနေဒါနိုင်ငံ၊ လူဝင်မှု ကြီးကြပ်ရေးဌာနကို ပို့လိုက်တယ်။ ဒါပေမဲ့ အီလွန်မတ်ဟာ ကနေဒါအစိုးရက သူ့ကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီး ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးဖို့ တစ်နှစ်နီးပါး စောင့်ရတယ်။ *"ဗီဇာရတော့လည်း အမေဝယ်ပို့ပေး လိုက်တဲ့ လေယာဉ်လက်မှတ်ရောက်လာဖို့ သုံးပတ်စောင့်ရတယ်ဗျာ"* လို့ အီလွန်မတ်က စိတ်ပျက်တဲ့လေသံနဲ့ ပြန်ပြောပြတယ်။ လေယာဉ်လက်မှတ်ရတာနဲ့ အီလွန်မတ်ဟာ တစ်ချက်လေးမှ တွန့်ဆုတ်မနေဘဲ တောင်အာဖရိကနိုင်ငံကနေ ကနေဒါနိုင်ငံကို တစ်ယောက်တည်း လေယာဉ်ပျံစီးပြီး ထွက်ခွာသွားတယ်။

အခန်း (၂)

ကနေဒါနိုင်ငံနဲ့ အမေရိကန်နိုင်ငံတွေမှာ တက္ကသိုလ်ကျောင်းသားဘဝ

အီလွန်မတ်ဟာ သူ့အဘိုးလေး (သူ့အမေရဲ့ဦးလေး) တစ်ယောက် ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့မှာ နေတယ်ဆိုတာကို သိထားလို့ သူ့ဆီမှာတည်းမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ၁၉၈၈ ခုနှစ် ဇွန်လထဲမှာ ကနေဒါနိုင်ငံကို လေယာဉ်ပျံနဲ့ ထွက်သွားတယ်။ ကနေဒါနိုင်ငံ၊ မွန်ထရီယယ်လေဆိပ်ရောက်တော့ ပိုက်ဆံ အကြွေထည့်တဲ့ ဖုန်းကနေ ပိုက်ဆံထည့်ပြီး အဘိုးလေးဆီ ဖုန်းဆက်တယ်။ တစ်ဖက်က ဖုန်းမကိုင်ဘူး။ ဒါကြောင့် တောင်အာဖရိကနိုင်ငံမှာကျန်ခဲ့တဲ့ သူ့အမေ 'မေ'ဆီ ဖုန်းခေါ်ပြီး အဘိုးလေးဆီ ဖုန်းဆက်မရဘူးလို့ ပြောပြတယ်။ 'မေ'က ဖုန်းပေါ်ကနေ ပြန်ပြောတယ်။ *"မင်း မသွားခင် တစ်ပတ်အလိုက မင်း အဘိုးလေးဆီ မင်းလာမယ်အကြောင်း စာရေးပြီးပို့လိုက်တယ်။ မင်း လေယာဉ်နဲ့ထွက်သွားပြီးမှ မင်းအဘိုးလေးဆီက ပြန်စာရောက်လာတယ်။ သူ နောက်နေ့မှာ အမေရိကန်နိုင်ငံ၊ မင်္ဂလီဆိုးတားမြို့ကို ကိစ္စတစ်ခုနဲ့ သွားရမယ်တဲ့။ သူ အခု မင်္ဂလီဆိုးတားမှာ ရောက်နေပြီထင်တယ်"* တဲ့။ အီလွန်မတ်လည်း လေဆိပ်ကထွက်တော့ လက်ထဲမှာ အထုပ်

အပိုးတွေ ကိုင်ဆွဲထားရင်း ဘယ်သွားလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ နောက်ဆုံး တော့ ဈေးပေါ်တဲ့ တည်းခိုခန်းတစ်ခုမှာ သွားတည်းတယ်။

သူဟာ မွန်ထရီယယ်မြို့ထဲမှာ လျှောက်ကြည့်ရင်း ဘာလုပ်ရင် ကောင်းမလဲ လို့ စဉ်းစားတယ်။ သူ့အဘိုး ဂျောရှုဝါနဲ့ သူ့အမေ 'မေ' တို့ဟာ တောင်အာဖရိက နိုင်ငံကို ပြောင်းရွှေ့မလာခဲ့ကြခင်က ကနေဒါနိုင်ငံမှာနေခဲ့ကြလို့ သူတို့အမျိုးတွေ အများကြီး ကနေဒါနိုင်ငံမှာ ရှိနေကြမှန်းတော့ သိထားတယ်။ ဒါပေမဲ့ ခက်တာက အမျိုးတွေရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို မသိဘူး။ ဂ်ကောင်းတာတစ်ခုက သူ့အဘိုး ဂျောရှုဝါနဲ့ အမေ အရင်နေခဲ့တဲ့ အိမ်လိပ်စာ ပါလာလို့ အဲဒီနေရာကိုသွားပြီး အမျိုး တွေရှာကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီတော့ သူဟာ ကနေဒါနိုင်ငံတစ်ခုလုံးရဲ့ ကြိုက်တဲ့နေရာက တက်စီးပြီး ကြိုက်တဲ့နေရာမှာ ဆင်းနိုင်တဲ့ ဘတ်စ်ကား လက်မှတ်တစ်စောင်ကို ဒေါ်လာ ၁၀၀ နဲ့ဝယ်ပြီး သူ့အဘိုးနဲ့ အမေ နေခဲ့တဲ့ စာစကက် ချူဝမ်ဒေသက Swift Current မြို့ကို သွားလိုက်တယ်။ ဘတ်စ်ကားကို မိုင်ပေါင်း ၁၉၀၀ စီးသွားပြီးမှ အဲဒီမြို့ကို ရောက်သွားတယ်။ အဲဒီမြို့မှာနေတဲ့ သူနဲ့ နှစ်ဝမ်းကွဲ ညီတော်သူတစ်ယောက်ပဲ စုံစမ်းလို့ရတယ်။

အီလွန်မတ်ဟာ သူ့ညီဝမ်းကွဲအိမ်မှာ ခေတ္တတည်းခိုရင်း ကြံ့ရာကျပန်း အလုပ်တွေ လုပ်တယ်။ သူ့ညီရဲ့ စိုက်ပျိုးမွေးမြူရေးခြံမှာ ဟင်းသီးဟင်းရွက် စိုက်တာ၊ ဝက်တွေကို အစာကျွေးတာ၊ ဂျုံစေ့တွေကို ဂေါ်ပြားနဲ့ကော်ပြီး တောင်းထဲ ထည့်ပေးတာစတဲ့ အလုပ်တွေကို မည်ညီးမည်ူလုပ်တယ်။ သူ့အသက် ၁၈ နှစ် ပြည့်တဲ့နေ့မှာ သူ့ညီက သူ့အတွက် ကိတ်မုန့်တစ်လုံးဝယ်ပြီး မွေးနေ့ပွဲလုပ်ပေး တယ်။ သူနဲ့မသိတဲ့ အိမ်နားနီးချင်းတွေက သူ့မွေးနေ့ပွဲကိုလာပြီး သူ့အတွက် မွေးနေ့ဆုတောင်းသီချင်း ဆိုပေးကြတယ်။ အီလွန်မတ်ဟာ တောင်အာဖရိက နိုင်ငံမှာကျန်ခဲ့တဲ့ အမေနဲ့ မောင်နှမတွေကို လွမ်းလို့၊ သတိရလို့ မျက်ရည်ဝဲနေ တယ်။ နောက်တော့ သူဟာ ဗင်ကူးဗာမြို့မှာ စက်လွှဲနဲ့ သစ်ပင်တွေဖြတ်လုံ့တဲ့ အလုပ် လုပ်ပြန်တယ်။ နောက်တော့ အလုပ်ကြမ်းတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်း လုပ်တယ်။

သူလုပ်ခဲ့သမျှ အလုပ်တွေထဲမှာ အခက်ဆုံးအလုပ်က ဒီဟာပါ။ သူဟာ လစာကောင်းကောင်းရမယ့် အလုပ်တစ်ခုရချင်လို့ အလုပ်အကိုင်ရှာဖွေရုံးမှာ သွားစုံစမ်းတယ်။ သစ်ခွဲစက်တစ်ခုက ဘွိုင်လာအိုး (ရေနွေးငွေ့အားကို အသုံးပြုရန် ရေထည့်ပြီး အပူပေးရတဲ့ အလုံပိတ်သံအိုးကြီး) ကို သန့်ရှင်းရေးလုပ်ပေးရတဲ့အလုပ်ဟာ တစ်နာရီကို ၁၈ ဒေါ်လာ ရမယ်တဲ့။ အတော်ကောင်းတဲ့လစာ ဆိုပြီး သူ အဲဒီအလုပ်ကို လုပ်မယ်ပြောလိုက်တယ်။ နောက်နေ့ သစ်ခွဲစက်ရောက်တော့ ဖိုမင်က သူ့ကိုပြောတယ်။ *"မင်းဟာ အပူခံ အညစ်ပေခံတဲ့ ဘွိုင်လာဝတ်စုံ ဝတ်ပြီး ဘွိုင်လာအိုးထိပ်ကနေ လူတစ်ကိုယ်စာဝင်သာရုံ လိုဏ်ခေါင်းထဲ ကြိုးလှေကားနဲ့ အောက်ကိုဆင်းရမယ်။ ဆင်းနေရင်း မင်းလက်ထဲက ဂေါ်ပြားနဲ့ လိုဏ်ခေါင်းနံရံမှာ ကပ်နေတဲ့ သဲတွေ၊ ရော်ဘာလို စေးကပ်နေတဲ့ အမည်းရောင် အခဲတွေ၊ အကြွင်းအကျန် အကပ်အသပ်တွေကို ခြစ်ထုတ်ပေးရမယ်။ ဘွိုင်လာအိုးဟာ အတော်ပူနေလို့ အဲဒီအပူဒဏ်ကို မင်း ခံရမယ်။ လိုဏ်ခေါင်းရဲ့အောက်ကနေ လူတစ်ယောက်က မင်းခြစ်ထုတ်လိုက်တာတွေကို လက်တွန်းလှည်းနဲ့ ခံပေးနေမယ်။ မင်း နာရီဝက်မပြည့်ခင်မှာ လိုဏ်ခေါင်းထဲက အပေါ်ပြန်တက်ရမယ်။ နာရီဝက်ထက်ပိုကြာရင် ပူလွန်းလို့ မင်း သေသွားလိမ့်မယ်"* တဲ့။ *"ကျွန်တော် အဲဒီအလုပ် စလုပ်တဲ့နေ့မှာ လူအယောက် ၃၀ အလှည့်ကျ လုပ်ကြတယ်။ တတိယမြောက်နေ့မှာ ပူလွန်းတဲ့ဒဏ်မခံနိုင်လို့ လူ ၅ ယောက် အလုပ်ထွက်သွားကြတယ်။ စတုတ္ထနေ့မှာ လူ ၁၀ ယောက် အလုပ်ထွက်သွားကြပြန်တယ်။ တစ်ပတ်အကြာမှာ ကျွန်တော်နဲ့ တခြားနှစ်ယောက်ပဲ ကျန်တယ်"* လို့ အီလွန်မတ်က ပြောတယ်။ သူလည်း အဲဒီအလုပ်ကို နှစ်ပတ်ပဲ လုပ်ခဲ့တယ်။

အီလွန်မတ်ဟာ ကနေဒါနိုင်ငံမှာ ကြိုးစားရုန်းကန်နေချိန် တောင်အာဖရိကနိုင်ငံမှာ ကျန်နေခဲ့ကြတဲ့ သူ့အမေ 'မေ'၊ သူ့ညီ ကင်းဘားနဲ့ ညီမ တော်စကာတို့ကတော့ ကနေဒါနိုင်ငံကို လာခွင့်ရဖို့ ကြိုးစားနေကြဆဲပါ။ နောက်တော့ ကင်းဘားဟာ အမေနဲ့ညီမထက် အရင် ကနေဒါနိုင်ငံကို ရောက်လာတယ်။ အီလွန်မတ်နဲ့ပြန်ဆုံပြီး အရင်လို ပျော်ပျော်ပါးပါးနေကြတယ်။ ၁၉၈၉ ခုနှစ်မှာ အီလွန်မတ်ဟာ

အွန်တာရီယိုပြည်နယ်၊ ကင်စတန် မြို့က Queen's University တက္ကသိုလ်တက်တယ်။ (သူဟာ သူနေတဲ့အိမ်နဲ့ နီးတဲ့ Waterloo University တက္ကသိုလ်မှာ မတက်ဘဲ သူနေတဲ့နေရာနဲ့ ဝေးတဲ့ Queen's University မှာ တက်တာ အကြောင်းရှိပါတယ်။ Queen's University က ကျောင်းသူတွေဟာ ပိုချောကြလို့တဲ့)။ ကင်းဘားလည်း အဲဒီတက္ကသိုလ်တက်တယ်။ အတန်းတော့ မတူကြဘူး။

စာသင်ချိန်ပြင်ပမှာ အီလွန်မတ်နဲ့ ကင်းဘားတို့ဟာ သတင်းစာတွေထဲက စိတ်ဝင်စားစရာကောင်းတဲ့ လူတွေအကြောင်း ရှာဖတ်ကြတယ်။ ပြီးရင် အဲဒီလူတွေကို တစ်ယောက်တစ်လှည့် ဖုန်းဆက်ပြီး နေ့လယ်စာစားဖို့ ဖိတ်ခေါ်ကြတယ်။ သူတို့ရဲ့ရည်ရွယ်ချက်က စိတ်ဝင်စားစရာကောင်းသူတွေနဲ့ စကားပြောချင်ရုံသက်သက်ပါ။ ဒါပေမဲ့ သူတို့လုပ်ရပ်ဟာ ပေါ်ကြောင်ကြောင်လုပ်ရပ်ဆိုပြီး သူတို့ဖိတ်တာကို ဘယ်သူမှ လက်မခံကြဘူး။ တစ်ရက်မှာ သူတို့ဟာ Globe and Mail သတင်းစာရဲ့ စီးပွားရေးကဏ္ဍမှာ ဆောင်းပါးရေးပေးသူနဲ့ Bank of Nova Scotia ဘဏ်ရဲ့ အမှုဆောင်အရာရှိဖြစ်သူ 'ပီတာနီကိုးလ်ဆန်း' ကို ဖုန်းဆက်ပြီး နေ့လယ်စာစားဖို့ ဖိတ်ခေါ်တယ်။ အစပိုင်းမှာ ပီတာက ငြင်းဆန်တယ်။ *"ငါဟာ ကြံ့ရာလူတွေကျွေးတဲ့ နေ့လယ်စာကို လိုက်မစားတတ်ဘူး"* လို့ ပြောတယ်။ ဒါပေမဲ့ အီလွန်မတ်နဲ့ ကင်းဘားတို့ဟာ ဇွဲမလျော့ဘဲ ထပ်တလဲလဲဖုန်းဆက်တာကြောင့် နောက်ဆုံးမှာ ပီတာဟာ သူတို့ရဲ့ နေ့လယ်စာစားဖို့ ဖိတ်ခေါ်တာကို လက်ခံလိုက်တယ်။ *"ကျွန်တော် ပြောရဲဆိုရဲရှိတဲ့ လူငယ်လေးတွေကို သဘောကျလို့ သူတို့ ဖိတ်တာကို လက်ခံလိုက်တာပါ"* လို့ ပီတာက ပြောတယ်။ တကယ်တော့ အီလွန်မတ်နဲ့ ကင်းဘားဟာ ပီတာရဲ့ လက်ခံမှုကိုရဖို့ ၆ လကြာအောင် ကြိုးစားခဲ့ရတယ်။ ပီတာနဲ့ ချိန်းထားတဲ့နေ့မှာ အီလွန်မတ်နဲ့ ကင်းဘားဟာ ရထားကို ၃ နာရီကြာအောင်စီးပြီး ချိန်းထားတဲ့အချိန်အမီ အရောက်သွားခဲ့ကြတယ်။

ပီတာဟာ သူတို့နှစ်ယောက်နဲ့ စကားပြောကြည့်ရင်း သူတို့ကို သဘောကျသွားတယ်။ သူတို့နှစ်ယောက်ဟာ ယဉ်ကျေးရည်မွန်ကြပြီး သိမ်သိမ်မွေ့မွေ့ စကားပြောတတ်ကြတယ်။ ကင်းဘားဟာ ဥပဓိရုပ်ကောင်းပြီး စကားကို ပြေပြေ

ပြစ်ပြစ် ပြောတတ်တယ်။ အီလွန်မတ်ကတော့ စကားကို တဲ့တိုးပြောတတ်လို့ ရိုင်းတယ်လို့ ထင်ရတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးဟာ အပြစ်ကင်းစင်ပြီး သူနဲ့စကားပြောဖို့ စိတ်အားထက်သန်နေကြတယ်လို့ ပီတာ ပြောပြတယ်။ နေ့လယ်စာ အတူစား။ စကားတွေပြောပြီးကြလို့ ခွဲခွာချိန်မှာ ပီတာက အီလွန်မတ်ကို နွေရာသီကျောင်းပိတ်ရက်ကျရင် သူရဲ့ဘဏ်မှာ လက်တွေ့သင်တန်းလာဆင်းဖို့ ကမ်းလှမ်းလိုက်တယ်။ နွေရာသီရောက်တော့ အီလွန်မတ်ဟာ အဲဒီဘဏ်ကြီးမှာ ၂ လကြာ လက်တွေ့သင်တန်း ဆင်းခဲ့တယ်။

အီလွန်မတ်ဟာ Queen's တက္ကသိုလ်မှာ သူ့ထက် တစ်တန်းငယ်တဲ့ 'ဂျပ်စတင်ဝီလ်ဆန်' ဆိုတဲ့ ကျောင်းသူလေးကို မြင်မြင်ချင်း သဘောကျသွားတယ်။ ဂျပ်စတင်ဟာ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး။ ပေါင်တံရှည်ရှည်၊ အညိုရောင်ဆံပင်နဲ့ ချောမောလှပတဲ့ ကောင်မလေးပါ။ ဂျပ်စတင်ဟာ အရင်က သူ့ထက် အသက်အတော်ကြီးတဲ့ လူတစ်ယောက်နဲ့ ချစ်ကြိုက်ခဲ့ဖူးပြီး တက္ကသိုလ်တက်တော့ အဆက်ဖြတ်လိုက်တယ်။ သူ့စိတ်ကူးထဲမှာ လိုချင်နေတဲ့ချစ်သူက အသက်ငယ်ငယ်၊ အရပ်မြင့်မြင့်၊ သားရေဂျာကင် အမြဲဝတ်တဲ့ ရုပ်ရှင်မင်းသား 'ဂျိမ်းစ်ဒင်း' လိုလူငယ်ပါ။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ကြောင့်ကြောင့်မော့မော့ ဝတ်စားတတ်တဲ့ အီလွန်မတ်ဟာ တက္ကသိုလ်ဝင်းထဲမှာ သူငယ်ချင်းတွေနဲ့ အတူတွဲပြီး သွားလာနေတဲ့ ဂျပ်စတင်ကို နောက်ကနေ တစ်ယောက်တည်း လိုက်ကြည့်နေတယ်။ အဲဒါကို ဂျပ်စတင် မသိဘူး။ အီလွန်မတ်က အဝေးက ဂျပ်စတင်ကို လက်ညိုးထိုးညွှန်ပြရင်း ကင်းဘားကို ခုလိုပြောတယ်။ "*အဲဒီကောင်မလေး အတော်မိုက်တယ်ကွ။ ဉာဏ်ကောင်းပုံရတယ်။ တိုက်ကွမ်ဒ္ဒိမှာ ခါးပတ်နက် ရထားတယ်။ သူ့ဝတ်စားပုံကလည်း အရမ်းကြည့်လို့ကောင်းတယ်။ တက္ကသိုလ်တစ်ခုလုံးမှာ သူ အလှဆုံးဖြစ်မယ်ထင်တယ်*" တဲ့။ အီလွန်မတ်ဟာ ဂျပ်စတင်နဲ့ ကြုံဆုံဖို့ ဘယ်သူ့အကူအညီမှ မယူဘဲ သူ့အားသူကိုးပြီး ဖန်တီးယူလိုက်တယ်။ ကျောင်းသူတွေနားနေခန်းထဲက ထွက်လာတဲ့ ဂျပ်စတင်ကို အီလွန်မတ်က မတော်တဆလို ဝင်တိုက်လိုက်တယ်။ ဂျပ်စတင်ရဲ့လက်ထဲမှာ ပွေ့ပိုက်ထားတဲ့စာအုပ်တွေ အောက်ကို ပြုတ်ကျသွားတယ်။

အီလွန်မတ်က စာအုပ်တွေကောက်ယူပြီး ဂျပ်စတင်ရဲ့လက်ထဲ ပြန်ထည့်ပေးတယ်။ ဂျပ်စတင်ကို တောင်းပန်စကားပြောပြီး ပါတီပွဲတစ်ခုမှာ မြင်ဖူးတယ်လို့ ပြောတယ်။ (အမှန်က အီလွန်မတ် ဖြီးဖြန်းပြောလိုက်တာပါ)။ ဂျပ်စတင်ဟာ တက္ကသိုလ်ရောက်တာ တစ်လမပြည့်သေးသလို အူတူတူ အတတ ကောင်မလေးမို့ အီလွန်မတ်ပြောတာကို ယုံပြီး နားထောင်တယ်။ အီလွန်မတ်က ညနေကျရင် ရေခဲမုန့်သွားစားကြဖို့ ကမ်းလှမ်းတယ်။ ဂျပ်စတင်က ခေါင်းညိတ်ပြတယ်။ အီလွန်မတ် ပျော်သွားတယ်။

ညနေရောက်တော့ အီလွန်မတ်ဟာ ဂျပ်စတင်နေတဲ့ ကျောင်းသူအဆောင်ကို သွားတယ်။ အဆောင်အစောင့်က သူ့နာမည်ကိုမေးပြီး စာတိုလေးတစ်စောင်ပေးတယ်။ ဂျပ်စတင်ဆီကပါ။ စာထဲမှာ "ကျွန်မ စာမေးပွဲအတွက် စာကျက်နေလို့ ရှင်နဲ့ ရေခဲမုန့်စားဖို့ အချိန်မပေးနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်ရှင့်" လို့ ရေးထားတယ်။ ဘာအလုပ်ပဲလုပ်လုပ် လွယ်လွယ်နဲ့ အလျှော့မပေးတတ်တဲ့ အီလွန်မတ်ဟာ ဂျပ်စတင်ရဲ့ အခင်ဆုံးကျောင်းသူ ဘယ်သူဆိုတာကို စုံစမ်းတယ်။ စုံစမ်းလို့ရတော့ အဲဒီသူငယ်ချင်းနဲ့သွားတွေ့ပြီး ဂျပ်စတင်တစ်ယောက်တည်း ဘယ်မှာ စာကျက်တတ်တယ်၊ သူ့ရဲ့အကြိုက်ဆုံး ရေခဲမုန့်ဟာ ဘာလဲဆိုတာတွေ မေးကြည့်တယ်။ သူသိချင်တာတွေ သိပြီးတော့ အီလွန်မတ်ဟာ ဂျပ်စတင်ရှိတဲ့နေရာကို သွားတယ်။ ကျောင်းသူကျောင်းသား အပန်းဖြေရိပ်သာထဲက စားပွဲတစ်လုံးမှာ စပိန်ဘာသာစကား လေ့လာကျက်မှတ်နေတဲ့ ဂျပ်စတင်ကို တွေ့လိုက်တယ်။ အီလွန်မတ်ဟာ လက်ထဲမှာ အရည်ပျော်စပြုနေတဲ့ ချော့ကလက်ရေခဲမုန့် နှစ်ခွက်ကို ကိုင်ရင်း ဂျပ်စတင်ကို ပြုံးပြတယ်။ အဲဒီနေ့ကစပြီး အီလွန်မတ်နဲ့ ဂျပ်စတင်တို့ ခင်မင်သွားကြတယ်။

ဂျပ်စတင်ဟာ စာရေးဆရာမ 'Emma Tennant' ရေးတဲ့ 'Sylvia and Ted' ဆိုတဲ့ အချစ်ဝတ္ထုစာအုပ်ကိုဖတ်ပြီး အိပ်မက်ထဲက မင်းသားတစ်ပါးနဲ့ ဖူးစာဆုံဖို့ စိတ်ကူးယဉ်နေတယ်။ လက်တွေ့မှာ ဇွဲကောင်းကောင်းနဲ့ ချစ်ရေးဆိုနေတဲ့ ရုပ်ဖြောင့်ဖြောင့် အီလွန်မတ်တစ်ယောက် အနားမှာရှိနေပြီ။ သူတို့နှစ်ယောက်ဟာ

အတန်းမတူ ကြေပေမယ့် စိတ်ပညာဘာသာရပ်ကိုတော့ အတူသင်ကြရတယ်။ စိတ်ပညာဘာသာ စာမေးပွဲတစ်ခုမှာ ဂျပ်စတင်က ၉၇ မှတ်၊ အီလွန်မတ်က ၉၈ မှတ်ရတယ်။ အဲဒီအကြောင်း ဂျပ်စတင်က ခုလိုပြောပြတယ်။ "*အီလွန်ဟာ သူရတဲ့ အမှတ်ကို မကျေနပ်လို့ ပါမောက္ခနဲ့ သွားတွေ့တယ်။ သူတို့နှစ်ယောက် စကားတွေ အကြာကြီးပြောကြပြီး နောက်ဆုံးတော့ ပါမောက္ခက အမှတ် ၂ မှတ် တိုးပေးလိုက်တယ်။ အမှတ် ၁၀၀ အပြည့်ရလို့ သူပျော်သွားတယ်။ သူနဲ့ကျွန်မဟာ အဲဒီဘာသာမှာ အမြဲပြိုင်နေကြတယ်*" တဲ့။ တကယ်တော့ အီလွန်မတ်ဟာ အရပ်ထောင်ထောင်မောင်းမောင်း (၆ ပေ ၃ လက်မ) လူထွားကြီးဖြစ်ပေမယ့် စိတ်ကူးယဉ်ပြီး ချစ်တတ်သူပါ။ တစ်ခါမှာ သူ ဂျပ်စတင်ဆီ နှင်းဆီပန်းပွင့် တစ်ဒါဇင်ပါတဲ့ ပန်းစည်းတစ်ခု ပို့လိုက်တယ်။ နှင်းဆီပွင့်တိုင်းမှာ အချစ်ကဗျာစာအုပ် 'The Prophet' ထဲက ကဗျာလေးတစ်ပုဒ်စီကို လက်ရေးနဲ့ကူးရေးထားတဲ့ စာတိုလေးတစ်ခုစီ တွဲပေးထားတယ်။ "*သူ့လိုလူမျိုးကို ဘယ်မိန်းကလေးက သဘောမကျဘဲ နေနိုင်မှာလဲရှင်*" လို့ ဂျပ်စတင်က ပြောတယ်။

သူတို့နှစ်ယောက်ဟာ တက္ကသိုလ်မှာ တွဲသွားတွဲလာ လုပ်နေကြပေမယ့် ချစ်သူတွေ မဖြစ်ကြသေးပါဘူး။ အီလွန်မတ်က ချစ်ရေးဆိုပေမယ့် ဂျပ်စတင်က သူငယ်ချင်းလိုပဲနေချင်တယ်လို့ ပြောတယ်။ အီလွန်မတ် ဂျပ်စတင်အပေါ် စိတ်ဝင်စားနေတာကို သူ့အမေ 'မေ' စိတ်ပူနေတယ်။ "*ဒီကောင်မလေးဟာ တက္ကသိုလ်မှာ ပေါ်ပြူလာအဖြစ်ဆုံးပါ။ သူ့ကို ချစ်ရေးဆိုနေကြတဲ့ ကောင်လေးတွေလည်း ငုံသားထက် ချမ်းသာကြတယ်။ ဒီတော့ သူ ငုံသားကို စိတ်မဝင်စားတာ အဆန်းမဟုတ်ပါဘူး။ ဒါပေမဲ့ ငုံသားက သူ့ကို စွဲစွဲလမ်းလမ်းဖြစ်မှတော့ ငါလည်း ဘာမှမတတ်နိုင်ဘဲ ကြည့်နေရတယ်*" လို့ 'မေ'က ပြောပြတယ်။ အီလွန်မတ်ဟာ တက္ကသိုလ်က ကျောင်းသူနှစ်ယောက်ကိုလည်း စိတ်ဝင်စားသလိုဖြစ်နေပေမယ့် သူ တကယ် ချစ်နေသူဟာ ဂျပ်စတင်မှန်းသိလို့ ဂျပ်စတင်ရဲ့အချစ်ကို ရဖို့ပဲ ကြိုးစားတယ်။ အီလွန်မတ်ဟာ ဂျပ်စတင်နဲ့ တွေ့ဖို့၊ စကားပြောဖို့ အမြဲကြိုးစားတယ်။ "*သူ ကျွန်မဆီ ဖုန်းခေါ်ခေါ်ဆက်တယ်။ ဖုန်းလာလို့ ကောက်မကိုင်တဲ့အခါ အကြာကြီး ဆက်*

မြည်နေရင် အဲဒါ သေချာတယ်။ ဖုန်းဆက်သူဟာ အီလွန်မတ်ပဲ။ သူလောက် ဇွဲကောင်းကောင်းနဲ့ ချစ်ရေးဆိုတတ်သူမျိုးကို တစ်ခါမှ မတွေ့ဖူးဘူး။ သူဟာ သားကောင်ကို အမြဲတမ်း လိုက်လံချောင်းမြောင်းနေတဲ့ တောဘုရင် ကျားသခင် လိုပဲ။ သူ တစ်စုံတစ်ရာကြည့်ပြီးဆိုရင် သူမျက်စိကို အဲဒီနေရာက မဖယ်တော့ဘူး။ နောက်ဆုံးတော့ ကျွန်မကို ဇွဲကောင်းကောင်းနဲ့ အသေအလဲကြိုးကိုင်နေတဲ့ သူ့ကို ကျွန်မ အရှုံးပေးလိုက်တယ်။ သူ့အချစ်ကို လက်ခံလိုက်တယ်။ သူ ကျွန်မရဲ့ဘဝကို သိမ်းပိုက်လိုက်ပါပြီ" လို့ ဂျပ်စတင်က ပြောတယ်။

တက္ကသိုလ်ဟာ သူ့အတွက် ပညာရှာဖို့ အသင့်တော်ဆုံးနေရာလို့ အီလွန်မတ် ယုံကြည်တယ်။ ဒါကြောင့် ငယ်စဉ်ကလို အရာရာကို သိထားတတ်ထားသူလို့ ထင်နေတာကို မေ့ထားလိုက်ပြီး တက္ကသိုလ်က သင်ပေးတာတွေကို အတတ်နိုင်ဆုံး ကြိုးစားသင်ယူတယ်။ သူ့အတန်းထဲက ကျောင်းသားတွေဟာ သူပြောတဲ့ အာကာသကို ဒုံးပျံလွှတ်တင်တာ၊ နေရောင်ခြည်စွမ်းအင်နဲ့ လျှပ်စစ်ကားအကြောင်းတွေကို နားမလည်လို့ မနှစ်မြို့ကြပေမယ့် သူ့ရဲ့ရည်မှန်းချက်တွေကို သဘောကျသူ တချို့တော့ ရှိကြတယ်။

၁၉၉၀ ပြည့်နှစ် ဆောင်းရာသီမှာ Queen's တက္ကသိုလ်ပြန်ဖွင့်တော့ ဆွစ်ဇာလန်နိုင်ငံ၊ ဂျိနီဗာမြို့မှာ မွေးဖွားကြီးပြင်းခဲ့ပြီး အခု ကနေဒါနိုင်ငံသားဖြစ်နေတဲ့ 'နားဗိတ်ဖားရှတ်' ဟာ အီလွန်မတ်နေတဲ့အဆောင်မှာ နေရတယ်။ အဲဒီအချိန်မှာ အီလွန်မတ်လည်း ကနေဒါနိုင်ငံသား ဖြစ်နေပြီ။ ကနေဒါနိုင်ငံသား ကျောင်းသား တစ်ယောက်နဲ့ နိုင်ငံခြားသား ကျောင်းသားတစ်ယောက် တစ်ခန်းထဲနေကြရမယ် ဆိုတဲ့ အဆောင်ရဲ့မူကြောင့် ဖားရှတ်ဟာ နိုင်ငံခြားသား ကျောင်းသားတစ်ယောက်နဲ့ အတူနေရသလို အီလွန်မတ်လည်း နိုင်ငံခြားကျောင်းသားတစ်ယောက်နဲ့ တွဲနေရတယ်။ "ကျွန်တော့် အခန်းပါတနာက ဟောင်ကောင်နိုင်ငံကဖြစ်ပြီး တစ်တန်းတည်းသားလည်း ဖြစ်တယ်။ သူဟာ အလွန်ဖော်ရွေတယ်။ နောက်ပြီး အတန်းချိန် တစ်ချိန်တောင် အပျက်မခံဘဲ ကျောင်းတက်တယ်။ အဲဒါ ကျွန်တော့်အတွက် ကံကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ကျောင်းပျက်တာမျိုးလို့

လွတ်သွားတဲ့စာတွေ သူ့ကို မေးလို့ရတယ်" လို့ အီလွန်မတ်က ပြောတယ်။ အီလွန်မတ်ဟာ ကျောင်းစရိတ်ရအောင်လို့ ကွန်ပျူတာပစ္စည်းတွေကို အပြင်ကဝယ်ပြီး အဆောင်က ကျောင်းသားတွေကို အမြတ်ယူပြီး ပြန်ရောင်းတယ်။ ကျောင်းသားတွေ ကစားချင်တဲ့ ကွန်ပျူတာဂိမ်းအတွက် အခယူပြီး source code ရေးပေးတယ်။ ကွန်ပျူတာကို စျေးကြီးပေးပြီး မဝယ်နိုင်ကြတဲ့ ကျောင်းသားတွေအတွက် စာရိုက်တဲ့ word processor စက်လေးတွေ တီထွင်ပြီး စျေးသက်သက်သာသာနဲ့ ရောင်းပေးတယ်။ "*ကျောင်းသားတွေရဲ့ ကွန်ပျူတာတွေ boot လုပ်လို့မရဘူး (ကွန်ပျူတာကို စက်နှိုးလို့မရဘူး) ဆိုရင်၊ ဒါမှမဟုတ် ကွန်ပျူတာပျက်သွားရင် ကျွန်တော်ပြင်ပေးတယ်။ အဲဒါတွေအတွက် ပြင်ခရတယ်။ ကွန်ပျူတာနဲ့ပတ်သက်လို့ ကျွန်တော် မပြင်နိုင်ဘူးဆိုတာ မရှိပါဘူး*" လို့ အီလွန်မတ်က ထပ်ပြောတယ်။ ဖားရွတ်နဲ့ အီလွန်မတ် နှစ်ယောက်စလုံးဟာ board-game လို့ခေါ်တဲ့ စစ်တုရင်၊ ကျား၊ စတာတွေကို ကစားရတာ ဝါသနာပါကြသူတွေမို့ အချိန်တိုအတွင်း ရင်းနှီးခင်မင်သွားကြတယ်။ "*အီလွန်မတ်ဟာ လူတွေနဲ့ လွယ်လွယ်ကူကူ မိတ်ဆွေမဖြစ်တတ်ပါဘူး။ ဒါပေမဲ့ သူနဲ့ကျွန်တော် ဝါသနာတူလို့ မိတ်ဆွေ အမြန်ဖြစ်သွားကြတာပါ*" လို့ ဖားရွတ်က ပြောပြတယ်။

သူတို့အဆောင်မှာ စနေကြတဲ့နှစ်မှာပဲ Civilization ဆိုတဲ့ ဗီဒီယိုဂိမ်းတစ်ခု ပေါ်လာတယ်။ ဂိမ်းက ဘာမှမရှိတဲ့ မြေပြင်ကနေ မြို့တွေ၊ နန်းတော်တွေ၊ စစ်တပ်တွေပါဝင်တဲ့ နိုင်ငံတစ်ခု တည်ဆောက်ပြီး နိုင်ငံအချင်းချင်း စစ်တိုက်ရတယ်။ စစ်နိုင်တဲ့နိုင်ငံက စစ်ရှုံးနိုင်ငံကို သိမ်းယူတယ်။ အဲဒီဂိမ်းဟာ စိတ်ဝင်စားစရာ ကောင်းလွန်းလို့ အဆောင်နေကျောင်းသားတိုင်းနီးပါး ကစားကြတယ်။ တချို့ဆိုရင် ရက်ပေါင်းများစွာ ကျောင်းမတက် အခန်းထဲကမထွက်ဘဲ ကစားကြတယ်။ တစ်ခါမှာ ဖားရွတ်ဟာ ညနေခင်းမှာ အလည်လာတဲ့ သူ့ရည်းစားကို အဆောင်ဧည့်ခန်းထဲမှာ ထိုင်စောင့်ခိုင်းထားပြီး သူ့အခန်းထဲမှာ အဲဒီဂိမ်း ကစားတယ်။ ၅ နာရီကြာသွားပြီး မိုးအတော်ချုပ်မှ သူ့ရည်းစားကို သတိရတယ်။ သူ့ရည်းစားလည်း အကြီးအကျယ် စိတ်ဆိုးပြီး အဆောင်က ပြန်သွားတယ်။ ရည်းစားအဖြစ်က

ပြတ်လုနီးပါးဖြစ်သွားတယ်။ ဖားရွတ်က တစ်ပတ်လောက် နေ့တိုင်း ချော့မော့ တောင်းပန်မှ သူ့ရည်းစား စိတ်ပြေသွားတယ်။ *"အီလွန်မတ်လည်း သူ့အခန်းထဲက မထွက်ဘဲ နာရီပေါင်းများစွာ ကစားတယ်။ ဒါပေမဲ့ သူ့မှာ ကွန်ပျူတာပြင်စရာ အလုပ်ရှိလို့ ရက်ဆက်တော့ မကစားဘူး။ အဆောင်က ကျောင်းသားတွေလည်း အဲဒီဂိမ်းပဲ ကစားနေကြလို့ ပါတီတက် ပျော်ပါးဖို့၊ အပြင်ထွက်ဖို့တောင် စိတ်မဝင်စားကြဘူး"* လို့ ဖားရွတ်က ပြောပြတယ်။

အီလွန်မတ် Queen's တက္ကသိုလ်ရောက်ပြီး ၂ နှစ်အကြာ ၁၉၉၂ ခုနှစ်မှာ အမေရိကန်နိုင်ငံ၊ ပင်စီဗေးနီးယားပြည်နယ်၊ ဖီလာဒေဖီးယားမြို့က Pennsylvania တက္ကသိုလ် (အတိုကောက် Penn တက္ကသိုလ်) ကနေ စကောလာရှစ် ပညာသင်ဆုရလိုက်တယ်။ အမေရိကန်နိုင်ငံရဲ့ ပြည်ဝင်ခွင့်ရလို့ အဲဒီမှာ သွားတက်တယ်။ အမေရိကန်နိုင်ငံကို သွားချင်နေတဲ့ဆန္ဒ ပြည့်သွားလို့ ပျော်သွားတယ်။ အဲဒီ တက္ကသိုလ်မှာ ဘွဲ့နှစ်ခုရအောင် တစ်ချိန်တည်း လုပ်လို့ရတယ်ဆိုတာ သိလိုက်လို့ စီးပွားရေးဘာသာ၊ ရူပဗေဒဘာသာနဲ့ ဘွဲ့နှစ်ခုရအောင် သင်ယူတယ်။ ဒီအချိန်မှာ သူ့ရည်းစား ဂျပ်စတင်ဟာ ကနေဒါနိုင်ငံ၊ Queen's တက္ကသိုလ်မှာ ကျန်နေခဲ့ပြီး သူ့ဖြစ်ချင်တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ဖို့ ကြိုးပမ်းနေတယ်။ အီလွန်မတ်နဲ့ မကြာခဏဖုန်းဆက်ပြီး လွမ်းကြောင်း၊ သတိရကြောင်း ပြောကြတယ်။ တစ်ခါ တလေ ဂျပ်စတင်ဟာ အမေရိကန်နိုင်ငံကို အလည်ရောက်လာပြီး အီလွန်မတ်နဲ့ လာတွေ့တယ်။ သူတို့နှစ်ယောက် နယူးယောက်မြို့မှာ လျှောက်လည်ကြတယ်။ အဲဒီအချိန်မှာ နှစ်ယောက်စလုံး ပျော်နေကြတယ်။

အီလွန်မတ်ဟာ Penn တက္ကသိုလ်မှာ သူငယ်ချင်းအပေါင်းအသင်း သိပ်မများဘူး။ သူနဲ့အလွန်ခင်တဲ့ သူငယ်ချင်းတစ်ယောက်တော့ ရှိတယ်။ သူနာမည်က 'အာဒီယိုရက်စ်' တဲ့။ ရက်စ်ဟာ Penn တက္ကသိုလ်က ဘွဲ့ရပြီးတော့ Silicon Valley မှာ အလုပ်သွားလုပ်ရင်း နောင်မှာ အတော်အောင်မြင်တဲ့ စီးပွားရေးသမား တစ်ယောက် ဖြစ်လာခဲ့တယ်။ ရက်စ်ဟာ အီလွန်မတ်လိုပဲ အရပ် ၆ ပေကျော် မြင့်တယ်။ အနုပညာ ဝါသနာပါတယ်။ စာကြိုးစားတယ်။ အီလွန်မတ်လိုပဲ

ရှက်တတ်တယ်။ တစ်ခါတလေ ကြောင်တောင်တောင်လုပ်တတ်တယ်။ သူတို့ နှစ်ယောက် အဆောင်မှာနေရင်း ခင်မင်သွားခဲ့ကြတယ်။ တစ်ရက်မှာ ရက်စီက အီလွန်မတ်ကို ပြောတယ်။ သူ စည်းကမ်းတင်းကျပ်တဲ့အဆောင်မှာ နေရတာ မပျော်ဘူး။ အပြင်မှာ လွတ်လွတ်လပ်လပ်နေချင်တယ်။ ဒါကြောင့် အပြင်မှာ အိမ် ငှားနေမလို့ အီလွန်မတ်ကို စပ်တူ ငှားမလားလို့ မေးတယ်။ အီလွန်မတ် သဘော တူလို့ မကြာခင်မှာ သူတို့နှစ်ယောက်ဟာ အိပ်ခန်း ၁၀ ခန်းပါတဲ့ မြို့စွန်က နှစ်ထပ် အိမ်အိုကြီးတစ်လုံးကို ငှားလိုက်ကြတယ်။ အဲဒီအိမ်ကြီးဟာ ငှားသူမရှိလို့ သူတို့ ဟာ အလွန်သက်သာတဲ့ဈေးနဲ့ ငှားလို့ရသွားကြတယ်။ အီလွန်မတ်နဲ့ ရက်စီတို့ဟာ ကျောင်းဖွင့်ရက် ညပိုင်းတွေကျရင် အဆောင်မှာအိပ်ကြတယ်။ ဒါပေမဲ့ သောကြာ ည၊ ကျောင်းပိတ်ရက်တွေဖြစ်ကြတဲ့ စနေ၊ တနင်္ဂနွေညတွေမှာ သူတို့ဟာ ငှားထားတဲ့ အိမ်အိုကြီးကို ညကလပ်အဖြစ် ဖန်တီး ပြောင်းလဲလိုက်ကြတယ်။ အိမ်ကြီးရဲ့ ရှိသမျှ ပြတင်းပေါက်တွေမှာ အနက်ရောင် ပလတ်စတစ်အမှိုက်အိတ်တွေကို တိပ်တွေနဲ့ကပ်ထားလိုက်ပြီး အိမ်အတွင်းမှာ မီးမှိန်မှိန်လေးပဲ ထွန်းထားလို့ အိမ်ကြီး အတွင်း မှောင်နေတယ်။ အိမ်အတွင်းနံရံတွေမှာ မီးစုန်းရောထားတဲ့ ဆေးနဲ့ ပုံတွေ ဆွဲပြီး စာတွေရေးတယ်။ အဲဒီ ပုံတွေ၊ စာတွေဟာ အမှောင်ထဲမှာ လင်းလက်နေကြ တယ်။ *"တကယ်တော့ ကျွန်တော့်ရဲ့အိမ်ကြီးဟာ လိုင်စင်မယူထားတဲ့ တိတ်တိတ် ပုန်း အရက်ဆိုင်ကြီးပါ"* လို့ ရက်စီက ပြောပြတယ်။ ပြီးတော့ သူက *"တချို့ညတွေ ဆိုရင် အိမ်ကြီးကို လူအယောက် ၅၀၀ လောက် လာကြတယ်။ ကျွန်တော်တို့ လာတဲ့လူတွေဆီက တစ်ယောက်ကို ဝင်ကြေး ၅ ဒေါ်လာ ကောက်တယ်။ ဝင်ကြေး ပေးပြီးသူတွေဟာ အထဲမှာ ဘီယာ၊ အရက် ကြိုက်တာကို ကြိုက်သလောက် သောက်လို့ရကြတယ်။ အထဲမှာ ဆေးလိပ်နဲ့ စားစရာ မရောင်းလို့ အဲဒါတွေကိုတော့ သူတို့ အပြင်က ဝယ်လာကြရတယ်"* လို့ ပြောတယ်။

သောကြာ၊ စနေ၊ တနင်္ဂနွေညတွေမှာ အိမ်ကြီးဟာ တစ်ညလုံး သီချင်း ဘော့စ်သံကြောင့် တုန်ခါနေတယ်။ အီလွန်မတ်ရဲ့အမေ 'မေ'ဟာ တစ်ညမှာ အိမ်ကြီး ကို ရောက်လာတယ်။ ရက်စီက အိမ်ထဲမှာ ရှိသမျှပစ္စည်းတွေကို အမည်းရောင်

သစ်စေးကို အရည်ဖျော်ပြီး သုတ်ထားတယ်။ တချို့ပုစွည်းတွေကို နံရံမှာ ချိတ်ဆွဲ တပ်ဆင်ထားတာကိုလည်း 'မေ' တွေ့ရတယ်။ အဲဒီညမှာ လုပ်ပေးမယ့်လူ မရှိလို့ အီလွန်မတ်က တောင်းပန်တာနဲ့ 'မေ'လည်း တံခါးပေါက်က ဝင်မယ့်သူတွေရဲ့ အင်္ကျီ ဘောင်းဘီတွေကို (တုတ်၊ ဓား၊ သေနတ် စတာတွေ ယူလာမှာစိုးလို့) လက်နဲ့ စမ်းသပ်စစ်ဆေးပေးရတယ်။ ပြီးတော့ ဝင်ကြေးကောက်ပေးရတယ်။ 'မေ' ဟာ မူးယစ်ရမ်းကားသူတွေရဲ့ အန္တရာယ်ပေးမှုက ကာကွယ်နိုင်ဖို့ အနားက ကုလားထိုင်ပေါ်မှာ တင်ထားတဲ့ ဖိနပ်ဘူးထဲမှာ အသွားထက်ထက် ကတ်ကြေးတစ်လက်ကို ဖွက်ထားတယ်။

နောက်တော့ ပတ်ဝန်းကျင်က အိမ်ကြီးဆူတယ်လို့ ကန့်ကွက်ကြတာကြောင့် အိမ်ရှင်က အိမ်ကြီးကို ဆက်မငှားတော့ဘူး။ မကြာခင်မှာ အီလွန်မတ်နဲ့ ရက်စီဟာ တခြားရပ်ကွက်တစ်ခုမှာ အခန်း ၁၄ ခန်းပါတဲ့ နှစ်ထပ်အိမ်ကြီးတစ်လုံးကို ငှားလိုက်ကြပြန်တယ်။ အရင်လိုပဲ ညကလပ်လုပ်ပြီး အရက်ရောင်းဖို့ပါ။ ဒါပေမဲ့ သူတို့မှာ ပရိဘောဂဝယ်ဖို့ ပိုက်ဆံမလုံလောက်လို့ ဆိုင်တစ်ဆိုင်က စည်ပိုင်းတွေကို အလကား တောင်းလာတယ်။ စည်ပိုင်းတွေပေါ်မှာ သစ်သားပြားခင်းပြီး စားပွဲလုပ်ကြတယ်။ တစ်ရက်မှာ အီလွန်မတ်ဟာ အိမ်ကြီးကိုရောက်လာတော့ သူထိုင်နေကျ စားပွဲကို ရက်စီက အဝါရောင်ဆေးသုတ်ပြီး နံရံအမြင့်မှာ သံနဲ့ ရိုက်ကပ်ထားတာကို တွေ့လို့ မကျေမနပ်ဖြစ်သွားတယ်။ အဲဒါနဲ့ အဲဒီစာကြည့်စားပွဲကို နံရံကဖြုတ်ချပြီး ဆေးအနက် သုတ်လိုက်တယ်။ သူဟာ ရက်စီကို လက်စားချေလိုက်ရတယ်ဆိုပြီး ပျော်သွားတယ်။ ရက်စီဟာ အီလွန်မတ်ကို စိတ်မဆိုးဘဲ ကျေးဇူးတင်တယ်လို့ ပြောသွားတယ်။ *"သူတို့နှစ်ယောက်ဟာ အဲဒီလိုပဲ။ တစ်ခါတစ်ခါ ပေါ်တောတော ကြောင်တောင်တောင်တွေ လုပ်တတ်ကြတယ်"* လို့ 'မေ'က ပြောပြတယ်။

အီလွန်မတ်ဟာ အိမ်ကြီးထဲ ညပိုင်းတာဝန်ယူထားချိန်မှာ ဗော့ဒ်ကာအရက်ကို တစ်ပက်၊ နှစ်ပက်ပဲ သောက်ပြီး အချိုဓာတ်လျှော့ထားတဲ့ ကုတ်အအေးဖျော်ရည်ကိုပဲ တစ်ချိန်လုံး သောက်နေတတ်တယ်။ ရက်စီကတော့ အရက် လုံးဝ မသောက်ဘူး။ *"ပါတီပွဲမှာ ကျွန်တော်နဲ့ ရက်စီတို့နှစ်ယောက် အရက်မူးမနေဖို့*

လိုပါတယ်။ ဒါမှ လာတဲ့ပရိသတ်ကို ထိန်းနိုင်မှာပါ။ ဒါကြောင့် ကျွန်တော် အရက်မသောက်တာပါ" လို့ အီလွန်မတ်က ပြောတယ်။ "ကျွန်တော် တက္ကသိုလ်တက်ဖို့ ကုန်ကျစရိတ်ကို ကျွန်တော့်တာသာ ရှာရပါတယ်။ အဆောင်မှာ သူငယ်ချင်းတွေရဲ့ ကွန်ပျူတာတွေ ပြင်ပေးရင်းလည်း ရှာရပါတယ်။ တစ်လလောက် ကွန်ပျူတာပြင်လို့ ရတဲ့ပိုက်ဆံကို ဒီအိမ်ကြီးမှာ တစ်ညတည်းနဲ့ရလို့ ပျော်တာပေါ့ဗျာ" လို့ သူက ဆက်ပြောတယ်။ "အီလွန်မတ်က ဝင်ကြေးကောက်တာနဲ့ မူးတဲ့လူတွေကို ထိန်းပေးရတယ်။ သူတစ်ယောက်တည်း မနိုင်ရင် ကျွန်တော်ပါ ဝိုင်းထိန်းပေးတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ အရပ်မြင့်မြင့် လူထွားကြီးတွေမို့ လူထိန်းရတာ ပြဿနာမရှိပါဘူး။ ကျွန်တော်က အရက်ရောင်းပေးရတယ်" လို့ ရက်စီက ပြောတယ်။ "အီလွန်မတ်ဟာ အကျင့်စာရိတ္တ ကောင်းတယ်။ အရက်ကို အလွန်အကျွံ မသောက်ဘူး။ သူ့ကို ထိန်းပေးစရာ မလိုဘူး။ ဒါပေမဲ့ သူ အဆောင်ကအခန်းထဲမှာ တစ်နေကုန် ဗီဒီယိုဂိမ်းကစားနေရင်တော့ ကျွန်တော် သူ့ကို အပြင်ထွက်အောင် အတင်းဆွဲခေါ်ရတယ်ဗျ" လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်ဟာ Penn တက္ကသိုလ်ရောက်ပြီးတော့ နေရောင်ခြည်ကနေ စွမ်းအင်ထုတ်တာကို ပိုပြီးစိတ်ဝင်စားလာတယ်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလမှာ အီလွန်မတ်ဟာ အတန်းကလုပ်ခိုင်းတဲ့ သင်ခန်းစာတစ်ခုအတွက် စာတမ်းတစ်စောင် ရေးတင်တယ်။ စာတမ်းကို 'အနာဂတ်အတွက် နေရောင်ခြည်စွမ်းအင်' လို့ ခေါင်းစဉ်တပ်ထားတယ်။ စာတမ်းမှာ နေရောင်ခြည်ကနေ စွမ်းအင်ထုတ်ပေးတဲ့ စက်ရုံတွေ အများကြီးပေါ်လာတော့မယ်။ အဲဒီစက်ရုံတွေမှာ ခေတ်မီစက်ပစ္စည်းတွေ တပ်ဆင်ထားပြီး အဆင့်မြင့်နည်းပညာ သုံးထားတာကြောင့် နေရောင်ခြည်ကနေ စွမ်းအင်တွေ အများကြီးထုတ်ပေးနိုင်တော့မယ်ဆိုပြီး ပုံတွေ၊ တွက်ချက်မှုတွေနဲ့ ဖော်ပြထားတယ်။ စာတမ်းရဲ့အစမှာ 'မနက်ဖြန်မှာ နေလုံးကြီး ပေါ်ထွက်လာတော့မယ်' လို့ ရေးထားပြီး စာတမ်းရဲ့အဆုံးမှာ အနာဂတ် နေရောင်ခြည်စွမ်းအင်စက်ရုံဆိုပြီး ပုံတစ်ပုံ ဆွဲပြထားတယ်။ ပုံမှာ နေရောင်ခြည်အလင်းတန်းကြီးနှစ်ခုဟာ အာကာသထဲကနေ စက်ရုံပေါ် ထိုးကျနေတယ်။ စက်ရုံရဲ့ ခေါင်မိုးပေါ်မှာ အဲဒီ

ရောင်ခြည်တွေကို ဖမ်းယူဖို့ ဆိုလာပြားအရှည်ကြီး နှစ်ခုကို တပ်ဆင်ထားတယ်။ ဆိုလာပြားတစ်ခုစီဟာ ၄ မိုင် ရှည်တယ်။ အီလွန်မတ်ဟာ အဲဒီစာတမ်းအတွက် အမှတ် ၁၀၀ ပေးရာမှာ ၉၈ မှတ် ရခဲ့တယ်။ စစ်ဆေးတဲ့ ပါမောက္ခကလည်း 'အလွန်စိတ်ဝင်စားစရာကောင်းပြီး သေချာ စေ့စပ်စွာရေးထားတဲ့ စာတမ်းဖြစ်တယ်' လို့ မှတ်ချက်ပေးခဲ့တယ်။

သူ နောက်ထပ် စာတမ်းတစ်စောင် ရေးတယ်။ အဲဒါက သုတေသနလုပ်ထားတဲ့အကြောင်းတွေ ရေးထားတဲ့ စာရွက်စာတမ်း။ စာအုပ်တွေကို scan လုပ်ကူးယူပြီး ကူးထားတာတွေကို အီလက်ထရောနစ်နည်းနဲ့ ပစ္စည်းတစ်ခုထဲမှာ သိမ်းထားဖို့ပါ။ (အခုခေတ်မှာသုံးတဲ့ thumb drive ထဲမှာ file တွေ သိမ်းထားတဲ့နည်းပါ။ ဒီနည်းဟာ အခုခေတ်မှာ အဆန်းမဟုတ်ပေမယ့် အဲဒီအချိန် အင်တာနက်ပေါ်စခေတ်မှာ အထူးအဆန်း ဖြစ်နေပါတယ်)။

တတိယ စာတမ်းတစ်စောင်လည်း ရေးသေးတယ်။ အဲဒါက ultracapacitors အလွန်ကြီးမားတဲ့ လျှပ်သိုပစ္စည်း (လျှပ်စစ်ကို သိုလှောင်နိုင်တဲ့ပစ္စည်းမို့ လျှပ်သို လို့ ခေါ်တာပါ) အကြောင်းပါ။ စာမျက်နှာ ၄၄ မျက်နှာရှိတဲ့ အဲဒီစာတမ်းမှာ အီလွန်မတ်က နောင်မှာ ကားတွေ၊ လေယာဉ်ပျံတွေ၊ ဒုံးပျံတွေမှာ အသုံးပြုနိုင်မယ့် ultracapacitors တွေ တွေ့ထားပြီးဖြစ်တယ်လို့ ရေးထားတယ်။ လျှပ်သိုဟာ သူနဲ့ အရွယ်အစားတူညီတဲ့ ဘက်ထရီအိုးထက် လျှပ်စစ်စွမ်းအင်ကို အဆတစ်ရာအထိ သိုလှောင်နိုင်ကြောင်းနဲ့ လျှပ်စစ်အားကုန်သွားရင်လည်း အားပြန်ဖြည့်ရတာ အချိန်မကြာဘူးလို့လည်း ရေးထားတယ်။ အီလွန်မတ်ဟာ အဲဒီစာတမ်းအတွက် အမှတ် ၁၀၀ မှာ ၉၇ မှတ် ရခဲ့တယ်။ 'အကောင်းဆုံး စီးပွားရေးအသုံးချ နည်းပညာဖြစ်လာနိုင်တယ်' လို့ ပါမောက္ခတွေရဲ့ ချီးကျူးမှုကိုလည်း ရခဲ့တယ်။ ပါမောက္ခတွေရဲ့ ချီးကျူးမှုဟာ တကယ်မှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အီလွန်မတ်ရဲ့ စာတမ်းတွေဟာ အမှတ်ကောင်းကောင်းရဖို့ နည်းပညာကို ရေးပြထားရုံမကဘဲ အဲဒီနည်းပညာကို စီးပွားရေးလုပ်ငန်းမှာ ဘယ်လို အသုံးချနိုင်တယ်ဆိုတာလဲ အကြံပြုထားပါတယ်။ နောက်ပိုင်းမှာ သူဟာ သူတီထွင်သမျှအရာတွေကို စီးပွား

ရေးလုပ်ငန်းမှာ အသုံးချတတ်အောင်လုပ်တဲ့ အလေ့အကျင့် ရလာခဲ့တယ်။

အီလွန်မတ်ဟာ တက္ကသိုလ်က ဘွဲ့ရပြီးရင် ဘာအလုပ်လုပ်ရမလဲ စဉ်းစားတော့ ဗီဒီယိုဂိမ်း တီထွင်တာလုပ်ဖို့ စဉ်းစားမိတယ်။ သူငယ်ငယ်က သူ့ဝမ်းကွဲညီအစ်ကိုတွေနဲ့ ဗီဒီယိုဂိမ်းကစားတဲ့ ရုံတစ်ရုံဆောက်ဖို့ စီစဉ်ခဲ့ဖူးတယ်။ ဒါပေမဲ့ မလုပ်ဖြစ်ခဲ့ဘူး။ အခုလည်း ဗီဒီယိုဂိမ်းလုပ်ငန်း လုပ်ချင်စိတ် ပေါ်လာပြန်တယ်။ ဒါပေမဲ့ ဒီအကြံ မကောင်းဘူးလို့ သူ စဉ်းစားမိပြန်တယ်။ *"ကျွန်တော် ကွန်ပျူတာဂိမ်း ကစားရတာကို အလွန်သဘောကျလို့ ဗီဒီယိုဂိမ်း တီထွင်ချင်တာပါ။ ဒါပေမဲ့ အကောင်းဆုံး ဗီဒီယိုဂိမ်းတစ်ခု တီထွင်လိုက်လို့ ကမ္ဘာကြီးကို ဘာမျှား အပြောင်းအလဲ ဖြစ်သွားစေမှာလဲ။ သေချာတာက ဂိမ်းကစားသူတချို့အတွက်ကလွဲလို့ ကြီးမားတဲ့ အကျိုးသက်ရောက်မှုဖြစ်စေမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဗီဒီယိုဂိမ်း တီထွင်မယ့်အကြံကို မေ့ပစ်လိုက်တယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

ကျွန်တော် (ဒီစာအုပ်ရေးသူ) သူနဲ့ အင်တာဗျူးလုပ်တော့ သူက သူ့ခေါင်းထဲမှာ လုပ်ချင်တဲ့ အကြံကြီးကြီးတွေ ရှိနေတယ်လို့ ပြောပြတယ်။ သူ Penn တက္ကသိုလ်တက်နေစဉ်တုန်းကလည်း ခုလို စဉ်းစားနေခဲ့တယ်လို့ ပြောပြတယ်။ အဲဒါက အင်တာနက်၊ စွမ်းအင်အသစ်တွေနဲ့ အာကာသဆိုင်ရာလုပ်ငန်း စတဲ့ ကဏ္ဍတွေဟာ မကြာခင် အနာဂတ်မှာ အများကြီး တိုးတက်ပြောင်းလဲလာကြတော့မယ်။ အဲဒါတွေကို စီးပွားဖြစ် အသုံးချနိုင်တဲ့ အခွင့်အလမ်းသစ်တွေလည်း အများကြီးပေါ်လာကြမယ်။ ဒါကြောင့် အဲဒီကဏ္ဍကြီး သုံးခုကို လေ့လာလိုက်စားထားသင့်တယ်လို့ပါ။ *"သူငယ်ချင်းတွေကို ကျွန်တော့်အကြံတွေ ပြောပြတော့ သူတို့က ဘာပြန်ပြောကြသလဲ သိလား။ အတော့်ကိုရှုံးသွပ်တဲ့ အကြံတွေပဲတဲ့"* လို့ အီလွန်မတ်က ရယ်ပြီးပြောပြတယ်။

ကျွန်တော်က အီလွန်မတ်ကို ဘာကြောင့် လျှပ်စစ်ကားတွေ၊ နေရောင်ခြည်စွမ်းအင်နဲ့ ဒုံးပျံတွေကို စိတ်ဝင်စားရတာလဲလို့ မေးတော့ သူက ခုလိုပြန်ဖြေတယ်။ *"ကျွန်တော် အဲဒါတွေကို ဘာကြောင့် စိတ်ဝင်စားမိမှန်း မသိပါဘူးဗျာ။ ငယ်ငယ်က comic book (ကာတွန်းစာအုပ်) တွေနဲ့ စိတ်ကူးယဉ် သိပ္ပံဝတ္ထုစာအုပ်တွေ*

အများကြီးဖတ်ခဲ့လို့ ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒါတွေကို စိတ်ဝင်စား တာဟာ စီးပွားရေးလုပ်ငန်းမှာ အသုံးချဖို့ထက် ကမ္ဘာကြီးကို တစ်နည်းတစ်ဖုံ တိုးတက်ပြောင်းလဲပေးချင်လို့ပါ” တဲ့။

အခန်း(၃)

ပထမဆုံး အင်တာနက်ကုမ္ပဏီ Zip2 ထူထောင်ခြင်း

အီလွန်မတ်နဲ့ သူ့ညီ ကင်းဘားဟာ ၁၉၉၄ ခုနှစ် နွေရာသီအစမှာ စွန့်စားချင်တဲ့ ရည်ရွယ်ချက်နဲ့ အမေရိကန်နိုင်ငံတစ်ခွင်ကို ကားနဲ့ လှည့်လည်သွားလာကြတယ်။ (သူတို့ဟာ စွန့်စားတတ်တဲ့ သူတို့ရဲ့အဘိုး ဂျောရှွဝါဆီက စွန့်စားတတ်တဲ့အမွေကို ရခဲ့ကြတယ်ထင်ပါတယ်)။ ဒီအချိန်မှာ အီလွန်မတ်ဟာ Penn တက္ကသိုလ်တက်နေဆဲဖြစ်တယ်။ ကင်းဘားလည်း ကနေဒါနိုင်ငံက Queen's တက္ကသိုလ်တက်နေရာက ကျောင်းထွက်ပြီး အမေရိကန်နိုင်ငံကို ရောက်လာတယ်။ သူ ဒီရောက်တော့ တက္ကသိုလ်မတက်ဘဲ အိမ်တွေကိုဆေးသုတ်ပေးတဲ့ ကုမ္ပဏီတစ်ခု ထောင်လိုက်တယ်။ သူ့ကုမ္ပဏီဟာ အတော်လေး ဝင်ငွေကောင်းနေတယ်။ ဒါပေမဲ့ သူ ကုမ္ပဏီကို ရောင်းလိုက်တယ်။ ရောင်းလို့ရတဲ့ငွေထဲက တချို့နဲ့ ၁၉၇၀ ခုနှစ်ထုတ် BMW 320i ကားဟောင်းတစ်စီး ဝယ်လိုက်တယ်။ ပြီးတော့ သူတို့နှစ်ယောက်ဟာ အဲဒီကားကိုမောင်းပြီး သြဂုတ်လရဲ့ ချစ်ချစ်တောက်ပူပြင်းတဲ့ နေရောင်အောက်မှာ ကာလီဖိုးနီးယားပြည်နယ်ကို ဖြတ်သန်းသွားကြတယ်။ သူတို့ရဲ့ကားမှာ လေအေးစက် တပ်ဆင်မထားလို့ ၄၉° စင်တီဂရိတ်ရှိတဲ့ အပူရှိန်မှာ ကားကို ကြာရှည်မမောင်းနိုင်ကြဘူး။ ဒါကြောင့် လမ်းတစ်လျှောက် ကားလမ်း

ဘေးက လေအေးစက်တပ်ထားတဲ့ Carl's Junior ဟမ်းဘာဂါဆိုင်တွေမှာ ဝင်နားကြရတယ်။ ဆိုင်ထဲမှာ နာရီဝက်ကြာဝင်ထိုင်ပြီး ခန္ဓာကိုယ်ကို အေးသွားပြီး လန်းဆန်းလာအောင် လုပ်ကြတယ်။ ပြီးမှ ခရီးဆက်ကြပြန်တယ်။

ကားမောင်း ခရီးသွားနေစဉ်မှာ သူတို့နှစ်ယောက် စိတ်ထဲရှိတာတွေ ပြောကြတယ်။ လုပ်ချင်တဲ့ အစီအစဉ်တွေ ပြောကြတယ်။ အဲဒီအချိန်မှာ အမေရိကန်အစိုးရက လူထုကို အင်တာနက်သုံးစွဲခွင့်ပြုလိုက်တာ မကြာသေးဘူး။ အရင်က အမေရိကန်အစိုးရဟာ အင်တာနက်ကို အစိုးရရုံးတွေ၊ စစ်တပ်နဲ့ တက္ကသိုလ်ကောလိပ်တွေမှာပဲ အသုံးပြုခွင့် ပေးထားခဲ့တယ်။ အင်တာနက်ကို လူထုသုံးခွင့်ရပြီး မကြာခင်မှာပဲ Yahoo နဲ့ Netscape ဝက်ဆိုဒ်တွေ ပေါ်လာကြတယ်။ လူတွေလည်း ဝက်ဆိုဒ်တွေကို စိတ်ဝင်တစား ကြည့်ကြတယ်။ အဲဒီအချိန်မှာ Google မပေါ်သေးဘူး။ အီလွန်မတ်တို့ညီအစ်ကိုလည်း အင်တာနက်ကိုဝင်ကြည့်ပြီး သဘောကျတာနဲ့ အင်တာနက်အသုံးပြုတဲ့ကုမ္ပဏီတစ်ခု တည်ထောင်ရင် ကောင်းမလားလို့ တိုင်ပင်ကြတယ်။ အဲဒီအကြောင်း ကာလီဖိုးနီးယားပြည်နယ်၊ အီလီနွိုက်ပြည်နယ်တွေကို သူတို့နှစ်ယောက် ကားကို တစ်လှည့်စီမောင်းကြရင်း ပြောကြတယ်။ ခရီးထွက်လို့ တစ်လအကြာမှာ သူတို့နေရပ်ကို ပြန်လာကြတယ်။

အီလွန်မတ်က Penn တက္ကသိုလ် တက်နေစဉ်မှာ ကင်းဘားက ဘာအလုပ်မှ မလုပ်ဘဲ ကုမ္ပဏီရောင်းရင်ငွေနဲ့ ထိုင်စားနေတယ်။ သူတို့နှစ်ယောက် ကားပေါ်မှာ တိုင်ပင်ခဲ့ကြတဲ့ အကြံအစည်တွေထဲက ဒီတစ်ခုကိုလုပ်ဖို့ စဉ်းစားကြတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ကင်းဘားက ခုလိုပြောတယ်။ "ဆရာဝန်တွေအတွက် အင်တာနက်ကွန်ရက်တစ်ခု လုပ်ပေးကြရအောင်လား။ ဆရာဝန်တွေအချင်းချင်း အဲဒီကွန်ရက်မှာ ဆက်သွယ်ပြီး သတင်းအချက်အလက်၊ ဆေးပညာဗဟုသုတတွေ ဖလှယ်ကြဖို့ပါ။ ကျွန်တော် အဲဒါအတွက် လုပ်ငန်းစီမံချက်နဲ့ ဈေးကွက်ရှာဖွေရေး အစီအစဉ်တောင် ရေးဆွဲထားပြီးပါပြီ။ ဒါပေမဲ့ အီလွန်မတ်က အဲဒီလုပ်ငန်းဟာ ရိုးလွန်းတယ်။ လူတွေ စိတ်ဝင်စားကြမှာမဟုတ်ဘူး ပြောလို့ အဲဒီအကြံကို အကောင်အထည်မဖော်ဖြစ်လိုက်ဘူး" ။

အီလွန်မတ်ဟာ Penn တက္ကသိုလ်တက်နေရင်း နွေရာသီကျောင်းပိတ်ရက်ရောက်တော့ Silicon Valley နယ်မြေမှာ လုပ်ငန်းခွင် လက်တွေ့လေ့လာရေး လုပ်ချင်တယ်လို့ တက္ကသိုလ်မှာ ခွင့်တောင်းတယ်။ တက္ကသိုလ်က ခွင့်ပြုလို့ နေရာနှစ်ခုမှာ တစ်ပြိုင်တည်း လေ့လာရေးလုပ်တယ်။ နေ့ပိုင်းမှာ Pinnacle Research Institute ကုမ္ပဏီမှာလုပ်ပြီး ညနေပိုင်းမှာ Rocket Science Games ကုမ္ပဏီမှာ လုပ်တယ်။

အဲဒီအချိန်က Los Gatos မြို့က Pinnacle Research Institute ကုမ္ပဏီမှာ သိပ္ပံပညာရှင်တွေနဲ့ အင်ဂျင်နီယာအုပ်စုတစ်ခုဟာ လျှပ်စစ်ကားနဲ့ hybrid car (လျှပ်စစ်နဲ့ လောင်စာဆီ နှစ်မျိုးစလုံးသုံးတဲ့ ကား) တွေအတွက် လျှပ်စစ်ဓာတ်ထုတ်ပေးတဲ့ ultracapacitors (လျှပ်သိုကြီး) တွေကို တီထွင်ထုတ်လုပ်ဖို့ စမ်းသပ်နေကြတယ်။ အီလွန်မတ်ဟာ သူတို့ စမ်းသပ်လုပ်ကိုင်နေကြတာကိုကြည့်ရင်း အလွန်စိတ်ဝင်စားနေတယ်။ တစ်ချိန်တည်းမှာ ultracapacitors တွေကို Star Wars ရုပ်ရှင်ထဲကလို လေဆာလက်နက်တွေမှာ တပ်ဆင်ဖို့ စိတ်ကူးယဉ်နေတယ်။ သေနတ်ပစ်လို့ ကျည်ဆန်ကုန်သွားရင် ကျည်ကတ်အသစ်လဲရသလို လေဆာလက်နက်ကနေ လေဆာရောင်ခြည်ပစ်လွှတ်ရင်း အားကုန်သွားရင် လက်နက်က ultracapacitor အသစ်လဲတာကို မျက်စိထဲ မြင်ယောင်နေတယ်။ နောက်ပြီး ultracapacitors တွေဟာ ဒုံးပျံလွှတ်တင်တဲ့အခါ ပါဝါကောင်းကောင်းရအောင် လုပ်ပေးနိုင်မယ်လို့လည်း စဉ်းစားမိတယ်။ ဒါကြောင့် သူဟာ ultracapacitors တွေကို စီးပွားရေးလုပ်ငန်းတွေမှာ အသုံးချဖို့ စာတမ်းတစ်စောင်ရေးပြီး Penn တက္ကသိုလ်မှာ တင်သွင်းတယ်။ စောစောကပြောခဲ့သလို စာတမ်းအတွက် အမှတ်ကောင်းကောင်းရပြီး ပါမောက္ခရဲ့ ချီးကျူးခြင်းခံရတယ်။

တစ်နေ့လုံး Pinnacle ကုမ္ပဏီမှာ အလုပ်ဆင်းပြီး ညနေစောင်းမှာ ၁၇ မိုင်ကွာဝေးတဲ့ Palo Alto မြို့က Rocket Science Games ကုမ္ပဏီကို ဘတ်စ်ကားစီးပြီး သွားတယ်။ အဲဒီမှာ အင်ဂျင်နီယာတွေဟာ ဗီဒီယိုဂိမ်းတွေကို cartridge (ပလတ်စတစ်ပြားကြီး) မှာ သိမ်းထားတာမလုပ်တော့ဘဲ CD စီဒီပြား

အချပ်တွေမှာ ထည့်သိမ်းဖို့ စမ်းသပ်နေကြတယ်။ အဲဒီမှာ Apple ကုမ္ပဏီမှာ တုန်းက iPod နဲ့ iPhone တီထွင်ခဲ့သူတွေထဲက အင်ဂျင်နီယာတစ်ယောက် ဖြစ်ခဲ့တဲ့ 'တိုနီဖက်ဒဲ' အပြင် Apple ကုမ္ပဏီအတွက် Quick Time ဆော့ဖ်ဝဲ ထုတ်လုပ်ခဲ့တဲ့ အင်ဂျင်နီယာတချို့ကိုလည်း တွေ့ရတယ်။ အီလွန်မတ်ဟာ သူတို့နဲ့ စကားပြောပြီး သိချင်တာတွေကို မေးခွင့်ရလို့ ပျော်နေတယ်။ အဲဒီကုမ္ပဏီမှာ လူတွေဟာ နေ့စဉ် နာရီ ၂၀ လောက် အလုပ်လုပ်ကြတယ်။ စားချိန်နဲ့ အိပ်ချိန်မှာပဲ ခဏအလုပ်နားကြတယ်။ အီလွန်မတ်ဟာ ကုမ္ပဏီကို ညနေ ၆ နာရီ အရောက် သွားတယ်။ ကုမ္ပဏီကို စတင်တည်ထောင်သူတွေထဲက တစ်ယောက်ဖြစ်တဲ့ ဩစတေးလျလူမျိုး အင်ဂျင်နီယာ 'ပီတာဘဲရက်' က အီလွန်မတ်နဲ့ပတ်သက်ပြီး ခုလိုပြောပြတယ်။ "*သူ ကုမ္ပဏီမှာ အလုပ်စဆင်းပြီး နောက်နေ့မှာ သူကို ပရိုဂရမ် အလွယ်လေးတွေ ရေးခိုင်းတယ်။ သူဟာ အဲဒါတွေကို နာရီဝက်အတွင်း ရေးပြီး လာပြတယ်။ သူရေးတာအားလုံး မှန်တာတွေတွေ့ရလို့ အံ့သြသွားတယ်။ နောက်တော့ သူကို ခက်ခဲတဲ့ ပရိုဂရမ်တွေ ရေးခိုင်းပြန်တယ်။ သူ အဲဒါတွေကိုလည်း လုပ်နိုင်တယ်။ သူကို အလုပ်ခိုင်းရင် ဘာလုပ်ပါလို့ ညွှန်ကြားစရာမလိုဘူး။ သူ ဘာလုပ်ရမှန်း သိပြီး လုပ်သင့်တာတွေကို တာဝန်သိသိ မြန်မြန်ဆန်ဆန် လုပ်သွားတယ်*" တဲ့။

အီလွန်မတ်ဟာ Rocket Science Games ကုမ္ပဏီမှာ ကွန်ပျူတာမှာ ဂိမ်းကစားဖို့ joystick ၊ mouse စတဲ့ ပစ္စည်းတွေ အသုံးပြုနိုင်အောင် ပရိုဂရမ်တွေ ရေးပေးရတယ်။ ပရိုဂရမ်တွေကို ရေးလိုက်၊ ပစ္စည်းတွေ တကယ် အလုပ်လုပ်၊ မလုပ် ဆိုတာ အကြိမ်ကြိမ်စမ်းကြည့်လိုက် လုပ်နေရလို့ ကြာတော့ ပြီးငွေ့လာတယ်။ ဒါကြောင့် သူဟာ မပြီးငွေ့ရအောင် အလုပ်သုံးခုကို တစ်ပြိုင်တည်း လုပ်တယ်။ အဲဒါတွေက စာရွက်ပေါ်မှာ ပရိုဂရမ်ရေးတယ်။ ကွန်ပျူတာမှာ ဂိမ်းကစားတယ်။ ကွန်ပျူတာနောက်တစ်လုံးမှာ ဗီဒီယိုရုပ်ရှင်ကား ဖွင့်ကြည့်တယ်။ Apple ကုမ္ပဏီမှာ Quck Time ဆော့ဖ်ဝဲကို ဦးဆောင်တီထွင်ခဲ့တဲ့ 'ဘရစ်လစ်ခ်' ဟာ အီလွန်မတ်ကို ကြိုးကြပ်တဲ့ အင်ဂျင်နီယာဖြစ်တယ်။ သူက အီလွန်မတ်အကြောင်း

ခုလို ပြောပြတယ်။ *"မတ်ဟာ တစ်ညလုံးမအိပ်ဘဲ အလုပ်လုပ်တယ်။ သူ့ရဲ့ခွန်အား ဟာ ကုန်ခမ်းသွားတယ်လို့မရှိဘူး။ ကုမ္ပဏီမှာ လေ့လာရေးလာဆင်းကြတဲ့တက္ကသိုလ် ကျောင်းသား၊ အမျာ်းစုဟာ ကွန်ပျူတာနဲ့ပတ်သက်ရင် သိပ်မသိကြဘူး။ မတ်ကတော့ ကွန်ပျူတာနဲ့ပတ်သက်လို့ ကျွမ်းကျင်ပြီးသားပါ"* ။

အီလက်ထရောနစ်၊ ကွန်ပျူတာနဲ့ အင်တာနက်နည်းပညာတွေ ထွန်းကားတဲ့ Silicon Valley နယ်မြေဟာ သူ့အတွက် အခွင့်အလမ်းပေါများပြီး သူ့ရည်မှန်းချက် တွေကို အကောင်အထည်ဖော်လို့ရမယ့် နေရာလို့ အီလွန်မတ် ယုံကြည်နေတယ်။ ဒါကြောင့်လည်း သူဟာ တက္ကသိုလ်တက်နေစဉ် နွေရာသီ ၂ နှစ်ဆက်တိုက် အဲဒီ မှာပဲ လက်တွေ့လုပ်ငန်းခွင် ဆင်းခဲ့တယ်။ Penn တက္ကသိုလ်ကနေ စီးပွားရေးဘွဲ့နဲ့ ရူပဗေဒဘွဲ့ ဘွဲ့နှစ်ခုရပြီးတော့ ultracapacitors ကို ပိုကောင်းအောင်လုပ်ချင်လို့ ရူပဗေဒဘာသာ ကျွမ်းကျင်အောင် Stanford University မှာ ရူပဗေဒ ဘာသာဆိုင်ရာ ပါရဂူဘွဲ့အတွက် တက်ရောက်သင်ကြားတယ်။ ဒါပေမဲ့ ၂ ရက်ပဲ တက်ပြီး ကျောင်းထွက်လိုက်တယ်။ စာမလိုက်နိုင်လို့ ကျောင်းထွက်တာ မဟုတ်ဘူး။ ပါရဂူဘွဲ့အတွက် ကျောင်းတက်နေရင် အင်တာနက်အခွင့်အလမ်းကို လက်လွှတ် ဆုံးရှုံးသွားမှာ စိုးလို့ပါ။ သူက ကင်းဘားကို Silicon Valley မှာ အင်တာနက်နဲ့ ပတ်သက်တဲ့ အလုပ်တစ်ခုလုပ်ဖို့ စည်းရုံးတယ်။ ကင်းဘား သဘောတူလို့ သူတို့ နှစ်ယောက် Silicon Valley ကို ထွက်သွားကြတယ်။

အီလွန်မတ်ဟာ အင်တာနက်လုပ်ငန်းလုပ်ဖို့ အကြံရတာ ခုမှမဟုတ်ပါဘူး။ သူ Silicon Valley မှာ လုပ်ငန်းခွင် လက်တွေ့ဆင်းနေတုန်းကပါ။ တစ်ရက်မှာ သူ လက်တွေ့ဆင်းနေတဲ့ ကုမ္ပဏီကို Yellow Pages ကုမ္ပဏီက အရောင်းသမား တစ်ယောက် ရောက်လာတယ်။ Yellow Pages ကုမ္ပဏီဆိုတာ ကုမ္ပဏီတွေရဲ့ တယ်လီဖုန်းနံပါတ်တွေကို ပြုစုထားတဲ့ Yellow Pages ဆိုတဲ့ အဝါရောင် စာအုပ်ထူကြီးတွေကို ထုတ်ဝေရောင်းချတဲ့ ကုမ္ပဏီပါ။ အရောင်းသမားက ကုမ္ပဏီရဲ့ တာဝန်ခံကို ရှင်းပြတယ်။ ကုမ္ပဏီရဲ့ တယ်လီဖုန်းနံပါတ်ကို Yellow Pages စာအုပ်ထဲမှာ အခပေးပြီး ထည့်သွင်းကြော်ငြာရင် ကုမ္ပဏီကို လူသိများလာမယ်။

ကုမ္ပဏီမှာ ဝင်ငွေတိုးလာမယ်လို့ပါ။ အရောင်းသမားဟာ တာဝန်ခံကို လိပ်ပတ်လည်အောင် ရှင်းမပြတတ်လို့ တာဝန်ခံ နားမလည်ဘူး။ ဒါပေမဲ့ သူတို့အနားမှာ ရှိနေတဲ့ အီလွန်မတ်ကတော့ အရောင်းသမား ရှင်းပြတာကို နားလည်တယ်။ တစ်ဆက်တည်းမှာပဲ သူ့ခေါင်းထဲမှာ ကုမ္ပဏီတွေရဲ့ ဖုန်းနံပါတ်တွေကို Yellow Pages စာအုပ်မှာ ဖော်ပြမယ့်အစား၊ အင်တာနက်ပေါ်မှာ တင်ပေးလိုက်ရင် လူအများ အင်တာနက်မှာ ရှာကြည့်လို့ရတယ်ဆိုတဲ့ အကြံရလိုက်တယ်။ ကင်းဘားကို အဲဒီအကြံ ပြောပြတယ်။ ကင်းဘားလည်း အကြံကို သဘောကျတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ အီလွန်မတ်ဟာ Penn တက္ကသိုလ်တက်ဆဲဖြစ်ပြီး ဘွဲ့မရသေးလို့ အဲဒီအကြံကို အကောင်အထည် မဖော်ဖြစ်လိုက်ကြဘူး။

သူတို့ဟာ အဲဒီအကြံကို ၁၉၉၅ ခုနှစ်ကျမှ အကောင်အထည် ဖော်ဖြစ်ကြတယ်။ စောစောကပြောခဲ့သလို အီလွန်မတ်ဟာ Penn တက္ကသိုလ်က ဘွဲ့နှစ်ခု ရပြီးတာနဲ့ ပါရဂူဘွဲ့အတွက် ဆက်မတက်တော့ဘဲ Zip2 ဆိုတဲ့ ကုမ္ပဏီကို ကင်းဘားနဲ့အတူ ပူးတွဲထူထောင်လိုက်တယ်။ Zip2 ရဲ့အကြံက ရိုးရိုးလေးပါ။ ၁၉၉၅ ခုနှစ်ရောက်တော့ အမေရိကန်ကုမ္ပဏီ နည်းနည်းလေးပဲ အင်တာနက်ရဲ့ အကျိုးသက်ရောက်မှုကို ခန့်မှန်းနိုင်ကြတယ်။ ကုမ္ပဏီအများစုဟာ အင်တာနက်ရဲ့ အကျိုးသက်ရောက်မှုကို မခန့်မှန်းတတ်သလို သူတို့ရဲ့ကုမ္ပဏီအတွက် ဝက်ဆိုဒ်တစ်ခု တည်ဆောက်ပေး ထားရင်၊ ဒါမှမဟုတ် သူတို့ကုမ္ပဏီကို Yellow Pages လို အင်တာနက်မှာ ဖော်ပြပေးလိုက်ရင် ကုမ္ပဏီကို လူသိများလာမယ်ဆိုတာ တောင် မသိကြဘူး။ အီလွန်မတ်နဲ့ ကင်းဘားဟာ စားသောက်ဆိုင်တွေ၊ အထည်ချုပ်ဆိုင်တွေ၊ ဆံပင်ညှပ်ဆိုင် စတာတွေကို သွားရောက်ကြပြီး သူတို့ရဲ့ဆိုင်နာမည်၊ လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို အင်တာနက်ပေါ်တင်ဖို့ စည်းရုံးတယ်။ သူတို့ သဘောတူရင် အင်တာနက်ပေါ်က Zip2 ကုမ္ပဏီရဲ့ ကုမ္ပဏီလမ်းညွှန်စာရင်းမှာထည့်ပြီး ကြော်ငြာပေးမယ်။ အဲဒီအတွက် လစဉ်ကြေး နည်းနည်းလေး ပေးရုံပါပဲလို့ ရှင်းပြကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ လမ်းညွှန်စာရင်းဟာ Yellow Pages လို ဆိုင်၊ သို့မဟုတ် ကုမ္ပဏီရဲ့ နာမည်နဲ့ ဖုန်းနံပါတ်ဖော်ပြရုံမဟုတ်ဘဲ ကုမ္ပဏီ၊ သို့မဟုတ် ဆိုင်တည်

နေရာကို မြေပုံပေါ်မှာ ပေါ်လာအောင် လုပ်ပေးထားတယ်။ အီလွန်မတ်တို့က အဲဒါကို ရှင်းပြရာမှာ ပီဇာဆိုင်ကို ဥပမာပေးတယ်။ လူတစ်ယောက် အိမ်ကနေ ပီဇာသွားစားချင်လို့ Zip2 ဝက်ဆိုဒ်မှာ ပီဇာဆိုင်စာလုံးနဲ့ သူမြို့နာမည်ကို ရိုက်ထည့်လိုက်တယ်။ သူမြို့မှာရှိတဲ့ ပီဇာဆိုင်တွေကို မြေပုံပေါ်မှာပြပေးတယ်။ ဒါဟာ အခုခေတ်မှာ မထူးဆန်းပေမယ့် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် ၁၉၉၅ ခုနှစ်တုန်းက တကယ့်ကို အထူးအဆန်းကြီးပါ။

အီလွန်မတ်တို့ညီအစ်ကိုဟာ Zip2 ကုမ္ပဏီရုံးခန်းကို Silicon Valley က Palo Alto မြို့ရဲ့တိုက်အမှတ် (၄၃၀)၊ Sherman Avenue လမ်းမှာ ဖွင့်လုပ်လိုက်တယ်။ အကျယ် ပေ ၂၀ × ၃၀ ရှိတဲ့ သုံးထပ်တိုက်အသေးလေးရဲ့ အပေါ်ဆုံးထပ်က တိုက်ခန်းမှာပါ။ အဲဒီရုံးခန်းကို ဈေးသက်သာလို့သာ ငှားရတာ နေရထိုင်ရတာ အဆင်မပြေဘူး။ ပရိဘောဂ တစ်ခုမှမပါဘူး။ ဓာတ်လှေကား၊ မပါဘူး။ အိမ်သာကလည်း အပြင်ဘက် တိုက်နောက်က မြေကွက်လပ်မှာထားပြီး အများသုံး အိမ်သာ ဖြစ်တယ်။ *"ရုံးခန်းနေရာဟာ အတော်စုတ်ပဲ့တယ်"* လို့ Zip2 ဝန်ထမ်းတစ်ယောက်က ပြောပြတယ်။ အီလွန်မတ်တို့ဟာ အလုပ်အတွက် အင်တာနက်လိုတယ်။ အင်တာနက်လိုင်း တပ်ဆင်ပေးဖို့ ဈေးကြီးတဲ့ လစဉ်ကြေး မပေးနိုင်တာကြောင့် မြေညီထပ်မှာ အင်တာနက်လုပ်ငန်းကုမ္ပဏီတစ်ခုကို ရုံးခန်းဖွင့်ထားသူ 'ရေးဂျီရောက်' နဲ့ နားလည်မှုယူလိုက်ကြတယ်။ အီလွန်မတ်တို့ရုံးခန်းရဲ့ ဂျစ်ပဆမ် ကျောက်ပြားနံရံကို အပေါက်ဖောက်ပြီး အင်တာနက်အတွက် ဆက်သွယ်တဲ့ ethernet cable အီသာနက်ကေဘယ်လ်ကြိုး ရုံးခန်းအပြင် ထုတ်ယူတယ်။ ကေဘယ်လ်ကြိုးကို လှေကားတစ်လျှောက်ပြေးပြီး 'ရေး'ရဲ့ရုံးခန်းက အင်တာနက်လိုင်းနဲ့ ဆက်သွယ်လိုက်တယ်။ 'ရေး'ကို လစဉ်ကြေး နည်းနည်းပေးရတယ်။ *"အီလွန်မတ်တို့ဟာ အစပိုင်း တစ်ခါ၊ နှစ်ခါတော့ လစဉ်ကြေးပေးတာ နောက်ကျကြတယ်။ နောက်တော့ မှန်မှန်ပေးပါတယ်"* လို့ 'ရေး'က ပြောပြတယ်။

အီလွန်မတ်က ရုံးခန်းမှာ အချိန်ပြည့်ထိုင်ပြီး Zip2 လုပ်ငန်းအတွက် ကွန်ပျူတာနဲ့ ပရိုဂရမ်ရေးတာကို ဒိုင်ခံလုပ်တယ်။ ဖော်ရွေပြီး ချိုသာတဲ့မျက်နှာပေး

ရှိသူ ကင်းဘားက ကုမ္ပဏီတွေ၊ ဆိုင်တွေကို တစ်ခုပြီးတစ်ခုသွားပြီး အလုပ်အပ်ဖို့ ပြောဆို စည်းရုံးတယ်။ အီလွန်မတ်ဟာ သူတို့နေတဲ့ Bay Area ဒေသမှာရှိကြတဲ့ ကုမ္ပဏီတွေရဲ့ နာမည်၊ လိပ်စာနဲ့ ဖုန်းနံပါတ်တွေ စာရင်းကို သက်သာတဲ့ လိုင်စင်ကြေးပေးပြီး ရလိုက်တယ်။ ပြီးတော့ သူ Navteq ကုမ္ပဏီကို ဆက်သွယ်တယ်။ Navteq ကုမ္ပဏီဟာ ဒေါ်လာသန်းချီအကုန်ခံပြီး GPS လမ်းညွှန်နဲ့ ကြည့်လို့ရတဲ့ ဒီဂျစ်တယ်မြေပုံတွေကို တီထွင်ထားတယ်။ အီလွန်မတ်တို့ ကံကောင်းသွားကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဒီဂျစ်တယ်မြေပုံတွေ လိုချင်ကြောင်း ပြောတော့ Navteq က အလကားပေးလိုက်တယ်။ အီလွန်မတ်က ကုမ္ပဏီတွေရဲ့ လိပ်စာတွေနဲ့ ဒီဂျစ်တယ်မြေပုံတို့ကို ပေါင်းစပ်ပြီး အင်တာနက်ကနေ ကုမ္ပဏီတစ်ခုကို မြေပုံပေါ်မှာ လွယ်လွယ်ကူကူရှာနိုင်တဲ့ ဆော့ဖ်ဝဲကို တီထွင်လိုက်တယ်။ နောက်ပိုင်းမှာ Zip2 က အင်ဂျင်နီယာတွေဟာ Bay Area ပြင်ပက ကုမ္ပဏီတွေကိုပါ မြေပုံမှာထပ်ထည့်ပြီး ကုမ္ပဏီစာရင်းကို တိုးချဲ့တယ်။ ကုမ္ပဏီတွေကို အိမ်သုံးကွန်ပျူတာတွေကနေ ရှာလို့ရတယ်။

အယ်ရီ (အီလွန်မတ်နဲ့ ကင်းဘားတို့ရဲ့ အဖေ) က သူ့သားနှစ်ယောက်ကို လုပ်ငန်းလုပ်ဖို့ ဒေါ်လာ ၂၈,၀၀၀ ထုတ်ပေးတယ်။ အဲဒီငွေဟာ မကြာခင်မှာပဲ ရုံးခန်းငှားခ၊ ဆော့ဖ်ဝဲတွေအတွက်ပေးရတဲ့ လိုင်စင်ကြေးနဲ့ ကွန်ပျူတာ၊ ပရင်တာ၊ ရုံးသုံးပစ္စည်းကိရိယာတွေဝယ်ခ စတာတွေအတွက် သုံးလိုက်လို့ ကုန်သွားတယ်။ Zip2 ရုံးခန်း စဖွင့်ပြီး သုံးလကြာတဲ့အထိ အီလွန်မတ်နဲ့ ကင်းဘားတို့ဟာ ရုံးခန်းထဲမှာပဲ အိပ်ကြတယ်။ ရုံးခန်းထဲမှာ စားပွဲ၊ ကုလားထိုင်ကလွဲရင် ဗီရိုအသေးလေးတစ်လုံးပဲ ရှိတယ်။ ဗီရိုထဲမှာ သူတို့ရဲ့ အဝတ်အစားတွေနဲ့ ကိုယ်ပိုင်ပစ္စည်းလေးတွေ ထည့်ထားတယ်။ ကုတင် မရှိဘူး။ ကြမ်းပြင်ပေါ်မှာ မွေ့ရာခင်းပြီး အိပ်ကြရတယ်။ ရေချိုးချင်ရင် သူတို့တိုက်နားက YMCA အဆောက်အဦးမှာ သွားချိုးကြရတယ်။ *"ကျွန်တော်တို့ဟာ အမျှားအားဖြင့် တစ်ရက်ကို အစာ လေးကြိမ်လောက် စားကြတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ ၂၄ နာရီ အလုပ်လုပ်နေကြပြီး အနားက 'Jack in the Box' ဟမ်းဘာဂါဆိုင်ကလည်း ၂၄*

နာရီ ဖွင့်တာကြောင့် ဆာရင် အဲဒီမှာ သွားစားကြတယ်။ တစ်ခါမှာပေါ့၊ ကျွန်တော် သောက်နေတဲ့ အအေးဖျော်ရည်ခွက်ထဲမှာ ယင်ကောင်သေတစ်ကောင် ပါလာတယ်။ ကျွန်တော် အဲဒီအချိန်ကစပြီး အဲဒီဆိုင်မှာ သွားမစားတော့ဘူး၊" လို့ ကင်းဘားက ပြောပြတယ်။

မကြာခင် အီလွန်မတ်နဲ့ ကင်းဘားဟာ အလုပ် မနိုင်မနင်းဖြစ်လာကြတယ်။ ဒါကြောင့် အီလွန်မတ်က ကိုရီးယားလူမျိုး အင်ဂျင်နီယာကျောင်းဆင်းစလူငယ်တစ်ယောက်ကို Zip2 မှာ အလုပ်လာလုပ်ရင် ရုံးမှာ အလကားနေခွင့်ပေးမယ်ဆိုပြီး ကမ်းလှမ်းတယ်။ "*အဲဒီကောင်လေးဟာ ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရပြီဆိုပြီး ပျော်နေတာ ရုံးကိုရောက်လာမှ အခြေအနေမှန်ကို သိသွားတယ်။ ရုံးခန်းထဲမှာ အလုပ်လုပ်တာရော၊ အိပ်တာရော လုပ်လို့ ရုံးခန်းဟာ ရှုပ်ပွနေတယ်။ ဒါပေမဲ့ သူမှာ နေစရာမရှိလို့ အီလွန်မတ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံလိုက်တယ်*" လို့ ကင်းဘားက ပြောတယ်။ "*သူ ကျွန်တော်တို့နစ်ယောက်ရဲ့ မွေ့ရာတွေဘေးမှာ မွေ့ရာမပါ အခင်းလေးခင်းပြီး အိပ်ရတယ်*" လို့ ကင်းဘား ဆက်ပြောတယ်။ တစ်ရက်မှာ အဲဒီ ကိုရီးယားလူငယ်လေးဟာ ကင်းဘားဝယ်ထားတဲ့ ချိုးချိုးကျနေပြီဖြစ်တဲ့ BMW 320i ကားကို မောင်းပြီး ပစ္စည်းသွားပို့တယ်။ လမ်းမှာ ကားဘီးတစ်လုံး ကျွတ်ထွက်သွားလို့ ကားဝင်ရိုးဟာ လမ်းမကိုထောက်ပြီး ဆွဲသွားတယ်။ လမ်းမပေါ်မှာ ခြစ်ရာအမြောင်းကြီး ပေါ်လာတယ်။ Page Mill Road ပေါ်က အဲဒီ ခြစ်ရာအမြောင်းကြီးဟာ နစ်အတန်ကြာအောင် ရှိနေခဲ့တယ်။

Zip2 ဟာ အင်တာနက်ကုမ္ပဏီတစ်ခုမို့ ခေတ်မီတဲ့ ကုမ္ပဏီလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ သူရဲ့ဝန်ဆောင်မှုကို ကုမ္ပဏီတွေဝယ်စေဖို့ ရှေးရိုးနည်းအတိုင်း ကုမ္ပဏီနဲ့ ဆိုင်တွေကို တံခါးခေါက်ပြီးရောင်းတဲ့ အရောင်းအဖွဲ့တစ်ဖွဲ့ လိုနေတယ်။ အဖွဲ့ရဲ့တာဝန်က လစဉ်ကြေးပေးတဲ့ ကုမ္ပဏီတွေကို အင်တာနက်မှာတွေ့အောင် ကြော်ငြာပေးမယ်။ ဒါဆိုရင် အင်တာနက်ကြည့်သူတွေ သူတို့ကုမ္ပဏီကို သိကြမယ်။ ကုမ္ပဏီကို လူများများသိရင် အကျိုးများများရှိမယ် ဆိုတာတွေကို ရှင်းပြပေးရမှာပါ။ ၁၉၉၅ ခုနှစ်နောင်းပိုင်းမှာ အီလွန်မတ်တို့ညီအစ်ကိုဟာ အရောင်း

အဖွဲ့ကို ဖွဲ့စည်းလိုက်တယ်။ အသက် ၂၀ အရွယ်ရှိပြီး သွက်လက်တဲ့ 'ဂျက်ဖ ဟေးမင်း' ဟာ အရောင်းအဖွဲ့အတွက် ပထမဆုံး အလုပ်ခန့်ခံရသူ ဖြစ်လာခဲ့ တယ်။ သူ Zip2 မှာ အလုပ်ဝင်လုပ်ဖြစ်တဲ့အကြောင်းက ဒီလိုပါ။ တစ်ညမှာ သူ အဖေနဲ့အတူ တီဗီထိုင်ကြည့်နေတယ်။ တီဗီပေါ်မှာ web address ဝက်ဆိုဒ် လိပ်စာတစ်ခုကို ကြော်ငြာတစ်ခုရဲ့အောက်နားမှာ စာတမ်းထိုးပြနေတယ်။ "လိပ်စာ ရဲ့အဆုံးမှာ *'.com'* လို့ ရေးထားတယ်။ ကျွန်တော်က အဖေ့ကို အဲဒါဘာလဲလို့ မေးလိုက်တယ်။ အဖေက မသိဘူးလို့ ပြန်ဖြေတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒါကို သိချင်စိတ် ပြင်းပြလို့ အင်တာနက်အကြောင်း နားလည်သူတွေကို လိုက်မေးကြည့် တယ်။ မေးကြည့်ရင်း အင်တာနက်ကို အတော်စိတ်ဝင်စားလာတယ်။ မကြာခင်မှာ *Zip2* ရဲ့ အရောင်းသမားအလုပ်ခေါ်တဲ့ ၂ လက်မပတ်လည် ကြော်ငြာလေးကို *San Jose Mercury New* သတင်းစာမှာတွေ့လိုက်လို့ လျှောက်လိုက်တယ်။ *Zip2* မှာ အလုပ်ရတယ်။ ကျွန်တော့်ကို အလုပ်ခန့်ပြီး မကြာခင်မှာပဲ လူငယ်တချို့ လည်း အရောင်းသမားအလုပ်ကို ကော်မရှင်စားနဲ့ လာလုပ်ကြတယ်" လို့ ဟေးမင်းက ပြန်ပြောပြတယ်။

အီလွန်မတ်ဟာ ရုံးနားကဆိုင်မှာ ထမင်းသွားစားတာကလွဲရင် ဘယ်တော့မှ အပြင်မထွက်ဘူး။ အလုပ်နားရင် သူ့အလုပ်စားပွဲနားက bean bag (ပလတ် စတစ်အစေ့တွေ သွတ်ထားတဲ့ ထိုင်စရာဖုံ) ပေါ်မှာထိုင်ရင်း အိပ်နေတတ်တယ်။ "*ကျွန်တော် မနက်တိုင်း ၈ နာရီလောက် ရုံးခန်းကိုရောက်ရင် သူ့ကို အဲဒီ bean bag ပေါ်မှာ ထိုင်ရင်း အိပ်နေတာကို တွေ့ရတယ်*" လို့ ဟေးမင်းက ပြောပြတယ်။ "*သူဟာ တစ်ပတ်တစ်ခါပဲ ရေချိုးတယ် ထင်ရတယ်။ သူ့ရေချိုးတာကို တစ်ခါမှ မတွေ့ဘူး လို့ပါ*" လို့ သူ ဆက်ပြောတယ်။ အီလွန်မတ်က အရောင်းအဖွဲ့ကို မှာထားတာ တစ်ခုရှိတယ်။ အဲဒါက ရုံးခန်းကို ပထမဆုံးရောက်သူဟာ သူ့ကို ခြေထောက်နဲ့ကန်ပြီး နှိုးပါတဲ့။ဒါနဲ့ ပထမဆုံး ရုံးကိုရောက်လာသူ နှိုးမှ သူ အိပ်ရာ ထပြီး သွားမတိုက် မျက်နှာမသစ်ဘဲ သူ့အလုပ်သူ ဆက်လုပ်တယ်။ အီလွန်မတ် ဟာ ပရိုဂရမ်ရေးတာနဲ့ပဲ အလုပ်မျှားနေလို့ အရောင်းအဖွဲ့ကို ကင်းဘားကပဲ

ကြီးကြပ်ဦးဆောင်တယ်။ *"ကင်းဘားဟာ အကောင်းမြင်တတ်ပြီး အမြဲတမ်း စိတ်ဓာတ်တက်ကြွနေသူ တစ်ယောက်ပါ။ စကားပြောရင် အေးဆေးတည်ငြိမ်တယ်။ သူ ဝန်ထမ်းတစ်ယောက်ကို ဆူပူကြိမ်းမောင်းတာ တစ်ခါမှ မတွေ့ရဘူး"* လို့ ဟေးမင်းက ပြောပြတယ်။

ကင်းဘားက ဟေးမင်း ခေါင်းဆောင်တဲ့ အရောင်းအဖွဲ့ကို Stanford ကုန်တိုက်ကြီး ပြီးတော့ Palo Alto မြို့အနှံ့က ကုမ္ပဏီတွေဆီစေလွှတ်ပြီး Zip2 မှာ အလုပ်အပ်အောင် စည်းရုံးခိုင်းတယ်။ သီတင်းပတ်ပေါင်းများစွာ ကြာသွားပေမယ့် ကုမ္ပဏီတစ်ခုမှ အလုပ်မအပ်ကြဘူး။ ဟေမင်းတို့အဖွဲ့လည်း ဆိုင်တွေ၊ ကုမ္ပဏီတွေ အမြောက်အများကို တံခါးခေါက်ပြီး အလုပ်အပ်ဖို့ စည်းရုံးပေမယ့် ရုံးခန်းကိုပြန်ရောက်ရင် သတင်းကောင်း ပါမလာခဲ့ဘူး။ သူတို့အဖွဲ့ပြောတာတွေကို ကုမ္ပဏီတွေကလူတွေ အရေးတယူလုပ်ပြီး နားမထောင်ကြဘူး။ သူတို့ သွားစည်းရုံးတဲ့ ကုမ္ပဏီတချို့က ပြောကြတယ်။ အင်တာနက်မှာ ကြော်ငြာတာဟာ အမိုက်မဲဆုံးလုပ်ရပ်ပါတဲ့။ တချို့ဆိုင်ရှင်တွေဆိုရင် ဟေးမင်းတို့အဖွဲ့ကို လာမနှောင့်ယှက်ကြပါနဲ့ဆိုပြီး ဆိုင်ထဲကထွက်သွားဖို့ မောင်းထုတ်ကြတယ်။ နေ့လယ်စာစားချိန်မှာ အီလွန်မတ်ဟာ သူစားပွဲပေါ်မှာတင်ထားတဲ့ ဆေးပြင်းလိပ်ထည့်တဲ့ သစ်သားသေတ္တာလေးထဲက ပိုက်ဆံကို နှိုက်ယူပြီး ကင်းဘားနဲ့ ဟေးမင်းကို ဆိုင်မှာ နေ့လယ်စာစားဖို့ ခေါ်သွားတယ်။ ဆိုင်မှာ အီလွန်မတ်နဲ့ ကင်းဘားတို့ဟာ ဟေးမင်း ပြောပြတဲ့ စိတ်ပျက်ဖွယ်သတင်းကို ကြိုးစားနားထောင်ပြီး ဟေးမင်းကို စိတ်ဓာတ်မကျအောင် အားပေးကြတယ်။

Zip2 ရဲ့ အစောပိုင်းမှာ အိမ်မြေရောင်းဝယ်တဲ့ ကိုယ်ပိုင်အလုပ်လုပ်နေတဲ့ 'ကရေ့ဂ်ျမိုး' ဟာ သူ့အလုပ်ကို ရပ်နားလိုက်ပြီး Zip2 မှာ အရောင်းသမားအဖြစ် ဝင်လုပ်တယ်။ အလုပ်ဝင်ပြီး မကြာခင်မှာ ကရေ့ဂ်ျဟာ မော်တော်ကားရောင်းတဲ့ ကုမ္ပဏီတွေကို စည်းရုံးကြည့်ဖို့ အကြံရတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီကုမ္ပဏီတွေဟာ ကားကြော်ငြာတွေအတွက် ပိုက်ဆံအများကြီးသုံးကြတယ်။ အင်တာနက်မှာ ကြော်ငြာဖို့ စိတ်ဝင်စားကြမယ်လို့ သူယုံကြည်တယ်။ တစ်ရက်မှာ သူဟာ

မော်တော်ကားရောင်းတဲ့ ကုမ္ပဏီတချို့ကလူတွေကို သူတို့ရဲ့ ရုံးခန်းတွေထဲက တစ်ခုမှာ Zip2 က ဘာလုပ်တယ်ဆိုတာကို ကွန်ပျူတာတစ်လုံးမှာ Zip2 ဝက်ဆိုဒ်ထဲဝင်ပြီး ရှင်းပြတယ်။ ကွန်ပျူတာဟာ နေ့လွန်းတာကြောင့် သူက ပါးစပ်နဲ့ပဲ Zip2 က ဘာတွေလုပ်ပေးကြောင်းကို ရှင်းပြပေးရတယ်။ အခန်းထဲက လူအားလုံး စိတ်ဝင်တစား နားထောင်ကြတယ်။ အဲဒီနေ့ မွန်းလွဲပိုင်းမှာ သူ ရုံးခန်းကို ပြန်လာတယ်။ လက်ထဲမှာ ကားရောင်းတဲ့ ကုမ္ပဏီတချို့ဆီက ရလာတဲ့ လစဉ်ကြေးအတွက် စုစုပေါင်း ဒေါ်လာ ၉၀၀ တန်တဲ့ ချက်လက်မှတ် ကိုင်လာတယ်။ ရုံးခန်းထဲဝင်လိုက်တာနဲ့ သူက ဒေါ်လာ ၉၀၀ ရခဲ့တယ်လို့ အော်ပြောလိုက်တယ်။ အားလုံးဟာ သူ့ကို ကြောင်ပြီး ကြည့်နေကြတယ်။ သူတို့ရဲ့မျက်နှာတွေမှာ သူပြောတာကို မယုံတဲ့ အမူအရာတွေ အထင်းသားပေါ်နေကြတယ်။ ကွန်ပျူတာ တစ်လုံးနဲ့ အလုပ်လုပ်နေတဲ့ အီလွန်မတ်ဟာ ကွန်ပျူတာဘေးက ခေါင်းပြူထွက်ပြီး ခုလိုပြောတယ်။ *"ခင်ဗျား ဒီလောက်ပိုက်ဆံတွေ အမျှားကြီးရလာတယ်ဆိုတာ ကျွန်တော် မယုံဘူးဗျာ' "*တဲ့။ ကရေ့ဂ်က သူ့လက်ထဲက ချက်လက်မှတ်ကို ကိုင်မြှောက်ပြလိုက်မှ သူတို့ယုံသွားကြတယ်။ အဲဒီနေ့ကစပြီး Zip2 မှာ အလုပ်အပ်တဲ့ ကုမ္ပဏီတွေ တိုးလာလို့ လစဉ်ကြေးရတဲ့ ဝင်ငွေတွေ မှန်မှန်ရလာပါတယ်။

အီလွန်မတ်က Zip2 ဆော့ဖ်ဝဲကို ကောင်းသထက်ပိုကောင်းအောင် လုပ်ပေးတယ်။ Zip2 မှာ အလုပ်အပ်တဲ့ကုမ္ပဏီတွေ များလာတာနဲ့အမျှ ကင်းဘားနဲ့ အရောင်းအဖွဲ့လည်း စိတ်တက်ကြွနေကြတယ်။ Zip2 ဆော့ဖ်ဝဲလည်း အကောင်းဆုံး အနေအထားကို ရောက်လာတယ်။ ကုမ္ပဏီတစ်ခုကို ရှာချင်ရင် Zip2 ဝက်ဆိုဒ်ထဲ ကုမ္ပဏီနာမည်ကို ရိုက်ထည့်လိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်း ကုမ္ပဏီတည်နေရာကို မြေပုံပေါ်မှာတွေ့ရတယ်။ ဒါ့ပြင် ကုမ္ပဏီလိပ်စာ၊ ဖုန်းနံပါတ်နဲ့ ကုမ္ပဏီရဲ့ ထုတ်ကုန်ပစ္စည်းတွေကိုလည်း တွေ့ရတယ်။ အခု Zip2 ရဲ့ ဝင်ငွေကောင်းလာတာကြောင့် အီလွန်မတ်က ရုံးခန်းကို သားသားနားနား ပြင်ဆင်လိုက်တယ်။ သူတို့ညအိပ်ဖို့ သူတို့ရုံးခန်းအောက်က အခန်းတစ်ခန်းကို ငှားလိုက်တယ်။ အီလွန်မတ်ဟာ ကွန်ပျူတာနဲ့ Zip2 အကြောင်း ရှင်းပြရာမှာ လူတွေအထင်ကြီး

အောင် တစ်ခုလုပ်လိုက်တယ်။ အဲဒါက သံသေတ္တာကြီးတစ်လုံးထဲမှာ စားပွဲတင် ကွန်ပျူတာရဲ့ CPU ကိုထည့်ပြီး သေတ္တာကြီးရဲ့ အောက်ခြေမှာ ဘီးတပ်ထားတဲ့ ခြေထောက် ၄ ချောင်း တပ်ပေးထားတယ်။ သေတ္တာကြီးပေါ်မှာ monitor ကွန်ပျူတာဖန်သားပြင် တင်ထားပြီး သေတ္တာထဲက ကွန်ပျူတာ CPU နဲ့ ဆက်ထားပေးတယ်။ သေတ္တာအပြင်ထုတ်ထားတဲ့ keyboard ကွန်ပျူတာခလုတ်ခုံမှာ နိပ်ရင်း Zip2 အကြောင်း ရှင်းပြတယ်။ သေတ္တာကြီးဟာ ကြီးမားတဲ့ စူပါ ကွန်ပျူတာတစ်လုံးနဲ့တူနေလို့ ကြည့်နေကြသူတွေ အထင်ကြီးကြတယ်။ *"ကုမ္ပဏီ ပိုင်ရှင်တွေဟာ အီလွန်မတ် လုပ်ပြနေတာကို အံ့သြနေကြသလို သူပြောတာကို လည်း စိတ်ဝင်တစား နားထောင်ကြတယ်"* လို့ ကင်းဘားက ပြောပြတယ်။ *"သူတို့ ဟာ အီလွန်မတ်ပြောတာကို ယုံသွားကြလို့ Zip2 ရဲ့ ဝန်ဆောင်မှုကို မဝယ်ရင် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးသွားကြမယ်လို့ ခံစားမိကြတယ်"* လို့ သူ ဆက် ပြောတယ်။ အီလွန်မတ်က *"ကျွန်တော် ဘာအလုပ်ပဲလုပ်လုပ် မကျရှုံးအောင် အစွမ်းကုန်ကြိုးစားတယ်။ ကျရှုံးမှာကို လုံးဝမလိုလားဘူး။ ကျရှုံးရင်တော့ ဂျပန် လူမျိုးတွေလိုပဲ ကိုယ့်ကိုယ်ကိုယ် ဟာရာကီရီ (သတ်သေတာ) လုပ်ဖို့ ဆုံးဖြတ်ထား ပါတယ်"* လို့ တစ်ခါမှာ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ကို ပြောပြတယ်။

Zip2 လုပ်ငန်း အရှိန်ရလာတော့ အီလွန်မတ်ဟာ လုပ်ငန်းပါတနာ တစ်ယောက်ကို လိုချင်နေတယ်။ သူလိုချင်သူဟာ သူ့ထက် အသက်ကြီးရမယ်။ ဘာကြောင့်လဲဆိုတော့ သူ စိတ်လိုက်မာန်ပါ လုပ်မိတော့မယ်ဆိုရင် အဲဒီလူက သူ့ကို ထိန်းကျောင်းပေးနိုင်အောင်လို့ပါ။ အဲဒီအချိန်မှာ အီလွန်မတ်ဟာ အသက် ၂၅ နှစ်ပဲ ရှိသေးတယ်။ ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့က အသက် ၃၅ နှစ်အရွယ် ကနေဒါလူမျိုး လုပ်ငန်းရှင်တစ်ယောက်ဟာ အီလွန်မတ်တို့ ညီအစ်ကိုနဲ့လာတွေ့ ပြီး သူတို့ပြောပြတဲ့ Zip2 အကြောင်း နားထောင်တယ်။ Zip2 ကို သဘောကျ သွားတယ်။ သူ့နာမည်က 'ဂရက်ကိုရီ' ပါ။ တစ်မနက်မှာ အီလွန်မတ်နဲ့ ကင်းဘား ဟာ ဂရက်ရဲ့အိမ်ကို ရောက်သွားပြီး သူတို့နှစ်ယောက် ကာလီဖိုးနီးယားပြည်နယ် တစ်ခွင် လှည့်လည်ပြီး Zip2 မှာ အလုပ်အပ်မယ့် ကုမ္ပဏီတွေရှာဖို့

ခရီးထွက်ကြမယ်လို့ ပြောတယ်။ ဂရက်ဟာ ရေချိုးပြီးလို့ မျက်နှာသုတ်ပဝါအနီကြီးကို ကိုယ်မှာပတ်ပြီး အီလွန်မတ်တို့ကို အိမ်တံခါးဝမှာ ထွက်တွေ့တယ်။ သူတို့ရဲ့ပြောစကား၊ ရပ်သွားချိန်မှာ ဂရက်ဟာ ရုတ်တရက် အိမ်ထဲဝင်သွားတယ်။ အီလွန်မတ်တို့လည်း အံ့အားသင့်ပြီး စောင့်နေကြတယ်။ ၂ မိနစ် အကြာမှာ ဂရက် ပြန်ထွက်လာတယ်။ လက်ထဲက ဒေါ်လာ ၆၀၀၀ ပါတဲ့ ငွေစက္ကူအထုပ်ကြီးကို အီလွန်မတ်ရဲ့ လက်ထဲ ထည့်ပေးလိုက်တယ်။ ဒီလိုနဲ့ ၁၉၉၆ ခုနှစ် အစောပိုင်းဖြစ်တဲ့ အဲဒီအချိန်က စပြီး ဂရက်ဟာ တိုရွန်တိုမြို့ကနေ ကာလီဖိုးနီးယားပြည်နယ်ကို ပြောင်းရွှေ့လာပြီး Zip2 ရဲ့ ပူးပေါင်းတည်ထောင်သူတစ်ယောက် ဖြစ်လာခဲ့တယ်။

ကနေဒါနိုင်ငံမှာ အိမ်မြေရောင်းဝယ်ရေးလုပ်ငန်း အတွေ့အကြုံ အများကြီးရှိခဲ့တဲ့ ဂရက်ဟာ Zip2 က လူငယ်တွေဖြစ်ကြတဲ့ ဝန်ထမ်းတွေကို ထိန်းကျောင်းပေးတဲ့အလုပ်လည်း လုပ်ရတယ်။ စိတ်ဆိုးဒေါသထွက်လွယ်တဲ့ အီလွန်မတ်ကို မကြာခဏ နားချ ဖျောင်းဖျပြောပေးရင်းနဲ့ အီလွန်မတ်လေးစားတဲ့ ဆရာတစ်ယောက် ဖြစ်လာခဲ့တယ်။ *"အီလွန်မတ်လို ဉာဏ်ထက်မြက်တဲ့ လူငယ်တွေဟာ သူတို့စိတ်ထဲမှာ တခြားသူတွေဟာ သူတို့ကို မီအောင်မလိုက်နိုင်ကြဘူးဆိုပြီး မချင့်မရဲ ဖြစ်နေကြတယ်။ အီလွန်မတ်ကို ဆုံးမပြောဆိုလို့ရတဲ့ လူအနည်းငယ်ထဲမှာ ဂရက် တစ်ယောက် ပါပါတယ်"* လို့ နောင်မှာ Zip2 ရဲ့ CEO ဖြစ်လာတဲ့ 'ဒဲရစ်ပရူဒီးယန်း' က ပြောပြတယ်။ *"အီလွန်မတ်နဲ့ ကင်းဘားဟာ ရုံးခန်းထဲမှာ မကြာခဏ စကားများရန်ဖြစ်ပြီး လက်သီးချင်းထိုးကြမလို ဖြစ်ကြတယ်။ အဲဒီအခါတိုင်း ဂရက်ကပဲ ကြားဝင်ဖြန်ဖြေပေးရတယ်"* လို့ သူ ဆက်ပြောတယ်။

"တကယ်တော့ ကျွန်တော်ဟာ အေးအေးနေတတ်ပါတယ်။ ရန်ဖြစ်ချင်စိတ်မရှိပါဘူး။ ဒါပေမဲ့ အီလွန်နဲ့ကျွန်တော် နစ်ယောက်စလုံးဟာ အလုပ်နဲ့ပတ်သက်ရင် ကိုယ့်ယုံကြည်ချက်၊ ခံယူချက်ကို နည်းနည်းမှ အလျှော့မပေးတတ်ကြတာကြောင့် ရန်ဖြစ်ကြတာပါ" လို့ ကင်းဘားက ပြောပြတယ်။ တစ်ခါမှာ ကင်းဘားဟာ ရုံးခန်းထဲမှာ အီလွန်မတ်နဲ့ အကြီးအကျယ်စကားများရင်း စိတ်မထိန်းနိုင်တာကြောင့် စားပွဲပေါ်ကခေါင်းမြှောင်ကို ကောက်ယူပြီး သူ့လက်ဖျံကို ထိုးလိုက်တယ်။ သွေးတွေ

အမျှားကြီးထွက်လာတယ်။ ဂရက်က သူ့ကို ဆေးခန်းခေါ်သွားပြီး ဆေးထည့်ပေးရတယ်။ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးပေးရတယ်။ အဲဒါဖြစ်ပြီး မကြာခင်မှာ ဂရက်ရဲ့ဆုံးမမှုကြောင့် သူတို့နှစ်ယောက် ရန်မဖြစ်ကြတော့ဘူး။ (ဂရက်ဟာ ၂၀၁၂ ခုနှစ် သူ့အသက် ၅၁ နှစ်မှာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်။ သူဟာ ကွယ်လွန်ချိန်မှာ အီလွန်မတ်ရဲ့ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေကြောင့် အတော်ချမ်းသာနေပါတယ်။ သူ့ရဲ့ စျာပနအခမ်းအနားကို အီလွန်မတ်နဲ့ ကင်းဘားတက်ရောက်ခဲ့ကြတယ်။ *"သူ့ရဲ့ကျေးဇူးတွေ ကျွန်တော်တို့ညီအစ်ကိုပေါ်မှာ အများကြီးရှိပါတယ်"* လို့ ကင်းဘားက ပြောပြတယ်။

၁၉၉၆ ခုနှစ် အစောပိုင်းရောက်တော့ Zip2 ကုမ္ပဏီမှာ ပြောင်းလဲမှုကြီးတစ်ခု ဖြစ်လာတယ်။ Venture capital firm (ထူထောင်ခါစ ကုမ္ပဏီလေးတွေထဲက အောင်မြင်ဖို့ အလားအလာရှိတဲ့ ကုမ္ပဏီလေးတွေမှာ ရင်းနှီးမြှုပ်နှံငွေထည့်ဝင်တဲ့ ကုမ္ပဏီအမျိုးအစား) တစ်ခုဖြစ်တဲ့ Mohr Davidow ကုမ္ပဏီရဲ့ ပိုင်ရှင် 'မိုးဒေးဗစ်ဒိုး' ဟာ Zip2 ကုမ္ပဏီက Yellow Pages လို ကုမ္ပဏီလိပ်စာ၊ ဖုန်းနံပါတ်တွေကို အင်တာနက်မှာရှာလို့ရအောင် လုပ်ပေးတယ်ဆိုတဲ့ သတင်းကြားလို့ အီလွန်မတ်တို့ညီအစ်ကိုနဲ့ လာတွေ့တယ်။ အီလွန်မတ်က Zip2 အလုပ်လုပ်ပုံကို ကွန်ပျူတာမှာ ရှင်းပြတယ်။ သူတင်ပြပုံဟာ သိပ်မကောင်းပေမယ့် သူရဲ့ Zip2 ဆော့ဖ်ဝဲဟာ အတော်ကောင်းတယ်လို့ ယုံကြည်တာကြောင့် မကြာခင်မှာ Mohr Davidow ကုမ္ပဏီက Zip2 ကုမ္ပဏီမှာ ဒေါ်လာ ၃ သန်း ရင်းနှီးမြှုပ်နှံလိုက်တယ်။

ရင်းနှီးမြှုပ်နှံငွေရတာနဲ့ အီလွန်မတ်တို့ဟာ သူတို့ရဲ့ရုံးခန်းကို ကျဉ်းကျပ်တဲ့ တိုက်ခန်းကနေ Palo Alto မြို့ထဲက Cambridge Avenue လမ်းမှာရှိတဲ့ တိုက်အမှတ် (၃၉၀) က တိုက်ခန်းအကျယ်ကြီးကိုငှားပြီး ပြောင်းရွှေ့လိုက်တယ်။ ပြီးတော့ လုပ်ငန်းတိုးချဲ့ဖို့ ဘွဲ့ရပြီးခါစ အင်ဂျင်နီယာလူငယ်လေးတွေကို အလုပ်ခန့်တယ်။ နောက်ပြီး Zip2 ရဲ့ လုပ်ငန်းမဟာဗျူဟာကို ပြောင်းလိုက်တယ်။ အရင်က အင်တာနက်မှာ ကုမ္ပဏီနာမည်ရှာတာကို Bay Area နဲ့ အနီးတစ်ဝိုက်အတွက်ပဲ

လုပ်ပေးခဲ့တယ်။ အခုတော့ အမေရိကန်တစ်နိုင်ငံလုံးအတွက် လုပ်ပေးဖို့ပြင်ဆင်တယ်။ ဒါ့ပြင် Zip2 ဟာ အရင်လို ကုမ္ပဏီတွေ၊ ဆိုင်တွေကို တံခါးခေါက်ပြီး ဝန်ဆောင်မှုရောင်းတာကို မလုပ်တော့ဘဲ သတင်းစာတိုက်တွေကို အဓိကထားရောင်းဖို့ စီစဉ်တယ်။ သတင်းစာတိုက်တွေဟာ အခုမှ အင်တာနက်ရဲ့ အကျိုးရှိပုံ၊ ကြော်ငြာတွေကို အင်တာနက်မှာကြော်ငြာရင် လူများများ ပိုကြည့်မယ်ဆိုတာ သိလာကြတယ်။ ဒါပေမဲ့ သူတို့လိုချင်တာရဖို့ ဆော့ဖ်ဝဲရေးတာ မလုပ်တတ်ကြဘူး။ အဲဒါလုပ်တတ်အောင် လေ့လာရင် အချိန်ကြာမယ်။ ဒီတော့ အကောင်းဆုံးနဲ့ အမြန်ဆုံးက ကျွမ်းကျင်သူကို ငှားတာပါပဲ။ ဒါကြောင့် သတင်းစာတိုက်တွေဟာ Zip2 ကို ဆက်သွယ်လာကြတယ်။ Zip2 ကလည်း သတင်းစာတိုက်တွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီအောင် သူတို့ရဲ့ ဆော့ဖ်ဝဲကို ပြုပြင်ပေးရတယ်။

Zip2 ရဲ့ မဟာဗျူဟာ ပြောင်းသွားသလို စီမံခန့်ခွဲရေးပုံစံလည်း ပြောင်းသွားတယ်။ အဲဒါက ဒီလိုပါ။ ရင်းနှီးမြှုပ်နှံငွေ အများကြီးထည့်ဝင်ထားတဲ့ Mohr Davidor ကုမ္ပဏီပိုင်ရှင် မိုးဒေးဗစ်ဒိုးက အီလွန်မတ်ကို CTO (Chief Technical Officer) ရာထူး ယူခိုင်းတယ်။ နောက်ပြီး မိုးဒေဗစ်ဒိုးက 'ရစ်ခ်ဆော့ကင်' ကို အများသဘောတူညီချက်နဲ့ CEO ခန့်လိုက်တယ်။ ဆော့ကင်ဟာ ကက်ဆက်၊ ရေဒီယို၊ အသံချဲ့စက် စတဲ့ အီလက်ထရောနစ်ပစ္စည်းတွေ ထုတ်လုပ်တဲ့ Creative Labs ကုမ္ပဏီမှာ အလုပ်လုပ်ခဲ့ဖူးတယ်။ မိုးဒေးဗစ်ဒိုးရဲ့ Mohr Davidor ကုမ္ပဏီကလူတွေဟာ ဆော့ကင်ကို လုပ်ငန်းအတွေ့အကြုံများပြီး အင်တာနက်အကြောင်းလည်း သိတယ်ဆိုပြီး CEO ခန့်ဖို့ ထောက်ခံကြတယ်။ အီလွန်မတ်ဟာ အများ သဘောတူဆုံးဖြတ်ချက်ကို မလွန်ဆန်နိုင်လို့ ဆော့ကင်ကို CEO ခန့်ဖို့ သဘောတူလိုက်ရပေမယ့် စိတ်ထဲမှာမကျေနပ်ဘူး။ *"အီလွန်မတ်ဟာ CEO ဖြစ်ချင်နေတယ်။ CEO ဖြစ်မှ Zip2 မှာ သူ စိတ်တိုင်းကျလုပ်နိုင်မယ်။ အခု သူရထားတဲ့ရာထူး CTO ဆိုတာ CEO ရာထူးလောက် လုပ်ပိုင်ခွင့်မရှိဘူး။ ဒါကြောင့် သူဟာ မိုးဒေးဗစ်ဒိုးကို မကျေမနပ်ဖြစ်နေတယ်"* လို့ Zip2 ရဲ့ ဒုတိယ ဥက္ကဋ္ဌ 'ဂျင်မ်အင်းဘရတ်စ်' က ပြောပြတယ်။

Zip2 ကုမ္ပဏီဟာ တဖြည်းဖြည်း အောင်မြင်တိုးတက်လာနေသလို အီလွန်မတ်လည်း သူ့ကိုယ်သူ ယုံကြည်မှုတိုးလာတယ်။ အထက်တန်းကျောင်းတုန်းက အတန်းဖော်ဖြစ်ခဲ့တဲ့ 'တဲရင့်စ်ဘယ်နီ' ဟာ ကာလီဖိုးနီးယားကို အလည်လာရင်း အီလွန်မတ်နဲ့ တွေ့တယ်။ သူက အီလွန်မတ်ဟာ အရင်နဲ့မတူဘဲ အတော် ပြောင်းလဲသွားတယ်လို့ ပြောပြတယ်။ "*အထက်တန်းကျောင်းတုန်းက အီလွန်မတ်ဟာ ပေါင်းသင်းဆက်ဆံရေး ညံ့တယ်။ တစ်ယောက်တည်း နေတတ်တယ်။ စကားပြောရင်လည်း တစ်ဖက်သားမခံချင်အောင် ပြောတယ်။ ဒေါသထွက်လွယ်တယ်။ တကယ်လို့ အပေါင်းအသင်းတွေထဲမှာ နိုင်စားလို့ရမယ့်လူတစ်ယောက်ကို ရှာကြည့်လိုက်ရင် အဲဒီလူဟာ အီလွန်မတ်ဖြစ်နေတယ်။ ဒါပေမဲ့ အခုတော့ သူဟာ သူ့ကိုယ်သူ ယုံကြည်မှုရှိပြီး တည်တည်ငြိမ်ငြိမ်ရှိနေတာကို တွေ့ရတယ်*" လို့ တဲရင့်စ်က ပြောပြတယ်။ "*အီလွန်မတ်ဟာ တခြားသူတွေကို အပြစ်ပြောတာ၊ ဝေဖန်တာတွေကို သတိထားပြီး ရှောင်ရှားလာတယ်။ သူဟာ အရင်က သူများတွေ (အသက်ကြီးသူတွေ အပါအဝင်) ရဲ့ ပြောတာ၊ အကြံပေးတာတွေကို ခါးခါးသီးသီး ငြင်းဆန်တတ်ခဲ့တယ်။ အခုတော့ သူပြောင်းလဲသွားပါပြီ။ သူ့ရဲ့ အတွေးအကြံုတွေက သူ့ရဲ့ အကျင့်စရိုက်ကို ပြောင်းလဲပေးလိုက်တယ်ထင်ပါတယ်*" လို့ သူ့ဇနီးဟောင်း ဂျပ်စတင်က ပြောပြတယ်။ ဒါပေမဲ့ မပြောင်းလဲတဲ့ အကျင့်တစ်ခုတော့ ရှိတယ်။ အဲဒါက သူလိုချင်တာ၊ ဖြစ်ချင်တာကို လုံးဝအလျှော့မပေးတတ်ခြင်းပါ။ လိုချင်တာ၊ ဖြစ်ချင်တာကို မရရအောင် လုပ်ခိုင်းတတ်တယ်။

"*တစ်ရက်မှာ ကျွန်မ တို့ ဒါရိုက်တာနဲ့ အင်ဂျင်နီယာတွေဟာ အီလွန်မတ်နဲ့ Zip2 ရဲ့ ဝန်ဆောင်မှုသစ် တစ်ခုလုပ်ဖို့ စည်းဝေးတိုင်ပင်ကြတယ်*" လို့ တီထွင်မှု ဒါရိုက်တာ 'ဒေါရစ်ဒေါင်း' က ပြောတယ်။ "*အင်ဂျင်နီယာတစ်ယောက်က အီလွန်မတ်ကို ပြောလိုက်တယ်။ သူခိုင်းတဲ့ အလုပ်တစ်ခုဟာ မဖြစ်နိုင်လို့ မလုပ်နိုင်ဘူး*" *တဲ့။ အီလွန်မတ်ဟာ အဲဒီအင်ဂျင်နီယာကို လှမ်းကြည့်ရင်း 'မင်းထင်တာကို ငါ ဂရုမစိုက်ဘူး။ ငါပြောတာကို ဖြစ်အောင်လုပ်' လို့ ပြောပြီး စည်းဝေးခန်းထဲက ထွက်သွားတယ်။ အီလွန်မတ်ရဲ့ ရင်ထဲမှာ မဖြစ်နိုင်ဘူးဆိုတဲ့ စကားမရှိဘူး။ ဖြစ်ကို*

ဖြစ်ရမယ်ဆိုတဲ့ စကားပဲရှိတယ်။ သူလိုပဲ ကျန်တဲ့လူတွေအားလုံးကို ဖြစ်စေချင်တယ်" လို့ ဒေါ်ရစ်ခေါင်းက ဆက်ပြောတယ်။ အရောင်းသမားတစ်ယောက်ဖြစ်တဲ့ 'မိုက်ကယ်မိုး' ကလည်း ခုလို ပြောတယ်။ "*အီလွန်မတ်ဟာ လူငယ်တွေသာမကဘဲ လူကြီးတွေပါ မဖြစ်နိုင်ဘူးလို့ပြောရင် လက်မခံတတ်ဘူး။ အစည်းအဝေးလုပ်ပြီး တိုင်း စည်းဝေးခန်းထဲက ထွက်လာသူတွေရဲ့ မျက်နှာတွေပေါ်မှာ အီလွန်မတ်ကို မနှစ်မြို့တဲ့အမူအရာတွေ ပေါ်နေကြတယ်*" တဲ့။ "*တကယ်လို့ အီလွန်မတ်ဟာ အလွန်သဘောကောင်းသူတစ်ယောက် ဖြစ်နေရင် ယနေ့ အောင်မြင်ထင်ရှားသူ တစ်ယောက် ဖြစ်နေမယ်မထင်ပါဘူး*" လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်ဟာ ရင်းနှီးမြှုပ်နှံသူတွေ Zip2 ကုမ္ပဏီအရေးအရာကိစ္စတွေမှာ စွက်ဖက်တာ၊ အပြောင်းအလဲလုပ်တာတွေကို မကျေနပ်ပေမယ့် ငွေကြေးပိုင်းမှာတော့ ကျေနပ်နေတယ်။ ရင်းနှီးမြှုပ်နှံသူတွေက အီလွန်မတ်နဲ့ ကင်းဘားတို့ရဲ့ စားစရိတ်၊ သွားစရိတ် စတဲ့ အသုံးစရိတ်တွေပေးချေဖို့ အကြွေးကတ်တွေ ပေးထားကြတယ်။ သူတို့ ပစ္စည်းဝယ်တာတွေကိုလည်း ဒေါ်လာတစ်သောင်းအောက် ဆိုရင် ကျခံပေးကြတယ်။ နောက်ပြီး အီလွန်မတ်နဲ့ ကင်းဘားကို ကားဝယ်ဖို့ ဒေါ်လာ ၃ သောင်းစီ ထုတ်ပေးတယ်။ ကင်းဘားဟာ သူဝယ်ထားတဲ့ BMW 320i ကားကို ထုတ်ရောင်းလိုက်ပြီး ကင်းဘားက BMW 3 series ကားဟောင်းတစ်စီးဝယ်လိုက်တယ်။ အီလွန်မတ်က Jaguar E-Type ကားဟောင်းတစ်စီး ဝယ်လိုက်တယ်။ "*အီလွန်မတ်ရဲ့ကားဟာ အမြဲတမ်းလိုလို ပျက်နေတတ်လို့ သူဟာ ထရပ်ကားတစ်စီးနဲ့ ကားကြုံစီးပြီး ရုံးလာတဲ့အကြိမ်ပေါင်း မနည်းဘူး*" လို့ ကင်းဘားက ရယ်ရင်းပြောပြတယ်။

Zip2 မှာ လုပ်နေကြသူတွေကို တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး ဖြစ်စေချင်လို့ ဒုဥက္ကဋ္ဌ အင်းဘရတ်စ်က စက်ဘီးစီးတဲ့ အစီအစဉ်တစ်ခု လုပ်ပေးတယ်။ အီလွန်မတ်၊ အင်းဘရတ်စ်နဲ့ တခြားဝန်ထမ်းတွေ၊ သူတို့ရဲ့မိတ်ဆွေတွေဟာ Santa Cruz Mountains တောင်တန်းတွေကြားက Saratoga Gap Trail ဆိုတဲ့ တောင်တက်လမ်းတစ်ခုမှာ စက်ဘီးသွားစီးကြတယ်။ စက်ဘီးစီးသူအများစု

ဟာ တောင်ပေါ်မှာ စက်ဘီးစီးတာနဲ့ အသားကျနေကြပြီး ပူပြင်းတဲ့နေပူရှိန်ကို ခံနိုင်ရည်ရှိကြတယ်။ အီလွန်မတ်အတွက် ဒါဟာ တောင်ပေါ်မှာ ပထမဆုံး စက်ဘီးစီးဖူးခြင်းပါ။ စက်ဘီး စစီးကြပြီး တစ်နာရီကြာတော့ အီလွန်မတ်ရဲ့ ညီဝမ်းကွဲဖြစ်တဲ့ ရပ်စ်ရိုက်ဟာ တောင်ထိပ်ကိုရောက်သွားပြီး အန်နေတယ်။ မကြာခင်မှာ သူ့အနားကို တခြား စက်ဘီးစီးသူတွေ တဖွဲဖွဲရောက်လာကြတယ်။ အီလွန်မတ်ဟာ အားလုံးရဲ့နောက်ကနေ စက်ဘီးကို ကြိုးစားပမ်းစားနင်းရင်း တောင်ပေါ်ကို တက်လာနေတယ်။ မောပန်းလွန်းလို့ သူ့မျက်နှာဟာ ပန်းရောင်သမ်းနေပြီး တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်နေတယ်။ *"ဒီအခြေအနေမှာ တခြားသူတစ်ယောက်ဆိုရင် တောင်ပေါ်တက်မလာတော့ဘဲ နောက်ပြန်လှည့်သွားမှာပါ။ ဒါပေမဲ့ အီလွန်မတ်ကတော့ စက်ဘီးကို ဖြည်းဖြည်းချင်း ကြိုးစားနင်းရင်း နောက်ဆုံးမှာ တောင်ထိပ်ကို ရောက်လာခဲ့တယ်။ သူဟာ မကြည့်ရက်စရာ ပင်ပန်းနွမ်းနယ်နေတာကို တွေ့ရတယ်။ အဲဒါဟာ အီလွန်မတ်ရဲ့ ဘယ်တော့မှ အရှုံးမပေးဘူးဆိုတဲ့ စိတ်ဓာတ်ပါ"* လို့ အင်းဘရတ်စ်က ပြောပြတယ်။

အီလွန်မတ်ဟာ ရုံးခန်းထဲမှာ အလုပ်လုပ်နေရင် အမြဲတက်ကြွနေပြီး စွမ်းအင်အပြည့် ရှိနေတယ်။ တခြားသူတွေကိုလည်း သူလိုတက်ကြွအောင် စကားပြောပေးတယ်။ ရယ်စရာဟာသတွေ ပြောပေးတယ်။ တစ်ခါမှာ နိုင်ငံလုံးဆိုင်ရာ ဗီဒီယိုဂိမ်းပြိုင်ပွဲတစ်ခုဖြစ်တဲ့ တစ်ယောက်နဲ့တစ်ယောက် စစ်တိုက်တမ်းကစားတဲ့ Quake ဂိမ်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အီလွန်မတ်က ဝန်ထမ်းတွေကို အသင်းတစ်သင်း ဖွဲ့ပေးတယ်။ အဲဒီအသင်းဟာ နေ့တိုင်း ညနေရုံးဆင်းရင် ပြိုင်ပွဲအတွက် လေ့ကျင့်ကြတယ်။ *"ကျွန်တော်တို့အသင်းဟာ အဲဒီပြိုင်ပွဲမှာ ဒုတိယဆု ရလိုက်တယ်။ တကယ်တော့ ပထမဆုရရမှာပါ။ အသင်းသားတစ်ယောက်က သူ့ကွန်ပျူတာမှာ graphics card (ရုပ်ပုံထုတ်ပေးတဲ့ ကတ်) ကို တပ်ဆင်ရာမှာ အတင်းဆောင့်ထည့်လိုက်လို့ ရုပ်ပုံပျောက်သွားတာကြောင့် ဖိုင်နယ်ပွဲမှာ ရှုံးသွားရတယ်။ ဘာပဲဖြစ်ဖြစ် ဒုတိယဆုရပြီး ဆုငွေ ဒေါ်လာတစ်ထောင်ရလို့ ကျွန်တော်လူတွေ ပျော်ကြတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

Zip2 ဟာ သတင်းစာတိုက်တွေကို သူတို့ဆီမှာ အလုပ်အပ်အောင် စည်းရုံးရာမှာ အတော်အောင်မြင်နေတယ်။ The New York Times, Knight Ridder, Hearst Corporation နဲ့ တခြား နာမည်ကြီးသတင်းစာတိုက်တွေဟာ Zip2 မှာ အလုပ်အပ်ကြတယ်။ အဲဒီသတင်းစာတိုက်တွေထဲက အချို့ဟာ Zip2 မှာ ဒေါ်လာ သန်း ၅၀ ဖိုး ရင်းနှီးမြှုပ်နှံငွေတွေ ထည့်ဝင်ထားကြတယ်။ အဲဒီအချိန်မှာပဲ အင်တာနက်မှာ ကြော်ငြာတွေကို အခမဲ့တင်ပေးတဲ့ Craiglist ဆိုတဲ့ ဝက်ဆိုဒ် တစ်ခု ပေါ်လာလို့ သတင်းစာတိုက်တွေဟာ သူတို့ဆီ လူတွေ ပိုက်ဆံပေးပြီး ကြော်ငြာမထည့်တော့မှာကို စိုးရိမ်လာကြတယ်။ သူတို့ဟာ Craiglist ကို ယှဉ်ပြိုင်ရတော့မှာကို သိလာကြတယ်။ *"သတင်းစာတိုက်တွေဟာ အင်တာနက်နဲ့ပတ်သက်ရင် အားနည်းကြတယ်။ မကျွမ်းကျင်ကြဘူး။ ဒါပေမဲ့ သူတို့ရဲ့ သတင်းစာလုပ်ငန်း ရပ်တည်ချင်ရင် အင်တာနက်ကို ရှောင်လွှဲလို့မရကြဘူး။ အိမ်မြေရောင်းဝယ်တာ၊ ကားရောင်းတာ၊ အနုပညာဖျော်ဖြေပွဲ စတာတွေကို သတင်းစာမှာ ကြော်ငြာရုံနဲ့ မလုံလောက်တော့တဲ့ အင်တာနက်မှာပါ တင်ပေးရမယ်ဆိုတာ သိလာကြတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းစာဖတ်သူတွေထက် အင်တာနက်ကြည့်သူတွေဟာ တစ်နေ့တခြား ပိုများလာလို့ပါ။ ဒီတော့ သတင်းစာတိုက်တွေ ကျွန်တော်တို့ရဲ့ Zip2 မှာ မလွှဲမရှောင်သာ အလုပ်အပ်ကြရတာပေါ့ဗျာ"* လို့ ဒုဥက္ကဋ္ဌ အင်းဘရတ်စ်က ပြောပြတယ်။ သတင်းစာတိုက်တွေက အလုပ်အပ်ကြလို့ Zip2 ဟာ ဝင်ငွေကောင်းလာပြီး လျင်လျင်မြန်မြန် တိုးတက်ဖွံ့ဖြိုးလာတယ်။ ကုမ္ပဏီရုံးချုပ်က ရုံးခန်းတွေမှာ ဝန်ထမ်းတွေတိုးလာလို့ ထိုင်စရာစားပွဲတွေ မျှားပြီး ကျပ်ညှပ်လာတယ်။ စားပွဲတစ်လုံးဆိုရင် ထားစရာမရှိလို့ အမျိုးသမီး အိမ်သာရဲ့ အပေါက်ဝမှာ ချထားရတယ်။ ၁၉၇၇ ခုနှစ်မှာ Zip2 ရုံးချုပ်ကို Castro street, အမှတ် (၄၄၄) က ကျယ်ဝန်းတဲ့အခန်းတွေရှိတဲ့ တိုက်ကြီးကို ရွှေ့ပြောင်းလိုက်တယ်။

အီလွန်မတ်ဟာ တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေတယ်။ အဲဒါက Zip2 ကို သတင်းစာတိုက် အများအပြားက အလုပ်အပ်နေကြပေမယ့် လူတွေအများကြီး

မသိကြခြင်းကိုပါ။ အီလွန်မတ်က Zip2 ကို လူတွေအများကြီး သိစေချင်တယ်။ အဲဒါကိုလုပ်ချင်လို့ CEO ဆော့ကင်နဲ့ ဒါရိုက်တာဘုတ်အဖွဲ့ကို ပြောပြတယ်။ ဒါပေမဲ့ ဆော့ကင်နဲ့ ဘုတ်အဖွဲ့တို့ဟာ နားမထောင်ကြဘူး။ သူတို့ဟာ သတင်းစာတိုက်တွေက ဝင်ငွေအများကြီးရနေတာကိုပဲ ကျေနပ်နေကြတယ်။

၁၉၉၈ ခုနှစ် ဖေဖေါ်လမှာ Zip2 ကုမ္ပဏီက လူအများကို အကြီးအကျယ် အံ့အားသင့်သွားစေတဲ့ ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်တယ်။ အဲဒါက သူတို့နဲ့ လုပ်ငန်းတူ ပြိုင်ဘက်ကုမ္ပဏီဖြစ်တဲ့ City Search ကုမ္ပဏီနဲ့ ပူးပေါင်းမယ်။ ကုမ္ပဏီသစ်ကို City Search နာမည် ထားမယ်။ Zip2 ရဲ့ CEO ဆော့ကင်က ကုမ္ပဏီသစ်ရဲ့ CEO ဖြစ်လာမယ်။ ကုမ္ပဏီ ၂ ခုဟာ ဒေါ်လာ သန်း ၃၀၀ စီ ထည့်ဝင်ရင်းနှီးကြမယ်။ အဲဒီသတင်းဟာ မကြာခင် အတည်ပြုတော့မယ်တဲ့။ ဒါပေမဲ့ ကုမ္ပဏီနှစ်ခုဟာ ဆွေးနွေးညှိနှိုင်းမှုတွေမှာ သဘောထားကွဲလွဲကြတာကြောင့် ပူးပေါင်းမှုပျက်ပြယ်သွားတယ်။ ဆွေးနွေးညှိနှိုင်းရာမှာ မပြေလည်တာဟာ CEO ဆော့ကင်းကြောင့်ဆိုပြီး Zip2 က သူ့ကိုဖြုတ်ပစ်လိုက်တယ်။ Mohr Davidow ကုမ္ပဏီ ပိုင်ရှင် မိုးဒေးဗစ်ဒိုးက 'ဒဲရစ်ပရူဒီယန်း' ကို CEO ခန့်လိုက်တယ်။ ဒီတစ်ခါလည်း အီလွန်မတ်ဟာ CEO မဖြစ်ရလို့ အီလွန်မတ်ဟာ ဝမ်းနည်းစိတ်ပျက်သွားပြန်တယ်။

ကုမ္ပဏီနှစ်ခု ပူးပေါင်းဖို့အစီအစဉ် ပျက်ပြယ်သွားပြီး မကြာခင်မှာ Zip2 မှာ ငွေကြေးအကျပ်အတည်း ပေါ်လာတယ်။ ကုမ္ပဏီ အရှုံးပြလာတယ်။ အီလွန်မတ်က သတင်းစာတိုက်တွေဆီက ဝင်ငွေတွေပေါ်မှာချည်း အားကိုးမနေဘဲ ကုမ္ပဏီတွေဆီကလည်း ဝင်ငွေရအောင် သူတို့ကို Zip2 က ဝန်ဆောင်မှုပေးသင့်တယ်လို့ ပြောတယ်။ ဒါပေမဲ့ CEO ဒဲရစ်က အဲဒီလိုလုပ်ဖို့ ငွေတွေအများကြီးသုံးရမှာမို့ သဘောမတူဘူး။ ဒီအချိန်မှာ Microsoft ကုမ္ပဏီကြီးကလည်း ကုမ္ပဏီတွေရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို မြေပုံပေါ်မှာရှာပေးတဲ့ ဝန်ဆောင်မှု စလုပ်လာတယ်။ (အဲဒါကို အရင်က Zip2 က ကုမ္ပဏီတွေကို ဝန်ဆောင်မှုပေးခဲ့ပြီး နောက်ပိုင်းကျတော့ မပေးတော့ဘဲ သတင်းစာတိုက်တွေကိုပဲ ဝန်ဆောင်မှုပေးတော့တယ်)။

အဲဒီသတင်းကြောင့် Zip2 က အင်ဂျင်နီယာတွေ စိတ်ဓာတ်ကျသွားကြတယ်။ ဘာကြောင့်လဲဆိုတော့ Zip2 ဟာ ကမ္ဘာကျော် ကွန်ပျူတာဆော့ဖ်ဝဲကုမ္ပဏီကြီး Microsoft ကို ဘယ်လိုမှမယှဉ်နိုင်ဘူးဆိုတာ သိနေကြလို့ပါ။

၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလမှာ ကွန်ပျူတာထုတ်လုပ်တဲ့ Compaq Computer ကုမ္ပဏီက Zip2 ကို ဒေါ်လာ ၃၀၇ သန်းနဲ့ဝယ်ဖို့ ရုတ်တရက် ကမ်းလှမ်းလာတယ်။ ပြီးတော့ ငွေအားလုံးကို ငွေသားနဲ့ ပေးချေမယ်လို့လည်း ဆိုတယ်။ *"မျှော်လင့်မထားတဲ့ ကံကောင်းမှုကြီးပါ"* လို့ Zip2 က အရာရှိတစ်ယောက်ဖြစ်တဲ့ 'အက်ဒ်ဟိုး' က ပြောတယ်။ Compaq ရဲ့ ကမ်းလှမ်းမှုကို Zip2 ရဲ့ ဒါရိုက်တာအဖွဲ့က လက်ခံလိုက်တယ်။ မကြာခင်မှာ Zip2 က Palo Alto မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်လုံးကို တစ်ညလုံးငှားပြီး ဝန်ထမ်းတွေ အတွက် ပါတီပွဲကြီး ကျင်းပပေးတယ်။ ကုမ္ပဏီရောင်းရင်းကို ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်ထားသူတွေ၊ ဒါရိုက်တာအဖွဲ့နဲ့ အရာရှိကြီးတွေ ခွဲဝေယူကြတယ်။ Zip2 ရဲ့ အစပိုင်းမှာ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၃ သန်းထည့်ဝင်ခဲ့တဲ့ မိုးဒေးဗစ်ဒိုးက ရင်းနှီးငွေရဲ့ အဆ ၂၀ ရသွားတယ်။ ရှယ်ယာတွေ ထည့်ဝင်ထားကြတဲ့သူတွေထဲက အီလွန်မတ်က ဒေါ်လာ ၂၂ သန်းရပြီး ကင်းဘားက ဒေါ်လာ ၁၅ သန်း ရသွားတယ်။ Compaq ကုမ္ပဏီက အီလွန်မတ်ကို Zip2 မှာ ဆက်လုပ်ဖို့ ကမ်းလှမ်းပေမယ့် အီလွန်မတ် လက်မခံဘူး။ *"အီလွန်မတ် လက်ခံမှာမဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ အီလွန်မတ်ဟာ သူထူထောင်ခဲ့တဲ့ကုမ္ပဏီကို ရောင်းလိုက်ပြီဆိုတာနဲ့ သူ အဲဒီမှာ ဆက်နေမှာမဟုတ်တော့ဘူး။ သူ နောက်ကုမ္ပဏီတစ်ခု ထောင်ပါလိမ့်မယ်လို့ပါ"* လို့ CEO ဒဲရစ်က ပြောတယ်။ *"Zip2 က ဒါရိုက်တာအဖွဲ့ဟာ ကုမ္ပဏီ အတွက် ရည်မှန်းချက်ကြီးကြီးမားမား မထားကြဘူး။ သူတို့ဟာ ရင်းနှီးမြှုပ်နှံသူတွေဖြစ်ကြလို့ ငွေမျက်နှာတစ်ခုတည်းပဲ ကြည့်ကြတယ်။ အမြတ်ရရင် ကုမ္ပဏီကို ထုတ်ရောင်းမှာပဲ။ ဒါပေမဲ့ Zip2 ကို သားသမီးလို ကြီးပြင်းလာတဲ့အထိ ပြုစုပျိုးထောင်ပေးခဲ့ကြတဲ့ အီလွန်မတ်နဲ့ ကျွန်တော့်အတွက်တော့ ကုမ္ပဏီရောင်းလိုက်တဲ့အတွက် အများကြီး ဝမ်းနည်းရတယ်"* လို့ ကင်းဘားက စိတ်မကောင်းတဲ့

လေသံနဲ့ ပြောတယ်။

Zip2 ကို ရောင်းပြီးတော့ အီလွန်မတ်ဟာ အချိန်အားရတာကြောင့် သူ့ကိုယ်သူ ပြန်သုံးသပ်ကြည့်တယ်။ သူနဲ့ ဝန်ထမ်းတွေရဲ့ ဆက်ဆံရေးကို ပြန်စဉ်းစားမိတယ်။ "ကျွန်တော်ဟာ ငယ်ငယ်က ဘာအားကစားမှမလုပ်လို့ အားကစားအသင်းတွေမှာ မပါဝင်ခဲ့ဘူး။ ဒီတော့ အားကစားအသင်းတစ်သင်းရဲ့ ခေါင်းဆောင် မဖြစ်ခဲ့ဘူး။ ဒါကြောင့် ခေါင်းဆောင်လို မတွေးတတ်ဘူး။ တခြား ဘာအသင်းအဖွဲ့မှာမှလည်း မပါဝင်ခဲ့လို့ အသင်းခေါင်းဆောင် မဖြစ်ခဲ့ဘူး။ ဒီတော့ တခြားလူတွေဟာ ကျွန်တော့်လိုပဲ တွေးကြမယ်၊ စဉ်းစားကြမယ်၊ ပြုမူလုပ်ကိုင်ကြမယ်လို့ပဲ ထင်ထားခဲ့တယ်။ Zip2 မှာ လုပ်တော့လည်း တခြားသူတွေ ကျွန်တော့်လိုပဲ တွေးကြမယ်လို့ ထင်ထားခဲ့တယ်။ ဒါပေမဲ့ သူတို့ ကျွန်တော့်လို မတွေးကြတဲ့အခါ ကျွန်တော် ဒေါသထွက်တယ်၊ စိတ်ဆိုးတယ်။ အလားတူ သူတို့လည်း ကျွန်တော့်ကို မုန်းကြတယ်ပေါ့ဗျာ" လို့ အီလွန်မတ်က ဝမ်းနည်းတဲ့လေသံနဲ့ ပြောပြတယ်။

"Zip2 က ဝန်ထမ်းတွေအပေါ် ကျွန်တော် အမှားလုပ်ခဲ့တာတွေ ရှိပါတယ်။ အင်ဂျင်နီယာတွေ အလုပ်ပြီးလို့ အိမ်ပြန်သွားကြတယ်။ ကျွန်တော်က ညအတော်နက်တဲ့အချိန်အထိ အလုပ်ဆက်လုပ်နေတယ်။ အင်ဂျင်နီယာတွေရေးထားတဲ့ ပရိုဂရမ်တွေကို စစ်ကြည့်တယ်။ အမှားတွေ တွေ့တယ်။ သူတို့ဟာ ရုံးထဲမှာမရှိကြတော့လို့ သူတို့ကို အမှားပြင်ခိုင်းလို့ မရဘူး။ နောက်နေ့မနက် သူတို့ပြန်လာမှ အမှားပြင်ကြမှာကို မစောင့်ချင်ဘူး။ ဒါကြောင့် သူတို့အမှားတွေကို ကျွန်တော် ပြင်ပေးလိုက်တယ်။ ကျွန်တော် အမှားပြင်ပေးလိုက်လို့ သူတို့ ကျွန်တော့်ကို ကျေးဇူးတင်မယ်လို့ ထင်မိတယ်။ အဲဒါ မှားတယ်။ သူတို့ကို အသိမပေးဘဲ သူတို့ရဲ့အမှားတွေကို ပြင်လို့ဆိုပြီး ကျွန်တော့်ကို မုန်းသွားကြတယ်"။

"တစ်ခါလည်း ရုံးထဲက အင်ဂျင်နီယာတစ်ယောက်ဟာ quantum equation ညီမျှခြင်းတစ်ခုကို သူ့စားပွဲနောက်က whiteboard ပေါ်မှာ ရေးထားတယ်။ ကျွန်တော်ဟာ ရူပဗေဒဘာသာနဲ့ ဘွဲ့ရထားသူမို့ သူ equation မှားနေတယ်ဆိုတာ ချက်ချင်းသိလိုက်တယ်။ ကျွန်တော် အဲဒါကို ချက်ချင်းပြင်ရေးပေး

လိုက်တယ်။ ကျွန်တော်ထင်တာက ကျွန်တော် အမှားပြင်ပေးလို့သူ ကျေးဇူးပါတင်တယ် ပြောမယ်လို့ပါ။ သူဟာ ဘာမှမပြောဘဲ စားပွဲက ထထွက်သွားတယ်။ အဲဒီအခါကျမှ ကျွန်တော် သိလိုက်တယ်။ ကျွန်တော် သူ့အမှားကို မပြောမဆို ပြင်ပေးလိုက်ခြင်းဟာ တခြားသူတွေရှေ့မှာ သူ့ကို အသုံးမကျသူလို့ ထင်သွားစေတယ်။ အဲဒီလိုလုပ်တာ မကောင်းဘူးဆိုတာ အခုမှ ပြန်စဉ်းစားမိတယ်။ နောက်ကုမ္ပဏီထောင်ရင် ကျွန်တော် အဲဒီအမှားမျိုး မလုပ်မိအောင် သတိထားရမယ်” လို့ အီလွန်မတ်က ပြောတယ်။

အီလွန်မတ်ဟာ အင်တာနက်နဲ့ပတ်သက်ပြီး အကြံတစ်ခုရတယ်။ အဲဒီအကြံကို အကောင်အထည်ဖော်တယ်။ အောင်မြင်တော့ ငွေတွေအများကြီးရတယ်လို့ အများက မြင်ကြတယ်။ ဒါပေမဲ့ အဲဒါအတွက် သူ နာကျင်ခံစားခဲ့ရတာကို လူတွေမသိကြဘူး။ အီလွန်မတ်ဟာ ခေါင်းဆောင်ဖြစ်ချင်ခဲ့တယ်။ Zip2 မှာ CEO ဖြစ်ချင်ခဲ့တယ်။ သူဖြစ်ချင်တာ မဖြစ်ရလို့ ဝမ်းနည်းတယ်။ နောင်မှာ သူဖြစ်ချင်တာကို မဖြစ်ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

အခန်း (၄)

Paypal မာဗီးယားဂိုဏ်းခေါင်းဆောင်

Zip2 ရောင်းပြီး ငွေအများကြီးရလိုက်တာကြောင့် အီလွန်မတ်ဟာ ပျော်ရွှင်နေတယ်။ တက်ကြွနေတယ်။ နောက်ထပ် စွန့်စားရတဲ့ လုပ်ငန်းတစ်ခု ထပ်လုပ်ချင်နေတယ်။ သူလုပ်ချင်တဲ့အလုပ်ဟာ အရင်လိုပဲ အင်တာနက်နဲ့ ပတ်သက်တဲ့အလုပ် ဖြစ်ရမယ်။ ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားရင်း ကနေဒါ နိုင်ငံက Queen's တက္ကသိုလ်မှာတက်နေစဉ် Bank of Nova Scotia ဘဏ်ကြီးမှာ လုပ်ငန်းခွင် လက်တွေ့သင်တန်းဆင်းခဲ့တာကို အမှတ်ရလိုက်တယ်။ [အခန်း (၂) မှာ သူနဲ့ရင်းနှီးသွားတဲ့ Bank of Nova Scotia ဘဏ်ကြီးရဲ့ အမှုဆောင်အရာရှိ ပီတာနီကိုးလ်ဆန်းရဲ့ ကမ်းလှမ်းမှုကြောင့် အဲဒီဘဏ်ကြီးမှာ ၂ လကြာ လုပ်ငန်းခွင် လက်တွေ့သင်တန်းဆင်းခဲ့တယ်ဆိုတာ ဖော်ပြထားခဲ့ပါတယ်]။ သူဟာ အဲဒီဘဏ်မှာ လက်တွေ့သင်တန်းဆင်းရင်းနဲ့ တစ်ခုတွေးမိတယ်။ အဲဒါက ဘဏ်လုပ်ငန်းရှင်ကြီးတွေဟာ ချမ်းသာကြပေမယ့် ခပ်တုံးတုံးလူတွေပဲလို့။ သူ ဘာကြောင့် အဲဒီလိုတွေးရတာလဲဆိုတော့ သူတို့ဟာ အခွင့်အလမ်းကြီးတစ်ခု ပေါ်နေတာကို မမြင်ကြလို့ပါ။

အခွင့်အလမ်းကြီးဆိုတာ ဒီလိုပါ။ သူ ၁၉၉၀ ပြည့်နှစ် စောစောပိုင်းက အဲဒီ

ဘဏ်မှာ လုပ်ငန်းခွင် လက်တွေ့သင်တန်းဆင်းတော့ ငွေချေးငှားနရဲ့ ငှားနမှုကို ခိုင်းတာ လုပ်ရတယ်။ တစ်ရက်မှာ ငှားနမှုကက သူ့ကို တတိယနိုင်ငံတွေ (ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံတွေ) ကို Nova Scotia ဘဏ်က ချေးပေးထားတဲ့ အကြွေးစာရင်းကို လေ့လာခိုင်းတယ်။ သူလေ့လာကြည့်တော့ ခုလိုဖြစ်ပျက်နေတာကို တွေ့ရတယ်။ သူတို့ဘဏ်က အဲဒီနိုင်ငံတွေကနေ ပြန်ရစရာရှိတဲ့ အကြွေးဟာ ဒေါ်လာ ဘီလီယံပေါင်းများစွာဖြစ်နေတဲ့အပြင် တောင်အမေရိကတိုက်က နိုင်ငံတွေဟာ ချေးထားတဲ့အကြွေးတွေကို ပြန်မဆပ်နိုင်ကြတာ နှစ်အတော်ကြာနေပြီ။ ဒါကြောင့် Nova Scotia ဘဏ်က အဲဒီအကြွေးတွေကို လျှော့ပေးဖို့ စဉ်းစားနေတယ်တဲ့။ အကြွေးတွေကို လျှော့ပေးလိုက်ရင် ဘဏ်ရဲ့ပိုင်ဆိုင်တဲ့ ငွေကြေးဟာ ဘယ်လောက်ထိ လျော့ကျသွားမလဲလို့ ငှားနမှုကက အီလွန်မတ်ကို တွက်ချက်ကြည့်ခိုင်းတယ်။

အီလွန်မတ်ဟာ ငှားနမှုခိုင်းတဲ့အလုပ်ကို လုပ်ရင်း အဲဒီအကြောင်းတွေကို ပိုပြီးစိတ်ဝင်စားတာနဲ့ စာကြည့်တိုက်သွားပြီး စာအုပ်တွေ၊ သတင်းစာတွေမှာ ရှာဖတ်ကြည့်တယ်။ မထင်မှတ်ဘဲ ထူးဆန်းတဲ့အချက်တစ်ခုကို တွေ့လိုက်တယ်။ အဲဒါက ဒီလိုပါ။ တောင်အမေရိကတိုက်က နိုင်ငံတွေဟာ ၁၉၈၀ ပြည့်နှစ်ကျော်လောက်မှာ သူတို့နိုင်ငံတွေအတွက် ငွေကြေးလိုအပ်လို့ bond ငွေချေးစာချုပ်တွေ ထုတ်ရောင်းကြတယ်။ အဲဒီစာချုပ်ကို Brady bonds လို့ ခေါ်တယ်။ အာဂျင်တီးနားနိုင်ငံနဲ့ ဘရာဇီးနိုင်ငံတွေကထုတ်တဲ့ Brady bonds တွေကို ဝယ်သူရှိအောင် အမေရိကန်အစိုးရက အာမခံချက်ပေးထားတယ်။ ဘယ်လိုအာမခံချက်လဲဆိုတော့ အဲဒီနိုင်ငံတွေဟာ bond တွေအတွက် ငွေပြန်မအမ်းနိုင်ရင် အမေရိကန်အစိုးရက ငွေပြန်အမ်းမယ်။ ပြန်အမ်းမယ့်ငွေတန်ဖိုးဟာ bond ဝယ်တဲ့ငွေရဲ့နှစ်ဆဖြစ်တယ်တဲ့။ (အမေရိကန်အစိုးရက အဲဒီနိုင်ငံတွေရဲ့အစိုးရတွေကို နိုင်ငံရေးအရ ကူညီချင်လို့ အရှုံးခံလုပ်ပေးတယ် ထင်ပါတယ်)။ ဒါပေမဲ့ ဒီအကြောင်းကို အာဂျင်တီးနား၊ ဘရာဇီးနဲ့ အမေရိကန်အစိုးရတို့ဟာ လူသိရှင်ကြား မကြေညာလို့ လူတွေ မသိကြဘူး။ အီလွန်မတ်ဟာ အမေရိကန်အစိုးရ ရှုးမိုက်တယ်၊ ပိုက်ဆံဖြုန်းတယ်လို့ လူတကာကို လိုက်ပြောတာမလုပ်ဘဲ ခုလို လုပ်လိုက်တယ်။ ရင်းနှီးမြှုပ်နှံမှုဘဏ်

အဖွဲ့ ဖြစ်တဲ့ Goldman Sachs Group ရဲ့ ဥက္ကဋ္ဌ 'မစ္စတာ ဂိုးလ်မင်းဆက်စ်' ဆီ ချက်ချင်းဖုန်းဆက်ပြီး သူတွေ့ရှိထားတဲ့အချက်ကို ပြောပြတယ်။ အာဂျင်တီးနားနိုင်ငံနဲ့ ဘရာဇီးနိုင်ငံတွေက ရောင်းတဲ့ Brady bonds တွေကို ခုနေအခါ ဝယ်ထားလိုက်ရင် အဲဒီနိုင်ငံတွေက bonds တွေကို အတိုးပေးပြီး ငွေပြန်မအမ်းဘူး ဆိုရင် အမေရိကန်အစိုးရဆီက bonds ဝယ်ထားတဲ့ငွေရဲ့ ငွေနှစ်ဆပြန်ရမယ်လို့ ပြောပြတယ်။ ဂိုးလ်မင်းဆက်စ်က အီလွန်မတ်ကို ပြန်မေးတယ်။ "*ဘယ်လောက် အထိ မြတ်နိုင်သလဲ*" တဲ့။ အီလွန်မတ်က တွက်ချက်ထားတဲ့ အမြတ်ပမာဏကို ပြောလိုက်တယ်။ "*ဒေါ်လာ ၁၀ ဘီလီယံလောက်ပါ*"။ ဂိုးလ်မင်းဆက်စ်က "*အေ။ မင်းပြောတာ ဖြစ်နိုင်တယ်*" လို့ ပြောလိုက်ချိန်မှာ အီလွန်မတ်ဟာ တယ်လီဖုန်းကို ချလိုက်တယ်။ သူ့စိတ်ထဲမှာ ခုလို တွေးမိတယ်။ "*ရင်းသမ္ပတ္တိက်ဆံရဲ့ နှစ်ဆ ပြန်ရမယ်။ ပြီးတော့ အမေရိကန်အစိုးရက အာမခံထားလို့ ရင်းထားတဲ့ငွေတွေ ရှုံးစရာ မရှိဘူး။ ဒီလောက်လွယ်တဲ့အလုပ် ရှိပဲ့ါမလား*"

အဲဒီအချိန်က အီလွန်မတ်ဟာ ဘဏ်မှာ လက်တွေ့သင်တန်းဆင်းနေပြီး လုပ်ခအဖြစ် တစ်နာရီ ၁၄ ဒေါ်လာပဲ ရတယ်။ ပြီးတော့ ဘဏ်အရာရှိတွေအတွက် ထားပေးတဲ့ ကော်ဖီစက်က ကော်ဖီယူသောက်မိလို့ အရာရှိတွေရဲ့ အဆူခံရတယ်။ ကျောင်းပိတ်ရက်အတွင်း ပိုက်ဆံအပိုရလို့သာ လုပ်နေရတယ်။ ပိုက်ဆံရှိရင် ဒီအလုပ်ကို လုံးဝမလုပ်ချင်ဘူး။ အခု ချမ်းသာမယ့် အခွင့်အလမ်းတွေ့လိုက်လို့ ဂိုးလ်မင်းဆက်စ်နဲ့ ဖုန်းပြောတာ ရပ်ပြီးတာနဲ့ ဌာနမှူးရဲ့ရုံးခန်းဆီ ပြေးသွားပြီး ခုလို ဝမ်းသာအားရ ပြောလိုက်တယ်။ "*ဆရာတို့ဘဏ်အတွက် ဒေါ်လာ ဘီလီယံချီပြီး အမြတ်ရမယ့် အခွင့်အလမ်းကြီးတွေ့ထားပါပြီ*" လို့ အစချီပြီး အီလွန်မတ်က သူ တွေ့ရှိထားချက်ကို ပြောပြလိုက်တယ်။ ဌာနမှူးက အီလွန်မတ်ပြောပြတာကို နားထောင်ပြီး သူတွေ့ရှိချက်ကို အစီရင်ခံစာတစ်စောင် ရေးခိုင်းတယ်။ အီလွန်မတ် လည်း တစ်ရက်နဲ့ အပြီးရေးပေးတယ်။ ဌာနမှူးက အီလွန်မတ်ရဲ့ အစီရင်ခံစာကို ဘဏ်ရဲ့ CEO ဆီ ချက်ချင်းတင်ပေးလိုက်တယ်။ CEO ဟာ အစီရင်ခံစာကို ဖတ်ကြည့်ပြီးတာနဲ့ ချက်ချင်း ပယ်ချလိုက်တယ်။ သူ့ရဲ့အကြောင်းပြချက်က ဘဏ်

ကနေ တောင်အမေရိကတိုက်က နိုင်ငံတွေကို ငွေချေးပေးထားတာ ပြန်မရလို့ နောက်ထပ် မစွန့်စားချင်တော့ဘူး။ နောက်ထပ် မရင်းချင်တော့ဘူးတဲ့။ *"ကျွန်တော် CEO နဲ့ သွားတွေ့ပြီး ရှင်းပြတယ်။ အာဂျင်တီးနားနိုင်ငံနဲ့ ဘရာဇီးနိုင်ငံတွေက Brady bonds တွေကို ဝယ်ခြင်းဟာ လုံးဝ မဆုံးရှုံးနိုင်ဘူး။ ဘာကြောင့်လဲ ဆိုတော့ အမေရိကန်အစိုးရက အာမခံထားလို့ပါ။ အမေရိကန်အစိုးရက ငွေပြန် အမ်းမပေးရင် အစိုးရကို တရားစွဲလို့ရတယ်။ မြတ်မှာသေချာလို့ စွန့်စားတာ မဟုတ်ပါဘူးလို့ သေသေချာချာ ရှင်းပြတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။ CEO က လက်မခံဘူး။ *"ဒါကြောင့်လည်း ကျွန်တော် စောစောကပြောခဲ့တာပေါ့။ ဘဏ်လုပ်ငန်းရှင်တွေဟာ ချမ်းသာကြပေမယ့် ခပ်တုံးတုံး ခပ်ချာချာတွေပါလို့။ သူတို့ဟာ ဘာနဲ့တူကြသလဲဆိုရင် လူတိုင်းလုပ်နေတာကိုပဲ ပုံတူကူး လုပ်တတ်ကြတယ်။ တကယ်လို့ လူတွေ တောင်ကုန်းတစ်ခုကို အလုအယက်တက်နေကြတာကို တွေ့ရင် သူတို့လည်း လိုက်တက်ကြမယ်။ အခန်းရဲ့အလယ်က ကြမ်းပြင်မှာ ရွှေတုံးတွေ စုပုံထားတယ်။ အဲဒါကို ဘယ်သူမှ ကောက်မယူရင် သူတို့လည်း မယူကြဘူး"* လို့ သူ ထပ်ပြောတယ်။

ဒီအဖြစ်အပျက်ဖြစ်ပြီး ၅ နှစ်အကြာ ၁၉၉၅ ခုနှစ်မှာ အီလွန်မတ်ဟာ Penn တက္ကသိုလ်တက်ရင်း Pinnacle Research Institue မှာ လုပ်ငန်းခွင် လက်တွေ့ သင်တန်းဆင်းနေစဉ်မှာ အင်တာနက်အသုံးပြုတဲ့ ဘဏ်တစ်ခု ထူထောင်ဖို့ အကြံ ရလိုက်တယ်။ အဲဒီအချိန်မှာ အသက် ၂၄ နှစ်ပဲရှိသေးပြီး ငယ်ရွယ်တဲ့ အီလွန်မတ် က Pinnacle က သိပ္ပံပညာရှင်တွေကို သူ့အကြံအကြောင်း ပြောပြတယ်။ အားလုံးက အဲဒါလုပ်ရင် အောင်မြင်မှာမဟုတ်ဘူးလို့ ပြောကြတယ်။ သူတို့ရဲ့ အကြောင်းပြချက်က web security (အင်တာနက်ရဲ့ လုံခြုံစိတ်ချရမှု) မရှိလို့ လူတွေ အဲဒီဘဏ်နဲ့ ဆက်သွယ်လုပ်ကိုင်ကြမှာ မဟုတ်ဘူးတဲ့။ နောက်ပြီး ဘဏ် တွေမှာ web security ရှိလာဖို့ တီထွင်နေတာ စိတ်ချရတဲ့အထိဖြစ်လာဖို့ နှစ်အတော်ကြာအောင် စောင့်ရဦးမယ်တဲ့။ ဒါပေမဲ့ အီလွန်မတ်ဟာ ဘဏ်တွေမှာ web security ရှိဖို့ ပိုက်ဆံအများကြီး အကုန်ခံစရာမလိုဘဲ လုပ်ပေးနိုင်တယ်လို့

ယုံကြည်တယ်။ သူက ဒီအကြောင်းနဲ့ပတ်သက်ပြီး နောက်ပိုင်း ၂၀၀၃ ခုနှစ်မှာ Stanford University မှာ စကားပြောရင်း ခုလိုပြောခဲ့တယ်။ *"တကယ်တော့ ဘဏ်တွေမှာ web security ရှိစေဖို့ ခေတ်မီပစ္စည်းတွေ အများကြီးဝယ်ပြီး တပ်ဆင်ပေးတာ၊ ပိုက်ဆံတွေ အများကြီးသုံးတာတွေ လုပ်ပေးစရာ မလိုပါဘူး။ ငွေစာရင်းအချက်အလက်တွေ သိမ်းထားဖို့ ဆော့ဖ်ဝဲတစ်ခု ရေးလိုက်ရုံပါပဲ"* တဲ့။

Pinnacle က သိပ္ပံပညာရှင်တွေက အီလွန်မတ်ကို ပြောကြပြန်တယ်။ လူတွေဟာ အွန်လိုင်းကနေ ပစ္စည်းမဝယ်ရဲကြဘူး။ ပစ္စည်းဝယ်ရင် သူတို့ရဲ့ အကြွေးကတ်ရဲ့ နံပါတ်တွေကို ရိုက်ထည့်ပေးရလို့ သူတို့ရဲ့ ဘဏ်အကောင့်ထဲမှာ ငွေဘယ်လောက်ရှိသလဲဆိုတာကို သိပြီး ခိုးယူသွားမှာကို စိုးရိမ်ကြလို့ပါတဲ့။ အီလွန်မတ်က သူတို့ကို ပြန်ပြောတယ်။ *"အဲဒါဆိုရင် ငွေကြေးအတွက် လုံးဝစိတ်ချရတဲ့ အင်တာနက်ဘဏ်တစ်ခု ထူထောင်လိုက်ရုံပေါ့။ အဲဒီဘဏ်ဟာ ရိုးရိုးဘဏ်တွေလိုပဲ ငွေစုလို့ရမယ်။ ငွေချေးလို့ရမယ်။ ပစ္စည်းဝယ်ရင် ငွေပေးချေလို့ရမယ်။ အာမခံလက်မှတ် ဝယ်နိုင်မယ်တဲ့"*။ အခုပြောတဲ့ အင်တာနက်ဘဏ်ကို တည်ထောင်ဖို့ ဖြစ်နိုင်ပေမယ့် အစကနေ စလုပ်ရမှာမို့ အခက်အခဲ အများကြီးရှိနိုင်ပါတယ်။ ဆီလျော်တဲ့ ဆော့ဖ်ဝဲတစ်ခုကို လုပ်ယူရမှာပါ။ ဒါပေမဲ့ အဲဒီဆော့ဖ်ဝဲဟာ Zip2 က ပီဇာဝယ်ချင်လို့ ပီဇာဆိုင်ကိုလမ်းညွှန်ပေးတာ သို့မဟုတ် အိမ်ဝယ်ချင်လို့ ရောင်းမယ့်အိမ်တွေရှိတဲ့နေရာကို ရှာပေးတာလုပ်ပေးတဲ့ ဆော့ဖ်ဝဲထက် အများကြီး ပိုခက်ပါမယ်။ နောက်ပြီး လူအများရဲ့ငွေတွေနဲ့ ပတ်သက်နေတာကြောင့် အမှားအယွင်း အဖြစ်မခံနိုင်ဘူး။ အမှားအယွင်းဖြစ်ရင် ဘဏ်ရဲ့နာမည်ကို ထိခိုက်သွားနိုင်တယ်။

စောစောကပြောသလို အခက်အခဲတွေနဲ့ ကြုံတွေ့နိုင်ပေမယ့် အီလွန်မတ်ကတော့ အင်တာနက်ဘဏ်အကြံကို စတင် အကောင်အထည်ဖော်တယ်။ Zip2 ကုမ္ပဏီကို Compaq Computer ကုမ္ပဏီထံ မရောင်းခင်မှာကတည်းက အီလွန်မတ်က Zip2 က အတော်ဆုံးအင်ဂျင်နီယာတွေနဲ့ စကားပြောပြီး သူ့စတင်မယ့် လုပ်ငန်းသစ်မှာ ဘယ်သူတွေ ပါဝင်ချင်သလဲလို့ မေးတယ်။ ဒါတင်မကသေးဘူး။ သူ့အရင် လုပ်ငန်းခွင် လက်တွေ့ဆင်းခဲ့တဲ့ ကနေဒါနိုင်ငံက Nova Scotia

ဘဏ်ကြီးရဲ့ အရာရှိတွေနဲ့ဆက်သွယ်ပြီး သူနဲ့လက်တွဲလုပ်ဖို့ ကမ်းလှမ်းတယ်။ ဒီလိုနဲ့ ၁၉၉၉ ခုနှစ် ဇန်နဝါရီလအတွင်း Zip2 ကုမ္ပဏီကို ရောင်းတော့မယ်လို့ ကြေညာလိုက်ချိန်မှာ အီလွန်မတ်ဟာ သူ့လုပ်ငန်းသစ်အတွက် စတင်ပြင်ဆင်နေပါပြီ။ ဖေဖော်ဝါရီလမှာ Compaq Computer ကုမ္ပဏီက Zip2 ကို ဝယ်လိုက်တယ်။ မတ်လမှာ အီလွန်မတ်က အင်တာနက်ဘဏ်ဖြစ်တဲ့ 'X.com' ကုမ္ပဏီကို ထောင်လိုက်တယ်။

ကနေဒါနိုင်ငံကနေ ကျောပိုးအိတ်တစ်လုံးလွယ်ပြီး ထွက်လာခဲ့တဲ့ အီလွန်မတ်ဟာ အမေရိကန်နိုင်ငံရောက်ပြီး ၁၀ နှစ်မပြည့်ခင် အသက် ၂၇ နှစ်အရွယ်မှာ မီလျံနာသူဌေးလေး ဖြစ်နေပါပြီ။ Zip2 ကုမ္ပဏီကို ရောင်းလိုက်လို့ ဒေါ်လာ ၂၂ သန်းရပြီး သူဟာ တခြားသူ သုံးယောက်အတူတွဲနေရတဲ့ တိုက်ခန်းကျဉ်းလေးကနေ စတုရန်းပေ ၁၈၀၀ ရှိတဲ့ ကွန်ဒိုတိုက်တစ်လုံးကို ပြောင်းရွှေ့တယ်။ တိုက်ကို စိတ်ကြိုက် ပြင်ဆင်မွမ်းမံတယ်။ ဒေါ်လာတစ်သန်းတန်တဲ့ McLaren F1 sports car ပြိုင်ကားတစ်စီး ဝယ်တယ်။ ပန်ကာတစ်လုံးတပ် လေယာဉ်ပျံငယ်တစ်စီးလည်း ဝယ်လိုက်ပြီး လေယာဉ်အမောင်း သင်တယ်။ သူဟာ Silicon Valley မှာ အသစ်စက်စက် မီလျံနာသူဌေးပေါက်စလေးအဖြစ် နာမည်ကြီးနေတယ်။ သူ့တိုက်အောက်ကို မနက် ၇ နာရီမှာ သူဝယ်ထားတဲ့ McLaren F1 ကားလာပို့တာကို CNN ရုပ်သံလွှင့်ဌာနက တီဗီလာရိုက်ကူးတယ်။ ဘီး ၁၀ လုံးတပ် ထရပ်ကားကြီးရောက်လာပြီး ကားပေါ်က ပြောင်လက်တောက်ပတဲ့ ငွေရောင်ပြိုင်ကားလေးကို အောက်ချပေးတယ်။ အဲဒါကို အီလွန်မတ်ဟာ လက်ပိုက်ရင်းပြုံးပြီးကြည့်နေတယ်။ *"တစ်ကမ္ဘာလုံးမှာ McLaren ကား ၆၂ စီးပဲ ရှိပါတယ်။ အဲဒါတွေထဲက တစ်စီးဖြစ်တဲ့ ဒီကားကို ကျွန်တော်ပိုင်တာပေါ့ဗျာ"* လို့ အီလွန်မတ်က CNN ရုပ်သံအဖွဲ့က ရိုက်ကူးနေသူကို ပြောလိုက်တယ်။ *"ဝိုး... ကျွန်တော့်ဆီ ဒီကား ရောက်လာလို့ ဟော်လိုက်တာဗျာ"* လို့ သူက ဆက်ပြောတယ်။

CNN အဖွဲ့ကလည်း ကားလာပို့တာကို တီဗီရိုက်ကူးတဲ့အပြင် အီလွန်မတ်နဲ့လည်း အင်တာဗျူး အမေးအဖြေ လုပ်တယ်။ အီလွန်မတ်ဟာ ဆံပင်ကို တိုအောင်ညှပ်ထားလို့ လူငယ်လေးတစ်ယောက်နဲ့ တူနေတယ်။ အညိုရောင်

သားရေဂျာကင်ဝတ်ထားတဲ့ အီလွန်မတ်ဟာ ကားအသစ်ပေါ်မှာ ထိုင်နေတဲ့ ချောမောလှပတဲ့ သူ့ရည်းစား၊ ဂျပ်စတင်ဘေးမှာ ဝင်ထိုင်ပြီး သူ့မိုဘိုင်းဖုန်းနဲ့ စကားပြောနေတယ်။ သူဟာ သူ့ဘဝကို အကျေနပ်ကြီးကျေနပ်ပြီး ပျော်ရွှင်နေပုံ ရတယ်။ ဖုန်းပြောတာကို ရပ်လိုက်ပြီး CNN အဖွဲ့က လူတစ်ယောက်ကို ခုလို လှမ်းပြောလိုက်တယ်။ *"ဒီကားဟာ ကမ္ဘာပေါ်မှာ အမြန်ဆုံးကားပါ"* လို့။ ပြီးတော့ သူက ဆက်ပြောပြန်တယ်။ *"ကျွန်တော် ဘဟားမားနိုင်ငံက ကျွန်းတစ်ကျွန်းကို ဝယ်ပြီး ကျွန်တော့်ရဲ့ကိုယ်ပိုင်ကျွန်းလို့သတ်မှတ်ဖို့ ငွေရှိနေပါပြီ။ ဒါပေမဲ့ ကျွန်တော် မဝယ်ပါဘူး။ ကုမ္ပဏီအသစ်တစ်ခုထောင်ဖို့ပဲ စိတ်ဝင်စားပါတယ်"* တဲ့။ အီလွန်မတ်က ခေါ်လို့ CNN အဖွဲ့ဟာ X.com ရုံးခန်းသစ်ဆီသွားပြီး တီဗီရိုက်ကြပြန်တယ်။ အဲဒီမှာ အီလွန်မတ်က သူတို့ကို ခုလိုပြောပြန်တယ်။ *"ကျွန်တော် ကြွားပြောတာ မဟုတ်ပါဘူး။ ကျွန်တော် ဖုန်း နှစ်ခါ သုံးခါလောက် ကောက်ဆက်လိုက်တာနဲ့ ဒေါ်လာ သန်း ၅၀ ရအောင် လုပ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ X.com ရှိနေပြီဖြစ်လို့ပါ။ X.com ဟာ ဒေါ်လာ ဘီလီယံပေါင်းများစွာရအောင် လုပ်ပေးပါလိမ့်မယ်"*။ သူဟာ အခုမှစထောင်တဲ့ X.com ကုမ္ပဏီဟာ ကျိန်းသေပေါက် အောင်မြင်မယ်လို့ ယုံကြည်နေတယ်။

အီလွန်မတ်ဟာ သူ့ရဲ့ကားအသစ် McLaren ကို ဖလော်ရီးဒါ၊ပြည်နယ်က ကားရောင်းသူတစ်ယောက်ဆီကနေ ဝယ်ခဲ့တာပါ။ ဘီလျံနာသူဌေးကြီး 'ရာ့ဖ်လောရင်' က အဲဒီကားကိုဝယ်ဖို့ စုံစမ်းနေတုန်းမှာ သူက ဦးအောင်ဝယ်ခဲ့တာပါ။ McLaren ကားကို ပိုင်ကြတဲ့ သူဌေးကြီးတွေဟာ သူတို့ကားတွေကို အခမ်းအနားရှိတဲ့အခါနဲ့ တနင်္ဂနွေနေ့ အပန်းဖြေထွက်တဲ့အခါမှာပဲ မောင်းတတ်ကြတယ်။ ကားဟာ စျေးကြီးလွန်းတာကြောင့် ပျက်စီးမှာစိုးလို့ တယုတယထားကြတယ်။ ဒါပေမဲ့ အီလွန်မတ်ကျတော့ သူတို့လိုမဟုတ်ဘူး။ ကားကို Silicon Valley က နေရာအနှံ့မှာ မောင်းတယ်။ သူ X.com ရုံးနားက လမ်းဘေးမှာ ရပ်နားထားတတ်တယ်။ သူ့ကားပေါ်မှာ ငှက်ချေးတွေ ပေနေတာ၊ သို့မဟုတ် ကုန်တိုက်ကြီးရဲ့ ကားရပ်တဲ့နေရာမှာ သူ့ကား ရပ်ထားတာကိုတွေ့ရလို့ သူ့သူငယ်ချင်းတွေ အံ့သြနေကြတယ်။ တစ်ရက်မှာ အီလွန်မတ်ဟာ McLaren ကားတစ်စီးရဲ့ ပိုင်ရှင် 'လယ်ရီ

အဲလီဆန်' (Oracle ဆော့ဖ်ဝဲလ်ကို ပူးတွဲတီထွင်သူ) ဆီ အီးမေးလ်တစ်စောင် ပို့လိုက်တယ်။ သူကားနဲ့ ကွင်းပြင်တစ်ခုမှာ ကားမောင်းပြိုင်ကြမလားတဲ့။ လယ်ရီက သူ မအားလို့ ကားမောင်းမပြိုင်နိုင်သေးဘူးလို့ အီးမေးလ်နဲ့ အကြောင်းပြန်တယ်။ နောက်တော့ သူတို့နှစ်ယောက်ဟာ အီးမေးလ်တွေနဲ့ ဆက်သွယ်ရင်းခင်မင်သွားကြတယ်။ အီလွန်မတ်က လယ်ရီကို ကားမောင်းပြိုင်မလားလို့ စိန်ခေါ်တဲ့သတင်းကို ကြားသွားတဲ့ ဘီလျံနာသူဌေးကြီး 'ဂျင်မ်ကလပ်' က သူ့သူငယ်ချင်းတစ်ယောက်ကို ပြောတယ်။ သူ အီလွန်မတ်နဲ့ ကားမောင်းပြိုင်ချင်လို့ ဖယ်ရာရီ ကားတစ်စီး ရှာဝယ်ပေးပါတဲ့။ *"ဘာပဲဖြစ်ဖြစ် အီလွန်မတ်ဟာ ဘီလျံနာသူဌေးကြီးတွေက တစ်တန်းစားတည်း သတ်မှတ်နေကြလို့ သူ သဘောကျနေတယ်"* လို့ ရင်းနှီးမြှုပ်နှံသူ 'ဂျော့ဇာခရီ' က ပြောပါတယ်။

နောက်တစ်နှစ်အကြာ တစ်ညနေခင်းမှာ အီလွန်မတ်ဟာ Sand Hill Road အတိုင်း သူ့ရဲ့ McLaren ကားလေးကို မောင်းနေတယ်။ X.com မှာ ရင်းနှီးမြှုပ်နှံချင်သူတစ်ယောက်နဲ့ တွေ့ဖို့ပါ။ သူ့ဘေးမှာ သူငယ်ချင်းတစ်ယောက် ထိုင်ပြီး လိုက်ပါလာတယ်။ သူက သူငယ်ချင်းကို *"ငါ့ကား ဘယ်လောက်မြန်တယ် ဆိုတာ ပြမယ်"* လို့ ပြောပြီးပြီးချင်း ကားအရှိန်ကို ရုတ်တရက် မြှင့်တင်လိုက်တယ်။ ကားဟာ လမ်းကြောင်းပြောင်းသွားပြီး လမ်းဘေးကို လျှောထွက်သွားတယ်။ လမ်းဘေးပလက်ဖောင်းကို ဝင်တိုက်မိတယ်။ ကားဟာ Frisbee ဆိုတဲ့ ပစ်ကစားရတဲ့ လေဝဲပန်းကန်ပြားလို လေထဲမှာ ဝဲပျံသွားပြီး မြေပြင်ပေါ် ပြုတ်ကျတယ်။ ကားမှန်တွေကွဲပြီး ဘီးတွေလည်း ပြုတ်ထွက်ကုန်ကြတယ်။ ကားဘော်ဒီလည်း အကြီးအကျယ် ပိန်ချိုင့်သွားတယ်။ အီလွန်မတ်နဲ့ သူငယ်ချင်းတို့ဟာ ကားပေါ်က ပြုတ်ကျပြီး လမ်းဘေးမှာ ခွေခွေလေး လဲကျနေကြတယ်။ နှစ်ယောက်စလုံး ဂ်ကောင်းစွာနဲ့ ဒဏ်ရာကြီးကြီးမားမား မရကြဘူး။ သတိလည်း မေ့မသွားကြဘူး။ အီလွန်မတ်က တုန်လှုပ်ချောက်ချားနေတဲ့ သူ့ သူငယ်ချင်းကို ပြောလိုက်တယ်။ *"ငါ ကားကို အာမခံထားဖို့ မေ့နေတယ်ကွာ"* တဲ့။ သူတို့နှစ်ယောက်ဟာ မှောက်နေတဲ့ ကားကို ဒီတိုင်းထားခဲ့ကြတယ်။ လမ်းမှာတွေ့တဲ့ ကားတစ်စီး တားစီးပြီး တွေ့ရမယ့် ရင်းနှီးမြှုပ်နှံသူဆီ သွားကြတယ်။

ခ္ပီးကျူးစရာကောင်းတာက အီလွန်မတ်ဟာ Zip2 ရောင်းပြီးရတဲ့ငွေတွေနဲ့ ချမ်းသာလာပေမယ့် အဲဒီငွေတွေကို သောက်စားပျော်ပါးပြီး လွန်လွန်ကျွံကျွံ ဖြုန်းပစ်တာ မလုပ်ဘူး။ ရတဲ့ငွေတွေထဲက အတော်များများကို အင်တာနက်ဘဏ် ဖြစ်တဲ့ X.com ကုမ္ပဏီသစ်မှာ ရင်းနှီးမြှုပ်နှံလိုက်တယ်။ သူ အဲဒီလိုလုပ်တာ အကြောင်းရှိပါတယ်။ လုပ်ငန်းသစ်တစ်ခုကို စတင်ထူထောင်ပြီး နှစ်လအတွင်း ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်ရင် ထည့်ဝင်ငွေအပေါ်မှာ အမြတ်ခွန်သက်သာခွင့် အများကြီးရလို့ပါ။ ဒါပေမဲ့ အောင်မြင်ဖို့ မသေချာမရေရာတဲ့ အင်တာနက်ဘဏ် တစ်ခုမှာ ဒီလောက် ငွေအများကြီး ပုံအောထည့်လိုက်တာကတော့ အံ့သြစရာပါ။ အီလွန်မတ်ဟာ Zip2 ရောင်းလို့ရတဲ့ ဒေါ်လာ ၂၂ သန်းထဲက ဒေါ်လာ ၁၂ သန်းကို X.com ထဲ ထည့်ဝင်လိုက်တယ်။ ကျန်တဲ့ငွေထဲက အခွန်ဆောင်တာ၊ ကွန်ဒိုနဲ့ ကားဝယ်တာတွေ လုပ်ပြီးသွားတော့ သူသုံးဖို့ ဒေါ်လာ ၄ သန်း ကျန်တယ်။ *"အီလွန်မတ်ဟာ တခြားသူတွေနဲ့ ကွာတယ်။ သူဟာ မိုက်မဲလွန်းစွာ စွန့်စားမှုကြီး လုပ်တတ်တယ်။ သူ့ရဲ့ကုမ္ပဏီသစ်မှာ သူဌေးဖြစ်ခွေးဖြစ် လောင်းရဲတယ်"* လို့ Zip2 ကုမ္ပဏီမှာတုန်းက အမှုဆောင်အရာရှိဖြစ်ခဲ့ပြီး X.com ကုမ္ပဏီကို ပူးတွဲ တည်ထောင်သူ 'အက်ဒ်ဟိုး'က ပြောပြတယ်။

အီလွန်မတ်ဟာ အင်တာနက်ဘဏ်ထောင်မှာဖြစ်ပေမယ့် ဘဏ်လုပ်ငန်း အကြောင်း နည်းနည်းလေးပဲ သိတယ်။ ဒါပေမဲ့ သူ အဲဒီအတွက် မပူဘူး။ သူက ခုလို အမြဲပြောလေ့ရှိတယ်။ *"ဘဏ်လုပ်ငန်းရှင်တွေဟာ ငွေစာရင်းလုပ်ရာမှာ အမှားတွေလုပ်တတ်ကြတယ်။ ကျွန်တော် သူတို့ထက်တော့ သာပါတယ်ဗျာ"* တဲ့။ သူ့ရဲ့မှာနကြောင့် တချို့က သူကို ဟိတ်ဟန်မျှားသူ၊ မရိုးဖြောင့်သူလို့ ထင်ကြတယ်။ အီလွန်မတ်ဟာ အဲဒီလူတွေ မှားကြောင်း သက်သေပြရပါတော့မယ်။

X.com ကုမ္ပဏီသစ်မှာ အီလွန်မတ်က CEO အဖြစ် တာဝန်ယူတယ်။ သူနဲ့ ပထမဆုံးပူးပေါင်းလာသူက အက်ဒ်ဟိုးပါ။ အက်ဒ်ဟိုးဟာ SGI ကုမ္ပဏီနဲ့ Zip2 ကုမ္ပဏီတို့မှာ အင်ဂျင်နီယာအဖြစ် လုပ်ခဲ့တယ်။ နောက်တော့ Zip2 မှာ အမှုဆောင်အရာရှိ ဖြစ်လာခဲ့တယ်။ သူ့ရဲ့ ကွန်ပျူတာပရိုဂရမ် ကျွမ်းကျင်မှုနဲ့ လူတွေကို စိမ်အုပ်ချုပ်ရာမှာ တော်တဲ့ အရည်အချင်းကို တခြားသူတွေ အံ့သြ

ချီးကျူးကြတယ်။ မကြာခင်မှာ အီလွန်မတ်နဲ့ အက်ဒ်ဟိုးကို ဘဏ်လုပ်ငန်း အတွေ့အကြုံရှိကြတဲ့ ကနေဒါလူမျိုး လူငယ်နှစ်ယောက် လာပူးပေါင်းကြပြန်တယ်။ 'ဟဲရစ် ဖရစ်ကာ' နဲ့ 'ခရစ္စတိုဖာပိန်း' တို့ပါ။ အီလွန်မတ်ဟာ Bank of Nova Scotia ဘဏ်မှာ လုပ်ငန်းခွင် လက်တွေ့ဆင်းတုန်းက ဘဏ်အရာရှိ ဖရစ်ကာနဲ့ သိကျွမ်းရင်းနှီးခဲ့တယ်။ တောင်အာဖရိကနိုင်ငံ Rhodes University ကနေ ဘွဲ့ရခဲ့တဲ့ ဖရစ်ကာဟာ ဘဏ်လုပ်ငန်းအတွေ့အကြုံ အများကြီးရထားတယ်။ ပိန်းကလည်း ဖရစ်ကာနဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်ပြီး သူလည်း ဖရစ်ကာလို ဘဏ်လုပ်ငန်းအတွေ့အကြုံ အများကြီးရှိထားသူပါ။ သူတို့နှစ်ယောက်ရဲ့ လုပ်ငန်းအတွေ့အကြုံတွေဟာ X.com အတွက် အများကြီး အသုံးဝင်ပါတယ်။ အီလွန်မတ်၊ အက်ဒ်ဟိုး၊ ဖရစ်ကာနဲ့ ပိန်းတို့ လေးယောက်ဟာ X.com ကို ပူးတွဲ တည်ထောင်ကြသူများလို့ ပြောလို့ရပါတယ်။ (ကင်းဘားကတော့ ဘဏ်လုပ်ငန်း နားမလည်လို့ဆိုပြီး အီလွန်မတ်တို့နဲ့ မပူးပေါင်းဘူး)။ အီလွန်မတ်ဟာ ငွေအများဆုံးကို ရင်းနှီးငွေထည့်ဝင်ထားလို့ ရှယ်ယာအများဆုံးပိုင်ဆိုင်သူ ဖြစ်လာတယ်။ X.com ကုမ္ပဏီလည်း Silicon Valley က အောင်မြင်သွားကြတဲ့ ကုမ္ပဏီတွေလိုပါပဲ။ အိမ်ခန်းလေးတစ်ခန်းကနေ လုပ်ငန်းစခဲ့ကြတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာ X.com ရုံးခန်းကို Palo Alto မြို့ပေါ်က University Avenue အမှတ် (၃၉၄) မှာ ဖွင့်လှစ်လိုက်ကြတယ်။

အီလွန်မတ်ဟာ တက္ကသိုလ်တက်နေစဉ် ကျောင်းပိတ်ရက်အတွင်း Bank of Nova Scotia ဘဏ်မှာ လုပ်ငန်းခွင် လက်တွေ့ဆင်းခဲ့လို့ ဘဏ်လုပ်ငန်းအကြောင်း နည်းနည်းသိခဲ့တယ်။ ဘဏ်လုပ်ငန်းအကြောင်း ပိုသိချင်လို့ အဲဒါနဲ့ ပတ်သက်တဲ့ စာအုပ်အတော်များများ ဖတ်တယ်။ စာတွေ့အရ သူ အတော်လေး သိလာခဲ့တယ်။ ဒါကြောင့် သူဟာ ဖရစ်ကာ၊ ပိန်းတို့နဲ့ ဘဏ်လုပ်ငန်းအကြောင်း ဆွေးနွေးလာနိုင်တယ်။ အီလွန်မတ်၊ အက်ဒ်ဟိုး၊ ဖရစ်ကာနဲ့ ပိန်းတို့ လေးယောက်စလုံးဟာ လက်ရှိဘဏ်လုပ်ငန်းဟာ ခေတ်မမီဘူးဆိုတာကို သဘောတူကြတယ်။ ဘဏ်တစ်ခုထဲဝင်ပြီး ကောင်တာက စာရေး၊ စာရေးမကို ငွေထုတ်ချင်ကြောင်း သို့မဟုတ် ငွေသွင်းချင်ကြောင်း ပြောရတာဟာ ခေတ်မမီတော့ဘူး။ ငွေသွင်း

ငွေထုတ်တာကို လူကိုယ်တိုင် ဘဏ်သွားစရာမလိုဘဲ အင်တာနက်ကနေ လုပ်သင့်တယ်လို့ သူတို့ယူဆကြတယ်။ အီလွန်မတ်တို့ဟာ ဘဏ်လုပ်ငန်းကို အင်တာနက်နဲ့ ခေတ်မီအောင်လုပ်ဖို့ အားသန်နေကြတယ်။ ဒါပေမဲ့ သူတို့မှာ အဲဒါကိုလုပ်ဖို့ အခက်အခဲတစ်ခု ရှိနေတယ်။ အခက်အခဲက အစိုးရရဲ့ လက်ရှိ ဘဏ်စည်းမျဉ်းစည်းကမ်းတွေဟာ အင်တာနက်နဲ့လုပ်မယ့်ဘဏ်အတွက် မကိုက်ညီတာတွေ အများကြီး ရှိနေကြတာပါ။ *"ဒီလိုနဲ့ ကျွန်တော်တို့ အလုပ်စလုပ်ဖို့ ၄-၅ လလောက် အချိန်ကုန်သွားကြတယ်။ ပြဿနာတွေကို ဖြေရှင်းနေကြရလို့ပါ"*။

အလုပ်တွဲလုပ်ကြတော့ သူတို့လေးယောက်ဟာ အကျင့်စရိုက် ကွဲပြားခြားနားမှုကြောင့် အချင်းချင်းကြား မကြာခဏ ပြဿနာတက်ကြတယ်။ ဒီအချိန်မှာ အီလွန်မတ်ဟာ Silicon Valley မှာ တက်သစ်စ superstar တစ်ယောက် ဖြစ်နေပြီ။ သတင်းသမားတွေကလည်း သူ့နောက် တကောက်ကောက်လိုက်ပြီး သူပြောသမျှကို သတင်းစာတွေမှာ ရေးပြကြတယ်။ အီလွန်မတ်ကလည်း သူတို့ဟာ လက်ရှိဘဏ်စနစ်ကို ပြောင်းလဲပစ်မယ်လို့ ပြောနေတယ်။ အဲဒါကို ဖရစ်ကာ သဘောမကျဘူး။ သူဟာ ဘဏ်လုပ်ငန်းအတွေ့အကြုံ အများကြီးရှိထားလို့ လက်ရှိ ဘဏ်စနစ်ကို ချက်ချင်းပြောင်းပစ်ဖို့ မလွယ်မှန်း သိတယ်။ မိမိတို့လိုချင်တဲ့ အင်တာနက်ဘဏ်ရဖို့ပဲ တစ်ဆင့်ချင်း လုပ်သင့်တယ်လို့ ယုံကြည်တယ်။ *"သူ (အီလွန်မတ်) ဟာ သတင်းသမားတွေကို မဖြစ်နိုင်တဲ့ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတယ်"* လို့ ဖရစ်ကာက သူ့သူငယ်ချင်းတွေကို ပြောပြတယ်။ ဒါကြောင့်လည်း စိတ်ထဲရှိတာကို မထိန်းချုပ်ဘဲ ပြောတတ်တဲ့ အီလွန်မတ်နဲ့ အေးအေးဆေးဆေးနေပြီး စကားနည်းတဲ့ ဖရစ်ကာတို့ မကြာခဏ တကျက်ကျက် စကားများကြတယ်။

ဖရစ်ကာနဲ့ အီလွန်မတ်တို့ရဲ့ တကျက်ကျက် စကားများတာဟာ လျင်မြန်စွာ ပြီးဆုံးသွားတယ်။ X.com ကုမ္ပဏီကို စထောင်ပြီး ၅ လအကြာမှာ ဖရစ်ကာက အီလွန်မတ်ကို တစ်ခုတောင်းဆိုတယ်။ အဲဒါနဲ့ပတ်သက်ပြီး အီလွန်မတ်က ခုလို ပြောပြတယ်။ *"သူ (ဖရစ်ကာ) က CEO ရာထူး ရချင်တယ်။ အဲဒီရာထူးမရရင် သူ အလုပ်ကထွက်မယ်။ နောက်ပြီး ကုမ္ပဏီကလူတွေကို ခေါ်သွားပြီး နောက်*

ကုမ္ပဏီ ထောင်မယ်လို့ ခြိမ်းခြောက်တယ်။ ကျွန်တော်လည်း သူ့ကို ချက်ချင်း တုံ့ပြန်ပြောလိုက်တယ်။ 'ငါ့ကိုအကျပ်ကိုင်တာ ငါ မကြိုက်ဘူး။ မင်းလိုချင်တာ ငါမပေးဘူး။ မင်း ကြိုက်တာကို ရွေးလို့ရတယ်' လို့ပါ။ သူလည်း ချက်ချင်း အလုပ်ထွက်သွားတယ်။ ကုမ္ပဏီက လူအတော်များများကိုလည်း ခေါ်သွားတယ်" ။ အီလွန်မတ်ဟာ အက်ဒ်ဟိုး။ ပိန်းနဲ့ အမိကကျတဲ့ အင်ဂျင်နီယာတွေကို အလုပ်မထွက်ဘဲ ကုမ္ပဏီမှာဆက်နေဖို့ ချော့မော့ဖျောင်းဖျတယ်။ ဒါပေမဲ့ သူတို့လည်း အလုပ်ထွက်ပြီး ဖရစ်ကာနောက် လိုက်သွားကြတယ်။ အီလွန်မတ်မှာ သူ့ကိုသစ္စာခံတဲ့ ဝန်ထမ်း အနည်းငယ်နဲ့ ကုမ္ပဏီနာမည်ပဲ ကျန်ခဲ့တယ်။ *"ဒီကိစ္စဖြစ်ပြီး သိပ်မကြာခင် တစ်မနက်မှာ ကျွန်မ အီလွန်မတ်နဲ့ သူ့ရုံးခန်းထဲမှာ ထိုင်နေကြတာကို မှတ်မိတယ်"* လို့ X.com မှာ အစောဆုံး အလုပ်ဝင်ခဲ့ပြီး ကုမ္ပဏီမှာဆက်ရှိနေတဲ့ ဝန်ထမ်းခန့်ထားရေး အမျိုးသမီးအရာရှိ 'ဂျူလီအင်ကင်ဘရန့်' က ပြောပြတယ်။ *"သူဟာ ကျွန်မကို အချိန်အတော်ကြာကြာ စကားမပြောဘဲ တစ်ခုခု တွေးနေတယ်။ သူ့မျက်နှာမှာ မခံချင်စိတ်၊ ဒေါသ၊ ဝမ်းနည်းကြေကွဲမှုတွေ ခံစားနေရတယ်။ သူဟာ ကျွန်မကို စကားတစ်ခွန်းပြောဖို့ အားယူနေတယ်။ သူပြောမယ့်စကားဟာ သူ့မှာ အားကိုးစရာ လူမရှိတော့လို့ X.com ကို ဖျက်သိမ်းပစ်တော့မယ်လို့ ထင်မိတယ်။ နောက်ဆုံးမှာ သူက လေအေးအေးနဲ့ 'ဂျူလီ၊ ငါတို့ လူသစ်တွေ အများကြီးခန့်မယ်။ အဲဒါအတွက် စီစဉ်လိုက်ပါ' လို့ ပြောတယ်။ ဘာပဲဖြစ်ဖြစ် သူ အရှုံးမပေးဘူးဆိုတာကို သိလိုက်ရလို့ ကျွန်မ ဝမ်းသာသွားတယ်"* လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်ဟာ X.com အတွက် ငွေတွေထပ်ရအောင် ကြိုးစားတယ်။ ရင်းနှီးမြှုပ်နှံသူတွေနဲ့တွေ့ပြီး X.com ကုမ္ပဏီရဲ့ အင်တာနက်ဘဏ် ထူထောင်ဖို့ ရည်မှန်းချက်ကို ရှင်းပြတယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ X.com ရဲ့ ရည်မှန်းချက် အောင်မြင်မယ်မထင်လို့ ရင်းနှီးငွေ မထည့်ကြဘူး။ ထူထောင်ခါစ ကုမ္ပဏီငယ်လေးတွေမှာ ရင်းနှီးမြှုပ်နှံတတ်တဲ့ Sequoia Capital က ထင်ရှားကျော်ကြားတဲ့ 'မိုက်မောရစ်ဇင်' ကတော့ အီလွန်မတ် ရှင်းပြတာကို ယုံကြည်လို့ ရင်းနှီးငွေ ထည့်ဝင်တယ်။ သိပ်အများကြီးတော့ မဟုတ်ပါဘူး။ တစ်ချိန်တည်းမှာ

အီလွန်မတ်ဟာ Silicon Valley ကိုသွားပြီး အဲဒီက ကုမ္ပဏီတွေမှာ အလုပ်လုပ်နေကြတဲ့ ကွန်ပျူတာအင်ဂျင်နီယာ လူငယ်တွေကို X.com မှာ လာလုပ်ဖို့ စည်းရုံးတယ်။ ၁၉၉၉ ခုနှစ်၊ သြဂုတ်လမှာ X.com ကနေ လူအများအပြား အလုပ်ထွက်ကုန်ကြပြီး မကြာခင်မှာ 'စကော့အင်ဒါဆင်' ဆိုတဲ့ ကွန်ပျူတာသိပ္ပံဘွဲ့ရ လူငယ်တစ်ယောက် X.com မှာ အလုပ်ဝင်တယ်။ *"X.com မှာ ကျွန်တော် အလုပ်စဝင်တော့ ရုံးခန်းအခြေအနေဟာ အတော်ပဲ ဖရိုဖရဲဖြစ်နေတယ်။ ရုံးခန်းထဲမှာ စားပွဲအလွတ်တွေ အများကြီးရှိနေကြတယ်။ ဝန်ထမ်းနည်းနည်းပဲ ရှိတယ်။ ရုံးကိုရောက်လာကြတဲ့ ရင်းနှီးမြှုပ်နှံမယ့်သူတွေဟာ ရုံးခန်းအခြေအနေကြောင့် ရင်းနှီးမြှုပ်နှံဖို့ လက်တွန့်သွားကြတယ်"* လို့ စကော့က ပြောပြတယ်။

တစ်ပတ်ပြီးတစ်ပတ် ကြာလာတော့ X.com မှာ ဘဏ်လုပ်ငန်း နားလည်တတ်ကျွမ်းသူတွေ၊ အင်ဂျင်နီယာအသစ်တွေ တိုးလာကြတယ်။ အီလွန်မတ်ရဲ့ မျှော်မှန်းချက်ဟာ တဖြည်းဖြည်း အကောင်အထည်ပေါ်လာတယ်။ X.com ဟာ အစိုးရဆီကနေ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်နဲ့ Mutual Funds (စတော့ရှယ်ယာ) လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်တွေ ရလိုက်တယ်။ မရှေးမနှောင်းမှာ Barclays ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးက ပါတနာအဖြစ် ပူးပေါင်းလာတယ်။ နိုဝင်ဘာလရောက်တော့ X.com က ဆော့ဖ်ဝဲရေးတဲ့အဖွဲ့ဟာ အင်တာနက်ဘဏ်အတွက် ဆော့ဖ်ဝဲတစ်ခုကို ရေးဆွဲလိုက်ကြတယ်။ အဲဒါဟာ ကမ္ဘာမှာမရှိသေးတဲ့ အင်တာနက်ဘဏ်အတွက် ကမ္ဘာ့ပထမဆုံး ဆော့ဖ်ဝဲဖြစ်ပါတယ်။ အီလွန်မတ်ဟာ အဲဒီဆော့ဖ်ဝဲ ကောင်းကောင်း အလုပ်လုပ် မလုပ်ကို စိတ်ဝင်စားလွန်းလို့ အဲဒီအဖွဲ့က အင်ဂျင်နီယာတွေကို သူ့ကိုယ်ပိုင်ပိုက်ဆံ ဒေါ်လာ တစ်သိန်း ထုတ်ပေးပြီး စမ်းသပ်ခိုင်းတယ်။ သူတို့လည်း စမ်းသပ်ပြီးတော့ အလုပ်ဖြစ်ကြောင်း အီလွန်မတ်ကို ပြန်ပြောကြတယ်။ ၁၉၉၉ ခုနှစ်ရဲ့ Thanksgiving Day (ဘုရားသခင်ရဲ့ ဂုဏ်တော်ကို ချီးမွမ်းတဲ့နေ့) ရဲ့ညမှာ တီဗီကနေ X.com ကုမ္ပဏီဟာ အင်တာနက်ဘဏ်ကို ဖွင့်လှစ်ကြောင်း ကြေညာတယ်။ *"ကျွန်တော် အဲဒီညက မနက် ၂ နာရီ အထိ ရုံးမှာရှိနေတယ်။ နောက်တော့ အိမ်ပြန်သွားတယ်။ အိမ်ရောက်တော့ မိသားစုနဲ့* Thanksgiving dinner *စားဖို့ ပြင်ဆင်တယ်။ ပြင်ဆင်နေတုန်းမှာ*

အီလွန်မတ်ဆီက ဖုန်းလာတယ်။ ရုံးက အင်ဂျင်နီယာတချို့ အရမ်းပင်ပန်းနေကြလို့ သူတို့ကို အနားပေးချင်တာကြောင့် ကျွန်တော့်ကို ရုံးပြန်လာပြီး လုပ်ပေးပါတဲ့။ အီလွန်မတ်လည်း အဲဒီညက မနက်အထိ အိမ်မပြန်ဘဲ အလုပ်လုပ်တယ်" လို့ အင်ဂျင်နီယာ စကော့အင်ဒါဆင်က ပြောပြတယ်။

အီလွန်မတ်ရဲ့ လမ်းညွှန်ချက်နဲ့ X.com ဟာ ဘဏ်လုပ်ငန်းတချို့ကို ပြုပြင်ပြောင်းလဲရေးတွေ လုပ်တယ်။ မက်လုံးပေးတဲ့အနေနဲ့ အင်တာနက်ဘဏ် အသုံးပြုတဲ့ ဖောက်သည်အသစ်တစ်ယောက်ကို ဒေါ်လာ ၂၀ အလကားပေးသလို ဖောက်သည်အသစ်တစ်ယောက် ရှာပေးသူတိုင်းကိုလည်း ၁၀ ဒေါ်လာ အလကားပေးတယ်။ X.com ရဲ့အကောင်းဆုံး ဝန်ဆောင်မှုတစ်ခုက ငွေလွှဲချင်ရင် ဘဏ်ကို လူကိုယ်တိုင်သွားစရာမလိုဘဲ X.com ဝက်ဆိုဒ်မှာ ငွေလွှဲလက်ခံမယ့်သူရဲ့ အီးမေးလ်လိပ်စာကို ထည့်ရိုက်လိုက်ရင် ဘဏ်က ငွေလက်ခံမယ့်သူဆီ ငွေပို့ထားကြောင်း အီးမေးလ်ပို့အကြောင်းကြားပေးတယ်။ X.com ရဲ့ရည်ရွယ်ချက်က ဘဏ်ကြီးတွေရဲ့ အလွန်နေးကွေးတဲ့ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ စတာတွေကို ကွန်ပျူတာကီးဘုတ်မှာ ခလုတ်နှစ်ချက်၊ သုံးချက် နှိပ်လိုက်တာနဲ့ လုပ်ပေးနိုင်ဖို့ပါ။ အဲဒီလို မြန်မြန်ဆန်ဆန်လုပ်နိုင်မှုကြောင့် X.com ရဲ့အင်တာနက်ဘဏ်လုပ်ငန်း စတင်ပြီး နှစ်လအတွင်းမှာ လူပေါင်း နှစ်သိန်းကျော်ဟာ X.com နဲ့ ငွေကြေးကိစ္စ အလုပ်လုပ်လာကြတယ်။

X.com လုပ်ငန်းစတင်ပြီး မကြာခင်မှာ ပြိုင်ဘက်ကုမ္ပဏီတစ်ခု ပေါ်လာတယ်။ 'မက်စ်လက်ချင်း' နဲ့ 'ပီတာတီယယ်' ဆိုတဲ့ ကွန်ပျူတာကျွမ်းကျင်တဲ့ လူငယ်နှစ်ယောက်ဟာ ပစ္စည်းဝယ်ရင် အွန်လိုင်းကနေ ငွေပေးချေတဲ့စနစ် ကျင့်သုံးတဲ့ Confinity ဆိုတဲ့ ကုမ္ပဏီလေးကို ထူထောင်လိုက်ကြတယ်။ ရယ်စရာကောင်းတာက Confinity ရဲ့ ရုံးခန်းဟာ X.com ရုံးခန်းနဲ့ ကပ်လျက်မှာ ရှိနေတာပါ။ *"အဲဒီကုမ္ပဏီနှစ်ခုစလုံးဟာ လူငယ်တွေ အများဆုံးဖြစ်ကြပြီး သူတို့ အချင်းချင်းလည်း ခင်မင်ကြတယ်"* လို့ X.com က အင်ဂျင်နီယာ စကော့အင်ဒါဆင်က ပြောပြတယ်။ *"ရုံးနှစ်ခုစလုံးမှာ အနုံ့အသက် အတော်ဆိုးကြတယ်။ ပီဇာစားပြီးသား စားကြွင်းစားကျန်တွေ၊ ကိုယ်နုံ့တွေ၊ ချွေးနုံ့တွေနဲ့ နံစော်နေတယ်"*

လို့ သူ ဆက်ပြောတယ်။

X.com နဲ့ Confinity တို့က လူငယ်တွေရဲ့ ရင်းရင်းနှီးနှီးဖြစ်နေမှုဟာ ရုတ်တရက် ရပ်တန့်သွားတယ်။ Confinity ရုံးခန်းကို X.com ရုံးနဲ့ မလှမ်းမကမ်းနေရာကို ပြောင်းရွှေ့သွားလိုပါ။ မကြာခင်မှာ Confinity ဟာ ပစ္စည်းဝယ်ရင် အင်တာနက်ကနေ ငွေပေးချေတာနဲ့ ငွေလွှဲဖို့ပေးတဲ့ Paypal ဆိုတဲ့ ဝက်ဆိုဒ် တစ်ခု ထောင်လိုက်တယ်။ အခု X.com နဲ့ Confinity တို့ဟာ သူတို့ရဲ့အင်တာနက်ကနေ ငွေပေးချေတဲ့စနစ်ကိုသုံးဖို့ ဖောက်သည်အများကြီးရဖို့ အပြိုင်အဆိုင်ကြိုးစားကြတယ်။ ဖောက်သည်များများရသူဟာ နောက်ဆုံးမှာ နိုင်မယ်လို့ သိကြတယ်။ ဒါကြောင့် သူတို့ကုမ္ပဏီကို လူများများသိစေဖို့အတွက် ကြော်ငြာတွေကို ဒေါ်လာသိန်းချီ အကုန်ခံပြီး ကြော်ငြာကြတယ်။ ကုမ္ပဏီနှစ်ခုစလုံးရဲ့ အွန်လိုင်းငွေကြေးစနစ်တွေဟာ လုပ်ခါစမို့ လုံခြုံမှုမှာ အားနည်းနေကြတယ်။ အဲဒါကို အခွင့်ကောင်းယူပြီး ကွန်ပျူတာ hacker တွေဟာ အဲဒီကုမ္ပဏီတွေရဲ့ ငွေစာရင်းထဲက ပိုက်ဆံတွေကို ခိုးယူကြတယ်။ ကုမ္ပဏီနှစ်ခုစလုံးလည်း ငွေတွေအခိုးခံရလို့ ဒေါ်လာသိန်းချီ ဆုံးရှုံးကြတယ်။ *"ကုမ္ပဏီနှစ်ခု လုပ်နေကြတာဟာ ဘာနဲ့တူကြသလဲ ဆိုတော့ ပွဲကြည့်စင်ပေါ်မှာ တိုင်တွေကိုပတ်ပြီး ကနေကြတဲ့ မလုံ့တလုံ့ အဖော်အ၍ျတ်သမလေးတွေကို ငွေစက္ကူတွေနဲ့ ပေါက်နေကြသလိုပဲ။ ပိုက်ဆံတွေကို ရက်ရက်စက်စက် ဖြုန်းနေကြတယ်ဗျာ"* လို့ X.com မှာ အင်ဂျင်နီယာလုပ်ခဲ့ပြီး နောက်ပိုင်းကျတော့ Yelp ကုမ္ပဏီမှာ CEO ဖြစ်သွားတဲ့ 'ဂျယ်ရယ်မီစတော့' က ပြောပြတယ်။

၂၀၀၀ ပြည့်နှစ် မတ်လမှာ X.com နဲ့ Confinity ကုမ္ပဏီနှစ်ခုဟာ ငွေတွေအများကြီး သုံးနေကြတာကို ရပ်စဲကြဖို့ သဘောတူလိုက်ကြတယ်။ Confinity ဟာ PayPal ဝက်ဆိုဒ်နဲ့ အောင်မြင်မှုရနေပေမယ့် ဖောက်သည်သစ်ရှာပေးသူတွေကို မက်လုံးပိုက်ဆံတွေ ပေးနေရလို့ တစ်ရက်မှာ ဒေါ်လာတစ်သိန်းလောက် ကုန်နေတာကြောင့် ကုမ္ပဏီမှာ ပိုက်ဆံသိပ်မကျန်တော့ဘူး။ တစ်ဖက်မှာ X.com ဟာ ငွေတွေအများကြီးရှိနေသလို အင်တာနက်ဘဏ်လုပ်ငန်းတချို့ လုပ်ပေးနေရလို့ အားသာမှုရနေတယ်။ နောက်ဆုံးမှာ ကုမ္ပဏီနှစ်ခု ပေါင်းလိုက်ပြီး

ပေါင်းလိုက်တဲ့ ကုမ္ပဏီကို X.com နာမည်ပဲ ဆက်ထားတယ်။ အီလွန်မတ်ဟာ ကုမ္ပဏီသစ်ရဲ့ ရှယ်ယာအများဆုံးပိုင်ဆိုင်သူ ဖြစ်လာခဲ့တယ်။ သိပ်မကြာခင်မှာ X.com ဟာ Deutsche Bank (ဒွိုက်ချ်ဘဏ်) နဲ့ Goldman Sachs စတဲ့ ရင်းနှီးမြှုပ်နှံမှု ဘဏ်တွေအပါအဝင် ရင်းနှီးမြှုပ်နှံသူတွေဆီက ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ သန်း ၁၀၀ ကို ရလိုက်ပါတယ်။ ဒီအချိန်မှာ X.com က သူ့မှာ ဖောက်သည် တစ်သန်း ကျော်ရှိနေပြီလို့ ဂုဏ်ယူဝင့်ကြွားစွာ ကြေညာလိုက်တယ်။

ကုမ္ပဏီနှစ်ခု ပူးပေါင်းလိုက်ကြလို့ ကုမ္ပဏီဝန်ထမ်းတွေဟာ ပူးပေါင်းလုပ်ဆောင်ဖို့ ကြိုးစားကြတယ်။ X.com က ဝန်ထမ်းတွေဟာ သူတို့ရဲ့ ကွန်ပျူတာနဲ့ မော်နီတာတွေကို ဘီးတပ်ထားတဲ့ စားပွဲတွေပေါ်တင်ပြီး မလှမ်းမကမ်းက Confinity ရုံးခန်းဆီ တွန်းသွားကာ အဲဒီမှာ အလုပ် အတူလုပ်ကြတယ်။ သူတို့ဟာ စကားပြောကြပေမယ့် မျက်နှာချင်းမဆိုင်ဘဲ မျက်နှာလွှဲထားကြတယ်။ (အရင်ကပြိုင်ဘက်တွေဖြစ်ခဲ့ကြတာကို မမေ့နိုင်ကြဘူး)။ X.com ရဲ့ အရာရှိကြီးတွေရော ဝန်ထမ်းတွေပါ ကုမ္ပဏီကို PayPal လို့ နာမည်ပြောင်းချင်ကြတယ်။ ဒါပေမဲ့ အီလွန်မတ်က နာမည်မပြောင်းဘူး။ X.com နာမည်ပဲ ဆက်ထားမယ်ဆိုပြီး ကန့်ကွက်လို့ နာမည်မပြောင်းဖြစ်ဘူး။

မကြာခင် X.com ကုမ္ပဏီအတွင်းမှာ သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်လာကြတယ်။ Confinity ကိုစတင်ထူထောင်ခဲ့သူတစ်ယောက်ဖြစ်တဲ့မက်စ်လက်ချင်းက ကုမ္ပဏီအတွက် ပိုက်ဆံမပေးရတဲ့ Linux ဆော့ဖ်ဝဲလ်ကို သုံးချင်တယ်။ အီလွန်မတ်က အဲဒါဟာ စိတ်ချလုံခြုံမှုမရှိဘူး ဆိုပြီး မသုံးချင်ဘူး။ ဈေးကြီးပေးရပေမယ့် လုံခြုံစိတ်ချရတဲ့ Microsoft ဆော့ဖ်ဝဲလ်ကိုပဲ သုံးချင်တယ်။ သူတို့နှစ်ယောက် အဲဒီအတွက် အကြီးအကျယ် အချင်းများကြတယ်။ ဘေးလူတွေအတွက်တော့ ဆော့ဖ်ဝဲလ်ကိစ္စလေးနဲ့ အချင်းများကြတာဟာ ရယ်စရာကောင်းတယ်လို့ ထင်စရာပါ။ တကယ်တော့ အီလွန်မတ်နဲ့ မက်စ်လက်ချင်းတို့ နှစ်ယောက်တည်း သဘောထားကွဲလွဲကြတာ မဟုတ်ပါဘူး။ တစ်ရုံးလုံး ဖြစ်နေကြတာပါ။ ရုံးထဲမှာ Microsoft အုပ်စုနဲ့ Linux အုပ်စု နှစ်စုကွဲနေကြတယ်။ ဒီအချိန်မှာ Confinity ကုမ္ပဏီကို စထောင်ခဲ့သူ နောက်တစ်ယောက်ဖြစ်တဲ့ ပီတာတီယယ်

ဟာ အလုပ်က နုတ်ထွက်သွားတယ်။ Confinity ကိုစထောင်ခဲ့တဲ့နောက်တစ်ယောက် ဖြစ်တဲ့ မက်စ်လက်ချင်းကလည်း သူသဘောကျတဲ့ Linux ဆော့ဖ်ဝဲလ်ကို အသုံး မပြုရလို့ အလုပ်ထွက်မယ်ဆိုပြီး ခြိမ်းခြောက်လာပြန်တယ်။ အီလွန်မတ်ဟာ စည်းလုံးမှုပျက်ပြားနေတဲ့ X.com ကုမ္ပဏီကို ကြိုးစားထိန်းနေရတယ်။

X.com ကုမ္ပဏီမှာ ဝန်ထမ်းတွေ သဘောထား ကွဲလွဲနေကြချိန်မှာ အင်တာနက်ဘဏ်လုပ်ငန်းမှာ ပြဿနာတွေပေါ်လာတယ်။ တဖြည်းဖြည်း တိုးပွား များပြားလာတဲ့ ဖောက်သည်တွေကို ဝန်ဆောင်မှု ကောင်းကောင်းမပေးနိုင်တာ ဖြစ်လာတယ်။ ဖောက်သည်တွေဟာ တစ်ပတ်မှာ တစ်ခါလောက် ကုမ္ပဏီရဲ့ ဝက်ဆိုဒ်ကို ဝင်ကြည့်မရ ဖြစ်လာကြတယ်။ အင်ဂျင်နီယာတွေလည်း ဝက်ဆိုဒ် ကို ပြုပြင်တာလုပ်နေကြရလို့ ဝက်ဆိုဒ်ရဲ့ လုံခြုံရေးကို ဂရုမစိုက်နိုင် ဖြစ်လာကြ တယ်။ အကျိုးဆက်အဖြစ် ကွန်ပျူတာ hacker တွေဟာ ဝက်ဆိုဒ်ထဲဝင်ပြီး ကုမ္ပဏီရဲ့ပိုက်ဆံ ခိုးတာတွေ မကြာခဏ ဖြစ်ပေါ်လာတယ်။ *"ကုမ္ပဏီရဲ့ ပိုက်ဆံ တွေဟာ ယိုပေါက်တွေကနေ ဒလဟာ ထွက်နေတယ်"* လို့ အင်ဂျင်နီယာ တစ်ယောက်က ပြောတယ်။ X.com ရဲ့ အင်တာနက်ဘဏ်လုပ်ငန်းဟာ လူသိ များလာတာနဲ့အမျှ သူ့ဆီမှာ ငွေကြေးကိစ္စလုပ်သူတွေ အရမ်းများလာတယ်။ အဲဒါရဲ့အကျိုးဆက်အဖြစ် ဝက်ဆိုဒ်ဟာ မကြာခဏ ဝင်မရဖြစ်လာတယ်။ ပိုက်ဆံ အခိုးခံရတာတွေလည်း များလာတယ်။ X.com မှာ ခုလိုဖြစ်နေတဲ့ ပြဿနာ တွေကို ဖြေရှင်းပေးဖို့ စနစ်တကျ ဖွဲ့စည်းထားမှု မရှိဘူး။ အခြေအနေဟာ ကြာလေ ဆိုးလေ ဖြစ်လာတယ်။ ကုမ္ပဏီရဲ့ CFO (ငွေစာရင်းအရာရှိချုပ်) 'ရိုးလော့ဘိုတာ' က အီလွန်မတ်ဟာ X.com မှာ ဖြစ်ပျက်နေတာတွေကို ဒါရိုက်တာဘုတ်အဖွဲ့ကို အမှန်အတိုင်းမတင်ပြဘူးလို့ ထင်နေတယ်။ ကုမ္ပဏီက အရာရှိအတော်များများ ကလည်း အီလွန်မတ်ဟာ ပြဿနာတွေကို ဖြေရှင်းရာမှာ မှန်ကန်တဲ့ဆုံးဖြတ်ချက် တွေ မချနိုင်ဘူးလို့ သူတို့အချင်းချင်း ပြောနေကြတယ်။

မကြာခင် Silicon Valley ရဲ့သမိုင်းမှာ အလွန်ဆိုးရွားတဲ့ အာဏာသိမ်း ပွဲကြီးတစ်ခု ဖြစ်ပွားခဲ့တယ်။ ဖြစ်တဲ့နေရာက X.com ကုမ္ပဏီမှာပါ။ တစ်ညမှာ

X.com က အရာရှိတချို့ဟာ Palo Alto မြို့လယ်က Fanny & Alexander ဘားဆိုင်မှာ အကြံအစည်တစ်ခု တိုင်ပင်ကြတယ်။ အကြံအစည်က အီလွန်မတ်ကို CEO ရာထူးက ဖြုတ်ချပြီး အရင်က အလုပ်ထွက်သွားတဲ့ ပီတာတီယယ်ကို ပြန်ခေါ်ပြီး CEO ခန့်ဖို့ပါ။ ဒါပေမဲ့ သူတို့မှာ အဲဒါကိုလုပ်ဖို့ လုပ်ပိုင်ခွင့်မရှိတာကြောင့် ဒါရိုက်တာဘုတ်အဖွဲ့ကို တိုက်တွန်းကြမယ်လို့ပါ။ သူတို့ဟာ အီလွန်မတ် ရုံးမှာရှိနေရင် ဒီအကြံကို မလုပ်ရဲကြလို့ အီလွန်မတ် ခရီးသွားမယ့်အချိန်ကို စောင့်နေကြတယ်။

အီလွန်မတ်နဲ့ ဂျပ်စတင်တို့ဟာ လက်ထပ်ပြီးကတည်းက အီလွန်မတ် အလုပ်မအားလို့ ပျားရည်ဆမ်းခရီး မထွက်ဖြစ်ကြဘူး။ လက်ထပ်ပြီး ၉ လကြာတဲ့ စက်တင်ဘာလကျမှ သူတို့လင်မယားဟာ အလုပ်ကိစ္စနဲ့ အပျော်ခရီး နှစ်ခုကို ပေါင်းပြီး ခရီးသွားဖို့ စီစဉ်ကြတယ်။ ပထမ ရင်းနှီးမြှုပ်နှံငွေရအောင် စည်းရုံးတဲ့ ခရီးထွက်မယ်။ အဲဒီခရီးအဆုံးမှာ ပျားရည်ဆမ်းခရီးအဖြစ် သြစတေးလျှနိုင်ငံ ဆစ်ဒနီမြို့ကိုသွားပြီး အဲဒီမှာကျင်းပနေတဲ့ နွေရာသီ အိုလံပစ်ပွဲတော်ကို ကြည့်ဖို့ စီစဉ်ကြတယ်။ သူ ခရီးထွက်သွားတဲ့ညမှာပဲ X.com က အရာရှိတွေဟာ အီလွန်မတ် အပေါ် အယုံအကြည်မရှိလို့ CEO ရာထူးက ဖြုတ်ပေးဖို့ အသီးသီးရေးထားတဲ့ စာတွေကို ဒါရိုက်တာဘုတ်အဖွဲ့ကို ပေးလိုက်ကြတယ်။ အီလွန်မတ်အပေါ် သစ္စာရှိကြတဲ့ အရာရှိတွေဟာ အဲဒီအကြောင်း သိလိုက်ကြချိန်မှာ နောက်ကျသွားပြီ။ ဘာကြောင့်လဲဆိုတော့ ဒါရိုက်တာဘုတ်အဖွဲ့ဟာ အီလွန်မတ်ကို CEO ရာထူးက ထုတ်ပယ်ကြောင်း ဆုံးဖြတ်ပြီးသွားပြီ။ *"ကျွန်တော် အဲဒီည ၁၀ နာရီလောက်မှာ ရုံးကိုရောက်သွားတယ်။ ရုံးထဲမှာ အရာရှိ အတော်များများ ရောက်နေကြတယ်"* လို့ ယခင်က Zip2 ရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်ခဲ့ပြီး အခု X.com မှာလည်း ဒုတိယဥက္ကဋ္ဌဖြစ်နေတဲ့ 'ဂျင်မ်အင်းဘရတ်' က ပြောပြတယ်။ *"အီလွန်မတ်ကို CEO ရာထူးက ဖြုတ်ချလိုက်ပြီဆိုတဲ့သတင်းကို ကြားကြားချင်း မယုံနိုင်ဖြစ်သွားတယ်။ ကျွန်တော်လည်း ချက်ချင်းပဲ အီလွန်မတ်ရဲ့အိမ်ကို ဖုန်းဆက်တယ်။ သူ့အိမ်က အိမ်ဖော်က အီလွန်မတ် လေယာဉ်နဲ့ ခရီးထွက်သွားတယ်လို့ ပြောတယ်။ ကျွန်တော်*

လည်း ဘာမှမတတ်နိုင်တော့ဘူး" လို့ သူ ဆက်ပြောတယ်။ အီလွန်မတ်ဟာ ဆစ်ဒနီလေဆိပ်ရောက်မှ သူ့ကို CEO ရာထူးက ထုတ်လိုက်ပြီး ပီတာတီယယ်နဲ့ အစားထိုးလိုက်မှန်း သိရတယ်။

အီလွန်မတ်လည်း သတင်းကြားတာနဲ့ ဆစ်ဒနီလေဆိပ်ကနေ ချက်ချင်းပဲ လေယာဉ်ပျံစီးပြီး Palo Alto မြို့ကို ပြန်လာခဲ့တယ်။ "*အီလွန်မတ်ဟာ ဆစ်ဒနီလေဆိပ်မှာ သတင်းကြားကြားချင်း မယုံနိုင်အောင်ဖြစ်သွားတယ်။ ဒါပေမဲ့ သူဟာ အခြေအနေကို ထိန်းနိုင်ပါတယ်။ အပြန်လမ်းတစ်လျှောက် လေယာဉ်ပျံပေါ်မှာ စကားမပြောဘဲ အကြီးအကျယ် စဉ်းစားနေတယ်*" လို့ သူ့ဇနီး ဂျပ်စတင်က ပြောပြတယ်။ အီလွန်မတ်ဟာ Palo Alto မြို့ကိုရောက်ရောက်ချင်း အိမ်မပြန်ဘဲ ရုံးမှာ ဒါရိုက်တာဘုတ်အဖွဲ့နဲ့ သွားတွေ့ပြီး သူတို့ရဲ့ဆုံးဖြတ်ချက်ကို ပြင်ဖို့ပြောတယ်။ အီလွန်မတ် အမျိုးမျိုး တောင်းပန်ပြောပေမယ့် ဘုတ်အဖွဲ့က ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူးပြောလို့ သူလည်း လက်လျှော့လိုက်တယ်။ "*တကယ်တော့ ဘုတ်အဖွဲ့ကို ဆုံးဖြတ်ချက်ပြင်ခိုင်းတာဟာ ကျွန်တော် CEO ရာထူးကို မက်လွန်းလို့ မဟုတ်ပါဘူး။ ကုမ္ပဏီမှာ အရေးကြီးတဲ့ကိစ္စတွေ လုပ်ပေးဖို့ရှိပါတယ်။ ကျွန်တော် CEO မဟုတ်တော့ဘူးဆိုရင် ဘယ်သူက အဲဒါတွေကို လုပ်ပေးမှာလဲ*" လို့ အီလွန်မတ်က ပြောတယ်။ "*နောက်ဆုံးတော့ ပီတာတီယယ်နဲ့ သွားတွေ့ပြီး CEO ရာထူးကို လက်မခံဖို့ ပြောကြည့်တယ်။ သူ လက်မခံဘူး။ ဒီတော့ ဘာဖြစ်သေးသလဲဗျာ။ ကျွန်တော့်အတွက် ကမ္ဘာပျက်သွားတာမှ မဟုတ်ဘဲ*" လို့ သူ ဆက်ပြောတယ်။

X.com ကုမ္ပဏီ စတင်ကတည်းက အီလွန်မတ်နဲ့ လက်တွဲလုပ်လာခဲ့ကြတဲ့ အရာရှိတွေ၊ အင်ဂျင်နီယာတွေကတော့ ခုလိုဖြစ်သွားတဲ့ အခြေအနေကို မကျေနပ်ကြဘူး။ "*ကျွန်တော် သတင်းကြားကြားချင်း ဒေါသထွက်မိတယ်ဗျာ*" လို့ အင်ဂျင်နီယာ 'စတော့ပဲမင်း' က ပြောတယ်။ "*အီလွန်မတ်ဟာ ကျွန်တော် အလွန်လေးစားအားကျရသူ တစ်ယောက်ပါ။ ကျွန်တော်သိရသလောက်ဆိုရင် ကုမ္ပဏီဟာ အခြေအနေကောင်းနေပါတယ်။ ကုမ္ပဏီ အခြေအနေမကောင်းလို့၊ ကုမ္ပဏီ ရှုံးနေလို့ အီလွန်မတ်ကို CEO ရာထူးက ထုတ်ပယ်တယ်ဆိုရင်တော့*

ကျွန်တော် ဘာမှမပြောလိုပါဘူး" လို့ သူ ဆက်ပြောတယ်။ သူဟာ အဲဒီလို ပြောပြီးတော့ မက်စ်လက်ချင်း။ ပီတာတီယယ်တို့ကို စည်းဝေးခန်းထဲမှာ သွားတွေ့တယ်။ "*ကျွန်တော် အခန်းထဲဝင်လိုက်တာနဲ့ သူတို့နှစ်ယောက်ကို ဒေါသတကြီးနဲ့ အော်ဟစ်ရန်တွေ့တယ်။ နှစ်ယောက်စလုံး ငြိမ်ပြီး နားထောင်နေကြတယ်။ ဘာ စကားမှ ပြန်မပြောကြလို့ ကျွန်တော်လည်း ဘာဆက်ပြောရမှန်းမသိတာကြောင့် အခန်းထဲက ပြန်ထွက်လာခဲ့တယ်*" လို့ သူထပ်ပြောတယ်။ တခြားလူတွေလည်း အီလွန်မတ်အတွက် မခံမရပ်နိုင် ဖြစ်နေကြတယ်။ "*အဲဒါ သူ့ရဲ့ဘောကြောင်တဲ့ လုပ်ရပ်ပါ*" လို့ အရင်က Zip2 မှာလုပ်ခဲ့ပြီး အခု X.com မှာ လာလုပ်နေတဲ့ အင်ဂျင်နီယာ 'ဘရင်ဒန်စပိုက်' က ပြောတယ်။ "*တကယ်လို့ အဲဒီအချိန်က အီလွန်မတ်ဟာ အဝေးရောက်မနေဘဲ ရုံးမှာရှိနေရင် ကျွန်တော် သူ့ကို အကာ အကွယ်ပေးမှာပါ*" လို့ သူ ဆက်ပြောတယ်။

ဒီကိစ္စဖြစ်ပြီး ၉ လကြာလို့ ၂၀၀၁ ခုနှစ် ဇွန်လရောက်တော့ ကုမ္ပဏီမှာ CEO မဟုတ်တော့တဲ့ အီလွန်မတ်ရဲ့သြဇာဟာ တစ်စတစ်စ ကျဆင်းလာတယ်။ အဲဒီလထဲမှာပဲ CEO ပီတာတီယယ်က ကုမ္ပဏီနာမည်ကို X.com ကနေ PayPal လို့ ပြောင်းလိုက်တယ်။ (အရင်တစ်ခါက X.com ရဲ့အရာရှိကြီးတွေဟာ ကုမ္ပဏီကို PayPal နာမည်ပြောင်းဖို့ ကြိုးစားခဲ့ကြတယ်။ အီလွန်မတ်က ကန့်ကွက်လို့ နာမည်မပြောင်းဖြစ်ဘူး)။ ဒီတစ်ခါ နာမည်ပြောင်းတာကို အီလွန်မတ် မကန့်ကွက်ဘူး။ မကန့်ကွက်မိအောင် စိတ်ကို ထိန်းချုပ်ထားခဲ့တယ်။ သူဟာ CEO ရာထူးက ဖြုတ်ချခံရပြီးတော့ ကုမ္ပဏီရဲ့ အကြံပေးရာထူးမှာ ဆက်နေရတယ်။ (အကြံပေးဆိုတာ အကြံပေးရုံကလွဲပြီး လုပ်ပိုင်ခွင့် ဘာမှမရှိဘူး)။ ဒါပေမဲ့ အီလွန်မတ်ဟာ ကုမ္ပဏီမှာ ရှယ်ယာအများဆုံးကို ထည့်ဝင်ထားသူဖြစ်နေတယ်။ "*အီလွန်မတ်ရဲ့နေရာမှာ ဝင်နေကြည့်ရင် ဘယ်လောက်မျှား ခါးသီးနာကြည်းပြီး ဘယ်လောက်မျှား အခဲမကျေဖြစ်နေမလဲဗျာ။ ဒါပေမဲ့ အီလွန်မတ်ဟာ သူ့ရင်ထဲမှာ ခံစားနေရတာကို အပြင်မှာမပေါ်အောင် ထိန်းချုပ်ထားတယ်။ သူက ပီတာတီယယ် လုပ်တာတွေကို ထောက်ခံအားပေးသေးတယ်ဗျာ။ သူလိုလူမျိုးကို ကျွန်တော်*

အုံ့သြလို့မဆုံးပါဘူး" လို့ ငွေစာရင်းအရာရှိချုပ် ရိုးလော့ဘိုတာက ပြောပြတယ်။

နောက်လအနည်းငယ်ဟာ အီလွန်မတ်ရဲ့ အနာဂတ်အတွက် အရေးပါတဲ့ အဖြစ်အပျက်တွေ ဖြစ်လာပါတယ်။ Silicon Valley မှာ အင်တာနက်ပူဖောင်းပေါက်ကွဲခြင်း (အင်တာနက်ကုမ္ပဏီတွေ အများအပြားဟာ အရှုံးပေါ်လာလို့ ပိတ်သိမ်းသွားကြခြင်း သို့မဟုတ် ဒေဝါလီခံသွားခြင်း) ဆိုတဲ့ အရေးအခင်းကြီး ဖြစ်လာတယ်။ ဒါပေမဲ့ PayPal အတွက် ကံကောင်းတာတစ်ခု ဖြစ်လာတယ်။ အင်တာနက်မှာ လူတွေအချင်းချင်း ပစ္စည်းဝယ်ရောင်းလုပ်ပေးတာကို စီစဉ်ပေးတဲ့ eBay ကုမ္ပဏီက PayPal ကုမ္ပဏီကို ဝယ်ချင်တယ်လို့ ကမ်းလှမ်းလာတယ်။ PayPal မှာ ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားလို့ (CEO မဟုတ်တော့ပေမယ့်) ဒါရိုက်တာဘုတ်အဖွဲ့မှာ ဒါရိုက်တာဖြစ်နေတဲ့ အီလွန်မတ်နဲ့ နောက် ဒါရိုက်တာတစ်ယောက်ဖြစ်တဲ့ မိုက်မောရစ်တို့က PayPal ကို မရောင်းဖို့ ဒါရိုက်တာဘုတ်အဖွဲ့ကို တားကြတယ်။ သူတို့ရဲ့ အကြောင်းပြချက်က PayPal ဟာ နှစ်စဉ် ဝင်ငွေ ဒေါ်လာ သန်း ၂၄၀ လောက် ရနေလို့ PayPal ကုမ္ပဏီတန်ဖိုး တက်လာနိုင်တယ်လို့ သူတို့ကပြောတယ်။ အီလွန်မတ်နဲ့ မိုက်မောရစ်တို့ရဲ့ တားမြစ်ချက်ကြောင့် PayPal ကို မရောင်းဖြစ်လိုက်ဘူး။ အီလွန်မတ်တို့ရဲ့ တားမြစ်ချက် မှန်သွားတယ်။ PayPal ရဲ့ ရှယ်ယာစျေးတွေ တက်လာလို့ ၂၀၀၂ ခုနှစ် ဇူလိုင်လမှာ eBay က PayPal ကို ဒေါ်လာ ၁.၅ ဘီလီယံနဲ့ ဝယ်မယ်လို့ ကမ်းလှမ်းလာပြန်တယ်။ ဒီတစ်ခါမှာလည်း အီလွန်မတ်က မရောင်းဖို့ တားပြန်တယ်။ ဒါပေမဲ့ အပြင်းအထန် မတားတော့ဘူး။ (သူ အပြင်းအထန်မတားတာ အကြောင်းနှစ်ချက်ကြောင့် ထင်ပါတယ်။ ပထမအချက်က eBay ကမ်းလှမ်းတဲ့စျေးဟာ အတော်မြင့်နေလို့ နောင်မှာ ဒီစျေးရဖို့ မလွယ်ဘူး။ ဒုတိယအချက်က သူဟာ CEO မဟုတ်တော့လို့ PayPal မှာ ဆက်လုပ်ချင်စိတ် မရှိတော့ဘူး)။ ဒါကြောင့် ဒါရိုက်တာအဖွဲ့ဟာ PayPal ကို ရောင်းဖို့ သဘောတူလိုက်တယ်။ ရောင်းချတဲ့ကိစ္စတွေ ပြီးစီးသွားတော့ အီလွန်မတ်ဟာ သူပိုင်ဆိုင်ထားတဲ့ PayPal ရှယ်ယာတွေအတွက် ဒေါ်လာ သန်း ၂၅၀ ရလိုက်တယ်။ အဲဒီရငွေပေါ်မှာ အမြတ်ခွန်ဆောင်ပြီးတော့ ဒေါ်လာ

သန်း ၁၈၀ အသားတင် ရလိုက်တယ်။ အဲဒီငွေတွေနဲ့ အီလွန်မတ်ဟာ သူဖြစ်ချင်တဲ့ ရည်မှန်းချက်တွေ ဖြစ်မြောက်အောင် အကောင်အထည်ဖော်လို့ ရသွားပါပြီ။

အခုဖြစ်ခဲ့တဲ့ PayPal ဇာတ်လမ်းမှာ အီလွန်မတ်အတွက် အကောင်းရော အဆိုးပါ ပါဝင်ကြတယ်။ အဆိုးက အီလွန်မတ်ဟာ X.com ရဲ့ CEO ရာထူးက ပြုတ်သွားခြင်းပါ။ အကောင်းက PayPal ကို eBay ထံ ရောင်းလိုက်လို့ အီလွန်မတ်ဟာ ငွေတွေအများကြီးရသွားခြင်းပါ။ ဒါပေမဲ့ သတင်းမီडီယာတွေဟာ အခု အီလွန်မတ်ရဲ့ မကောင်းသတင်းတွေကို ပိုရေးလာကြတယ်။ ဒီလိုဖြစ်ရတာက PayPal မှာ အလုပ်လုပ်ခဲ့တဲ့ ဝန်ထမ်းဟောင်းတစ်ယောက်ဖြစ်တဲ့ 'အဲရစ်ဂျက်ဆန်'ရေးတဲ့ "The PayPal Wars: Battles" စာအုပ်ကြောင့်ပါ။ ၂၀၀၄ ခုနှစ်မှာထွက်ခဲ့တဲ့ အဲဒီစာအုပ်မှာ အီလွန်မတ်ဟာ သူ့ကိုယ်သူ အထင်ကြီးသူ၊ ခေါင်းမာသူ၊ ဝန်ထမ်းတွေအပေါ် မင့်ညှာသူ၊ ဆုံးဖြတ်ချက်အများတွေ ချတတ်သူလို့ ပုံဖော်ရေးထားပြီး ပီတာတီယယ်နဲ့ မက်စ်လက်ချင်းတို့ကို သူရဲ့ကောင်း ဉာဏ်ကြီးရှင်တွေလို့ တင်စားဖော်ပြထားတယ်။ တစ်ချိန်တည်းမှာပဲ Silicon Valley က သတင်းရော အတင်းပါရေးတဲ့ Valleywag ဝက်ဆိုဒ်ကလည်း အီလွန်မတ်ဟာ PayPal ကို ကောင်းအောင်မလုပ်ပေးခဲ့ကြောင်း။ PayPal ကို ကောင်းအောင် လုပ်ပေးခဲ့သူဟာ ပီတာတီယယ်ဖြစ်တယ်လို့ ရေးသားလိုက်ပြန်တယ်။ အီလွန်မတ်ဟာ အဲရစ်ဂျက်ဆန်ရဲ့ စာအုပ်မှာပါတဲ့ အကြောင်းအရာတွေနဲ့ Valleywag ရဲ့ ရေးသားချက်တွေကို တန်ပြန်ဖြေရှင်းတဲ့ စာလုံးရေ ၂၂၀၀ ပါဝင်တဲ့ PayPal တုန်းက သူ့လုပ်ဆောင်ချက်တွေကို လူအများသိအောင် အဲရစ်ဂျက်ဆန်နဲ့ Valley-wag တို့ဆီ အိတ်ဖွင့်အီးမေးလ် ပို့ပေးလိုက်တယ်။

အီးမေးလ်ထဲမှာ အီလွန်မတ်ဟာ စကားလုံးလှလှတွေနဲ့ အလိမ္မာသုံး မရေးဘဲ ပွင့်ပွင့်လင်းလင်း တိုက်ခိုက်တဲ့ အသုံးအနှုန်းတွေ သုံးပြီး ရေးထားတယ်။ စာအုပ်ရေးသားသူ အဲရစ်ဂျက်ဆန်ဟာ ဖော်လံဖားတတ်တဲ့ နလပိန်းတုံးတစ်ယောက် ဖြစ်တယ်။ သူ့ဦးနှောက်ဟာ လုပ်ငန်းခွင် လက်တွေ့ဆင်းနေတဲ့ ကျောင်းသားတစ်ယောက်ရဲ့ ဦးနှောက်ထက် နည်းနည်းလေးပဲ သာတယ်။

ဒါကြောင့် ကုမ္ပဏီတွေရဲ့ မဟာဗျူဟာ၊ အဆင့်မြင့်နည်းပညာတွေကို သိမြင်နားလည်နိုင်တဲ့ အရည်အချင်း မရှိဘူးတဲ့။ *"အဲရစ်ဂျက်ဆန်ဟာ ပီတာတီယယ်ကို ကိုးကွယ်သူမို့ သူ့အကြောင်း အမှမ်းတင်ရေးပြပြီး ကျွန်တော့်ကို သောက်သုံးမကျသူလို့ ရေးထားတာ အဆန်းမဟုတ်ပါဘူးဗျာ"* လို့ အီလွန်မတ်က အီးမေးလ်မှာ ရေးထားတယ်။ နောက်ပြီး သူဟာ PayPal ကို အကောင်းဆုံးဖြစ်အောင် စီမံခန့်ခွဲခဲ့ကြောင်း သက်သေပြတဲ့အချက်တွေကို ရေးပြထားတယ်။ အဲဒါတွေက PayPal ကုမ္ပဏီဟာ သူထည့်ဝင်ထားတဲ့ ရင်းနှီးမြှုပ်နှံငွေတွေနဲ့ အဓိက ရပ်တည်နေခဲ့ရကြောင်း၊ သူ့လက်ထက်မှာ ကွန်ပျူတာကျွမ်းကျင်ပညာရှင် အများအပြားကို တခြားကုမ္ပဏီတွေက ခေါ်ယူခန့်ထားခဲ့ကြောင်း၊ ကုမ္ပဏီအတွက် အကြံကောင်း'တွေ စဉ်းစားခဲ့ပြီး အဲဒါတွေကို အကောင်အထည်ဖော်ခဲ့လို့ PayPal တိုးတက်လာခဲ့ကြောင်းနဲ့ သူ CEO ဖြစ်နေချိန်မှာ ကုမ္ပဏီရဲ့ ဝန်ထမ်းဦးရေဟာ အယောက် ၆၀ ကနေ ရာပေါင်းများစွာ ဖြစ်လာခဲ့ကြောင်းတွေ ဖြစ်ကြပါတယ်။

ကျွန်တော် (ဒီစာအုပ်ရေးသူ) က PayPal မှာ အလုပ်လုပ်ဖူးခဲ့သူတွေနဲ့ တွေ့ဆုံပြီး အင်တာဗျူး မေးကြည့်တယ်။ သူတို့အားလုံးနီးပါးက အီလွန်မတ်ရဲ့ အီးမေးလ်မှာရေးထားတဲ့ အချက်တွေ မှန်ကန်ကြောင်း အတည်ပြုကြတယ်။ နောက်ပြီး အီလွန်မတ်ကို CEO ရာထူးက ဖယ်ရှားလိုက်လို့ ဝန်ထမ်းတွေအားလုံး ပျော်ပြီး အောင်ပွဲခံကြတယ်လို့ အဲရစ်ဂျက်ဆန်ရဲ့စာအုပ်မှာ ရေးထားတာ မမှန်ဘူးလို့ သူတို့ပြောကြတယ်။ *"အီလွန်မတ်ကို CEO အဖြစ်က ဖယ်ရှားလိုက်တာကို သဘောမကျသူတွေ၊ ဒေါသထွက်သူတွေ အများကြီးရှိခဲ့ပါတယ်"* လို့ အီလွန်မတ်နဲ့ အလွန်ရင်းနှီးတဲ့ PayPal ရဲ့ ငွေစာရင်းအရာရှိချုပ်ဖြစ်ခဲ့သူ ရိုလော့ဘိုသာက ပြောပြတယ်။

ဒါပေမဲ့ အီလွန်မတ် CEO ရာထူးက ဖယ်ရှားခံရလို့ သဘောကျသူတွေထဲမှာ ခုလိုပြောသူတွေလည်း ရှိခဲ့တယ်။ အီလွန်မတ်ဟာ ကုမ္ပဏီနာမည်ပြောင်းဖို့ကိစ္စ၊ နည်းပညာအဆင့်မြင့်ဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေဝယ်ဖို့ကိစ္စနဲ့ အင်တာနက်ကနေ ကွန်ပျူတာ hacker တွေရဲ့ ငွေတွေခိုးယူတာကို တားဆီးကာကွယ်ဖို့

ကိစ္စတွေမှာ ဆုံးဖြတ်ချက်အမှားတွေ ချမှတ်ခဲ့တယ်လို့ ပြောကြတယ်။ *"တကယ်လို့ အီလွန်မတ်ဟာ PayPal မှာ နောက်ထပ် ၆ လကြာအောင် CEO အဖြစ် ဆက်ရှိနေမယ်ဆိုရင် ကုမ္ပဏီ ပျက်စီးသွားနိုင်တယ်"* လို့ ပြောကြသူတွေ ရှိကြပါတယ်။ *"အီလွန်မတ်ရဲ့ ဆုံးဖြတ်ချက်အမှားတချို့ဟာ ကုမ္ပဏီကို အတော်လေး ထိခိုက်နစ်နာစေခဲ့ပါတယ်"* လို့ ရောဘတ်ဘိုသာကလည်း ပြောပါတယ်။

အီလွန်မတ်ဟာ အလုပ်အကိုင်မရှိတော့မှ သူ့ကိုဝေဖန်သူတွေကို တုံ့ပြန်တိုက်ခိုက်တာပါ။ Zip2 နဲ့ PayPal မှာ လုပ်နေစဉ်ကာလတစ်လျှောက် သူ့အပေါ် ဝေဖန်သူတွေကို ပြန်လည်မတုံ့ပြန်မိအောင် စိတ်ကိုထိန်းချုပ်ထားခဲ့ပြီး ကုမ္ပဏီတိုးတက်အောင်မြင်အောင်ပဲ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့ကြိုးပမ်းချက်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေနဲ့ ဒါရိုက်တာဘုတ်အဖွဲ့ကို သူ့အပေါ် ကျေနပ်အောင် မလုပ်နိုင်ခဲ့ဘူး။ ဒါရိုက်တာဘုတ်အဖွဲ့က အီလွန်မတ်မှာ CEO ဖြစ်ထိုက်တဲ့ အရည်အချင်းမရှိဘူး။ စကားကြီးစကားကျယ်တွေပြောတတ်တဲ့ ဈေးရောင်းသမားတစ်ယောက်နဲ့ တူတယ်။ ကုမ္ပဏီကို မဖြစ်နိုင်တာတွေ မျှော်မှန်းထားတယ်လို့ ပြောတယ်။ *"တကယ်တော့ ဒါရိုက်တာဘုတ်အဖွဲ့ အဲဒီလိုမြင်တာဟာ သူတို့ဟာ အီလွန်မတ် မြင်သလို မမြင်တတ်လို့ပါ"* လို့ ရောဘတ်ဘိုသာက ပြောပြတယ်။

အီလွန်မတ်အပေါ် ဝေဖန်မှုတွေ မှန်တယ်၊ မမှန်ဘူးဆိုတာ သူ့ရဲ့အောင်မြင်မှုမှတ်တမ်းနဲ့ နှိုင်းယှဉ်ချင့်ချိန်ရမှာပါ။ သူဟာ အစိုးရက လူထုကို အင်တာနက်အသုံးပြုခွင့် ပေးလိုက်ချိန်မှာ ဖြစ်ပေါ်လာမယ့် အင်တာနက်ရဲ့ကြီးမားတဲ့ ဂယက်ရိုက်မှုကြီးကို ကြိုတင် ခန့်မှန်းနိုင်ခဲ့တယ်။ လူအတော်များများ၊ အင်တာနက်ဆိုတာ ဘာလဲလို့ စမ်းတဝါးဝါးဖြစ်နေချိန်မှာ အီလွန်မတ်ဟာ အင်တာနက်နဲ့ စီးပွားရေးလုပ်ငန်းလုပ်ဖို့ အစီအစဉ်ဆွဲနေပါပြီ။ အင်တာနက်ကနေ ကြည့်လို့ရတဲ့ တည်နေရာလမ်းညွှန်တွေ၊ မြေပုံတွေ၊ သတင်းအချက်အလက်တွေဟာ နောက်ပိုင်းမှာ ခေတ်စားလာတော့မယ်လို့ ခန့်မှန်းခဲ့တယ်။ နောက်တော့ လူတွေ Amazon နဲ့ eBay စတဲ့ ဝက်ဆိုဒ်တွေကနေ ပစ္စည်းဝယ်တာတွေနဲ့ အသားကျလာချိန်မှာ အီလွန်မတ်ဟာ ကမ္ဘာ့ပထမဆုံး အင်တာနက်ဘဏ်ကို ထူထောင်ခဲ့တယ်။ ဘဏ်

လုပ်ငန်းဆိုင်ရာ လုပ်နည်းလုပ်ဟန် စည်းမျဉ်းစည်းကမ်းတွေကို အင်တာနက်နဲ့ ကိုက်ညီအောင် ပြုပြင်ခဲ့တယ်။ စီးပွားရေးသမားတွေထဲမှာ သူ့လိုစွန့်စားရဲသူ အလွန်နည်းတယ်။ သူဟာ အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာ မသေချာပေမယ့် စတင်ထူထောင်ခါစကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံငွေ အများကြီးထည့်တယ်။ အဲဒါကို ကံစမ်းပြီးလုပ်တာ မဟုတ်ဘူး။ သေချာပေါက် အောင်မြင်ရမယ်လို့ တွက်ချက်ပြီးမှ လုပ်တာပါ။ ဒီတော့ သူ့ကိုဝေဖန်ကြသူတွေရဲ့စကား၊ မှန်၊ မမှန်ထက် သူ့ရဲ့ စွမ်းဆောင်မှုရလဒ်က ပိုအရေးကြီးပါတယ်။

အီလွန်မတ်မှာ အထူးချီးကျူးဖို့ကောင်းတဲ့ အရည်အချင်းတစ်ခု ရှိခဲ့တယ်။ အင်တာနက်ပူဖောင်းပေါက်ကွဲခြင်း (အင်တာနက်ကုမ္ပဏီ အများအပြား အရှုံးပေါ်လာလို့ ပိတ်သိမ်းသွားကြခြင်း) ဖြစ်တဲ့အချိန်မှာ သူရဲ့လမ်းညွှန်မှုကြောင့် PayPal ကုမ္ပဏီဟာ ပိတ်သိမ်းတာမလုပ်ရတဲ့အပြင် eBay ကနေ အလွန်များပြားတဲ့ ငွေ (ဒေါ်လာ ၁.၅ ဘီလီယံ) နဲ့ အဝယ်ခံရတယ်။ PayPal အတွက် အမြတ်ငွေတွေ အများကြီးရလိုက်တယ်။

PayPal ဟာ Silicon Valley ရဲ့သမိုင်းတစ်လျှောက် စီးပွားရေးပညာရှင်နဲ့ ကွန်ပျူတာအင်ဂျင်နီယာ လူတော်တွေ အများဆုံးရှိခဲ့ကြတဲ့ ကုမ္ပဏီတစ်ခု ဖြစ်ခဲ့တယ်။ PayPal က အင်ဂျင်နီယာတွေဟာ အင်တာနက်ကတစ်ဆင့် ဘဏ်တွေက ငွေတွေ ခိုးယူမှုကို တားဆီးနိုင်တဲ့ ဆော့ဖ်ဝဲလ်တစ်ခု တီထွင်ခဲ့ကြတယ်။ အဲဒီ ဆော့ဖ်ဝဲလ်ဟာ အစွမ်းထက်လွန်းလို့ PayPal ရဲ့ခွင့်ပြုချက်နဲ့ ဆော့ဖ်ဝဲကို CIA, FBI စတဲ့ ထောက်လှမ်းရေးအဖွဲ့တွေလည်း အသုံးပြုကြတယ်။ PayPal က အထူးခွဲနန်ဆုံး၊ အထက်မြက်ဆုံးလူတွေကို (PayPal Mafia) PayPal မာဖီးယားဂိုဏ်းလို့ Silicon Valley က လူတွေကြားမှာ လူသိများလာခဲ့တယ်။ အီလွန်မတ်ကို **PayPal မာဖီးယားဂိုဏ်းခေါင်းဆောင်** လို့ ခေါ်ကြတယ်။

"တကယ်တော့ PayPal ရဲ့ ဒါရိုက်တာအဖွဲ့က အီလွန်မတ်ကို CEO ရာထူးက ဖယ်လိုက်တာ အလွန်မှားပါတယ်။ သူတို့က အီလွန်မတ်ဟာ အသုံးမကျဘူး။ CEO ရာထူးနဲ့ မတန်ဘူးလို့ ထင်ကြတာဟာ အီလွန်မတ်ပြောပြတဲ့

ရည်မှန်းချက်တွေကို မဖြစ်နိုင်ဘူး ထင်ကြလို့ပါ။ ဘာကြောင့် အဲဒီလိုထင်ရတာလဲ ဆိုတော့ သူတို့ဟာ *Vision* (*အနာဂတ်ကို ကြိုမြင်တတ်ခြင်း*) *မှာ* *အီလွန်မတ်နဲ့* *မယှဉ်သာအောင် ညံ့ဖျင်းကြလို့ပါ။* *တကယ်လို့* *အီလွန်မတ်ကို* *လုံ့လောက်တဲ့အချိန်* *ပေးရင်* (*CEO* *ရာထူးမှာ* *ဆက်ထားပေးရင်*) *အီလွန်မတ်က* *PayPal* *ကို* *အများကြီးတိုးတက်အောင်* *လုပ်ပေးနိုင်မယ်လို့* *ကျွန်မ* *ယုံကြည်တယ်ရှင့်*" *လို့* ဝန်ထမ်းခန့်ထားရေးအမျိုးသမီး ဂျူလီအင်ကန်ဘရန့်က ပြောပါတယ်။

အီလွန်မတ်ဟာ သူ့ရဲ့ပထမဆုံးကုမ္ပဏီဖြစ်တဲ့ Zip2 မှာ အလုပ်လုပ်နေစဉ် အလုပ်ရှုပ်နေလို့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဦးစားမပေးနိုင်ခဲ့ဘူး။ အဲဒီ အချိန်မှာ သူ့ချစ်သူ ဂျပ်စတင်နဲ့ တွဲသွားတွဲလာ လုပ်နေတယ်။ အလုပ်နာရီချိန်မှာ နှစ်ယောက် အတူလျှောက်လည်ကြတယ်။ အဲဒီလိုလုပ်နေတာ နှစ်အတန်ကြာပြီ ဖြစ်ပေမယ့် အီလွန်မတ်ဟာ အလုပ်များလွန်းလို့ လက်ထပ်ဖို့ မပြောဖြစ်ဘူး။ တခြား ရည်းစားအတွဲတွေလိုပဲ အီလွန်မတ်နဲ့ ဂျပ်စတင်တို့ဟာ အဆင်ပြေလိုက်၊ စကားများလိုက် ဖြစ်နေကြတယ်။ "*ကျွန်မတို့နှစ်ယောက် မကြာခဏ စကားများ ရန်ဖြစ်ကြတယ်။ ဒါပေမဲ့ ရန်ဖြစ်ပြီးတိုင်း* တစ်ယောက်နဲ့တစ်ယောက် *ပိုပြီး* *သံယောဇဉ်* *ဖြစ်လာကြတယ်။* *ကျွန်မရဲ့ရည်စားဟောင်းက* *ဖုန်းဆက်တာကို* *လုံ့ဝမကြိုက်ဘူး* *ရှင့်*" *လို့* ဂျပ်စတင်က ထပ်ကာထပ်ကာ ပြောတယ်။ တစ်ညနေခင်းမှာ သူတို့ နှစ်ယောက် X.com ရုံးနားမှာ လမ်းလျှောက်နေကြတယ်။ "*သူက* *ကျွန်မရဲ့* *ရည်းစားဟောင်း* *ဖုန်းဆက်တာကို* *မကျေနပ်ကြောင်း*၊ *တဖွဖွပြောနေတယ်။* *ကျွန်မလည်း* *နားကြားပြင်းကပ်လာလို့* *ရှင် ဒီလောက် သဝန်ကြောင်နေရင်လည်း* *ဒါမျိုးထပ်မဖြစ်အောင်* *ကျွန်မကို* *လက်ထပ်ယူလိုက်ပါလား။*" *အခုပဲ* *လက်ထပ်ခွင့်* *တောင်းလိုက်ပါလားလို့* *စိတ်တိုတိုနဲ့* *ပြောမိလိုက်တယ်။* *ပြောပြီးသွားမှ* *ကျွန်မ* *မှားမှန်း* *သိလိုက်တယ်။* *ကျွန်မစကားကိုကြားပြီး* *မိနစ်အနည်းငယ်ကြာအောင်* *သူ* *တွေဝေနေတယ်။* *ပြီးတော့* *ရုတ်တရက်* *ကျွန်မရဲ့ရှေ့မှာ* *ဒူးထောက်လိုက်ပြီး* *လက်ထပ်ပါရစေလို့* *ခွင့်တောင်းတယ်။* *သူ့အကျီအိတ်ထောင်ထဲမှာ* *အမြဲဆောင်* *ထားတဲ့* *စေ့စပ်လက်စွပ်ကိုထုတ်ပြီး* *ကျွန်မရဲ့ဘယ်ဘက်လက်သူကြွယ်မှာ* *ဝတ်ဖေး*

လိုက်တယ်” လို့ ဂျပ်စတင်က ထပ်ပြောတယ်။ နောက်တစ်ပတ်အကြာ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလထဲမှာ သူတို့နှစ်ယောက် လက်ထပ်လိုက်ကြတယ်။ လက်ထပ်ပွဲကို အသိမိတ်ဆွေတချို့ပဲဖိတ်ပြီး အကျဉ်းရုံး လုပ်လိုက်တယ်။ နှစ်ဖက်မိဘတွေကို အကြောင်းကြားပေမယ့် သူတို့ အချိန်မီရောက်မှာမဟုတ်ဘူး ဆိုပြီး မလာကြဘူး။

“အီလွန်ဟာ လက်ထပ်ပြီးတာနဲ့ စောစောစီးစီး ကလေးလိုချင်တယ်။ ကလေးတစ်ယောက်မက အများကြီးလိုချင်တယ်။ ဂျွန်မ သူ့ဆန္ဒကို လိုက်လျောပေးချင်ပါတယ်။ အလုပ်အကြောင်းပဲ အမြဲတွေးနေလို့ သူ စိတ်အနားမရဘူး။ ကလေးတွေရရင် သူ စိတ်အနားရမယ်လို့ ထင်မိတယ်။ သူ့အတွက် ပိုက်ဆံဟာ ပြဿနာမဟုတ်ဘူး။ သူလိုချင်ရင် ပိုက်ဆံရအောင်လုပ်နိုင်တယ်။ ပိုက်ဆံကို ဘယ်လို ရှာရမှန်း ကောင်းကောင်းသိတယ်” လို့ ဂျပ်စတင်က ပြောပြပြန်တယ်။

သူတို့ရဲ့ မင်္ဂလာဦးညမှာ အီလွန်မတ်က ဂျပ်စတင်ကို ခုလိုပြောတယ်။ *“ငါတို့နှစ်ယောက်ရဲ့ဘဝ အခုစကြတော့မယ်။ ခုရှုပ်မှ နောင်ရှင်းဆိုသလို ငါတို့ သဘောတူညီမှုလေးတွေ လုပ်ထားကြရအောင်နော်”* တဲ့။ တစ်လအကြာမှာ ဂျပ်စတင်ဟာ အီလွန်မတ် ကြိုတင်ပြင်ဆင်ထားတဲ့ (တကယ်လို့ ကွာရှင်းကြရင်) သူရမယ့် ငွေကြေးနဲ့ ပိုင်ဆိုင်မှုပစ္စည်းစာရင်း စာချုပ်ကို လက်မှတ်ထိုးပေးလိုက်တယ်။ အဲဒီအတွက် ဂျပ်စတင်ဟာ နောင်မှာ အကြီးအကျယ် နောင်တရမိတယ်။ ဘာကြောင့်လဲဆိုတော့ နောက်ပိုင်းမှာ အီလွန်မတ်ဟာ ဘီလျံနာသူဌေးကြီးဖြစ်ပြီး သူပိုင်ဆိုင်တဲ့ငွေနဲ့ ကုမ္ပဏီတွေ အများကြီးဖြစ်လာပေမယ့် ဂျပ်စတင်ဟာ အီလွန်မတ်နဲ့ ကွာရှင်းပြတ်စဲတဲ့အခါ စာချုပ်ထားတဲ့ ငွေနဲ့ ပစ္စည်းနည်းနည်းကိုပဲ ခံစားခွင့်ရလို့ပါ။ သူတို့နှစ်ယောက်ရဲ့အိမ်ထောင်ရေးဟာ လက်ထပ်ပြီးကတည်းက သာယာချောမွေ့ခြင်း မဖြစ်ခဲ့ဘူး။ အကြောင်းက အီလွန်မတ်က ဂျပ်စတင်ကို မယားတစ်ယောက်လို မဆက်ဆံလို့ပါ။ ဂျပ်စတင် အများတစ်ခုခုလုပ်မိရင် အီလွန်မတ်က ခုလိုပြောတတ်တယ်။ *“မင်းဟာ ငါ့မိန်းမဟုတ်ဘဲ ဝန်ထမ်းတစ်ယောက်ဆိုရင် ငါ မင်းကို ချက်ချင်း အလုပ်ဖြုတ်ပစ်လိုက်တယ် သိလား”* တဲ့။ ဂျပ်စတင်ဟာ အီလွန်မတ်ရဲ့ အဲဒီစကားကိုကြားတိုင်း ဝမ်းနည်းကြေကွဲဖြစ်ရတယ်။

သူတို့နှစ်ယောက်ဟာ (အီလွန်မတ် အလုပ်မအားလို့) လက်ထပ်ပြီး လအတန်ကြာထိ ပျားရည်ဆမ်းခရီး မထွက်ခဲ့ကြရဘူး။ စက်တင်ဘာလမှာ ပျားရည်ဆမ်းခရီးထွက်ရင်း သြစတေးလျှံနိုင်ငံက ဆစ်ဒနီအိုလံပစ်ပွဲတော် သွားကြည့်ကြဖို့ စိတ်ကူးခဲ့ကြတယ်။ ဒါပေမဲ့ X.com က သူ့ကို CEO ရာထူးက ဖြုတ်ချလိုက်တဲ့ကိစ္စကြောင့် သူတို့လင်မယားဟာ ဆစ်ဒနီလေဆိပ်ကနေ လှည့်ပြန်လာခဲ့ကြရတယ်။ CEO မဟုတ်တော့တဲ့ အီလွန်မတ်ဟာ အချိန်အားရလာတဲ့အတွက် ဒီဇင်ဘာလမှာ သူတို့လင်မယားဟာ ပထမဆုံးအကြိမ် ပျားရည်ဆမ်းခရီးထွက်ကြတယ်။ ၂ ပတ်ကြာတဲ့ ခရီးပါ။ ပထမတစ်ပတ်မှာ ဘရာဇီးနိုင်ငံကို သွားလည်ကြတယ်။ ဒုတိယတစ်ပတ်မှာ အီလွန်မတ်ရဲ့ မွေးဇာတိနိုင်ငံဖြစ်တဲ့ တောင်အာဖရိကနိုင်ငံရဲ့နယ်စပ် (မိုဇမ်ဘစ်နိုင်ငံနဲ့ကပ်လျက်) မှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေကို ဘေးမဲ့လွှတ်ပေးထားတဲ့ တောအုပ်ကြီးထဲမှာ သွားရောက်လေ့လာကြတယ်။ အဲဒီမှာ အီလွန်မတ်ဟာ အလွန်ပြင်းထန်တဲ့ ငှက်ဖျားရောဂါတစ်မျိုး ရလိုက်တယ်။ အဲဒီရောဂါရမှန်းမသိဘဲ သူတို့လင်မယားဟာ အမေရိကန်နိုင်ငံကို ပြန်လာခဲ့ကြတယ်။

၂၀၀၁ ခုနှစ် ဇန်နဝါရီလမှာ အီလွန်မတ်ဟာ အိမ်ပြန်ရောက်တာနဲ့ ဖျားတယ်။ ဆေးသောက်ပေမယ့် အဖျားသက်သာမလာဘဲ ပိုဆိုးလာလို့ အိပ်ရာထဲလဲလျောင်းနေရတယ်။ တစ်ပတ်ကြာတော့ ဂျပ်စတင်က သူ့ကို ဆေးခန်းတစ်ခုမှာ သွားပြပေးတယ်။ ဆေးခန်းကဆရာဝန်က ဘာရောဂါမှန်းမသိလို့ လူနာတင်ယာဉ်နဲ့ Sequoia Hospital ဆေးရုံကို ပို့လိုက်တယ်။ ဆေးရုံကဆရာဝန်တွေက အူယောင်တာလို့ပြောပြီး ဆေးထိုးပေးတယ်။ ဒါပေမဲ့ အီလွန်မတ်ရဲ့အဖျား မကျဘူး။ *"တခြားဆေးရုံတစ်ခုမှာ အလုပ်လုပ်တဲ့ သူငယ်ချင်း ဆရာဝန်တစ်ယောက် လာကြည့်တယ်။ သူက ကျွန်တော့်မှာဖြစ်နေတဲ့ ရောဂါလက္ခဏာဟာ ငှက်ဖျားရောဂါနဲ့ တူတယ်ဆိုပြီး သူ့ဆေးရုံကို ခေါ်သွားတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။ အဲဒီဆေးရုံမှာ သွေးဖောက်ပြီး စစ်ဆေးစမ်းသပ်တယ်။ အလွန်ပြင်းထန်တဲ့ falciparum malaria ငှက်ဖျားရောဂါမှန်း သိလိုက်ရတယ်။ ဒါကြောင့် ဆေးရုံက

သူ့ကို အလွန်ပြင်းတဲ့ ပဋိဇီဝဆေး (antibiotic medicine) တွေ သောက်ခိုင်းတယ်။ ရောဂါဒဏ်ရော ဆေးဒဏ်ပါ အပြင်းအထန်ခံစားရပြီး ရက်အတန်ကြာမှာ အီလွန်မတ် သက်သာသွားတယ်။ ၄က်ဖျားရောဂါပိုး မရှိတော့ဘူး။ ဆေးရုံက ဆရာဝန်တွေက အီလွန်မတ်ကို ပြောကြတယ်။ တကယ်လို့ သူသာ ဆေးရုံရောက်တာ တစ်ရက်နောက်ကျရင် သူ့ရဲ့ ဦးနှောက်ထဲ ၄က်ဖျားပိုးဝင်ပြီး သေရင်သေ မသေရင် ရူးသွားနိုင်တယ်တဲ့။

အီလွန်မတ်ဟာ အဲဒီဆေးရုံရဲ့ ICU (အထူးကြပ်မတ်ကုဌာန) မှာ ၁၀ ရက်ကြာအောင် ဝေဒနာပြင်းပြစွာ ခံစားခဲ့ရတယ်။ ဂျပ်စတင်လည်း အကြီးအကျယ် စိတ်သောကရောက်ခဲ့ရတယ်။ *"သူ (အီလွန်) ဟာ အရင်က ကိုယ်လုံးကိုယ်ထည် ထွားကြိုင်းပြီး အလွန်သန်စွမ်းသူပါ။ ခွန်အားအပြည့်ရှိပြီး ခံနိုင်ရည်အား ကောင်းတယ်။ သူ ဆေးရုံကဆင်းတော့ သူ့ရုပ်ဟာ မမှတ်မိလောက်အောင် ပြောင်းလဲသွားတယ်။ ရောဂါကြောင့် သူ့ကိုယ်အလေးချိန်ဟာ ၄၅ ပေါင် ကျသွားတယ်။ ဗီရိုတွေထဲမှာ ချောင်လွန်းလို့ ဝတ်မရတဲ့ သူ့အဝတ်အစားတွေ တစ်ပုံကြီးရှိနေတယ်"* လို့ ဂျပ်စတင်က ပြောပြတယ်။ အီလွန်မတ်ဟာ အရင် ကိုယ်အလေးချိန် ပြန်ရဖို့ ၆ လ စောင့်ရတယ်။ *"ကံကောင်းလို့ မသေခဲ့တာပါ။ ကျွန်တော် ဒီအဖြစ် အပျက်ကနေ သင်ခန်းစာတစ်ခု ရလိုက်ပါတယ်။ အဲဒါက အပန်းဖြေခရီးထွက်ရင် သေတတ်တယ်ဆိုတာပါ"* လို့ အီလွန်မတ်က နောက်ပြီးပြောတယ်။

❑

အခန်း (၅)

Space X ကုမ္ပဏီထောင်ပြီး ဒုံးပျံလွှတ်တင်ခြင်း

အီလွန်မတ်ဟာ ၂၀၀၁ ခုနှစ် ဇွန်လမှာ အသက် ၃၀ ပြည့်တယ်။ မွေးနေ့မှာ သူ မပျော်ဘူး။ အကြောင်းက မွေးနေ့မတိုင်ခင် ရက်အနည်းငယ်အလိုမှာ X.com ကုမ္ပဏီကို PayPal ကုမ္ပဏီလို့ တရားဝင် နာမည်ပြောင်းလိုက်လို့ပါ။ (PayPal နာမည် ပြောင်းဖို့ကို သူ အရင်က ကန့်ကွက်ခဲ့တယ်)။ နောက်ပြီး မကြာသေးခင်က X.com ရဲ့ ဒါရိုက်တာဘုတ်အဖွဲ့က သူ့ကို CEO ရာထူးက ဖြုတ်ချပြီး ပီတာ တီယယ်ကို CEO ခန့်လိုက်တာကို ပြန်စဉ်းစားမိရင်းလည်း စိတ်မချမ်းသာဘူး။ *"ကျွန်တော်တည်ထောင်ခဲ့တဲ့ ကုမ္ပဏီမှာ တခြားသူတွေ လုပ်ချင်ရာ လုပ်နေကြတာကို မြင်နေရတော့ အတော်စိတ်ဆင်းရဲရပါတယ်။ ကျွန်တော်လည်း ဘာမှ မတတ်နိုင်လို့ ငြိမ်နေလိုက်ရတယ်"* လို့ အီလွန်မတ်က ပြောတယ်။

ဒီအခြေအနေကြောင့် သူ မပျော်သလို Palo Alto မြို့မှာလည်း မနေချင်တော့ဘူး။ ဒီထက်ပိုတဲ့ အောင်မြင်မှုတွေလိုချင်ရင် အခွင့်အလမ်းပေါများတဲ့ နေရာတစ်ခုကို ပြောင်းရွှေ့သွားဖို့ လိုမယ်လို့ သူ စဉ်းစားမိတယ်။ အမေရိကန်နိုင်ငံတောင်ပိုင်းက ဟောလီးဝုဒ်ရုပ်ရှင်ကုမ္ပဏီတွေနဲ့ ရုပ်မြင်သံကြားကုမ္ပဏီတွေရှိကြပြီး

အလွန်စည်ကားတဲ့ ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အင်ဂျဲလိစ်မြို့ကို ပြောင်းရွှေ့သွားဖို့ ဆုံးဖြတ်လိုက်တယ်။

တကယ်တော့ လော့စ်အင်ဂျဲလိစ်မြို့ဟာ ဟောလီးဝုဒ် ရုပ်ရှင်ကုမ္ပဏီတွေ ရှိပြီး စည်ကားလို့ အီလွန်မတ်ကို ဆွဲဆောင်တာမဟုတ်ပါဘူး။ သူ လော့စ်အင်ဂျဲလိစ်မြို့ကို သွားချင်တာ အကြောင်းရှိပါတယ်။ သူဟာ X.com ကုမ္ပဏီရဲ့ CEO ရာထူးက ဖြုတ်ချခံရပြီးကတည်းက အရင်လို အလုပ်မများတော့ဘဲ အချိန်အားတွေ ရလာတယ်။ သူငယ်ငယ်က စာအုပ်တွေဖတ်ပြီး ဒုံးပျံတွေ၊ အာကာသခရီးသွားခြင်းစတဲ့ အကြောင်းတွေကို ပြန်သတိရတယ်။ ဒီအခါ တကယ်တမ်း သူ စိတ်ဝင်စားတာဟာ အင်တာနက်မဟုတ်ဘဲ အာကာသလုပ်ငန်းဆိုတာ သိလိုက်တယ်။

အဲဒါနဲ့ အီလွန်မတ် လော့စ်အင်ဂျဲလိစ်မြို့ကို ပြောင်းချင်တာ အာကာသလုပ်ငန်းနဲ့ ဘာဆိုင်လို့လဲလို့ မေးစရာရှိပါတယ်။ ဆိုင်ပါတယ်။ လော့စ်အင်ဂျဲလိစ်မြို့ရှိတဲ့ ဒေသရဲ့ ရာသီဥတုဟာ သိပ်မအေးလွန်းသလို လေပြင်းမုန်တိုင်းတိုက်ခတ်မှုလည်း နည်းတယ်။ နောက်ပြီး အဲဒီဒေသမှာ လေယာဉ်ပျံတည်ဆောက်ရေး၊ ဒုံးပျံနဲ့ ဂြိုဟ်တုတွေ တည်ဆောက်ပြီး အာကာသထဲလွှတ်တင်ပေးနေတဲ့ ကုမ္ပဏီကြီးတွေ အများကြီးရှိကြတယ်။ Lockheed Aircraft Company, Hughes Aircraft Company, U.S Air Force (အမေရိကန်လေတပ်စခန်း), NASA (အမျိုးသားလေကြောင်းနဲ့ အာကာသအုပ်ချုပ်ရေးအဖွဲ့) တွေအပြင် Boeing ကုမ္ပဏီစတဲ့ လေယာဉ်အကြီးစားတွေတည်ဆောက်တဲ့ ကုမ္ပဏီတွေဟာ လော့စ်အင်ဂျဲလိစ်မြို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ တည်ရှိနေကြတယ်။ အာကာသလုပ်ငန်းလုပ်ချင်နေတဲ့ အီလွန်မတ်အတွက် အဲဒါတွေဟာ ကြီးမားတဲ့ ဆွဲဆောင်မှုကြီးတွေပါ။

မကြာခင်မှာ အီလွန်မတ်လည်း ဂျပ်စတင်နဲ့အတူ လော့စ်အင်ဂျဲလိစ်မြို့ကို ပြောင်းရွှေ့သွားတယ်။ အဲဒီမှာ အိမ်ကြီးတစ်လုံးဝယ်ပြီး နေတယ်။ သူဟာ ရောက်ရောက်ချင်း အာကာသလုပ်ငန်း လုပ်ချင်ပေမယ့် ဘယ်ကစလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ဒါပေမဲ့ သူဟာ ဘာလုပ်ရင်ကောင်းမလဲဆိုတဲ့ အကြံပေါ်ဖို့ ထိုင်စောင့်

မနေဘဲ သူလုပ်နိုင်တာကို မြန်မြန်သွက်သွက် လုပ်လိုက်တယ်။ အဲဒါက အင်္ဂါဂြိုဟ်ကို စိတ်ဝင်စားသူများရဲ့ အပျော်တမ်းဖွဲ့စည်းထားတဲ့ Mars Society (အင်္ဂါဂြိုဟ် လေ့လာရေးအဖွဲ့) ကို အဖွဲ့ဝင်အဖြစ် လျှောက်လိုက်တယ်။ အဖွဲ့က သူ့ကို အဖွဲ့ဝင်အဖြစ် လက်ခံလိုက်တယ်။ (အီလွန်မတ်ဟာ PayPal ရဲ့ CEO မဟုတ်တော့တဲ့ အတွက် ရုံးမှာ အချိန်ပြည့်ထိုင်စရာ မလိုတူ။ ဒါကြောင့် သူလုပ်ချင်တာတွေလုပ်ဖို့ အချိန်ရနေတယ်။)

၂၀၀၁ ခုနှစ် ဇွန်လကုန်မှာ Mars Society အဖွဲ့က ရန်ပုံငွေရှာဖွေပွဲတစ်ခု လုပ်ဖို့ စီစဉ်တယ်။ အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ သူဌေးကြီးတစ်ယောက်ရဲ့ အိမ်ခြံဝင်းကျယ်ကြီးထဲမှာ ညစာစားပွဲလုပ်ပြီး တက်ရောက်ချင်သူတိုင်းဟာ တစ်ယောက်ကို ဒေါ်လာ ၅၀၀ ပေးရမှာဖြစ်ပါတယ်။ (အဖွဲ့က ကောက်ခံရတဲ့ငွေတွေကို ကုန်ကျစရိတ်နုတ်ပြီး ရန်ပုံငွေထဲထည့်မှာ ဖြစ်ပါတယ်)။ ညစာစားပွဲတက်ဖို့ ဖိတ်စာတွေကို ချမ်းသာသူတွေဆီ စာတိုက်ကနေ ပို့ပေးလိုက်တယ်။ Mars Society အဖွဲ့ကို တည်ထောင်သူနဲ့ ဥက္ကဋ္ဌဖြစ်တဲ့ 'ရောဘတ်ဇူဘရင်' ဟာ သူမသိတဲ့ လူတစ်ယောက်ဆီက ပြန်ကြားစာတစ်စောင်ကိုရလိုက်လို့ အံ့အားသင့်သွားတယ်။ အဲဒီလူဟာ အီလွန်မတ်ပါ။ သူ့ကို ဘယ်သူက ဖိတ်စာပို့လိုက်တယ်ဆိုတာ ဇူဘရင် မသိဘူး။ *"သူ (အီလွန်မတ်) က ညစာစားပွဲကို တက်မှာဖြစ်ကြောင်း ပြန်ကြားစာနဲ့အတူ ဒေါ်လာ ၅၀၀၀ တန် ချက်လက်မှတ်တစ်စောင်ကို ရန်ပုံငွေအတွက်ဆိုပြီး တွဲပို့ပေးလိုက်တယ်"* လို့ ဇူဘရင်က ပြောပြတယ်။ ဇူဘရင်လည်း အီလွန်မတ် ဘယ်သူဆိုတာ စုံစမ်းကြည့်တော့ မီလျံနာသူဌေးတစ်ယောက်မှန်း သိလိုက်တယ်။ ဒါနဲ့ ဇူဘရင်က ညစာစားပွဲမတိုင်ခင် နှစ်ရက်အလိုမှာ အီလွန်မတ်ကို သူ့အိမ်မှာ ကော်ဖီသောက်ရင်း စကားပြောဖို့ ဖိတ်လိုက်တယ်။ *"ကျွန်တော်တို့ရဲ့ Mars Society အဖွဲ့ ဘာလုပ်နေတယ်ဆိုတာ ရှင်းပြချင်လို့ ဖိတ်လိုက်တာပါ"* လို့ ဇူဘရင်က ပြောပြတယ်။ အီလွန်မတ်ရောက်လာတော့ သူတို့ ကော်ဖီသောက်ကြရင်း ဇူဘရင်က Mars Society အဖွဲ့ဟာ မြောက်ဝင်ရိုးစွန်းမှာရှိတဲ့ အာတိတ်ဒေသမှာ အင်္ဂါဂြိုဟ်အကြောင်း လေ့လာဖို့ သုတေသနစခန်းတစ်ခု ဆောက်နေ

ကြောင်း။ အာတိတ်ဒေသဟာ အင်္ဂါဂြိုဟ်ပေါ်က ရာသီဥတု၊ မြေပြင်အနေအထား တွေနဲ့ နီးနီးစပ်စပ်တူလို့ အဲဒီဒေသကို ရွေးချယ်ထားကြောင်း။ အဲဒီမှာ စမ်းသပ်နေကြတဲ့လုပ်ငန်းကို Translife Mission လို့ ခေါ်ကြောင်းနဲ့ အဲဒီ Mission ထဲမှာ ကမ္ဘာကိုပတ်နေတဲ့ ဂြိုဟ်ပတ်လမ်းထဲမှာ လှည့်ပတ်နေတဲ့ အာကာသယာဉ်တစ်စီး လွှတ်တင်ထားပြီး ယာဉ်ထဲမှာ ကြွက်လေးတချို့ လိုက်ပါနေကြောင်း စတာတွေကို ဇူဘရင်က ရှင်းပြပေးတယ်။ *"အာကာသယာဉ်ကို ဂြိုဟ်ပတ်လမ်းထဲ လှည့်ပတ်နေအောင်လုပ်ထားတဲ့ ရည်ရွယ်ချက်က ကမ္ဘာမြေဆွဲအားရဲ့ သုံးပုံတစ်ပုံပဲ သက်ရောက်အောင်လို့ပါ။ အဲဒီမြေဆွဲအားဟာ အင်္ဂါဂြိုဟ်ပေါ်မှာသက်ရောက်တဲ့ မြေဆွဲအားနဲ့ တူပါတယ်။ ကြွက်လေးတွေဟာ အင်္ဂါဂြိုဟ်မှာ အသက်ရှင်ပြီး မျိုးပွားနိုင်ကြသလား ဆိုတာလည်း စမ်းသပ်တာပါ"* လို့ သူက ဆက်ရှင်းပြတယ်။ အီလွန်မတ်ဟာ ဇူဘရင် ရှင်းပြတာတွေကို စိတ်ဝင်တစား နားထောင်တယ်။

ညစာစားပွဲမှာ ဇူဘရင်က အီလွန်မတ်ကို အရေးကြီးပုဂ္ဂိုလ် (VIP) တွေ ထိုင်တဲ့ စားပွဲမှာ နေရာချပေးတယ်။ ဒါကြောင့် အီလွန်မတ်ဟာ The Terminator, Titanic, Avatar စတဲ့ ဝက်ဝက်ကွဲ အောင်မြင်ခဲ့တဲ့ ဟောလီးဝုဒ် ရုပ်ရှင်ကား တွေကို ရိုက်ကူးပေးခဲ့ပြီး အာကာသနဲ့ပတ်သက်ရင် အတော်လေ့လာထားတဲ့ ရုပ်ရှင်ဒါရိုက်တာ 'ဂျိမ်းစ်ကင်မရွန်'၊ NASA အတွက် ဂြိုဟ်တွေ (အထူးသဖြင့် အင်္ဂါဂြိုဟ်) အကြောင်း လေ့လာပေးနေတဲ့ အမျိုးသမီး သိပ္ပံပညာရှင် 'ကာရိ စတုတ်ကာ)၊ ဇူဘရင်တို့နဲ့ တစ်စားပွဲတည်း ထိုင်ရတယ်။ *"အီလွန်မတ်ရဲ့မျက်နှာလေးဟာ နှနယ်ပျိုမြစ်လွန်းလို့ လူငယ်လေးတစ်ယောက်နဲ့ တူနေတယ်"* လို့ ကာရိကပြောတယ်။ *"ဂျိမ်းစ်ကင်မရွန်က အီလွန်မတ်ကို သူရဲ့ နောက်ရိုက်မယ့် ရုပ်ရှင်ကားမှာ ရင်းနှီးမြှုပ်နှံငွေထည့်ဝင်ဖို့ စည်းရုံးနေတယ်။ ဇူဘရင်ကလည်း သူကို Mars Society မှာ ရန်ပုံငွေအများကြီး ထည့်ဝင်ဖို့ မေတ္တာရပ်ခံနေတယ်။ အီလွန်မတ်က ဇူဘရင်ကို ရန်ပုံငွေထည့်ဝင်ပါမယ်လို့ပြောပြီး အင်္ဂါဂြိုဟ်နဲ့ပတ်သက်လို့ သိချင်ရင် ဆက်သွယ်မေးမြန်းလို့ရမယ့် လူစာရင်း တောင်းယူလိုက်တယ်"* လို့ ကာရိက ထပ်ပြောတယ်။

ကာရိုရဲ့ယောက်ျားဟာ NASA မှာ အလုပ်လုပ်နေတဲ့ အာကာသယာဉ်တည်ဆောက်ရေး အင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး လောလောဆယ် အင်္ဂါဂြိုဟ် ပေါ်မှာ ရေရှိ၊ မရှိ ပျံ့ဝဲပြီးလေ့လာဖို့ အာကာသယာဉ်တစ်စီး တည်ဆောက်နေတယ်။ သူ့ယောက်ျားကို အီလွန်မတ်နဲ့ တွေ့ပေးမယ်လို့ ကာရိုက ပြောတယ်။ ဇူဘရင် ကလည်း "*သူ (အီလွန်မတ်) ဟာ ကျွန်တော်တွေ့ဖူးတဲ့ မီလျံနာသူဌေးတွေနဲ့ မတူဘူး။ စကားကို လေးလေးနက်နက် ပြောတယ်။ သူ အာကာသအကြောင်း သိပ်မသိပါဘူး။ ဒါပေမဲ့ သိပ္ပံနည်းကျ တွေးခေါ်တတ်တယ်။ အင်္ဂါဂြိုဟ်နဲ့ပတ်သက်လို့ ဘာအစီအစဉ်တွေ လုပ်ထားသလဲဆိုတာ သူ သိချင်နေတယ်*" လို့ ပြောပြတယ်။ နောက်တော့ အီလွန်မတ်က အာတိတ်ဒေသမှာ တည်ဆောက်နေတဲ့ သုတေသနစခန်းအတွက် အလျူဌေ ဒေါ်လာတစ်သိန်း ထည့်လိုက်တယ်။ (မကြာခင်မှာပဲ အီလွန်မတ်ဟာ Mars Society အဖွဲ့မှာ ဒါရိုက်တာတစ်ယောက် ဖြစ်လာခဲ့တယ်)။

အီလွန်မတ်ဟာ မကြာခင်က ၄ုက်ဖျားရောဂါရပြီး သေမလိုဖြစ်ခဲ့လို့ သူ့ကိုယ်အလေးချိန်ဟာ အများကြီး လျော့ကျသွားခဲ့တယ်။ အရိုးပေါ်အရေတင်ဖြစ်နေတယ်။ ဒါပေမဲ့ စိတ်ဓာတ်ကတော့ မာကျောခိုင်မာဆဲပါ။ သူလုပ်ချင်တာကို လုပ်ဖို့ ဆုံးဖြတ်ထားတယ်။ သူလုပ်ချင်တာဟာ နေရောင်ခြည်စွမ်းအင်နဲ့ အာကာသလုပ်ငန်းပါ။ "*တကယ်လုပ်သင့်တာက ကမ္ဘာကြီးအတွက် လိုအပ်နေတဲ့ နေရောင်ခြည် စွမ်းအင်ပါ။ ဒါပေမဲ့ အဲဒါကို စီးပွားဖြစ်လုပ်ငန်းဖြစ်အောင် ဘယ်လိုလုပ်ရမှန်းမသိဘူး။ ဒါကြောင့် လောလောဆယ်မှာ အဲဒါကိုမေ့ထားပြီး အာကာသလုပ်ငန်းကိုပဲ အာရုံစိုက်လုပ်ချင်တယ်*" လို့ အီလွန်မတ်က သူ့ကိုပြောကြောင်း အီလွန်မတ်နဲ့ ရင်းနှီးတဲ့ ရင်းနှီးမြှုပ်နှံသူ ဇာခရီက ပြောပြတယ်။ "*နောက်တော့ သူက Space အာကာသအကြောင်း ပြောတယ်။ ပထမတော့ သူပြောတာ ရုံးခန်းနေရာ Space အကြောင်း ပြောတယ်လို့ ထင်မိလိုက်တယ်*" လို့ ဇာခရီက ရယ်ပြီးပြောတယ်။ အဲဒီအချိန်မှာ အီလွန်မတ်ဟာ Mars Society အဖွဲ့ရဲ့အကြံထက် ကြီးကျယ်တာကို ကြံစည်နေပါပြီ။ သူဟာ ကြွက်လေးတွေကို ကမ္ဘာကိုပတ်နေတဲ့ ဂြိုဟ်ပတ်လမ်း

ထဲ လွှတ်တင်တာမဟုတ်ဘဲ အင်္ဂါဂြိုဟ်အထိ ပို့ချင်နေတာပါ။ အဲဒါကိုလုပ်ဖို့ ဘယ်လောက်ကုန်မလဲလို့ သူက ဇာခရီကို မေးတယ်။ ဇာခရီက ဒေါ်လာ ၁၅ သန်း အနည်းဆုံး ကုန်ကျမယ်လို့ ပြန်ပြောတယ်။ အီလွန်မတ်က မေးပြန်တယ်။ *"ကျွန်တော် ရှူးနေသလားဗျ"* တဲ့။ ဇာခရီက ပြန်ဖြေတယ်။ *"ကြွက်လေးတွေ ကမ္ဘာမြေပေါ်ပြန်ရောက်မလာကြရင် မင်း ရှူးနေတာပေါ့"* တဲ့။ အီလွန်မတ်ရဲ့အကြံက ကြွက်လေးတွေကို အင်္ဂါဂြိုဟ်ပေါ်ပို့ပြီး ကမ္ဘာကို ပြန်ခေါ်လာဖို့ပါ။ လမ်းမှာ ကြွက်လေးတွေဟာ လိင်ဆက်ဆံမှုလုပ်ပြီး မျိုးပွားဖို့လည်း ရည်ရွယ်ထားတယ်။ အဲဒီအာကာသခရီးဟာ လပေါင်းများစွာ ကြာမယ်။ အီလွန်မတ်ရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်ပြီး eBay နဲ့ ချမ်းသာသွားတဲ့ 'ဂျက်ဖ်စကိုး' က ကြွက်လေးတွေ မျိုးပွားနိုင်ဖို့ ဒိန်ခဲတွေ အများကြီးစားဖို့လိုတယ် ဆိုပြီး အီလွန်မှတ်ကို စနောက်တဲ့အနေနဲ့ ဒိန်ခဲတုံးကြီးတစ်တုံး လက်ဆောင်ပေးတယ်။

အီလွန်မတ်ဟာ လူတွေ သူ့စိတ်ကူးအကြံကို နောက်ပြောင်တာ၊ ကျီစယ်တာတွေကို ဂရုမစိုက်ပါဘူး။ သူဟာ အာကာသခရီးအကြောင်းပဲ အချိန်ပြည့် တွေးနေတယ်။ သာမန်လူတစ်ယောက်အတွက် အာကာသခရီးအကြောင်း တွေးနေတာဟာ အချိန်ဖြုန်းခြင်းပါ။ ဒါပေမဲ့ အီလွန်မတ်က အချိန်ဖြုန်းတာလို့ မယူဆဘဲ အလေးအနက်ထားတယ်။ ဖြစ်နိုင်မယ့် နည်းလမ်းတွေကို ရှာကြံစဉ်းစားတယ်။ အတွေ့အကြုံရှိသူတွေ၊ နားလည်ကျွမ်းကျင်သူတွေကို စုံစမ်းမေးမြန်းတယ်။

တစ်ရက်မှာ အီလွန်မတ်ဟာ ကွန်ပျူတာကနေ NASA ရဲ့ ဝက်ဆိုဒ်ကို ဝင်ကြည့်တယ်။ အင်္ဂါဂြိုဟ်နဲ့ပတ်သက်တဲ့ ဘာအစီအစဉ်တွေရှိသလဲဆိုတာ သိချင်လို့ပါ။ သူ အံ့သြသွားတယ်။ အင်္ဂါဂြိုဟ်နဲ့ပတ်သက်တဲ့ အစီအစဉ် တစ်ခုမှ ရှာမတွေ့ဘူး။ *"ပထမတော့ ကျွန်တော် ဝက်ဆိုဒ်မှားကြည့်မိတယ်လို့ ထင်လိုက်တယ်။ ဒါပေမဲ့ NASA ရဲ့ ဝက်ဆိုဒ် အမှန်ပါ။ NASA လို အမေရိကန်အစိုးရရဲ့ အာကာသနဲ့ပတ်သက်တဲ့ အဖွဲ့ကြီးမှာ အင်္ဂါဂြိုဟ်နဲ့ပတ်သက်တဲ့ အစီအစဉ်မရှိတာ တွေ့ရလို့ ကျွန်တော် အကြီးအကျယ် အံ့သြသွားတယ်"* လို့ အီလွန်မတ်က 'Wired' မဂ္ဂဇင်းကို ပြောပြတယ်။ အစိုးရမှာ အင်္ဂါဂြိုဟ်ကို သွားရောက်လေ့လာဖို့ အစီအစဉ်မရှိဘူး

ဆိုတော့ အမေရိကန်နိုင်ငံမှာ ခေတ်အဆက်ဆက်က နယ်မြေသစ်ရှာဖွေသူတွေရဲ့ စိတ်ဓာတ် ပျောက်ကွယ်သွားပြီလို့ သူခံစားမိတယ်။ အဲဒီစိတ်ဓာတ် ပြန်ပေါ်လာအောင် ကြိုးစားပေးချင်စိတ် ပေါ်လာတယ်။ အဲဒါကို စိတ်ကူးမဟုတ်ဘဲ လက်တွေ့ လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

အီလွန်မတ်ရဲ့ လက်တွေ့လုပ်ဆောင်မှုကို ဟိုတယ်တွေရဲ့ စည်းဝေးခန်းမတွေမှာ စတင်ခဲ့တယ်။ သူဟာ အာကာသလုပ်ငန်းနဲ့ ဆက်နွယ်သူတွေကို ဆက်သွယ်ပြီး ဟိုတယ်တွေမှာဆွေးနွေးဖို့ဖိတ်ကြားတယ်။ တစ်ခါတလေ လော့စ်အင်ဂျဲလိစ် လေဆိပ်က Renaissance ဟိုတယ်မှာနဲ့ တစ်ခါတစ်ရံမှာ Palo Alto မြို့က Sheraton ဟိုတယ်တွေမှာ ဆွေးနွေးပွဲတွေ လုပ်ဖြစ်တယ်။ အီလွန်မတ်ဟာ သူတို့ကို ဖိတ်ကြားပေမယ့် ဘာတွေဆွေးနွေးမယ်ဆိုတဲ့ အစီအစဉ် မဆွဲထားဘူး။ သူလိုချင်တာက တက်ရောက်လာသူတွေဟာ ဖြစ်နိုင်မယ့်အစီအစဉ်တွေကို ပြောပြ ဆွေးနွေးကြဖို့ဖြစ်တယ်။ တက်ရောက်ကြတဲ့ သိပ္ပံပညာရှင်တွေနဲ့ အာကာသ ကျွမ်းကျင်သူတွေဟာ ဆွေးနွေးကြရင်းနဲ့ အင်္ဂါဂြိုဟ်ကို ကြွက်လေးတွေပို့ဆောင်မယ့် အစီအစဉ်ဟာ ဒေါ်လာ သန်း ၂၀ လောက် အကုန်အကျခံရင် ဖြစ်နိုင်တယ်လို့ ပြောကြတယ်။ ဒီအချိန်မှာ အီလွန်မတ်ဟာ Mars Society အဖွဲ့ရဲ့ ဒါရိုက်တာ ရာထူးကနေ နှုတ်ထွက်ပြီး သူ့ကိုယ်ပိုင်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ 'the Life to Mars' Foundation ကို ထူထောင်လိုက်တယ်။

အီလွန်မတ်စီစဉ်တဲ့ ဆွေးနွေးပွဲတွေကို တက်ရောက်ကြသူတွေထဲမှာ တချို့ဟာ နှယ်နှယ်ရရပုဂ္ဂိုလ်တွေ မဟုတ်ကြဘူး။ NASA မှာ လုပ်ကိုင်နေကြတဲ့ သိပ္ပံပညာရှင်တွေ ပါဝင်ကြတယ်။ သူတို့ထဲမှာ အထင်ရှားဆုံးသူဟာ 'မိုက်ကယ်ဂရစ်ဖင်' ဖြစ်ပါတယ်။ ဂရစ်ဖင်ဟာ ပညာရေးမှာ အလွန်ထူးချွန်တယ်။ လေယာဉ်နဲ့ ဒုံးပျံ တည်ဆောက်တဲ့ အင်ဂျင်နီယာဘွဲ့၊ မြို့ပြအင်ဂျင်နီယာဘွဲ့၊ လျှပ်စစ်အင်ဂျင်နီယာ ဘွဲ့နဲ့ ရူပဗေဒဘွဲ့ ဘွဲ့လေးခုကိုရထားတဲ့ ရှာမှရှားတဲ့ ပုဂ္ဂိုလ်ပါ။ သူဟာ NASA က အာကာသယာဉ်နဲ့ ဂြိုဟ်တုတည်ဆောက်ရေးဌာနရဲ့ အထွေထွေမန်နေဂျာ လည်း ဖြစ်တယ်။ ဂြိုဟ်တွေဆီ အာကာသယာဉ်လွှတ်တင်တဲ့ကိစ္စနဲ့ပတ်သက်လို့

သူ့ထက်ပိုသိသူ ကမ္ဘာပေါ်မှာ တစ်ယောက်မှမရှိဘူးလို့ ပြောလို့ရတယ်။ သူဟာ နောက်ပိုင်းမှာ အီလွန်မတ်ကို အာကာသဒုံးပျံလွှတ်တင်ရေး ကိစ္စတွေမှာ အကြံပေးသူ ဖြစ်လာတယ်။ (နောက် ၄ နှစ်အကြာ ၂၀၀၅ ခုနှစ်မှာ ဂရစ်ဖင်ဟာ NASA ရဲ့ဥက္ကဋ္ဌ ဖြစ်လာခဲ့တယ်)။

အာကာသကို ဒုံးပျံလွှတ်တင်ဖို့ကိစ္စဟာ ပိုက်ဆံချမ်းသာတဲ့ အီလွန်မတ် စိတ်ပါလက်ပါဖြစ်နေလို့ အာကာသသိပ္ပံပညာရှင်တွေ ဝမ်းသာနေကြတယ်။ ဒါကြောင့်လည်း သူတို့ဟာ အင်္ဂျိုဟ်ကို ကြွက်လေးတွေလွှတ်တင်ဖို့အကြံကို အားတက်သရော ဆွေးနွေးကြတယ်။ ဆွေးနွေးကြရင်းနဲ့ သူတို့ဟာ အစီအစဉ်သစ်တစ်ခုလုပ်ဖို့ လမ်းကြောင်းပြောင်းသွားကြတယ်။ အစီအစဉ်သစ်ဟာ အင်္ဂျိုဟ်ကို ကြွက်လေးတွေပို့တာ မဟုတ်တော့ဘဲ (စိုက်ပျိုးရန်) ဖန်လုံအိမ်တစ်လုံးကို ပို့ပေးတာ ဖြစ်သွားတယ်။ အင်္ဂျိုဟ်ပေါ် အာကာသယာဉ်ရောက်သွားတဲ့အခါ အာကာသယာဉ်ပေါ်က ဖန်လုံအိမ်ဟာ အင်္ဂျိုဟ်ရဲ့မြေသားကို ကောက်ယူပြီး အဲဒီမြေသားပေါ်မှာ အပင်လေးတွေစိုက်မယ်။ အဲဒီအပင်လေးတွေကနေ အောက်ဆီဂျင်ထုတ်ပေးမယ်။ (အင်္ဂျိုဟ်ပေါ်မှာ အောက်ဆီဂျင်ဓာတ်ငွေ့မရှိလို့ပါ)။ အောက်ဆီဂျင်ရရင် လူတွေနဲ့ သက်ရှိသတ္တဝါတွေ အင်္ဂျိုဟ်ပေါ်မှာ အသက်ရှင်နေထိုင်နိုင်မယ်။ ဒီအစီအစဉ်သစ်ကို Mars Oasis လို့ နာမည်ပေးထားတယ်။ Mars Oasis အောင်မြင်မယ်လို့ အီလွန်မတ် ယုံကြည်တယ်။

အီလွန်မတ်က ဖန်လုံအိမ်မှာ မှန်အကြည်တပ်ထားတဲ့ အပေါက်တစ်ပေါက်တပ်ချင်တယ်။ အထဲမှာစိုက်ထားတဲ့ အပင်လေးတွေကို အပေါက်ကနေ ဗီဒီယိုရိုက်ကူးပြီး ကမ္ဘာမြေပြင်ဆီ ပြန်ပို့ဖို့ပါ။ ဆွေးနွေးကြသူတွေထဲက တချို့ဟာ ခုလို အကြံပေးကြတယ်။ တစ်နိုင်ငံလုံးက ကျောင်းတွေကို ပန်းအိုးလေးတွေနဲ့ အပင်ရေလောင်းတဲ့ ရေပန်းကရား စတာတွေကို ပို့ပေးလိုက်ရင် ကျောင်းသူကျောင်းသားတွေဟာ အပင်လေးတွေ စိုက်ချင်စိတ်နဲ့ အပင်လေးတွေရဲ့ ကြီးထွားနှုန်းကို စောင့်ကြည့်ချင်စိတ် ပေါ်လာကြမယ်။ သူတို့စိုက်ထားတဲ့ အပင်လေးတွေရဲ့ကြီးထွားနှုန်းနဲ့ အင်္ဂျိုဟ်ပေါ်မှာရောက်နေတဲ့ ဖန်လုံအိမ်ထဲက အပင်လေးတွေရဲ့ ကြီးထွားနှုန်းကို

နှိုင်းယှဉ်ကြည့်ကြမယ်။ သီအိုရီအရ အင်္ဂါရှိုဟ်ပေါ်ကအပင်ရဲ့ ကြီးထွားနှုန်းဟာ ကမ္ဘာမြေပြင်ကအပင်ရဲ့ ကြီးထွားနှုန်းရဲ့ နှစ်ဆရှိတယ်တဲ့။ အရင်က အာကာသ လုပ်ငန်းမှာ လုပ်ကိုင်ခဲ့ပြီး အခု အပြိမ်းစားယူထားပေမယ့် ဆွေးနွေးပွဲမှာ စိတ်ပါ လက်ပါ ဆွေးနွေးသူ 'ဒေ့ဗ်ဘီဒင်' က ခုလိုပြောပြတယ်။ *"အဲဒီအစီအစဉ် လုပ်ပေး နိုင်ရင် ကလေးတွေရဲ့စိတ်ထဲမှာ အင်္ဂါရှိုဟ်ဆိုတာ ကြောက်စရာမကောင်းဘူး။ နေချင်စရာမကောင်းတဲ့ နေရာလို့ ပြောမှာမဟုတ်ဘူး။ အဲဒီမှာ သွားနေသင့်တယ် လို့ အတွေးပေါ်လာကြမယ်"* တဲ့။ ဘာပဲဖြစ်ဖြစ် အင်္ဂါရှိုဟ်ပေါ်က ဖန်လုံအိမ်ထဲမှာ အပင်စိုက်မယ့်အကြံဟာ ဆွေးနွေးကြသူတွေကို တက်ကြွစေတယ်။ ဆွေးနွေးကြသူ တွေမှာ အီလွန်မတ်ကို မကောင်းမြင်သူတွေလည်း ရှိကြတယ်။ *"သူ (အီလွန်မတ်) ဟာ ကြီးကျယ်တဲ့အကြံကို တွေးတတ်တယ်။ သူ့အကြံ ကောင်းပါတယ်။ သူလုပ်နေ တာကို အောင်မြင်စေချင်ပါတယ်။ ဒါပေမဲ့ သူဟာ လူထင်ပေါ် လုပ်ချင်လွန်းတယ်။ Time မဂ္ဂဇင်းရဲ့ Man of the Year (တစ်နှစ်တာအတွင်း ကမ္ဘာပေါ်မှာ အထင် ရှားဆုံး ပုဂ္ဂိုလ်) ဖြစ်ချင်တယ်။ သူဟာ ကမ္ဘာကြီးကို ပြောင်းလဲနိုင်တယ်လို့ ယုံကြည် နေပုံရတယ်။ မဖြစ်နိုင်ပါဘူးဗျာ"* လို့ မကောင်းမြင်သူတွေက ချီးကျူးသလို၊ ခနဲ့ သလို ပြောကြတယ်။

အာကာသပညာရှင်တွေ စိတ်ပူတာက အီလွန်မတ်ရဲ့ ဘတ်ဂျက်ပါ။ အီလွန် မတ်ဟာ အင်္ဂါရှိုဟ်ကို ဒုံးပျံလွှတ်ပြီး အပင်စိုက်မယ့်အစီအစဉ်ကို ဒေါ်လာ သန်း ၂၀ နဲ့ သန်း ၃၀ ကြား အကုန်ခံဖို့ ရည်မှန်းထားတယ်။ အဲဒီပိုက်ဆံဟာ ဒုံးပျံလွှတ်တင်ရုံ အတွက်ပဲ လုံလောက်တယ်လို့ ပညာရှင်အများက သိထားကြတယ်။ *"ကျွန်တော့် စိတ်အထင် ပြောရရင် သူ အစီအစဉ်ကို ဖြစ်မြောက်အောင်လုပ်နိုင်ဖို့ ဒေါ်လာ သန်း ၂၀၀ လောက် ကုန်ကျမယ်လို့ ထင်ပါတယ်။ ပညာရှင်အများကလည်း အဲဒီလိုပဲ ထင်ကြတယ်။ ဒါပေမဲ့ သူတို့ အီလွန်မတ်ကို မပြောကြဘူး။ ဘာကြောင့်လဲဆိုတော့ သူသိသွားရင် စိတ်ဓာတ်ကျသွားပြီး အဲဒါကို ဆက်မလုပ်တော့မှာစိုးလို့ပါ"* လို့ ဒေ့ဗ်ဘီဒင်က ပြောပြတယ်။ နောက်ပြီး အင်ဂျင်နီယာလုပ်ငန်းရဲ့ ကြီးမားတဲ့ စိန်ခေါ် မှုတွေ ရှိနေသေးတယ်။ *"ဖန်လုံအိမ်မှာ အပေါက်တပ်ထားရင် ပိတ်တဲ့အခါ မလုံဘဲ*

ပြင်ပက အအေးဓာတ်ဟာ အထဲကိုဝင်လာနိုင်တယ်။ ဖန်လုံအိမ်မှာ အနွေးဓာတ် မရှိရင် အပင်လေးတွေ အသက်ရှင်နိုင်မှာ မဟုတ်ဘူး" လို့ ဒေါ်ဘီဒင်က ဆက်ပြောတယ်။ အဲဒီအခက်အခဲတွေသာ မကသေးဘူး။ အဂ်ြိုဟ်ပေါ်က မြေသားကို ကောက်ယူပြီး ဖန်လုံအိမ်ထဲ ထည့်သွင်းဖို့ဆိုတာလည်း မဟာအခက်အခဲကြီးပါ။ ပြီးတော့ မြေသားဟာ မြေဩဇာ ရှိ၊ မရှိနဲ့ အဆိပ်ဓာတ် ရှိ၊ မရှိ ဆိုတာလည်း မသိရသေးဘူး။ ဒီအခက်အခဲတွေနဲ့ မတွေ့ရအောင် ဖန်လုံအိမ်ထဲမှာ ကမ္ဘာပေါ်က မြေသားကို ယူသွားပြီး အပင်စိုက်ရင်ကောင်းမလားလို့ စဉ်းစားပြန်တော့လည်း ဒါဟာ လူတွေကို လိမ်ညာတာဆိုပြီး အီလွန်မတ်က မလုပ်ချင်ဘူး။ "*အဂ်ြိုဟ်က မြေသားနဲ့ အပင်စိုက်ဖို့ဆိုတာ မဖြစ်နိုင်ဖို့က များနေတယ်။ ဖန်လုံအိမ်ဟာ ကမ္ဘာ့ပေါ် ပြန်ရောက်လာလို့ အထဲကအပင်လေးတွေ အသက်မရှင်ဘူးဆိုရင် ငွေတွေ အများကြီးကို ဖြုန်းတီးပစ်တာနဲ့ တူနေမယ်*" လို့ ဒေါ်ဘီဒင်က ပြောပြပြန်တယ်။

အာကာသပညာရှင်တွေက အဲဒီအကြောင်း အီလွန်မတ်ကို ပြောပြကြပေမယ့် အီလွန်မတ်ကတော့ နောက်မဆုတ်ဘူး။ ပညာရှင်တွေထဲက တချို့ကို အကြံပေးတွေအဖြစ် ခန့်ပြီး ဒုံးပျံလွှတ်တင်မယ့်အစီအစဉ်ကို စတင် အကောင်အထည် ဖော်ကြတယ်။ သူဟာ ဒုံးပျံလွှတ်တင်မယ့် ကုန်ကျစရိတ်ကို ချွေတာချင်လို့ ရုရှားနိုင်ငံကိုသွားဖို့ စီစဉ်တယ်။ သူအကြံက ဒုံးပျံကို အစကနေ တည်ဆောက်တာထက် ရုရှားနိုင်ငံလုပ် ICBM (Intercontinental Ballistic Missile - ပဲ့ထိန်းစနစ်နဲ့ပစ်တဲ့ တိုက်ချင်းပစ်ဒုံးပျံ) ကို ဝယ်တာက ပိုက်ဆံသက်သာမယ် ထင်လို့ပါ။ အီလွန်မတ်ဟာ 'ဂျွန်ကင်ထရဲလ်' ဆိုတဲ့ လူတစ်ယောက် အကြောင်း ကြားတယ်။ ကင်ထရဲလ်ဟာ ဒုံးပျံကျွမ်းကျင်သူဖြစ်ပြီး အမေရိကန် အစိုးရနဲ့ တခြားနိုင်ငံတွေရဲ့ အစိုးရတွေအတွက် လျှို့ဝှက်ထောက်လှမ်းရေးတွေ လုပ်ပေးခဲ့ဖူးတယ်။ ၁၉၉၆ ခုနှစ်တုန်းက ရုရှားနိုင်ငံမှာရောက်နေတဲ့ သူကို ရုရှား အစိုးရက ဂြိုဟ်တုတစ်ခုကို အရောင်းအဝယ်လုပ်ပေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖမ်းပြီး အိမ်မှာ အကျယ်ချုပ်ချထားလိုက်တယ်။ "*ဂျွန်တော့်ကိုဖမ်းပြီး ၂ ပတ်အကြာမှာ အမေရိကန် ဒုတိယသမ္မတ အဲလ်ဂိုးရဲ့ စေ့စပ်ညှိနှိုင်းပေးမှုကြောင့် ပြန်လွတ်လာပြီး*

အမေရိကန်နိုင်ငံကို ပြန်လာနိုင်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော် ရုရှားတွေ နဲ့ဆက်ဆံတာ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်” လို့ ကင်ထရဲလ်က ပြော ပြတယ်။

ပူပြင်းတဲ့ ဇူလိုင်လရဲ့ ညနေခင်းတစ်ခုမှာ အမိုးဖွင့်ထားတဲ့ကားလေးကို မောင်းနေတဲ့ ကင်ထရဲလ်ရဲ့ လက်ကိုင်ဖုန်း မြည်လာတယ်။ *“ကျွန်တော် ဖုန်းကို နားထောင်လိုက်တော့ လူတစ်ယောက် ရယ်စရာကောင်းတဲ့လေသံနဲ့ စကားပြော တာကို ကြားရတယ်။ သူ ပြောတယ်။ ‘ကျွန်တော် ခင်ဗျားနဲ့ စကားပြောချင်ပါ တယ်။ ကျွန်တော်က ဘီလျံနာတစ်ယောက်ပါ။ အာကာသကို ခုံးပျံလွှတ်တင်ဖို့ စီစဉ်နေပါတယ်’ တဲ့။ သူနာမည်ကို ပြောပြတော့ ကောင်းကောင်းမကြားရလို့ အီရန်မတ်လို့ ထင်မိလိုက်တယ်။ ကျွန်တော်က သူစကားပြောတာကို ကောင်းကောင်း မကြားရလို့ အိမ်ပြန်ရောက်မှ အိမ်ဖုန်းနဲ့ပြန်ခေါ်မယ်လို့ ပြောလိုက်တယ်” လို့* ကင်ထရဲလ်က ပြန်ပြောပြတယ်။ ကင်ထရဲလ်နဲ့ အီလွန်မတ်တို့နှစ်ယောက်ဟာ စစချင်းမှာ တစ်ယောက်နဲ့တစ်ယောက် မယုံကြဘူး။ အီလွန်မတ်က ကင်ထရဲလ်ကို သူ့ လက်ကိုင်ဖုန်းနံပါတ် မပေးဘဲ သူ့အလုပ်က ဖက်စ် fax machine ရဲ့နံပါတ်ပဲ ပေးတယ်။ ဘာပဲဖြစ်ဖြစ် အီလွန်မတ်ဟာ စိတ်ဝင်စားဖွယ်ကောင်းသလို စိတ်အား ထက်သန်သူဆိုတာ ကင်ထရဲလ် သတိထားမိတယ်။ *“သူက ကျွန်တော်နေတဲ့ နေရာမှာ လေယာဉ်ပျံကွင်း ရှိသလား။ ရှိရင် သူ လေယာဉ်နဲ့လာပြီး အခုပဲ တွေ့ချင် တယ်လို့ ပြောတယ်” လို့* ကင်ထရဲလ်က ပြောတယ်။ *“ကျွန်တော့်ခေါင်းထဲမှာ အန္တရာယ်တစ်ခုကို စဉ်းစားမိလိုက်တယ်။ ဒါဟာ ရန်သူရဲ့ ထောင်ချောက်လားပေါ့။ ကျွန်တော့်ကို ဖမ်းချင်လို့လားပေါ့။ ဒါကြောင့် ကျွန်တော်လည်း Salt Lake City လေဆိပ်မှာ စည်းဝေးခန်းတစ်ခု ငှားပြီး စောင့်နေမယ်လို့ သူ့ကို ပြန်ပြောလိုက် တယ်။ သူ လေဆိပ်ထဲဝင်ရင် လုံခြုံရေးအစောင့်တွေရဲ့ စမ်းသပ်စစ်ဆေးမှု ခံရမှာမို့ သေနတ်ကိုင်လာလို့မရဘူးလို့ တွေးမိလို့ပါ”* လို့ ကင်ထရဲလ်က ထပ်ပြောတယ်။ နောက်နေ့မှာ သူတို့နှစ်ယောက်ဟာ လေဆိပ်ထဲမှာ တွေ့ဖြစ်သွားကြတယ်။ အီလွန်မတ်က လူသားတွေဟာ ကမ္ဘာကြီးပေါ်မှာ နေရုံမကဘဲ တခြားကြယ်တွေမှာ

လည်း နေသင့်ကြတယ်လို့ စကားစပြီး သူလုပ်ချင်တဲ့ အစီအစဉ်ကို ပြောပြတယ်။ ပြီးတော့ ကင်ထရဲလ်ကို ဒုံးပျံဝယ်ဖို့ ရုရှားကိုလိုက်ဖို့ ခေါ်တယ်။ သူတို့နှစ်ယောက် စကားပြောရင်း အတော်လေး ရင်းနှီးသွားကြတယ်။ အီလွန်မတ်ဟာ သူ့အစီအစဉ်ကို အလွန်အလေးအနက်ထားနေတာကို တွေ့ရလို့ ကင်ထရဲလ်က သူ့ကို ဒုံးပျံဝယ်ဖို့အတွက် ရုရှားနိုင်ငံကို ပြန်သွားမယ်လို့ ကတိပေးလိုက်တယ်။

အဲဒီနှစ် ၂၀၀၁ ခုနှစ် အောက်တိုဘာလကုန်ခါနီးမှာ အီလွန်မတ်၊ ကင်ထရဲလ်နဲ့ အဒူရက်စီ (Penn တက္ကသိုလ်မှာတုန်းက အီလွန်မတ်နဲ့အတူ အိမ်ငှားပြီး အရက်ရောင်းတဲ့ သူငယ်ချင်း) တို့ သုံးယောက်ဟာ ခရီးသည်တင်လေယာဉ်တစ်စင်းစီးပြီး ရုရှားနိုင်ငံကို ထွက်ခွာသွားကြတယ်။ ရက်စီဟာ အီလွန်မတ်ခေါ်လို့ လိုက်လာပေမယ့် ဒုံးပျံအကြောင်း မသိပါဘူး။ သူဟာ အီလွန်မတ်ကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ အီလွန်မတ် စိတ်ဖောက်ပြီး ပေါက်တတ်ကရလုပ်ရင် ထိန်းပေးဖို့ လိုက်လာတာပါ။ အီလွန်မတ်ကို သူ့သူငယ်ချင်းတွေက ဒုံးပျံတွေလွှတ်တင်ချိန်မှာ ပေါက်ကွဲပျက်စီးသွားတာတွေကို ရိုက်ကူးထားတဲ့ ဗီဒီယိုကားတွေပြပြီး သူ့ကို ပိုက်ဆံမဖြုန်းမိအောင် ဒုံးပျံလွှတ်တင်မယ့်အကြံကို လက်လျှော့ဖို့ တိုက်တွန်းကြတယ်။ ဒါပေမဲ့ အီလွန်မတ်ကတော့ သူတို့စကားကို နာမထောင်ပါဘူး။ သူလုပ်ချင်တာကို ဆက်လုပ်ဖို့ ဆုံးဖြတ်ထားတယ်။ သူတို့သွားတဲ့အချိန်ဟာ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီး ၁၀ နှစ်အကြာ ဒုံးပျံတွေကို လွယ်လွယ်ကူကူ ဝယ်ယူရနိုင်တဲ့အချိန် ဖြစ်ပါတယ်။ သူတို့သွားခါနီးမှာ အီလွန်မတ်က ဘွဲ့တွေ အများကြီးရထားပြီး (NASA မှာ အလုပ်လုပ်နေတဲ့) အာကာသနည်းပညာမှာ အတော်ဆုံးဖြစ်တဲ့ မိုက်ကယ်ဂရစ်ဖင်ကို ဖုန်းဆက်ပြီး ရုရှားနိုင်ငံကို လိုက်လာဖို့ ပြောလိုက်တယ်။ ဂရစ်ဖင်လည်း ရုရှားနိုင်ငံကို လိုက်သွားတယ်။ သူတို့လေးယောက်အဖွဲ့ဟာ ရုရှားအဖွဲ့တွေနဲ့ လေးလအတွင်း ၃ ကြိမ် တွေ့ဆုံခဲ့ကြတယ်။ သူတို့တွေတဲ့ ရုရှားအဖွဲ့တွေဟာ စီးပွားရေးလုပ်ငန်းအတွက် ဂြိုဟ်တုလွှတ်တင်ပေးတဲ့ ပုဂ္ဂလိကကုမ္ပဏီတွေက လူတွေပါ။ သုံးကြိမ်မြောက်ဆွေးနွေးပွဲအတွက် အီလွန်မတ်တို့ဟာ ရုရှားအဖွဲ့ ချိန်းတဲ့နေရာကိုသွားပြီး သူတို့ရဲ့ထုံးစံအတိုင်း လိုက်လုပ်ရတယ်။ ရုရှား

လူမျိုးတွေဟာ မနက်စာမစားကြဘဲ နေ့လယ်စာကို မနက် ၁၁ နာရီလောက်မှာ စောစောစီးစီး စားကြတယ်။ ဒါပေမဲ့ နေ့လယ်စာကို ချက်ချင်းမစားကြသေးဘဲ တစ်နာရီကျော်လောက် အသားညှပ်ပေါင်မုန့်၊ ဝက်အူချောင်းကြော်နဲ့ ဗော့ဒ်ကာ အရက်တွေကို စားသောက်ရင်း စကားပြောကြတယ်။ အီလွန်မတ်တို့အဖွဲ့ဟာ သူတို့ အဲဒီလိုလုပ်နေကြတာကို စိတ်မရှည်နိုင်ဖြစ်နေတယ်။ *"ကျွန်တော်တို့မေးတဲ့ မေးခွန်းတွေကို ရုရှားတွေ ဘယ်တော့ဖြေမလဲဆိုတာ စောင့်ရင်းနဲ့ ကျွန်တော်တို့ စိတ်တိုနေကြတယ်"* လို့ ကင်ထရဲလ်က ပြောတယ်။ နေ့လယ်စာ စားပြီးသွားတော့ လည်း ရုရှားတွေဟာ အဖြေမပေးကြသေးဘူး။ ဆေးလိပ်သောက်၊ ကော်ဖီသောက် တာကို အကြာကြီး လုပ်နေကြသေးတယ်။ စားပွဲပေါ်က စားသောက်ပြီးတဲ့ ပန်းကန် ခွက်ယောက်တွေကို သိမ်းဆည်းပြီးသွားမှ ရုရှားအဖွဲ့ခေါင်းဆောင်က အီလွန်မတ် ကို မေးတယ်။ *"ငါတို့ဒုံးပျံတွေကို မင်း ဘာကြောင့် ဝယ်ချင်ရတာလဲ"* တဲ့။ အီလွန်မတ်က အင်္ဂြိုဟ်ကို ဒုံးပျံနဲ့ ဖန်လုံအိမ် လွှတ်တင်ပြီး အပင်စိုက်မယ့် အစီ အစဉ်ကို ရှင်းပြတယ်။ ခေါင်းဆောင်က မယုံဘူး။ *"သူဟာ ပထမတော့ ကျွန်တော် တို့ နောက်ပြောတယ်ဆိုပြီး ရယ်တယ်။ ကျွန်တော်က အဲဒါအမှန်ပဲလို့ ထပ်ပြော လိုက်တော့ သူက အီလွန်မတ်နဲ့ ကျွန်တော့်ကို လူလိမ်တွေလို့ပြောပြီး တံတွေး ထွေးတယ်ဗျာ"* လို့ ကင်ထရဲလ်က ပြောပြတယ်။

အကြိတ်အနယ်ဆွေးနွေးပွဲဟာ မော်စကိုမြို့လယ်က အဆင်အယင်တွေနဲ့ မွမ်းမံထားပေမယ့် ပြင်ဆင်ထိန်းသိမ်းမှုမရှိလို့ ယိုယွင်းပျက်စီးစပြုနေတဲ့ ရုရှား တော်လှန်ရေး မတိုင်ခင်က ဆောက်ထားခဲ့တဲ့ အဆောက်အဦးကြီးထဲမှာဖြစ်တယ်။ ရုရှားအဖွဲ့သားတွေဟာ ဗော့ဒ်ကာအရက်ကို မော့သောက်ကြရင်း "အာကာသဆီ သို့"၊ "မိတ်ဆွေအမေရိကန်နိုင်ငံအတွက်" စတဲ့ ကြွေးကြော်သံတွေ အော်ဆိုပြီး ပျော်နေကြတယ်။ ဒေါ်လာ သန်း ၂၀ ယူလာတဲ့ အီလွန်မတ်ဟာ ICBM ဒုံးပျံ သုံးစင်းဝယ်ပြီး အင်္ဂြိုဟ်ဆီလွှတ်ဖို့ စိတ်ကူးယဉ်နေတယ်။ နောက်ဆုံးတော့ အီလွန်မတ်က ရုရှားအဖွဲ့ကို *"ICBM ဒုံးပျံတစ်စင်းကို ဘယ်လောက်နဲ့ရောင်း မလဲ"* လို့ ဖြောင်ပဲ မေးလိုက်တယ်။ သူတို့က တစ်စင်းကို ဒေါ်လာ ၈ သန်းလို့

ပြောတယ်။ အီလွန်မတ်က ဒုံးပျံ ၂ စင်းကို ဒေါ်လာ ၈ သန်းနဲ့ ရမလားလို့ မေးလိုက်တယ်။ *"ရုရှားအဖွဲ့ခေါင်းဆောင်ဟာ အီလွန်မတ်ရဲ့မျက်နှာကို သေချာစိုက်ကြည့်ပြီး 'မင်း လာနောက်နေတာလား ကောင်လေး' လို့ ပြန်ပြောတယ်။ ပြီးတော့ ရုရှားတွေဟာ အီလွန်မတ်မှာ ဝယ်ဖို့ ပိုက်ဆံမရှိဘူးလို့ လှောင်ပြောင်ပြောကြတယ်"* လို့ ကင်ထရဲလ်က ပြောပြတယ်။ အီလွန်မတ်လည်း အဲဒီလို အပြောခံရလို့ စိတ်ထဲမှာ ထောင်းခနဲ ဒေါသထွက်သွားတယ်။ ပြီးတော့ ခုလိုလည်း တွေးမိလိုက်တယ်။ ရုရှားတွေဟာ လုပ်ငန်းလုပ်ဖို့ အလေးအနက် မထားတာလား။ သို့မဟုတ် သူ့ဆီက ပိုက်ဆံကို ညာယူချင်တာလား။ တစ်ခုခုဖြစ်မယ်လို့ပါ။ ဒါကြောင့် သူဟာ ဆွေးနွေးတဲ့ နေရာကနေ အပြင်ကို ဒေါသနဲ့ ဆောင့်ကြီးအောင့်ကြီး ထွက်သွားတယ်။

ဒီဖြစ်ရပ်ကြောင့် အီလွန်မတ်တို့အဖွဲ့ဟာ အကြီးအကျယ် စိတ်ပျက်သွားကြပြီး အမေရိကန်နိုင်ငံကို ချက်ချင်းပြန်ချင်နေကြတယ်။ ဒါနဲ့ တက္ကစီကားတစ်စီးကို တားပြီး မော်စကိုလေဆိပ်ကို မောင်းခိုင်းလိုက်တယ်။ သူတို့ဟာ လာတုန်းက အိတ်တစ်လုံးစီပဲပါလာပြီး အခု အဲဒါတွေ လက်ထဲပါလာကြလို့ တည်းခိုတဲ့ ဟိုတယ်ကို မပြန်ကြတော့ဘူး။ တက္ကစီကားလည်း ဆီးနှင်းပုံတွေနဲ့ အမှိုက်ပုံတွေကြားကနေ လေဆိပ်ကိုသွားနေတယ်။ ကားထဲမှာ ဘယ်သူမှ စကားမပြောကြဘူး။ အီလွန်မတ်ဟာ ရုရှားကိုလာတုန်းက အကောင်းမြင်စိတ်အပြည့်နဲ့ပါ။ အခုတော့ အကြီးအကျယ် စိတ်ပျက်နေပြီ။ အီလွန်မတ်ရဲ့ဘတ်ဂျက်နဲ့ ဝယ်နိုင်တဲ့ ဒုံးပျံတွေဟာ ရုရှားတွေဆီမှာပဲ ရှိကြတယ်။ ရုရှားတွေဆီက ဝယ်မရရင် ဘာဆက်လုပ်ရမလဲ။ အီလွန်မတ်လည်း ဆက်မတွေးချင်တော့ဘူး။ *"လေဆိပ်ရောက်ဖို့ ကားကို အကြာကြီး မောင်းရတယ်။ ကျွန်တော်တို့အားလုံး စကားမပြောကြဘဲ ကားပြတင်းပေါက်ကနေ နှင်းတောထဲမှာ စျေးဝယ်သွားနေကြတဲ့ လယ်သမားတွေကို ကြည့်နေကြတယ်။ လေယာဉ်ပေါ်ရောက်တဲ့အချိန်ထိ အားလုံးရဲ့စိတ်တွေဟာ မကြည်မသာ မရှင်မပျ ဖြစ်နေကြတယ်။ ဒါပေမဲ့ လေယာဉ်ထိုင်ခုံတွေမှာ ထိုင်ပြီးလို့ အရက်ပုလင်းတွေတင်ထားတဲ့ တွန်းလှည်း အနားရောက်လာတော့ ကျွန်တော်တို့ ပျော်သွားကြတယ်"* လို့ ကင်ထရဲလ်က ပြောပြတယ်။ လေယာဉ်ပျံ မော်စကိုလေဆိပ်က

ပျံတက်လိုက်တာနဲ့ ကင်ထရဲလ်၊ အဒ္ဒရက်စီနဲ့ မိုက်ဂရစ်ဖင်တို့ဟာ ခုံတန်းမှာ အတူထိုင်ရင်း အရက်စသောက်ကြတယ်။ အီလွန်မတ်ကတော့ သူတို့ရဲ့ရှေ့က ခုံတန်းမှာ ထိုင်ရင်း လက်ပ်တော့ကွန်ပျူတာနဲ့ အလုပ်လုပ်နေတယ်။ သူတို့သုံးယောက်လည်း အီလွန်မတ် ဘာလုပ်နေတာလဲဆိုပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း မေးကြတယ်။ ပြီးတော့ ခေါင်းခါလိုက်ကြတယ်။ အီလွန်မတ်ဟာ ရုတ်တရက် နောက်လှည့်ပြီး ကွန်ပျူတာကို လက်နဲ့မြှောက်ကိုင်ထားရင်း ကွန်ပျူတာ မှန်သားပြင်ပေါ်က တွက်ချက်ထားတဲ့ စာရင်းဇယားတစ်ခုကို လှမ်းပြတယ်။ *"ဟေ... သူငယ်ချင်းတို့ရေ၊ ငါတို့ဘာသာ ဒုံးပျံတွေ တည်ဆောက်နိုင်တယ်လို့ ငါထင်တယ်ကွ"* လို့ သူအော်ပြောလိုက်တယ်။

ဂရစ်ဖင်နဲ့ ကင်ထရဲလ်တို့ဟာ အရက်နှစ်ခွက်စီသောက်ပြီး နည်းနည်းမူးနေကြလို့ အီလွန်မတ်ပြောတာကို ဂရုမစိုက်နိုင်ကြဘူး။ ကင်ထရဲလ်ဟာ အာကာသ လုပ်ငန်း လုပ်မယ်ဆိုပြီး ပိုက်ဆံတွေအများကြီး ကုန်သွားပေမယ့် ဘာမှဖြစ်မလာခဲ့တဲ့ မီလျံနာသူဌေးတွေအကြောင်း သိထားပြီးလို့ အီလွန်မတ်လည်း ဒီပုတ်ထဲကဒီပဲလို့ ထင်နေတယ်။ မနှစ်က အင်ဒရူးဘီးလ်ဆိုတဲ့ အိမ်မြေလုပ်ငန်းနဲ့ အကြီးအကျယ် ချမ်းသာလာခဲ့တဲ့ လူတစ်ယောက်ဟာ ဒုံးပျံလွှတ်တင်ဖို့လုပ်တာ ဒေါ်လာသန်းပေါင်းများစွာ ကုန်သွားပြီး ဘာမှ အလုပ်မဖြစ်ခဲ့ဘူး။ ဒါကြောင့် ကင်ထရဲလ်က အီလွန်မတ်ကို လှမ်းအော်ပြောလိုက်တယ်။ *"ဒုံးပျံလွှတ်ဖို့ စိတ်ကူးယဉ်မနေပါနဲ့ တော့ကွာ"*။ ဒါပေမဲ့ အီလွန်မတ်က *"ငါ တကယ်ပြောတာပါ။ မယုံရင် ဒီမှာကြည့်"* လို့ ပြောပြီး သူတို့ထိုင်တဲ့နေရာကို ကွန်ပျူတာယူလာပြီး လာပြတယ်။ ဂရစ်ဖင်နဲ့ ကင်ထရဲလ်ဟာ ကွန်ပျူတာကိုကြည့်ပြီး အကြီးအကျယ် အံ့အားသင့်သွားကြတယ်။ အဒ္ဒရက်စီ ကတော့ ဒုံးပျံအကြောင်း နားမလည်လို့ ကွန်ပျူတာကို မကြည့်ဘူး။ ကွန်ပျူတာပေါ်မှာ သုံးရမယ့်ပစ္စည်းတွေနဲ့ တန်ဖိုး၊ ဒုံးပျံတည်ဆောက်ခ၊ ဒုံးပျံလွှတ်တင်ခ စတာတွေကို အသေးစိတ် တွက်ချက် ရေးပြထားတယ်။ အီလွန်မတ်ရဲ့ တွက်ချက်မှုအရ သုတေသနလုပ်မယ့် ပစ္စည်းတွေကို တင်ဆောင်မယ့် အတန်အသင့် အရွယ်ရှိတဲ့ ဒုံးပျံတစ်စင်းရဲ့ ကုန်ကျစရိတ်ဟာ လက်ရှိကုမ္ပဏီတွေက

ထုတ်လုပ်တဲ့ ဒုံးပျံတစ်စင်း ကုန်ကျစရိတ်ရဲ့ တစ်ဝက်ပဲရှိတာကို တွေ့ရတယ်။ နောက်ပြီး ဒုံးပျံတစ်ခုကို ဘယ်လိုတည်ဆောက်ရမယ်ဆိုတာကိုလည်း ရိုးရိုးရှင်းရှင်း ရေးပြထားတယ်။ *"အီလွန်၊ ခင်ဗျား ဒါတွေကို ဘယ်လိုသိခဲ့တာလဲ"* လို့ ဂရစ်ဖင်က မေးလိုက်တယ်။ ဂရစ်ဖင်ဟာ NASA က ဒုံးပျံ၊ အာကာသယာဉ်တည်ဆောက်ရာမှာ ကျွမ်းကျင်သူဖြစ်လို့ အီလွန်မတ် တွက်ချက်ထားတာတွေဟာ အမှန်ဆိုတာ သိနေတယ်။

တကယ်တော့ အီလွန်မတ်ဟာ စာကြည့်တိုက်တွေကနေ ဒုံးပျံနဲ့ အာကာသယာဉ်တွေအကြောင်းနဲ့ ရူပဗေဒဆိုင်ရာစာအုပ်တွေကို လပေါင်းများစွာ ဖတ်နေခဲ့တယ်။ သူ အဲဒီလိုလုပ်နေတာကို တခြားလူတွေမပြောနဲ့ သူ့ရဲ့ ရင်းနှီးတဲ့သူငယ်ချင်းတွေတောင် မသိကြဘူး။ သူဟာ ငယ်စဉ်ကလေးဘဝက စာအုပ်တွေအများကြီး ဖတ်ခဲ့တဲ့ အလေ့အကျင့်ကို ပြန်လည်ခံစားရတယ်။ အခု သူဟာ ရုရှားတွေရောင်းမယ့် ဒုံးပျံတွေထက် ဈေးသက်သာတဲ့ ဒုံးပျံတွေကို လုပ်နိုင်ပြီလို့ ယုံကြည်နေတယ်။ သူ့ကိုယ်သူ ပြောလိုက်တယ်။ *"အင်္ဂြိုဟ်ပေါ်ပို့မယ့် ကြွက်လေးတွေ၊ ဖန်လုံအိမ်ထဲမှာစိုက်မယ့် အပင်လေးတွေကို မေ့ပစ်လိုက်ပါ။ ဒုံးပျံတွေကို ဈေးသက်သက်သာသာနဲ့ အာကာသထဲလွှတ်တင်ပေးပြီး လူတွေရဲ့ အာရုံစူးစိုက်မှုကို ခံယူလိုက်ပါ"* တဲ့။

ရုရှားနိုင်ငံကနေ အမေရိကန်နိုင်ငံကိုပြန်ရောက်တော့ အီလွန်မတ်ဟာ အာကာသကိုလွှတ်တင်မယ့် ဒုံးပျံတွေကို ဈေးသက်သက်သာသာနဲ့ လုပ်ပေးနိုင်ကြောင်း သူသိသမျှလူတွေကို ပြောပြတယ်။ အဲဒီသတင်း အာကာသပညာရှင် အသိုင်းအဝိုင်းဆီရောက်သွားတော့ ပညာရှင်တွေ အံ့ဩသွားကြတယ်။ ဒါပေမဲ့ တချို့က မယုံကြဘူး။ အီလွန်မတ် အရင်က ဒါရိုက်တာလုပ်ခဲ့တဲ့ Mars Society အဖွဲ့ရဲ့ ဥက္ကဋ္ဌ ရောဘတ်ဇုဘရင်က ခုလိုပြောတယ်။ *"အင်ဂျင်နီယာတွေ ပြောတာကို ယုံလို့ ငွေတွေသုံးရင်း ပိုက်ဆံတွေအများကြီး ဆုံးရှုံးသွားကြတဲ့ လူချမ်းသာတွေ ကျွန်တော်တွေ့ဖူးတယ်။ အစမှာ အင်ဂျင်နီယာက လူချမ်းသာကိုပြောတယ်။ 'ကျွန်တော့်ရဲ့ ဦးနှောက်နဲ့ ခင်ဗျားရဲ့ငွေ ပေါင်းစပ်ပြီး အာကာသကို*

လွှတ်တင်မယ့် ဒုံးပျံကြီးတစ်စင်း တည်ဆောက်ကြရအောင်လား' တဲ့။ လူချမ်းသာလည်း အင်ဂျင်နီယာရဲ့စကားကို ယုံပြီး ငွေထုတ်ပေးတယ်။ ၂ နှစ်ကြာလို့ ဘာမှ ဖြစ်မလာတော့ လူချမ်းသာလည်း စိတ်ပျက်သွားပြီး ငွေထုတ်မပေးတော့ဘူး။ ဒုံးပျံအစီအစဉ် ရပ်သွားတယ်" တဲ့။ သူက အီလွန်မတ်လည်း အဲဒီလူချမ်းသာလို ဖြစ်သွားမယ်ထင်တယ်လို့ ပြောတယ်။ *"သူ့အနေနဲ့ ဒေါ်လာ ၁၀ သန်းလောက် အကုန်ခံပြီး ကြွက်လေးတွေကို အင်္ဂါကျွိုဟ်ပေါ်လွှတ်တင်တာ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ သူ အဲဒီလောက်နဲ့ ရပ်မှာမဟုတ်ဘူး။ ငွေတွေအများကြီး ဆက်အကုန်ခံမယ်။ နောက်ဆုံးတော့ သူလည်း ငွေကုန်ပြီး ရပ်သွားတဲ့ လူချမ်းသာတစ်ယောက် ဖြစ်လာမှာ သေချာပါတယ်"* လို့ သူ ဆက်ပြောတယ်။

ဒုံးပျံတည်ဆောက်တဲ့ ကုမ္ပဏီတစ်ခုတည်ထောင်ဖို့ စွန့်စားမှုတွေ အများကြီး လုပ်ရမယ်ဆိုတာကို အီလွန်မတ် ကောင်းကောင်းသိပါတယ်။ ဒီလုပ်ငန်းလုပ်တဲ့ လူအများကြီး ကျရှုံးသွားတာကိုလည်း သူသိပါတယ်။ ကျရှုံးမယ်မှန်းသိလျက်နဲ့ သူ ဘာကြောင့် လုပ်ချင်တာလဲ။ 'တွမ်မူလာ' ကြောင့်ပါ။ တွမ်မူလာကို ယုံကြည်အားကိုးလို့ပါ။ တွမ်မူလာဟာ အိုင်ဒါဟိုးပြည်နယ် St. Maries မြို့နှားကမြို့သေးလေးတစ်ခုမှာ သစ်ခုတ်သမားတစ်ယောက်ရဲ့ သားအဖြစ် ကြီးပြင်းခဲ့တယ်။ သူဟာ တခြားကလေးတွေနဲ့မတူတဲ့ အူကြောင်ကြောင်ကောင်လေးလို့ သူ့သူငယ်ချင်းတွေက ပြောကြတယ်။ ဆောင်းတွင်းမှာ ကလေးတွေအားလုံး တောအုပ်ထဲသွားပြီး ကစားနေကြချိန်မှာ မူလာဟာ စာကြည့်တိုက်ကိုသွားပြီး နွေးထွေးတဲ့အခန်းထဲမှာ စာဖတ်နေတတ်တယ်။ အဲဒါမလုပ်ရင် သူ့အိမ်မှာ Star Trek လို အာကာသ ဟင်းလင်းပြင်က ကြယ်စုတွေဆီသွားရောက်တဲ့ စွန့်စားခန်းတွေကို ရိုက်ကူးထားတဲ့ တီဗီဇာတ်လမ်းတွဲတွေကို တစ်ယောက်တည်း ထိုင်ကြည့်နေတတ်တယ်။ အဲဒါတွေ မလုပ်ဖြစ်ရင်လည်း တစ်ယောက်တည်း အရပ်တကာလှည့်ပြီး စူးစမ်းလေ့လာတယ်။ ၆ နှစ်အရွယ် မူလာဟာ တစ်ရက်မှာ ကျောင်းသွားရင်း လမ်းမှာ ပေါက်ခွဲထားလို့ ကျိုးပဲ့နေတဲ့ စားပွဲတင်နာရီတစ်လုံးကိုတွေ့လို့ ကောက်ယူလာတယ်။ အိမ်ရောက်တာနဲ့ ပြင်ဖို့ကြိုးစားတယ်။ ပြုတ်ထွက်နေတဲ့ ဂီယာ၊ စပရင်၊ နာရီ

လက်တံတွေကို ပြန်လည်တပ်ဆင်တယ်။ နောက်ဆုံး နာရီဟာ အကောင်း ပြန်ဖြစ်သွားတယ်။

အိမ်က သူ့အဖေရဲ့ မြက်ရိတ်စက်ကိုလည်း နေ့လယ်ခင်းတစ်ခုမှာ အပျော်အနေနဲ့ တစ်စစီ ဖြုတ်ကြည့်တယ်။ *"ညနေခင်း အလုပ်ကပြန်လာတဲ့အဖေဟာ အိမ်ရှေ့ဝရန်တာမှာ ကျွန်တော်ဖြုတ်ထားတဲ့ မြက်ရိတ်စက် အစိတ်အပိုင်းတွေကို တွေ့သွားတယ်။ သူ အတော်ဒေါသထွက်သွားတယ်။ မြက်ရိတ်စက် အသစ်ဝယ်ရတော့မယ်လို့ အမေ့ကိုပြောတယ်"* လို့ မူလာက ပြောပြတယ်။ *"ကျွန်တော်ဖြုတ်ထားတာတွေကို ပြန်တပ်ပြီး မြက်ရိတ်စက်ကို မောင်းပြလိုက်တယ်။ စက်ဟာ အရင်လို အလုပ်လုပ်တယ်"* လို့ သူ ထပ်ပြောတယ်။ နောက်တော့ မူလာဟာ ဒုံးပျံ အကြောင်း စိတ်ဝင်စားသွားတယ်။ ဒါကြောင့် စာတိုက်ကနေ ဒုံးပျံလုပ်တဲ့ kits (အသင့် ဆင်ယူနိုင်တဲ့ အစိတ်အပိုင်းအစုံ) ကို မှာယူတယ်။ လမ်းညွှန်ချက်တွေကို ဖတ်ပြီး ဒုံးပျံအသေးလေးတွေ လုပ်တယ်။ ဒုံးပျံလေးတွေလုပ်ရာမှာ ကျွမ်းကျင်လာတယ်။ နောက်တော့ မူလာဟာ ရတဲ့ပစ္စည်းတွေနဲ့ ဒုံးပျံအသေးလေးတွေ တီထွင်လုပ်တတ်လာတယ်။ အသက် ၁၂ နှစ်သားအရွယ်မှာ အာကာသလွန်းပျံယာဉ်ပုံစံတူကို ဒုံးပျံတစ်စင်းမှာ ချိတ်တွဲပြီး ကောင်းကင်ကို ပစ်လွှတ်တယ်။ လွန်းပျံယာဉ်ပုံစံတူဟာ မြေပြင်ပေါ်ကို ဆင်းသက်လာအောင် လုပ်နိုင်ခဲ့တယ်။ နောက် ၂ နှစ်ကြာတော့ ကျောင်းကလုပ်ခိုင်းတဲ့ စီမံကိန်းတစ်ခုအတွက် မူလာဟာ သူ့အဖေဆီက အောက်ဆီဂျင်သုံး ဂဟေဆော်စက်ကိုငှားပြီး ဒုံးပျံအတွက် အင်ဂျင်ရှေ့ပြေးပုံစံငယ်တစ်ခုကို တည်ဆောက်တယ်။ အင်ဂျင်ကို အေးအောင်ဆိုပြီး ရေထည့်ထားတဲ့ စည်ပိုင်းတစ်ခုထဲမှာ အင်ဂျင်မီးခိုးထွက်ပေါက်ကို အပေါ်ထောင်ပြီး အင်ဂျင်ကို ရေစိမ်ထားတယ်။ *"ကျွန်တော် အဲဒီနည်းနဲ့ အင်ဂျင်လေးကို တစ်နေ့လုံး မောင်းထားလို့ရတယ်"* လို့ မူလာက ပြောပြတယ်။ အဲဒီ အင်ဂျင်စက်လေးကြောင့် မူလာဟာ ပြည်နယ်လုံးဆိုင်ရာ သိပ္ပံစမ်းသပ်မှုပြိုင်ပွဲတွေမှာ ဆုတွေရလာပြီး နောက်ဆုံး အမေရိကန်တစ်နိုင်ငံလုံးမှာလည်း ဆုရခဲ့တယ်။ *"အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ ဒုံးပျံအင်ဂျင်လုပ်ချင်တဲ့ရောဂါ စွဲကပ်သွားခဲ့တယ်"* လို့ သူ ဆက်ပြောတယ်။

အရပ်မြင့်မြင့် ကလန်ကလားနဲ့ မျက်နှာလေးထောင့်ရှိတဲ့ မူလာဟာ ပျော်ပျော်နေတတ်တယ်။ သူ တက္ကသိုလ်တက်နေစဉ်မှာ စာသေချာမသင်ဘဲ သူငယ်ချင်းတွေကို မီးခိုးပုံးလုပ်တာတွေ သင်ပြပေးတာနဲ့ အချိန်ဖြုန်းနေတယ်။ နောက်တော့ စာသေချာသင်တော့မယ်လို့ ဆုံးဖြတ်ပြီး စက်မှုအင်ဂျင်နီယာဘာသာကို သင်ယူတယ်။ တက္ကသိုလ်က ဘွဲ့ရပြီးတာနဲ့ Hughes Aircraft Company (လေယာဉ်ပျံ၊ အာကာသယာဉ်၊ ဒုံးပျံ၊ ဂြိုဟ်တု တည်ဆောက်တဲ့ ကုမ္ပဏီ) မှာ ဝင်လုပ်တယ်။ အဲဒီမှာ ဂြိုဟ်တုတပ်ဆင်တည်ဆောက်တာ လုပ်ရတယ်။ *"ကျွန်တော် စိတ်ဝင်စားတာက ဒုံးပျံတည်ဆောက်တာပါ။ အဲဒီမှာ ဂြိုဟ်တု တည်ဆောက်ရတယ်။ နည်းနည်းတော့ နီးစပ်ပါတယ်"* လို့ မူလာက ပြောပြတယ်။ နောက်တော့ အဲဒီကနေ အလုပ်ထွက်ပြီး Hughes Aircraft လိုပဲ အာကာသယာဉ်၊ ဒုံးပျံ၊ ဂြိုဟ်တုတွေ တည်ဆောက်ထုတ်လုပ်တဲ့ TRW Space & Electronics (အတိုကောက် TRW) မှာ ဝင်လုပ်ပြန်တယ်။ မူလာဟာ TRW ကုမ္ပဏီမှာ ဒုံးပျံ အင်ဂျင်အတွက် လောင်စာဆီအမျိုးမျိုးကို စမ်းသပ်ပေးရသလို အောက်ဆီဂျင်ဓာတ်ငွေ့ရည်နဲ့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရည်ကို ရောနှောပြီး လောင်စာဆီအဖြစ်သုံးတဲ့ အလွန်ကြီးမားတဲ့ TR-106 အင်ဂျင်ကြီးကို တည်ဆောက်ရာမှာ ကြီးကြပ်ပေးရတယ်။ နောက်တော့ TRW ကုမ္ပဏီက အလုပ်ထွက်လိုက်တယ်။ သူ အလုပ်ထွက်ပြီးတော့ ဒုံးပျံနဲ့ အာကာသယာဉ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေက သူတို့ဆီမှာလုပ်ဖို့ ကမ်းလှမ်းကြတယ်။ သူ လက်မခံခဲ့ဘူး။ လက်မခံတဲ့အကြောင်းက စည်းကမ်းတင်းကျပ်တဲ့ ကုမ္ပဏီကြီးတွေမှာ မလုပ်ချင်ဘဲ လွတ်လွတ်လပ်လပ် တီထွင်တာပဲ လုပ်ချင်လို့ပါ။ မူလာ ဂုဏ်အယူဆုံး အောင်မြင်မှုတစ်ခု ရှိခဲ့တယ်။ အဲဒါက သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်မှာ သူကိုယ်တိုင်ကြီးကြပ်ပြီး ဒုံးပျံဝါသနာပါတဲ့ လူငယ်တွေနဲ့ တည်ဆောက်ထားတဲ့ အလေးချိန် ပေါင် ၈၀ ရှိပြီး တွန်းကန်အား (thrust) ပေါင် ၁၃၀၀၀ ရှိတဲ့ ဒုံးပျံအင်ဂျင်တစ်လုံးပါ။ အပျော်တမ်း တည်ဆောက်ထားတဲ့ လောင်စာဆီ အရည်သုံး ဒုံးပျံအင်ဂျင်တွေထဲမှာ အကြီးဆုံးနဲ့ စွမ်းအားအမြင့်ဆုံးလို့ ဒုံးပျံကျွမ်းကျင်သူတွေရဲ့ ချီးကျူးခြင်းခံရတယ်။

မူလာရဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ 'ဂျွန်ဂါဗေး' ဟာ အရင်က လေယာဉ်ပျံနဲ့ ဒုံးပျံထုတ်လုပ်တဲ့ကုမ္ပဏီမှာ အလုပ်လုပ်ခဲ့ပြီး နောက်တော့ အလုပ်ထွက်လိုက်တယ်။ ကိုယ်ပိုင် ဒုံးပျံထုတ်တဲ့ ကုမ္ပဏီတစ်ခု ထောင်လိုက်တယ်။ သူ့အိမ်နားက ပင်လယ်ကမ်းခြေမှာ ကား ၆ စီးထားလို့ရအောင်ကျယ်တဲ့ အလုပ်ရုံကြီးတစ်ခုဆောက်ပြီး ဒုံးပျံတည်ဆောက်တာတွေ လုပ်နေတယ်။ မူလာလည်း အလုပ်ရုံကို သူတီထွင်ထားတဲ့ ပေါင် ၈၀ လေးတဲ့ ဒုံးပျံအင်ဂျင်ယူလာပြီး ဂါဗေးနဲ့ အတူ စမ်းသပ်မှုတွေ လုပ်တယ်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီလထဲမှာ သူတို့နှစ်ယောက်ဟာ အလုပ်ရုံထဲမှာ စမ်းသပ်မှုတွေလုပ်နေကြတုန်း အီလွန်မတ် ရောက်လာတယ်။ အီလွန်မတ် ရောက်လာတဲ့အကြောင်းက မကြာသေးခင်က ကင်ထရဲလ်က သူ့ကို ဒီအလုပ်ရုံမှာ မူလာလုပ်ထားတဲ့ ဒုံးပျံအင်ဂျင်ကိုကြည့်ဖို့ ပြောလိုက်လို့ပါ။

အဲဒီနေ့ဟာ တနင်္ဂနွေနေ့ပါ။ အီလွန်မတ်နဲ့အတူ ကိုယ်ဝန်လွယ်ထားတဲ့ သူ့ဇနီး ဂျပ်စတင်လည်း ပါလာတယ်။ အီလွန်မတ်ဟာ နေကာမျက်မှန်အနက်တပ်ပြီး သားရေဂျာကင်အနက် အရှည်ကြီးကို ဝတ်ထားလို့ ဈေးကြီးပေးဌားရတဲ့ ကြေးစားလူသတ်သမားတစ်ယောက်နဲ့ တူနေတယ်။ အီလွန်မတ်ဟာ ပေါင် ၈၀ အင်ဂျင်ကြီးကို ပခုံးပေါ်ကနေ ထောက်တွေပေါ်ချဖို့လုပ်နေတဲ့ မူလာကို မေးခွန်းတွေ ဆက်တိုက်မေးတယ်။ *"ခင်ဗျားပခုံးပေါ်က အဲဒါကြီးဟာ Trust တွန်းကန်အား ဘယ်လောက်ရှိသလဲ"။ "အဲဒါထက်ကြီးတဲ့အင်ဂျင်မျိုး လုပ်ဖူးလား"။* မူလာက *"ကျွန်တော် TRW ကုမ္ပဏီမှာတုန်းက တွန်းကန်အား ပေါင် ၆ သိန်းခွဲရှိတဲ့ ဒုံးပျံအင်ဂျင် လုပ်ခဲ့ဖူးတယ်။ အဲဒီအင်ဂျင်အကြောင်း အသေးစိတ်ကအစ သိတယ်လို့ ပြောလိုက်တယ်"* လို့ ပြန်ပြောတယ်။ အီလွန်မတ်က *"အဲဒီလောက်ကြီးတဲ့ အင်ဂျင်လုပ်ရင် ဘယ်လောက်ကုန်ကျမလဲ"*လို့ မေးတယ်။ မူလာက *"TRW မှာ အဲဒါကိုလုပ်တုန်းက ဒေါ်လာ ၁၂ သန်း ကုန်ခဲ့တယ်"*လို့ ပြန်ဖြေတော့ အီလွန်ကထပ်မေးပြန်တယ်။ *"ခင်ဗျားကို အဲဒီအင်ဂျင်လုပ်ခိုင်းရင်း ဘယ်လောက်ကုန်ကျမယ်လို့ ထင်သလဲ"* တဲ့။

အီလွန်မတ်နဲ့ မူလာ နာရီပေါင်းများစွာကြာအောင် စကားပြောဖြစ်ကြ

တယ်။ နောက်တစ်ပတ် တနင်္ဂနွေနေ့မှာ မူလာက အီလွန်မတ်ကို သူ့အိမ် အလည်လာပြီး စကားဆက်ပြောကြဖို့ ဖိတ်လိုက်တယ်။ အီလွန်မတ်ရဲ့စိတ်ထဲမှာလည်း မူလာဟာ ဒုံးပျံလုပ်တာ တကယ် နားလည်တတ်ကျွမ်းသူတစ်ယောက်လို့ သိလိုက်တယ်။ မကြာခင်မှာ အီလွန်မတ်က မူလာကို အာကာသပညာရှင်တွေရဲ့ ဆွေးနွေးပွဲတက်ဖို့ ခေါ်သွားတယ်။ ပညာရှင်တွေဟာ အာကာသယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေရဲ့ အလုပ် ကမ်းလှမ်းမှုတွေကို လက်မခံတဲ့ မူလာကို အထင်ကြီးကြတယ်။

မူလာဟာ အီလွန်မတ် ကွန်ပျူတာမှာတွက်ချက်ထားတဲ့ ဒုံးပျံတည်ဆောက်ဖို့ ကုန်ကျစရိတ်နဲ့ ဒုံးပျံလုပ်နည်းစနစ်တွေကို ဖတ်ကြည့်ပြီး လိုအပ်တာကို ပြင်ပေးတယ်။ Boeing, Lockheed စတဲ့ အမေရိကန် လေယာဉ်ကုမ္ပဏီကြီးတွေနဲ့ ရုရှားတွေလုပ်တဲ့ ဒုံးပျံကြီးတွေဟာ ထရပ်ကားအရွယ် ဂြိုဟ်တုကြီးတွေကို သယ်ဆောင်နိုင်ကြတယ်။ အီလွန်မတ်နဲ့ မူလာတို့လုပ်မယ့် ဒုံးပျံတွေဟာ ဂြိုဟ်တုအသေးလေးတွေကိုပဲ သယ်ဆောင်နိုင်ကြမယ်။ မကြာခင်က ကွန်ပျူတာနဲ့ အီလက်ထရောနစ်နည်းပညာတွေ တဟုန်ထိုး တိုးတက်လာလို့ အဲဒီပစ္စည်းတွေ တပ်ဆင်ထားတဲ့ ဂြိုဟ်တုအသေးစားလေးတွေကို ကမ္ဘာ့ပတ်လမ်းမှာ လွှတ်တင်တာတွေ ခေတ်စားလာတယ်။ အကျိုးဆက်အနေနဲ့ အဲဒီ ဂြိုဟ်တုအသေးလေးတွေကို တင်ဆောင်နိုင်မယ့် ဒုံးပျံအသေးလေးတွေကို အဝယ်များလာတယ်။ ဒုံးပျံတွေကို စျေးသက်သက်သာသာနဲ့ ထုတ်လုပ်နိုင်ရင် ရောင်းကောင်းမယ်။ ဒါကြောင့် ဒုံးပျံထုတ်တဲ့ ကုမ္ပဏီထောင်ရင် ကောင်းမလားလို့ အီလွန်မတ် စဉ်းစားနေတယ်။ သူဟာ ပထမတော့ အချိန်ယူစဉ်စားနေတာပါ။ ဒါပေမဲ့ ရုတ်တရက် စဉ်းစားတဲ့ အဆင့်ကနေ မြန်မြန်ထက်ထက် လက်တွေ့လုပ်ဖြစ်သွားတယ်။ အဲဒီလိုဖြစ်သွားရတဲ့အကြောင်းက ဒီလိုပါ။ PayPal ကုမ္ပဏီက ရှယ်ယာတွေကို ဖေဖော်ဝါရီလမှာ လူထုကို ထုတ် ရောင်းပေးလိုက်တယ်။ ရှယ်ယာစျေးဟာ ၅၅ ရာခိုင်နှုန်းအထိ ချက်ချင်း ထိုးတက် သွားတယ်။ အီလွန်မတ်ဟာ ဒုံးပျံထုတ်ဖို့ စိတ်ကူးနေတုန်းမှာပဲ သူပိုင်ထားတဲ့ PayPal ရှယ်ယာတွေအများကြီးဟာ စျေးတက်သွားလို့ သူ့ရဲ့ ပိုင်ဆိုင်မှုဟာ ဒေါ်လာ သန်း ဆယ်ဂဏန်းကနေ ဒေါ်လာ သန်း ရာဂဏန်းအထိ

ဖြစ်သွားတယ်။ အီလွန်မတ်မှာ ငွေအများကြီး ရှိနေပြီ။ သူလုပ်ချင်တာကို လုပ်လို့ ရသွားပြီ။

၂၀၀၂ ခုနှစ် ဖေဖြီလမှာ အီလွန်မတ်ဟာ လူတွေစိတ်ဝင်စားအောင် အင်္ဂါ ကြိုဟ်ကိုလွှတ်တင်မယ့် ဖန်လုံအိမ်အပင်စိုက်မယ့်အကြံကို စွန့်လွှတ်လိုက်ပြီး ဒုံးပျံ ထုတ်လုပ်လွှတ်တင်တဲ့ စီးပွားရေးလုပ်ငန်းလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ မကြာခင်မှာ သူက ကင်ထရဲလ်၊ ဂရစ်ဖင်၊ မူလာနဲ့ ခရစ်သောမတ် (Boeing ကုမ္ပဏီက အလုပ်ထွက်ပြီး အီလွတ်မတ်နဲ့ ပူးပေါင်းလာတဲ့ အာကာသယာဉ်နဲ့ ဒုံးပျံတည်ဆောက်ရေး အင်ဂျင်နီယာ) တို့ကို ခေါ်ပြီးပြောတယ်။ *"ငါ ဒုံးပျံတည်ဆောက်တဲ့ ကုမ္ပဏီတစ်ခု ထောင်ဖို့ စိတ်ကူးနေတယ်။ တကယ်လို့ မင်းတို့ ပါဝင်ကြမယ်ဆိုရင် ငါ စလုပ်တော့မယ်"*။ ဂရစ်ဖင်ဟာ အစပိုင်းမှာ NASA က အလုပ်ထွက်ပြီး ပါဝင်မယ်လို့ ပြောပေမယ့် နောက်ပိုင်းမှာ မပါဝင်တော့ဘူး။ အကြောင်းက သူဟာ East Coast အရပ်မှာပဲနေပြီး အဲဒီကနေ အလုပ်လုပ်ပေးမယ်ပြောတာကို အီလွန်မတ် သဘောမတူလို့ပါ။ ကင်ထရဲလ်လည်း ကုမ္ပဏီစထောင်ပြီးလို့ လအနည်းငယ်အကြာမှာ အလုပ်က ထွက်သွားတယ်။ သူ့အကြောင်းပြချက်က ကုမ္ပဏီအောင်မြင်မယ် မထင်လို့ပါတဲ့။ မူလာနဲ့ ခရစ်သောမတ်တို့ ပါဝင်ကြတယ်။

ဒီလိုနဲ့ ၂၀၀၂ ခုနှစ် ဇွန်လမှာ အီလွန်မတ်က ကုမ္ပဏီသစ် Space Exploration Technologies Corp. (အတိုကောက် Space X) တည်ထောင်လိုက်တယ်။ အဓိပ္ပာယ်က အာကာသလေ့လာရေးနည်းပညာ ကုမ္ပဏီပါ။ ပြီးတော့ လော့စ်အင်ဂျဲလိစ်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်ဖြစ်တဲ့ El Segundo ရပ်ကွက်၊ East Grand Avenue လမ်းပေါ်က အမှတ် (၁၃၁၀) ဖြစ်တဲ့ ကုန်လှောင်ရုံအဟောင်းကြီး တစ်လုံးကို ဝယ်ပြီး ဒုံးပျံတည်ဆောက်ရေးလုပ်ငန်းစဖို့ ပြင်ဆင်တယ်။ အကျယ် ၇၅,၀၀၀ စတုရန်းပေကျယ်တဲ့ ဒီကုန်လှောင်ရုံကြီးမှာ အရင်ငှားခဲ့သူက ပစ္စည်းပို့တာတွေ လုပ်ခဲ့တယ်။ ဒါကြောင့် ကုန်လှောင်ရုံအတွင်း ယာဘက်ခြမ်းမှာ ပစ္စည်းတွေထားဖို့ နေရာအကျယ်ကြီး လုပ်ထားခဲ့တယ်။ အခုတော့ ဘာပစ္စည်းမှမရှိဘဲ ကြမ်းပြင်မှာ ဖုန်တွေ ထူတက်နေတယ်။ မျက်နှာကြက်ဟာ ပေ ၄၀ မြင့်ပြီး

သစ်သားယက်မတွေ တပ်ဆင်ထားတယ်။ မျက်နှာကြက်ကို အပူကာပစ္စည်းတပ်ထားလို့ လေယာဉ်ပျံတွေထားတဲ့ရုံကြီးနဲ့ တူနေတယ်။ အီလွန်မတ်က အဲဒီယာဘက်ခြမ်းကို စက်ရုံနေရာလုပ်လိုက်တယ်။ ကုန်လှောင်ရုံရဲ့အတွင်း ဘယ်ဘက်ခြမ်းမှာ လူ ၅၀ အတွက် အခန်းငယ်လေးတွေဖွဲ့ထားတဲ့ ရုံးခန်းကျယ်ကြီး ရှိတယ်။ အဲဒီအခြမ်းကို Space X ရုံးချုပ် လုပ်လိုက်တယ်။ Space X စဖွင့်တဲ့ ပထမပတ်မှာ Dell ကွန်ပျူတာ၊ printer (ကွန်ပျူတာနဲ့တွဲတဲ့ ပုံနှိပ်စက်) နဲ့ ကွန်ပျူတာတင်ဖို့ ခေါက်စားပွဲတွေလာပို့တဲ့ ထရပ်ကားတွေ ရောက်လာတယ်။ အီလွန်မတ်လည်း သူ့လူတွေ ပစ္စည်းတွေကို ကားပေါ်ကနေ အောက်ချပေးတာကို ဝိုင်းကူလုပ်ပေးတယ်။

အီလွန်မတ်ဟာ ကုမ္ပဏီစဖွင့်ပြီး မကြာခင်မှာ ကုန်လှောင်ရုံဟောင်းကြီးရဲ့ ယာဘက်ခြမ်းကို ခေတ်မီတဲ့ စက်ရုံကြီးဖြစ်လာအောင် ပြုပြင်မွမ်းမံတာတွေ လုပ်တယ်။ ကွန်ကရစ်ကြမ်းပြင်ကို ပြောင်လက်တောက်ပတဲ့ မီးခိုးရောင် epoxy paint ဆေး သုတ်လိုက်တယ်။ နံရံတွေကို ဆေးဖြူသုတ်တယ်။ အဖြူရောင်ဟာ စက်ရုံကို သန့်ရှင်းစေပြီး စိတ်ချမ်းသာတဲ့ခံစားမှုကို ရစေတယ်လို့ အီလွန်မတ် ယုံကြည်တယ်။ စက်ရုံထဲမှာ အလုပ်လုပ်တဲ့ စားပွဲတွေကို ရာထူးအလိုက် ခွဲခြားမခင်းထားဘဲ အလုပ်လုပ်သူတွေ ရောနှောထိုင်ကြရတယ်။ အီလွန်မတ် အဲဒီလိုလုပ်တာ ရည်ရွယ်ချက်ရှိပါတယ်။ ဒုံးပျံနဲ့ပတ်သက်တဲ့ စက်တွေကို ဒီဇိုင်းလုပ်ပေးတဲ့ အင်ဂျင်နီယာတွေဟာ စက်ပစ္စည်းတပ်ဆင်သူတွေ၊ ဂဟေဆော်သူတွေနဲ့ နီးနီးကပ်ကပ် ထိုင်ကြရမယ်။ အဲဒီလိုလုပ်ထားတဲ့အတွက် သူတို့ဟာ အလုပ်ကို ညှိနှိုင်းတိုင်ပင်ပြီး လုပ်ကြမယ်။ Space X ရဲ့ ခုလိုအစီအစဉ်ဟာ အရင်က လေယာဉ်ပျံ၊ ဒုံးပျံ၊ အာကာသယာဉ်တွေထုတ်လုပ်တဲ့ ကုမ္ပဏီတွေနဲ့ ကွဲပြားခြားနားနေပါတယ်။ အဲဒီကုမ္ပဏီတွေမှာ ပစ္စည်းဒီဇိုင်းလုပ်ပေးသူတွေရဲ့ ရုံးခန်းတွေနဲ့ ပစ္စည်းတပ်ဆင်သူရဲ့ အလုပ်ရုံတွေဟာ မိုင်ပေါင်းများစွာ ကွာဝေးကြတယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီတွေဟာ အဆောက်အဦဌားရမ်းခ စျေးပေါတဲ့နေရာတွေမှာ အလုပ်ရုံတွေ ထားတတ်ကြလို့ပါ။

စက်ရုံဖွင့်လှစ်ပြီး နောက်နေ့မှာ ပထမဆုံးအလုပ်ဝင်တဲ့ ဝန်ထမ်း ၁၂ ယောက်ကို စုရုံးစေပြီး အီလွန်မတ်က ခုလို စကားပြောတယ်။ Space X ကုမ္ပဏီရဲ့ အဓိက အလုပ်က ဒုံးပျံတွေနဲ့ ဒုံးပျံအင်ဂျင်တွေ ထုတ်လုပ်ရောင်းဖို့ဖြစ်တယ်။ Space X က ထုတ်လုပ်တဲ့ အဲဒီပစ္စည်းတွေဟာ တခြားကုမ္ပဏီကထုတ်လုပ်တဲ့ ပစ္စည်းတွေထက် စျေးသက်သာပြီး ပိုကောင်းရမယ်။ ဒီနည်းနဲ့ တခြားကုမ္ပဏီတွေကို ယှဉ်ပြိုင်ရမယ်။ **အင်ဂျင်တွေကို ဒုံးပျံတွေမှာတပ်ဆင်ရင်** မြန်ဆန်တဲ့ ခေတ်မီနည်းသုံးရမယ်။ နောက်ပြီး ငွေအများကြီးကုန်တဲ့ ဒုံးပျံလွှတ်တဲ့ ပစ်စင်တွေအစား ဒုံးပျံလွှတ် ပစ်စင်တွေတပ်ဆင်ထားတဲ့ ကားတွေထုတ်ရမယ်။ အဲဒီကားတွေဟာ မြေနိမ့်မြေမြင့် နေရာအနှံ့ သွားနိုင်ရမယ်။ ဒုံးပျံတွေကို မြေပြင်ကသာမက ရေပြင်ကနေပါ လွယ်လွယ်ကူကူ ပစ်နိုင်စေရမယ်။ ဒါတွေကို လုပ်နိုင်ပြီဆိုရင် Space X ဟာ တစ်လအတွင်း ဒုံးပျံတွေအများကြီး လွှတ်တင်နိုင်မယ်။ ဒုံးပျံများများလွှတ်နိုင်ရင် ဒုံးပျံပစ်လွှတ်တဲ့ ကုန်ကျစရိတ် သက်သာလာမယ်။

အီလွန်မတ်ဟာ Space X ကို လက်ရှိမှာ ဒုံးပျံနဲ့ အာကာသယာဉ် ထုတ်လုပ်နေကြတဲ့ ကုမ္ပဏီတွေရဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့မတူအောင် လုပ်ချင်တယ်။ အဲဒီကုမ္ပဏီတွေဟာ တစ်ခုနဲ့တစ်ခု ယှဉ်ပြိုင်တာ မလုပ်ကြလို့ သူတို့ရဲ့ လုပ်နည်းလုပ်ဟန်တွေဟာ နှစ် ၅၀ အတွင်း တိုးတက်မလာခဲ့ကြဘူး။ သူတို့ထုတ်တဲ့ ပစ္စည်းတွေဟာ စျေးကြီးတယ်။ အီလွန်မတ်ဟာ Silicon Valley မှာ သိလာခဲ့တဲ့ ကွန်ပျူတာဆော့ဖ်ဝဲလ်နဲ့ အီလက်ထရောနစ် နည်းပညာတွေကိုသုံးပြီး ပစ္စည်းတွေကို စျေးသက်သာအောင်ထုတ်လုပ်ဖို့ ကြံရွယ်ထားတယ်။ Space X က ပထမဆုံး ထုတ်လုပ်မယ့် ဒုံးပျံကို Falcon 1 (သိမ်းငှက်-၁) လို့ နာမည်ပေးလိုက်တယ်။ (ဟောလီးဝုဒ်ရုပ်ရှင်ကား Star Wars ထဲက အာကာသယာဉ်ကြီး Millennium Falcon ကို အတုယူပြီး နာမည်ပေးလိုက်တာပါ)။ အဲဒီအချိန်က ဒုံးပျံကုမ္ပဏီတွေဟာ အလေးချိန် ပေါင် ၅၅၀ ရှိတဲ့ ပစ္စည်း၊ သို့မဟုတ် ဂြိုဟ်တုကို သယ်ဆောင်နိုင်တဲ့ ဒုံးပျံတစ်စင်း ပစ်လွှတ်ဖို့ ဒေါ်လာ သန်း ၃၀ ကုန်ကျနေချိန်မှာ အီလွန်မတ်က သူရဲ့ အလေးချိန် ပေါင် ၁၄၀၀ အထိလေးတဲ့ ပစ္စည်းကို သယ်ဆောင်နိုင်တဲ့

Falcon 1 ဒုံးပျံကို ပစ်လွှတ်တာ ဒေါ်လာ ၆.၉ သန်းပဲ ကုန်ကျမယ်လို့ ကြေညာလိုက်တယ်။ လူတွေက မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။

အီလွန်မတ်ဟာ သူ့ရဲ့ တစ်မူထူးခြားတဲ့အကျင့်အတိုင်း ဒုံးပျံထုတ်လုပ်မယ့် အချိန်ဇယားကို မဖြစ်နိုင်တဲ့ အချိန်ဇယားမျိုး ရေးဆွဲထားတယ်။ ကုမ္ပဏီက ဒုံးပျံအတွက် ပထမဆုံးအင်ဂျင်ကို ၂၀၀၃ ခုနှစ် မေလမှာ ထုတ်လုပ်မယ်။ ဒုတိယအင်ဂျင်ကို ဇွန်လမှာ ထုတ်လုပ်မယ်။ ဒုံးပျံကိုယ်ထည်ကို ဇူလိုင်လမှာ ထုတ်လုပ်မယ်။ ဒုံးပျံမှာ အင်ဂျင်တွေတပ်ဆင်တာကို သြဂုတ်လမှာ အပြီးလုပ်မယ်။ ဒုံးပျံပစ်စင်တစ်ခုကို စက်တင်ဘာလမှာ အပြီးပြုလုပ်ပြီး ပထမဆုံးဒုံးပျံကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှာ ပစ်လွှတ်မယ်လို့ပါ။ အဲဒီအချိန်ဟာ Space X ကုမ္ပဏီ ထောင်ပြီး ၁၅ လ အကြာမှာဖြစ်ပါမယ်။ အင်္ဂါဂြိုဟ်ကိုသွားမယ့် အာကာသယာဉ် ပစ်လွှတ်ဖို့ အစီအစဉ်ကိုတော့ ရာစုနှစ်ကုန် ၂၁၀၀ ခုနှစ်လောက်လို့ ခန့်မှန်းထားတယ်။ အီလွန်မတ်ဟာ သူ့အစီအစဉ်ကို သတ်မှတ်တဲ့ အချိန်ဇယားအတိုင်းပြီးအောင်လုပ်နိုင်မယ်လို့ သူကိုယ်တိုင်ယုံကြည်သလို သူ့အောက်က ဝန်ထမ်းတွေကိုလည်း အဲဒီအတိုင်း ယုံကြည်အောင် ပြောဆိုစည်းရုံးတယ်။

အာကာသနည်းပညာကို စိတ်ဝင်စားကြသူတွေဟာ အီလွန်မတ်ရဲ့ဒုံးပျံထုတ်မယ့် အချိန်ဇယားဟာ ဖြစ်နိုင်၊ မဖြစ်နိုင် ဆိုတာကို မေးခွန်းမထုတ်ကြဘဲ တစ်စုံတစ်ယောက်ဟာ စျေးသက်သာပြီး မြန်မြန်ဆန်ဆန် ဒုံးပျံထုတ်နိုင်မယ်ဆိုတာကြားလို့ ဝမ်းသာနေကြတယ်။ အီလွန်မတ်ရဲ့အစီအစဉ်ကြောင့် အာကာသနည်းပညာဆိုင်ရာအဖွဲ့တွေမှာ အပြောင်းအလဲတွေ ဖြစ်လာကြတယ်။ အထူးသဖြင့် အမေရိကန် စစ်တပ်ထဲမှာပါ။ စစ်တပ်အကြီးအကဲအချို့က ရန်သူ့ဒုံးပျံတွေလာရင် မဆိုင်းမတွ တုံ့ပြန်ဖျက်ဆီးနိုင်တဲ့ ဒုံးပျံတွေကို မြန်မြန်နဲ့များများ ထုတ်လုပ်ဖို့ ပြောလာကြတယ်။ ဆိုလိုတာက ၁၀ နှစ်လောက် အချိန်ယူပြီးတည်ဆောက်ရတဲ့ စွမ်းအားမြင့် ဒုံးပျံတွေအစား စျေးသက်သာပြီး ပိုင်ယတ်ဒုံးပျံတွေ အချိန်တိုအတွင်း များများထုတ်လုပ်ဖို့ပါ။ နောက်ပြီး ရန်သူ့အခြေအနေကို စောင့်ကြည့်ဖို့ အာကာသထဲမှာ လွှတ်တင်ထားတဲ့ ဂြိုဟ်တုကြီးတွေအစား ဂြိုဟ်တုအသေးလေးတွေ

ထုတ်လုပ်ဖို့လည်း ပါတယ်။ မကြာခင်က အီလွန်မတ်တွေ့ခဲ့တဲ့ ကာကွယ်ရေး ဝန်ကြီးဌာနရဲ့ အကြံပေးဖြစ်တဲ့ အငြိမ်းစား လေတပ်ဗိုလ်ချုပ်ကြီး 'ပီဝေါဒင်' က အဲဒါနဲ့ပတ်သက်ပြီး ခုလိုပြောပြတယ်။ *"ကျွန်တော်တို့ဟာ အသေးစားဒုံးပျံတွေ၊ ဂြိုဟ်တုတွေကို မြန်မြန်ထက်ထက်လုပ်နိုင်ရင် ရန်သူထက် တစ်ပန်းသာမှာပါ။ အဲဒါဆိုရင် ကုန်းရယ်၊ ရေရယ်၊ လေထဲမှာရယ် ဘက်စုံ သာသွားမှာပါ"* တဲ့။ သူ ဆက်ပြောတယ်။ *"ကျွန်တော် ပိုက်ဆံချမ်းသာတဲ့ လူထူးလူကြောင် အိပ်မက် သမားတွေကို တွေ့ဖူးပါတယ်။ ဒါပေမဲ့ အီလွန်မတ်ဟာ အဲဒီလူတွေနဲ့ မတူပါဘူး။ သူဟာ စဉ်းစားချင့်ချိန်တတ်တယ်၊ အာကာသနည်းပညာမှာ ဗဟုသုတကြွယ်တယ်၊ လုပ်ရဲကိုင်ရဲတဲ့ အရည်အချင်းရှိတယ်။ နောက်ပြီး သူဟာ ဒုံးပျံလုပ်တဲ့နည်းပညာကို အတော်ကြီး သိထားတယ်။ ငွေရှိတယ်ဆိုတာတော့ ပြောစရာမလိုပါဘူး။ ပွင့်ပွင့် လင်းလင်းပြောရရင် ကျွန်တော် သူကို အထင်ကြီးတယ်"*။ စစ်တပ်လိုပဲ အာကာသ သိပ္ပံပညာရှင်တွေလည်း စျေးသက်သာတဲ့ ဂြိုဟ်တုတွေကို အာကာသကိုလွှတ်တင် ပြီး စမ်းသပ်တာတွေကို ပုံမှန်လုပ်ချင်နေကြတယ်။ ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီ တွေနဲ့ လူသုံးကုန်ထုတ်တဲ့ ကုမ္ပဏီတွေကိုလည်း သူတို့ထုတ်လုပ်တဲ့ ဆေးဝါးနဲ့ ပစ္စည်းတွေကို ကမ္ဘာမြေဆွဲအားမရှိတဲ့နေရာမှာ ဘယ်လို အကျိုးသက်ရောက်မှု ရှိမလဲဆိုတာ စမ်းသပ်ကြည့်ချင်နေကြတယ်။

Falcon 1 ဒုံးပျံကို အာကာသထဲလွှတ်တင်ဖို့ အီလွန်မတ်လို သာမန် အရပ်သားတစ်ယောက်က လုပ်မယ်ဆိုတာ ဖြစ်နိုင်တဲ့အလားအလာ အလွန် နည်းပါတယ်။ YouTube မှာ rocket explosion ဆိုတဲ့ စာရိုက်ထည့်လိုက်ရင် အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံတွေက ဒုံးပျံလွှတ်ရင်း ပေါက်ကွဲပျက်စီးတာတွေကို ရိုက်ကူးထားတဲ့ ဗီဒီယိုမှတ်တမ်းတွေ ထောင်ချီပေါ်လာမယ်။ ၁၉၅၇ ခုနှစ်ကနေ ၁၉၆၆ ခုနှစ်အတွင်း အမေရိကန် တစ်နိုင်ငံတည်းက ဒုံးပျံပေါင်း ၄၀၀ ကျော်ကို ဂြိုဟ်ပတ်လမ်းထဲလွှတ်တင်ဖို့ ကြိုးပမ်းခဲ့ရာမှာ ဒုံးပျံအစင်း ၁၀၀ ကျော်ဟာ လွှတ်တင်ချိန်မှာ ပေါက်ကွဲပြီး မီးလောင်ပျက်စီးခဲ့ကြတယ်။ အဲဒီဒုံးပျံတွေဟာ အမေရိကန်အစိုးရရဲ့ ထောက်ပံ့ငွေတွေနဲ့ လုပ်ထားတာကြောင့် အစိုးရရဲ့ပိုက်ဆံ

ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးသွားခဲ့တယ်။ အမှန်မှာတော့ အဲဒီငွေတွေဟာ လူထုရဲ့ပိုက်ဆံပါ။ ဒါပေမဲ့ Space X ကုမ္ပဏီဟာ အစိုးရထောက်ပံ့ခံကုမ္ပဏီ မဟုတ်လို့ ဒုံးပျံတွေ ပေါက်ကွဲပျက်စီးပြီး ငွေတွေအများကြီးဆုံးရှုံးတာ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ဒုံးပျံ ပေါက်ကွဲပျက်စီးတာကို လုံးဝမတားဆီးနိုင်ရင်တောင် အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရပါမယ်။ Falcon 1 ဒုံးပျံဟာ အာကာသထဲကို ပျံတက်သွားနိုင်ဖို့ အများဆုံး ခွဲတက်ချော်ပျက်စီးတာ ၃-၄ ကြိမ်ထက် ပိုမရနိုင်ဘူး။ အဲဒါနဲ့ပတ်သက်လို့ မူလာက ပြောပြတယ်။ *"ကျွန်တော်တို့ဟာ ပျက်စီးမှု အနည်းဆုံးနဲ့ ဒုံးပျံလွှတ်တင်မယ်ဆိုတာကို လူတွေက မယုံကြဘူး။ အစိုးရဆီက ထောက်ပံ့ငွေတစ်ပြားမှမရတဲ့ Space X ဟာ လူနည်းနည်းလေးနဲ့ စျေးသက်သာတဲ့ဒုံးပျံတွေ ထုတ်လုပ်မယ်ဆိုတာလည်း မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။ ဒါပေမဲ့ အီလွန်မတ်နဲ့ ကျွန်တော်ကတော့ သူတို့ မယုံကြတာ၊ မဖြစ်နိုင်ဘူး ပြောကြတာတွေကို မှားကြောင်းသက်သေပြနိုင်ကြမယ်လို့ ယုံကြည်ကြတယ်"*။

Space X တည်ထောင်ပြီး တစ်လအကြာ ၂၀၀၂ ခုနှစ် ဇူလိုင်လမှာ အီလွန်မတ်အတွက် စိတ်လှုပ်ရှားဖွယ်တစ်ခု ဖြစ်လာခဲ့တယ်။ အဲဒါက ပြီးခဲ့တဲ့ အခန်း (၄) မှာ ရေးပြခဲ့သလို eBay ကုမ္ပဏီက အီလွန်မတ် ရှယ်ယာအများဆုံး ပိုင်ထားတဲ့ PayPal ကုမ္ပဏီကို ဒေါ်လာ ၁.၅ ဘီလီယံနဲ့ ဝယ်ယူလိုက်ခြင်းကြောင့် အီလွန်မတ်ဟာ သူပိုင်တဲ့ရှယ်ယာတွေကို ထုတ်ရောင်းလိုက်လို့ ငွေတွေအများကြီး ရလိုက်တယ်။ အဲဒါထဲက ဒေါ်လာ သန်း ၁၀၀ ကို Space X မှာ ရင်းနှီးမြှုပ်နှံဖို့ ထည့်လိုက်တယ်။ ရင်းနှီးမြှုပ်နှံငွေတွေ အများကြီးထည့်လိုက်တဲ့အတွက် သူဟာ Space X ရဲ့ ရှယ်ယာအများဆုံးကို ပိုင်ဆိုင်သွားတယ်။ သူ ဒီလိုလုပ်တာဟာ Space X အောင်မြင်မယ်ဆိုတာ သေချာယုံကြည်လို့အပြင် Zip2, PayPal တွေတုန်းကလို တခြားသူတွေရဲ့ ထိန်းချုပ်မှုမျိုး Space X မှာ မရှိစေချင်လို့ပါ။ ရင်းနှီးငွေအများကြီး ထည့်ဝင်မှုကြောင့် အီလွန်ရဲ့ မဖြစ်နိုင်ဘူးလို့ထင်ရတဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ကြရမယ့် သူဝန်ထမ်းတွေဟာ အနည်းဆုံး ၂ နှစ်အတွင်း အလုပ်မပြုတ်နိုင်ကြတော့ဘူးဆိုပြီး ဝမ်းသာသွားကြတယ်။ နောက်ပြီး

အီလွန်မတ်ဟာ သူ့ရဲ့ ချမ်းသာကြွယ်ဝလာမှုကြောင့် အစိုးရအရာရှိကြီးတွေနဲ့ သိကျွမ်းခင်မင်မှု ရလာတယ်။

ဒီအချိန်မှာ အီလွန်မတ်ဟာ ကံမကောင်းတဲ့ ဖြစ်ရပ်တစ်ခုနဲ့ ကြုံတွေ့လိုက်ရတယ်။ သူ့ဇနီး ဂျပ်စတင်က သားဦး 'နီဗားဒါးအလက်ဇန္ဒားမတ်' ကို မွေးဖွားတယ်။ eBay က PayPal ကို ဝယ်လိုက်ကြောင်း တရားဝင်ကြေညာတဲ့နေ့မှာပဲ အသက် ၂ လခွဲရှိတဲ့ သူ့သား နီဗားဒါး ကွယ်လွန်သွားတယ်။ နီဗားဒါး ကွယ်လွန်သွားရတဲ့အကြောင်းက ဒီလိုပါ။ အီလွန်မတ်ဟာ သူ့မိဘတွေလုပ်သလို သူ့သားကို အိပ်အောင် ကျောပိုးထားတယ်။ နီဗားဒါးရဲ့နှာခေါင်းဟာ အီလွန်မတ်ရဲ့ကျောပြင်နဲ့ ကပ်ပြီး အသက်ရှူပိတ်သွားတယ်။ ကျောပိုးရာက ဖြုတ်လိုက်တော့ နီဗားဒါး အသက်မရှူတော့ဘူး။ *"ကျွန်မတို့ သူ့ကို ဆေးရုံခေါ်သွားကြတယ်။ ဆေးဘက်အကူတွေက အသက်ပြန်ရှူအောင် ပြုစုပေးကြတယ်။ ဒါပေမဲ့ သူဟာ အကြာကြီး အောက်ဆီဂျင်ပြတ်သွားလို့ ဦးနှောက်သေသွားပြီလို့ ဆရာဝန်တွေက ပြောပြကြတယ်"* လို့ ဂျပ်စတင်က Marie Claire မဂ္ဂဇင်းထဲမှာ ရေးပြထားခဲ့တယ်။ *"သားလေး နီဗားဒါးကို Orange County က ဆေးရုံမှာ အသက်ကူစက်နဲ့ ၃ ရက်ထားပေမယ့် မျှော်လင့်ချက်မရှိတော့လို့ သူ့ကို စက်ကနေ ဖြုတ်လိုက်ရတယ်။ ကျွန်မရဲ့ လက်မောင်းထဲမှာ ပွေ့ချီထားရင်း သူ နှလုံးရပ်ပြီး ဆုံးသွားပါတယ်။ အီလွန်က နီဗားဒါးအကြောင်း စကားမပြောချင်ဘူးတဲ့။ ပြီးတော့ ကျွန်မ ဝမ်းနည်းငိုကြွေးတာကိုလည်း မကြိုက်ဘူးတဲ့။ ကျွန်မ သူ့ကို နာမလည်ဘူး။ ဒါပေမဲ့ နီဗားဒါး ဆုံးပြီး ၂ လ မပြည့်ခင်မှာ သားဖွားမီးယပ်ဆေးခန်းက ဆရာဝန်မနဲ့ သွားတွေ့ပြီး ကျွန်မ ကလေးနောက်တစ်ယောက် ရချင်တယ်လို့ ပြောပြတယ်။ အီလွန်နဲ့ကျွန်မ နှစ်ယောက်စလုံးဟာ ကလေးနောက်တစ်ယောက်ကို အမြန်ဆုံး ရချင်ကြတယ်။ မကြာခင်မှာ အမြွာပူ။ နောက်တော့ သုံးမြွာပူးကလေးတွေ ရလိုက်တယ်"* လို့ ဂျပ်စတင်က မဂ္ဂဇင်းမှာ ဆက်ရေးပြထားတယ်။

နီဗားဒါးဆုံးပြီးတော့ အီလွန်မတ်ဟာ Space X ကို ပိုပြီး အာရုံစူးစိုက်လုပ်တယ်။ Space X အတွက် အလုပ်အပ်ချင်လို့ ကန်ထရိုက်တာတွေနဲ့ စကား

ပြောရင်း အီလွန်မတ်ဟာ သူတို့ကို အထင်မကြီး ဖြစ်လာတယ်။ သူတို့ဟာ ပိုက်ဆံတွေ အများကြီးယူကြပေမယ့် အလုပ်ကို နေ့းကွေးစွာလုပ်တတ်သူတွေလို့ သူထင်လာတယ်။ ဒါကြောင့် ဒုံးပျံအတွက်လိုအပ်တဲ့ အစိတ်အပိုင်းတွေကို လုပ်ဖို့ သူတို့ဆီ အလုပ်မအပ်တော့ဘဲ ကိုယ့်ဘာသာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီလို လုပ်ဖို့ သူမှာ အင်ဂျင်နီယာလူတော်တွေ ရှိနေပါတယ်။

Space X မှာ အီလွန်မတ် အလုပ်ခန့်ထားတဲ့ အမှုဆောင်အရာရှိတွေဟာ အတွေ့အကြုံရှိပြီး ကျွမ်းကျင်သူတွေ ဖြစ်ကြပါတယ်။ မူလာဟာ Merlin နဲ့ Kestrel လို့ နာမည်ပေးထားတဲ့ ဒုံးပျံအင်ဂျင်နှစ်လုံးကို စတင်ပြုလုပ်တယ်။ ရေတပ်မှာ အမှုထမ်းခဲ့ပြီး Boeing ကုမ္ပဏီမှာ Delta နဲ့ Titan ဆိုတဲ့ ဒုံးပျံတွေ တည်ဆောက်ခဲ့တဲ့ 'ခရစ်တွန်မဆင်' ဟာ Space X ရဲ့ ဒုတိယဥက္ကဋ္ဌ ဖြစ်လာတယ်။ 'တင်မ်ဘူဇာ' ဟာ Boeing ကုမ္ပဏီမှာ လုပ်ခဲ့ဖူးပြီး ဒုံးပျံစမ်းသပ်ရေးမှာ နာမည်ရသူတစ်ယောက် ဖြစ်ခဲ့တယ်။ JPL နဲ့ နောက်ထပ် အာကာသနည်းပညာကုမ္ပဏီနှစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးတဲ့ 'စတီဗ်ဂျန်ဆန်' ဟာ အကြီးတန်းစက်မှုအင်ဂျင်နီယာဖြစ်နေတယ်။ အာကာသယာဉ်၊ ဒုံးယာဉ်တွေ တည်ဆောက်တဲ့ အင်ဂျင်နီယာ 'ဟန်းစ်ကိုနစ်(စ်)မန်း' ဟာ ဒုံးပျံကို လမ်းကြောင်းပြတာနဲ့ ထိန်းချုပ်တဲ့စနစ်ကို လုပ်ပေးတယ်။ အီလွန်မတ်ဟာ အမျိုးသမီးတစ်ယောက်ကိုလည်း အလုပ်ခန့်ထားတယ်။ အာကာသယာဉ်ထုတ်တဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးပြီး Space X မှာ ပထမဆုံးအရောင်းသမားအဖြစ် အလုပ်ဝင်လုပ်တဲ့ 'ဂဝင်းရှော့ဝဲ' ဟာ နောက်ပိုင်းမှာ Space X ရဲ့ဥက္ကဋ္ဌဖြစ်လာခဲ့သလို အီလွန်မတ်ရဲ့ညာလက်ရုံးလည်း ဖြစ်လာခဲ့တယ်။

သိပ်မကြာခင်မှာပဲ အီလွန်မတ်က နောက်ထပ် အမျိုးသမီးတစ်ယောက်ကို အလုပ်ခန့်လိုက်ပြန်တယ်။ 'မေရီဘက်ဘရောင်း' ပါ။ အားလုံးက သူ့ရဲ့နာမည်ကို အတိုကောက် MB လို့ ခေါ်ကြတယ်။ သူဟာ အီလွန်မတ်ရဲ့သစ္စာရှိတဲ့ ကိုယ်ရေးအရာရှိ ဖြစ်လာခဲ့တယ်။ အီလွန်မတ် ၂၄ နာရီ အလုပ်လုပ်ရင် MB လည်း ၂၄ နာရီ အလုပ်လုပ်တယ်။ အီလွန်မတ်အတွက် ထမင်းပွဲပြင်ပေးတယ်။ အီလွန်မတ်ကို

တခြားလူတွေနဲ့ အလုပ်ကိစ္စဆွေးနွေးဖို့ ချိန်းဆိုပေးတယ်။ သူ့ကလေးတွေနဲ့တွေ့ဖို့ အစီအစဉ်လုပ်ပေးတယ်။ သူ့ဝတ်ရမယ့် အဝတ်အစားတွေ ရွေးချယ်ပေးတယ်။ သတင်းမီဒီယာသမားတွေနဲ့ တွေ့ပေးတယ်။ တကယ်လို့ အီလွန်မတ်ဟာ စည်းဝေးပွဲမှာ အချိန်ကြာနေရင် သူ့အနားကပ်ပြီး စည်းဝေးပွဲကို အဆုံးသတ်ဖို့ တိုးတိုးလေးပြောတယ်။ MB ဟာ အီလွန်မတ်နဲ့ ဝန်ထမ်းတွေကြားမှာ ဆက်သွယ်ပေးသူ ဖြစ်လာခဲ့တယ်။

MB ဟာ အလုပ်နဲ့ပတ်သက်ရင် မျက်နှာထားတင်းမာပြီး ရှင်းရှင်းပြတ်ပြတ် ပြောတတ်တယ်။ အများအားဖြင့်တော့ သူဟာ ပြုံးရွှင်နေပြီး ဖော်ရွေတတ်သလို အီလွန်မတ် မခိုင်းခင်ကတည်းက အလုပ်ကို ကြိုတင်လုပ်ထားတတ် တယ်။ သူမှာ အကောင်းဆုံး အရည်အချင်းတစ်ခုကတော့ အီလွန်မတ်ရဲ့စိတ်ကို အကဲခတ်တတ်ခြင်းပါ။ သူ အကဲခတ်ရင် မှားခဲပါတယ်။ Space X ရုံးနဲ့ နောက်ပိုင်း Telsa ရုံးမှာ MB ဟာ သူ့စားပွဲကို အီလွန်မတ်ရဲ့ စားပွဲရှေ့မှာ ထားတယ်။ လူတွေ အီလွန်မတ်နဲ့တွေ့ချင်ရင် သူ့စားပွဲကို အရင်ဖြတ်ရတယ်။ တကယ်လို့ တစ်ယောက်ယောက်ဟာ စျေးကြီးတဲ့ပစ္စည်းဝယ်ဖို့ အီလွန်မတ်ဆီက ခွင့်ပြုချက်လိုချင်ရင် MB ရဲ့စားပွဲရှေ့မှာ ခဏရပ်စောင့်ရတယ်။ MB က ခေါင်းညိတ်ပြမှ အီလွန်မတ်နဲ့ တွေ့ခွင့်ရတယ်။ MB က ခေါင်းခါပြရင် အီလွန်မတ် စိတ်ဆိုးနေလို့ ဝင်မတွေ့ပါနဲ့လို့ ဆိုလိုတယ်။ MB ရဲ့ ခေါင်းညိတ်ပြတာ၊ ခေါင်းခါပြတာတွေဟာ ဝန်ထမ်းတွေ အတွက် အလွန်အရေးပါတဲ့ သင်္ကေတတွေ ဖြစ်လာတယ်။

Space X မှာ အလုပ်ဝင်တဲ့ အင်ယင်တန်းအင်ဂျင်နီယာတွေဟာ ပညာရေးမှာ ထူးချွန်သူတွေ ဖြစ်ကြတယ်။ အဲဒီလို တော်သူတွေရဖို့ အီလွန်မတ်ဟာ ထိပ်တန်းတက္ကသိုလ်ကြီးတွေက အာကာသသိပ္ပံနဲ့ နည်းပညာဌာနတွေကို သွားရောက်ပြီး စာမေးပွဲမှာ အမှတ်ကောင်းရကြသူတွေဟာ ဘယ်သူလဲလို့ စုံစမ်းမေးမြန်းတယ်။ သူတို့ရဲ့ နာမည်စာရင်းရရင် အီလွန်မတ်က သူတို့ရဲ့အဆောင်ကို ဖုန်းဆက်ပြီး စကားပြောတယ်။ *"တစ်ခါမှာ အီလွန်မတ်က ကျွန်တော်နေတဲ့ အဆောင်ကို ဖုန်းဆက်တယ်။ ကျွန်တော်က အီလွန်မတ်ဆိုတာ ဘယ်သူမှန်းမသိလို့ နောက်ပြောင်*

ခေါ်တယ်လို့ပဲ ထင်မိတယ်" လို့ အဲဒီအချိန်က စတင်းဖို့ဒ်တက္ကသိုလ်တက်နေတဲ့ ကျောင်းသား 'မိုက်ကယ်ကိုလွန်နို' က ပြောပြတယ်။ "*သူ (အီလွန်မတ်) က သူ့မှာ ဒုံးပျံထုတ်တဲ့ ကုမ္ပဏီရှိတယ်လို့ပြောတော့ ကျွန်တော် အစပိုင်းမှာ မယုံဘူး*" လို့ ဆက်ပြောတယ်။ နောက်ပိုင်းမှာ ကျောင်းသားတွေဟာ အင်တာနက်မှာရှာရင်းနဲ့ အီလွန်မတ်ကို သန်းကြွယ်သူဌေးမှန်း သိသွားကြတယ်။ ဒီအခါမှာ Space X က သူတို့ကို အလုပ်လုပ်ဖို့ ဆွဲဆောင်စည်းရုံးရတာ မခက်တော့ဘူး။ အရင်က အာကာသယာဉ်၊ ဒုံးပျံတည်ဆောက်တဲ့ အင်ဂျင်နီယာဖြစ်ဖို့ ဗျူရိုကရေစီစနစ် (အဆင့်ဆင့် တင်းကျပ်စွာ ချုပ်ကိုင်ထားတဲ့ အုပ်ချုပ်ရေးစနစ်) ရှိတဲ့ အစိုးရရဲ့ ကန်ထရိုက်တာကုမ္ပဏီမှာပဲ အလုပ်ဝင်လုပ်ကြရတယ်။ အခုတော့ Space X ရဲ့ ကြီးမားတဲ့ ရည်မှန်းချက်တွေကို သိလာကြလို့ Boeing, Lockheed နဲ့ Orbital Sciences စတဲ့ လေယာဉ်နဲ့ ဒုံးပျံတည်ဆောက်တဲ့ ကုမ္ပဏီကြီးတွေက စွန့်စားချင်ကြတဲ့ အင်ဂျင်နီယာတွေဟာ နောက်မှပေါ်လာတဲ့ ရွှေကြာပင် Space X ဆီ ကူးပြောင်းလာကြတယ်။

Space X ထူထောင်ပြီး ပထမနှစ်မှာ အပတ်စဉ် လူသစ် တစ်ယောက် သို့မဟုတ် နှစ်ယောက် အလုပ်ဝင်ကြတယ်။ 'ကဲဗင်ဘရိုဂန်' ဟာ နံပါတ် ၂၃ ယောက်မြောက် အလုပ်ဝင်သူဖြစ်ပြီး TRW ကုမ္ပဏီက အလုပ်ထွက်ပြီး ရောက်လာသူလည်း ဖြစ်တယ်။ TRW မှာ ဌာနတွင်းပေါ်လစီတွေကြောင့် သူ အလုပ်လုပ်ကိုင်ရတာ အဆင်မပြေလို့ ထွက်ခဲ့တာပါ။ သူက ခုလိုပြောတယ်။ "*ကျွန်တော် လုပ်ခဲ့တဲ့ TRW က ဌာနကို country club ကျေးလက်အပန်းဖြေကလပ်လို့ ကျွန်တော် နာမည်ပေးထားတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီကလူတွေဟာ အလုပ်မလုပ်ကြဘူး။ အပန်းဖြေသလို အေးအေးဆေးဆေး နေနေကြလို့ပါ*"။ ဘရိုဂန်ဟာ Space X မှာ အင်တာဗျူးလာဖြေပြီး နောက်နေ့မှာ အလုပ်ဆင်းရတယ်။ ရုံးရောက်တာနဲ့ ရုံးထဲမှာ ကွန်ပျူတာတစ်လုံး ကိုယ့်ဘာသာရှာဖို့ အပြောခံရတယ်။ "*ပီတာဆီသွားပြီး မင်း လိုတာကို တောင်းယူပါ။ နောက်ပြီး မိုက်ကယ် ဆီက ထိုင်ခုံတစ်ခုံလောက် ယူလိုက်ပါ*" တဲ့။ သူလည်း အဲဒါကို သဘောကျသွားပြီး

အဲဒီ ပထမဆုံးနေ့မှာပဲ ၁၂ နာရီကြာအောင် အလုပ်လုပ်တယ်။ ကားမောင်းပြီး အိမ်ပြန်တယ်။ ၁၀ နာရီကြာအောင် အိပ်တယ်။ ပြီးတော့ ရုံးကို ပြန်လာတယ်။ နောက်တော့ နေ့တိုင်း အဲဒီလိုလုပ်တယ်။ *"ကျွန်တော် အတော့်ကို လူရောစိတ်ပါ ပင်ပန်းနေတယ်။ ဒါပေမဲ့ အလုပ်လုပ်ရတာ လွတ်လပ်လို့ ပျော်တယ်။ ဒီအလုပ်ကို တမ်းတမ်းစွဲ ဖြစ်သွားတယ်"* လို့ သူ ဆက်ပြောတယ်။

Space X က ပထမဆုံးထုတ်လုပ်တဲ့စက်ပစ္စည်းဟာ gas generator (ဒုံးပျံအင်ဂျင်အတွက် လောင်စာဆီထုတ်ပေးတဲ့ စက်) ဖြစ်ပါတယ်။ မူလာ၊ (အတွေ့အကြုံရင့် အင်ဂျင်နီယာဖြစ်တဲ့) ဘူဇာနဲ့ လူငယ်အင်ဂျင်နီယာနှစ်ယောက်တို့ဟာ gas generator စက်ကို လော့စ်အင်ဂျဲလိစ်မြို့က Space X စက်ရုံမှာ တပ်ဆင်ကြတယ်။ တပ်ဆင်ပြီးသွားတော့ ထင်းရှူးသေတ္တာထဲထည့်ပြီး အမိုးမပါတဲ့ ပစ်ကပ်ကားငယ်နောက်မှာ တင်လိုက်ကြတယ်။ ပြီးတော့ အဲဒီစက်ကို စမ်းသပ်ဖို့ လော့စ်အင်ဂျဲလိစ်မြို့ကနေ မိုင်တစ်ရာကွာဝေးတဲ့ မိုဟာဗီးမြို့လေးကို မောင်းသွားကြတယ်။ မိုဟာဗီးလေဆိပ်ရဲ့ အပြင်မှာ အာကာသယာဉ်၊ ဒုံးပျံ ထုတ်လုပ်တဲ့ ကုမ္ပဏီအများအပြားဟာ သူတို့ထုတ်လုပ်တဲ့ နောက်ဆုံးပေါ် လေယာဉ်ပျံနဲ့ ဒုံးပျံတွေကို စမ်းသပ်နေကြတယ်။ Space X အဖွဲ့ဟာ ဒီနေရာနဲ့ ပတ်ဝန်းကျင်ကို သဘောကျလို့ အဲဒီမှာ စမ်းသပ်မှုလုပ်နေတဲ့ XCOR ကုမ္ပဏီဆီကနေ ဒုံးပျံ ပစ်စင်တစ်ခုကို ငှားလိုက်တယ်။ gas generator ကို ပစ်စင်ပေါ်မှာ တပ်ဆင်လိုက်ကြတယ်။ မနက် ၁၁ နာရီမှာ gas generator ကို စက်နှိုးတယ်။ စက်ဟာ အခြေအနေကောင်းစွာ အလုပ်လုပ်နေရာက စက္ကန့် ၉၀ အကြာမှာ မီးခိုးမည်းကြီး တလိပ်လိပ် ထွက်လာတယ်။ အဲဒီအချိန်မှာ လေငြိမ်နေတာကြောင့် မီးခိုးလုံးကြီးဟာ မိုဟာဗီးလေဆိပ်ရဲ့ လေကြောင်းထိန်းမျှော်စင်ကို ဖုံးအုပ်သွားတယ်။ လေကြောင်းထိန်းသိမ်းတာ လုပ်မရလို့ လေယာဉ်ပျံတွေ လေဆိပ်မှာ ဆင်းတာ၊ တက်တာ လုပ်မရတော့ဘူး။ မျှော်စင်ကိုကြီးကြပ်တဲ့ မန်နေဂျာဟာ gas generator စမ်းသပ်တဲ့နေရာကို ရောက်လာပြီး မူလာနဲ့ ဘူဇာတို့ကို အော်ဟစ်ကြိမ်းမောင်းတယ်။ ပြီးတော့ မန်နေဂျာနဲ့ စမ်းသပ်ရာမှာ ကူညီပေးနေကြတဲ့ XCOR

ကုမ္ပဏီက ဝန်ထမ်းတချို့က မူလာနဲ့အဖွဲ့ကို နောက်နေ့မှပြန်စမ်းဖို့ ပြောကြတယ်။ ဒါပေမဲ့ ဘူဇာက မန်နေဂျာကို အမျိုးမျိုးတောင်းပန်ပြီး စက်ကို ထပ်စမ်းတယ်။ ဂ်ကောင်းစွာနဲ့ လေကြောင်းပြောင်းသွားလို့ မီးခိုးတွေဟာ မျှော်စင်ဆီ မရောက်လာတော့ဘူး။ နောက်ရက်တွေမှာ ဘူဇာတို့အဖွဲ့ဟာ တစ်ရက်အတွင်း စက်စမ်းသပ်မှုကို အကြိမ်များစွာ လုပ်ကြတယ်။ အဲဒီလို တစ်ရက်အတွင်း စမ်းသပ်မှု အကြိမ်များစွာကို အရင်က ဘယ်ကုမ္ပဏီမှ မလုပ်ခဲ့ဖူးကြဘူး။ အဖွဲ့ဟာ အဲဒီမှာ နှစ်ပတ်ကြာ စမ်းသပ်မှုတွေလုပ်ပြီးသွားကြတော့ gas generator ရဲ့ စွမ်းဆောင်မှုကို ကျေနပ်သွားလို့ စက်ကိုပြန်သယ်ပြီး လေဘ့်စ်အင်ဂျဲလစ်မြို့ကို ပြန်လာကြတယ်။

Space X က အင်ဂျင်နီယာအဖွဲ့ဟာ ဒုံးပျံစမ်းသပ်ဖို့ သင့်တော်တဲ့ မြေနေရာကို လိုက်ရှာကြရင်း Texas ပြည်နယ်၊ Mc Gregor မြို့လေးနားမှာ ဈေး ၃၀၀ ကျော်ကျယ်တဲ့ မြေကွက်လပ်တစ်ခုကို တွေ့လိုက်တယ်။ အဲဒါကို သဘောကျလို့ ဝယ်ဖို့ အီလွန်မတ်ကို တိုက်တွန်းကြတယ်။ ဒီမြေပေါ်မှာ အရင်က ရေတပ်က ဒုံးပျံတွေ ပစ်လွှတ်စမ်းသပ်ခဲ့သလို သူဌေးကြီး 'အင်ဒရူးဘီးလ်' ရဲ့ ကုမ္ပဏီတစ်ခုလည်း စမ်းသပ်မှုတွေလုပ်ခဲ့တယ်။ အတော်အတန်ကြီးမားတဲ့ ဂြိုဟ်တုတွေကို အာကာသထဲအထိ သယ်ဆောင်နိုင်မယ့် ဒုံးပျံတစ်စင်းထုတ်လုပ်ဖို့ ဒေါ်လာ သန်း ၃၀၀ ကုန်မယ်ဆိုတာ သိလိုက်တော့ အင်ဒရူးဘီးလ်ဟာ ဒုံးပျံထုတ်ဖို့လုပ်နေတာကို ရပ်ဆိုင်းလိုက်ပြီး ကုမ္ပဏီကို ဖျက်သိမ်းလိုက်တယ်။ ကုမ္ပဏီဖျက်သိမ်းတော့ မြေပေါ်မှာ ဒုံးပျံစမ်းသပ်တဲ့ပစ္စည်းတွေ အများကြီးကို ယူမသွားဘဲ ချန်ထားခဲ့တယ်။ အဲဒါတွေထဲမှာ သုံးထပ်တိုက်အမြင့်ရှိတဲ့ ကွန်ကရစ်နဲ့လုပ်ထားတဲ့ ဒုံးပျံပစ်စင်တစ်ခုလည်း ပါဝင်တယ်။

'ဂျယ်ရယ်မီဟော်မန်း' ဟာ Space X မှာ လုပ်နေတဲ့ ငယ်ရွယ်တဲ့ အင်ဂျင်နီယာတွေထဲက တစ်ယောက်ပါ။ သူ့ရဲ့ဘာဝန်က Space X ထုတ်လုပ်တဲ့ ဒုံးပျံဆိုင်ရာ ပစ္စည်းတွေကို စမ်းသပ်စစ်ဆေးပေးရတာပါ။ သူဟာ အီလွန်မတ် အလုပ်ခန့်ချင်သူတွေထဲက စံပြဖြစ်ပါတယ်။ လေယာဉ်ပျံနဲ့ ဒုံးပျံတည်ဆောက်ရေး အင်ဂျင်နီယာဘွဲ့ကို Iowa State University က ရခဲ့ပြီး အာကာသယာဉ်

တည်ဆောက်ရေး မဟာအင်ဂျင်နီယာတွဲ့ကို University of Southern California က ရခဲ့တယ်။ သူဟာ အရင်က Boeing ကုမ္ပဏီကြီးမှာ ခုံးပျံ၊ ဂျက်လေယာဉ်နဲ့ အာကာသယာဉ်တွေကို စမ်းသပ်စစ်ဆေးတဲ့ အင်ဂျင်နီယာတစ်ယောက် ဖြစ်ခဲ့တယ်။

သူဟာ Boeing ကုမ္ပဏီမှာ အလုပ်စဝင်ကတည်းက မပျော်ခဲ့ဘူး။ မပျော်ရတဲ့အကြောင်းက ဒီလိုပါ။ အလုပ်စဝင်တဲ့နေ့မှာပဲ Boeing ကုမ္ပဏီဟာ လေယာဉ်ပျံထုတ်တဲ့ McDonnell Douglas ကုမ္ပဏီနဲ့ ပူးပေါင်းလိုက်လို့ ကုမ္ပဏီဟာ အကြီးကြီးဖြစ်လာတယ်။ ဝန်ထမ်းတွေ အရမ်းများလာတယ်။ ကုမ္ပဏီက ဝန်ထမ်းတွေ စိတ်ဓာတ်တက်အောင် ပျော်ပွဲစားထွက်တာ၊ အပန်းဖြေခရီးထွက်တာတွေ စီစဉ်ပေးတယ်။ ဒါပေမဲ့ စိတ်ဓာတ်ကျစေတာတစ်ခုလည်း လုပ်လိုက်တယ်။ *"ဌာနမှူးက ကျွန်တော်တို့ဝန်ထမ်းတွေကို စုပြီး စကားပြောတယ်။ သူက ကုမ္ပဏီရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ပြောပြတယ်။ ဒါပေမဲ့ ကုမ္ပဏီဟာ ငွေကြေးသုံးစွဲတာကို တင်းကျပ်ထားလို့ ဝန်ထမ်းတိုင်းဟာ အသုံးစရိတ် ချွေတာရမယ်တဲ့"* လို့ ဟော်မန်းက ပြောပြတယ်။ သူဟာ အဲဒီစကားကြားပြီးကတည်းက Boeing မှာ အလုပ်လုပ်ရတာ မပျော်တော့ဘူး။ Space X က အလုပ်ခေါ်နေကြောင်း သတင်းကြားတာနဲ့ အလုပ်လျှောက်လိုက်တယ်။ *"Space X မှာ အလုပ်လုပ်ရတာ အခွင့်အလမ်းတစ်ခုလို့ ထင်မိတယ်။ အဲဒီအခွင့်အလမ်းကို ကျွန်တော် လက်လွှတ်မခံနိုင်ဘူး"* လို့ သူပြောတယ်။ ငယ်ရွယ်ပြီး လူပျိုလူလွတ်ဖြစ်တဲ့ ဟော်မန်းဟာ Space X မှာ အလုပ်ရပြီးကတည်းက ကြိုးစားလုပ်ကိုင်ရင်း မူလာရဲ့ လက်ထောက်ဖြစ်လာခဲ့တယ်။

မူလာဟာ သူတည်ဆောက်ချင်တဲ့ ခုံးပျံအင်ဂျင်နှစ်ခုကို 3D သုံးဖက်မြင် ပုံတွေအဖြစ် ကွန်ပျူတာမှာ ရေးဆွဲထားပြီးပြီ။ ပထမအင်ဂျင်ဖြစ်တဲ့ Merlin (မားလင်း) ဟာ Falcon 1 ခုံးပျံကို ပစ်စင်ပေါ်က လွှတ်တင်ရာမှာ အသုံးပြုမှာ ဖြစ်ပါတယ်။ ခုံးပျံ လေထဲရောက်ပြီး Merlin အင်ဂျင်ဟာ လောင်စာဆီကုန်လို့ ရပ်သွားတဲ့အခါ ဒုတိယအင်ဂျင်ဖြစ်တဲ့ Kestrel (ကက်စထရဲလ်) ဟာ စက်နှိုးပြီး

ခုံးပျံ့ကို အာကာသထဲရောက်တဲ့အထိ မောင်းနှင်ပေးမှာပါ။ မူလာနဲ့ ဟော်မန်းတို့ဟာ အဲဒီအင်ဂျင်တွေအတွက် ဘယ်ပစ္စည်းတွေကို Space X စက်ရုံမှာလုပ်ပြီး ဘယ်ပစ္စည်းတွေကို ဝယ်မယ်လို့ ဆွေးနွေးကြတယ်။ ပစ္စည်းဝယ်ဖို့အတွက် ဟော်မန်းဟာ ပစ္စည်းလုပ်တဲ့ အလုပ်ရုံတွေဆီသွားပြီး စျေးနှုန်းနဲ့ ပစ္စည်းပို့နိုင်မယ့် နေ့တွေကို စုံစမ်းတယ်။

ပထမဆုံးအင်ဂျင် Merlin ကို Space X စက်ရုံမှာ ထုတ်လုပ်ပြီးတာနဲ့ ဟော်မန်းက အဲဒီအင်ဂျင်နဲ့ တခြားပစ္စည်းအစုအပုံ အလေးချိန်စုစုပေါင်း ပေါင် ၄၀၀၀ ကို နောက်တွဲယာဉ်တစ်စီးပေါ်တင်ပြီး ရှေ့က ထရပ်ကားနဲ့ ဆွဲသွားတယ်။ ကားဟာ လော့စ်အင်ဂျဲလိစ်မြို့ကနေ Texas ပြည်နယ်က McGregor မြို့နှားရှိ စမ်းသပ်မယ့်နေရာကို ရောက်သွားတယ်။ အဲဒီမှာ မူလာနဲ့ သူ့လက်ထောက် ဟော်မန်း ဦးဆောင်တဲ့အဖွဲ့ဟာ အမြီးဖျားက ခလောက်သံထွက်တဲ့ မြွေပွေးတွေ၊ ကင်းမြီးကောက်တွေ ပေါများပြီး လူသူကင်းမဲ့လို့ တိတ်ဆိတ်နေတဲ့ ချစ်ချစ်တောက် ပူပြင်းတဲ့ နေရောင်အောက်မှာ ယာယီတဲထိုးပြီး အင်ဂျင်ကို အပျက်အစီးရှိသလား၊ ဆိုတာ အသေးစိတ် စစ်ဆေးကြတယ်။ အင်ဂျင်ကို စစ်ဆေးတာပြီးသွားတော့ အဖွဲ့ဟာ ဒေါ်လာ ၁၂၀၀ ပေးရတဲ့ Remy Martin Cognac ကော့ညက်အရက်ကို စက္ကူခွက်တွေမှာ ထည့်သောက်ပြီး အင်ဂျင်ကိုစမ်းသပ်ဖို့ ဖွင့်ပွဲလုပ်လိုက်ကြတယ်။ အဖွဲ့ဟာ အဲဒီနေရာမှာ ၁၀ ရက် ဆက်တိုက်လုပ်ပြီး ကာလီဖိုးနီးယားမြို့ကို ပြန်ပြီး ၂ ရက် နားတယ်။ ပြီးတော့ စမ်းသပ်တဲ့နေရာကို ပြန်လာတယ်။ အဲဒီလိုလုပ်တာ အခေါက်ခေါက် အခါခါ ဖြစ်တယ်။ သူတို့ ခရီးသွားရတာ ပင်ပန်းလို့ဆိုပြီး အီလွန်မတ်က သူ့ရဲ့ ကိုယ်ပိုင်လေယာဉ်ပျံနဲ့ သွားခိုင်းတယ်။ *"လေယာဉ်ပျံက လူ ၆ ယောက်ပဲ လိုက်လို့ရတယ်။ သွားမယ့်လူ ၇ ယောက်ဖြစ်နေရင် တစ်ယောက်က အိမ်သာထဲက ထိုင်လိုက်ပေါ့ဗျာ"* လို့ မူလာက ရယ်ရင်းပြောပြတယ်။

စမ်းသပ်တဲ့နေရာမှာ အရင်ကလုပ်သွားကြတဲ့ ရေတပ်နဲ့ အင်ဒရူးဘီးလ်ရဲ့ ဂုမ္ဗဏီတို့ဟာ စမ်းသပ်မှုဆိုင်ရာ ပစ္စည်းအများအပြားကို ချန်ထားခဲ့ကြတယ်။ ဒါပေမဲ့ Space X က ပေ ၃၀ ရှည်ပြီး ၁၅ ပေကျယ်တဲ့ သံနဲ့လုပ်ထားတဲ့ ရေပြင်ညီ

ဒုံးပျံစမ်းသပ်စင်တစ်ခုတော့ ကိုယ့်ဖာသာ လုပ်ယူရတယ်။ အဲဒီစမ်းသပ်စင်ပေါ်မှာ ဒုံးပျံကို အလျားလိုက်တင်ထားပြီး အင်ဂျင်နဲ့ စက်ပစ္စည်းတွေကို တပ်ဆင်ရတယ်။ တပ်ဆင်တာပြီးလို့ အင်ဂျင်ကို စမ်းတော့မယ်ဆိုရင် ဒုံးပျံကို အင်ဒရူးဘီးလ် ကုမ္ပဏီက ထားခဲ့တဲ့ သုံးထပ်တိုက်အမြင့်ရှိတဲ့ ပစ်စင်မှာထောင်ပြီး စမ်းသပ်ရတယ်။ အင်ဂျင်မှာတပ်ဆင်ထားတဲ့ sensor အာရုံခံကိရိယာတွေကနေ ပို့ပေးတဲ့ အချက်အလက်တွေကို အဝေးကနေ ကွန်ပျူတာမှာ ကြည့်ကြတယ်။ စမ်းသပ်နေစဉ်မှာ အင်ဂျင်ကို ဗီဒီယိုကင်မရာနဲ့ အလိုအလျောက် ရိုက်ကူး မှတ်တမ်းတင်တယ်။ အင်ဂျင်နီယာတွေဟာ မြေသားနဲ့လုပ်ထားတဲ့ တမံရဲ့နောက်ကွယ်ကနေ စောင့်ကြည့်ကြတယ်။ တကယ်လို့ အင်ဂျင်မှာ တစ်ခုခုဖြစ်ရင် တမံနောက်ကွယ်ကနေ မှန်ဘီလူးနဲ့ကြည့်ပြီး အန္တရာယ်ကင်းမှ အင်ဂျင်နားကပ်ကြတယ်။ ဆူညံတဲ့ စမ်းသပ်သံတွေကို အနီးအနားရွာတွေကလူတွေဟာ ဆူတယ်လို့ မကျေမနပ်ပြောဆိုတာ မလုပ်ကြပါဘူး။ ဒါပေမဲ့ ရွာထဲက တိရစ္ဆာန်တွေကတော့ ဆန္ဒပြကြတယ်။ ဘယ်လိုဆန္ဒပြကြတာလဲဆိုတော့ အင်ဂျင်စမ်းသပ်တဲ့အသံ ထွက်ပေါ်လာတာနဲ့ ခွေးတွေအူကြတယ်။ နွားတွေဟာ စက်ဝိုင်းတစ်ခုလို လှည့်ပတ်ပြေးကြတယ်။ *"အင်ဂျင်စက်နှိုးတဲ့ အခါတိုင်း နွားတွေဟာ ပထမ ဟိုဟိုဒီဒီ ပြေးကြတယ်။ နောက်တော့ နွားငယ်လေးတွေကို အလယ်မှာထားပြီး နွားကြီးတွေဟာ သူတို့ကိုဝိုင်းပြီး လှည့်ပတ်ပြေးကြတယ်။ အဲဒါကို စိတ်ဝင်စားလို့ ဗီဒီယိုကင်မရာနဲ့ မှတ်တမ်းတင် ရိုက်ကူးထားလိုက်တယ်"* လို့ ဟော်မန်းက ပြောပြတယ်။

Merlin နဲ့ Kestrel အင်ဂျင်နှစ်ခုစလုံးဟာ တစ်မျိုးတစ်ဖုံစီ စိန်ခေါ်မှုပေးကြတယ်။ *"ကျွန်တော်တို့ဟာ Merlin ကို လောင်စာဆီကုန်တဲ့အထိ၊ ဒါမှမဟုတ် ပြဿနာတစ်ခုဖြစ်တဲ့အထိ မောင်းကြတယ်။ ပြီးရင် Kestrel အင်ဂျင်ကို မောင်းကြပြန်တယ်"*။ အင်ဂျင်နှစ်လုံးကို တစ်လှည့်စီမောင်းနေကြလို့ ကျွန်တော်တို့မှာ နားချိန်တောင် မရကြဘူး။ လပေါင်းအတော်ကြာအောင် Space X က အင်ဂျင်နီယာတွေဟာ မနက် ၈ နာရီဆိုရင် စမ်းသပ်တဲ့နေရာကို ရောက်လာကြပြီး ၁၂ နာရီကြာအောင် အင်ဂျင်တွေကို စမ်းသပ်ကြတယ်။ နေ့လယ်ရောက်လို့

စမ်းသပ်တာနှားရင် McGregor မြို့ထဲက Steak house စားသောက်ဆိုင်ကို ကားနဲ့သွားပြီး နေ့လယ်စာ စားကြတယ်။ သူတို့စားပြီးလို့ စမ်းသပ်တဲ့နေရာကို ပြန်ရောက်ကြရင် စမ်းသပ်တာကို ဆက်လုပ်ကြတယ်။ မူလာကတော့ အင်ဂျင် စမ်းသပ်ရာကတွေ့တဲ့ အချက်အလက်တွေကို ပြန်စစ်ကြည့်တယ်။ လိုအပ်ရင် လော့စ်အင်ဂျဲလိစ်မြို့ Space X စက်ရုံကို ဖုန်းဆက်ပြီး ပြင်ဆင်ချင်တာကို ပြောတယ်။ စက်ရုံက သူ့ဝန်ထမ်းတွေကို လိုအပ်တဲ့ပစ္စည်းတွေ လုပ်ခိုင်းတယ်။ အဲဒီမှာ သူ့ဝယ်ထားပေးတဲ့ တွင်ခုံနဲ့ ဂဟေဆော်စက်တွေ ရှိတယ်။ *"Kestrel ဟာ အစပိုင်းမှာ အမျိုးမျိုး ဒုက္ခပေးတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ သူရဲ့ စွမ်းဆောင်ရည်ဟာ တည်ငြိမ်ကောင်းမွန်လာတယ်"* လို့ မူလာက ပြောပြတယ်။ Space X က အင်ဂျင်နီယာတွေဟာ ဒုံးပျံအင်ဂျင်တစ်လုံးကို ၃ ရက်အတွင်း ပြီးအောင်လုပ်နိုင်တယ်လို့ ယုံကြည်လာကြတယ်။ *"အင်ဂျင်နီယာအများစုဟာ အသက် ၂၄-၂၅ နှစ် လူငယ်လေးတွေ ဖြစ်ကြတယ်။ သူတို့ကို လုပ်ပိုင်ခွင့်သာ ပေးထားလိုက်ပါ။ အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပြကြလိမ့်မယ်"* လို့ ဟော်မန်းက ပြောပြတယ်။

ဒုံးပျံစတက်ပြီး အာကာသထဲရောက်တဲ့အထိ ပထမအင်ဂျင်ဖြစ်တဲ့ Merlin အင်ဂျင်ကို စက္ကန့် ၁၈၀ အထိ မောင်းပေးဖို့ လိုပါတယ်။ ဒါပေမဲ့ အင်ဂျင်ဟာ စက္ကန့်၀က်ပဲမောင်းပြီး စက်ရပ်သွားတတ်တယ်။ တစ်ခါတလေ အင်ဂျင်ဟာ စမ်းသပ်နေစဉ်မှာ အလွန်အမင်း တုန်ခါနေတယ်။ တစ်ခါတစ်ရံမှာတော့ အင်ဂျင်ရဲ့ အစိတ်အပိုင်းတချို့ဟာ အပူဒဏ်ကြောင့် အရည်ပျော် ပျက်စီးကုန်ကြတယ်။ ဒန်နဲ့ လုပ်ထားတဲ့ manifold မီးခိုးစုထွက်ပေါက်ဟာ အရည်ပျော်သွားလို့ အပူချိန် အများကြီးခံနိုင်တဲ့ Inconel သတ္တုနဲ့လုပ်ထားတဲ့ manifold နဲ့ လဲတပ်ပေးရတယ်။ တစ်ခါမှာ လောင်စာဆီဘားတစ်ခုဟာ သေသေချာချာမပွင့်လို့ အင်ဂျင်ဟာ ပေါက်ကွဲသွားခဲ့ဖူးတယ်။ အင်ဂျင်စမ်းသပ်နေစဉ်မှာ ဒုံးပျံပစ်စင် မီးလောင်သွားခဲ့ဖူးတယ်။ အဲဒါတွေဖြစ်ရင် မူလာနဲ့ ဟော်မန်းဟာ လော့စ်အင်ဂျဲလိစ်မြို့ El Segundo အရပ်မှာ ရှိတဲ့ Space X ရုံးက အီလွန်မတ်ကို ဖုန်းဆက်ပြီး

အကြောင်းကြားတယ်။ *"အီလွန်မတ်ဟာ ကျွန်တော်တို့ပြောတာကို သည်းခံပြီး နားထောင်ပေးပါတယ်"* လို့ မူလာက ပြောတယ်။ တစ်ခါမှာ စမ်းသပ်နေတဲ့ ဒုံးပျံပစ်စင်နှစ်ခု တစ်ရက်တည်းနဲ့ မီးလောင်သွားတယ်။ (အင်ဒရူးဘီးလ်ကုမ္ပဏီက ထားခဲ့တဲ့ နှစ်ထပ်တိုက်အမြင့်ရှိတဲ့ ပစ်စင်နဲ့ နောက်တစ်ခုက မူလာတို့ အသစ်လုပ်ထားတာပါ)။ မူလာ အတော်ကြီး စိတ်ပျက်သွားတယ်။ ပင်ပန်းလွန်းတာနဲ့ အီလွန်မတ်ကို ခုလိုပြောလိုက်တယ်။ *"ဒီနေ့အဖို့ ဆက်မစမ်းရဲတော့ဘူးဗျာ အရမ်းကြောက်နေပြီ"*။ အီလွန်မတ်က ပြန်ပြောတယ်။ *"အိုကေပါ။ စိတ်ကို အေးအေးဆေးဆေးထားပြီး မနက်ဖြန်မှ စမ်းသပ်တာကို ဆက်လုပ်ကြပေါ့ဗျာ"* တဲ့။ အီလွန်ရဲ့အနားမှာရှိနေကြသူတွေ တချို့က ပြန်ပြောကြတယ်။ စိတ်ပျက်လက်ပျက်နဲ့ပြောနေတဲ့ မူလာရဲ့အသံကို နားထောင်ရင်း အီလွန်မတ်ဟာ မျက်ရည်ဝဲနေတယ်တဲ့။

အီလွန်မတ်ဟာ အလုပ်လုပ်ရင်း အမှားလုပ်မိတာကို သည်းခံတတ်တယ်။ သူ သည်းမခံတတ်တာက ဆင်ခြေပေးတာ၊ သို့မဟုတ် အလုပ်အတွက် အစီအစဉ်လုပ်မထားတာပါ။ အဲဒါကို ဟော်မန်းဟာ ကောင်းကောင်းသိသွားခဲ့တယ်။ *"ကျွန်တော်စမ်းသပ်နေတဲ့ စက်တစ်ခု ပျက်သွားတယ်။ အီလွန်ကို သတင်းပို့တယ်။ သူက မေးတယ်။ အဲဒါ ပြန်ကောင်းလာအောင်လုပ်ဖို့ ဘယ်လောက်ကြာမလဲ"* တဲ့။ ကျွန်တော် အဲဒါကို စဉ်းစားမထားလို့ မသိဘူးလို့ ဖြေလိုက်တယ်ဗျ။ သူက ပြောတယ်။ *"မင်း အဲဒါကို သိရမယ်။ အဲဒါဟာ ကုမ္ပဏီအတွက် အရေးကြီးတယ်တဲ့"*။ ပြီးတော့ သူ မေးခွန်းတွေ ဆက်မေးတယ်။ ဒီအခါကျမှ ကျွန်တော်သိလိုက်တယ်။ ပြဿနာတစ်ခုဖြစ်ရင် ပြဿနာအကြောင်း သတင်းပို့ရုံနဲ့ မပြီးဘူး။ အဲဒီ ပြဿနာကို ပြေလည်အောင်ဖြေရှင်းဖို့ အချိန်ဘယ်လောက်ကြာမယ်ဆိုတဲ့ အဖြေကိုလည်း သိထားဖို့လိုတယ် ဆိုတာပါ။

ရံဖန်ရံခါ အီလွန်မတ်ဟာ McGregor မြို့နားက စမ်းသပ်တဲ့နေရာကို ရောက်လာပြီး မူလာနဲ့အဖွဲ့စမ်းသပ်နေတာကို လာကြည့်တယ်။ သူလာကြည့်တာ တွေထဲမှာ မှတ်မှတ်ရရတစ်ခုက ဒီလိုပါ။ အင်ဂျင်နီယာတွေဟာ ဒုံးပျံအင်ဂျင်တွေ

အတွက် cooling chamber (လောင်စာရည်ကို မပူအောင် အအေးခံတဲ့ပစ္စည်း) တစ်ခုကို စမ်းသပ်နေကြတယ်။ ကုမ္ပဏီက အဲဒီ cooling chamber တွေ အများကြီးကို တစ်ခု ဒေါ်လာ ၇ သောင်းခွဲ ပေးဝယ်ထားတယ်။ အဲဒါတွေရဲ့ ခံနိုင်အားကို စမ်းနေတာပါ။ စမ်းသပ်တဲ့ ပထမဆုံးပစ္စည်းဟာ အက်ကွဲသွားတယ်။ ဒုတိယတစ်ခုဟာ စောစောကလိုပဲ အက်ကွဲပြီး ပွင့်ထွက်သွားတယ်။ အီလွန်မတ်က တတိယတစ်ခုကို စမ်းသပ်ခိုင်းပြန်တယ်။ စမ်းသပ်တဲ့ အင်ဂျင်နီယာတွေဟာ အတော်လေး စိုးရိမ်နေကြတယ်။ တတိယပစ္စည်းလည်း အရင်နေရာမှာပဲ ကွဲအက်ပြန်တယ်။ အီလွန်မတ်ဟာ ချက်ချင်းပဲ အဲဒီပစ္စည်း (cooling chamber) တွေကို သူ့ကိုယ်ပိုင်လေယာဉ်နဲ့ ကာလီဖိုးနီးယားက အဲဒီပစ္စည်းထုတ်တဲ့ စက်ရုံကို ယူသွားတယ်။ အဲဒီမှာ အင်ဂျင်နီယာတွေရဲ့ အကူအညီနဲ့ ကွဲအက်တဲ့ နေရာတွေမှာ epoxy ကော်သုံးပြီး စမ်းသပ်ကြည့်ပြန်တယ်။ *"သူ (အီလွန်မတ်) ဟာ သူ့လက်ညစ်ပတ်မှာကို မစိုးရိမ်ဘူး။ သူရဲ့ အီတလီလုပ် သားရေ၊ ဖိနပ်နဲ့ အဝတ်အစားတွေမှာ epoxy ကော်တွေ ပေပွနေတယ်"* လို့ သူနဲ့အတူ လိုက်ပါသွားတဲ့ မူလာက ပြောပြတယ်။ သူနဲ့ အီလွန်မတ်ဟာ စက်ရုံမှာ တစ်ညလုံးနေပြီး စမ်းသပ်တာတွေ ထပ်လုပ်ကြတယ်။ ဒါပေမဲ့ cooling chamber တွေဟာ အရင်လိုပဲ အက်ကွဲတာ ဖြစ်တယ်။ တစ်ကိုယ်လုံးမှာ ကော်တွေနဲ့ပေပွနေတဲ့ အီလွန်မတ်က ပစ္စည်းတွေမှာ ချိုးယွင်းချက် ရှိနေတယ်။ ပစ္စည်းတွေကို သေချာထုတ်လုပ်ဖို့ အဲဒီက အင်ဂျင်နီယာတွေကို မှာကြားတယ်။

အခုပြောပြခဲ့တဲ့ အဖြစ်အပျက်တွေကြားကနေ Space X ကုမ္ပဏီဟာ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာတယ်။ ၂၀၀၂ ခုနှစ်နောင်းပိုင်းတုန်းက ကုမ္ပဏီဟာ ကုန်လှောင်ရုံအလွတ်ကြီးတစ်ခုကနေ တစ်နှစ်ကြာတော့ တကယ့် ဒုံးပျံထုတ်တဲ့ စက်ရုံတစ်ခု ဖြစ်လာတယ်။ McGregor မြို့နားမှာ စမ်းသပ်လို့ အောင်မြင်တဲ့ Merlin အင်ဂျင်နဲ့ Kestrel အင်ဂျင်တွေကို စက်ရုံမှာ စက်တပ်ဆင်သူတွေက တည်ဆောက်ပြီးတဲ့ ဒုံးပျံတွေမှာ တပ်ဆင်ပေးကြတယ်။ ဒီအင်ဂျင်တွေဟာ ဒုံးပျံတွေကို အာကာသထဲအထိ မောင်းနှင်ပေးမယ့် အင်ဂျင်တွေပါ။ Space X ဟာ

ဒုံးပျံမှာတပ်ဆင်မယ့် ဂြိုဟ်တု သို့မဟုတ် အာကာသထဲထိ သယ်သွားရမယ့် ပစ္စည်းကို မထိခိုက်စေရအောင် အကာတပ်ဆင်ပေးတာကို ပထမဆုံး ကျင့်သုံးတဲ့ ကုမ္ပဏီဖြစ်တယ်။ ဒုံးပျံဟာ အာကာသထဲက လိုတဲ့နေရာကို ရောက်သွားရင် အကာဟာ ပွင့်သွားပြီး ဂြိုဟ်တု သို့မဟုတ် ပစ္စည်းကို ဖြုတ်ချပေးမှာ ဖြစ်ပါတယ်။

မကြာခင်မှာ Space X ဟာ ပထမဆုံးအလုပ်အပ်တဲ့ ဖောက်သည်တစ်ဦး ရလိုက်တယ်။ ဖောက်သည်ဟာ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန ဖြစ်တယ်။ Space X က သူတို့ရဲ့ TacSat-1 ဆိုတဲ့ ဂြိုဟ်တုကို သယ်ဆောင်ပေးမယ့် ဒုံးပျံတစ်စင်းကို ၂၀၀၄ ခုနှစ် စောစောပိုင်းမှာ Vandenberg လေတပ်စခန်းကနေ လွှတ်တင်ပေးရမှာဖြစ်ပါတယ်။ ဒုံးပျံကို အချိန်မီလွှတ်တင်နိုင်ဖို့ ရည်မှန်းချက်ဟာ ဝန်ထမ်းတွေရဲ့စိတ်ကို စိုးမိုးထားလို့ ဝန်ထမ်းတွေဟာ တစ်ရက်ကို ၁၂ နာရီ အလုပ်လုပ်ပြီး တစ်ပတ်မှာ ၆ ရက် အလုပ်လုပ်ကြတယ်။ တချို့ဆိုရင် အဲဒါထက်ပိုပြီး လုပ်ကြသေးတယ်။ တချို့ညတွေမှာ အီလွန်မတ်ဟာ Space X စက်ရုံကို ရောက်လာပြီး အလုပ်လုပ်နေကြတာတွေကို ည ၈ နာရီမှာ ရပ်နားခိုင်းတယ်။ ပြီးတော့ သူက ဝန်ထမ်းတွေကို သူတို့ရဲ့ကွန်ပျူတာတွေကနေ တစ်ယောက်နဲ့ တစ်ယောက် သေနတ်၊ လက်နက်တွေနဲ့ ပစ်ခတ်တိုက်ခိုက်တဲ့ Quake III Arena, Counter-Strike စတဲ့ ကွန်ပျူတာဂိမ်းတွေ ကစားခိုင်းတယ်။ ဒီအချိန်မှာ အလုပ်လုပ်တဲ့ ရုံးခန်းကြီးဟာ သေနတ်သံ၊ ပေါက်ကွဲသံတွေနဲ့ ဆူညံနေကြတယ်။ ရုံးခန်းထဲမှာ ကစားနေကြသူတွေဟာ အယောက် ၂၀ လောက်ရှိပြီး အီလွန်မတ်လည်း ကွန်ပျူတာတစ်လုံးမှာ ဝင်ကစားတယ်။ သူဟာ သူ့တပည့်တွေကို မညှာမတာ အသေသတ်တယ်။ *"CEO (အီလွန်မတ်) ဟာ ဒုံးကျည်တွေ၊ ရောင်ခြည်လက်နက်တွေနဲ့ ကျွန်တော်တို့ကို ပစ်တယ်ဗျ"* လို့ ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ 'ကိုလိုနို' က ပြောပြတယ်။ *"ဆိုးတယ်ဗျာ။ သူဟာ အဲဒီဂိမ်း ကစားရာမှာ အတော်ကျွမ်းတယ်။ ဂိမ်းရဲ့ လျှို့ဝှက်ချက်တွေကို အကုန်သိနေသလို တခြားသူတွေ မမြင်အောင် ပုန်းရှောင်ရာမှာလည်း တော်တယ်ဗျ"* လို့ သူ ဆက်ပြောတယ်။

ကာကွယ်ရေးဝန်ကြီးဌာနက ဒုံးပျံလွှတ်တင်ဖို့အစီအစဉ်ကို အကြောင်း

ပြချက် မပေးဘဲ ဖျက်သိမ်းသွားတယ်။ ဒီအချိန်မှာ အီလွန်မတ်ဟာ တစ်ခုလုပ်ချင်စိတ် ပေါ်လာတယ်။ သူရဲ့ဝန်ထမ်းတွေ အောင်မြင်မှုနဲ့ Space X အကြောင်း လူထုကိုသိစေချင်လို့ Falcon 1 ရဲ့ ရှေ့ပြေးပုံစံ ဒုံးပျံတစ်စင်းကို ပွဲထုတ်ပြသဖို့ပါ။ ကုမ္ပဏီဟာ တိုက်အထပ် ၇ ထပ် အမြင့်ရှိတဲ့ ဒုံးပျံကို ဘီးတွေအများကြီးပါတဲ့ နောက်တွဲယာဉ်ကြီးပေါ်မှာ အလျားလိုက်တင်ပြီး ဝါရင်တန်မြို့က လေကြောင်းဦးစီးဌာနရုံးချုပ်ရှေ့က ကွက်လပ်မှာ ရပ်နားထားဖို့ပါ။ သတင်းမီဒီယာတွေကို အီလွန်မတ်က ရှင်းပြမယ်။ ပြီးတော့ Space X ကုမ္ပဏီက ခေတ်မီဆန်းသစ်ပြီး ဈေးသက်သာတဲ့ ဒုံးပျံတွေကို ထုတ်လုပ်နေပြီလို့လည်း ပြောမှာဖြစ်တယ်။

အီလွန်ရဲ့အစီအစဉ်ကို Space X က အင်ဂျင်နီယာတွေ သဘောမကျကြဘူး။ သူတို့ဟာ တစ်ပတ်မှာ နာရီတစ်ရာကျော် အလုပ်လုပ်ကြတယ်။ အဲဒီလိုလုပ်ရတာဟာ တကယ့်ဒုံးပျံလွှတ်တင်ဖို့ဖြစ်လို့ အဓိပ္ပာယ်ရှိတယ်။ အခု အီလွန်မတ်က သူတို့ကို အဲဒီလို အလုပ်ချိန်တွေ အများကြီးဆင်းပြီး ရှေ့ပြေးပုံစံ ဒုံးပျံတည်ဆောက်ခိုင်းတာဟာ အဓိပ္ပာယ်မရှိဘူး။ ဘာကြောင့်လဲဆိုတော့ ရှေ့ပြေးပုံစံ ဒုံးပျံဟာ တကယ်ပျံတက်ဖို့မဟုတ်ဘဲ ရုပ်ပြသက်သက်မို့ပါ။ အီလွန်မတ်က Texas မှာလုပ်နေကြတဲ့ အင်ဂျင်နီယာတွေကို ပြန်ခေါ်ပြီး ရှေ့ပြေးပုံစံ ဒုံးပျံလုပ်တာကို ဝိုင်းကူခိုင်းတယ်။ *"ကျွန်တော့်သဘောပြောရရင် ရှေ့ပြေးပုံစံ ဒုံးပျံလုပ်ခိုင်းတာဟာ မလိုအပ်ဘဲ ပိုက်ဆံဖြုန်းတာပါ။ အဲဒါကို အပေါ်လွှတ်တင်လို့မှ မရတာဘဲဟာ။ ကျွန်တော် ထင်တာတော့ အီလွန်ဟာ အစိုးရထဲက အရေးကြီးပုဂ္ဂိုလ်တွေရဲ့ ထောက်ခံမှုရချင်လို့ လုပ်တာဖြစ်မယ်"* လို့ ဟော်မန်းက ပြောတယ်။

Falcon 1 ရဲ့ ရှေ့ပြေးပုံစံ ဒုံးပျံကို တည်ဆောက်နေချိန်မှာ ဟော်မန်းဟာ သူ့အလုပ်ထဲမှာ ကံမကောင်းတဲ့ အဖြစ်တစ်ခုနဲ့ ကြုံလိုက်တယ်။ တစ်ရက် စက်တပ်ဆင်နေတုန်း သူ့ဝတ်ထားတဲ့မျက်မှန်ဟာ ချွေးထွက်နေတဲ့ မျက်နှာကနေ လျှောကျပြီး မီးခိုးထုတ်တဲ့ ပိုက်လုံးထဲ ဝင်သွားတယ်။ လက်နှိုက်ကောက်လို့ မရဘူး။ ဒါကြောင့် ကျိုးနေတဲ့ မျက်မှန်ဟောင်းကို ဝါယာကြိုးလေးနဲ့ ချည်ဆက်ပြီး အဲဒါကိုဝတ်ရင်း အလုပ်လုပ်တယ်။ အဲဒါလည်း စက်နဲ့တိုက်မိပြီး မှန်တစ်ဖက်

ကွဲသွားပြန်တယ်။ အလုပ်များနေတာကြောင့် မျက်မှန်အသစ်လုပ်ဖို့ မျက်မှန်ဆိုင်ကို မသွားနိုင်ဘူး။ အလုပ်ချိန် အကြာကြီးဆင်းရတာ၊ မျက်မှန်အဆင်မပြေတာ၊ အီလွန်မတ်ရဲ့ ရုပ်ပြသက်သက် ရှေ့ပြေးပုံစံဒုံးပျံ စတာတွေကြောင့် ဒေါသထွက်နေတယ်။

တစ်ညမှာ ဟော်မန်းက ဒီအကြောင်း သူ့အဖေကို ဖုန်းဆက်ပြီး ရင်ဖွင့်ပြောပြတယ်။ အဲဒီအချိန် အဖေ့အနား၊မှာ အီလွန်မတ်ရှိနေလို့ အီလွန်မတ်ဟာ ဟော်မန်းရဲ့အဖြစ်အပျက်ကို သိသွားတယ်။ ၂ နာရီအကြာမှာ MB (အီလွန်ရဲ့ ကိုယ်ရေးအရာရှိ မေရီဘက်ဘရောင်း) ဟာ ဟော်မန်းဆီရောက်လာပြီး မျက်စိအထူးကုဆရာဝန်နဲ့ပြဖို့ ရက်ချိန်းယူထားတဲ့ စာရွက်လေး လာပေးတယ်။ ဟော်မန်းဟာ ဆရာဝန်နဲ့သွားတွေ့ပြီး မျက်မှန်လုပ်တယ်။ မျက်မှန်ဖိုးပေးမယ်လုပ်တော့ အီလွန်မတ် ပေးပြီးသွားပြီလို့ မျက်စိကုဆေးခန်းက ပြောတယ်။ *"အီလွန်ဟာ သူ့ဖြစ်ချင်တာကို မညာမတာ ခိုင်းတတ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ အခက်အခဲဖြစ်နေရင် သူ ကူညီဖြေရှင်းပေးတယ်"* လို့ ဟော်မန်းက ပြောပြတယ်။ အဲဒီကိစ္စဖြစ်ပြီးတော့ ဟော်မန်းရဲ့ အီလွန်မတ်အပေါ် သဘောထားပြောင်းသွားတယ်။ အရင်က အီလွန်ရဲ့ ရှေ့ပြေးဒုံးပျံလုပ်ခိုင်းတာဟာ သက်သက်မဲ့ ပိုက်ဆံဖြုန်းတာလို့ ပြောခဲ့ရာက အခုတော့ သူက ခုလိုပြောတယ်။ *"သူက ဒုံးပျံကြီးတစ်ခုပြထားတာ အလကားတော့ မဟုတ်ဘူး။ သူ့မှာ ရည်ရွယ်ချက်ကောင်းကောင်းတစ်ခု ရှိပါလိမ့်မယ်"*။

Washington မြို့မှာ ရှေ့ပြေးဒုံးပျံကြီး ခင်းကျင်းပြသတဲ့အစီအစဉ်ဟာ အဆင်ပြေပြေ ပြီးဆုံးသွားပါတယ်။ အဲဒါပြီးလို့ သီတင်းပတ်အနည်းငယ်အကြာမှာ Space X က အဲ့ဒီပြဖွယ်ကောင်းတဲ့ ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်တယ်။ ဒုံးပျံတစ်စင်းတောင် မလွှတ်တင်ရသေးဘဲနဲ့ နောက်ထပ် ဒုံးပျံတစ်စင်း ထပ်လုပ်မယ်လို့ ကြေညာလိုက်တာပါ။ အဲဒါက Falcon 1 ဒုံးပျံလွှတ်တင်ပြီး မရှေးမနှောင်းမှာ Falcon 5 ဒုံးပျံတစ်စင်း လွှတ်တင်မယ်လို့ပါ။ Falcon 5 ဆိုတဲ့ နာမည်အတိုင်း အဲဒီဒုံးပျံဟာ အင်ဂျင် ၅ လုံးပါပြီး စုစုပေါင်း ပစ္စည်းအလေးချိန် ၉၂၀၀

ပေါင်ကို ကမ္ဘာမြေကြီးကိုပတ်နေတဲ့ ပတ်လမ်းပေါ် လွှတ်တင်ပေးမှာဖြစ်ပါတယ်။ နောက်ပြီး Falcon 5 ဒုံးပျံကို အာကာသထဲမှာရှိတဲ့ ISS (နိုင်ငံတကာ အာကာသ စခန်း) ဆီသွားပြီး လောင်စာနဲ့ ရိက္ခာဖြည့်တင်းတာတွေလုပ်ဖို့ ကြံရွယ်ထားတယ်။ အဲဒါကိုလုပ်နိုင်ရင် Space X ဟာ NASA က ချပေးတဲ့ ကန်ထရိုက်လုပ်ငန်းတွေ လုပ်ခွင့်ရလာမှာဖြစ်ပါတယ်။ အီလွန်မတ်က ဒီဒုံးပျံရဲ့ အင်ဂျင် ၅ လုံး အနက် ၃ လုံး အလုပ်မလုပ်ရင်တောင် ဒုံးပျံဟာ သူ့ရဲ့တာဝန်ကို ပြီးဆုံးအောင်လုပ်နိုင်မယ်လို့ ဆိုပါတယ်။ နောက်ပြီး ဒီဒုံးပျံဟာ အလွန်စိတ်ချရပြီး အရင်က ဒီလိုဒုံးပျံမျိုး မပေါ်ပေါက်သေးဘူးလို့လည်း ဆိုပါတယ်။

Space X အောင်မြင်ဖို့ ဉာဏ်ထက်မြက်တဲ့ အင်ဂျင်နီယာတွေ အများကြီး လိုတယ်လို့ အီလွန်မတ် မြင်တယ်။ သူ့အတွက် ဉာဏ်ထက်မြက်သူဆိုတာ ကျောင်းစာမှာ မတော်ပေမယ့်လည်း ထူးခြားတဲ့ ပင်ကိုအရည်အချင်းရှိသူဖြစ်ပါတယ်။ သူ အဲဒီလိုလူမျိုးကိုတွေ့ရင် Space X မှာ အလုပ်လာလုပ်ဖို့ မရပ်မနား ပြောဆိုစည်းရုံးတယ်။ ဥပမာ ပညာတော်ပြီး အင်ဂျင်နီယာတစ်ယောက်ဖြစ်နေတဲ့ 'ဘရိုင်ယန် ဂါဒနာ' ဟာ ခရီးသွားရင်း အီလွန်မတ်နဲ့ မိုဟာဗီးလေဆိပ်ထဲက ကော်ဖီဆိုင်မှာ ဆုံတွေ့ပြီး စကားပြောဖြစ်ကြတယ်။ သိပ်မကြာခင်မှာပဲ အီလွန်မတ်က ဘရိုင်ယန်ကို သူ့ဆီမှာ အလုပ်လာလုပ်ဖို့ ကမ်းလှမ်းတယ်။ ဘရိုင်ယန်က ပြောတယ်။ အီလွန်မတ် ကမ်းလှမ်းတာကို သူ လက်ခံလို့မရဘူး။ အကြောင်းက Northrop Grumman ကုမ္ပဏီမှာ နှစ်ရှည် အလုပ်လုပ်ဖို့ စာချုပ်ချုပ်ထားလို့ပါတဲ့။ အီလွန်မတ်က အဲဒီကုမ္ပဏီကို အလျော်ပေးပြီး စာချုပ်ဖျက်သိမ်းခိုင်းမယ်လို့ ပြောတယ်။ *"ဒါကြောင့် ကျွန်တော့်ရဲ့ ကိုယ်ရေးအချက်အလက်နဲ့ ပညာရည်မှတ်တမ်းကို မနက် ၂ နာရီခွဲမှာ အီလွန်မတ်ဆီ အီးမေးလ်နဲ့ ပို့လိုက်တယ်။ နာရီဝက်အကြာမှာ သူ့ဆီက ကျွန်တော့်ကို အလုပ်ခန့်လိုက်ကြောင်း အီးမေးလ်ပြန်လာတယ်"* လို့ ဘရိုင်ယန် ပြောတယ်။ ဘရိုင်ယန်ဟာ Space X မှာ အလုပ်ဝင်တာနဲ့ Merlin အင်ဂျင်မှာတပ်ထားတဲ့ valve အဆို့ရှင်တွေကို စမ်းသပ်စစ်ဆေးရတဲ့ တာဝန် ယူရတယ်။ အင်ဂျင်မှာ valve တွေဟာ ဒါဇင်ပေါင်းများစွာ ရှိကြတယ်။

valve တွေကို တစ်ခုချင်း စမ်းသပ်ရပြီး တစ်ခုကိုစစ်ဖို့ အချိန် ၃ နာရီကနေ ၅ နာရီအထိ ကြာတယ်။ ၆ လ အကြာမှာ သူဟာ valve တွေအားလုံးကို တစ်နာရီအတွင်း အပြီးစစ်ဆေးနိုင်တဲ့ စက်တစ်လုံးကို တီထွင်လိုက်တယ်။ *"ကျွန်တော့်ကို လူသစ်တစ်ယောက်ဆိုပြီး တခြားအင်ဂျင်နီယာတွေက သူတို့မလုပ်ချင်တဲ့အလုပ်ကို ထိုးချပေးတယ်။ ဒါပေမဲ့ ကျွန်တော် အင်ဂျင်နီယာပညာရပ်မှာ တော်ကြောင်း အစွမ်းပြခွင့် ရလိုက်တယ်"* လို့ ဘရိုင်ယန် ထပ်ပြောတယ်။

Space X မှာ ဝန်ထမ်းအသစ်တွေများလာလို့ El Segundo Complex ဝင်းကြီးထဲမှာ အရင်က ကုန်လှောင်ရုံဟောင်းကြီးကို Space X စက်ရုံနဲ့ Space X ရုံး လုပ်ထားတဲ့ အဆောက်အဦးဘေးနားမှာ နောက်ထပ် အဆောက်အဦ'တွေ အများကြီး တိုးချဲ့ဆောက်ရတယ်။ ဒီအချိန်မှာ အင်ဂျင်နီယာတွေဟာ စွမ်းအားမြင့် ဆော့ဖ်ဝဲလ်တွေ၊ graphics ရှုပ်ထုံးတဲ့ ဆော့ဖ်ဝဲလ်တွေကြောင့် မြန်နှုန်းမြင့်တဲ့ အင်တာနက် လိုလာတယ်။ မြန်နှုန်းမြင့် အင်တာနက်ရဖို့ ဖိုင်ဘာလိုင်းသွယ်ဖို့လိုတယ်။ ဒါပေမဲ့ အဲဒီလိုင်း သွယ်တန်းဖို့ ဝင်းကြီးထဲက တခြားကုမ္ပဏီတွေရဲ့ အဆောက်အဦးတွေထဲကနေ ဖြတ်ကျော်သွယ်တန်းရမှာ ဖြစ်တယ်။ အဲဒီကုမ္ပဏီတွေက သူတို့အဆောက်အဦးတွေထဲမှာ ဖိုင်ဘာလိုင်း ဖြတ်ကျော်သွယ်တန်းမှာကို မလိုလားကြဘူး။ ဒီတော့ အဲဒီကုမ္ပဏီတွေနဲ့ ညှိနှိုင်းနေရင် ကြာနေမှာမို့ Space X ရဲ့ IT ဌာနမှူး 'ဘရင်ဒန်စပိုက်' (အီလွန်မတ်နဲ့ Zip2, PayPal တို့မှာ အတူအလုပ်လုပ်ခဲ့သူ) က မရိုးသားပေမယ့် မြန်ဆန်တဲ့နည်းကို သုံးလိုက်တယ်။ တယ်လီဖုန်းကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ သူ့ရဲ့ သူငယ်ချင်းတစ်ယောက်ဆီကနေ ဝင်းကြီးထဲက တယ်လီဖုန်းလိုင်း ဆက်သွယ်ထားတဲ့ မြေပုံတစ်ခု ရတယ်။ ဖိုင်ဘာလိုင်းကြိုးကို မြေပုံမှာပြထားတဲ့ တယ်လီဖုန်းတိုင်တွေပေါ်မှာ သွယ်တန်းလိုက်တယ်။ အဲဒီလို သွယ်တန်းတာကို မနက် ၂ နာရီမှာ ကရိန်းတပ်ဆင်ထားတဲ့ ထရပ်ကားလေးနဲ့ရောက်လာတဲ့ ဘရိုင်ယန်ရဲ့တပည့်တွေ လုပ်ကြတယ်။ မနက် ၆ နာရီမှာ ပြီးသွားတယ်။ ဖိုင်ဘာလိုင်း သွယ်တန်းပြီးသွားမှ ဖိုင်ဘာကုမ္ပဏီကို အကြောင်းကြားလိုက်တယ်။ ကုမ္ပဏီက ချက်ချင်း အင်တာနက် ချိတ်ပေးတယ်။

"ကျွန်တော်တို့ဟာ ဖိုင်ဘာလိုင်း သွယ်တန်းခွင့် ပါမစ်လျှောက်ရင် လပေါင်းများစွာ ကြာမယ့်အလုပ်ကို နာရီပိုင်းနဲ့ လုပ်လိုက်ပါတယ်" လို့ ဘရင်ဒန်စပိုက်က ပြောပြတယ်။ Space X အဆောက်အဦရှိတဲ့ ဝင်းကြီးရဲ့ပိုင်ရှင် အဲလက်စ်လီဒိုကလည်း ရယ်ပြီး ခုလိုပြောပြတယ်။ *"သူတို့ဟာ ညပိုင်းမှာ တရားမဝင်အလုပ်တွေ လုပ်တတ်တယ်ဆိုတာ ငါ သိပါတယ်။ သူတို့ဟာ အလုပ်ပြီးမယ်ဆိုရင် ဘာနည်းနဲ့ဖြစ်ဖြစ် လုပ်တတ်ကြတယ်"*။

အီလွန်မတ်ဟာ အကျင့်တစ်ခုရှိတယ်။ Space X က အပ်တဲ့အလုပ်ကို ကန်ထရိုက်တာတွေ အချိန်မီပြီးအောင် မလုပ်နိုင်ကြရင် အချိန်မီပြီးအောင် လုပ်နိုင်မယ့် ကန်ထရိုက်တာတွေကိုရှာဖို့ တပည့်တွေကို တာဝန်မပေးဘဲ သူကိုယ်တိုင် လိုက်ရှာတယ်။ Space X ရဲ့ အစပိုင်းမှာ ဒုံးပျံအင်ဂျင်တွေအတွက် လောင်စာသိုလှောင်ကန်တွေဝယ်ဖို့ လိုနေတယ်။ အီလွန်မတ်ဟာ အမေရိကန်နိုင်ငံရဲ့ အနောက်အလယ်ပိုင်း Wisconsin မြို့က နို့စားနွားမွေးခြံအတွက် နို့ထည့်ဖို့နဲ့ စားသောက်ကုန်လုပ်ငန်းအတွက် အစာသိုလှောင်ဖို့ သတ္တုကန်ကြီးတွေ လုပ်ပေးတဲ့ Spincraft ကုမ္ပဏီကို သတ္တုကန်ကြီးတွေ လှမ်းမှာလိုက်တယ်။ ပစ္စည်းတွေဟာ ရောက်ရမယ့်အချိန်မှာ ရောက်မလာဘူး။ အီလွန်မတ်ဟာ သူ ဝန်ထမ်းနှစ်ယောက်ကိုခေါ်ပြီး ကိုယ်ပိုင်လေယာဉ်ပျံနဲ့ Wisconsin မြို့ကို သွားတယ်။ ကြိုတင်အကြောင်းမကြားဘဲ Spincraft ကုမ္ပဏီကို ညပိုင်းမှာ ရောက်သွားတယ်။ အဲဒီအချိန်မှာ အလုပ်သမားအချို့ အချိန်ပိုဆင်းပြီး သတ္တုကန်တွေလုပ်နေတာကို တွေ့ရတယ်။ Spincraft က သတ္တုကန်တွေကို အချိန်မီ မပေးပို့နိုင်လို့ စိတ်တိုနေတဲ့ အီလွန်မတ်က အဲဒီအလုပ်သမားတွေကို ခုလို အော်ပြောလိုက်တယ်။ *"မင်းတို့လုပ်ကိုင်နေတာကိုကြည့်ပြီး ငါမှာတဲ့ သတ္တုကန်တွေကို နောက် ၁၀ နှစ်ကြာမှ ရတော့မယ်ထင်တယ်"*။ လအနည်းငယ်အကြာမှာတော့ အီလွန်မတ်ဟာ Spincraft ရဲ့ အလုပ်လုပ်တာ နေးကွေးမှုကို မကြိုက်လို့ သူတို့ဆီက သတ္တုကန်တွေ အများအပြားဝယ်မယ့် အစီအစဉ်ကို ဖျက်သိမ်းလိုက်တယ်။

Space X ရဲ့ ပထမဆုံးဒုံးပျံဖြစ်တဲ့ Falcon 1 လွှတ်တင်ဖို့စီစဉ်ထားတဲ့

အချိန် ၂၀၀၄ ခုနှစ်ဆန်းပိုင်း ရောက်လာပြီ။ ဒါပေမဲ့ ဒုံးပျံကို မလွှတ်တင်နိုင်သေးဘူး။ အကြောင်းက မူလာနဲ့ သူ့အဖွဲ့လုပ်ထားတဲ့ Merlin အင်ဂျင်ကို စိတ်ချရတဲ့အထိ စမ်းသပ်မှုတွေလုပ်နေရလို့ပါ။ နောက်ဆုံး ၂၀၀၄ ခုနှစ် နှစ်ကုန်ကျမှပဲ အင်ဂျင်စမ်းသပ်မှုတွေအားလုံး အောင်မြင်စွာ ပြီးစီးသွားတယ်။ အခုမှပဲ မူလာနဲ့ အဖွဲ့ သက်ပြင်းချနိုင်သွားကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ Merlin အင်ဂျင်ကို နေ့ရောညပါ လပေါင်းများစွာကြာအောင် စိတ်ရောကိုယ်ပါ အလုပ်ထဲမှာ နှစ်မြှုပ်ပြီး လုပ်ကိုင်ခဲ့ကြလို့ပါ။ သူတို့ သက်ပြင်းချနိုင်ပေမယ့် ကုမ္ပဏီက ကျန်တဲ့လူတွေ စိတ်ပူပန်ရမယ့်အချိန် ရောက်လာပါပြီ။ အဲဒါက အင်ဂျင်ကို ဒုံးပျံမှာ တပ်ပြီးရင် ဒုံးပျံကို အာကာသထဲ ရောက်အောင် လုပ်ပေးဖို့ပါ။ Falcon 1 ဟာ Space X အတွက် ပထမဆုံးဒုံးပျံ ဖြစ်လို့လည်း စိတ်ပူပန်ကြတာပါ။

ဒုံးပျံအတွက် အင်ဂျင် ပြုလုပ်စမ်းသပ်တာ အောင်မြင်သွားပေမယ့် ပြဿနာတွေ အများကြီး ရှိနေသေးတယ်။ Avoionics (ဒုံးပျံကို မောင်းနှင်ခြင်း၊ ဆက်သွယ်ခြင်းနဲ့ ဒုံးပျံဆိုင်ရာကိစ္စတွေကို လုပ်ပေးတဲ့ အီလက်ထရောနစ်နည်းပညာ) မှာ ပြဿနာ ကြုံတွေ့နေရတယ်။ Flash drive ဆိုတဲ့ အချက်အလက်တွေ သိမ်းထားတဲ့ ပစ္စည်းသေးသေးလေးဟာ ဒုံးပျံရဲ့ ပင်မကွန်ပျူတာနဲ့ ဆက်သွယ်မရ ဖြစ်နေတယ်။ ဘာကြောင့်ဖြစ်တယ်ဆိုတာ အကြောင်းရှာမရဘူး။ ဒုံးပျံ ပုံမှန်အလုပ် လုပ်မလုပ်ကို စစ်ဆေးပေးတဲ့ ဆော့ဖ်ဝဲလ်လည်း ပြဿနာဖြစ်နေတယ်။ *"ဒုံးပျံအတွက် စစ်ဆေးမှုတွေ အားလုံးပြီးဖို့ ၁၀ ရာခိုင်နှုန်း ကျန်ပါတော့တယ်။ အဲဒီ ၁၀ ရာခိုင်နှုန်းက ဒုက္ခပေးနေတာပါ။ အဲဒါတွေကို ဖြေရှင်းရတာ ၆ လ ကြာသွားတယ်"* လို့ မူလာက ပြောတယ်။ နောက်ဆုံးတော့ ၂၀၀၅ ခုနှစ် မေလမှာ Space X အင်ဂျင်နီယာတွေဟာ ဒုံးပျံကို လော့စ်အင်ဂျဲလိစ်မြို့ကနေ မြောက်ဘက် မိုင် ၁၈၀ ဝေးတဲ့ နေရာမှာရှိတဲ့ Vandenberge လေတပ်စခန်းကို ပို့ပြီး အဲဒီမှာ ဒုံးပျံအင်ဂျင်ကို ၅ စက္ကန့်ကြာ မောင်းပြီး စမ်းသပ်ကြတယ်။

အဲဒီလေတပ်စခန်းမှာ ဒုံးပျံစမ်းသပ်ဖို့ ဒုံးပျံပစ်စင်တွေ အများကြီးရှိလို့ Space X အဖွဲ့သားတွေဟာ ကြိုက်တဲ့ပစ်စင်ကို သုံးလို့ရတယ်။ ဒါပေမဲ့ ဒုံးပျံ

စမ်းသပ်ဖို့ ရောက်သွားတဲ့ သူတို့ကို လေတပ်က သိပ်ပြီး လိုလိုလားလား မရှိကြဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီလေတပ်စခန်းမှာ လေတပ်အတွက် ဒေါ်လာ ဘီလီယံချီ တန်တဲ့ စပိုင်ဂြိုဟ်တုတွေ ထုတ်လုပ်ပေးနေတဲ့ Lockheed, Boeing စတဲ့ လေယာဉ်နဲ့ ဒုံးပျံတည်ဆောက်တဲ့ ကုမ္ပဏီကြီးတွေ ရှိနေကြတယ်။ လေတပ်စခန်းက အရာရှိကြီးတွေဟာ အဲဒီကုမ္ပဏီကြီးတွေက လူကြီးတွေနဲ့ ရင်းနှီးနေကြတာမို့ ကုမ္ပဏီအသေးလေးဖြစ်တဲ့ Space X ကို အရေးမစိုက်ကြဘူး။ ဒါကြောင့်လည်း ဒုံးပျံပစ်စင်အတွက် တာဝန်ရှိသူတွေဟာ Space X ကို အားတက်သရော မကူညီဘဲ တာဝန်ကျေပဲ လုပ်ပေးကြတယ်။ Lockheed, Boeing ကုမ္ပဏီကြီးတွေကလည်း Space X ကို ပြိုင်ဘက်လိုသဘောထားလို့ ကူညီဖို့ကို သူတို့ခေါင်းထဲ လုံးဝထည့်မထားကြဘူး။ Space X ဟာ စမ်းသပ်မယ့်ဒုံးပျံကို သယ်ပြီးရောက်သွားတော့ ဒုံးပျံပစ်စင်မှာစမ်းသပ်ဖို့ တန်းစီပြီး အလှည့်ရောက်အောင် စောင့်ရမယ်လို့ လေတပ်စခန်းက ပြောတယ်။ အလှည့်ရောက်ဖို့ လပေါင်းများစွာကြာမယ်လို့လည်း ပြောတယ်။ *"ဒုံးပျံစမ်းသပ်ဖို့ အလှည့်ရောက်အောင် လပေါင်းအတော်ကြာအောင် စောင့်ရမယ်တဲ့။ ဒီအတိုင်းဆိုရင် ကျွန်မတို့ ဒုံးပျံလွှတ်တင်မယ့် အစီအစဉ် နောက်ကျတော့မှာ သေချာတယ်ရှင့်"* လို့ (နောက်ပိုင်းမှာ Space X ရဲ့ ဥက္ကဋ္ဌဖြစ်လာတဲ့) မစ္စစ် ဂဝင်းရော့ဝဲလ်က ပြောပြတယ်။

လေတပ်စခန်းမှာ ဒုံးပျံစမ်းသပ်ဖို့ အလှည့်ရောက်အောင် လပေါင်းများစွာ စောင့်ရမှာကို စိတ်မရှည်ဖြစ်နေကြတဲ့ မစ္စစ်ဂဝင်းနဲ့ အာကာသနည်းပညာ အင်ဂျင်နီယာ 'ဟန်းစ်ကိုနစ်မင်း' တို့ဟာ တစ်ရက်မှာ ရုံးခန်းထဲကနံရံမှာ ချိတ်ဆွဲထားတဲ့ ကမ္ဘာ့မြေပုံကားချပ်ကြီးပေါ်က အီကွေတာမျဉ်းပေါ်မှာ ကျရောက်နေကြတဲ့နေရာတွေကို ကြည့်နေကြတယ်။ ဘာကြောင့် အဲဒီနေရာတွေကို ကြည့်နေကြတာလဲဆိုတော့ အဲဒီနေရာတွေဟာ ကမ္ဘာ့လည်ပတ်နှုန်း အမြင့်ဆုံးဖြစ်တဲ့အတွက် ဒုံးပျံလွှတ်တင်ရာမှာ ပိုမိုအရှိန်ကောင်းစေလို့ပါ။

သူတို့နှစ်ယောက်စလုံး တိုက်တိုက်ဆိုင်ဆိုင် ပထမဆုံး သတိထားမိလိုက်တဲ့ နေရာနာမည်က Kwajalein Island [Kwaj (ကဝ့်ဂျ်) ကျွန်းလို့ အတိုကောက်

ခေါ်] ဖြစ်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာထဲက အမေရိကန်နိုင်ငံပိုင် Marshall Islands ကျွန်းစုရဲ့ သန္တာကျောက်တန်းကျွန်းတွေထဲက အစွန်ဆုံးနဲ့ အကြီးဆုံးဟာ Kwaj ကျွန်းပါ။ ဂူအမ်နဲ့ ဟာဝိုင်ယီ ကျွန်းနှစ်ခုကြားမှာ ရှိပါတယ်။ အဲဒီကျွန်းမှာ အမေရိကန်ကြည်းတပ်က ဒုံးကျည်လက်နက် စမ်းသပ်တာတွေကို ဆယ်စုနှစ်ပေါင်း မျှားစွာကြာအောင် လုပ်ခဲ့ပြီး အခုတော့ အသုံးမပြုတော့ဘူးဆိုတာ မစ္စစ်ဂဝင်း သိထားခဲ့တယ်။ ဒီတော့ သူ အဲဒီကျွန်းမှာရှိတဲ့ ကြည်းတပ်က အရာရှိနာမည်တွေကို စုံစမ်းပြီး ဝိုလ်မှူးကြီးတစ်ယောက်ဆီ အီးမေးလ် ပို့လိုက်တယ်။ ၃ ပတ်ကြာတော့ ကြည်းတပ်အရာရှိတစ်ယောက်က သူ့ဆီဖုန်းဆက်ပြီး သူတို့ရဲ့ kwaj ကျွန်းပေါ်မှာ Space X က ဒုံးပျံ စမ်းသပ်ချင်တယ်ဆိုရင် ခွင့်ပြုမယ်လို့ ပြောလာတယ်။ ဒါကြောင့်မို့ ၂၀၀၅ ခုနှစ် ဇွန်လမှာ Space X အင်ဂျင်နီယာတွေဟာ ပစ္စည်းတွေကို kwaj ကျွန်းဆီ ဗီသော်ာ်နဲ့ပို့ဖို့ ပြင်ဆင်ကြတယ်။

Marshall Islands ကျွန်းစုမှာ Kwaj ကျွန်းအပြင် ကျွန်းပေါင်း တစ်ရာနီးပါး ပါဝင်ကြတယ်။ တချို့ကျွန်းလေးတွေဟာ ကိုက်ရာကျော်ပဲ ကျယ်တယ်။ ကျွန်းတွေအားလုံးဟာ ရှည်မျောမျောပုံစံတွေ ဖြစ်ကြတယ်။ *"ကောင်းကင်ကနေ ကြည့်လိုက်ရင် ကျွန်းလေးတွေဟာ စီတန်းနေကြလို့ rosary စိတ်ပုတီးကုံးက ပုတီးလုံးလေးတွေနဲ့ တူနေတယ်"* လို့ ကာကွယ်ရေးဌာနရဲ့ အကြံပေးပုဂ္ဂိုလ် ပိဝေါဒင်က ပြောတယ်။ Kwaj ကျွန်းပေါ်မှာ အမေရိကန်ကြည်းတပ်က တပ်စွဲထားတယ်။ ကျွန်းရဲ့တစ်ခြမ်းကို သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ထားပြီး နောက်တစ်ခြမ်းမှာ ကြည်းတပ်က လျှို့ဝှက်စမ်းသပ်မှုတွေ လုပ်ခဲ့တယ်။ အရင်က ကျွန်းပေါ်မှာ ICBM (တိုက်ချင်းပစ်ဒုံးပျံ) တွေကို စမ်းသပ်တာတွေ လုပ်ခဲ့တယ်။ အခုတော့ မလုပ်တော့ဘူး။

Kwaj ကျွန်းကိုသွားဖို့ အီလွန်မတ်ရဲ့ ကိုယ်ပိုင်လေယာဉ်ပျံ သို့မဟုတ် ခရီးသည်တင်လေယာဉ်ပျံကို ဟာဝိုင်ယီကျွန်းကနေတစ်ဆင့် စီးသွားကြရတယ်။ ကျွန်းပေါ်မှာ Space X က ဝန်ထမ်းတွေနေဖို့ မြေကွက်တစ်နေရာကို ကြည်းတပ်ကပေးထားတယ်။ Space X က မြေကွက်ပေါ်မှာ အရင်က စစ်တပ်ကလူတွေ

နေကြတဲ့ အဆောင်လေးတွေရှိတယ်။ အခု စစ်သားတွေမနေကြတော့ဘဲ Space X အဖွဲ့သားတွေနေဖို့ ပေးထားတယ်။ နှစ်ယောက်ခန်းပါတဲ့ အဆောင်လေးတွေဟာ တက္ကသိုလ်က အဆောင်လေးတွေနဲ့ တူနေတယ်။ အခန်းထဲမှာ အမေရိကန်စစ်တပ်က ထုတ်ပေးထားတဲ့ အဝတ်ဗီရိုနဲ့ စားပွဲခုံလေးတွေပဲ ရှိတယ်။ တခြားလိုအပ်တဲ့ပစ္စည်းတွေကို အီလွန်မတ်ရဲ့ ကိုယ်ပိုင်လေယာဉ်ပျံနဲ့ သယ်လာပေးတယ်၊ သို့မဟုတ် အမျှားအားဖြင့် ဟာဝိုင်ယီကျွန်းကနေ မော်တော်ဘုတ်နဲ့ ပို့ပေးတယ်။ မနက်တိုင်း Space X အဖွဲ့သားတွေဟာ လိုအပ်တဲ့ပစ္စည်းတွေယူပြီး Kwaj ကျွန်းကနေ မော်တော်ဘုတ်နဲ့ ၄၅ မိနစ်ကြာသွားရတဲ့ Omelek ('အွန်မလက်'လို့ အသံထွက်) ကျွန်းလေးကို သွားကြတယ်။ အဲဒီကျွန်းပေါ်မှာ ဒုံးပျံ စမ်းသပ်လွှတ်တင်တာတွေ လုပ်ရမှာပါ။ အဲဒီလိုလုပ်ဖို့ Space X ဟာ အမေရိကန်စစ်တပ်ဆီက ခွင့်ပြုချက် ရထားပြီးပါပြီ။ Omelek ကျွန်းဟာ ၇ ဧကပဲ ကျယ်ဝန်းပြီး ကျွန်းပေါ်မှာ အုန်းပင်တွေနဲ့ သဘာဝပေါက်ပင်တွေပဲ ရှိကြတယ်။ အဲဒီမှာ အဖွဲ့သားတွေက ဒေသခံလူတွေ ငှားပြီး ချုံပင်တွေ ရှင်းခိုင်းတယ်။ မြေကြီးပေါ်မှာ ကွန်ကရစ်ခင်းတယ်။ ဒုံးပျံပစ်စင် တည်ဆောက်ဖို့ပါ။ ကျွန်းပေါ်မှာ ဘာအဆောက်အဦမှမရှိလို့ ဘီးတပ်ထားတဲ့ အိမ်ခန်းတွဲကို သင်္ဘောနဲ့သယ်လာပြီး ရုံးခန်းတွေ လုပ်လိုက်တယ်။ ပူပြင်းလွန်းလှတဲ့ နေပူရှိန်နဲ့ စိုထိုင်းဆမျှားမှုကြောင့် လူတွေဟာ အားအင်ကုန်ခန်းပြီး မောပန်းနေကြတယ်။ ဒါကြောင့် ဝန်ထမ်းတချို့ဟာ ညပိုင်းအလုပ်ပြီးချိန်မှာ မော်တော်ဘုတ်စီးပြီး Kwaj ကျွန်းကို မပြန်ကြတော့ဘဲ Omelek ကျွန်းမှာပဲ ညအိပ်လိုက်ကြတယ်။ *"တချို့ ရုံးခန်း (ဘီးတပ်အိမ်ခန်း) တွေထဲမှာ ခေါက်ကုတင်နဲ့ မွေ့ရာတွေထည့်ပြီး အဲဒါတွေပေါ်မှာ ညအိပ်ကြတယ်။ နောက်ပိုင်းမှာ ရေခဲသေတ္တာ၊ အသားကင်မီးဖိုတွေ ယူလာပြီး ရေချို့ဖို့ ရေပိုက်တွေလည်း တပ်ဆင်လိုက်ကြတယ်"* လို့ ဟော်မန်းက ပြောပြတယ်။

မနက်တိုင်း ၇ နာရီမှာ Kwaj ကျွန်းက Space X အဖွဲ့သားတွေဟာ မော်တော်ဘုတ်နဲ့ Omelek ကျွန်းကို သွားကြတယ်။ ကျွန်းမှာ ညအိပ်သူတွေနဲ့ ဆုံကြပြီး ဘာအလုပ်တွေ လုပ်ရမယ်၊ ဘယ်သူက ဘာတွေ တာဝန်ယူရမယ် စတဲ့

အလုပ်ခွဲဝေမှု လုပ်ကြတယ်။ ပြီးတော့ ပြဿနာတွေကိုဖြေရှင်းဖို့ ညှိနှိုင်းတိုင်ပင်ကြတယ်။ မကြာခင် သဘော်ကန့်သယ်လာတဲ့ Falcon 1 ဒုံးပျံကြီး Omelek ကျွန်းကို ရောက်လာတယ်။ အလုပ်သမားတွေက ဒုံးပျံကြီးကို ယာယီလုပ်ထားတဲ့ လေယာဉ်ရုံထဲမှာ အလျားလိုက် လဲချထားပြီး နာရီပေါင်းများစွာကြာအောင် ပစ္စည်းတွေ တပ်ဆင်ကြတယ်။ *"ဒုံးပျံရောက်လာပြီးကတည်းက တစ်ရက်မှ မနား ရဘူး။ အမြဲတမ်း တစ်ခုမဟုတ်တစ်ခု လုပ်စရာရှိနေတယ်။ အင်ဂျင်ပြဿနာ တက်လို့ ဖြေရှင်းပြီးရင် ဒုံးပျံထိန်းတဲ့ အီလက်ထရောနစ်ပြဿနာ သို့မဟုတ် ကွန်ပျူတာဆော့ဖ်ဝဲလ် ပြဿနာတွေ ပေါ်လာပြန်တယ်"* လို့ ဟော်မန်းက ပြောပြတယ်။ ည ၇ နာရီမှာ အလုပ်သိမ်းကြတယ်။ အမျှားစုက Kwaj ကျွန်းကို ပြန်သွားကြတယ်။ *"Kwaj ကျွန်းကို မပြန်ဘဲ Omelek ကျွန်းမှာ ညအိပ်မယ်သူတွေ အတွက် ညစာစား၊ ဖို့ ဝန်ထမ်း' တစ်ယောက်၊ နှစ်ယောက်က စီစဉ်ပေးတယ်။ အမျှားအားဖြင့် အမဲသားကင်၊ အာလူးကြော်နဲ့ အီတလီခေါက်ဆွဲခြောက်ပြုတ် လုပ်ပေးတယ်။ ညစာစားပြီးရင် အပန်းဖြေတဲ့အနေနဲ့ ဒီဗီဒီစက်နဲ့ ရုပ်ရှင်ကြည့်ကြ တယ်။ တချို့က သဘော်ဘ ကုန်တင်ကုန်ချဆိပ်မှာ ငါးမျှားကြတယ်"* လို့ သူ ဆက်ပြောတယ်။ အင်ဂျင်နီယာအမျှားစုက Omelek ကျွန်းပေါ်မှာ အလုပ်လုပ်ရ တာ ပင်ပန်းပေမယ့် ပျော်စရာကောင်းတယ်လို့ပြောကြတယ်။ *"ကျွန်တော် Boeing ကုမ္ပဏီကြီးမှာလုပ်ခဲ့စဉ်က ခုလို ပင်ပင်ပန်းပန်းမလုပ်ရဘဲ အလွန် သက်သောင့် သက်သာ ရှိခဲ့တယ်။ ဒါပေမဲ့ Space X မှာလိုတော့ ပျော်စရာမကောင်းဘူးဗျ"* လို့ အလုပ်လုပ်ရင်း Scuba ရေငုပ်သမားလိုင်စင်ရသွားတဲ့ ကျွမ်းကျင်ပညာရှင် ဝေါလ်တာစင်းက ပြောပြတယ်။ *"ဘာပဲဖြစ်ဖြစ် ကျွန်းပေါ်မှာ အလုပ်လုပ်ရတာ ကျွန်တော့်အဖွဲ့သားအားလုံး ပျော်နေကြတယ်"* လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်ဟာ ဘယ်ဟာအတွက် ငွေကြေးအကုန်အကျခံပြီး ဘယ်ဟာ အတွက် အကုန်မခံဘူးဆိုတာနဲ့ ပတ်သက်လို့ အင်ဂျင်နီယာတွေ နားမလည်နိုင် ဖြစ်နေကြတယ်။ ရုံးချုပ်မှာ တစ်စုံတစ်ယောက်က Falcon 1 အောင်မြင်စွာ လွှတ် တင်နိုင်ဖို့ ဒေါ်လာ ၂ သိန်းတန် စက်ကြီးတစ်လုံး ဝယ်ခွင့်တောင်းတာကို အီလွန်

ခွင့်မပြုဘူး။ ဒါပေမဲ့ အဲဒီလောက်များတဲ့ငွေကို ရုံးခန်းထဲက ကြမ်းပြင်ကို ပြောင်လက်တောက်ပတဲ့ epoxy paint ဆေးသုတ်ဖို့တော့ သဘောတူတယ်။ Omelek ကျွန်းပေါ်မှာ အဖွဲ့သားတွေဟာ ယာယီလေယာဉ်ရုံကနေ ဒုံးပျံပစ်စင်အထိ ဒုံးပျံကို လွယ်လွယ်ကူကူသယ်လို့ရအောင် ကိုက် ၂၀၀ အကွာအဝေးရှိတဲ့ ကွန်ကရစ်လမ်းတစ်ခု ခင်းချင်လို့ အီလွန်မတ်ဆီ ခွင့်တောင်းတယ်။ အဲဒါကို အီလွန်မတ်က လုပ်ခွင့်မပြုဘူး။ ဒါကြောင့် အင်ဂျင်နီယာတွေဟာ ဒုံးပျံကြီးကို ဘီးတပ်ထားတဲ့ သစ်သားစင်ပေါ်တင်ပြီး လူအားနဲ့ ဆွဲယူကြရတယ်။ မြင်ကွင်းဟာ အီဂျစ်ပြည်က အဆောက်အဦဆောက်ဖို့ သစ်လုံးကြီးတွေကို ကျေးကျွန်တွေအများကြီးနဲ့ ဆွဲယူနေကြတာနဲ့ တူနေတယ်။ အာကာသထဲ ဒုံးပျံလွှတ်တင်မယ့် ကုမ္ပဏီအတွက် ရယ်စရာကောင်းတဲ့ မြင်ကွင်းပါ။

ဒီလိုနဲ့ ဒုံးပျံကြီးကို ပစ်စင်နေရာရောက်တော့ ပစ်စင်မှာ တည့်တည့်မတ်မတ် ထောင်လိုက်တယ်။ ဒုံးပျံကို စစ်ကြည့်ပြီး တွေ့တဲ့ပြဿနာကို ဖြေရှင်းတယ်။ ဒီအချိန်မှာ ရုံးချုပ်က အင်ဂျင်နီယာတွေရောက်လာကြပြီး ကျွန်းပေါ်က အင်ဂျင်နီယာတွေနဲ့ တပ်ဆင်တာ၊ စစ်ဆေးတာတွေကို ပူးပေါင်းလုပ်ဆောင်ကြတယ်။ နှစ်ရက်ကြာတော့ ဒုံးပျံကို ရေပြင်ညီပြန်ချပြီး သစ်သားစင်နဲ့ ယာယီလေယာဉ်ရုံဆီ လူအားနဲ့ ပြန်သယ်သွားကြပြန်တယ်။ ဒုံးပျံကို မပစ်လွှတ်သေးလို့ ပင်လယ်ဆားငံဓာတ်ပါတဲ့ လေနဲ့ ကြာကြာမထိတွေ့စေချင်လို့ လေယာဉ်ရုံမှာ ပြန်ထားပြီး မိုးကာတွေနဲ့ အုပ်ကာထားလိုက်တယ်။

Space X အဖွဲ့ Omelek ကျွန်းကို စရောက်ပြီး ၆ လအကြာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှာ အဖွဲ့က Falcon 1 ဒုံးပျံကို ပစ်လွှတ်ဖို့ အဆင်သင့်ဖြစ်ပြီလို့ အီလွန်မတ်ကို အကြောင်းကြားလိုက်တယ်။ နိုဝင်ဘာလ ၂၆ ရက် မနက် ၃ နာရီမှာ အဖွဲ့သားတချို့က Omelek ကျွန်းပေါ်က ပစ်စင်မှာထောင်ထားတဲ့ ဒုံးပျံကို လောင်စာဖြစ်တဲ့ အောက်ဆီဂျင်အရည် Liquid Oxygen (LOX) ဖြည့်တယ်။ ပြီးတော့ သူတို့ဟာ ပစ်စင်ကနေ ၃ မိုင်ကွာဝေးတဲ့နေရာကို သွားပြီး အကာအကွယ် ယူကြတယ်။ ကျန်တဲ့ Space X အဖွဲ့သားတွေဟာ Omelek ကျွန်းနဲ့

၂၆ မိုင် ကွာဝေးတဲ့ Kwaj ကျွန်းပေါ်က စောင့်ကြည့်ရေးစခန်းကနေ ဒုံးပျံလွှတ်ဖို့ စောင့်နေကြတယ်။ အီလွန်မတ်နဲ့ သူညီ ကင်းဘားတို့လည်း လေယာဉ်ပျံနဲ့ Kwaj ကျွန်းကို ရောက်လာပြီး စောင့်ကြည့်ရေးစခန်းထဲ ရောက်နေကြတယ်။ စစ်တပ်က ဒုံးပျံလွှတ်တင်ဖို့ အချိန် ၆ နာရီ ပေးထားတယ်။ ၆ နာရီအတွင်း မလွှတ်တင်နိုင်ရင် အစီအစဉ်ကို ရပ်ပစ်ရမယ်။ Space X အဖွဲ့သားအားလုံးက ဒုံးပျံဟာ ပထမ အဆင့်အဖြစ် တစ်နာရီကို ၆၈၅၀ မိုင်နှုန်းနဲ့ ပျံတက်ပြီး ဒုတိယအဆင့်မှာ တစ်နာရီကို ၁၇၀၀၀ မိုင်နှုန်းနဲ့ ပျံတက်မယ်လို့ မျှော်လင့်ထားကြတယ်။ ဒါပေမဲ့ ဒုံးပျံ မလွှတ်တင်ခင်လေးမှာ အင်ဂျင်နီယာတွေဟာ ပြဿနာတစ်ခုကို ရှာတွေ့လိုက်ကြတယ်။ အောက်ဆီဂျင်အရည် (LOX) ထည့်ထားတဲ့ သိုလှောင်ကန်ရဲ့ ဘားတစ်ခုဟာ သေချာမပိတ်လို့ LOX ဟာ လေထဲကို တစ်နာရီ ဂါလံ ၅၀၀, နှုန်းနဲ့ အငွေ့ပျံ ထွက်နေတယ်။ အင်ဂျင်နီယာတွေဟာ ဘားကို သေချာ ပိတ်လိုက်နိုင်ကြပေမယ့် LOX တွေ အများကြီး ဆုံးရှုံးသွားတယ်။ LOX ကို ပြန်ဖြည့်ရမှာမို့ စစ်တပ်က ခွင့်ပြုထားတဲ့ အချိန် ၆ နာရီအတွင်းမှာ ဒုံးပျံကို လွှတ်တင်နိုင်တော့မှာ မဟုတ်ဘူး။

ဒါကြောင့် ဒုံးပျံလွှတ်တင်မယ့်အစီအစဉ်ကို ရပ်နားထားလိုက်ပြီး ဟာဝိုင်ယီ ကျွန်းကနေ LOX အောက်ဆီဂျင်အရည်ထည့်ထားတဲ့ တိုင်ကီတွေ မှာယူရတယ်။ နောက်ထပ် ဒုံးပျံလွှတ်တင်မယ့်နေ့ကို နောက်တစ်လအကြာ ဒီဇင်ဘာလလယ်မှာ သတ်မှတ်လိုက်တယ်။ အဲဒီနေ့ရောက်ပြန်တော့လည်း ချို့ယွင်းတဲ့ ဘားတွေ၊ လေပြင်းတိုက်ခတ်မှုနဲ့ တခြား ချို့ယွင်းချက်တွေကြောင့် အစီအစဉ်ကို ထပ်မံ ရွှေ့ဆိုင်းလိုက်ရပြန်တယ်။ နောက်ထပ် အစီအစဉ် မလုပ်နိုင်ခင်လေးမှာ Space X အင်ဂျင်နီယာတွေဟာ ဒုံးပျံရဲ့ လျှပ်စစ်လွှတ်ပေးတဲ့ စက်ခလုတ်ခုံဟာ ကောင်း ကောင်း အလုပ်မလုပ်တာကို တွေ့ရတယ်။ အဲဒီထဲက capacitor လျှပ်သို ပစ္စည်းတွေ ချို့ယွင်းနေလို့ အသစ်လဲရမယ်လို့ သိလိုက်ကြတယ်။ နောက်နေ့ တနင်္ဂနွေမနက်မှာ ပစ်စင်ပေါ်မှာထောင်ထားတဲ့ ဒုံးပျံကို ပြန်လှဲချပြီး မြေပြင်မှာ ရေပြင်ညီထားလိုက်တယ်။ လျှပ်စစ်သမားတစ်ယောက် ဒုံးပျံအတွင်းပိုင်းထဲဝင်ပြီး လျှပ်စစ်စက်ခလုတ်ခုံကို ဖြုတ်ယူတယ်။ မင်နီဆိုးတားမြို့က အီလက်ထရောနစ်

ပစ္စည်းရောင်းတဲ့ ဆိုင်တစ်ဆိုင်ဟာ တနင်္ဂနွေနေ့မှာဖွင့်တယ်ဆိုတာ သိရလို့ Space X ဝန်ထမ်းတစ်ယောက်ဟာ အဲဒီမြို့ကို လေယာဉ်ပျံနဲ့သွားပြီး capacitor အသစ်တွေ ဝယ်ရတယ်။ ပြီးတော့ သူဟာ လေယာဉ်ကို ၃ နာရီကြာစီးပြီး လော့စ်အင်ဂျဲလိစ်မြို့က Space X ရုံးချုပ်ကို သွားတယ်။ ရုံးချုပ်မှာ ဝယ်လာတဲ့ capacitor တွေကို စမ်းသပ်ကြည့်တယ်။ စမ်းသပ်တာတွေ အောင်မြင်တာနဲ့ လျှပ်စစ်စက်ခလုတ်ခုံမှာ ပြန်တပ်ဆင်ပြီး အဲဒီဝန်ထမ်းဟာ လေယာဉ်နဲ့ Omelek ကျွန်းကို ပြန်လာတယ်။ ပြန်ရောက်တာနဲ့ စက်ခလုတ်ခုံကို ဒုံးပျံမှာ ပြန်လည်တပ်ဆင်လိုက်တယ်။ ကျွန်းပေါ်က လူ ၃၀ ပါဝင်တဲ့ Space X အဖွဲ့ဟာ လိုအပ်ရင် ပစ်စင်ကို ထောင်လိုက်၊ လဲ့လိုက်လုပ်ပြီး ဒုံးပျံက ပစ္စည်းတွေကို ဖြုတ်လိုက်၊ ပြန်တပ်လိုက် မကြာခဏ လုပ်ကြရတယ်။ တခြားကုမ္ပဏီတွေရဲ့ ဒုံးပျံလွှတ်တင်တဲ့အဖွဲ့တွေဟာ သူတို့လိုမျိုး ဒုံးပျံကို အကြိမ်ကြိမ် ထောင်လိုက်၊ လဲ့လိုက် မလုပ်ဖူးကြဘူး။ Space X အဖွဲ့ဟာ ပြဿနာတွေကို ဖြေရှင်းရင်းနဲ့ အတွေ့အကြုံတွေ အများကြီး ရလာကြတယ်။ ဒါပေမဲ့ ပြဿနာတွေဟာ မပြီးဆုံးဘဲ ပိုပိုများလာတယ်။

နောက်ဆုံးတော့ ပြဿနာအားလုံးကို ဖြေရှင်းပြီးသွားလို့ ၂၀၀၆ ခုနှစ် မတ်လ ၂၆ ရက်နေ့မှာ ပစ်စင်ပေါ်က Falcon 1 ဒုံးပျံကို လွှတ်တင်လိုက်တယ်။ ဒုံးပျံဟာ အပြာရောင်ကောင်းကင်ကို တည်တည်ငြိမ်ငြိမ်နဲ့ ပျံတက်သွားတယ်။ ဒုံးပျံထိန်းသိမ်းရေးအခန်း control room ထဲမှာ ဘောင်းဘီတိုဝတ်ပြီး ညှပ်ဖိနပ်စီးထားတဲ့ အီလွန်မတ်ဟာ ဒုံးပျံ ပျံတက်သွားတာကို တီဗီမှန်သားပြင်ကြီးမှာ ကြည့်လိုက်၊ လမ်းလျှောက်လိုက် လုပ်နေတယ်။ မျက်နှာက မရယ်မပြုံး ခပ်တည်တည်နဲ့။ ဘယ်သူနဲ့မှလည်း စကားမပြောဘူး။ ဒုံးပျံတက်သွားပြီးလို့ ၂၅ စက္ကန့်အကြာမှာ ဒုံးပျံရဲ့ အခြေအနေ မကောင်းဘူးဆိုတာ သိလိုက်ရတယ်။ ဒါပေမဲ့ သိတာ နောက်ကျသွားပြီ။ Merlin အင်ဂျင်ရဲ့အထက်နားမှာ မီးလောင်နေတယ်။ ဒုံးပျံဟာ လည်ပြီး ကမ္ဘာမြေပြင်ပေါ် ကျွမ်းထိုးမှောက်ခုံ ကျလာတယ်။ ဒုံးပျံကိုယ်ထည်ဟာ ပစ်စင်ပေါ် တည့်တည့်မတ်မတ် ပြုတ်ကျလာတယ်။ ဒုံးပျံရော ပစ်စင်ပါ ဆိုးဆိုးဝါးဝါး ပျက်စီးသွားတယ်။ ဒုံးပျံရဲ့ အပျက်အစီးအစအန အများစု

ဟာ လွင့်စင်ပြီး ပစ်စင်ကနေ ပေ ၂၅၀ အကွာက သန္တာကျောက်တန်းတစ်ခုရှိတဲ့ ရေပြင်ပေါ်ကျသွားကြတယ်။ ကံကောင်းတာက ဒုံးပျံမှာ တွဲချိတ်တပ်ဆင်ထားတဲ့ ဂြိုဟ်တုဟာ မြေပြင်ပေါ် ပြုတ်ကျရာမှာ အပျက်အစီး မျှားမျှားစားစား မရှိတာကို တွေ့ရတယ်။ အင်ဂျင်နီယာ တချို့ဟာ ရေငုပ်ဝတ်စုံတွေ ဝတ်ဆင်ပြီး အပျက်အစီး အစအနတွေကို ရေထဲက ဆယ်ယူကြရတယ်။ ဆယ်လို့ရတာတွေကို ရေခဲသေတ္တာ အရွယ် သေတ္တာကြီးတွေမှာ ထည့်ပြီး သိမ်းထားကြတယ်။ "*အဲဒီအပျက်အစီးတွေ ဟာ ပြန်သုံးမရလို့ တန်ဖိုးမရှိပါဘူး။ ဒါပေမဲ့ ကျွန်တော် အမှတ်တရအဖြစ် သိမ်းထား ခိုင်းလိုက်တယ်*" လို့ အီလွန်မတ်က သူ့ မှတ်စုစာအုပ်မှာ ရေးထားတယ်။ ပြီးတော့ သူက ခုလို ဆက်ရေးထားပြန်တယ်။ "*သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို စာရေး သတိပေးဖူးတယ်။ Pegasus ဒုံးပျံကို လွှတ်တင်တာ ၉ ကြိမ်မှာ ၅ ကြိမ်ပဲ အောင်မြင်တယ်။ Ariane ဒုံးပျံက ၅ ကြိမ်မှာ ၃ ကြိမ်၊ Atlas ဒုံးပျံက အကြိမ် ၂၀ မှာ ၉ ကြိမ်၊ ရုရှားလုပ် Soyuz ဒုံးပျံက ၂၁ ကြိမ်မှာ ၉ ကြိမ်နဲ့ Proton ဒုံးပျံက ၁၈ ကြိမ်မှာ ၉ ကြိမ်ပဲ အောင်မြင်ခဲ့ကြတယ်တဲ့။ ဒါကြောင့် ဒုံးပျံကို အာကာသထဲ လွှတ်တင်ရာမှာ ကျရှုံးမှုတွေ အများကြီးရှိမယ်ဆိုတာ ကျွန်တော် သိနေပါတယ်။ Space X ဟာ ဒီအဆင့်ထိ ရောက်လာခဲ့ပြီမို့ ဘာအခက်အခဲတွေနဲ့တွေ့တွေ့ အောင်မြင်တဲ့အထိ ဆက်လုပ်မှာပါ*"။

အီလွန်မတ်နဲ့ Space X အရာရှိကြီးတွေက ဒုံးပျံပျက်ကျတဲ့ကိစ္စအပေါ် လူတစ်ယောက်ကို အပြစ်ပုံချကြတယ်။ သူတို့အပြောအရ အဲဒီလူဟာ ဒုံးပျံ လွှတ်တင်ဖို့ တစ်ရက်အလိုမှာ ဆီပိုက်လိုင်းပေါ်က b-nut တွေကို သေသေချာချာ မကျပ်ခဲ့ဘူးတဲ့။ b-nut ဆိုတာ ပိုက်နှစ်ခုကို တေ့ဆက်ရာမှာသုံးတဲ့ မူလီခေါင်းပါ။ အဲဒီလူဆိုတာ မူလာရဲ့လက်ထောက် ဟော်မန်းပါ။ Falcon 1 ဒုံးပျံတည်ဆောက်ရာမှာ နေ့ရောညပါ နှစ်ပေါင်းများစွာ သူ့အချိန်တွေကို မြှုပ်နှံလုပ်ကိုင်ခဲ့တဲ့ သူ့ကို Space X အရာရှိကြီးတွေက ဒုံးပျံပေါက်ကွဲတာ သူ့ရဲ့ပေါ့ဆမှုကြောင့်လို့ ဝန်ထမ်း အများရှေ့မှာ စွပ်စွဲပြောဆိုကြလို့ ဟော်မန်း အတော်ဒေါသထွက်နေတယ်။ ဟော်မန်းဟာ အဲဒီ b-nut တွေကို NASA အဖွဲ့က စစ်ဆေးသူရှေ့မှာ

သေချာကျပ်ပေးခဲ့မှန်း မှတ်မိနေတယ်။ လိုအပ်ရင် NASA က စစ်ဆေးသူကို သက်သေခံခိုင်းလို့ရတယ်လို့ ဖုန်းဆက်ရှင်းပြတယ်။ သူရှင်းပြတာကို အရာရှိကြီးတွေ လက်မခံကြဘူး။ ဒါကြောင့် ဟော်မန်းဟာ ဒုံးပျံပျက်ကျပြီး နောက်နေ့မှာ လေယာဉ်ပျံစီးပြီး လော့စ်အင်ဂျဲလိစ်က Space X ရုံးချုပ်ကို သွားတယ်။ ရုံးချုပ်ထဲကို ဒေါသတကြီးဝင်လာတဲ့ သူ့ကို MB (မေရီဘက်ဘရောင်း) က ချော့မော့ဖျောင်းဖျပြီး အီလွန်မတ်နဲ့မတွေ့ဖို့ တားတယ်။ ဒါပေမဲ့ ဟော်မန်းဟာ အီလွန်မတ်ရဲရုံးခန်းထဲ ပြေးဝင်သွားတယ်။ သူနဲ့ အီလွန်မတ်တို့ ရုံးခန်းထဲမှာ အကြီးအကျယ် စကားများ အော်ဟစ်ကြတယ်။

ဒုံးပျံရဲ့ အပျက်အစီးတွေကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးလိုက်တဲ့အခါ b-nut တွေဟာ ဆားငံဓာတ်ပါတဲ့ လေထုထဲမှာထားတာ ကြာလို့ သံချေးတက်ပြီး ကွဲအက်တယ်လို့ အဖြေထွက်တယ်။ *"ဒုံးပျံတစ်ခြမ်းလည်း ဆားအင်ဓာတ်ကြောင့် သံချေးတက်နေတယ်။ အဲဒါတွေ ခြစ်ထုတ်ပစ်ပြီး ဆေးပြန်သုတ်ရတယ်"* လို့ မူလာက ပြောတယ်။ ဒုံးပျံက သံချေးတက်တဲ့အန္တရာယ်က ကာကွယ်ဖို့ သံနဲ့လုပ်ထားတဲ့ ပစ္စည်းတွေကို ဒန်နဲ့လုပ်ထားတဲ့ပစ္စည်းတွေနဲ့ လဲလှယ်တပ်ဆင်လိုက်တယ်။ ဒါကြောင့် ဒုံးပျံရဲ့အလေးချိန်ဟာ ပေါင် ၅၀ လျော့ကျသွားတယ်။ ရေတပ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ 'တွန်ဆမ်' က အဲဒီ ဒန်နဲ့လုပ်ထားတဲ့ ပစ္စည်းတွေကို လေယာဉ်တင်သင်္ဘောကြီးပေါ်က ရဟတ်ယာဉ်တွေမှာသုံးခဲ့ပြီး နှစ်ပေါင်းများစွာ သံချေးမတက်ဘူးလို့ ပြောပြတယ်။ မူလာကလည်း လဲလှယ်တပ်ဆင်လိုက်တဲ့ ဒန်နဲ့လုပ်ထားတဲ့ b-nut တွေဟာ နှစ်ပေါင်း ၄၀ ကြာအထိ အသုံးခံတာ တွေ့ဖူးကြောင်း ပြောပြတယ်။ Space X က အရာရှိကြီးတချို့ဟာ ဟော်မန်းကို မတရားစွပ်စွဲတဲ့အတွက် အတော်လေး စိတ်မကောင်းဖြစ်နေကြတယ်။ *"သူတို့ဟာ တရားမျှတတဲ့ လူကြီးတွေပါ။ နောင်ကို သေချာမစစ်ဆေးဘဲ စွပ်စွဲတာမလုပ်ဖို့ သင်ခန်းစာ ရသွားကြတယ်"* လို့ မူလာက ပြန်ပြောပြတယ်။ အီလွန်မတ်နဲ့ လူကြီးတွေဟာ ဟော်မန်းကို တောင်းပန်ကြတယ်။

ဒုံးပျံပျက်ကျပြီးတော့ Kwaj ကျွန်းပေါ်က အရက်ဘားမှာ ညတိုင်းလိုလို

အရက်သောက်တဲ့ Space X အဖွဲ့သားတွေ တိုးလာကြတယ်။ သူတို့ဟာ ဒုံးပျံ ပျက်ကျလို့ စိတ်မကောင်းဖြစ်နေကြတာကို ဖြေသိမ့်ချင်ကြလို့ပါ။ အီလွန်မတ်ဟာ နောက်ထပ် ဒုံးပျံတစ်စင်းကို ၆ လအတွင်း လွှတ်တင်ချင်နေတယ်။ ဒါပေမဲ့ အဲဒီလို ဖြစ်နိုင်ဖို့ သူလူတွေ အကြီးအကျယ် ကြိုးစားကြရမယ်ဆိုတာ သူသိတယ်။ Space X ဟာ နောက်ဒုံးပျံအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ရုံးချုပ်မှာ ဝယ်ယူစုဆောင်း ထားပြီးပါပြီ။ ဒါပေမဲ့ ဒုံးပျံမှာတပ်ဆင်ဖို့ အချိန်ပေးရပါမယ်။ အင်ဂျင်နီယာတွေ ဟာ အရက်သောက်ကြရင်းနဲ့ ပိုပြီး ရင်းနှီးခင်မင်လာကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် မိသားစုလို ဆက်ဆံလာကြတယ်။ ကာကွယ်ရေးဌာနရဲ့ အကြံပေး ပဝေါဒင်က သူတို့နဲ့ပတ်သက်လို့ ခုလိုပြောပြတယ်။ *"သူတို့ရဲ့ စည်းလုံးမှုကို ကျွန်တော်သဘောကျတယ်။ ဒါပေမဲ့ သူတို့လုပ်ဆောင်နေပုံကို သဘောမကျဘူး။ သူတို့ဟာ Silicon Valley မှာ ဆော့ဖ်ဝဲလ်အသစ် တီထွင်နေကြသူတွေနဲ့ တူနေ တယ်။ သူတို့ဟာ ညပေါင်းများစွာ မအိပ်ဘဲ ဟိုဟာစမ်းကြည့်၊ ဒီဟာစမ်းကြည့် လုပ်နေကြတယ်။ ဒုံးပျံလွှတ်တဲ့ကိစ္စမှာ အဲဒီလိုလုပ်လို့မရဘူး။ တိတိကျကျ စည်း ကမ်းတွေချထားပြီး စည်းကမ်းအတိုင်း လိုက်နာလုပ်ဆောင်ရမယ်"* တဲ့။ ပဝေါဒင်က အီလွန်မတ်ကို အဲဒီအကြောင်း သတိပေးပြောပြတယ်။ *"ဒါပေမဲ့ အီလွန်ဟာ ကျွန်တော့်စကား နားမထောင်တဲ့အပြင် ကျွန်တော်ဟာ နက္ခတ္တဗေဒပညာရှင်မို့ အင်ဂျင်နီယာအလုပ်ကို နားမလည်ဘူးလို့ ပြန်ပြောတယ်"* လို့ သူ ဆက်ပြော တယ်။ ဒါပေမဲ့ ဒုံးပျံပျက်ကျတဲ့ကိစ္စကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့တော့ အီလွန်မတ် က ပဝေါဒင်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ ထည့်ပေးဖို့ ထောက်ခံခဲ့ပါတယ်။ *"အီလွန်မတ်ဟာ အလုပ်ကိစ္စနဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ခွဲခြားတတ်သူပါ"* လို့ ပဝေါဒင်က ထပ်ပြောတယ်။

ပထမဆုံးအကြိမ်လွှတ်တင်တဲ့ Falcon 1 ဒုံးပျံ ပျက်ကျပြီး တစ်နှစ်တင်းတင်း ပြည့်ခါနီးမှာ Space X ဟာ ဒုတိယမြောက် Falcon 1 ဒုံးပျံကို လွှတ်တင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ၂၀၀၇ ခုနှစ် မတ်လ ၁၅ ရက်နေ့မှာ ဒုံးပျံပစ်လွှတ်ဖို့ အင်ဂျင်ကို စက်နိုးစမ်းသပ်တာ အောင်မြင်စွာလုပ်နိုင်ခဲ့တယ်။ မတ်လ ၂၁ ရက်

နေ့မှာ Falcon 1 ဒုံးပျံဟာ ပစ်စင်မှာထောင်ထားပြီး လွှတ်တင်ဖို့ အဆင်သင့်ဖြစ်နေပြီ။ ဒုံးပျံလွှတ်တင်လိုက်တာနဲ့ အုန်းပင်တွေ ပတ်လည်ပိုင်းနေတဲ့ ပစ်စင်ကနေ Falcon 1 ဟာ ကောင်းကင်ကို တစ်ရှိန်ထိုး တက်သွားတယ်။ ၂ မိနစ်လောက် အကြာမှာ အင်ဂျင်နီယာတွေက ဒုံးပျံရဲ့စုနှစ် အားလုံးကောင်းနေတယ်လို့ အီလွန်မတ်ကို သတင်းပို့ကြတယ်။ ၃ မိနစ်အကြာမှာ Marlin အင်ဂျင်ဟာ လောင်စာရည်ကုန်လို့ ရပ်သွားတယ်။ ဒုံးပျံအောက်ဆုံးက ပထမအဆင့်ဟာ ပြုတ်ကျသွားပြီး မြေပြင်ပေါ် ကျလာတယ်။ Merlin အင်ဂျင်စက်ရပ်ရပ်ချင်း ဒုတိယအင်ဂျင်ဖြစ်တဲ့ Kestrel အင်ဂျင် စက်နိုးလာပြီး စီစဉ်ထားသလို ဒုံးပျံကို အာကာသထဲအထိ ပို့ဆောင်ပေးနေတယ်။ Control Room ထဲမှာ လက်ခုပ်သြဘာသံတွေ ထွက်ပေါ်လာတယ်။ ၄ မိနစ်ကြာတဲ့အခါမှာ ဂြိုဟ်တုကို ဖုံးအုပ်ထားတဲ့ အကာဟာနှစ်ခြမ်းကွဲ ပွင့်လာတယ်။ *"စီစဉ်ထားတဲ့အတိုင်း ဒုံးပျံဟာ အတိအကျ လုပ်ဆောင်နေပါတယ်"* လို့ မူလာက အီလွန်မတ်ကို ပြောတယ်။ *"ကျွန်တော်က အီလွန်မတ်ရဲ့ ဘေးနားမှာထိုင်နေပြီး 'ဒုံးပျံကို အာကာသထဲရောက်အောင် ငါတို့လုပ်နိုင်ကြပြီ' လို့ အော်ပြောလိုက်တယ်။ ပြီးတော့ အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် ပွေ့ဖက်ကြတယ်။ လက်ဆွဲနှုတ်ဆက်ကြတယ်။ ဒီအချိန်မှာ ဒုံးပျံဟာ တစ်ချက် ခါယမ်းသွားတာကို ရုံးခန်းနံရံမှာ ကပ်ထားတဲ့ တီဗီမှန်သားပြင်ကြီးပေါ်မှာ မြင်လိုက်ရတယ်"* လို့ သူ ဆက်ပြောတယ်။ ၅ မိနစ်ကျော်ကြာတဲ့အချိန်အထိ ဒုံးပျံဟာ တည်တည်ငြိမ်ငြိမ် ဆက်တက်နေလို့ Space X အင်ဂျင်နီယာတွေဟာ အခြေအနေ ကောင်းတယ်လို့ ထင်ကြတယ်။ Falcon 1 ပေါ်မှာ တပ်ဆင်ထားတဲ့ ကင်မရာကနေ အောက်က ကမ္ဘာကြီး တဖြည်းဖြည်း သေးသထက် သေးလာတာကို ရိုက်ပြနေတယ်။ စောစောက မူလာ သတိထားမိလိုက်တဲ့ ဒုံးပျံခါယမ်းမှုဟာ ပိုကြမ်းလာတယ်။ ဒုံးပျံကိုယ်ထည်ဟာ မီးလောင်ပြီး ပေါက်ကွဲသွားတယ်။ အခန်းထဲကလူတွေဟာ မီးလောင်ပေါက်ကွဲသွားတဲ့ ဒုံးပျံကို မြင်လိုက်ရလို့ ဟာခနဲ ဟင်ခနဲ အော်လိုက်ကြတယ်။ အီလွန်မတ်လည်း ခေါင်းငိုက်စိုက်ကျသွားတယ်။ ဒီတစ်ခါမှာတော့ ဒုံးပျံပေါက်ကွဲရတဲ့အကြောင်းကို Space X အင်ဂျင်နီယာတွေ

စောစောစီးစီး ရှာတွေ့လိုက်ကြတယ်။ အကြောင်းက ဒီလိုပါ။ အင်ဂျင်ရဲ့ လောင်စာ သိုလှောင်ကန်ထဲမှာ လောင်စာရည် LOX ဟာ သုံးရင်းနဲ့ လျော့နည်းလာလို့ LOX အရည်ဟာ သိုလှောင်ကန်ထဲမှာ ဘောင်ဘင်ခတ်တယ်။ ဘောင်ဘင်ခတ်တဲ့ အရိုန်ကြောင့် ဒုံးပျံ ယမ်းခါလာတယ်။ ယမ်းခါမှုကြောင့် အင်ဂျင်မှာ အပေါက် တစ်ပေါက် ဖြစ်သွားတယ်။ အဲဒီအပေါက်ကနေ ပြင်ပကလေကို စုပ်ယူလိုက်လို့ အင်ဂျင်ဟာ မီးထတောက်ပြီး ဒုံးပျံပေါက်ကွဲသွားတာပါ။

ဒီအဖြစ်ကြောင့် Space X အင်ဂျင်နီယာတွေဟာ အတော် စိတ်ဓာတ် ကျသွားကြပြန်တယ်။ သူတို့ထဲက တချို့ဟာ ၂ နှစ်နီးပါး လော့စ်အင်ဂျဲလိစ်၊ ဟာဝိုင် ယီနဲ့ Kwaj ကျွန်းတွေကို စုန်ချည်ဆန်ချည်ကူးသန်းပြီး အလုပ်လုပ်ခဲ့ကြသူတွေမို့ သူတို့ စိတ်ဓာတ်ကျတာ မဆန်းပါဘူး။ Space X ဟာ Falcon 1 ကို နှစ်ကြိမ် တိုင်တိုင် အာကာသဆီလွှတ်တင်ဖို့ ကြိုးစားခဲ့ကြတာ မအောင်မြင်ဘူး။ နောက်ထပ် ဒုံးပျံတစ်စင်း ပစ်လွှတ်နိုင်ရင်တောင် အီလွန်မတ်ရဲ့ ပထမ မူလရည်မှန်းထားတဲ့ နေ့ထက် ၄ နှစ်လောက် နောက်ကျတော့မှာဖြစ်တယ်။ အီလွန်မတ်ရဲ့ PayPal ကုမ္ပဏီရောင်းလို့ ရထားတဲ့ ငွေတွေကို ပစ်စလက်ခတ် ဖြုန်းပစ်နေတာနဲ့ တူနေ ပါတယ်။ အီလွန်မတ်ကတော့ နောက်ထပ် ဒုံးပျံလွှတ်တင်ဦးမယ်လို့ လူသိရှင်ကြား ကြေညာလိုက်ပြန်တယ်။ ကုမ္ပဏီရဲ့အတွင်းနဲ့ ပြင်ပက လူတွေကတော့ အီလွန်မတ် ဟာ နောက်ထပ် ဒုံးပျံတစ်စင်း၊ အလွန်ဆုံး ဒုံးပျံနှစ်စင်းကိုပဲ လွှတ်တင်ဖို့ ငွေကြေး တတ်နိုင်တော့မယ်လို့ ခန့်မှန်းပြောဆိုနေကြတယ်။ အီလွန်မတ်ကတော့ ပိုက်ဆံ တွေအများကြီးကုန်ပြီး အောင်မြင်မှုမရသေးပေမယ့် အဲဒါနဲ့ပတ်သက်ပြီး သူ မတုန်လှုပ်ကြောင်း သူ့ဝန်ထမ်းတွေကို မကြာခဏပြောနေတယ်။ *"အီလွန်မတ်ဟာ သူ့ဝန်ထမ်းတွေကို စိတ်ဓာတ်မကျစေချင်ဘူး။ သူက တစ်ကြိမ်၊ နှစ်ကြိမ် ကျရှုံး တာနဲ့ လက်လျှော့လိုက်ရင် ဘယ်တော့မှ အောင်မြင်မှုရမှာ မဟုတ်ဘူးလို့ သူတို့ကို ပြောပြတယ်။ သူဟာ ဘယ်တော့မှ အရှုံးပေးမယ့်သူ မဟုတ်ဘူး"* လို့ IT ဌာနမှူး ဘရင်ဒန်စပိုက်က ပြောပြတယ်။

ကျရှုံးမှုတွေဟာ အီလွန်မတ်ရဲ့ အနာဂတ်အတွက် ရည်မှန်းထားချက်တွေကို

လျှော့ကျသွားစေတာ သို့မဟုတ် သူ့အရည်အချင်းအပေါ် သံသယဖြစ်တာတွေ မဖြစ်စေခဲ့ပါဘူး။ ခုံးပျံ့ပျက်ကျလို့ အခြေအနေတွေ ပရမ်းပတာဖြစ်နေချိန်မှာ အီလွန်မတ်ဟာ ပိဝေါဒင် (ကာကွယ်ရေးဌာနက အကြံပေး) နဲ့အတူ Marshall Islands က ကျွန်းတွေ (စုစုပေါင်း ကျွန်းတစ်ရာနီးပါးရှိ) ထဲက ကျွန်းတချို့ကို လိုက်ကြည့်တယ်။ အဲဒီလိုကြည့်ရင်း သူ့ခေါင်းထဲမှာ အကြံတစ်ခုပေါ်လာတယ်။ ကျွန်းလေးတွေကို အုတ်နံရံကာပြီး ရေတွေကို စုပ်ထုတ်လိုက်ရင် နယ်သာလန်နိုင်ငံကလူတွေ ပြုပြင်လုပ်ထားတဲ့ မြို့လေးတွေလို ဖြစ်သွားမယ်လို့ သူ ပြောတယ်။ ပိဝေါဒင်က အီလွန်မတ်ရဲ့ ထူးထူးဆန်းဆန်း အတွေးကို သဘောကျသွားတယ်။ *"အဲဒီအချိန်ကစပြီး သူနဲ့ ကျွန်တော်ဟာ အင်္ဂါဂြိုဟ်မှာ လူသားတွေ အခြေချနေထိုင်ဖို့ ဆွေးနွေးကြတယ်။ သူဟာ တကယ့်ကို ကြီးကြီးကျယ်ကျယ် တွေးတတ်သူပါ"* လို့ ပိဝေါဒင်က ပြောပြတယ်။

အခန်း (၆)

Tesla ကုမ္ဗဏီ့ထောင်ပြီး လျှပ်စစ်ကားထုတ်ခြင်း

'ဂျေဘီစထရောဘဲလ်' ရဲ့ ဘယ်ဘက်ပါးပြင်အလယ်မှာ နှစ်လက်မအရွယ် ကန့်လန့်ဖြတ် အမာရွတ်တစ်ခု ရှိတယ်။ သူ အဲဒါကို အထက်တန်းကျောင်း တက်နေစဉ် ကျောင်းဓာတ်ခွဲခန်းမှာ ဓာတုဗေဒစမ်းသပ်မှုတစ်ခု လုပ်နေရင်း ရခဲ့တာပါ။ စမ်းသပ်မှုလုပ်ရင်း သူ့လက်မှာကိုင်ထားတဲ့ beaker (သိပ္ပံစမ်းသပ်ခန်းသုံး နူတ်သီးပါ ဖန်ခွက်) ထဲမှာ ဓာတုအရည်တွေကို မှားယွင်းပြီး ရောစပ်မိလိုက်တယ်။ ဖန်ခွက်ဟာ ပေါက်ကွဲသွားပြီး ဖန်ကွဲစတစ်ခုဟာ ပါးပြင်ကို ခွဲဖြတ်သွားတယ်။

စထရောဘဲလ်ဟာ ပါးပြင်ကအမာရွတ်ကို စမ်းကြည့်မိတိုင်း သိပ္ပံစမ်းသပ်သူရဲ့ အမှတ်အသားအဖြစ် ဂုဏ်ယူနေတယ်။ သူ့ရဲ့ကလေးဘဝမှာ ဓာတုဗေဒ လက်တွေ့စမ်းသပ်တာ၊ စက်တွေကို ပြုပြင်စမ်းသပ်တာတွေ အများကြီးလုပ်ခဲ့တယ်။ Iowa ပြည်နယ်၊ Des Moines မြို့မှာ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်က မွေးဖွားခဲ့တဲ့ စထရောဘဲလ်ဟာ အထက်တန်းကျောင်းသားဘဝမှာ သူ့အိမ်က မြေအောက်ခန်းကို ဓာတုဗေဒစမ်းသပ်ခန်းအဖြစ် လုပ်လိုက်တယ်။

စမ်းသပ်ခန်းကို မီးခိုးစုပ်စက်တွေ တပ်ဆင်ထားပြီး အခန်းထဲမှာ ဝယ်ထားတဲ့၊ သို့မဟုတ် ချေးငှားထားတဲ့၊ သို့မဟုတ် ခိုးယူထားတဲ့ ဓာတုဗေဒပစ္စည်းတွေ အများကြီးရှိနေတယ်။ သူ အသက် ၁၃ နှစ် အရွယ်မှာ အမှိုက်ပုံမှာစွန့်ပစ်ထားတဲ့ ဂေါက်ကွင်းထဲမောင်းတဲ့ ကားပျက်တစ်စီးကိုတွေ့တာနဲ့ အိမ်အထိ တွန်းယူလာခဲ့တယ်။ အိမ်မှာ ကားလေးကိုတစ်ယောက်တည်း ပြင်တယ်။ လောင်နေတဲ့ မော်တာကို ကျွင်ပြန်ပတ်တယ်။ ကားလေးဟာ အကောင်းအတိုင်း ပြန်ဖြစ်သွားတယ်။ သူဟာ အိမ်မှာနေရင် အိမ်ကစက်ပစ္စည်းတွေကို တစ်စစီဖြုတ်၊ သန့်ရှင်းဆေးကြောပြီး ပြန်တပ်တာကို လုပ်နေတတ်တယ်။ သူ အဲဒီအကျင့်ကို ဘိုးဘေးတွေဆီက အမွေရခဲ့တာပါ။ ၁၈၉၀ ပြည့်နှစ်ကျော်လောက်က သူ့အဘေး (အဘိုးရဲ့ အဖေ) ဟာ Straubel Machine Company ကို ထူထောင်ပြီး power boat (ပြေးအားကောင်းတဲ့ မော်တော်ဘုတ်) တွေအတွက် အင်ဂျင်တွေ ထုတ်လုပ်ရောင်းခဲ့တယ်။ သူ့ကုမ္ပဏီဟာ combustion engine (အတွင်းလောင်အင်ဂျင်) ကို အမေရိကန်နိုင်ငံမှာ ပထမဆုံးထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်ခဲ့တယ်။

စထရောဘဲလ်ဟာ ၁၉၉၄ ခုနှစ်မှာ အထက်တန်းစာမေးပွဲ အောင်မြင်ပြီးတော့ စက်ပစ္စည်းတွေကို စူးစမ်းလေ့လာချင်လို့ Stanford တက္ကသိုလ်တက်ပြီး ရူပဗေဒဘာသာကို အဓိကဘာသာအဖြစ် သင်ယူတယ်။ လအနည်းငယ်တက်ပြီးတော့ ရူပဗေဒဘာသာဟာ သူ့အတွက် အကျိုးမရှိဘူး၊ လက်တွေ့မပါဘဲ စာတွေပဲ သင်ပေးတယ်ဆိုပြီး နောက်ဘာသာရပ်တစ်ခု ပြောင်းတက်တယ်။ Engergy Systems and Engineering ဘာသာရပ်ပါ။ *"ကျွန်တော် ကွန်ပျူတာ ဆော့ဖ်ဝဲလ်နဲ့ လျှပ်စစ်ကို အသုံးချပြီး စွမ်းအင်ကို ထိန်းသိမ်းအသုံးချတာကို လုပ်ချင်လို့ အဲဒီဘာသာရပ်ကို ယူလိုက်တာပါ"* လို့ သူ ပြောပြတယ်။

အဲဒီအချိန်က ကမ္ဘာပေါ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လေထုညစ်ညမ်းမှုကင်းစင်ရေး စတဲ့ လှုပ်ရှားမှုတွေ မရှိသေးပါဘူး။ ဒါပေမဲ့ နေရောင်ခြည်စွမ်းအင် ထုတ်လုပ်နေတဲ့ ကုမ္ပဏီတချို့နဲ့ လျှပ်စစ်ကားထုတ်လုပ်ဖို့ စမ်းသပ်နေကြတဲ့ ကုမ္ပဏီတချို့ ရှိနေကြပြီ။ စထရောဘဲလ်လည်း တက္ကသိုလ်တက်နေဆဲမှာ အဲဒီကုမ္ပဏီ

တွေက သူတို့စမ်းသပ်နေတဲ့ အလုပ်ရုံတွေကို သွားရောက်လေ့လာတယ်။ အဲဒီက အင်ဂျင်နီယာတွေကို မေးမြန်းစပ်စုတယ်။ သူကိုယ်တိုင်လည်း သူ့အိမ်မှာ လျှပ်စစ်ကားနဲ့ပတ်သက်တဲ့ စမ်းသပ်မှုတွေလုပ်တယ်။ တစ်ခါမှာ သူဟာ ဈေးကြီးတဲ့ ဂျာမနီနိုင်ငံထုတ် Porsche (ပေါ်ရှာလို့ အသံထွက်) ကားဟောင်းတစ်စီးကို ဒေါ်လာ ၁၆၀၀ နဲ့ ဝယ်ယူပြီး လျှပ်စစ်ကားအဖြစ် ပြောင်းလဲဖို့လုပ်တယ်။ အဲဒီလိုလုပ်ဖို့ ကားကို မော်တာနဲ့မောင်းရမယ်။ မော်တာကို ဘက်ထရီက လျှပ်စစ်အားနဲ့ လည်ပေးရမယ်။ ဘက်ထရီကို လျှပ်စစ်အားသွင်းစက်နဲ့ အားသွင်းပေးရမယ်။ အဲဒါတွေအတွက် လိုအပ်တဲ့ပစ္စည်းတွေဝယ်ပြီး ကားကို သူတစ်ယောက်တည်း ဆင်တယ်။ ပြီးတော့ ဆင်ထားတဲ့ လျှပ်စစ်ကားကို မောင်းနှင်စမ်းကြည့်တယ်။ အဲဒီကားနဲ့ သူဟာ သူနေတဲ့ Des Moines မြို့ကနေ မိုင် ၄၀၀ ကွာဝေးတဲ့ လော့စ်အင်ဂျဲလိစ်မြို့ကို အသွားအပြန် သွားနိုင်ခဲ့တယ်။ ဒါပေမဲ့ သူမှာ ပိုက်ဆံမရှိလို့ လျှပ်စစ်ကားစမ်းတာ ရပ်လိုက်ရတယ်။

၂၀၀၂ ခုနှစ် (သူအသက် ၂၇ နှစ်မှာ) စထရောဘဲလ်ဟာ လော့စ်အင်ဂျဲလိစ်မြို့မှာ ပြောင်းရွှေ့နေထိုင်တယ်။ အဲဒီအချိန်မှာ သူဟာ Standford တက္ကသိုလ်ကနေ Energy Engineer ဆိုင်ရာ မဟာဘွဲ့ရပြီးပြီမို့ အလုပ်လုပ်ဖို့ ကုမ္ပဏီတွေကို စုံစမ်းနေတယ်။ နောက်တော့ Rosen Motors ကုမ္ပဏီကို စိတ်ဝင်စားလို့ အဲဒီမှာ အလုပ်ဝင်လုပ်တယ်။ ကုမ္ပဏီက ကမ္ဘာပေါ်မှာ ပထမဆုံး အင်ဂျင်နဲ့လျှပ်စစ် နှစ်မျိုးသုံး hybrid vehicle ကို ထုတ်လုပ်နေတယ်။ ဒါပေမဲ့ စထရောဘဲလ် အလုပ်ဝင်ပြီး မကြာခင်မှာ ကုမ္ပဏီဟာ အရှုံးပေါ်လို့ ပိတ်သိမ်းသွားတယ်။ ကုမ္ပဏီ ပိတ်သိမ်းသွားတော့ စထရောဘဲလ်ဟာ လျှပ်စစ်လေယာဉ်ပျံတီထွင်ဖို့ လုပ်နေတဲ့ အင်ဂျင်နီယာ ဟားရိုဒ်ရိုဆင်ဆီမှာ ပညာရအောင် ပိုက်ဆံမရဘဲ အလုပ်ဝင်လုပ်တယ်။ *"ကျွန်တော်က အပျော်တမ်း ပိုင်းလော့ဆိုတော့ လေယာဉ်နဲ့ ပျံသန်းရတာကို သဘောကျလို့ အဲဒီအလုပ်ကို စိတ်ဝင်စားတယ်"* လို့ စထရောဘဲလ်က ပြောပြတယ်။ *"ကျွန်တော်တို့လုပ်နေတဲ့ လျှပ်စစ်လေယာဉ်ဟာ တစ်ချိန်မှာ ကောင်းကင်မှာ သီတင်းနှစ်ပတ်ကြာ ပျံသန်းပြီး မြေပြင်တစ်နေရာရဲ့အပေါ်မှာ ဝဲပျံနေဖို့ပါ။* အဲဒီ

အချိန်က ဒရန်းဆိုတာတွေ မပေါ်သေးပါဘူး" လို့ သူ ဆက်ပြောတယ်။ သူ အဲဒီ အလုပ်ကို ဝါသနာအရ လစာမယူဘဲလုပ်နေလို့ စားဝတ်နေရေးအတွက် ငွေလို တယ်။ ဒါကြောင့် ဝင်ငွေရအောင် ညပိုင်းတွေနဲ့ အလုပ်နားရက်တွေကျရင် ကုမ္ပဏီ သေးလေးတစ်ခုမှာ အီလက်ထရောနစ်နည်းပညာ အကြံပေးတဲ့ အချိန်ပိုင်းအလုပ် လုပ်တယ်။

၂၀၀၃ ခုနှစ် ဆောင်းရာသီအစမှာ စထရောဘဲလ်နဲ့ အီလွန်မတ်တို့ ဆုံတွေ့ မိကြတယ်။ (Space X ကုမ္ပဏီထောင်ပြီး တစ်နှစ်ပြည့်ခါနီးမှာ ဖြစ်ပါတယ်)။ သူတို့ ဆုံတွေ့မိတဲ့အကြောင်းက ဒီလိုပါ။ စထရောဘဲလ် ပိုက်ဆံမရဘဲ ပညာ သင်ယူနေတဲ့ သူ့ဆရာဖြစ်သူ အင်ဂျင်နီယာ ဟားရိုဒ် ရိုဆင်ဟာ သူတီထွင်နေတဲ့ လျှပ်စစ်လေယာဉ်ပျံအတွက် ရင်းနှီးငွေထည့်ဖို့ ပြောချင်လို့ အီလွန်မတ်ကို Space X ရုံးချုပ်နားက ပင်လယ်စာ စားသောက်ဆိုင်မှာ နေ့လယ်စာစားရင်း စကားပြောဖို့ ချိန်းလိုက်တယ်။ ရိုဆင်က စထရောဘဲလ်ကို ခေါ်သွားတယ်။ နေ့လယ်စာ စားကြရင်း ရိုဆင်က သူတီထွင်နေတဲ့ လျှပ်စစ်လေယာဉ်ပျံအကြောင်း ပြောပြတယ်။ အီလွန် မတ် စိတ်မဝင်စားဘူး။ ဒီအခါမှာ စထရောဘဲလ်က သူတီထွင်ချင်တဲ့ လျှပ်စစ်ကား အကြောင်း ပြောပြတယ်။ အဲဒီကားမှာ lithium ion ဘက်ထရီ သုံးမယ်ဆိုတဲ့ အချက်ကို အီလွန်မတ် သဘောကျသွားတယ်။ တကယ်တော့ အီလွန်မတ်ဟာ ultracapacitor သုံးတဲ့ လျှပ်စစ်ကားထုတ်ဖို့ကို ကြံစည်နေခဲ့တာ အတော် ကြာပါပြီ။ Lithium ion ဘက်ထရီဟာ ultracapacitor ထက် အများကြီး ပိုကောင်းတယ်ဆိုတာ သူသိတာ မကြာသေးဘူး။ "*လူတွေက lithium ion ဘက်ထရီသုံးမယ့်အကြံကို မိုက်မဲတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ အီလွန်မတ် ကတော့ အဲဒါကို အတော်စိတ်ဝင်စားသွားတယ်*" လို့ စထရောဘဲလ်က ပြောပြ တယ်။ သူတို့နှစ်ယောက်ဟာ အချိန်တိုအတွင်း မိတ်ဆွေရင်းချာတွေ ဖြစ်သွား ကြတယ်။ အဲဒီအချိန်ကစပြီး သူတို့နှစ်ယောက်ဟာ ဆယ်စုနှစ်တစ်ခုကျော်ကြာ အောင် ကမ္ဘာကြီးကိုပြောင်းလဲသွားစေမယ့် အကြံကို လက်တွဲလုပ်ကိုင်ကြပါတော့ တယ်။

အီလွန်မတ်နဲ့တွေ့ပြီး မကြာခင်မှာ စထရောဘဲလ်ဟာ AC Propulsion ကုမ္ပဏီမှာ အလုပ်လုပ်နေကြတဲ့ သူ့သူငယ်ချင်းတွေကို ဆက်သွယ်တယ်။ လော့စ်အင်ဂျဲလိစ်မြို့မှာ ရုံးဖွင့်ထားတဲ့ AC Propolsion ကုမ္ပဏီဟာ ၁၉၉၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး လျှပ်စစ်ကားတွေထုတ်လုပ်ရာမှာ တခြားကုမ္ပဏီတွေထက် ရှေ့ရောက်နေတယ်။ ခရီးသည်တင် ကားငယ်ကနေ ပြိုင်ကားတွေထိ ထုတ်လုပ်နေတယ်။ စထရောဘဲလ်က ကုမ္ပဏီရဲ့ ကားရုံထဲမှာသိမ်းထားတဲ့ စျေးအကြီးဆုံး လျှပ်စစ်ကား tzero ကို အီလွန်မတ်ကိုပြချင်တယ်။ အဲဒီကားရဲ့ ကိုယ်ထည်ဟာ fibreglass (ဖန်မျှင်ထည်) နဲ့ လုပ်ထားပြီး ကိုယ်ထည်ကို အောက်ခံသံပြားပေါ်မှာ တည်ဆောက်ထားတယ်။ ကားဟာ ပေါ့ပါးသလို ရပ်ထားရာကနေ တစ်နာရီ မိုင် ၆၀ နှုန်းကို ၄.၉ စက္ကန့်အတွင်း ရအောင် မောင်းနှင်နိုင်ခဲ့တယ်။ အဲဒီကားကို ၁၉၉၇ ခုနှစ်မှာ စတင် စမ်းသပ်မော်င်းနှင်ခဲ့တယ်။ စထရောဘဲလ်က ကုမ္ပဏီဥက္ကဋ္ဌ တွမ်ဂေ့ဂ်ျကိုပြောပြီး အီလွန်မတ်ကို အဲဒီကား မောင်းခွင့်ပေးဖို့ တောင်းခံတယ်။ တွမ်ဂေ့ဂ်ျ တောင်းခံတာကို ခွင့်ပြုတယ်။ အီလွန်မတ်လည်း အဲဒီကားကို မောင်းကြည့်ပြီး အလွန်သဘောကျသွားတယ်။ သူအရင်ကမြင်ဖူးတဲ့ အိပက်အိပက်သွားတဲ့ လျှပ်စစ်ကားတွေနဲ့မတူဘဲ အမြန်မောင်းနိုင်တာကို သဘောကျတာပါ။ ဒါကြောင့် အီလွန်မတ်က AC Propulsion ကုမ္ပဏီကို ကမ်းလှမ်းတယ်။ အဲဒီကားကို စီးပွားဖြစ် ထုတ်လုပ်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်မယ်လို့ပါ။ ဒါပေမဲ့ ကုမ္ပဏီက ငြင်းတယ်။ *"AC Propulsion က လူတွေဟာ နည်းပညာမှာ ကျွန်တော်သိသလောက် လူတော်တွေပါ။ ဒါပေမဲ့ သူတို့ဟာ စီးပွားရေး မလုပ်တတ်ကြဘူး။ သူတို့က အီလွန်မတ်ကို eBox ဆိုတဲ့ လျှပ်စစ်ကားထုတ်တာကိုပဲ ရင်းနှီးငွေထည့်ဖို့ ကမ်းလှမ်းတယ်။ eBox ကားဟာ မစွံပါဘူးဗျာ။ အီလွန်မတ် လုံးဝစိတ်မဝင်စားဘူး"* လို့ စထရောဘဲလ်က ပြောပြတယ်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလမှာ အီလွန်မတ်က AC Propulsion ဥက္ကဋ္ဌ တွမ်ဂေ့ဂ်ျကို အီးမေးလ်တစ်စောင် ပို့လိုက်တယ်။ အီးမေးလ်မှာ ရေးထားတာက *"ကျွန်တော် ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်ချင်တာ စွမ်းဆောင်ရည်မြင့်တဲ့ လျှပ်စစ်ကားပါ။ ပက်ကျိုလို ဖြည်းဖြည်းချင်းသွားတဲ့*

eBox လို လျှပ်စစ်ကား၊ *မဟုတ်ပါဘူး*"။

စထရောဘဲလ် သတိမထားတာက အဲဒီအချိန်မှာ ကာရိုလီးနား၊ပြည်နယ် မြောက်ပိုင်းက အလုပ်အတူတွဲလုပ်နေကြသူနှစ်ဦး၊လည်း lithium ion ဘက်ထရီသုံး လျှပ်စစ်ကားထုတ်ဖို့ စိတ်ဝင်စား၊နေကြတယ်ဆိုတာပါ။ အဲဒီနှစ်ဦး၊ဟာ ၁၉၉၇ ခုနှစ်က Nuvo Media ကုမ္ပဏီကို ပူး၊တွဲထူထောင်ကြတဲ့ 'မာတင်အီဘား၊ဟတ်' နဲ့ 'မတ်ခ်တာပင်း၊နင်း' တို့ပါ။ သူတို့ရဲ့ Nuvo Media ကုမ္ပဏီက Rocket eBook လို့ခေါ်တဲ့ စာအုပ်တွေဖတ်လို့ရတဲ့ ပစ္စည်း၊တစ်မျိုး (ယခုခေတ် kindle လို ပစ္စည်း၊မျိုး) ကို ထုတ်တယ်။ ဒါပေမဲ့ အဲဒီအချိန်က လူတွေဟာ စာအုပ်ကို အီလက်ထရောနစ်ပစ္စည်း၊ပေါ်မှာ ဖတ်ရတာကို စိတ်မဝင်စား၊လို့ Rocket eBook ဟာ မအောင်မြင်ဘူး။ ဒါပေမဲ့ အီဘား၊ဟတ်နဲ့ တာပင်း၊နင်း၊တို့ဟာ Rocket eBook ကို ထုတ်လုပ်ရင်း၊နဲ့ ခေတ်မီတဲ့ အီလက်ထရောနစ် လူသုံး၊ပစ္စည်း၊တွေ၊ laptop ကွန်ပျူတာနဲ့ ပေါ့ပါး၊တဲ့ အီလက်ထရောနစ်ပစ္စည်း၊တွေမှာသုံး၊တဲ့ lithium ion ဘက်ထရီတွေအကြောင်း သိလာကြတယ်။ ဒါကြောင့် အဲဒါတွေ စမ်း၊သပ်ထုတ်လုပ်ကြတယ်။ Nuvo Media ကို Gemstar International Group (TV အစီအစဉ်တွေ ထုတ်လွှင့်ပေး၊တဲ့ ကုမ္ပဏီ) က စိတ်ဝင်စား၊လို့ ၂၀၀၀ ပြည့်နှစ် မတ်လမှာ ဒေါ်လာ ၁၈၇ သန်း၊နဲ့ ဝယ်ယူလိုက်တယ်။ အီဘား၊ဟတ်နဲ့ တာပင်နင်း၊တို့ဟာ ကုမ္ပဏီရောင်း၊လိုက်လို့ ပိုက်ဆံတွေ အများ၊ကြီး၊ရလိုက်ကြတယ်။ သူတို့နှစ်ယောက်ဟာ အလုပ်မလုပ်ကြတော့ဘူး။ ဒါပေမဲ့ ဆက်သွယ်မှုတွေ ရှိနေကြတယ်။ သူတို့နှစ်ယောက်စလုံး၊ဟာ Slicon Valley က လူချမ်း၊သာတွေ အများ၊ဆုံး၊နေကြတဲ့ Woodside မြို့မှာ နေကြတယ်။ အနေနီး၊တာကြောင့် မကြာခဏဆုံတွေ့ကြပြီး စီး၊ပွား၊ရေး၊လုပ်ငန်း၊လုပ်ဖို့ တိုင်ပင်ကြတယ်။ "*ကျွန်တော်တို့ဟာ ပေါ်ကြောင်ကြောင် အလုပ်တွေလုပ်ဖို့ တွေ၊ကြတယ်*" လို့ တာပင်း၊နင်း၊က ပြောပြတယ်။ "*အကြံတစ်ခု ရတယ်။ လယ်ယာမြေတွေအတွက် ခေတ်မီ ရေပေး၊စနစ်နဲ့ အိမ်တွေမှာ ရေပေး၊စနစ်တွေပါ။ ဒါပေမဲ့ အဲဒါတွေဟာ အလုပ်ဖြစ်မှာမဟုတ်ဘူး၊ဆိုပြီး တကယ်တမ်း အလုပ်ဖြစ်မယ့်အကြံပဲ စိတ်ကူး၊ကြတော့တယ်*" လို့ သူ ဆက်ပြောပြတယ်။

အီဘားဟတ်ဟာ အလွန်တော်တဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး ကမ္ဘာကြီး ပူနွေးလာတာကို အတော်လေး စိုးရိမ်ပူပန်နေတယ်။ ဒါကြောင့် ကားတွေမှာ လောင်စာဆီသုံးတာကို အစားထိုးဖို့နည်းလမ်းရှာနေတယ်။ Hydrogen fuel cells (ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကနေ လျှပ်စစ်ထုတ်ပြီး ရလာတဲ့ဓာတ်အားကို သိုလှောင်ထားတဲ့ ဘက်ထရီ) ထုတ်ဖို့အကြံကို စဉ်းစားပေမယ့် ဖြစ်နိုင်ခြေ နည်းတယ်ဆိုပြီး အကြံကို ပယ်ချလိုက်တယ်။ သူစိတ်ဝင်စားတာက AC Propulsion ကုမ္ပဏီက ထုတ်လုပ်တဲ့ lithium ion ဘက်ထရီသုံး လျှပ်စစ်ကားတွေပါ။ သူ အဲဒီအကြောင်းကို အင်တာနက်မှာ ဖတ်ဖူးတယ်။ ၂၀၀၁ ခုနှစ်လောက်မှာ သူဟာ လော့စ်အင်ဂျဲလိစ်မြို့က AC Propulsion ကုမ္ပဏီရဲ့ ကားထုတ်တဲ့စက်ရုံကို သွားကြည့်တယ်။ *"စက်ရုံဟာ သူရဲခြောက်မတတ် လူသူကင်းမဲ့နေတယ်။ စက်ရုံကို မကြာခင် ပိတ်သိမ်းတော့မယ်ထင်ပါတယ်"* လို့ အီဘားဟတ်က ပြောပြတယ်။ *"AC Propulsion က သူတို့မှာ အကြွေးတွေရှိနေတယ်ဆိုလို့ အကြွေးဆပ်ဖို့ ကျွန်တော် ဒေါ်လာ ၅ သိန်း ထုတ်ပေးမယ်။ ပြီးတော့ သူတို့ကို လျှပ်စစ်ကားတွေထုတ်ဖို့နဲ့ ကျွန်တော် ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်မယ်လို့ ပြောတယ်။ ဒါပေမဲ့ ကျွန်တော့်ကမ်းလှမ်းမှုကို သူတို့ လက်မခံကြဘူး"* လို့ သူဆက်ပြောတယ်။ ဒါကြောင့် သူဟာ lithium ion ဘက်ထရီသုံးတဲ့ EV* လျှပ်စစ်ကားထုတ်ဖို့ ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထောင်ဖို့ ဆုံးဖြတ်လိုက်တယ်။

အီဘားဟတ်ဟာ သူလုပ်ချင်တဲ့ EV လျှပ်စစ်ကားဒီဇိုင်းကို ကွန်ပျူတာမှာ ရေးဆွဲတယ်။ ကွန်ပျူတာနဲ့ ကားမှာ ပစ္စည်းကိရိယာတပ်ကြည့်ပြီး ကားရဲ့ပုံစံနဲ့ စွမ်းရည်အပြောင်းအလဲကို စမ်းကြည့်တယ်။ နောက်ပြီး ကားရဲ့အလေးချိန်၊ ဘက်

---

* ယနေ့ခေတ်မှာ မော်တော်ကား သုံးမျိုးသုံးစား ရှိနေကြတယ်။ ပထမတစ်မျိုးက ဓာတ်ဆီ ဒီဇယ် သို့မဟုတ် ဓာတ်ငွေ့သုံးတဲ့ အင်ဂျင်တပ် မော်တော်ကားပါ။ ဒုတိယတစ်မျိုးက အင်ဂျင်ရော လျှပ်စစ်ပါသုံးတဲ့ မော်တော်ကားပါ။ Hybrid vehicle လို့ ခေါ်တယ်။ တတိယတစ်မျိုးကတော့ ဘက်ထရီအိုးကထွက်တဲ့ လျှပ်စစ်နဲ့ မောင်းတဲ့ကားပါ။ Electric Vehicle (EV) လို့ ခေါ်ပါတယ်။

ထရီ အရေအတွက်၊ ကားတာယာရဲ့ ခုခံအား၊ ကားကိုယ်ထည်ရဲ့ လေခွင်းအား စတာတွေကို တွက်ကြည့်တယ်။ သူလုပ်မယ့် ကားဒီဇိုင်းဟာ SUV ဆိုတဲ့ လမ်းကြမ်းကြမ်းမှာမောင်းတဲ့ကားနဲ့ ပစ္စည်းတင်တဲ့ ထရပ်ကားမျိုး မဟုတ်ဘူး။ ပေါ့ပါးပြီး ခေတ်မီတဲ့ ပြိုင်ကားလို ကားမျိုးပါ။ အဲဒီကားဟာ မြန်ပြီး မောင်းရတာ ပျော်စရာကောင်းလို့ လူကြိုက်များများမှာ သေချာတယ်။ နောက်တော့ တာပင်းနင်းလည်း သူနဲ့ပူးပေါင်းပြီး လျှပ်စစ်ကားဒီဇိုင်းလုပ်တယ်။ သူတို့ အဲဒါကိုလုပ်နေတုန်းမှာ ကာလီဖိုးနီးယားအခြေစိုက် တိုယိုတာကားကုမ္ပဏီက Toyota Prius ဆိုတဲ့ EV လျှပ်စစ်ကားကို ထုတ်လုပ်လိုက်တယ်။ ချမ်းသာတဲ့လူတွေ အဲဒီကားကို ဝယ်ကြတယ်။ *"လျှပ်စစ်ကားကို ဝယ်ကြသူတွေရဲ့ ပျမ်းမျှဝင်ငွေဟာ တစ်နှစ်ကို ဒေါ်လာ ၂သိန်းလောက် ရှိတယ်လို့ ကျွန်တော် သတိထားမိတယ်"* လို့ တာပင်းနင်းက ပြောပြတယ်။ ဈေးကြီးတဲ့ Lexus, BMW နဲ့ Cadillac ကားဝယ်လေ့ရှိသူတွေဟာ လျှပ်စစ်ကားကိုလည်း သဘောကျကြတယ်။ EV လျှပ်စစ်ကားဟာ အမေရိကန်နိုင်ငံမှာ တစ်နှစ်ကို ဒေါ်လာ ၃ ဘီလီယံရောင်းနိုင်တဲ့ ဈေးကွက်ကြီးဖြစ်လာမယ်လို့ အီဘားဟတ်နဲ့ တာပင်းနင်းတို့ ခန့်မှန်းတွက်ချက်မိကြတယ်။

၂၀၀၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှာ သူတို့နှစ်ယောက်ဟာ ကုမ္ပဏီတစ်ခု ထောင်လိုက်ကြတယ်။ ကုမ္ပဏီကို Tesla Motors (တက်စလာ မော်တာစ်) လို့ နာမည်ပေးလိုက်ကြတယ်။ အဲဒီနာမည်ပေးရတဲ့ အကြောင်းက လျှပ်စစ်မော်တာကို ကမ္ဘာမှာ ပထမဆုံးတီထွင်ခဲ့သူ Nikola Tesla ကို ဂုဏ်ပြုချင်လို့ဖြစ်သလို Tesla နာမည်ဟာ ခေါ်ရတာကောင်းလို့လည်း ဖြစ်လို့ပါ။ သူတို့ဟာ ကာလီဖိုးနီးယားပြည်နယ်၊ Menlo Park မြို့ Oak Grove Avenue လမ်းက အိုမင်းဟောင်းနွမ်းနေတဲ့ အမှတ် ၈၄၅ အဆောက်အဦးမှာ အခန်းငယ် ၂ ခန်းပါတဲ့ တိုက်ခန်းကိုငှားပြီး Tesla ကုမ္ပဏီရုံးခန်း ဖွင့်လိုက်တယ်။ ရုံးခန်းထဲမှာ စားပွဲ ၃ လုံး ထားတယ်။ စားပွဲနှစ်လုံးမှာ အီဘားဟတ်နဲ့ တာပင်းနင်းတို့ ထိုင်ကြတယ်။ လအနည်းငယ်ကြာတော့ တတိယစားပွဲမှာ 'အီယန်ရိုက်'ဆိုတဲ့ အင်ဂျင်နီယာ တစ်ယောက် လာထိုင်တယ်။ အီယန်ရိုက်ဟာ အီဘားဟတ်တို့နှစ်ယောက်နဲ့

Woodside မြို့မှာ အိမ်နီးချင်းဖြစ်ပြီး ကွန်ပျူတာ networking ကုမ္ပဏီတစ်ခုကို ထူထောင်ထားတယ်။ ရင်းနှီးမြှုပ်နှံသူတွေက ငွေမထည့်ဝင်ကြတာကြောင့် ပိုက်ဆံ မရှိတော့တာနဲ့ သူ့ကုမ္ပဏီကိုပိတ်လိုက်ပြီး သူငယ်ချင်းတွေဖြစ်ကြတဲ့ အီဘားဟတ် တို့ရဲ့ Tesla ကုမ္ပဏီမှာ လာရောက်လုပ်ကိုင်တယ်။ အီဘားဟတ်၊ တာပင်းနင်းနဲ့ အီယန်ရိုက်တို့ဟာ သူတို့ကုမ္ပဏီမှာ ရင်းနှီးငွေထည့်ဝင်ဖို့ လူတွေကို လိုက်လံစည်းရုံးကြတယ်။ *"ကျွန်တော်တို့ Woodside က ဘားတစ်ခုမှာ ချမ်းသာတဲ့ အမျိုးသမီး မိတ်ဆွေတစ်ယောက်နဲ့ တွေ့ကြတယ်။ ကျွန်တော်တို့လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံဖို့ ပြောတော့ သူ စိတ်ဝင်စားသွားတယ်"* လို့ တာပင်းနင်းက ပြောပြတယ်။ *"ကျွန်တော်တို့က EV လျှပ်စစ်ကား၊ ထုတ်မယ်လို့လည်း ပြောလိုက်ရော သူက ရှင်တို့ နောက်နေကြတာလား လို့ ပြန်ပြောပြီး အနားက ထွက်သွားတုယ်ဗျ"* လို့ သူ ဆက်ပြောတယ်။

သူတို့သုံးယောက်ဟာ ၂၀၀၄ ခုနှစ် ဇန်နဝါရီလကစပြီး ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်မယ့်သူတွေကို ရှာဖွေကြတယ်။ ခက်တာက ရင်းနှီးမြှုပ်နှံသူတွေဟာ နည်းပညာနဲ့ပတ်သက်လို့ နားမလည်ကြဘူး။ ဒါကြောင့် Tesla ထူထောင်သူတွေ ရှင်းပြကြတဲ့ လျှပ်စစ်ကားရဲ့ အလားအလာကို မမြင်ကြဘူး။ သူတို့ထဲက Compass Technology Partners နဲ့ SDL Ventures ကုမ္ပဏီနှစ်ခုပဲ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားပုံ ပြကြတယ်။ Compass Technology ကုမ္ပဏီရဲ့ ပိုင်ရှင်ဟာ အီဘားဟတ်၊ တာပင်းနင်းတို့နဲ့ ခင်မင်ရင်းနှီးတယ်။ *"သူက ခုလိုပြောတယ်ဗျ။ 'ငါ မင်းတို့ပြောတဲ့ လျှပ်စစ်ကားကို သိပ်မယုံပါဘူး။ ဒါပေမဲ့ ငါဟာ လွန်ခဲ့တဲ့ အနှစ် ၄၀ လုံးလုံး ကားထုတ်တဲ့ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံခဲ့တာမို့ မင်းတို့ကုမ္ပဏီမှာ လည်း ရင်းနှီးမြှုပ်နှံတာပါ' တဲ့"* လို့ တာပင်းနင်းက ပြောပြတယ်။ ဘာပဲဖြစ်ဖြစ် Compass Technology က ရင်းနှီးမြှုပ်နှံငွေတချို့ ရလိုက်တယ်။ ဒါပေမဲ့ မလုံလောက်ဘူး။ ဒါကြောင့် Tesla ကုမ္ပဏီဟာ ဒေါ်လာ ၇ သန်းလောက် ရင်းနှီးမြှုပ်နှံငွေထည့်ဝင်မယ့်သူတစ်ယောက် အမြန်လိုအပ်နေတယ်။

အီဘားဟတ်နဲ့ တာပင်းနင်းတို့ဟာ အီလွန်မတ်ကို အများဆုံး ရင်းနှီးမြှုပ်နှံငွေ

ထည့်ဝင်နိုင်မယ့်သူ ဖြစ်နိုင်တယ်လို့ အစောကြီးကတည်းက တွေးမိခဲ့ကြတယ်။ သူတို့ဟာ လွန်ခဲ့တဲ့ ၂ နှစ်လောက်က Mars Society ညီလာခံတစ်ခုမှာ အီလွန်မတ်က ကြွက်တွေကို အင်္ဂါဂြိုဟ်ကို ပို့လွှတ်မယ်လို့ပြောတာကို တွေ့တော့ သူဟာ တခြားလူတွေနဲ့မတူဘဲ ထူးခြားသူမို့ သူတို့ရဲ့လျှပ်စစ်ကားကို စိတ်ဝင်စားလိမ့်မယ်လို့ ထင်ခဲ့ကြတယ်။ အဲဒီလိုထင်တာကို ပိုပြီးထင်ရှားသွားစေတာက AC Propulsion ကုမ္ပဏီဥက္ကဋ္ဌ တွမ်ဂေ့ဂ််က အီဘားဟတ်ကို ဖုန်းဆက်ပြီး အီလွန်မတ်ဟာ EV လျှပ်စစ်ကားထုတ်တဲ့ လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံချင်လို့ လျှပ်စစ်ကားထုတ်သူတွေကို စုံစမ်းရှာဖွေနေကြောင်း ပြောလာခဲ့တာပါ။ အီဘားဟတ်နဲ့ တာပင်းနင်းတို့လည်း မကြာခင် သောကြာနေ့ညမှာ လော့စ်အင်ဂျဲလိစ်မြို့ကို လေယာဉ်ပျံနဲ့သွားပြီး အီလွန်မတ်နဲ့ တွေ့ကြတယ်။ *"စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး အီလွန်မတ်က လျှပ်စစ်ကားနဲ့ပတ်သက်တဲ့ မေးခွန်းတွေ အများကြီးမေးတယ်။ ကျွန်တော်တို့လည်း သူမေးတာတွေကိုပဲ မနားတမ်းဖြေနေရတယ်"* လို့ တာပင်းနင်းက ပြောပြတယ်။ *"တနင်္ဂနွေညမှာ ကျွန်တော်တို့ အိမ်ပြန်လာကြတယ်။ အင်္ဂါနေ့မှာ ကျွန်တော်နဲ့ အီဘားဟတ် လေယာဉ်ပျံစီးပြီး သူနဲ့ သွားတွေ့ပြန်တယ်။ ဒီအခါမှာ သူက 'အိုကေ၊ ငါ ရင်းနှီးငွေထည့်မယ်' လို့ ပြောတယ်"* လို့ သူ ဆက်ပြောတယ်။

အီဘားဟတ်နဲ့ တာပင်းနင်းတို့ဟာ ရင်းနှီးမြှုပ်နှံမယ့် အီလွန်မတ်ကိုရခြင်းဟာ ကံကောင်းတယ်လို့ ထင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ အီလွန်မတ်ဟာ သာမန်ရင်းနှီးမြှုပ်နှံသူမဟုတ်ဘဲ အင်ဂျင်နီယာနည်းပညာ နားလည်တတ်ကျွမ်းသူတစ်ယောက် ဖြစ်လို့ပါ။ နောက်ပြီး သူ Tesla မှာ ရင်းနှီးမြှုပ်နှံခြင်းဟာ ငွေကြေးအမြတ်အစွန်းရဖို့သက်သက်မဟုတ်ဘဲ အမေရိကန်နိုင်ငံရဲ့ ရေနံစွမ်းအင် အလွန်အကျွံသုံးစွဲမှုကို လျှော့ချချင်လို့ပါလို့ သူတို့ကိုပြောပြတယ်။ မကြာခင် အီလွန်မတ်ဟာ Tesla မှာ ဒေါ်လာ ၆.၅ သန်းကို ရင်းနှီးမြှုပ်နှံငွေထည့်ဝင်လို့ Tesla ရဲ့ရှယ်ယာအများဆုံး ပိုင်ဆိုင်သူနဲ့ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ ဖြစ်လာခဲ့တယ်။ အီဘားဟတ်ဟာ ကုမ္ပဏီရဲ့ CEO ဖြစ်လာခဲ့တယ်။

အီလွန်မတ်ဟာ Tesla ရဲ့ ဥက္ကဋ္ဌဖြစ်ပြီး မကြာခင်မှာ (မိတ်ဆွေဖြစ်တာ

မကြာသေးတဲ့) စထရောဘဲလ်ကို Tesla က အင်ဂျင်နီယာတွေနဲ့ တွေ့ပေးဖို့ ခေါ်လိုက်တယ်။ အဲဒီအချိန်မှာ စထရောဘဲလ်ဟာ ကုမ္ပဏီတစ်ခု ထောင်ထားပေမယ့် ကုမ္ပဏီဟာ မအောင်မြင်ဘဲဖြစ်နေတယ်။ Menlo Park မှာရှိတဲ့ Tesla ရုံးဟာ သူ့အိမ်နဲ့ မိုင်ဝက်ပဲကွာဝေးလို့ သူ Tesla အကြောင်း သိထားပါတယ်။ သူ Tesla ကို စိတ်ဝင်စားပေမယ့် Tesla အောင်မြင်မယ်လို့ မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ လျှပ်စစ်ကားနဲ့ ပတ်သက်ရင် သူသာ အသိဆုံး၊ အကျွမ်းကျင်ဆုံးပါ။ နောက်ပြီး Tesla ကုမ္ပဏီကို တည်ထောင်သူနှစ်ယောက် (အီဘားဟတ်နဲ့ တာပင်းနင်း) တို့ဟာ EV လျှပ်စစ်ကားနဲ့ပတ်သက်လို့ဘာမှ သိသူတတ်သူတွေ မဟုတ်ကြဘူးဆိုတာလည်း သူ သိထားလို့ပါ။ ဒါပေမဲ့ စထရောဘဲလ်ဟာ အီလွန်မတ်ခေါ်တယ်ဆိုလို့ သွားတွေ့လိုက်တယ်။ သူတို့နှစ်ယောက် ဆွေးနွေးကြပြီး အဲဒီနေ့မှာပဲ အီလွန်မတ်က စထရောဘဲလ်ကို Tesla မှာ တစ်နှစ် လစာ ဒေါ်လာ ၉ သောင်းခွဲနဲ့ အလုပ်ခန့်လိုက်တယ်။ *"ကျွန်တော်ကို Tesla က အတွေ့အကြုံ မရှိတဲ့ အင်ဂျင်နီယာတွေကို ဦးဆောင်ဖို့ တာဝန်ပေးတယ်"* လို့ စထရောဘဲလ်က ပြောပြတယ်။

တကယ်လို့ အဲဒီအချိန်မှာ (မော်တော်ကားထုတ်တဲ့စက်ရုံတွေ အများကြီး ရှိကြတဲ့) Detroit မြို့က ကားထုတ်လုပ်သူတွေဟာ Tesla ကုမ္ပဏီကို လာကြည့်ကြရင် လှောင်ပြောင်ကြမှာပါ။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီမှာ မော်တော်ကားထုတ်လုပ်တာနဲ့ပတ်သက်လို့ ကျွမ်းကျင်သူ တစ်ယောက်မှမရှိဘူး။ အားလုံးဟာ မော်တော်ကား မောင်းတာကို ဝါသနာပါသူတွေ၊ တက္ကသိုလ်မှာ သိပ္ပံစမ်းသပ်မှုလုပ်ဖူးသူတွေပဲ ဖြစ်ကြတယ်။ ပိုပြီးဆိုးတာက Tesla ရဲ့ အင်ဂျင်နီယာအဖွဲ့ဟာ နာမည်ကြီး ကားထုတ်တဲ့ကုမ္ပဏီ အများအပြားရှိတဲ့ Detroit မြို့ကို တစ်ခေါက်မှ မရောက်ဖူးကြဘူး။ ကားတစ်စင်းကို ဘယ်လိုထုတ်ရတယ်ဆိုတာလည်း မသိကြဘူး။ ဒီတော့ သူတို့ဟာ Silicon Valley မှာ အလုပ်လုပ်သလို လုပ်ကြတယ်။ အဲဒါက စမ်းတဝါးဝါးနဲ့ ကောင်းနိုးရာရာကို လုပ်ကိုင်တာပါ။ ဒါပေမဲ့ သူတို့မှာ အားသာချက် တစ်ခုရှိတယ်။ အဲဒါက 18650 lithium ion ဘက်ထရီတွေရဲ့ စွမ်းဆောင်ရည်

အလွန်ကောင်းကြောင်း သိထားကြတယ်။

စထရောဘဲလ်ဟာ Stanford တက္ကသိုလ်က ဥဏ္ဍထက်မြက်ပြီး တက်ကြွတဲ့ ကျောင်းသားတွေနဲ့ အဆက်အသွယ်ရှိလို့ Tesla ကုမ္ပဏီအကြောင်းနဲ့ လျှပ်စစ်ကား တည်ဆောက်မယ့်အကြောင်း သူတို့ကိုရှင်းပြတယ်။ တက္ကသိုလ်မှာ နေရောင်ခြည်စွမ်းအင်သုံးကား တည်ဆောက်ဖို့ စမ်းသပ်နေကြတဲ့ အဖွဲ့က ကျောင်းသားတစ်ယောက်ဖြစ်တဲ့ 'ဂျင်းဘာဒီချက်စကီး' ဟာ စထရောဘဲလ်ရဲ့ ပြောစကားကို နားထောင်ပြီး အလွန်စိတ်ဝင်စားသွားတယ်။ ဒါကြောင့် သူဟာ တက္ကသိုလ် ဆက်မတက်တော့ဘဲ ကျောင်းထွက်ပြီး Tesla မှာ အလုပ်လုပ်ချင်တယ်။ အလုပ်ရမယ်ဆိုရင် လစာ တစ်ပြားတစ်ချပ်မှ မယူမယ့်အပြင် ရုံးခန်းက ကြမ်းပြင်ကို တံမြက်စည်း လှဲပေးမယ်လို့ ကမ်းလှမ်းတယ်။ Tesla ထူထောင်သူတွေလည်း သူ့စိတ်ဓာတ်ကို သဘောကျလို့ တစ်ကြိမ်ခေါ်တွေ့. အင်တာဗျူးပြီး အလုပ်ခန့်လိုက်တယ်။ ဂျင်းဘာဒီဟာ အလုပ်ရတဲ့ညမှာပဲ ရုရှားနိုင်ငံက အနုမြူရေငုပ်သင်္ဘော တည်ဆောက်ရေး အင်ဂျင်နီယာတွေဖြစ်ကြတဲ့ သူ့မိဘတွေဆီဖုန်းဆက်ပြီး Standford တက္ကသိုလ်မတက်တော့ဘဲ လျှပ်စစ်ကားထုတ်မယ့် ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လိုက်ပြီဖြစ်ကြောင်း အကြောင်းကြားတယ်။ သူ့မိဘတွေလည်း သူ့ကို အထင်ကြီးသွားကြတယ်။ ဒီလိုနဲ့ Tesla ကုမ္ပဏီရဲ့ ၇ ယောက်မြောက် ဝန်ထမ်းဖြစ်တဲ့ ဂျင်းဘာဒီဟာ မနက်ပိုင်းမှာ ရုံးမှာအလုပ်လုပ်ပြီး နေ့ခင်းကနေ ညအထိ စထရောဘဲလ်ရဲ့အိမ်က ဖည့်ခန်းထဲမှာ ကွန်ပျူတာတစ်လုံးနဲ့ လျှပ်စစ်ကားရဲ့ စက်ကိရိယာတွေကို သုံးဖက်မြင် 3D ပုံတွေ ဆွဲတယ်။ ပြီးတော့ သူ့အိမ်ဝင်းထဲက ကားထားတဲ့ ရုံမှာ ရှေ့ပြေးဘက်ထရီတွေကို တည်ဆောက်တယ်။ *"အခု ပြန်စဉ်းစားကြည့်မှ အဲဒီအချိန်တုန်းက ကျွန်တော် အတော်ရှားသွပ်ခဲ့မှန်း သိရတယ်"* လို့ ဂျင်းဘာဒီက ပြန်ပြောပြတယ်။

Tesla ကုမ္ပဏီဟာ မကြာခင်မှာ လူငယ်အင်ဂျင်နီယာလေးတွေ လွတ်လွတ်လပ်လပ် သက်သောင့်သက်သာ အလုပ်လုပ်နိုင်ဖို့နဲ့ လျှပ်စစ်ကားထုတ်ဖို့အတွက် Menlo Park မြို့က Tesla ကုမ္ပဏီရုံးကို ၈ မိုင်ကွာဝေးတဲ့ ကာလီဖိုးနီးယား

ပြည်နယ်၊ San Carlos မြို့ရဲ့ Commercial Street လမ်းပေါ်က အမှတ် ၁၀၅၀ နှစ်ထပ် စက်မှုအဆောက်အဦတစ်ခုကို ငှားရမ်းပြီး ပြောင်းရွှေ့လိုက်တယ်။ စတုရန်းပေ တစ်သောင်း ကျယ်ဝန်းတဲ့ အဲဒီနေရာဟာ အကျယ်ကြီးမဟုတ်ပေမယ့် ရှေ့ပြေးလျှပ်စစ်ကားတွေ ထုတ်လုပ်တပ်ဆင်ဖို့ နေရာလုံလောက်မှု ရှိပါတယ်။ အဆောက်အဦရဲ့ ညာဘက် အပြင်မှာ စက်တပ်ဆင်ဖို့ စင်တန်းရှည်ကြီး နှစ်ခု ရှိတယ်။ ပြီးတော့ အဆောက်အဦမှာ ပင့်မ လိပ်တင်လို့ရတဲ့ တံခါးပေါက်ကြီးနှစ်ခု ပါရှိလို့ ကားတွေကို အဆောက်အဦထဲ မောင်းဝင်မောင်းထွက်လို့ ရတယ်။ အီယန် ရိုက်က အဆောက်အဦရဲ့ ဘယ်ဘက်ခြမ်းကို မော်တာလုပ်တဲ့နေရာ၊ ဘက်ထရီ လုပ်တဲ့နေရာ၊ ကားပစ္စည်းတွေထုတ်လုပ်တဲ့နေရာနဲ့ ကားကို အပြီးတပ်ဆင်တဲ့ နေရာတွေဆိုပြီး ခွဲခြားသတ်မှတ်ပေးတယ်။ အဆောက်အဦရဲ့ ညာဘက်ခြမ်းကိုတော့ အရင် ရေပိုက်ပစ္စည်း တပ်ဆင်ရောင်းချတဲ့ကုမ္ပဏီက လုပ်ထားခဲ့တဲ့ စင်တွေ၊ တန်းတွေကို ဖြုတ်ချပြီး ရုံးခန်းလုပ်လိုက်တယ်။ အရင်က အစည်းအဝေးခန်းကိုတော့ မဖျက်ဘဲ ဒီအတိုင်းထားတယ်။ ဂျင်းဘာဒီ ဦးဆောင်တဲ့ ဝန်ထမ်းတွေဟာ စနေနေ့ညကစပြီး ရုံးခန်းကို အဖြူရောင်ဆေး သုတ်ကြတယ်။ တနင်္လာနေ့မနက်မှ ပြီးသွားတယ်။ နောက်တစ်ပတ်မှာ ဝန်ထမ်းတွေဟာ IKEA ပရိဘောဂဆိုင်ကို သွားပြီး သူတို့အတွက် စားပွဲနဲ့ထိုင်ခုံတွေ ဝယ်ကြတယ်။ နောက်ပြီး အွန်လိုင်းကနေ Dell ကွန်ပျူတာ ကုမ္ပဏီကနေ ကွန်ပျူတာတွေ မှာယူကြတယ်။ Tesla ကုမ္ပဏီမှာ လောလောဆယ် တူ၊ ပလာယာ စတဲ့ စက်ကိရိယာတပ်ဆင်တဲ့ toolbox တစ်လုံးတည်း ရှိတယ်။ အီလွန်မတ်ဟာ လော့အင်ဂျဲလိစ်မြို့ကနေ ဒီနေရာကို မကြာခဏ ရောက်လာတတ်တယ်။ ကုမ္ပဏီရုံးသစ်မှာ ပစ္စည်းတွေ ရှုပ်ပွနေတာကို မြင်လို့ သူ စိတ်အနှောင့်အယှက် ဖြစ်မသွားဘူး။ ဘာကြောင့်လဲဆိုတော့ Space X ကုမ္ပဏီ အစပိုင်းမှာလည်း ခုလိုအခြေအနေမျိုးနဲ့ ကြုံတွေ့ခဲ့လို့ပါ။

Tesla ရဲ့ ရှေ့ပြေးလျှပ်စစ်ကားထုတ်ဖို့ မူလအကြံအစည်က AC Propulsion ကုမ္ပဏီက tzero ကားရဲ့ အဓိကကျတဲ့ (ဘက်ထရီအိုးနဲ့ လျှပ်စစ်မော်တာပါတဲ့) စက်ပစ္စည်းကိုယူပြီး Lotus lise ကားဘော်ဒီမှာ တပ်ဆင်လိုက်ဖို့ပါ။ အဲဒီလို

လုပ်ရင် ကြီးကြီးကျယ်ကျယ် ဒီဇိုင်းဆွဲစရာမလိုတော့ဘူး။ ပစ္စည်းကြီးတွေကို ထုတ်လုပ်ဖို့လည်း မလိုတော့ဘူး။ အင်ဂျင်နီယာတွေဟာ လျှပ်စစ်မော်တာကနေ ဘီးတွေကို လှည့်ပတ် ပေးမယ့် transmission ဝင်ရိုးတံကို အမေရိကန်နိုင်ငံထဲက သို့မဟုတ် ဥရောပနိုင်ငံတစ်ခုက ဝယ်ယူပြီး ကျန်တဲ့ ကားအစိတ်အပိုင်းတွေကို အာရှနိုင်ငံတွေက မှာယူဖို့ စဉ်းစားထားကြတယ်။ သူတို့လုပ်ရမှာက ဘက်ထရီတွေနဲ့ ဝါယာကြိုးတွေ တပ်ဆင်တာရယ်နဲ့ လိုအပ်တဲ့ သတ္တုပြားတွေကို ဖြတ်တောက်ပြီး ဂဟေဆော်တဲ့အလုပ်ပါ။ ကားကို အစအဆုံး ထုတ်လုပ်တာမဟုတ်ဘဲ ပစ္စည်းတွေကို တပ်ဆင်တာသက်သက်မို့ အဲဒီအလုပ်ကို စက်မှုအင်ဂျင်နီယာ ၂ ယောက်၊ ၃ ယောက်နဲ့ စက်တပ်ဆင်တဲ့ အလုပ်သမား အနည်းငယ်ပဲ လိုပါတယ်။ ဒါကြောင့် အလုပ်ခန့်ထားတဲ့ အင်ဂျင်နီယာအများစုဟာ အလုပ်မရှိကြလို့ ဟိုယောင်ဒီယောင် လုပ်နေကြတယ်။

ရှေ့ပြေး EV လျှပ်စစ်ကားကို အဓိကလုပ်နေကြတဲ့အဖွဲ့မှာ စထရောဘဲလ်၊ (တက္ကသိုလ်ဆက်မတက်ဘဲ Tesla မှာ အလုပ်ဝင်တဲ့) ဂျင်းဘာဒီချက်စကီးနဲ့ 'ဒေးဗစ်လိုင်းယွန်းစ်' တို့ ပါဝင်ကြတယ်။ လိုင်းယွန်းစ်ဟာ Tesla မှာ အလုပ်ဝင်လာတဲ့ ၁၂ ယောက်မြောက် ဝန်ထမ်းဖြစ်ပြီး ထူးချွန်တဲ့ စက်မှုအင်ဂျင်နီယာတစ်ယောက် ဖြစ်တယ်။ သူဟာ Silicon Valley မှာ ၁၀ နှစ်လောက် အလုပ်လုပ်ခဲ့ဖူးပြီး လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကမှ စထရောဘဲလ်နဲ့ သိကျွမ်းခဲ့တယ်။ တစ်ရက်မှာ စထရောဘဲလ်ဟာ လျှပ်စစ်မော်တော်ဆိုင်ကယ်စီးပြီး 7-Eleven ကုန်စုံဆိုင်ကို ရောက်လာတယ်။ အဲဒီမှာရောက်နေတဲ့ လိုင်းယွန်းစ်က စထရောဘဲလ်ကို မော်တော်ဆိုင်ကယ်အကြောင်း မေးမြန်းရင်း သူတို့နှစ်ယောက် သိကျွမ်းခင်မင်သွားကြတယ်။ အလုပ်မရှိတဲ့ စထရောဘဲလ်ကို လိုင်းယွန်းစ်က သူအလုပ်လုပ်နေတဲ့ ကုမ္ပဏီမှာ အလုပ်သွင်းပေးလိုက်တယ်။ အခုတော့ စထရောဘဲလ်က ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ လိုင်းယွန်းစ်ကို Tesla မှာ အလုပ်သွင်းပေးပြီး သူနဲ့အတူ တွဲလုပ်ခိုင်းတယ်။ အဲဒီအတွက် Tesla လည်း အကျိုးရှိပါတယ်။ "*လိုင်းယွန်းစ်ဟာ ဘယ်အလုပ်မဆို ပြီးမြောက် အောင်လုပ်နိုင်တဲ့ အရည်အချင်းရှိတယ်*" လို့

စထရောဘဲလ်က ပြောပြတယ်။

Tesla ကုမ္ပဏီဟာ ရှေ့ပြေးကားကို ပင့်မပြီး အလုပ်လုပ်ဖို့အတွက် ကရိန်း တစ်စီး ဝယ်လိုက်တယ်။ ပြီးတော့ ပစ္စည်းတပ်ဆင်ရာမှာသုံးဖို့ လက်နက်ကိရိယာ တွေ ဝယ်တယ်။ ညဘိုင်းအလုပ်လုပ်ရင်သုံးဖို့ မီးမောင်းတွေလည်း ဝယ်ယူပြီး တပ်ဆင်တယ်။ လျှပ်စစ်အင်ဂျင်နီယာတွေဟာ အင်ဂျင်/မော်တာအပိုင်းကနေ ခြေနင်းပစ္စည်းတွေ၊ ကားဒိုင်ခွက်က မီတာတွေနဲ့ ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ ကို လေ့လာကြတယ်။ သူတို့လုပ်နေကြတဲ့ အလုပ်တွေထဲမှာ နည်းပညာအဆင့် အမြင့်ဆုံးက battery စနစ်ပါ။ သူတို့ဟာ lithium ion ဘက်ထရီအလုံးပေါင်း ရာချီပြီး ချိတ်ဆက်သုံးဖို့ ကြိုးစားနေကြတယ်။ ဒီအလုပ်မျိုးကို အရင်က ဘယ်သူမှ မလုပ်ဖူးခဲ့လို့ Tesla ဟာ တခြားကုမ္ပဏီတွေထက် ဘက်ထရီစနစ်မှာ ရှေ့က ပြေးနေပါတယ်။

Tesla အင်ဂျင်နီယာတွေဟာ လျှပ်စစ်ကားအတွက် ဘက်ထရီတွေကို အမျိုးမျိုး စမ်းသပ်ကြည့်ကြတယ်။ ဘက်ထရီ အလုံး ၇၀ ကို ကော်နဲ့ကပ်ပြီး လျှပ်စစ် လွှတ်တဲ့အခါ အပူချိန် ဘယ်လောက်တက်သလဲနဲ့ လျှပ်စစ်အား ဘယ်လောက် ဆွဲသလဲဆိုတာ တိုင်းတာကြည့်ကြတယ်။ ဘက်ထရီ ၁၀ လုံးကို တွဲဆက်ထားပြီး လေနဲ့ အအေးခံစနစ်၊ ရေနဲ့ အအေးခံစနစ်တွေ သုံးကြည့်ကြတယ်။ နောက်ဆုံးမှာ သူတို့ဟာ အလုပ်ဖြစ်မယ့် ဘက်ထရီအတွဲကြီးကို တီထွင်ပြီး သူတို့ဝယ်ထားတဲ့ ကားထဲထည့်ကြည့်တော့ မဝင်ဘူး။ ဒါကြောင့် ကားဘော်ဒီရဲ့ ဘေးနှစ်ဖက်ကို သံပြားနဲ့ ဂဟေဆော်ပြီး ၅ လက်မစီ ချဲ့ကားတယ်။ ပြီးမှ ဘက်ထရီတွဲကို ကား ဘော်ဒီပေါ် ကရိန်းနဲ့ချလိုက်တယ်။ အဲဒါဟာ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာဖြစ်ပြီး ၄ လ အကြာ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ပထမဆုံး EV လျှပ်စစ်ကားကို မောင်းနှင်လို့ရသွားကြတယ်။ ကားကို စုစုပေါင်း လူ ၁၈ ယောက်တည်းနဲ့လုပ်ခဲ့ပြီး Roadster လို့ နာမည်ပေးလိုက်တယ်။ အဲဒီနေ့ ဇန်နဝါရီလ ၂၇ ရက်မှာ Tesla ကုမ္ပဏီမှာ ဘုတ်အဖွဲ့ အစည်းအဝေးရှိတယ်။ အစည်းအဝေးမစခင်မှာ ဘုတ်အဖွဲ့ဥက္ကဋ္ဌ အီလွန်မတ်ဟာ Roadster ကားသစ်

ကို မောင်းကြည့်ပြီး သဘောကျ ပျော်နေတယ်။ ပျော်ရွှင်လွန်းလို့ မကြာခင် Tesla ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၉ သန်း ထပ်မံထည့်ဝင်လိုက်တယ်။ အခု ကုမ္ပဏီမှာ လုပ်ငန်းလည်ပတ်ဖို့ ငွေ ဒေါ်လာ ၁၃ သန်းလောက် ရှိနေပြီ။ ကုမ္ပဏီက Roadster လျှပ်စစ်ကားကို ၂၀၀၆ ခုနှစ် အစောပိုင်းမှာ လူထုကိုရောင်းချဖို့ စီစဉ်တယ်။

ဒုတိယမြောက် EV ကားဖြစ်တဲ့ နောက်ထပ် Roadster ကားတစ်စီးကို လအနည်းငယ်အကြာမှာ ထုတ်လုပ်ပြီးသွားတဲ့အခါ အင်ဂျင်နီယာတွေဟာ သူတို့ ထုတ်တဲ့ကားမှာ ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်ကြီးတစ်ခုရဲ့ အတိုင်းအဆကို သိအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်ရေးနေ့ ညပိုင်းမှာ သူတို့ဟာ Woodside အရပ်က အီဘားဟတ်ရဲ့ ခြံဝင်းထဲမှာ စမ်းသပ်မှုတစ်ခု လုပ်ကြတယ်။ စမ်းသပ်ရင်း ပေါက်ကွဲ တာတွေဖြစ်လာရင် ဆူညံတဲ့ မီးရှူးမီးပန်းလွှတ်သံတွေက ဖုံးလွှမ်းသွားတာမို့ လူတွေဟာ စမ်းသပ်နေတာကို သတိမထားမိအောင် အဲဒီအချိန်ကို ရွေးချယ်လိုက်တာပါ။ Roadster ကားမှာတပ်တဲ့ ဘက်ထရီအလုံး ၂၀ ကို သံနန်းကြိုးနဲ့ ပူးတွဲ ချည်ထားပြီး ယမ်းကြိုးနဲ့ မီးရှို့လိုက်တယ်။ *"ဘက်ထရီအိုးတွေပေါက်တာဟာ ဗုံးတွေ တစ်လုံးပြီးတစ်လုံး ပေါက်သလိုပဲ"* လို့ Tesla ရဲ့ ၁၂ ယောက်မြောက် ဝန်ထမ်းနဲ့ စက်မှုအင်ဂျင်နီယာ လိုင်းယွန်းစ်က ပြောပြတယ်။ ဒါဆိုရင် ဘက်ထရီ အိုး အလုံး ၂၀ အစား Roadster မှာ တပ်ဆင်ထားတဲ့ ဘက်ထရီ အလုံး ၇၀၀၀ ပေါက်ကွဲရင် ပေါက်ကွဲမှုဟာ ဘယ်လောက်တောင် ကြီးမားမလဲလို့ အင်ဂျင်နီယာ တွေ တွေးပြီး ကြောက်သွားကြတယ်။ *"လျှပ်စစ်ကားကို အသုံးပြုချင်တဲ့ အကြောင်း တစ်ချက်က ကားမောင်းသူကို မီးလောင်လွယ်တဲ့ ဓာတ်ငွေ့နဲ့ ဓာတ်ဆီ မထိဖို့ရယ်၊ အင်ဂျင်ပေါက်ကွဲမှု စတဲ့ အခြေအနေတွေနဲ့ မကြုံရစေဖို့ဖြစ်ပေမယ့် လျှပ်စစ်ကားရဲ့ ဘက်ထရီပေါက်ကွဲမှုဟာ အဲဒါထက် အဆပေါင်းများစွာဆိုးဝါးတဲ့ အခြေ အနေနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒီအတိုင်းဆိုရင် ချမ်းသာသူတွေဟာ EV လျှပ်စစ်ကားကို စျေးကြီးပေးပြီး ဝယ်စီးကြတော့မှာ မဟုတ်ဘူး။ ကျွန်တော်တို့*

အားလုံး အဲဒီအချက်ကို တွေးမိပြီး စောစောက သောက်ထားတာတွေတောင် အမှု ပြေသွားကြတယ်ဗျ” လို့ လိုင်းယွန်းစက ဆက်ပြောတယ်။

ကုမ္ပဏီက အင်ဂျင်နီယာ ၆ ယောက်နဲ့ ဘက်ထရီပြဿနာကို ဖြေရှင်းဖို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပေးထားတယ်။ သူတို့ ၆ ယောက်ဟာ တခြားအလုပ်တွေကို လုံးဝ လုပ်စရာမလိုတဲ့ ဘက်ထရီတွေ ပေါက်ကွဲမှုမဖြစ်စေမယ့် အစီအစဉ်တွေပဲ အာရုံစိုက် လုပ်ကြရတယ်။ အဲဒီအတွက် စမ်းသပ်မှုတွေလုပ်ဖို့ ငွေအလုံအလောက် ရထား ကြတယ်။ ပထမဆုံးစမ်းသပ်မှုက ကုမ္ပဏီဝင်းထဲမှာ ဘက်ထရီတွေကို ယမ်းနဲ့ မီးရှို့ဖောက်ခွဲတယ်။ အဲဒါကို ပီဒီရိုစက်နဲ့ အနေးရိုက်ကူးပြီး အထပ်ထပ်အခါခါ ပြန်ကြည့်ကြတယ်၊ လေ့လာကြတယ်။ နောက်တော့ အဖွဲ့ဟာ မီးသတ်ဌာနရဲ့ နောက်ဘက်က မြေကွက်လပ်မှာ ဖောက်ခွဲမှုတွေ ထပ်လုပ်ကြတယ်။ ပေါက်ကွဲမှု ကြောင့် မီးလောင်ရင် မီးသတ်ဌာနက မီးအမြန်လာငြိမ်းနိုင်အောင်ပါ။ စမ်းသပ်မှု အမျိုးမျိုးလုပ်ရင်းနဲ့ သူတို့ဟာ ဘက်ထရီတွေရဲ့ အလုပ်လုပ်ပုံကို ပိုပြီး နားလည် လာကြတယ်။ ဒါကြောင့် သူတို့ဟာ ဘက်ထရီတစ်လုံး စပြီးမီးလောင်ရင် အနားက ဘက်ထရီတွေဆီ မီးမကူးအောင်နဲ့ မီးလောင်ပေါက်ကွဲမှုကို အမြန်ဆုံး မီးငြိမ်း သတ်နိုင်တဲ့ နည်းလမ်းတွေ ရှာတွေ့လာခဲ့ကြတယ်။ သူတို့ရဲ့ စမ်းသပ်မှုတွေအတွက် ဘက်ထရီအိုးအလုံးပေါင်း ထောင်သောင်းချီပြီး မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်ရတာ တန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Tesla ဟာ ပြိုင်ဘက်ကုမ္ပဏီတွေထက် ဘက်ထရီနည်းပညာကို အများကြီး ပိုသိသွားလို့ပါ။ ဒါကြောင့်လည်း နောက်လာမယ့်နှစ်တွေမှာ ဘက်ထရီနည်းပညာနဲ့ပတ်သက်ရင် တခြားကုမ္ပဏီတွေဟာ Tesla ကို ဘယ်လိုမှ ယှဉ်နိုင်ကြမှာ မဟုတ်တော့ဘူး။

ပထမဆုံး ရှေ့ပြေး Roadster လျှပ်စစ်ကားနှစ်စင်းကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့တာရယ်၊ ဘက်ထရီနည်းပညာ ကျွမ်းကျင်မှုရယ်နဲ့ လျှပ်စစ်ကား ဆိုင်ရာ နည်းပညာတွေမှာ တိုးတက်အောင်လုပ်နိုင်ခဲ့တာကြောင့် Tesla ကုမ္ပဏီ အပေါ် လူတွေရဲ့ယုံကြည်မှု မြင့်တက်လာတယ်။ ဒါကြောင့် Tesla တံဆိပ်နဲ့ ကား ထုတ်ဖို့ အချိန်ကျပြီလို့ စဉ်းစားမိကြတယ်။ Tesla ရဲ့ ပထမဆုံးအစီအစဉ်က AC

Propulsion ရဲ့ နည်းပညာနဲ့ Elise ကားဘော်ဒီပေါင်းပြီး ရိုးရိုးလျှပ်စစ်ကား ထုတ်ဖို့ပါ။ ဒါပေမဲ့ ကြာလာတာနဲ့အမျှ အီလွန်မတ်နဲ့ ကျန်တဲ့ ဘုတ်အဖွဲ့ဒါရိုက်တာ တွေက ခုလိုပြောလာကြတယ်။ *"လျှပ်စစ်ကားကို လူအများ ဝယ်စေချင်ရင် စျေးကြီးတဲ့ Lotus Elise ကားဘော်ဒီနဲ့ ထုတ်လို့မရဘူး။ အဲဒါထက် စျေးသက်သာအောင် လုပ်ကြရမယ်"* တဲ့။

သူတို့ဟာ Lotus Elise ကားဘော်ဒီပုံစံကို သဘောကျကြပေမယ့် ကားရဲ့ ဘေးတံခါးနှစ်ပေါက်ဒီဇိုင်းကို မကြိုက်ကြဘူး။ တံခါးအောက်ခြေဘောင်ဟာ မြေပြင်အထက် အတော်မြင့်လို့ ကားထဲ ဝင်တာ၊ ထွက်တာ အတော်ခုက္ခရောက်စေတယ်။ နောက်ပြီး ကားဘော်ဒီဟာ ဘက်ထရီတွေထားဖို့နဲ့ ပစ္စည်းထားဖို့ လက်ရှိထက် ပိုရှည်သင့်တယ်လို့ ယူဆကြတယ်။ ဒါ့ပြင် ကားဘော်ဒီကို သံနဲ့လုပ်မယ့်အစား သံထက် ပိုခိုင်မာတောင့်တင်းပြီး အလွန်ပေါ့ပါးတဲ့ carbon fiber သတ္တုကို သုံးချင်တယ်ဆိုပြီး Roadster ရဲ့ကားဒီဇိုင်းနဲ့ပတ်သက်လို့ အီလွန်မတ်က သူ့အမြင် သဘောထားတွေ ပြောပြတယ်။ သူလိုချင်တာက သူမိန်းမ ဂျပ်စတင် ကားထဲကို ကျော်ခွဝင်စရာမလိုဘဲ သက်သက်သာသာနဲ့ ဝင်စေချင်တာပါ။ နောက်တော့ အီလွန်မတ်က Tesla အင်ဂျင်နီယာတွေကို ကားမော်ဒယ်ပုံစံအသစ် လုပ်ခိုင်းလိုက်တယ်။

Tesla က လူတွေကို ရောင်းချဖို့ ထုတ်လုပ်မယ့် Roadster အတွက် ကားမော်ဒယ်ပုံစံလုပ်ဖို့ ကားဒီဇိုင်းကုမ္ပဏီ တစ်ခုကို အလုပ်အပ်လိုက်တယ်။ ဒီဇိုင်းကုမ္ပဏီက ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှာ တကယ့်ကားရဲ့ လေးပုံတစ်ပုံအရွယ် မော်ဒယ်ပုံစံနဲ့ ဖေဖေါ်လမှာ တကယ့်ကားအရွယ် မော်ဒယ်ပုံစံတွေ ထုတ်ပေးတယ်။ *"တကယ့်ကားပုံစံမော်ဒယ်ကို တောက်ပတဲ့ မီးခိုးရောင် Mylar သတ္တုပြားနဲ့ လုပ်ထားလို့ ကားဟာ ပြောင်လက် တောက်ပနေတယ်"* လို့ တာပင်းနင်းက ပြောပြတယ်။ အင်ဂျင်နီယာတွေဟာ အဲဒီမော်ဒယ်ပုံစံကို ကွန်ပျူတာမှာ အရင်ရေးဆွဲပြီး အဲဒီမှာ စက်ပစ္စည်းတပ်ဆင်တာတွေကို ရေးဆွဲကြည့်ကြပြန်တယ်။ အင်္ဂလိပ်ကုမ္ပဏီတစ်ခုကလည်း အဲဒီကားမော်ဒယ်ကို ပလတ်စတစ်နဲ့လုပ်ပြီး

လေခွင်းအား စမ်းသပ်တာတွေလုပ်ပြီး သူတို့ရဲ့စမ်းသပ်ချက်ကို Tesla ဆီ ပို့ပေးတယ်။

Roadster ကားကို တစ်နှစ်လောက် အမျိုးမျိုး ပြင်ဆင်ညှိနှိုင်းတာတွေလုပ်ပြီးတော့ Tesla အတွက် သမိုင်းမှတ်တိုင်စိုက်ထူရမယ့်အချိန် ရောက်လာတယ်။ အဲဒီအချိန် ကုမ္ပဏီမှာ ဝန်ထမ်းဦးရေဟာ ၁၀၀ လောက် ဖြစ်နေပြီ။ Tesla အင်ဂျင်နီယာတွေဟာ အနက်ရောင် Roadster ရှေ့ပြေးကားကို ထုတ်လုပ်လိုက်ကြပြီး EP1 လို့ နာမည်ပေးလိုက်တယ်။ *"အဲဒီကားကိုကြည့်ရတာ အတော်စိတ်လှုပ်ရှားစရာကောင်းတယ်"* လို့ တာပင်းနင်းက ပြောပြတယ်။ EP1 ဟာ Tesla မှာ လက်ရှိ ရင်းနှီးမြှုပ်နှံထားသူတွေကို စိတ်လှုပ်ရှားစေတဲ့အပြင် နောက်ထပ် ရင်းနှီးမြှုပ်နှံချင်သူတွေ ပေါ်လာအောင်လည်း ဆွဲဆောင်နိုင်တယ်။ ရင်းနှီးမြှုပ်နှံချင်သူတွေဟာ အဲဒီကားကိုကြည့်ပြီး စိတ်လှုပ်ရှားတာကြောင့် ကားထဲဝင်ပြီး စမ်းသပ်မောင်းကြည့်ကြတယ်။ ကားကို ဆက်တိုက်မောင်းနေကြလို့ ကားဟာ ပူလာတယ်။ အပူရှိန်ကျသွားအောင် ကားကို ရုံးနောက်ဘက်ယူသွားပြီး ဝန်ထမ်းတွေက ပန်ကာနဲ့ လေမှုတ်ပေးရတာကို လူတွေမမြင်ကြဘူး။ အီလွန်မတ်ဟာ Tesla မှာ နောက်ထပ် ဒေါ်လာ ၁၂ သန်းကို ရင်းနှီးမြှုပ်နှံလိုက်ပြန်တယ်။ J.P Morgan, Compass Technology Partners, Nick Pritzker နဲ့ Google စတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့ ကုမ္ပဏီကြီးတွေလည်း စုစုပေါင်း ဒေါ်လာ သန်း ၄၀ လောက် ရင်းနှီးငွေ ထည့်ဝင်ကြပြန်တယ်။ ဒီလိုနဲ့ Tesla ဟာ ကားတစ်စီးမှ မထုတ်ရသေးဘဲ ငွေကြေးအင်အား တောင့်တင်းလာတယ်။

၂၀၀၆ ခုနှစ် ဇူလိုင်လမှာ Tesla အင်ဂျင်နီယာတွေဟာ အနီရောင် Roadster ရှေ့ပြေးကား နောက်တစ်စီးကို ထပ်မံထုတ်လုပ်ပြီး EP2 လို့ နာမည်ပေးလိုက်တယ်။ Santa Clara မြို့မှာလုပ်တဲ့ ကားပြပွဲမှာ အနက်ရောင် EP1 နဲ့ အနီရောင် EP2 ကားနှစ်စီးကို ယှဉ်တွဲပြထားတယ်။ လူတွေ ကြိတ်ကြိတ်တိုးလာကြည့်ကြသလို သတင်းသမားတွေလည်း ကားတွေအကြောင်းရေးပြီး ကားဓာတ်ပုံတွေကို သတင်းစာတွေမှာ ဖော်ပြပေးကြတယ်။ Roadster ကားနှစ်စီး

စလုံးဟာ နှစ်ယောက်ထိုင်ဖြစ်ပြီး အမိုးပေါ်က နေကာအပေါက်ကို ဖွင့်၊ ပိတ် လို့ ရတယ်။ ရပ်ထားရာက ၄ စက္ကန့်အတွင်း တစ်နာရီ မိုင် ၆၀ နှုန်း မောင်းလို့ရတယ်။ *"ဒီကားတွေမတိုင်ခင်က လျှပ်စစ်ကားအားလုံးဟာ ခုလိုမိုင်နှုန်း မမောင်းနိုင်ကြဘူး"* လို့ အီလွန်မတ်က သတင်းသမားတွေကို ပြောပြတယ်။ ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဖြစ်နေတဲ့ ဟောလီးဝုဒ်ရုပ်ရှင်မင်းသားကြီး 'အာနီးရှဝပ်ဇင်နက်ဂါ' နဲ့ Disney ကုမ္ပဏီရဲ့ CEO 'မိုက်ကယ်အစ်စနား' စတဲ့ ထင်ရှားကျော်ကြားသူတွေလည်း Tesla ကားပြပွဲကို လာရောက်ကြည့်ရှုကြတယ်။ သူတို့အထဲက အတော်များများဟာ EP1, EP2 ကားတွေကို စမ်းမောင်းကြည့်ကြတယ်။ ကားတွေဟာ အကြမ်းခံ မဟုတ်သေးလို့ စထရောဘဲလ်နဲ့ အင်ဂျင်နီယာနှစ်ယောက်ဟာ ကားကို ၅ မိနစ်ပဲ မောင်းခွင့်ပေးပြီး နောက်ကားနဲ့ လဲပေးတယ်။ ကားရဲ့ အပူချိန် အရမ်းတက်လာမှာစိုးလို့ ၅ မိနစ်ထက် ပိုမောင်းခွင့်မပြုတာပါ။ EP1, EP2 Roadster ကားနှစ်စီးဟာ တစ်စီးကို ဒေါ်လာ ၉ သောင်းတန်ပြီး ဘက်ထရီကို တစ်ခါ အားပြည့်အောင်သွင်းထားရင် မိုင် ၂၅၀ အထိ မောင်းနိုင်တယ်လို့ Tesla က ကြေညာတယ်။ Google တီထွင်သူတွေဖြစ်ကြတဲ့ ဆာဂေးဘရင်နဲ့ လယ်ရီပေ့ဂ်တို့အပါအဝင် ချမ်းသာတဲ့ သူဌေးကြီး အယောက် ၃၀ ကလည်း ကားဝယ်ဖို့ စာရင်းပေးကြတယ်။ အီလွန်မတ်က လူ ၄ ယောက်ထိုင်၊ တံခါးပေါက် ၄ ပေါက်ပါတဲ့ ဒေါ်လာ ၅ သောင်းအောက်တန်တဲ့ လျှပ်စစ်ကားကို လာမယ့် ၃ နှစ်အတွင်း ထုတ်နိုင်မယ်လို့ ပြောတယ်။

အီဘားဟတ်က သတင်းသမားတွေကို ပြောတယ်။ Roadster ကားတွေကို မူလရည်မှန်းထားတဲ့ ၂၀၀၆ ခုနှစ် စောစောပိုင်းအစား ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းမှပဲ ထုတ်လုပ်ရောင်းချမယ်လို့ပါ။ Tesla ရဲ့ မဟာဗျူဟာက လျှပ်စစ်ကားတွေကို စျေးကြီးကြီးနဲ့ အရေအတွက်နည်းနည်း စထုတ်ပြီး တဖြည်းဖြည်းနဲ့မှ စျေးသက်သာတဲ့ လျှပ်စစ်ကားကို များများထုတ်သွားဖို့ပါ။ အီလွန်မတ်ရော အီဘားဟတ်တို့နှစ်ယောက်စလုံး အဲဒီမဟာဗျူဟာ အလုပ်ဖြစ်မယ်လို့ ယုံကြည်ကြတယ်။ *"လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ ရောင်စုံတီဗီ စတဲ့ အီလက်ထရောနစ်*

ပစ္စည်းတွေဟာ စထုတ်ထုတ်ချင်းမှာ စျေးအလွန်ကြီးပါတယ်။ နောက်မှ စျေးနှုန်း လျှော့ချပြီး ပစ္စည်းများများထုတ်ပါတယ်။ ကျွန်တော်တို့ အဲဒီလိုလုပ်ဖို့ စီစဉ်ထား ကြတယ်" လို့ အီဘားဟတ်က သတင်းသမားတွေကို ပြောပြတယ်။ မကြာခင်မှာ Roadster ကားတွေအကြောင်း သတင်းစာတွေက အကျယ်တဝင့် ရေးသား ဖော်ပြကြလို့ Roadster ကားကို လူအများကြီး သိလာကြတယ်။

Roadster လျှပ်စစ်ကားတွေဟာ ကားပြပွဲတွေမှာ အလွန် ပေါ်ပြူလာ ဖြစ်လာတယ်။ ဒါကြောင့် ကားပြပွဲကျင်းပသူ အတော်များများက သူတို့ဆီမှာ Roadster ကား လာပြပေးရင် တခြားကားတွေပြသရင်ပေးရတဲ့ အခထက် လျှော့ပေါ့ယူကြတယ်။ Tesla ကားပြတဲ့ရုံကို ကားဝယ်ဖို့ဆိုပြီး စရံငွေ ဒေါ်လာ တစ်သိန်း ချက်လက်မှတ်တွေကိုင်ပြီး လူတွေအများကြီး ရောက်လာကြတယ်။ *"အဲဒီအချိန်အထိ ကုမ္ပဏီဟာ ကားတစ်စီးမှ မရောင်းရသေးဘူး။ ဒါပေမဲ့ ကား ပြပွဲတွေကနေ စရန်ငွေ ဒေါ်လာသန်းပေါင်းများစွာ ရနေတယ်*" လို့ တာပင်းနင်းက ပြောပြတယ်။ ရင်းနှီးမြှုပ်နှံသူတွေ၊ ချမ်းသာသူတွေ၊ Tesla ကုမ္ပဏီဝန်ထမ်းတွေရဲ့ မိတ်ဆွေတွေလည်း ကားဝယ်ဖို့ စာရင်းပေးထားကြတယ်။ Silicon Valley က ချမ်းသာတဲ့သူဌေးတွေဟာ Tesla ရုံးခန်းတံခါးကို လာခေါက်ပြီး ကားဝယ်ဖို့ ရောက်လာကြတယ်။ အီလွန်မတ်နဲ့ ငယ်စဉ်က ဗီဒီယိုဂိမ်း အတူကစားခဲ့ကြပြီး အခု စီးပွားရေးသမားတွေဖြစ်နေကြတဲ့ 'ကွန်စတန်တင် အော့တမာ' နဲ့ 'ဘရုစ် လိစ်' တို့ဟာ တစ်ရက်မှာ Tesla ရုံးခန်းကို ရောက်လာကြတယ်။ အီလွန်မတ်နဲ့ အီဘားဘတ်တို့က သူတို့နှစ်ယောက်ကို Roadster ကားအကြောင်း ရှင်းပြတာနဲ့ အစမ်းမောင်းပြတာကို နှစ်နာရီကြာလုပ်ပြီး ဧည့်ခံကြတယ်။ အဲဒါပြီးတော့ အော့တမာက *"ကျွန်တော် အဲဒီကားတစ်စီး ဝယ်ချင်တယ်*" လို့ ပြောတယ်။ *"အီလွန်မတ်နဲ့ အီဘားဟတ် နှစ်ယောက်စလုံးက အဲဒီကားကို ရောင်းလို့မရသေး ဘူးလို့ ပြောကြတယ်။ ပြီးတော့ အီလွန်မတ်က သူတို့ဖွဲ့ထားတဲ့အဖွဲ့ကို ဝင်ဖို့ပြော တယ်။ ကျွန်တော် အဖွဲ့ဝင်လိုက်တယ်။ ဝင်ကြေးက ဒေါ်လာတစ်သိန်းပါ။ ဒါပေမဲ့ တန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဖွဲ့ဝင်ဖြစ်ပြီးတာနဲ့ အဲဒီကားတွေ စရောင်း*

တဲ့အခါ ကားတစ်စီးကို အလကားရမှာမို့ပါ” လို့ သူ ဆက်ပြောတယ်။

Tesla လျှပ်စစ်ကားထုတ်ဖို့ လုပ်တဲ့အချိန်မှာ ဂ်ကောင်းတာတစ်ခု ဖြစ်လာပါတယ်။ အဲဒါက ကွန်ပျူတာနည်းပညာဟာ အတော်ကြီး တိုးတက်နေပြီ။ ဒါကြောင့် Tesla ဟာ ကွန်ပျူတာနည်းပညာကို အသုံးချတဲ့အတွက် နှစ်ပေါင်းများစွာ တည်ရှိခဲ့ကြတဲ့ ကားကုမ္ပဏီကြီးတွေနဲ့ ကားထုတ်လုပ်ရေးနည်းပညာမှာ အချိန်တိုအတွင်း ယှဉ်ပြိုင်နိုင်လာခဲ့တယ်။ နှစ်အတန်ကြာက ကားကုမ္ပဏီကြီးတွေဟာ ထုတ်လုပ်မယ့်ကားရဲ့ကြံ့ခိုင်မှု၊ စိတ်ချရမှုတွေကို စစ်ဆေးဖို့ ကားအတော်များများကို အရှိန်နဲ့မောင်းပြီး အုတ်နံရံမှာ ဝင်တိုက် စမ်းကြည့်ကြတယ်။ ကားတွေ အများကြီး ပျက်စီးဆုံးရှုံးတယ်။ Tesla ဟာ အဲဒီလိုလုပ်ဖို့ ငွေကုန်ကြေးကျ မခံနိုင်သလို လုပ်စရာလည်း မလိုဘူး။ Roadster ကားတွေ တစ်ခုခုနဲ့တိုက်မိရင် ဘာတွေဖြစ်နိုင်တယ်ဆိုတာကို ကွန်ပျူတာမှာ တကယ်ဖြစ်သလို ဖန်တီးပြီး ကြည့်ကြတယ်။ ကားအတွက် လိုအပ်တဲ့ စမ်းသပ်မှုတွေကို ကွန်ပျူတာမှာ စမ်းသပ်ပေးတဲ့ ကုမ္ပဏီတစ်ခုကိုငှားပြီးလုပ်ခိုင်းလို့ ကားတွေကို ဖျက်ဆီးပစ်စရာမလိုဘူး။ ဒုံပြင် ကားကုမ္ပဏီကြီးတွေရဲ့ကျောက်တုံး၊ ကျောက်ခဲ၊ သတ္တုအစတွေ ခင်းထားတဲ့ ကွန်ကရစ်လမ်းပေါ်မှာ ကားမောင်းစမ်းသပ်မှုကို Tesla က ကားမောင်းစရာမလိုဘဲ ကွန်ပျူတာနဲ့ဖန်တီးပြီး စမ်းသပ်ကြည့်ကြတယ်။ ငွေကုန်ကြေးကျ အများကြီး သက်သာသွားတယ်။

Tesla အင်ဂျင်နီယာတွေဟာ ကားထုတ်တဲ့ ကုမ္ပဏီကြီးတွေရဲ့ ထုတ်လုပ်မယ့်ကားကို စမ်းသပ်ဖို့ အဆင့်များတဲ့ လုပ်ထုံးလုပ်နည်းတွေကို မလိုက်နာကြဘဲ Silicon Valley က တီထွင်သူတွေလုပ်သလို မြန်မြန်ထက်ထက် စမ်းသပ်အဖြေရှာတဲ့နည်း (shortcut method) ကို ကျင့်သုံးကြတယ်။ အဲဒါတွေက ဒီလိုပါ။ ကားထုတ်တဲ့ ကုမ္ပဏီကြီးတွေဟာ ဆွီဒင်နိုင်ငံမြောက်ပိုင်းမှာရှိတဲ့ (မြောက်ဝင်ရိုးစွန်းက) အာတိတ်စက်ဝိုင်းရဲ့ ရေခဲပြင်ကြီးမှာ သူတို့ထုတ်လုပ်မယ့် ကားတွေကို အရှိန်ပြင်းပြင်းမောင်းနေရာက ရုတ်တရက် ကားဘရိတ်ဖမ်းပြီး ကားတာယာရဲ့ လမ်းမျက်နှာပြင်ပေါ် ကုပ်အား ကောင်း၊ မကောင်းကို စမ်းသပ်ကြတယ်။ ကားကို

အဲဒီရေခဲပြင်မှာ သုံးရက်ကြာစမ်းပြီးတော့မှ စမ်းသပ်တွေရှိတဲ့ အချက်အလက်တွေနဲ့အတူ ကားကို ကုမ္ပဏီရုံးချုပ်ကို ပြန်ပို့လိုက်တယ်။ ရုံးချုပ်က အင်ဂျင်နီယာတွေဟာ ကားတာယာရဲ့ ကုပ်အားကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ ဆွေးနွေးအဖြေရှာကြတယ်။ အဲဒီလိုလုပ်တာ ဆောင်းရာသီတစ်ခုလုံး ကုန်သွားတယ်။ ဒါပေမဲ့ Tesla ကုမ္ပဏီက သူတို့လုပ်သလို မလုပ်ဘူး။ အာတိတ်စက်ဝိုင်းက ရေခဲပြင်မှာ မောင်းစမ်းဖို့ လွှတ်လိုက်တဲ့ Roadster လျှပ်စစ်ကားနဲ့အတူ Tesla အင်ဂျင်နီယာတွေ အတူလိုက်ပါသွားကြတယ်။ သူတို့ဟာ ကားကို ရေခဲပြင်မှာစမ်းသပ်ရင်း အချင်းချင်း ဆွေးနွေးတိုင်ပင် အဖြေရှာကြတယ်။ လိုအပ်ရင် လိုအပ်သလို ဆော့ဖ်ဝဲကို ပြင်ရေးကြတယ်။ စက်တွေကို ညှိပေးကြတယ်။ လိုချင်တဲ့ရလဒ်ကို ရပြီဆိုမှ အင်ဂျင်နီယာတွေဟာ ကားနဲ့အတူ ရုံးချုပ်ကို ပြန်လာကြတယ်။ *"BMW ကားကုမ္ပဏီကြီးက ရေခဲပြင်မှာစမ်းသပ်ဖို့ စမ်းသပ်ရေးကုမ္ပဏီ ၃-၄ ခု ငှားထားတယ်။ အဲဒီကုမ္ပဏီတွေဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် အပြစ်ပုံချနေကြလို့ အချိန်တွေမလိုအပ်ဘဲ ကုန်သွားတယ်။ ကျွန်တော်တို့ကတော့ ပြဿနာရှိရင် အချင်းချင်း ဆွေးနွေးတိုင်ပင်ပြီး မြန်မြန်ထက်ထက် ဖြေရှင်းလိုက်ကြတယ်"* လို့ တာပင်းနင်းက ပြောပြတယ်။ ကားကုမ္ပဏီကြီးတွေဟာ စမ်းသပ်တာ နောက်တစ်ခု လုပ်ကြတယ်။ အဲဒါက ထုတ်လုပ်မယ့်ကားဟာ အအေးဒဏ် ဘယ်လောက် ခံနိုင်ရည်ရှိတယ်ဆိုတာကို စမ်းသပ်ဖို့ ကားကို အအေးဓာတ်လွှတ်ထားတဲ့ အလုံခန်းကြီးထဲမှာ ထားပြီး စမ်းသပ်ကြတယ်။ အဲဒီအတွက် စမ်းသပ်ခင်ဗျ အမျှားကြီး ပေးရတယ်။ Tesla အင်ဂျင်နီယာတွေကတော့ ရေခဲမုန်ရောင်းတဲ့ ကားကုမ္ပဏီက အအေးခံစနစ်ပါတဲ့ နောက်တွဲယာဉ်ကြီးတစ်စီးကို ငှားပြီး အဲဒီထဲမှာ ကားကို ထားလိုက်တယ်။ အင်ဂျင်နီယာတွေဟာ သားမွေးခေါင်းစွပ်ပါတဲ့ အလွန်နွေးထွေးတဲ့ ကုတ်အင်္ကျီတွေ ဝတ်ဆင်ပြီးတော့ ကားထဲဝင်ပြီး စမ်းသပ်ကြည့်ကြတယ်။

Tesla ဟာ ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းမှာ လူထုကို Roadster ကားတွေ ရောင်းပေးမယ်လို့ ကြေညာထားခဲ့ပေမယ် ဖြစ်မလာခဲ့ဘူး။ အကြောင်းက Tesla မှာ ပြဿနာတွေနဲ့ ကြုံတွေ့နေရလို့ပါ။ Tesla က အရာရှိကြီးတွေဟာ အမှားကြီး

တစ်ခုကို လုပ်လိုက်ကြတယ်။ အဲဒါက transmission မော်တာလည်အား၊ကို ဘီးများ၊ဆီသို့ ယက်အား၊အဖြစ် ပို့ဆောင်ပေး၊တဲ့ ဂီယာအုံ (transmission) ပါ။ သူတို့ဟာ ကား၊ကိုရပ်ထား၊ရာက မိုင် ၆၀ အမြန်နှုန်း၊ရောက်အောင် အချိန်တို အတွင်း၊ လုပ်ပေး၊နိုင်တဲ့ ဂီယာအုံ့ဖြစ်လာအောင် အင်ဂျင်နီယာတွေကို လုပ်ခိုင်း၊ တယ်။ အဲဒီပစ္စည်း၊တပ်ထား၊တဲ့ကား၊ကို လူတွေ စိတ်ဝင်စား၊ပြီး ကား၊မောင်း၊ရတာကို ပျော်ကြမယ်ထင်လို့ပါ။ အထက်ကညွှန်ကြား၊ချက်ကို ဖြစ်မြောက်စေဖို့ အင်ဂျင် နီယာတွေဟာ အမြန်နှုန်း၊မတူညီကြတဲ့ ဂီယာနှစ်မျိုး၊ကို ဂီယာအုံ့မှာ တပ်ဆင်လိုက် ကြတယ်။ ပထမဂီယာက ကား၊ကို ရပ်ထား၊ရာက ၄ စက္ကန့်အတွင်း၊ တစ်နာရီ မိုင် ၆၀ နှုန်း၊အထိ မောင်း၊နှင်နိုင်ပြီး၊ရင် ဒုတိယဂီယာက တစ်နာရီ မိုင် ၁၃၀ နှုန်း၊အထိ မောင်း၊နှင်နိုင် ဖို့ပါ။ Tesla က ဂီယာအုံ့ဒီဇိုင်း၊လုပ်တဲ့ ကုမ္ပဏီကို သူတို့လိုချင်တဲ့ ဂီယာအုံ့ကို မှာလိုက်တယ်။ အဲဒီကုမ္ပဏီက လုပ်ပြီး၊လို့ ပို့ပေး၊လာတဲ့ ဂီယာအုံ့ကို Tesla က အင်ဂျင်နီယာတွေဟာ စမ်း၊ကြည့်ကြတယ်။ ပထမဂီယာကနေ ဒုတိယ ဂီယာ ပြောင်း၊ချိန်မှာ ဂီယာအုံ့ထဲကနေ ကျိုး၊ပျက်သလို ဆူညံသံကြီး ပေါ်ထွက်လာ တယ်။ *"ကျွန်တော်တို့ ဂီယာအုံ့ မှာလိုက်တုန်း၊က အဆင်ပြေပြီလို့ ထင်ကြတယ်။ ရောက်လာတဲ့ ဂီယာအုံ့ကို စမ်း၊တာ စက္ကန့် ၄၀ ပဲ ကြာတယ်။ ဆူညံသံကြောင့် ကား၊ပျက်စီး၊သွား၊မှာကြောက်လို့ စမ်း၊သပ်တာကို ရပ်ပစ်လိုက်ရတယ်"* လို့ အရင်က Silicon Valley မှာ အင်ဂျင်နီယာလုပ်ခဲ့ဖူး၊ပြီး Tesla ကို ဝင်ရောက်လာတဲ့ ၈၆ ယောက်မြောက် ဝန်ထမ်း၊ဖြစ်တဲ့ 'ဘီလ်ကူရီ' က ပြောပြတယ်။ Tesla က ဂီယာအုံ့ပြဿနာကို ဖြေရှင်း၊နိုင်ဖို့ နောက်ထပ် ကုမ္ပဏီတစ်ခုမှာ အလုပ်အပ်လိုက် တယ်။ သူတို့လုပ်ပေး၊တဲ့ ဂီယာအုံ့ဟာလည်း ပထမဂီယာအုံ့လိုပဲ မကောင်း၊ဘူး။ အဲဒါကိုစမ်း၊သပ်ရင်း ကား၊ကို မိုင် ၁၅၀ ကျော် မောင်း၊ပြီး၊တာနဲ့ ဂီယာအုံ့ဟာ ကျိုး၊ပဲ့ ပျက်စီး၊သွား၊တယ်။ ဒါကြောင့် ဂီယာနှစ်မျိုး၊ပါတဲ့ ဂီယာအုံ့ မလုပ်တော့ဘဲ ဂီယာ တစ်မျိုး၊ပဲပါတဲ့ ဂီယာအုံ့ပဲလုပ်ဖို့ ဆုံး၊ဖြတ်လိုက်ကြတယ်။

ယှဉ်ပမှာလည်း Tesla ကုမ္ပဏီဟာ ပြဿနာနဲ့ ကြုံတွေ့နေရတယ်။ ကုမ္ပဏီက ယိုး၊ဒယား၊ကုမ္ပဏီတစ်ခုနဲ့လက်တွဲပြီး ယိုး၊ဒယား၊နိုင်ငံမှာ ဘက်ထရီထုတ်တဲ့ စက်ရုံ

တစ်ခု တည်ဆောက်ဖို့ သဘောတူလိုက်တယ်။ ယိုးဒယားကုမ္ပဏီက စက်ရုံကို တာဝန်ယူဆောက်လုပ်ပြီး Tesla အင်ဂျင်နီယာတွေက ဘက်ထရီထုတ်လုပ်ရာမှာ ကြီးကြပ်စီမံပေးရမှာပါ။ ယိုးဒယားကုမ္ပဏီက စက်ရုံဆောက်ပြီးပြီလို့ အကြောင်းကြားလာတာကြောင့် အင်ဂျင်နီယာတွေကို ယိုးဒယားကို စေလွှတ်လိုက်တယ်။ အင်ဂျင်နီယာတွေ ရောက်သွားကြတော့ စက်ရုံဟာ အမိုးပဲရှိပြီး အကာမရှိတဲ့ အဆောက်အဦ ဖြစ်နေတယ်။ အဲဒီစက်ရုံသာမကဘဲ အနီးပတ်ဝန်းကျင်က လျှပ်စစ်မီးဖို၊ ကားတာယာနဲ့ လူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့ စက်ရုံတွေမှာလည်း အကာ မရှိကြဘူး။ ဘာဖြစ်လို့ အကာမထားတာလဲဆိုတာ မေးကြည့်တော့ ရာသီဥတုဟာ ပူပြင်းပြီး စိုထိုင်းဆ မျှားလို့ပါတဲ့။ ဒါပေမဲ့ Tesla က ထုတ်လုပ်မယ့် ဘက်ထရီတွေနဲ့ ဘက်ထရီအတွက် အီလက်ထရောနစ်ပစ္စည်းဈေးကို ဆားဓာတ်ပါပြီး စိုထိုင်းတဲ့ပတ်ဝန်းကျင်မှာ အကာမရှိဘဲ ထားလို့မရဘူး။ Tesla ကုမ္ပဏီရဲ့ တောင်းဆိုမှုကြောင့် ယိုးဒယားကုမ္ပဏီက ဒေါ်လာ ၇ သောင်းခွဲ အကုန်အကျခံပြီး စက်ရုံကို အကာတွေကာ၊ အခန်းတွေဖွဲ့ပေးတဲ့အပြင် အခန်းထဲမှာ အပူချိန်ထိန်းတဲ့ ကိရိယာတွေနဲ့ dehumidifier စိုထိုင်းမှုထိန်းစက်တွေ တပ်ပေးတယ်။ ထုတ်လုပ်ပြီးတဲ့ ဘက်ထရီတွေနဲ့ ပစ္စည်းတွေကို အဲဒီအခန်းတွေထဲမှာ ထားပေးတယ်။ Tesla အင်ဂျင်နီယာတွေဟာ အင်္ဂလိပ်စကားနားမလည်တဲ့ ယိုးဒယားအလုပ်သမားတွေကို အီလက်ထရောနစ်ပစ္စည်းကိရိယာတွေ ကိုင်တွယ်သုံးတတ်အောင် ခက်ခက်ခဲခဲ သင်ကြားပေးရတယ်။ အဲဒါတွေ ပြင်ဆင်နေရလို့ ဘက်ထရီတွေကို မထုတ်လုပ်နိုင်သေးဘူး။ ဘက်ထရီမရှိလို့ Roadster ကားတွေကို မထုတ်လုပ်နိုင်ပြန်ဘူး။ ဒါကြောင့် Roadster ကားတွေကို အမြန်ဆုံးထုတ်လုပ်နိုင်ဖို့ Tesla လူကြီးတွေက ခုလို စီစဉ်ကြတယ်။ Tesla က ဘက်ထရီတွေကို တရုတ်နိုင်ငံက မှာယူပြီး ယိုးဒယားနိုင်ငံကို ပို့ခိုင်းတယ်။ ယိုးဒယားက တည်ဆောက်ဆဲစက်ရုံမှာ ဘက်ထရီတွေကို စမ်းသပ်မှုတွေလုပ်တယ်။ စမ်းသပ်ပြီးတဲ့ ဘက်ထရီတွေကို အင်္ဂလန်နိုင်ငံက Lotus ကားစက်ရုံကို ပို့တယ်။ Lotus က Roadster အတွက် ကားဘော်ဒီတွေလုပ်ပြီး ယိုးဒယားကပို့လာတဲ့ ဘက်ထရီတွေကို ကားမှာတပ်ဆင်တယ်။ ပြီးရင်

ကားတွေကို လော့စ်အင်ဂျဲလိစ်မြို့က Tesla ကုမ္ပဏီကို သဘော်နဲ့ ပို့တယ်။ *"Tesla က လူကြီးတွေရဲ့အကြံက ကားတွေကို စျေးသက်သက်သာသာနဲ့ ထုတ်လုပ်ချင်ကြလို့ အာရှနိုင်ငံတွေမှာ အလုပ်အပ်တာပါ။ ဒါပေမဲ့ ပစ္စည်းတွေကို ဟိုပို့ဒီပို့လုပ်ရလို့ သယ်ယူပို့ဆောင်စရိတ်တွေ အများကြီး ပိုကုန်ကျလာတယ်။ ဘက်ထရီတွေ စစ်ဆေးစမ်းသပ်တာ၊ ဘက်ထရီတွေကို ကားမှာတပ်ဆင်တာတွေကို ကျွန်တော်တို့ဆီမှာလုပ်ရင် ကုန်ကျစရိတ် သက်သာမှာပါ။ ဒါပေမဲ့ Tesla က လူကြီးတွေက အဲဒီနည်းဟာ ပိုကောင်းလို့လုပ်တယ်လို့ ထင်ပါတယ်"* လို့ ၁၂ ယောက်မြောက် ဝန်ထမ်းဖြစ်တဲ့ စက်မှုအင်ဂျင်နီယာ လိုင်းယွန်းစ်က ပြောပြတယ်။ အဲဒီအချိန် Tesla မှာ အလုပ်စဝင်လာကြသူတွေဟာ ကုမ္ပဏီရဲ့ စနစ်တကျမရှိ ဖြစ်ကတတ်ဆန်းအခြေအနေတွေကို မြင်တွေ့ပြီး အံ့သြသွားကြတယ်။ အမေရိကန် စစ်တပ်မှာ ၄ နှစ်ကြာ အမှုထမ်းခဲ့ပြီး ဟားဗတ်တက္ကသိုလ်ကနေ စီးပွားရေးပညာနဲ့ MBA ဘွဲ့ရခဲ့တဲ့ 'ရိုင်ယန်ပေ့ါပါ' ဟာ Tesla ကုမ္ပဏီကို ငွေစာရင်းဌာနရဲ့ ညွှန်ကြားရေးမှူးအဖြစ် အလုပ်ဝင်လာတယ်။ သူရဲ့တာဝန်က ကုမ္ပဏီကို အများနှင့် သက်ဆိုင်သော ကုမ္ပဏီ (Public Company) ဖြစ်အောင် လုပ်ပေးဖို့ပါ။ သူရောက်လာပြီး မကြာခင်မှာ ထုတ်လုပ်ရေးဌာနရဲ့ ငွေစာရင်းတွေကို စစ်ဆေးရင်းနဲ့ ဌာနမှူးကို မေးကြည့်တယ်။ *"ကားထုတ်တာ အောင်မြင်အောင် ဘယ်လိုလုပ်သလဲ လို့ပါ။ သူက 'ကျွန်တော်တို့ လုပ်သင့်တာကို လုပ်တယ်ဗျာ။ ကဲကောင်းရင် အောင်မြင်မှာပေ့ါ' လို့ ပြန်ဖြေတယ်။ သူတို့မှာ စနစ်ကျတဲ့အစီအစဉ် ရှိပုံမရကြဘူး"* လို့ ရိုင်ယန်ပေ့ါပါက ပြန်ပြောပြတယ်။

Tesla ကုမ္ပဏီမှာ ကားထုတ်လုပ်ရေးအတွက် ပြဿနာရှိနေတယ်လို့ သတင်းကြားတဲ့ အီလွန်မတ်ဟာ အီဘားဟတ်ရဲ့ ကုမ္ပဏီကို စီမံခန့်ခွဲနေတာကို ဝိုရိမ်သွားတယ်။ ဒါကြောင့် သူက ပြင်ပကုမ္ပဏီတစ်ခုကို အကူအညီတောင်းတယ်။ အဲဒီကုမ္ပဏီက Tesla ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံထားတဲ့ ကုမ္ပဏီတွေထဲက တစ်ခု ဖြစ်တဲ့ Valor Equity ကုမ္ပဏီပါ။ ဒီကုမ္ပဏီဟာ ကုမ္ပဏီတွေ ပစ္စည်းထုတ်လုပ်ရာမှာ အခက်အခဲတွေရှင် ဖြေရှင်းပေးရာမှာ အထူးကျွမ်းကျင်တယ်။ ဒါကြောင့်

Valor Equity ဟာ Tesla မှာ ဖြစ်ပျက်နေတာကို စုံစမ်းကြည့်ပြီးတော့ ကားတွေကို အချိန်မီမထုတ်လုပ်နိုင်ရင် ငွေတွေအများကြီး ဆုံးရှုံးသွားနိုင်တယ်လို့ အီလွန်မတ်ကို ပြောပြတယ်။ အီလွန်မတ်က Tesla မှာ ရင်းနှီးထားတဲ့ သူ့ငွေတွေ မဆုံးရှုံးရအောင် Valor Equity က သူ့ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ 'တင်ဝိုကင်' ကို Tesla ကြံ့တွေ့နေတဲ့ပြဿနာကို ဖြေရှင်းဖို့ တာဝန်ပေးလိုက်တယ်။

ဝိုကင်ဟာ ဗြိတိသျှလူမျိုးဖြစ်ပြီး စက်ရုံသုံး စက်ရုပ်ဘာသာရပ်၊ လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်တွေနဲ့ ဘွဲ့ရထားသူဖြစ်တယ်။ စက်ရုံတွေမှာ ကြံ့တွေ့နေရတဲ့ပြဿနာတွေကို ဖြေရှင်းရာမှာ တော်တယ်လို့ နာမည်ရတယ်။ သူ ဆွစ်ဇာလန်နိုင်ငံမှာ အလုပ်လုပ်နေစဉ်က သတ္တုပြားပေါ်မှာ တံဆိပ်နှိပ်ပေးရတဲ့စက်ရုံဟာ အလုပ်သမားဥပဒေအရ အလုပ်သမားတွေကို တစ်ရက်မှာ ၁၆ နာရီထက် ပိုခိုင်းမရလို့ စက်ရုံရဲ့ ပစ္စည်းထုတ်လုပ်မှုမှာ နောက်ကျနေတယ်။ ဝိုကင်က စက်ရုံကို လူအစား စက်ရုပ်တွေသုံးပြီး စက်ရုံကို ၂၄ နာရီ လည်ပတ်အောင် လုပ်ပေးလိုက်လို့ ပစ္စည်းထုတ်လုပ်မှု မြန်လာတယ်။ သူဟာ Tesla ကုမ္ပဏီကို ရောက်လာကတည်းက အလုပ်လုပ်တဲ့နေရာတွေကို လျှောက်ကြည့်တယ်။ ဝန်ထမ်းတွေနဲ့ စကားပြောတယ်။ မေးခွန်းတွေ မေးတယ်။ သီတင်းပတ်အနည်းငယ်အကြာမှာ အီလွန်မတ်ကို သူ့တွေ့ရှိချက် ပြောပြလိုက်တယ်။ *"ဝိုကင်ပြောလိုက်တာ တကယ့် သတင်းဆိုးပါ။ သူ ပြောတယ်။ Roadster တစ်စီးကို ထုတ်လုပ်ဖို့ ဒေါ်လာ ၂ သိန်းလောက် ကုန်ကျမှာဖြစ်ပြီး Tesla က ကားတစ်စီးကို ဒေါ်လာ ၈ သောင်းခွဲနဲ့ရောင်းဖို့ စီစဉ်ထားတယ်တဲ့။ ကားတစ်စီးရောင်းတိုင်း ဒေါ်လာ တစ်သိန်းခွဲလောက် ရှုံးမှာမို့ ကားများများ ရောင်းရလေ အရှုံးများလေတဲ့။ ကျွန်တော် အကြီးအကျယ် စိတ်ညစ်သွားတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

Tesla ရဲ့ CEO အီဘားဟတ်ဟာ ကုန်ထုတ်လုပ်မှုတိုးစေချင်လို့ သူ့အင်ဂျင်နီယာအဖွဲ့ကို စိတ်ဓာတ်မြှင့်တင်ပေးချင်နေတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမှန်း မသိဘူး။ တစ်ရက်မှာ သူဟာ ထင်ရှားကျော်ကြားတဲ့ ရင်းနှီးမြှုပ်နှံသူ ဂျွန်ဒူးအားရဲ့ ဟောပြောပွဲတစ်ခုကို သွားရောက်နားထောင်တယ်။ ဂျွန်ဒူးအားဟာ

ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် နည်းပညာအသုံးချ ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံထားတယ်။ သူ ပြောတယ်။ သူဟာ ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်ဖို့ အချိန်နဲ့ငွေတွေ အများကြီးပေးပြီး လုပ်နေတယ်။ အဲဒီလိုလုပ်ရတဲ့အကြောင်းက သူ့ကလေးတွေအတွက် သူ့မှာ တာဝန်ရှိတယ်လို့ ယူဆလို့ပါတဲ့။ အီဘားဟတ်လည်း နောက်နေ့မှာ သူ့ ဝန်ထမ်း ၁၀၀ ကျော်ကို စည်းဝေးခန်းမကြီးထဲမှာ စုရုံးစေပြီး စင်မြင့်ပေါ်ကနေ ကုမ္ပဏီရဲ့ အခြေအနေကို ရှင်းပြတယ်။ စင်မြင့်ပေါ်ကပိတ်ကားပေါ်မှာ သူရဲ့ (၅ နှစ်အရွယ်) သမီးငယ်ရဲ့ ဓာတ်ပုံကို ဆလိုက်ထိုးပြထားတယ်။ စင်မြင့်ပေါ်ကနေ စကားပြောပြီးသွားတဲ့ အီဘားဟတ်က စင်အောက်က ဝန်ထမ်းတွေကို မေးခွန်းတစ်ခု မေးလိုက်တယ်။ ဘာကြောင့် စင်မြင့်ပေါ်မှာ သူ့သမီးဓာတ်ပုံကို ပြထားတာလဲတဲ့။ ဝန်ထမ်းတစ်ယောက်က ပြန်ဖြေတယ်။ သူ့သမီးကြီးလာလျှင် Roadster လို လျှပ်စစ်ကားမောင်းမှာမို့ပါတဲ့။ အီဘားဟတ်က ပြန်ဖြေတယ်။ *"အဲဒါ မမှန်ဘူး။ ငါ့သမီးကြီးလာရင် Roadster ကားဆိုတာ မရှိတော့ဘူး။ နောက်ထပ် ကားသစ်တွေ ပေါ်နေပြီ။ သဘောက တယ်လီဖုန်းလိုပေါ့။ အရင်ကပေါ်လာတဲ့ စားပွဲပေါ်တင်ထားတဲ့ ကြိုးတပ်တယ်လီဖုန်းတွေ အခု မရှိတော့ဘူး။ အဲဒါတွေထက် ပိုကောင်းတဲ့ လက်ကိုင်ဖုန်းတွေ ပေါ်လာပြီ။ ထို့နည်းတူပဲ ငါတို့ဟာ Roadster ကို မတီထွင်၊ မထုတ်လုပ်ရင် ကလေးတွေရဲ့ အနာဂတ်မှာ Roadster ထက် ပိုကောင်းတဲ့ကားတွေ ပေါ်လာမှာမဟုတ်ဘူး။ ဒါကြောင့် ငါတို့ Roadster ကို အောင်မြင်အောင်လုပ်ခြင်းဟာ လက်ရှိကလေးတွေရဲ့ အနာဂတ်အတွက် လုပ်ပေးတာလို့ မှတ်ပါ"*။ အီဘားဟတ်ရဲ့စကားကြောင့် အင်ဂျင်နီယာတွေဟာ အားတက်သွားပြီး အလုပ်ကို အရင်ထက် ကြိုးစားလုပ်လာကြတယ်။ တချို့အင်ဂျင်နီယာတွေဟာ တစ်ညလုံး မအိပ်ဘဲ အလုပ်လုပ်ကြတယ်။ *"အားလုံးရဲ့ခေါင်းထဲမှာ ခုလိုအတွေးပဲ ရှိနေကြတယ်။ Roadster ကားကို တည်ဆောက်နေခြင်းဟာ ကုမ္ပဏီအတွက် အမြတ်ရဖို့အတွက်ပဲမဟုတ်ဘဲ ကလေးတွေရဲ့အနာဂတ်မှာ ပေါ်လာမယ့် ကားအတွက်လို့ပါ"* လို့ ကုမ္ပဏီရဲ့ ပြောရေးဆိုခွင့်ရသူ ဒေးဗစ်ဗက်စ်ပရီမီက ပြောပြတယ်။

အီဘားဟတ်ဟာ အဲဒီလို ဝန်ထမ်းတွေကို စိတ်ဓာတ်တက်ကြွအောင် စည်းရုံးနိုင်ပေမယ့် သူဟာ လက်ရှိ CEO ရာထူးနဲ့ ထိုက်တန်ရဲ့လားလို့ အင်ဂျင်နီယာ အတော်များများက သံသယဖြစ်နေကြတယ်။ ကုမ္ပဏီရဲ့ လူကြီးတွေက လည်း အီဘားဟတ်ဟာ အင်ဂျင်နီယာလူတော်တစ်ယောက်ဖြစ်ပြီး ကားတစ်စီး ဖြစ်လာဖို့ သုတေသနလုပ်တာ၊ တီထွင်တာမှာ ကျွမ်းကျင်ပေမယ့် ကားတွေအများကြီး ထုတ်လုပ်နိုင်တဲ့ အရည်အချင်း ရှိရဲ့လားလို့ သံသယရှိနေကြတယ်။ ဘာကြောင့်လဲ ဆိုတော့ သူဟာ ကားထုတ်လုပ်စရိတ် မတန်တဆကြီးတာ၊ ဂီယာအုံ့ပြဿနာနဲ့ ပစ္စည်းမှာယူတာကို ပြင်ပကုမ္ပဏီတွေက အချိန်မီ မပေးသွင်းနိုင်တဲ့ ပြဿနာတွေ ကို မဖြေရှင်းနိုင်လို့ပါ။ အင်ဂျင်နီယာ လိုင်းယွန်းစ်က ခုလိုပြောပြတယ်။ *"ကုမ္ပဏီ တစ်ခုကို စတင်ထူထောင်ခဲ့သူဟာ ကုမ္ပဏီကို ရေရှည်မှာ ဦးဆောင်လမ်းညွှန်မှု ပေးချင်မှ ပေးနိုင်ပါမယ်"* တဲ့။

အီဘားဟတ်နဲ့ အီလွန်မတ်တို့ဟာ နှစ်ပေါင်းအတော်ကြာကြာ Roadster ကားရဲ့ ဒီဇိုင်းဆိုင်ရာကိစ္စတွေနဲ့ အငြင်းပွားခဲ့ကြတယ်။ အဲဒီကိစ္စကလွဲရင် သူတို့ နှစ်ယောက်ဟာ သင့်သင့်မြတ်မြတ် ရှိကြပါတယ်။ နောက်ပြီး ဘက်ထရီနည်းပညာ နဲ့ပတ်သက်ရင် သဘောထားချင်း တိုက်ဆိုင်ကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဆက်ဆံရေး ကို ထိခိုက်စေတာက Roadster ကားထုတ်လုပ်ဖို့ ကုန်ကျစရိတ် ကြီးမြင့်မှုပါ။ အီလွန်မတ်ဟာ စောစောကပြောခဲ့သလို ဝါ့ကင်ရဲ့ပြောပြမှုကြောင့် ကားထုတ်လုပ်တဲ့ ကုန်ကျစရိတ်ဟာ မတန်တဆများနေမှန်း သိသွားတယ်။ အဲဒီလို ကုန်ကျစရိတ် များတာဟာ အီဘားဟတ်က အင်ဂျင်နီယာတွေ ပစ္စည်းဝယ်ရာမှာ ထိန်းချုပ်တာ မလုပ်ဘဲ လွှတ်ထားတယ်လို့ အီလွန်မတ် ထင်နေတယ်။ နောက်ပြီး အီဘားဟတ် ဟာ ကားထုတ်လုပ်ရာမှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို ဒါရိုက်တာဘုတ်အဖွဲ့ ကို အမှန်အတိုင်းမတင်ပြဘဲ ထိမ်ချန်ထားတယ်လို့လည်း ထင်နေတယ်။ လော့စ် အင်ဂျယ်လိစ်မြို့မှာ Motor Press Guild အဖွဲ့က ကြီးမှူးကျင်းပတဲ့ ဟောပြောပွဲမှာ စကားပြောဖို့သွားနေတဲ့ အီဘားဟတ်ဟာ လမ်းမှာ အီလွန်မတ် ဖုန်းခေါ်တာကို ရတယ်။ သူတို့နှစ်ယောက် ကားထုတ်လုပ်မှု ကုန်ကျစရိတ် များတာနဲ့ပတ်သက်ပြီး

ဖုန်းပေါ်မှာ စကားများကြတယ်။ နောက်ဆုံးမှာ အီလွန်မတ်က သူ့ကို CEO ရာထူးက ဖယ်ရှားမယ်လို့ ပြောလိုက်တယ်။ (အီလွန်မတ်ဟာ Tesla ရဲ့ဥက္ကဋ္ဌပါ။ ဒါကြောင့် သူ့မှာ လုပ်ပိုင်ခွင့်ရှိနေတယ်။)

၂၀၀၇ ခုနှစ် သြဂုတ်လမှာ Tesla ရဲ့ဒါရိုက်တာဘုတ်အဖွဲ့က အီဘားဟတ်ကို CEO ရာထူးကနေ ယာယီအဖြစ် အဆင့်လျှော့ချပြီး နည်းပညာဌာနရဲ့ဥက္ကဋ္ဌ ရာထူး တိတွင်ပြီးပေးလိုက်တယ်။ အဲဒီလိုလုပ်လိုက်ခြင်းဟာ မကြာခင်မှာ ကုမ္ပဏီကို ပြဿနာတွေတက်လာစေတယ်။ *"မာတင် (အီဘားဟတ်) ဟာ ရာထူးလျှော့ချခံရတာကို နာကြည်းတာကြောင့် အလုပ်ထဲမှာ နှောင့်ယှက်တာတွေ လုပ်လာတယ်။ ကျွန်တော် မှတ်မိသလောက်ဆိုရင် သူဟာ ရုံးထဲမှာ တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်သွားပြီး ဝန်ထမ်းတွေကို မကျေနပ်ချက်ရှိရင် စီမံခန့်ခွဲရေးအဖွဲ့ကို သွားတွေ့ပြီး ပွင့်ပွင့်လင်းလင်းပြောပြဖို့ မြှောက်ပေးတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ဟာ Roadster ကားကို အချိန်မီထုတ်လုပ်ဖို့ အပြင်းအထန်ကြိုးစားနေကြရတာရယ်၊ ငွေကြေးမလုံလောက်တာရယ်တွေကြောင့် စိတ်ဖိစီးမှုများနေကြတယ်"* လို့ စထရောဘဲလ်က ပြောပြတယ်။ အီဘားဟတ်က ခုလိုထင်နေတယ်။ အင်ဂျင်နီယာတွေသုံးနေတဲ့ ဝယ်ယူတဲ့ ပစ္စည်းစာရင်းကို မှတ်သားတဲ့ ဆော့ဖ်ဝဲလ်ဟာ မမှန်ကန်လို့ ပစ္စည်းအတွက် ကုန်ကျစရိတ်တွေဟာ မမှန်ဘူးလို့ပါ။ သူက အဲဒီအကြောင်း ဒါရိုက်တာဘုတ်အဖွဲ့ကို တင်ပြပေမယ့် ဘုတ်အဖွဲ့က အရေးယူစုံစမ်းတာ မလုပ်ဘူးလို့ ပြောပါတယ်။ နောက်ပြီး ဝါ့ကင်ရဲ့ ကားတစ်စီးထုတ်လုပ်မှု ကုန်ကျစရိတ်ဟာ ချွေကားပြောတာဖြစ်တယ်လို့လည်း ပြောတယ်။ နောက်ဆုံးတော့ အီဘားဟတ်က သူ့ကို CEO ရာထူးကနေ ယာယီ အဆင့်လျှော့ချတာမလုပ်ဘဲ CEO ရာထူးကနေ အပြီးဖယ်ရှားလိုက်ပါလို့ ဒါရိုက်တာဘုတ်အဖွဲ့ကို တောင်းဆိုလိုက်တယ်။ ဒါပေမဲ့ ဘုတ်အဖွဲ့က သဘောမတူဘူး။

လအတန်ကြာသွားပြီးတော့လည်း အီဘားဟတ်ရဲ့အခြေအနေဟာ မပြောင်းလဲဘဲ အရင်လိုပဲ ရုံးထဲမှာ အနှောင့်အယှက်ပေးနေတယ်။ Tesla ဝန်ထမ်းတွေဟာ မိဘတွေ ကွာရှင်းပြတ်စဲလိုက်တော့ အဖေနဲ့အမေ ဘယ်သူနဲ့ အတူနေရမလဲ

ဝေခွဲမရသလို အီဘားဟတ်နဲ့ အီလွန်မတ်ကြားမှာ ဘယ်သူ့စကား နားထောင်ရမှန်းမသိ ဖြစ်နေကြတယ်။ ဒီဇင်ဘာလရောက်တော့ အီဘားဟတ်ဟာ သူ့ကြောင့် ကုမ္ပဏီဝန်ထမ်းတွေ စိတ်ဆင်းရဲရတယ်ဆိုပြီး အလုပ်က နုတ်ထွက်လိုက်တယ်။

Tesla ကုမ္ပဏီက ကြေညာချက် ထုတ်ပြန်တယ်။ အီဘားဟတ်ကို အကြံပေးဘုတ်အဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ကမ်းလှမ်းတယ်လို့ပါ။ ဒါပေမဲ့ အီဘားဟတ်က ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်တယ်။ *"ကျွန်တော် Tesla ကုမ္ပဏီနဲ့ မပတ်သက်တော့ပါဘူး။ ကုမ္ပဏီရဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဝင်အနေနဲ့ရော ဝန်ထမ်းအနေနဲ့ပါ နုတ်ထွက်ထားပါပြီ"* လို့ သူကပြောတယ်။ *"ကျွန်တော့်ကို ကုမ္ပဏီက ဆက်ဆံတာကို မကြိုက်လို့ နုတ်ထွက်လိုက်တာပါ"* လို့ ထပ်ပြောတယ်။ ဒီအချိန်မှာ အီလွန်မတ် ရေးပြီးပို့လိုက်တဲ့ စာတိုလေးတစ်ခုဟာ Silicon Valley က သတင်းစာတစ်စောင်မှာ ပါလာခဲ့တယ်။ အဲဒါက *"အီဘားဟတ် အလုပ်ထွက်သွားတဲ့အတွက် ကျွန်တော် ဝမ်းနည်းပါတယ်။ အဲဒီလိုဖြစ်စေချင်တဲ့ဆန္ဒ ကျွန်တော့်မှာ မရှိပါဘူး။ ဒါရိုက်တာဘုတ်အဖွဲ့က အကြံပေးအဖွဲ့ဝင်လုပ်ဖို့ ကမ်းလှမ်းတာကိုလည်း သူ လက်မခံတဲ့အတွက် စိတ်မကောင်းပါဘူး။ Tesla ကုမ္ပဏီမှာ ကားထုတ်တာနဲ့ပတ်သက်ပြီး ပြဿနာတွေ အများကြီးဖြစ်နေပါတယ်။ တကယ်လို့ သူသာ အဲဒီပြဿနာတွေကို ဖြေရှင်းပေးနိုင်ခဲ့မယ်ဆိုရင် သူဟာ Tesla မှာ ဆက်လက်ရှိနေဦးမှာပါ"* တဲ့။ အီလွန်မတ်ရဲ့စာက အီဘားဟတ်ဟာ Tesla မှာ ဖြစ်နေတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်စွမ်းမရှိဘူး ဆိုတဲ့သဘော သက်ရောက်နေပါတယ်။ ဒါကြောင့် ဒီစာသတင်းစာမှာ ပါလာပြီးကတည်းက အီလွန်မတ်နဲ့ အီဘားဟတ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြတော့တာ ယနေ့ထက်ထိတိုင်ပါပဲ။

၂၀၀၇ ခုနှစ် နှစ်ကုန်ပြီးတော့ Tesla မှာ Roadster ကားထုတ်တာနဲ့ပတ်သက်တဲ့ ပြဿနာတွေ တိုးလာတယ်။ Carbon fiber နဲ့လုပ်ထားတဲ့ ကားဘော်ဒီဟာ ခိုင်ခံ့တောင့်တင်းပြီး ပေါ့ပါးပေမယ့် ဆေးမှုတ်ရခက်တယ်။ ကားဘော်ဒီမှာ ဆေးမစွဲဘူး။ ဒါကြောင့် Tesla က ဆေးမှုတ်တဲ့ကုမ္ပဏီတွေကို စုံစမ်းပြီး ကုမ္ပဏီတစ်ခုကို အလုပ်အပ်လိုက်မှ အဆင်ပြေသွားတယ်။ တစ်ခါတရံ ဘက်ထရီ

တွေမှာ ပျက်စီးတာတွေ ဖြစ်တယ်။ ကားမော်တာမှာ short-circuit (လျှပ်စီးပတ်လမ်း ပြတ်တောက်ခြင်း) ဖြစ်တယ်။ ကားဘော်ဒီရဲ့ ဆက်ထားတဲ့ သတ္တုပြားအကန့်တွေကြားမှာ သိသိသာသာ ဟနေတယ်။ နောက်ပြီး အမြန်နှုန်းမတူညီကြတဲ့ ဂီယာနစ်မျိုးပါတဲ့ ဂီယာအုံဟာ အလုပ်မဖြစ်ဘူးဆိုတာကို သိလိုက်တယ်။ ဒါကြောင့် ကားကို ရပ်ထားရာကနေ စက္ကန့်ပိုင်းအတွင်း မိုင် ၆၀ အထိရောက်စေမယ့် အမြန်နှုန်းတစ်မျိုးပဲရစေမယ့် ဂီယာအုံကိုပဲ သုံးဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အဲဒီအတွက် Tesla အင်ဂျင်နီယာတွေဟာ ကားရဲ့မော်တာ၊ inverter (ဘက်ထရီက ထုတ်ပေးတဲ့ DC လျှပ်စစ်ကို AC လျှပ်စစ်သို့ ပြောင်းပေးတဲ့ ကိရိယာ) တို့ရဲ့ ဒီဇိုင်းတွေကို ပြောင်းလဲပေးရသလို ကားအလေးချိန် လျော့သွားအောင် ပစ္စည်းတချို့ကို ဖြုတ်ချပေးရတယ်။ *"တကယ်တော့ ကျွန်တော်တို့ဟာ ကားတစ်စီးလုံးကို အသစ်ပြန်လုပ်ပေးရသလိုပါပဲဗျာ"* လို့ အီလွန်မတ်က ပြောပြတယ်။

အီဘားဟတ် အလုပ်ထွက်သွားပြီးတော့ Tesla က 'မိုက်ကယ်မားစ်' ကို ယာယီ CEO အဖြစ် အလုပ်ခန့်လိုက်တယ်။ အီလွန်မတ်ကတော့ Tesla ရဲ့ ဥက္ကဋ္ဌအဖြစ် ဆက်ရှိနေဆဲပါ။ မားစ်ဟာ အရင်က အီလက်ထရောနစ်ပစ္စည်းထုတ်တဲ့ Flextronics ကုမ္ပဏီမှာလုပ်ခဲ့ပြီး ကုန်ပစ္စည်းထုတ်လုပ်တာနဲ့ ကုန်ပစ္စည်းပို့ဆောင်တဲ့အလုပ်တွေမှာ အများကြီး အတွေ့အကြုံရှိခဲ့တယ်။ မားစ်ဟာ Tesla မှာ အလုပ်ဝင်ပြီးတာနဲ့ ဝန်ထမ်းတွေကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ ခေါ်ယူတွေ့ဆုံ မေးမြန်းပြီး Roadster နဲ့ပတ်သက်တဲ့ ပြဿနာတွေကို မေးမြန်းစုံစမ်းတယ်။ ပြဿနာတွေကို သိလိုက်ရတော့ အဲဒါတွေကို ဖြေရှင်းဖို့ ဦးစားပေးအဆင့်သတ်မှတ်ပြီး ဖြေရှင်းတယ်။ နောက်ပြီး ဝန်ထမ်းတွေရဲ့ အလုပ်ကို လာချင်တဲ့အချိန် လာကြတာကို စည်းကမ်းတင်းကျပ်လိုက်တယ်။ မနက် ၈ နာရီမှာ အလုပ်ကို ရောက်လာကြရမယ်လို့ပါ။ ဒါဟာ Silicon Valley က ကုမ္ပဏီတွေမှာ အလုပ်ကို လာချင်တဲ့အချိန်မှာ လာလို့ရတဲ့ အကျင့်ကို ပြောင်းလဲလိုက်တာပါ။ ဒုံပြင် အင်ဂျင်နီယာတွေကို Roadster နဲ့ပတ်သက်တဲ့ ပြဿနာတွေကို အမြန်ဆုံး ဖြေရှင်းခိုင်းတယ်။ ဘက်ထရီမှာဖြစ်ပေါ်နေတဲ့ ချိုယွင်းချက်တွေကို ပြင်ဖို့၊ ကားဘော်ဒီက အကန့်တွေကို ၄၀

မီလီမီတာထက် ပိုမဟာအောင်လုပ်ဖို့ စတာတွေပါ။ *"အရင် CEO အီဘားဟတ်ဟာ စည်းကမ်းတင်းကျပ်ရာမှာ အားနည်းတယ်။ အခု CEO မိုက်ကယ်မားစ်ကတော့ ရောက်လာကတည်းက စည်းကမ်းပိုင်းကို အရမ်းတင်းကျပ်တယ်။ နောက်ပြီး အင်ဂျင်နီယာတွေက ဆင်ခြေဆင်လက်ပေးရင် သူက 'မင်း ဘာပဲ ယူဆယူဆပါ။ မင်း ငါခိုင်းတာကို လုပ်ရမယ်။ ဒါပဲ"* လို့ ပြောတတ်တယ်။ သူ့ရဲ့ လုပ်ရပ်ဟာ လောလောဆယ်မှာ ဟန်ကျနေပါတယ်။ အင်ဂျင်နီယာတွေဟာ အရင်ကလို ဆင်ခြေတွေပေးပြီး အလုပ်ဆွဲလုပ်တာမျိုး မလုပ်ရဲကြတော့ဘဲ အလုပ်ကို ကြိုးစားလုပ်လာကြတယ်။ ဒါပေမဲ့ မားစ်ရဲ့ Tesla အပေါ် ရေရှည်မျှော်မှန်းချက်ဟာ အီလွန်မတ်နဲ့ ကွဲလွဲနေပါတယ်။

ဒီအချိန်မှာ Tesla ကုမ္ပဏီဟာ San Carlos မြို့ Bing Street အမှတ် (၁၀၅၀) က ကြီးမားတဲ့ အဆောက်အအုံကြီးတစ်ခုကို ထပ်ငှားပြီး ရုံးခန်းကို အဲဒီမှာ ပြောင်းဖွင့်တယ်။ အဆောက်အအုံကြီးမားတာကို အခွင့်ကောင်းယူပြီး အဆောက်အအုံထဲမှာ ဘက်ထရီစက်ရုံ ဖွင့်တယ်။ ယိုးဒယားနိုင်ငံမှာဖွင့်ထားတဲ့ ဘက်ထရီထုတ်တဲ့စက်ရုံကို ပိတ်လိုက်တယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက် ထုတ်လုပ်ပြီးတဲ့ ဘက်ထရီတွေကို ယိုးဒယားနိုင်ငံကနေ သူတို့ဆီသယ်ရတဲ့စရိတ် သက်သာသွားတယ်။

မိုက်ကယ်မားစ်ဟာ Tesla ကို ရောက်လာပြီး မကြာခင်မှာပဲ ကုမ္ပဏီရဲ့ စိတ်ပျက်ဖွယ်ရာအခြေအနေတွေကို မြင်တွေ့လိုက်ရတယ်။ ကုမ္ပဏီဟာ ကားတစ်စီးတောင် မထုတ်နိုင်သေးဘူး။ ငွေတွေလည်း မြောင်းထဲသွန်ချနေသလို သောက်သောက်လဲ ကုန်နေတယ်။ ကားရောင်းချမယ်လို့ ကြေညာထားတဲ့ရက်တွေကို မကြာခဏ ရွှေ့ဆိုင်းနေတယ်။ အင်ဂျင်နီယာတွေဟာ အလုပ်လုပ်ရာမှာ ရည်မှန်းချက်မရှိဘဲ လုပ်ချင်ရာတွေ လုပ်နေကြတယ်။ ဒါကြောင့် CEO မားစ်ဟာ Tesla ကို အောင်မြင်တဲ့ ကုမ္ပဏီကြီးတစ်ခုဖြစ်လာအောင် လုပ်ဖို့ထက် အခြေအနေပိုဆိုးမသွားခင်မှာ ကုမ္ပဏီကို ရောင်းထုတ်ဖို့ စိတ်ကူးတယ်။ သူ အဲဒီလို စိတ်ကူးရတဲ့အကြောင်းက Tesla ဟာ အခြေအနေပိုဆိုးသွားရင် ရင်းနှီးမြှုပ်နှံထားသူ

တွေရဲ့ ထည့်ဝင်ထားတဲ့ငွေတွေ ရှုံးသွားနိုင်တယ်။ အဲဒါကိုမဖြစ်အောင် တားဆီးချင်လို့ပါ။

ဒါပေမဲ့ အီလွန်မတ်က Tesla ကို ရောင်းထုတ်မယ့်အကြံကို လုံးဝ သဘောမတူဘူး။ အီဘားဟတ်နဲ့ တာပင်းနင်းတို့ ထူထောင်ခဲ့တဲ့ Tesla ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံငွေတွေ အများကြီးထည့်ဝင်တဲ့ သူ့ရည်ရွယ်ချက်ဟာ မော်တော်ကားလုပ်ငန်းမှာ အပြောင်းအလဲကြီးဖြစ်သွားအောင် လျှပ်စစ်ကားကို တီထွင်ထုတ်လုပ်ဖို့ပါ။ ဒါကြောင့် Tesla ကို ရောင်းဖို့ သဘောမတူတာပါ။ ဒါပေမဲ့လည်း လောလောဆယ်မှာ Tesla ရဲ့အခြေအနေ အတော်ဆိုးနေတယ်။ ကားထုတ်ရောင်းရမယ့် အချိန် နောက်ကျနေပြီ။ ဘတ်ဂျက် မလောက်ဘူး။ ကုန်ကျစရိတ် အရမ်းများနေတယ်။ အင်ဂျင်နီယာတွေဟာ ပြဿနာတွေကို မဖြေရှင်းနိုင်ကြဘူး။ အဲဒါတွေကို အီလွန်မတ် ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ သူ Tesla ကို ဘယ်လိုနည်းနဲ့မှ ရောင်းထုတ်တာ မလုပ်ချင်လို့ တစ်ခုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါက မားစ်ကို CEO အဖြစ်က ဖယ်ထုတ်ပစ်လိုက်ဖို့ပါလို့ စထရောဘဲလ်က ပြောပြတယ်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှာ ဒါရိုက်တာဘုတ်အဖွဲ့က 'ဇီးဒရောရီ' ကို မားစ်ရဲ့ CEO ရာထူးမှာ အစားထိုး ခန့်ထားလိုက်တယ်။ ဒရောရီဟာ Silicon Valley မှာ computer memory ကွန်ပျူတာမှတ်ဉာဏ်ပစ္စည်းထုတ်တဲ့ ကုမ္ပဏီကို တည်ထောင်ခဲ့တဲ့ အတွေ့အကြုံရှိခဲ့တယ်။ တကယ်တော့ သူဟာ CEO ရာထူးအတွက် အီလွန်မတ်ရဲ့ဦးစားပေး ပထမလူမဟုတ်ဘဲ ဒုတိယလူပါ။ ဦးစားပေး ပထမလူဟာ သူနေတဲ့ East Coast ကနေ ပြောင်းမလာချင်လို့ ဒရောရီဟာ CEO ဖြစ်လာခဲ့တယ်။ တကယ်တော့ သူ Tesla ကို ရောက်လာတာဟာ လွတ်လပ်ပြီး သြဇာပေးနိုင်တဲ့ CEO တစ်ယောက်အဖြစ်ထက် အီလွန်မတ် ဖြစ်စေချင်တဲ့ ဆန္ဒတွေကို အကောင်အထည်ဖော်ပေးတဲ့သူတစ်ယောက် အဖြစ်ပါ။

တစ်ချိန်တည်းမှာ အီလွန်မတ်ဟာ Tesla ရဲ့ မကောင်းသတင်းတွေကို လျှော့နည်းသွားစေဖို့နဲ့ Tesla ရဲ့ ကောင်းသတင်းတွေကို လူတွေသိအောင် လုပ်တယ်။ ကြေညာချက်တွေ ထုတ်ပြန်တယ်။ သတင်းသမားတွေနဲ့ အင်တာဗျူး လုပ်

ဖြေကြားပေးတယ်။ Roadster ကားဟာ ၂၀၀၈ ခုနှစ်ဆန်းမှာ လူတွေကို ရောင်းချပေးတော့မယ်။ WhiteStar လို့ အမည်ပေးထားတဲ့ တံခါး ၄ ပေါက်ပါ လျှပ်စစ်ဆီဒင်ကားကိုလည်း ဒေါ်လာ ၅ သောင်းနဲ့ ရောင်းပေးမယ်။ WhiteStar ကားတည်ဆောက်ဖို့ စက်ရုံသစ်တစ်ခုကို တည်ဆောက်နေတယ်လို့လည်း ပြောတယ်။ နောက်ပြီး Tesla ကုမ္ပဏီဟာ သူရောင်းချမယ့် လျှပ်စစ်ကားတွေအတွက် showroom ကားပြခန်းအသစ်တွေ တည်ဆောက်နေတယ်လို့လည်း ပြောတယ်။ PayPal က အရာရှိဟောင်းတစ်ဦးဖြစ်တဲ့ 'ဗင့်စ်ဆိုလီတို' ဟာ Menlo Park က ကား showroom ကို ရောက်သွားတယ်။ *"အဲဒီမှာ အီလွန်မတ်က ကားလာကြည့်သူတွေကို ရှင်းပြနေတာ တွေ့ရတယ်။ သူ့ကိုကြည့်ရတာ အလွန်တက်ကြွနေတယ်"* လို့ ဆိုလီတိုက ပြောပြတယ်။ သားရေကျွာကင်အနက်၊ ဘောင်းဘီရှည်ဝတ်ထားတဲ့ အီလွန်မတ်က Roadster ကားဟာ စွမ်းအားပြည့်ပေမယ့် အလွန်ပေါ့ပါးကြောင်း သက်သေပြဖို့ လူသန်ကြီးတစ်ယောက်ကို ကားကို လေထဲမှာ မြှောက်ပြခိုင်းတယ်။ *"လူသန်ကြီးဟာ ကားကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး လေထဲမှာ မြှောက်လိုက်တယ်။ ကားကို မြှောက်ထားစဉ်မှာ လက်နှစ်ဖက်ဟာ တုန်ခါနေတယ်။ နဖူးက ချွေးသီးချွေးပေါက်တွေ ထွက်ကျလာတယ်။ လူတွေဟာ အဲဒီလိုပြတာကို သဘောကျလွန်းလို့ လက်ခုပ်တီး အားပေးကြတယ်"* လို့ ဆိုလီတိုက ဆက်ပြောပြတယ်။ ကားဝယ်မယ့် သူတွေဟာ ကားရောင်းတာ နောက်ကျတာကို မကျေနပ်ဘူးလို့ ပြောကြပေမယ့် အီလွန်မတ် ရှင်းပြတာကို အရေးတယူ နားထောင်ကြတယ်။ ကားဝယ်မယ့်သူ လက်တစ်ဆုပ်စာပဲ ကားရောင်းနောက်ကျလို့ဆိုပြီး ကားအတွက်ပေးထားတဲ့ စပေါ်ငွေကို ပြန်တောင်းကြတယ်။

Tesla က ဝန်ထမ်းတွေဟာ မကြာခင်မှာ Space X ဝန်ထမ်းတွေ မကြာခဏ မြင်တွေ့ခဲ့တဲ့ အီလွန်မတ်ရဲ့ အကျင့်တစ်ခုကို မြင်တွေ့ရတယ်။ ပြင်သစ်နိုင်ငံမှာ Roadster ကားကို တပ်ဆင်နေစဉ် ကားဘော်ဒီမှာ carbon fiber ချပ်ပြားတွေကို တပ်ဆင်ဖို့ အထူးစပယ်ရှယ်လုပ်ထားတဲ့ tools လက်နက်ကိရိယာ မရှိလို့ ရှေ့ဆက်လုပ်မရ ဖြစ်နေတယ်။ အီလွန်မတ်ဟာ အဲဒီပြဿနာကို သူကိုယ်

တိုင် ဖြေရှင်းလိုက်တယ်။ အင်္ဂလန်နိုင်ငံကို သူကိုယ်ပိုင် ဂျက်လေယာဉ်ပျံမောင်းပြီး သွားတယ်။ အဲဒီမှာ လိုအပ်တဲ့ tools တွေကို ဝယ်ယူပြီး ပြင်သစ်နိုင်ငံမှာ ကားတပ်ဆင်နေတဲ့ စက်ရုံထဲအထိ ပို့ပေးလိုက်တယ်။ ဒီလိုနည်းနဲ့ အီလွန်မတ်ဟာ ကားထုတ်လုပ်ပြီးမယ့် ရက်တွေကို အချိန်မကြာစေရအောင် လုပ်လိုက်တယ်။

CEO အီဘားဟတ် လက်ထက်တုန်းက ပစ္စည်းဝယ်ယူစရိတ် မျှားလို့ ကားထုတ်လုပ်စရိတ်ကြီးတဲ့ပြဿနာကို အီလွန်မတ်ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်တယ်။ "*အီလွန်မတ်ဟာ ကားထုတ်လုပ်ကုန်ကျစရိတ်ကို လျှော့ချဖို့ အတော်လေး စိတ်အားထက်သန်နေတယ်*" လို့ ဒွေစာရင်းဌာန ညွှန်ကြားရေးမှူး 'ပေါ်ပါ'က ပြောပြတယ်။ "*သူက တစ်ရက်မှာ ဝန်ထမ်းအားလုံးကို စုရုံးပြီး စကားပြောတယ်။ အလုပ်တွေကို မြန်မြန်ပြီးပြတ်အောင်လုပ်ဖို့အတွက် ဝန်ထမ်းတွေဟာ စနေရော တနင်္ဂနွေမှာပါ အိမ်မပြန်ဘဲ အလုပ်လုပ်ကြရမယ်။ အိပ်ရင် အလုပ်စားပွဲအောက်နားမှာ အိပ်ကြရမယ်တဲ့။ ဝန်ထမ်းတစ်ယောက်က သူပြောတာကို လက်မခံဘူး။ ဝန်ထမ်းအားလုံးဟာ အလုပ်ကို အပြင်းအထန်လုပ်နေကြရပြီး အိမ်မပြန်ရတာ ကြာပြီဖြစ်တာကြောင့် မိသားစုနဲ့အနားယူဖို့ အိမ်ပြန်ချင်ကြတယ်လို့ ပြန်ပြောတယ်။ ဒီတော့ အီလွန်မတ်က ပြန်ပြောတယ်။ 'မင်းတို့တွေ မိသားစုနဲ့ အတူအနားယူချင်ရင် ကုမ္ပဏီ အရှုံးပေါ်လို့ ဒေဝါလီခံတဲ့အခါ အကြာကြီး အနားယူနိုင်ပါတယ်' ''* တဲ့။ ပြီးတော့ သူက ထပ်ပြောသေးတယ်။ "*မင်းတို့ဟာ ငါ့ကို စစ်တပ်ကလာတဲ့သူလို့ ထင်ချင်ထင်ကြမယ်။ ငါ စစ်တပ်ကလာတဲ့သူ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါဟာ အလုပ်ပြီးအောင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ့်ကောင်ဆိုတာ သိထားကြပါ*" တဲ့။ တစ်ချိန်တည်းမှာပဲ ဝန်ထမ်းအားလုံးဟာ အပတ်စဉ် သောကြာနေ့ တိုင်း မနက် ၇ နာရီမှာ စည်းဝေးခန်းမထဲမှာ စုဝေးကြပြီး ဝယ်ယူမယ့်ပစ္စည်းစာရင်းတွေ အီလွန်မတ်ကိုပြပြီး အစစ်ခံကြရတယ်။ သူတို့ဝယ်ချင်တဲ့ ပစ္စည်းတိုင်းရဲ့တန်ဖိုးကို သိနေရမှာဖြစ်သလို အဲဒီပစ္စည်းကို ဘာကြောင့်ဝယ်ချင်တာလဲ ဆိုတာကိုလဲ ခိုင်လုံတဲ့အကြောင်းပြချက် ပေးရတယ်။ ခိုင်လုံတဲ့အကြောင်းပြချက် မပေးနိုင်ရင် အဲဒီပစ္စည်းကိုဝယ်ယူဖို့ အီလွန်မတ် ခွင့်မပြုဘူး။ "*ဝန်ထမ်းတစ်ဦး*

ချင်းစီရဲ့ ဝယ်ယူမယ့် ပစ္စည်းစာရင်းကို *projector* နဲ့ စည်းဝေးခန်းရဲ့နံရံမှာ ဆလိုက်ထိုးပြီးပြထားလို့ အားလုံး မြင်တွေ့ကြရတယ်။ အီလွန်မတ်ဟာ ဂဏန်းပေါင်းစက်လိုပဲ စိတ်နဲ့တွက်ချက်တာ သိပ်မြန်တယ်။ ပြီးတော့ ဆလိုက်ပြထားတာတွေထဲက ဂဏန်းတစ်လုံးမှားနေရင်လည်း သူ ချက်ချင်းမြင်တွေ့တတ်တယ်" လို့ ညွှန်ကြားရေးမှူး ပေါ့ပါက ပြောပြတယ်။ ပေါ့ပါက အီလွန်ရဲ့ အပြုအမူဟာ ရန်လိုတဲ့ပုံပေါ်ပေမယ့် သူကို ကျိုးကြောင်းခိုင်လုံပြီး အချက်အလက် မှန်မှန်ကန်ကန် ရှင်းပြရင် သူ သေချာနားထောင်တယ်လို့လည်း ပြောပါသေးတယ်။ အီလွန်မတ်ရဲ့ အပြင်းအထန် အားထုတ်ကြိုးပမ်းမှုကြောင့် Tesla ရဲ့ ပစ္စည်းဝယ်ယူစရိတ်ဟာ ကျဆင်းလာသလို ကားထုတ်လုပ်မှုစရိတ်လည်း လျော့ကျလာခဲ့တယ်။

Tesla ကုမ္ပဏီနဲ့ပတ်သက်လို့ ပြင်ပမှာ ဘာတွေပြောနေကြသလဲဆိုတာ သိချင်လို့ အီလွန်မတ်ဟာ အင်တာနက်မှာ Google ဝက်ဆိုဒ်ထဲဝင်ပြီး Tesla ကုမ္ပဏီနဲ့ပတ်သက်တဲ့ သတင်းတွေကို နေ့စဉ်ဖတ်တယ်။ သတင်းစာကိုလည်း နေ့စဉ်ဖတ်တယ်။ တကယ်လို့ Tesla နဲ့ပတ်သက်တဲ့ သတင်းဆိုးတစ်ခု တွေ့ရင် သူ့လက်ထောက်တွေထဲက တစ်ယောက်ကို အဲဒီကိစ္စ မှန်၊ မမှန်ဆိုတာ စုံစမ်းခိုင်းတယ်။ မှန်နေရင် Telsa က သက်ဆိုင်တဲ့ဝန်ထမ်းတွေကို ချက်ချင်း အရေးယူဖြေရှင်းခိုင်းတယ်။ နောက်ပြီး သူဟာ သူ့ဝန်ထမ်းတွေရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကိုလည်း အလွန်ဂရုစိုက်တယ်။ တစ်ခါမှာ ဝန်ထမ်းတစ်ယောက်ဟာ သူ့သားရဲ့ မွေးနေ့ပွဲကို မေ့နေလို့ မွေးနေ့ပွဲအခမ်းအနားကို မတက်ဖြစ်ဘဲ ရုံးမှာ အလုပ်လုပ်နေတယ်။ အဲဒီအကြောင်း ကြားသွားတဲ့ အီလွန်မတ်က အဲဒီဝန်ထမ်းဆီ အီးမေးလ်ပို့လိုက်တယ်။ "*မင်းရဲ့အပြုအမူဟာ ခွင့်လွှတ်နိုင်စရာ မရှိဘူး။ အဲဒီအတွက် ငါ အတော်စိတ်ပျက်မိတယ်။ မင်းရဲ့ ဦးစားပေးရမယ့်အရာတွေကို ပြန်ဆန်းစစ်ကြည့်ပါ။ ငါတို့ဟာ ကမ္ဘာကြီးပြောင်းလဲဖို့ ကြိုးစားနေကြတယ်။ အနာဂတ်ကို ပြောင်းလဲဖို့ ကြိုးစားနေကြတယ်။ ဒါပေမဲ့ မင်းဟာ အနာဂတ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တဲ့ မင်းရဲ့သားကို အလေးမထားဘူး*" တဲ့။

စထရောဘဲလ်ဟာ အီလွန်မတ်ကို တစ်ခါတရံ ဝေဖန် အပြစ်ပြောတတ်

ပေမယ့် အီလွန်မတ်ရဲ့ အလျှော့မပေးတဲ့ စိတ်ဓာတ်ကို သဘောကျတယ်။ သူဟာ အီလွန်မတ်ရဲ့လက်အောက်မှာ ၅ နှစ်လောက် လုပ်ကိုင်ပြီးသွားတော့ ပြောင်းလဲသွားတယ်။ အရင်က တိတ်တိတ်ဆိတ်ဆိတ်နေတတ်ပြီး စက်ရုံကြမ်းပြင်မှာ ခေါင်းငုံ့ခြေရှုပ်တိုက်သွားတတ်တဲ့ အင်ဂျင်နီယာတစ်ယောက်ကနေ အကျိုးသင့်အကြောင်းသင့် ရှင်းပြတတ်သူတစ်ယောက် ဖြစ်လာခဲ့တယ်။ အင်ဂျင်နီယာလုပ်ငန်းမှာ မရှိမဖြစ်လူတစ်ယောက် ဖြစ်လာခဲ့တယ်။ ဘက်ထရီအကြောင်း၊ လျှပ်စစ်ကားအကြောင်း တွေနဲ့ပတ်သက်ရင် ကုမ္ပဏီမှာ သူထက်ပိုသိသူ တစ်ယောက်မှမရှိဘူး။ ပြီးတော့ သူဟာ အီလွန်မတ်နဲ့ ဝန်ထမ်းတွေကြားမှာ ကြားခံဆက်သွယ်ပေးသူတစ်ယောက် ဖြစ်လာတယ်။ ဝန်ထမ်းတွေ အီလွန်မတ်ကို မပြောရဲတဲ့ အကြောင်းကိစ္စရှိရင် သူက ကိုယ်စားပြောပေးတယ်။ သူ့ရဲ့ အင်ဂျင်နီယာပညာကျွမ်းကျင်မှုနဲ့ အလုပ်အပေါ် လေးစားမှုတွေကြောင့် အီလွန်မတ်ရဲ့ လေးစားမှုကို ရခဲ့တယ်။ သူဟာ ကုမ္ပဏီမှာ နောက်ထပ် နှစ်ပေါင်းများစွာကြာအောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်။ Roadster နဲ့ နောက်ထပ်ထုတ်မယ့် လျှပ်စစ်ကားတွေ ထုတ်လုပ်ချင်တာရယ်နဲ့ အီလွန်မတ်နဲ့ ဆက်ပြီး လက်တွဲလုပ်ကိုင်ချင်လို့ရယ်ကြောင့် ဖြစ်ပါတယ်။

Tesla ကုမ္ပဏီတည်ထောင်တာ ၅ နှစ်ကျော်လာပြီ။ ခုချိန်ထိ ကားတစ်စီးတောင် မထုတ်နိုင်သေးဘူး။ အင်ဂျင်နီယာတချို့လည်း ၅ နှစ်ကျော်လောက် Tesla မှာ လျှပ်စစ်ကားထုတ်တဲ့ အင်ဂျင်နီယာလုပ်ငန်းကို လုပ်ကိုင်ပြီးသွားကြတော့ ကိုယ်ရောစိတ်ပါ ပင်ပန်းတာကို မခံနိုင်ကြလို့ အလုပ်ထွက်ကုန်ကြတယ်။ Tesla ကုမ္ပဏီထောင်စမှာ ပထမဆုံး အလုပ်ဝင်ခဲ့တဲ့ အင်ဂျင်နီယာ အီယန်ရိုက်ဟာ လူအများဝယ်နိုင်မယ့် စျေးသက်သာတဲ့ လျှပ်စစ်ကားကို Tesla က ဘယ်တော့မှ ထုတ်နိုင်မယ် မဟုတ်ဘူးဆိုပြီး အလုပ်ထွက်သွားတယ်။ လျှပ်စစ်နဲ့မောင်းတဲ့ ထရပ်ကားထုတ်မယ့် ကုမ္ပဏီတစ်ခုကို ထောင်လိုက်တယ်။ ဘာမဆို ဖြစ်အောင်လုပ်တတ်တဲ့ လူငယ်အင်ဂျင်နီယာဖြစ်တဲ့ 'ဂျင်းဘာဒီ' လည်း ကုမ္ပဏီမှာ ဝန်ထမ်းပေါင်း ၃၀၀ ကျော်ဖြစ်လာလို့ သူကို Tesla ရဲ့ လူကြီးတွေက ဂရုမစိုက်တော့ဘူးလို့ ခံစားမိပြီး အလုပ်ထွက်ဖို့ စိတ်ကူးနေတယ်။ အလုပ်ထွက်ပြီးရင် Stanford

တက္ကသိုလ်ကနေ နောက်ထပ် ဘွဲ့နှစ်ခုရအောင်လုပ်ပြီး လျှပ်စစ်ကားတွေအတွက် ဘက်ထရီထုတ်တဲ့ ကုမ္ပဏီတစ်ခုထောင်ဖို့ စိတ်ကူးထားတယ်။ အီဘားဟတ် အလုပ်ထွက်သွားပြီးကတည်းက သူနဲ့အတူ Tesla ကို ပူးတွဲတည်ထောင်ခဲ့တဲ့ တာပင်းနင်းလည်း Tesla မှာ မပျော်တော့ဘူး။ သူဟာ CEO ဇီးဒရောရီနဲ့ မျက်နှာချင်းဆိုင် စကားမပြောဘူး။ သူလည်း အလုပ်ထွက်ဖို့ စဉ်းစားနေတယ်။ ၁၂ ယောက်မြောက် ဝန်ထမ်းဖြစ်တဲ့ စက်မှုအင်ဂျင်နီယာ လိုင်းယွန်းစ်ကတော့ Roadster တည်ဆောက်ဖို့ ဘက်ထရီစနစ်၊ မော်တာ၊ အီလက်ထရောနစ်ပစ္စည်းတွေ လုပ်တဲ့ အင်ဂျင်နီယာအဖွဲ့တွေကို ၅ နှစ်လောက် ဦးဆောင်ခဲ့ရလို့ စထရောဘဲလ် လိုပဲ လျှပ်စစ်ကားနဲ့ပတ်သက်ရင် မသိတာမရှိသူတစ်ယောက် ဖြစ်လာတယ်။ အလုပ်ထဲမှာ ပြဿနာတစ်ခုခုပေါ်တိုင်း အီလွန်မတ်က သူ့ကိုခေါ်ပြီး ဖြေရှင်းခိုင်းတယ်။ မကြာခဏလည်း အီလွန်မတ်ရဲ့ ဆူပူကြိမ်းမောင်းမှုကို ခံရတယ်။ ဒါပေမဲ့ အီလွန်မတ်ဟာ လုပ်ချင်တာ တစ်ခုခုရှိရင် သူနဲ့ပဲ တိုင်ပင်တတ်တယ်။

Tesla ဟာ ကုမ္ပဏီစထောင်ခဲ့စဉ်ကတည်းက အလုပ်ခန့်ခဲ့တဲ့လူတွေ ထွက်ကုန်ကြပေမယ့် ပြဿနာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ တက္ကသိုလ်က ဘွဲ့ရလာတဲ့ အတော်ဆုံးလူငယ်တွေနဲ့ မော်တော်ကားထုတ်တဲ့ ကုမ္ပဏီကြီးတွေက အတွေ့အကြုံများတဲ့လူတွေကို လစာကောင်းကောင်းပေးပြီး ခန့်ထားနိုင်လို့ပါ။ ဒါပေမဲ့ Tesla မှာ ပြဿနာတွေတက်လာတယ်။ အဲဒါတွေဟာ ဝန်ထမ်းတွေ အလုပ်မလုပ်ကြတဲ့ ပြဿနာ၊ အင်ဂျင်နီယာလုပ်ငန်းနဲ့ပတ်သက်တဲ့ ပြဿနာနဲ့ ဈေးကွက်မှာ ကားတွေ စတင်မရောင်းနိုင်သေးတဲ့ ပြဿနာ စတဲ့ ကုမ္ပဏီအတွင်းက ပြဿနာမဟုတ်ပါဘူး။ ကုမ္ပဏီပြင်ပက ပြဿနာပါ။ ၂၀၀၈ ခုနှစ် အရောက်မှာ ကမ္ဘာ့စီးပွားရေးကျဆင်းမှု Global Financial Crisis ကြီး ဖြစ်လာတယ်။ ကုမ္ပဏီအတော်များများဟာ ဒေဝါလီခံပြီး ပိတ်သိမ်းသွားကြရတယ်။ Tesla ဟာ ကုမ္ပဏီမပိတ်သိမ်းရပေမယ့် ငွေအကျပ်အတည်း ဖြစ်နေတယ်။ Roadster ကားတွေထုတ်မယ်ဆိုရင် ဒေါ်လာ သန်းပေါင်း ၁၄၀ လောက် ကုန်ကျမယ်။ ၂၀၀၄ ခုနှစ်က ခန့်မှန်းခဲ့တာက ဒေါ်လာ ၂၅ သန်းပဲ ကုန်မယ်လို့ပါ။ ပုံမှန်အခြေအနေ

ဆိုရင် Tesla က ရင်းနှီးမြှုပ်နှံထားသူဆီက နောက်ထပ် ငွေထပ်ထည့်ဖို့နဲ့ ရင်းနှီးမြှုပ်နှံမယ့်သူ အသစ်တွေ ခေါ်လို့ရတယ်။ ဒါပေမဲ့ ဒီအချိန်ဟာ စီးပွားရေးကျဆင်းနေချိန် ဖြစ်နေတယ်။ အမေရိကန်နိုင်ငံက မော်တော်ကားထုတ်တဲ့ ကုမ္ပဏီကြီးတွေ အတော်များများလည်း ဒေဝါလီခံဖို့ ပြင်ဆင်နေကြပြီ။ အခုဖြစ်ပွားတဲ့ စီးပွားရေးကျဆင်းမှုဟာ ၁၉၂၉ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီး Great Depression ပြီးနောက် အဆိုးဝါးဆုံး ဖြစ်တယ်။ ခုလိုအခြေအနေမှာ အီလွန်မတ်ဟာ Tesla မှာ ရင်းနှီးမြှုပ်နှံထားသူတွေကို နောက်ထပ် ဒေါ်လာ သန်းပေါင်းများစွာ ရင်းနှီးငွေ ထပ်ထည့်စေချင်အောင် ပြောပြဖို့ အကြီးအကျယ် အခက်အခဲတွေ့နေပါတယ်။ *"အခြေအနေကို စဉ်းစားကြည့်စမ်းပါဗျာ။ ခင်ဗျားဟာ လျှပ်စစ်ကားထုတ်မယ့်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံထားတယ်။ အဲဒီကားကုမ္ပဏီနဲ့ပတ်သက်လို့ ကြားနေရတဲ့သတင်းတွေဟာ သတင်းဆိုးတွေပဲ ဖြစ်နေကြတယ်။ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီး ဖြစ်နေတယ်။ ခင်ဗျား အဲဒီကုမ္ပဏီမှာ နောက်ထပ် ရင်းနှီးငွေ ထပ်ထည့်ချင်ပါဦးမလားဗျာ"* လို့ အီလွန်မတ်က ကျွန်တော့်ကို (ဒီစာအုပ်ရေးသူကို) ပြောပြတယ်။ သာမန်လူဆိုရင် ဒီအခြေအနေမှာ လက်လျှော့လိုက်မှာပါ။ လျှပ်စစ်ကားထုတ်တာကို ဆက်မလုပ် တော့ဘူး။ Tesla ကို ပိတ်သိမ်းလိုက်မယ်။ ဒါပေမဲ့ အီလွန်မတ်ဟာ သာမန်လူမဟုတ်လို့ အရှုံးပေးမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။

❑

အီလွန်မတ်ရဲ့အဖိုး "ဂျောရ္ဇဝါဟာဒင်းမန်း"နဲ့ အဖွား "ဝင်နီဖရက်ဒ်"

အီလွန်မတ်ရဲ့အဖေ "အယ်ရိုမတ်"



အီလွန်မတ်ရဲ့အမေ "မေ"

အီလွန်မတ်ရဲ့အမေ "မေ" ကလေးဘဝက
သဲကန္တာရမှာ အပန်းဖြေရိုးထွက်စဉ်

အီလွန်မတ်တို့
မောင်နမသုံးယောက်



အီလွန်မတ်ငယ်စဉ်က
အကြိုက်ဆုံး သိပ္ပံဝတ္ထုစာအုပ်

အီလွန်မတ်
Queen's University တက်စဉ်
အဆောင်ကျောင်းသားဘဝ

PC မဂ္ဂဇင်းမှာပါလာတဲ့
အီလွန်မတ် ၁၂ သားမှာရေးခဲ့တဲ့
ကွန်ပျူတာဂိမ်း Source Code

ညီမ "ကော်စကာ"၊ "အီလွန်မတ်"၊ အမေ "မေ"နဲ့
ညီ "ကင်းဘား"

အီလွန်မတ်နဲ့ ပထမဇနီး "ဂျပ်စတင်ဝီလ်ဆန်"

အီလွန်မတ်နဲ့ ဒုတိယဇနီး "တာလူလာရီလီ"

Zip2 ကုမ္ပဏီရဲ့
ပထမဆုံးဝက်ဆိုဒ်

PayPal ကုမ္ပဏီကိုတည်ထောင်သူ "ပီတာတီယယ်" နဲ့အတူ

Tesla ကုမ္ပဏီကို
ပူးတွဲတည်ထောင်သူ
"ဂျေဘီစထရောဘဲလ်"



Tesla ကားတွေမှာ
ဘက်ထရီများ
တပ်ဆင်ထားပုံ

Tesla ကုမ္ပဏီက
ပထမဆုံးထုတ်လုပ်တဲ့
Roadster ကား

Tesla ကုမ္ပဏီက
ဒုတိယမြောက်
ထုတ်လုပ်တဲ့
Model S ကား

Tesla က ထုတ်တဲ့
Model X with Falcon Wings

Tesla ကုမ္ပဏီက ကားဘက်ထရီတွေကို အားသွင်းပေးဖို့ လုပ်ပေးထားတဲ့
Supercharging Station

Tesla ကားဒီဇိုင်းလုပ်သူ "ဖရန့်ဇွန်ဟိုဇောင်ဆင်း" နဲ့အတူ တွေ့ရစဉ်

Omelek ကျွန်းပေါ်မှာ
လွှတ်တင်ဖို့
အသင့်ဖြစ်နေတဲ့
Falcon 1 ဒုံးပျံ

ဒုံးပျံလွှတ်တင်တာကို
ထိန်းသိမ်းခန်းထဲကနေ
စောင့်ကြည့်နေကြတဲ့
Space X
အင်ဂျင်နီယာများ

Space X စက်ရုံမှာ
ဒုံးပျံထုတ်လုပ်နေစဉ်

Space X ကုမ္ပဏီက ဒုံးပျံလွှတ်တင်ဖို့
အဓိကစွမ်းဆောင်ရှင်
အင်ဂျင်နီယာ "တွမ်မူလာ"

Space X ကုမ္ပဏီရဲ့
ဥက္ကဋ္ဌနဲ့ COO
"ဂဝင်းဇော့ဝဲလ်"

Falcon Heavy ဒုံးပျံကြီး

ဒုံးပျံအခွံ ကွာထွက်သွားပုံ

ဒုံးပျံရဲ့ ပထမအဆင့်
မြေပြင်ပေါ်
ပြန်ဆင်းသက်လာစဉ်

Falcon 9 ဒုံးပျံရဲ့
မြေပြင်ပေါ်ပြန်ဆင်းမယ့်
ဒေါက်သုံးချောင်း

Falcon Heavy ဒုံးပျံလွှတ်တင်ဖို့
အသင့်ပြင်ဆင်ထားစဉ်

Falcon Heavy ဒုံးပျံအောက်ခြေမှာ
တပ်ဆင်ထားတဲ့ အင်ဂျင် ၂၇ လုံး

Falcon 9 ဒုံးပျံကို
ပစ်စင်သို့
သယ်ယူသွားစဉ်

Dragon က
ISS စခန်းကို
ချိတ်ဆက်စဉ်

ISS
(နိုင်ငံတကာအာကာသစခန်း)

အီလွန်မတ်နဲ့အတူ
SolarCity ကုမ္ပဏီတည်ထောင်သူ
Rive ညီအစ်ကို

"ဂရက်ဝိုင်လာ" နဲ့
Amazon သူဌေးကြီး
"ဂျက်ဖ်ဘေးဇော့စ်"

အခန်း (၇)

အိမ်ထောင်ရေးအဆင်မပြေမှုနဲ့ ငွေကြေးအကျပ်အတည်းကြုံတွေ့ရခြင်း

အီလွန်မတ်နဲ့ ဂျပ်စတင်တို့ဟာ လော့စ်အင်ဂျဲလိစ်မြို့ကို ပြောင်းသွားပြီး Bel Air ရပ်ကွက်မှာ အိမ်တစ်လုံး ဝယ်လိုက်ကြတယ်။ သူတို့အိမ်ရဲ့ဘယ်ဘက်မှာ နာမည်ကြီး သီချင်းရေးသူနဲ့ တေးဂီတထုတ်လုပ်ရေးသမား 'ကွင်စီဂျုံး' နေပြီး ယာဘက်မှာ 'Girls Gone Wilds' ဆိုတဲ့ တီဗီဇာတ်လမ်းတွဲကို ရိုက်ကူးထုတ်လုပ်သူ 'ဂျိုးဖရန်စစ်' နေတယ်။ အီလွန်မတ်လည်း သူတို့ကတစ်ဆင့် ဟောလီးဝုဒ် ရုပ်ရှင်လောကသားတွေနဲ့ သိကျွမ်းခင်မင်သွားတယ်။ ဟောလီးဝုဒ်မှာကျင်းပတဲ့ ညပွဲလမ်းသဘင်တွေ တက်ရောက်တယ်။ *"ဟောလီးဝုဒ်မှာ ညတိုင်းလိုလို ပါတီပွဲတွေ ကျင်းပကြတယ်။ ဒီတော့ အီလွန်မတ်လည်း ညတိုင်းလိုလို ပါတီပွဲတက်တယ်"* လို့ အီလွန်မတ်နဲ့ အလွန်ရင်းနှီးတဲ့ သူငယ်ချင်း ဘီလ်လီးက ပြောပြတယ်။ အီလွန်မတ်ကလည်း အင်တာဗျူးတစ်ခုမှာ ခုလိုပြောပြဖူးတယ်။ *"ကျွန်တော့်ဘဝရဲ့ ၁၀ ရာခိုင်နှုန်းက Playboy (အပျော်အပါးလိုက်စားတဲ့ လူချမ်းသာ) ဖြစ်ပြီး ၉၀ ရာခိုင်နှုန်းကတော့ အင်ဂျင်နီယာဖြစ်ပါတယ်"* တဲ့။

"ကျွန်မတို့အိမ်မှာ အိမ်မှုကိစ္စလုပ်ဖို့ ငှားထားတဲ့ ဝန်ထမ်း ၅ ယောက်ရှိကြတယ်။ ဒါကြောင့် ကျွန်မ ဘာအိမ်မှုကိစ္စမှ လုပ်စရာမလိုဘူး" လို့ အီလွန်မတ်ရဲ့ဇနီး ဂျပ်စတင်က မဂ္ဂဇင်းတစ်စောင်မှာ ရေးထားတယ်။ ပြီးတော့ ခုလို ဆက်ရေးထားတယ်။ "ကျွန်မနဲ့ အီလွန်ဟာ ဟောလီးဝုဒ်က ရန်ပုံငွေရှာတဲ့ ပါတီပွဲတွေ တက်ကြတယ်။ ဟောလီးဝုဒ်က ညကလပ်တွေတက်ရင်လည်း အကောင်းဆုံးစားပွဲမှာ ထိုင်ကြရတယ်။ တီဗီမင်းသမီး 'ပဲရစ်ဟီလ်တန်'ရယ်၊ Titanic ရုပ်ရှင်ထဲက မင်းသား 'လီယိုနာဒိုဒီကာပရီယို' တို့ စားပွဲနဲ့ ကပ်လျက်မှာ ထိုင်ကြရတယ်။ ဘီလျံနာသူဌေးကြီး ရစ်ချတ်ဘရင်ဆန်ရဲ့ ကိုယ်ပိုင်ကျွန်းဖြစ်တဲ့ Necker Island မှာ ကျင်းပတဲ့ Google ကို (ဆာဂေးဘရင်နဲ့ ပူးတွဲတည်ထောင်ခဲ့တဲ့) လယ်ရီပေ့ဂျ်ရဲ့ လက်ထပ်ပွဲကို ကျွန်မတို့လင်မယား သွားတက်ခဲ့ကြတယ်။ ရုပ်ရှင်မင်းသား 'ဂျွန်ကူးစက်' နဲ့ အိမ်ကြီးတစ်အိမ်မှာ တည်းရပြီး အဆိုတော် 'ဘိုနို'ရဲ့ သီချင်းသီဆိုပွဲကိုလည်း ကြည့်ရှုနားထောင်ခဲ့ကြတယ်။ ဘိုနို သီချင်းဆိုတာကို အမျိုးသမီးတွေ အရမ်းအားပေးကြတယ်"။

ဂျပ်စတင်ဟာ အီလွန်နဲ့ အဲဒီလိုနေရတဲ့ဘဝကို အတော်လေး ကျေနပ်နေပုံရတယ်။ စိတ်ကူးယဉ်ဝတ္ထုတွေရေးတဲ့ စာရေးဆရာမဖြစ်တဲ့ ဂျပ်စတင်ဟာ သူတို့မိသားစုအကြောင်းကို blog တွေ ရေးပြတယ်။ (blog ဆိုတာ မိမိရေးပြချင်တာကို အင်တာနက်ဝက်ဆိုဒ်မှာ ရေးပြတာကို ခေါ်ပါတယ်)။ အီလွန်မတ်ဟာ ငယ်စဉ်က ကာတွန်းစာအုပ်ထဲက 'ဗေရိုနိကာ' ဆိုတဲ့ ကောင်မလေးကို လူမဟုတ်ဘဲ ကာတွန်းပုံမှန်းသိပေမယ့် စွဲစွဲလမ်းလမ်း ကြိုက်ခဲ့ဖူးတယ်လို့ သူ့ကို ပြောပြခဲ့ဖူးတယ်တဲ့။ နောက်ပြီး အီလွန်မတ်ဟာ ကလပ်တစ်ခုမှာ ပါတီတက်ရင်း မင်းသား လီယိုနာဒိုဒီကာပရီယိုကို Roadster ကားကို မောင်းကြည့်ဖို့ ဖိတ်ခေါ်ဖူးတယ်။ လီယိုနာဒိုက သူ့ရဲ့ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်တယ်တဲ့။ ဂျပ်စတင်ဟာ blog တွေမှာ သူတို့ရဲ့မိတ်ဆွေတွေကို နာမည်ရင်းမသုံးဘဲ နာမည်ပြောင်တွေ ပေးထားတယ်။ အီလွန်မတ်နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေဖြစ်တဲ့ ဘီလ်လီးကို 'Bill the Hotel Guy' လို့ ခေါ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ဒိုမီနီကန်နိုင်ငံမှာ

ဟိုတယ်တစ်လုံး ပိုင်ထားလို့ပါ။ ဂျပ်စတင်တို့ရဲ့ အိမ်နီးချင်း 'ဂျိုးဖရန်စစ်' ကို Notorious Neighbor အိမ်နီးချင်းဆိုးလို့ ခေါ်ထားတယ်။ ဘာကြောင့်လဲ ဆိုတော့ သူထုတ်လုပ်တဲ့ Girls Gone Wild တီဗီဇာတ်လမ်းတွဲတွေဟာ လိင်ကိစ္စတွေကို အသားပေး ရိုက်ပြထားလို့ပါ။

အီလွန်မတ်ဟာ တစ်ယောက်တည်း အေးအေးဆေးဆေး နေတတ်တယ်။ ဂျိုးဖရန်စစ်ကတော့ စကားများပြီး ပျော်ပျော်နေတတ်တယ်။ သူတို့နှစ်ယောက်ဟာ အကျင့်စရိုက် မတူကြပေမယ့် အလွန်တွဲမိကြတယ်။ မကြာခင်က ဂျိုးဝယ်ထားတဲ့ (ချား။ ရဟတ် စသည် အပျင်းပြေစီးနင်းနိုင်တဲ့) အပန်းဖြေဉယျာဉ် လက်ခံတဲ့ပွဲကို အီလွန်မတ် တက်ရောက်တယ်။ နောက်တော့ ညပိုင်း ဂျိုးရဲ့အိမ်မှာ ကျင်းပတဲ့ ပါတီပွဲတိုင်းကို တက်တယ်။ အဲဒီမှာ အီလွန်မတ်ဟာ မိန်းကလေးတွေနဲ့ တွဲကဖို့ မဝံ့မရဲ ရှိုးတိုးရှုန့်တန်ဖြစ်နေလို့ ဂျိုးက တွဲကဖို့ သူကို အတင်းတိုက်တွန်း ရတယ်။ တစ်ရက်မှာ ဂျိုးဟာ မထုတ်ရသေးတဲ့ Roadster ကားကို ဝယ်ချင်လို့ အီလွန်မတ်ရဲ့အိမ်ကို လက်ထက်ထဲမှာ စာအိတ်အဝါတစ်လုံးကိုင်ပြီး မနက်အစောကြီး ရောက်လာတယ်။ စာအိတ်ထဲမှာ ငွေသား ဒေါ်လာတစ်သိန်း ပါလာတယ်။ အီလွန်မတ်ဟာ သူ့ကို အလွန်အားနာစွာနဲ့ Roadster ကား မရောင်းသေးပါဘူးလို့ ပြောလိုက်ရတယ်။

ဂျပ်စတင်က blog တွေမှာ သမားရိုးကျမဟုတ်ဘဲ ထူးခြားတဲ့ အီလွန်မတ် အကြောင်း တစ်ခါတလေ ရေးပြတယ်။ အီလွန်မတ်ဟာ အမြဲတမ်းလိုလို ပြုံးနေတတ်လို့ နှစ်လိုဖွယ်ကောင်းတယ်။ ၁၈၁၃ ခုနှစ်က ထုတ်ဝေတဲ့ Pride and Prejudice ဝတ္ထုစာအုပ်တစ်အုပ်ကို လေလံပွဲတစ်ခုမှာ ဒေါ်လာ ၂ သောင်းခွဲနဲ့ လေလံဆွဲပြီး သူကို (ဂျပ်စတင်ကို) မွေးနေ့လက်ဆောင်ပေးခဲ့တယ်။ အီလွန်မတ်ဟာ သူ့ဌေးကြီး ရစ်ချတ်ဘရင်ဆန်ပိုင်တဲ့ Necker Island ကျွန်းကိုသွားပြီး ဗြိတိန်ဝန်ကြီးချုပ် 'တိုနီဘလဲ' နဲ့ ရစ်ချတ်ဘရင်ဆန်တို့နဲ့အတူ အပန်းဖြေခဲ့ကြောင်းတွေလည်း ရေးပြတယ်။ သူတို့သုံးယောက်ကိုရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံဟာ သတင်းစာတစ်စောင်မှာ ပါလာတယ်။ တိုနီဘလဲနဲ့ ရစ်ချတ်ဘရင်ဆန်တို့ဟာ

ရယ်ရယ်မောမော စကားပြောနေကြပေမယ့် အီလွန်မတ်ဟာ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားတွေးတောနေပုံရတယ်။ *"ကျွန်မ အဲဒီဓာတ်ပုံကိုမြင်တာနဲ့ သူဟာ အလုပ်နဲ့ပတ်သက်တဲ့ အီးမေးလ်တစ်စောင်ကို ဖတ်ပြီးလို့ အဲဒီထဲက အကြောင်းကို တွေးနေမှန်း ချက်ချင်းသိလိုက်တယ်။ ဓာတ်ပုံရိုက်လိုက်တာကို သူသိလိုက်ပုံမပေါ်ဘူး"* လို့ ဂျပ်စတင်က သူ blog မှာ ရေးထားတယ်။ *"မနေ့ညကလည်း သူဟာ ဆီးသွားချင်လို့ အိပ်ရာထဲကထပြီး အိမ်သာဆီ လျှောက်သွားတယ်။ ဒါပေမဲ့ အိမ်သာထဲမဝင်ဘဲ အခန်းဝမှာ မတ်တတ်ရပ် လက်နစ်ဖက်ပိုက်ရင်း မျက်မှောင်ကြုတ်ပြီး တစ်ခုခုစဉ်းစားနေတာကို ကျွန်မတွေ့ရတယ်"* လို့ ဆက်ရေးပြတယ်။

သတင်းစာတွေက သူ့အကြောင်း စဉ်ဆက်မပြတ် ရေးသားဖော်ပြပေးနေကြလို့ အီလွန်မတ်ကို လူတွေ ပိုသိလာကြတယ်။ အရင်က သူ့ကို PayPal guy (PayPal ကုမ္ပဏီနဲ့ ချိမ်းသာလာသူ) လို့ လူတွေသိထားကြတယ်။ အခုတော့ Space X, Tesla ကုမ္ပဏီတွေထောင်ထားပြီး ထူးခြားတဲ့ စီးပွားရေးသမားလူချမ်းသာလို့ သိလာကြတယ်။ အီလွန်မတ်ကလည်း သတင်းစာတွေမှာ သူ့အကြောင်း ရေးသားဖော်ပြပေးနေကြတာကို သဘောကျ ကျေနပ်နေတယ်။

အီလွန်မတ်ဟာ လူထုနဲ့ သတင်းသမားတွေအတွက် နာမည်ကောင်းရနေချိန်မှာ သူလုပ်ငန်းတွေမှာ စိုးရိမ်ယုပန်စရာတွေ ဖြစ်ပေါ်နေတယ်။ Space X ကုမ္ပဏီရဲ့ ဒုတိယအကြိမ် Falcon 1 ခုံးပျံလွှတ်တင်တာ မအောင်မြင်ခဲ့သလို Tesla ကုမ္ပဏီဟာလည်း ခုချိန်ထိ ကားတစ်စီးမှ မထုတ်လုပ်နိုင်သေးဘူး။ အီလွန်မတ်ဟာ အဲဒီလုပ်ငန်းနှစ်ခုအတွက် ဒေါ်လာ သန်း ၂၀၀ ရင်းနှီးထားပြီး တစ်ဝက်လောက်ဟာ မယ်မယ်ရရ အလုပ်မဖြစ်ဘဲ ကုန်သွားခဲ့တယ်။ Tesla က Roadster ကားထုတ်မယ့်ရက်ကို မကြာခဏ ရွှေ့ဆိုင်းနေရလို့ အီလွန်မတ်ရဲ့နာမည်ကို ထိခိုက်လာစေတယ်။ Silicon Valley က လူတွေဟာ အီလွန်မတ်ရဲ့ ငွေကြေးပြဿနာတွေ အကြောင်း အတင်းပြောနေကြတယ်။ လွန်ခဲ့တဲ့လအနည်းငယ်က အီလွန်မတ်ကို အကြီးအကျယ် ချီးကျူးရေးသားခဲ့ကြတဲ့ သတင်းစာတွေဟာ အခုတော့ သူ

အကြောင်း ဝေဖန်ရေးသားကြတယ်။ The New York Times သတင်းစာကြီးကလည်း Tesla ရဲ့ဂီယာအုံ့ပြဿနာကို ပုံကြီးချဲ့ ရေးသားတယ်။ မော်တော်ကားအကြောင်းရေးတဲ့ ဝက်ဆိုဒ်တွေကလည်း Tesla က Roadster ကို ထုတ်ဖြစ်မှာ မဟုတ်ဘူးလို့ ရေးကြပြန်တယ်။ ၂၀၀၇ ခုနှစ်ကုန်မှာ အီလွန်မတ်အတွက် အခြေအနေတွေဟာ အတော်ကို ဆိုးဝါးလာတယ်။ Valleywag ဆိုတဲ့ Silicon Valley က ဝေဖန်ရေး blog ရေးတဲ့အဖွဲ့ဟာ အီလွန်မတ်ကို ဝေဖန်ဖို့ လေ့လာစုံစမ်းတယ်။ အဲဒီ blog မှာ ပင်တိုင်ရေးသူ 'အိုဝင်သောမတ်စ်' ဟာ Zip2, X.com နဲ့ PayPal တို့ရဲ့နောက်ကြောင်းတွေကို လေ့လာပြီး X.com ကနေ အီလွန်မတ် CEO ရာထူးက ဖြုတ်ချခံရတဲ့အကြောင်းကို blog ရေးပြီး အီလွန်မတ်ရဲ့စီးပွားရေးအောင်မြင်ခဲ့တာတွေကို ထိခိုက်အောင်လုပ်တယ်။ အဲဒါတင်မကသေးဘဲ အီလွန်မတ်ဟာ Tesla ကုမ္ပဏီမှာ လူငယ်တွေအပ်နှံထားတဲ့ငွေတွေကို အလဟဿ ဖြုန်းတီးနေတယ်လို့လည်း ရေးတယ်။

အီလွန်မတ်ဟာ သူ့အကြောင်း ရေးသားချက်တချို့ဟာ မဟုတ်မမှန်ကြောင်း သိပေမယ့် အဲဒါတွေကို တုံ့ပြန်ဖြေရှင်းဖို့ အချိန်မရှိဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အလုပ်ထဲမှာ ပြဿနာတွေတက်နေရုံမကဘဲ သူ့ရဲ့ အိမ်ထောင်ရေးအခြေအနေလည်း အတော်ဆိုးဝါးနေလို့ပါ။ ၂၀၀၆ ခုနှစ် နှစ်ကုန်မှာ သူ့ဇနီး ဂျပ်စတင်ဟာ သုံးမြွာပူး ယောကျ်ားလေး သုံးယောက် (ကိုင်း၊ ဒါမီယံနဲ့ ဆက်ဇုံ) ကို မွေးဖွားတယ်။ အကြီး ၂ ယောက်ဖြစ်ကြတဲ့ ဂရစ်ဖင်နဲ့ ဇေးဒီးယား အမြွာညီအစ်ကို နှစ်ယောက်နဲ့ဆိုရင် သား ၅ ယောက် ဖြစ်သွားပြီ။ အီလွန်မတ်ရဲ့အပြောအရ ဂျပ်စတင်ဟာ သုံးမြွာပူး မွေးပြီးကတည်းက စိတ်ကျရောဂါ ဖြစ်လာခဲ့တယ်။ *"၂၀၀၇ ခုနှစ် နွေဦးရောက်တော့ ကျွန်တော်တို့မှာ အိမ်ထောင်ရေးပြဿနာတွေ စဖြစ်နေပြီ"* လို့ အီလွန်မတ်က ရင်းနှီးသူတချို့ကို ပြောပြတယ်။ *"အခြေအနေ ပိုဆိုးလာလို့ အိမ်ထောင်ရေးပြိုကွဲဖို့ အလားအလာရှိနေပြီ"* လို့ ထပ်ပြောတယ်။ ဂျပ်စတင်ကလည်း သူ့ရဲ့ blog မှာ ခုလိုရေးတယ်။

သူတို့နှစ်ယောက်ဟာ နွေရာသီမှာ St. Barts ကျွန်းကို အပန်းဖြေခရီး

သွားကြတယ်။ အဲဒီမှာ ချမ်းသာပြီး သြဇာတိက္ကမရှိတဲ့ လင်မယားနှစ်ယောက်နဲ့ ညစာ အတူစားဖြစ်ကြတယ်။ ဂျပ်စတင်က သူ့ရဲ့ နိုင်ငံရေးအမြင်ကို ပြောပြတယ်။ *"လင်မယားထဲက ယောကျ်ားက ကျွန်မရဲ့ နိုင်ငံရေးအမြင် ကျဉ်းမြောင်းတယ်လို့ နောက်ပြောင်ပြီး ပြောတယ်။ အီလွန်ဟာ အဲဒီလူပြောတာကို ကျွန်မဘက်က ကာကွယ်မပေးတဲ့အပြင် သူပါ လိုက်ရယ်ပြီး ကျွန်မရဲ့ခေါင်းကို ကလေးတစ်ယောက် အပေါ်ပြုမူသလို အသာပွတ်တယ်"* လို့ ဂျပ်စတင်က သူ့ blog မှာ ရေးပြတယ်။ အဲဒီအချိန်ကစပြီး ဂျပ်စတင်က အီလွန်မတ်ကို ပြောတယ်။ နောင်မှာ သူ့ကို လူတွေနဲ့မိတ်ဆက်ပေးရင် အီလွန်ရဲ့ဇနီးလို့ သူ့ကလေးတွေရဲ့အမေလို့ မိတ်မဆက်ပေးဘဲ ဝတ္ထုရေးဆရာမအဖြစ် မိတ်ဆက်ပေးပါလို့ပါ။ *"ဒီတော့ သူ ဘာလုပ်သလဲ သိလာ။ အဲဒီခရီးသွားနေစဉ်တစ်လျှောက် သူက ကျွန်မကို လူတွေနဲ့မိတ်ဆက်ပေးတိုင်း ခုလိုပြောတယ်။ 'ဂျပ်စတင်က သူ့ကို လူတွေနဲ့မိတ်ဆက်ပေးရင် ဝတ္ထုရေးဆရာမတစ်ယောက်လို့ ပြောပြီး မိတ်ဆက်ပေးပါလို့ ပြောထားပါတယ်'တဲ့။ ဒီတော့ လူတွေဟာ ကျွန်မကို ရှားကြောင်ကြောင် သတ္တဝါလေ။ သနားစရာ သတ္တဝါလေးလို ကြည့်ကြတယ်ရှင့်။ ကျွန်မ သူ့ကို သတ်ပစ်ချင်အောင် မုန်းသွားတယ်"* လို့ ဂျပ်စတင်က ရေးပြထားတယ်။

၂၀၀၈ ခုနှစ်ထဲဝင်လာတော့ အီလွန်မတ်ရဲ့လုပ်ငန်းတွေဟာ ပရမ်းပတာ ပိုဖြစ်လာတယ်။ Tesla ကုမ္ပဏီဟာ Roadster ကားအတွက် ဂီယာအုံ့၊ မော်တာ၊ inverter တွေရဲ့ ဒီဇိုင်းတွေကို ပြောင်းပေးရသလို ကားရဲ့အလေးချိန်ကို လျှော့ချပေးတာတွေလည်း လုပ်ပေးရတာကြောင့် ကားတစ်စီးလုံး အသစ်ကစပြီး ပြန်လုပ်ရသလို ဖြစ်သွားတယ်။ Space X ကုမ္ပဏီက ဒါဇင်ပေါင်းများစွာသော ဝန်ထမ်းတွေဟာ Kwaj ကျွန်းပေါ်မှာ ဆက်ရှိနေကြပြီး Falcon 1 ဒုံးပျံကို နောက်ထပ်တစ်ကြိမ် (တတိယအကြိမ် ကြိုးပမ်းမှုအဖြစ်) လွှတ်တင်ဖို့ စောင့်နေကြတယ်။ အဲဒီ ကုမ္ပဏီနှစ်ခုရဲ့ ကြိုးပမ်းအားထုတ်မှုတွေဟာ အီလွန်မတ်ရဲ့ငွေတွေကို လျင်လျင်မြန်မြန် ကုန်သွားစေတယ်။ ဒီတော့ အီလွန်မတ်ဟာ သူ ဈေးကြီးပေးဝယ်ထားတဲ့ ကားအကောင်းစားတွေကို တစ်စီးပြီးတစ်စီး ထုတ်ရောင်းတယ်။ ရောင်းရတဲ့ ငွေတွေ

ကို ကုမ္ပဏီတွေထဲ ထည့်တယ်။ သူဟာ သူ့မှာ ငွေကြေးအခက်အခဲရှိနေကြောင်း သူ့ဝန်ထမ်းတွေကို အသိမပေးဘဲ သူတို့ကို အလုပ်ကို ကြိုးကြိုးစားစား၊ အကောင်းဆုံးလုပ်ဖို့ပဲ တိုက်တွန်းနေတယ်။ တစ်ချိန်တည်းမှာပဲ ကုမ္ပဏီနှစ်ခုလုံးက စျေးကြီးတဲ့ပစ္စည်း ဝယ်ယူမှုတွေကို သူကိုယ်တိုင်စောင့်ကြည့်ပြီး မလိုအပ်ရင်း လုံးဝဝယ်ခွင့်မပြုတော့ဘူး။ နောက်ပြီး သူက ဝန်ထမ်းတွေကို ပစ္စည်းဝယ်ရာမှာ ပိုက်ဆံကုန်သလောက် အကျိုးရှိဖို့ တွက်ချက်တတ်အောင် သင်ပြပေးတယ်။ အဲဒါဟာ Space X က ဝန်ထမ်းတွေအတွက် အသစ်အဆန်း ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ တခြား အာကာသယာဉ်ထုတ်လုပ်ရေး၊ လွှတ်တင်ရေး လုပ်တဲ့ ကုမ္ပဏီကြီးတွေမှာ ပစ္စည်းဝယ်ယူချင်ရင် ခွင့်ပြုချက်တောင်းခံစရာမလိုလို့ပါ။ Space X မှာ ပထမဆုံး အလုပ်ဝင်လာသူတွေထဲက တစ်ယောက်ဖြစ်တဲ့ 'ကဲဝင်ဘရိုဂန်' က ခုလို ပြောပြတယ်။ *"ကျွန်တော်တို့ဟာ ပစ္စည်းတစ်ခုကို ဒေါ်လာ ၂ ထောင် ပေးဝယ်ရမယ်ဆိုရင် သူ (အီလွန်မတ်) က ပိုပြီးစျေးသက်သာတဲ့ပစ္စည်းကို ရှာဖို့၊ သို့မဟုတ် ပစ္စည်းကို ကိုယ့်ဘာသာ စျေးသက်သက်သာသာနဲ့ လုပ်ယူဖို့ ပြောတယ်။ ဒါပေမဲ့ Kwaj ကျွန်းကိုသွားဖို့ လေယာဉ်ပျံတစ်စင်းကို ဒေါ်လာ ၉ သောင်းပေးပြီး ငှားဖို့ကျတော့ ဝန်မလေးဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီကို မြန်မြန်သွားပြီး လုပ်စရာရှိတာကို မြန်မြန်ထက်ထက်လုပ်လိုက်ရင် အချိန်ကြာလို့ ငွေအများကြီး ကုန်သွားမှာကို ကာကွယ်နိုင်လို့ပါတဲ့။ အလုပ်မဖြစ်တဲ့ နေ့တိုင်းဟာ သူ့အတွက် ငွေတွေအများကြီး ဆုံးရှုံးစေတဲ့ နေ့တွေလို့ သူ မှတ်ယူပါတယ်"။*

အီလွန်မတ်ဟာ လိုအပ်လို့ Tesla နဲ့ Space X တို့နဲ့ဆိုင်တဲ့ အလုပ်တွေ အပေါ်မှာပဲ အာရုံစူးစိုက်လုပ်နေတာကြောင့် သူ့ရဲ့အိမ်ထောင်ရေးအခြေအနေဟာ ပိုပြီးဆိုးဝါးလာတယ်။ အီလွန်မတ်တို့ဟာ အိမ်မှာ ကလေး ၅ ယောက်ကို ကြည့်ရှုထိန်းဖို့ ကလေးထိန်းတွေ အများကြီးငှားထားပြီး သူကတော့ အိမ်မှာနေတဲ့အချိန်နည်းတယ်။ သူဟာ တစ်ပတ်မှာ ၇ ရက်စလုံး လော့စ်အင်ဂျဲလိစ်မြို့က Space X ကုမ္ပဏီနဲ့ San Carlos မြို့က Tesla ကုမ္ပဏီတွေမှာ တစ်လည့်စီ သွားရောက်အလုပ်လုပ်တယ်။ အီလွန်မတ်ဟာ မိသားစုအတွက် အချိန် လုံးဝမပေးတာကို

ဂျပ်စတင်က ပြောင်းလဲစေချင်တယ်။ သူဟာ အီလွန်မတ်ရဲ့ ရုပ်ပြမယားလို့ ခံစားနေရတယ်။ သူနဲ့ အီလွန်မတ်ရဲ့ အရင်က ပျော်စရာကောင်းတဲ့ဘဝကို တမ်းတနေတယ်။ အီလွန်မတ်ဟာ သူပိုင်ဆိုင်တဲ့ ငွေကြေးလျှော့နည်းလာတာ သူ့ကို အသိမပေးဘူးလို့ ဂျပ်စတင်က ပြောပါတယ်။ ဒါပေမဲ့ အီလွန်မတ်ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတချို့ကတော့ သူ့လုပ်ငန်းတွေရဲ့ ငွေကြေးအခြေအနေ ဆိုးလာတာကို ရိပ်မိကြတယ်။ ၂၀၀၈ ခုနှစ်လောက်မှာ Valor Equity ကုမ္ပဏီကို တည်ထောင်သူနဲ့ ကုမ္ပဏီရဲ့ CEO ဖြစ်တဲ့ 'အန်တိုနီယို ဂရာစီးယားစ်' ဟာ အီလွန်မတ်နဲ့ ညစာစားရင်း တွေ့ဆုံတယ်။ သူဟာ Tesla ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံထားပြီး၊ အီလွန်မတ်ရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်လည်း ဖြစ်တယ်။ အီလွန်မတ်ဟာ သူ့အနာဂတ်အတွက် သောကရောက်နေတာကို တွေ့ရတယ်လို့ အန်တိုနီယိုက ပြောပြတယ်။ *"ဂျပ်စတင်လည်း အတော်လေး စိတ်ဆင်းရဲနေရှာတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်ဟာ အတူနေကြဆဲပါ။ ညစာစားရင်း အီလွန်မတ်က ခုလိုပြောတယ်ဗျ။ 'ကျွန်တော် ပိုက်ဆံတစ်ပြားမှ မကျန်တဲ့အထိ ကုမ္ပဏီတွေအတွက် သုံးမယ်ဗျာ။ တကယ်လို့ နေစရာမရှိလို့ ဂျပ်စတင်ရဲ့မိဘတွေနေတဲ့အိမ်ရဲ့ မြေအောက်ခန်းမှာ သွားနေမယ်ဗျာ' တဲ့"*။

၂၀၀၈ ခုနှစ် ဇွန်လရောက်တော့ အီလွန်မတ်ရဲ့ ဂျပ်စတင်မိဘတွေအိမ်မှာ ပြောင်းနေဖို့ အကြံပျက်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အီလွန်မတ်နဲ့ ဂျပ်စတင်တို့ ကွာရှင်းပြတ်စဲလိုက်ကြလို့ပါ။ နှစ်ယောက်စလုံးက ကွာရှင်းပြတ်စဲကြောင်းကို လူသိရှင်ကြား မကြေညာကြဘူး။ ဒါပေမဲ့ ဂျပ်စတင်က သူ့ရဲ့ blog တွေမှာ အရိပ်အမြွက် ရေးသားတယ်။ သူဟာ အိမ်တစ်လုံးငှားဖို့ ရှာနေကြောင်း ရေးတယ်။ နောက်တော့ သူ တွေ့ကြုံနေရတဲ့ အဖြစ်အပျက်တွေကို ဖြည်းဖြည်းချင်း ဖွင့်ဟရေးသားတယ်။ စက်တင်ဘာလထဲမှာရေးတဲ့ သူ့ရဲ့ ပထမဆုံး blog ထဲမှာ ကွာရှင်းပြတ်စဲတာနဲ့ပတ်သက်လို့ ပွင့်ပွင့်လင်းလင်း ရေးပြလိုက်တယ်။ *"ကျွန်မတို့ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ လက်ထပ်ခဲ့ကြပြီး ပျော်ရွှင်ကြည်နူးခဲ့ကြတယ်။ ဒါပေမဲ့ အဲဒါ အခုတော့ ပြီးဆုံးသွားပါပြီ"* တဲ့။ မကြာခင်မှာ (Silicon Valley က နာမည်ကြီး

သူတွေရဲ့အကြောင်း အတင်းသတင်းတွေကို blog ရေးတဲ့) Valleywag က သူတို့ရဲ့ ကွာရှင်းမှုအကြောင်း ရေးသလို အီလွန်မတ်ကို အသက် ၂၀ ကျော်အရွယ် ရုပ်ရှင်မင်းသမီးတစ်ယောက်နဲ့ တွဲနေတာကို တွေ့မြင်ရကြောင်း ရေးလိုက်တယ်။ နောက်တော့ ဂျပ်စတင်ဟာ သူ့ဘဝ အတွင်းရေးအကြောင်းတွေကို လွတ်လွတ်လပ်လပ် ရေးလာတယ်။ သူရေးပြတဲ့ blog တွေမှာ သူ့ရဲ့အိမ်ထောင်ရေး ဘယ်လို အဆုံးသတ်သွားတယ်၊ အီလွန်မတ်ရဲ့ ရည်းစားနဲ့ ဒုတိယဇနီးဖြစ်လာမယ့် ကောင်မလေးကို ဘယ်လိုသဘောထားတယ်၊ ကွာရှင်းပြတ်စဲတဲ့ အစီအစဉ်တွေကို ရေးပြတယ်။ ပထမဆုံးအကြိမ်အဖြစ် အီလွန်မတ်ရဲ့ အကြင်နာကင်းမဲ့တဲ့ အပြုအမူကို ရေးပြတယ်။ ဒီရေးသားချက်ဟာ ဘက်လိုက်မှုရှိပေမယ့် အီလွန်မတ်အကြောင်း လူတွေ ပိုသိစေပါတယ်။ ဂျပ်စတင်ရဲ့ blog မှာ ရေးလိုက်တဲ့စာက ဒီလိုပါ။

"ကျွန်မ ကွာရှင်းပြတ်စဲခြင်းကို တခြားရွေးချယ်စရာတွေ မရှိတော့မှ ရွေးချယ်လိုက်တာပါ။ သူနဲ့ မျက်နှာချင်းဆိုင် ဆွေးနွေးအဖြေရှာဖို့ မျှော်လင့်ထားခဲ့ပါတယ်။ ဒါကြောင့် ကျွန်မဘက်က အရင်ဆုံး ကွာရှင်းပြတ်စဲတာ မလုပ်ခဲ့ပါဘူး။ ကျွန်မတို့နှစ်ယောက် အိမ်ထောင်ရေး အကြံပေးသူတွေဆီမှာ သွားရောက်ပြီး အိမ်ထောင်မပြိုကွဲဖို့ အကြံယူကြတယ်။ ၃ ကြိမ် သွားရောက်ခဲ့ပြီးလို့ နေ့ခင်းမှာ အိမ်ပြန်လာကြတယ်။ ညနေခင်းမှာ သူက 'ငါတို့ ဒီနေ့ အိမ်ထောင်မပြိုကွဲအောင် လုပ်နိုင်ရင်လုပ် မလုပ်နိုင်ရင် ငါ မင်းကို မနက်ဖြန်မှာ ကွာရှင်းတော့မယ်' " လို့ ပြောတယ်။

နောက်နေ့မနက်မှာ သူက ကျွန်မကို ဘယ်လိုသဘောရသလဲလို့ မေးပြန်တယ်။ ကျွန်မက စိတ်ထဲမှာ မဆုံးဖြတ်ရသေးလို့ 'ကျွန်မကို ဆုံးဖြတ်ဖို့ အချိန်တစ်ပတ်ပေးပါလား' လို့ ပြောလိုက်တယ်။ အီလွန်ဟာ ခေါင်းညိတ်ပြပြီး ကျွန်မခေါင်းကို ခွစ်စနီး လက်နဲ့ အသာပုတ်လိုက်တယ်။ ဘာစကားမှမပြောဘဲ အနားက ထွက်သွားတယ်။ အဲဒီမနက်နောင်းပိုင်းမှာ ကျွန်မ ကုန်စုံဆိုင်မှာ စျေးသွားဝယ်တယ်။ ပစ္စည်းဖိုးကို အကြွေးကတ်နဲ့ပေးတော့ ပေးလို့မရဘူး။ အီလွန်ဟာ အကြွေးကတ် အတွက် ငွေစာရင်းကို ပိတ်လိုက်တယ်ဆိုတာကို နောက်မှသိရတယ်။ အီလွန်ဟာ

အဲဒီလိုလူမျိုးပါ။ တစ်ဖက်သားရဲ့ခံစားချက်ကို အလေးမထားဘဲ သူလုပ်ချင်ရာ လုပ်တတ်သူပါ”။ အီလွန်မတ်အတွက် ဂျပ်စတင်ရေးတဲ့ blog တွေကြောင့် နာမည် ပိုပျက်လာသလို သူလုပ်ငန်းတွေကို ထိခိုက်လာတယ်။ သူ နှစ်ပေါင်းများစွာ တည်ဆောက်ခဲ့တဲ့ ပုံရိပ်ကောင်းဟာ သူလုပ်ငန်းတွေနဲ့အတူ ပြိုလဲပျက်စီးတော့မလို ဖြစ်နေတယ်။

မကြာခင်မှာ အီလွန်မတ်နဲ့ ဂျပ်စတင်တို့ရဲ့ ကွာရှင်းပြတ်စဲခြင်းဟာ တရားဝင်ပြီးဆုံးခါနီးပါပြီ။ နာမည်ကြီး ရုပ်မြင်သံကြားနဲ့ သတင်းဌာနတွေကလည်း အဲဒီ သတင်းတွေကို နေ့စဉ်လိုလို ဖော်ပြပေးနေကြတယ်။ သတင်းတစ်ပုဒ်က ဂျပ်စတင်ဟာ ငွေဖို့သက်သက်ထက် ပိုပြီးတောင်းဆိုနေတယ်လို့ ရေးသားတယ်။ တကယ်တော့ သူ အီလွန်မတ်နဲ့ လက်ထပ်စဉ်က ပစ္စည်းပိုင်ဆိုင်မှု စာချုပ်တစ်ခု လက်မှတ်ထိုးထားခဲ့လို့ စာချုပ်ပါအခွင့်အရေးထက် ပိုမရနိုင်မှန်းသိပေမယ့် ရမလားဆိုပြီး ပိုတောင်းတာပါ။ သူက ကွာရှင်းပြတ်စဲစရိတ်အဖြစ် သူတို့ လက်ရှိနေတဲ့ အိမ်၊ မယားစရိတ်နဲ့ ကလေးတွေအတွက် ထောက်ပံ့ကြေး၊ ငွေသား ဒေါ်လာ ၆ သန်း၊ အီလွန်မတ်ပိုင်ဆိုင်တဲ့ Telsa ကုမ္ပဏီ ရှယ်ယာရဲ့ ၁၀ ရာခိုင်နှုန်း၊ Space X ကုမ္ပဏီ ရှယ်ယာရဲ့ ၅ ရာခိုင်နှုန်းနဲ့ Roadster ကားတစ်စီးပါ။ ဂျပ်စတင်ဟာ လူတွေသနားအောင် CNBC ရုပ်မြင်သံကြားက လွှင့်ထုတ်တဲ့ 'Divorce Wars' အစီအစဉ်မှာ ငိုယိုပြတယ်။ နောက်ပြီး Marie Claire မဂ္ဂဇင်းမှာ 'I was a Starter wife' (Starter wife ဆိုတာ အောင်မြင်ချမ်းသာသွားတဲ့ လင်ယောကျ်ားရဲ့ စွန့်ပစ်ခံရတဲ့ ဇနီးမယားလို့ အဓိပ္ပာယ်ရပါတယ်။) ဆိုတဲ့ ခေါင်းစဉ်နဲ့ သူ့အကြောင်း လူတွေသနားအောင် ရေးပြတယ်။

လူတွေဟာ ဂျပ်စတင်ကို သနားလာပြီး ဘီလျံနာသူဌေးတစ်ယောက်ဖြစ်တဲ့ အီလွန်မတ်ဟာ ဂျပ်စတင်ရဲ့မှုတတဲ့တောင်းဆိုမှုတွေကို ဘာကြောင့် မလိုက်လျောပေးနိုင်ရတာလဲလို့ မေးခွန်းထုတ်ကြတယ်။ ဒါပေမဲ့ သူတို့မသိတာက အီလွန်မတ်ရဲ့လက်ထဲမှာ ပိုက်ဆံအများကြီး မရှိဘူးဆိုတာပါ။ သူ့မှာရှိသမျှ ပိုက်ဆံတွေကို Tesla နဲ့ Space X တို့မှာ ရင်းနှီးမြှုပ်နှံထားလို့ပါ။ နောက်ဆုံးတော့ အီလွန်မတ်နဲ့

ဂျပ်စတင်တို့ဟာ ကွာရှင်းပြတ်စဲစရိတ်ကို ခုလို သဘောတူလိုက်ကြတယ်။ ဂျပ်စတင်ဟာ လက်ရှိနေတဲ့အိမ်၊ ငွေသား ဒေါ်လာ ၂ သန်း၊ မယားစရိတ်နဲ့ ကလေးတွေအတွက် ထောက်ပံ့ကြေးအဖြစ် ၁၇ နှစ်တာအတွက် တစ်လ ဒေါ်လာ ၈ သောင်းနဲ့ Roadster ကားတစ်စီးပါ။

ကွာရှင်းပြတ်စဲပြီးသွားပေမယ့် ဂျပ်စတင်က အီလွန်မတ်အကြောင်း blog မှာ ရေးနေဆဲပါ။ သူက အီလွန်နဲ့တွဲနေတဲ့ ရုပ်ရှင်မင်းသမီးလေးအကြောင်းနဲ့ အီလွန်မတ်က သူ့ကလေးတွေအပေါ် ဆက်ဆံရေးအကြောင်း ရေးပြတယ်။ blog တစ်ခုမှာ ရေးပြထားတာက အီလွန်မတ်ဟာ သုံးမြွှာပူးကလေးတွေ အသက် ၇ နှစ်ပြည့်ပြီးချိန်မှာ အိမ်မှာ အဝတ်စ ထိုးသွင်းချုပ်ထားတဲ့ တိရစ္ဆာန်အရုပ်တွေ မထားရဘူးလို့ တားမြစ်တယ်။ သူ ဘာကြောင့် တားမြစ်တာလဲဆိုတာ ဂျပ်စတင်က ခုလိုပြောပြတယ်။ *"အီလွန်ဟာ စိတ်ဓာတ်မာကျောသူပါ။ သူဟာ ငယ်ငယ်လေးကတည်းက ခက်ခဲကြမ်းတမ်းတဲ့ အခြေအနေမှာ ကြီးပြင်းခဲ့တယ်။ သူဟာ အဲဒီ အခြေအနေမှာနဲ့ ကမ္ဘာကြီးမှာရှင်သန်ဖို့ စရိုက်ကြမ်းကြမ်း နေခဲ့တယ်။ သူ့ကလေးတွေကိုလည်း သူ့လို စိတ်ဓာတ်ကြံ့ခိုင်စေချင်တယ်။ အရုပ်တွေဟာ ကလေးတွေကို စိတ်ဓာတ်ပျော့ညံ့စေတယ်လို့ သူယူဆလို့ အဝတ်စသွတ် အရုပ်တွေကို အိမ်မှာ မထားခိုင်းတာပါ"* တဲ့။ တကယ်တော့ ဂျပ်စတင်ဟာ အီလွန်မတ်အပေါ် ကွာရှင်းပြတ်စဲပြီးဖြစ်ပေမယ့် သံယောဇဉ်မကုန်လို့ blog တွေ ရေးနေတာ ဖြစ်ပါလိမ့်မယ်။

အီလွန်မတ်က ၂၀၀၈ ခုနှစ် ဇွန်လလယ်မှာ ဂျပ်စတင်ကို ကွာရှင်းတော့မယ့်အကြောင်း ပထမဆုံးအကြိမ်ပြောပြီး သီတင်းပတ် အနည်းငယ်အကြာ (မကွာရှင်းခင်အချိန်) မှာ သူဟာ စိတ်ကယောက်ကယက် ဖြစ်နေတယ်။ သူ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေထဲက ရင်းနှီးမြှုပ်နှံသူတစ်ယောက် ဖြစ်တဲ့ ဘီလ်လီးဟာ သူ့အတွက် စိုးရိမ်လာတယ်။ သူ့အနားမှာနေရင်း တတ်နိုင်သလောက် အားပေးတယ်။ ဘီလ်လီးနဲ့ အီလွန်မတ်တို့ဟာ နိုင်ငံခြားကို လုပ်ငန်းအတွက်ရော အပျော်အနေနဲ့ပါ မကြာခဏ အတူခရီးထွက်တတ်ကြတယ်။ ဇူလိုင်လ လဆန်းမှာ သူတို့ နှစ်ယောက် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ကို ခရီးသွားကြတယ်။

သူတို့နှစ်ယောက်ဟာ အင်္ဂလန်နိုင်ငံ ရောက်ရောက်ချင်း ဈေးကြီးတဲ့ ပြိုင်ကားနဲ့ ဇိမ်ခံကားတွေထုတ်လုပ်တဲ့ Aston Martin စက်ရုံကိုသွားပြီး အဲဒီက လူတွေနဲ့ စကားပြောတယ်။ စက်ရုံက အင်ဂျင်နီယာတွေက သူတို့ကို စက်ရုံထဲမှာ လိုက်ပြတယ်။ လိုက်ပြတဲ့လူတွေထဲက အင်ဂျင်နီယာတစ်ယောက်က ဒီကမ္ဘာမှာ သူ့လောက် လျှပ်စစ်ကားအကြောင်းသိသူ တစ်ယောက်မှမရှိဘူးလို့ ပြောတယ်။ *"အဲဒီလူဟာ ကြွားလွန်းလို့ အတော်စက်ဆုပ်ဖွယ်ကောင်းတဲ့ လူပါ"* လို့ ဘီလ်လီးက ပြောပြတယ်။ အဲဒီလူကို မနှစ်မြို့လို့ သူတို့နှစ်ယောက်လည်း စက်ရုံက အမြန်ထွက်လာပြီး တည်းခိုနေတဲ့ လန်ဒန်မြို့ကို ပြန်လာကြတယ်။ လမ်းမှာ အီလွန်မတ်ဟာ ရုတ်တရက် ဗိုက်အောင့်တဲ့ဝေဒနာ ခံစားရတယ်။ အဲဒီအချိန်မှာ ဘီလ်လီးဟာ အမေရိကန် ဒုသမ္မတဟောင်း 'အဲလ်ဂိုး' ရဲ့သမီး 'ဆာရာဂိုး' နဲ့ လက်ထပ်ထားတယ်။ ဆာရာဟာ အရင်က ဆေးကျောင်းတက်ခဲ့ဖူးလို့ ဆေးပညာနဲ့ပတ်သက်ပြီး အတော်လေး ဗဟုသုတရှိတယ်။ ဒါကြောင့် ဘီလ်လီးက ဆာရာကို အီလွန်မတ်ရဲ့ ဝေဒနာအကြောင်း ဖုန်းဆက်ပြောပြပြီး အကြံဉာဏ်တောင်းတယ်။ ဆာရာက အီလွန်မတ်ဟာ အူအတက်ပေါက်တာ ဖြစ်နိုင်လို့ နီးစပ်ရာ ဆေးခန်းတစ်ခုကို ခေါ်သွားဖို့ အကြံပေးတယ်။ ဘီလ်လီးလည်း အီလွန်မတ်ကို ကုန်တိုက်ကြီးတစ်ခုထဲမှာဖွင့်ထားတဲ့ ဆေးခန်းတစ်ခုမှာ ပြပေးတယ်။ ဆရာဝန်က စစ်ဆေးမှုလုပ်ပြီးတော့ ဘာရောဂါမှ မဖြစ်ဘူး။ အစာမကြေလို့ ဗိုက်အောင့်တာပါဆိုပြီး အစာကြေဆေး ပေးလိုက်တယ်။ သူတို့ဟာ တည်းခိုခန်းကို ညအချိန်မှာ ပြန်ရောက်ကြတယ်။ အီလွန်မတ်ဟာ ဗိုက်အောင့်ဝေဒနာ မသက်သာလို့ ညည်းတွားနေတယ်။ အီလွန်မတ်ကို အာရုံပြောင်းစေချင်လို့ ဘီလ်လီးက မြို့လယ်မှာ လျှောက်လည်ရင်း ညအလှ ကြည့်ကြမယ်လို့ ပြောတယ်။ *"အီလွန်မတ်က မသွားချင်ဘူးလို့ ပြောတယ်။ ကျွန်တော်လည်း ပင်ပန်းနေလို့ မသွားချင်ဘူး။ ဒါပေမဲ့ သူ ညည်းနေတာကို မကြည့်ရက်လို့ အာရုံပြောင်းစေချင်တာနဲ့ ကျွန်တော် အတင်းခေါ်တယ်။ နောက်ဆုံးတော့ သူ လိုက်လာတယ်"* လို့ ဘီလ်လီးက ပြောပြတယ်။

ဘီလ်လီးက အီလွန်မတ်ကို Mayfair ရပ်ကွက်က Whisky Mist ဆိုတဲ့

ညကလပ်တစ်ခုကို ခေါ်သွားတယ်။ ကလပ်ထဲမှာက လူတွေနဲ့ ပြည့်ကျပ်နေတယ်။ ကလပ်ထဲရောက်ပြီး ၁၀ မိနစ်ကြာတော့ ဝိုက်အောင့်နေတဲ့ အီလွန်မတ်က ပြန်မယ် တကဲကဲ လုပ်နေတယ်။ ဘီလ်လီးက သူနဲ့ရင်းနှီးတဲ့ ကလပ်ပိုင်ရှင် အကျိုးအကြောင်း ပြောပြတယ်။ ပိုင်ရှင်က သူနဲ့ အီလွန်မတ်ကို VIP အထူးဧည့်သည်တွေအတွက် ထားတဲ့ စားပွဲမှာ နေရာချပေးတယ်။ နောက်ပြီး ပိုင်ရှင်က ချောမောလှပတဲ့ အမျိုးသမီးငယ်လေးတွေကို သူတို့စားပွဲမှာ လာထိုင်ခိုင်းတယ်။ အမျိုးသမီးငယ်လေးတွေထဲက တစ်ယောက်က 'တာလူလာရီလီ' လို့ခေါ်တဲ့ တက်သစ်စ ရုပ်ရှင်မင်းသမီးလေးပါ။ တာလူလာနဲ့ ချောမောလှပတဲ့ သူ့သူငယ်ချင်းနှစ်ယောက်တို့ဟာ အလှူခံပွဲတစ်ခုကို တက်ရောက်နေကြရာက ကလပ်ပိုင်ရှင်က ဖုန်းဆက်ခေါ်လို့ ရောက်လာကြတာပါ။ ဒါကြောင့် သူတို့ဟာ ပွဲတက်တဲ့ ဂါဝန်ရှည်ကြီးတွေ ဝတ်ထားကြတယ်။ "*တာလူလာဟာ ဆင်ဒရဲလားပုံပြင်ထဲကလို ဂါဝန်ရှည်ကြီး ဝတ်ထားတယ်*" လို့ ဘီလ်လီးက ပြောပြတယ်။ ကလပ်ပိုင်ရှင်က ဘီလ်လီးနဲ့ အီလွန်မတ်ကို တာလူလာတို့အဖွဲ့နဲ့ မိတ်ဆက်ပေးတယ်။ အီလွန်မတ်လည်း ချောမောလှပတဲ့ အသက် ၂၀ ကျော်အရွယ် တာလူလာနဲ့ စကားလက်ဆုံကျရင်း သူ့ရဲ့ ဝိုက်အောင့်ဝေဒနာကို မေ့သွားတယ်။

အီလွန်မတ်နဲ့ တာလူလာတို့ဟာ ချက်ချင်းလိုလို တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားသွားကြတယ်။ ဒီအချိန်မှာ တာလူလာဟာ အကြီးအကျယ် အောင်မြင်နေတဲ့ Pride and Prejudice ဟောလီးဝုဒ် ရုပ်ရှင်ကားထဲက မေရီဘက်နက် အဖြစ် သရုပ်ဆောင်ပြီး နာမည်ကြီးနေတယ်။ အီလွန်မတ်က သူ့ကိုယ်သူ အင်ဂျင်နီယာတစ်ယောက်လို့ မိတ်ဆက်တယ်။ သူဟာ အိမ်ထောင်ကျပြီးကတည်းက မိန်းမတွေနဲ့ စကားပြောရင် နူးနူးညံ့ညံ့ ပြောတတ်လာခဲ့တယ်။ သူတို့ စကားပြောကြရင်း အီလွန်မတ်က Falcon 1 ဒုံးပျံနဲ့ Roadster ကားကို ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ဘောင်းဘီအိတ်ထောင်ထဲက ဆွဲထုတ်ပြီး တာလူလာကို ပြတယ်။ တာလူလာကတော့ အီလွန်မတ်ဟာ ကားကုမ္ပဏီက အင်ဂျင်နီယာလို့ပဲ ထင်နေပြီး ကုမ္ပဏီတွေကို စီမံခန့်ခွဲနေသူ မီလျံနာသူဌေးတစ်ယောက်မှန်း မသိသေးဘူး။

"ကျွန်တော် သတိထားမိသလောက် အီလွန်ဟာ တာလူလာနဲ့ စကားပြောရာမှာ အမှားပါသွားမှာကို ကြောက်နေပုံရတယ်။ သူဟာ အရင်က ချောမောလှပတဲ့ အမျိုးသမီးငယ်လေးတွေနဲ့ စကားပြောခဲ့ဖူးပြီး ခုလိုကြောက်တာ မဖြစ်ခဲ့ဖူးပါဘူး" လို့ ဘီလ်လီးက ပြောပြတယ်။ ဘီလ်လီးဟာ ပထမတော့ အီလွန်မတ်နဲ့ တာလူလာတို့ကို စကားပြောရဲအောင် မကြာခဏ ကြားဝင်ပြောပေးတယ်။ နောက်တော့ သူတို့နှစ်ယောက် လေပေးဖြောင့်သွားကြလို့ ဘီလ်လီးလည်း စကား ဝင်မပြောတော့ဘဲ အနားမှာနေရင်း အကဲခတ်နေတယ်။ ဒီအခါမှာ သူ့သူငယ်ချင်း အီလွန်မတ်ဟာ သီတင်းပတ် အတော်ကြာကြာ မပျော်မရွှင်ဖြစ်နေရာက ပထမဆုံး အကြိမ် ပျော်နေတာကို သတိထားမိလိုက်တယ်။ *"သူ ဝိုက်မအောင့်တော့ဘူး။ ပျင်းတယ်လို့ မညည်းတော့ဘူး။ သူ့မျက်နှာဟာ ပြုံးပျော်နေတယ်။ အဲဒါဟာ သူ့အတွက်ရော ကျွန်တော့်အတွက်ပါ ကောင်းတာပေါ့"* လို့ ဘီလ်လီး က ပြောတယ်။ ဒါပေမဲ့ တာလူလာဟာ ဆင်ဒရဲလားပုံပြင်ထဲကလို မင်းသားလေးကို မြင်မြင်ချင်း ချစ်ကြိုက်သွားတာ မဖြစ်ပါဘူး။ ဒါပေမဲ့ ညနက်လာတော့ သူနဲ့ အီလွန်မတ်တို့ဟာ စကားပြောရင်း အတော်လေး ရင်းနှီးသွားကြတယ်။ *"သူဟာ အတော်လေး ရည်မွန်ပြီး သဘောကောင်းပုံရတဲ့ လူတစ်ယောက်လို့ ကျွန်မထင်မိတယ်"* လို့ တာလူလာက နောင်ကျတော့ ပြောပြတယ်။ ရင်းနှီးသွားကြလို့ အီလွန်မတ်က တာလူလာရဲ့ လက်ကို ဆုပ်ကိုင်တာကို တာလူလာက ခွင့်ပြုထားတယ်။ အီလွန်မတ်က နောက်ညမှာ ညစာအတူစားဖို့ တာလူလာကို ဖိတ်တယ်။ တာလူလာ လက်ခံလိုက်တယ်။

တာလူလာဟာ သာယာတဲ့ အင်္ဂလန်နိုင်ငံက ကျေးလက်တောရွာတစ်ခုမှာ ကြီးပြင်းခဲ့ပြီး အထက်တန်းကျောင်းကောင်းကောင်းတစ်ခုမှာ တက်ရောက် ပညာသင်ကြားခဲ့တယ်။ မိဘတွေနဲ့ အတူနေဆဲဖြစ်တယ်။ Whisky Mist ကလပ်မှာ အီလွန်မတ်နဲ့ဆုံတွေ့ပြီး ရက်အနည်းငယ်အကြာမှာ တာလူလာက သူ့မိဘနှစ်ပါးကို ဖုန်းဆက်ပြောတယ်။ သူဟာ ဒုံးပျံတွေနဲ့ လျှပ်စစ်ကား တည်ဆောက်နေတဲ့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ လူတစ်ယောက်နဲ့ တွေ့ထားတယ်လို့ပြောပြီး အဲဒီလူရဲ့ နာမည်ဟာ အီလွန်မတ်ဖြစ်တယ်လို့လည်း ပြောလိုက်တယ်။ အင်္ဂလန်နိုင်ငံ ရဲတပ်

ဖွဲ့ရဲ့ အကြီးအကဲတစ်ယောက်ဖြစ်တဲ့ တာလူလာရဲ့အဖေဟာ ကွန်ပျူတာနဲ့ Google မှာ အီလွန်မတ်အကြောင်း ရှာကြည့်တယ်။ အီလွန်မတ်ဟာ ကလေး ၅ ယောက်ရဲ့အဖေဖြစ်တယ်လို့ ရေးထားတာကို ဖတ်ရတယ်။ ဒါကြောင့် အဖေက တာလူလာကို ကလေး ၅ ယောက်အဖေကို ကြိုက်ရကောင်းလားလို့ ဆူပူအပြစ်တင်တယ်။ တာလူလာက အဲဒီအကြောင်းမေးကြည့်ရင် အီလွန်မတ် ဘာပြောမလဲ သိချင်လို့ အီလွန်မတ်က ညစာစားဖို့ခေါ်ထားတာကို သွားလိုက်တယ်။

ညစာစားဖို့ အီလွန်မတ်က ဘီလ်လီးကို ခေါ်ထားတယ်။ တာလူလာက လည်း ရုပ်ရှင်မင်းသမီးတစ်ယောက်ဖြစ်တဲ့ သူ့သူငယ်ချင်း 'တမ်မဆင် အီဂါတန်' ကို ခေါ်လာခဲ့တယ်။ လူသူနည်းပြီး တိတ်တိတ်ဆိတ်ဆိတ်ရှိနေတဲ့ စားသောက်ဆိုင်ထဲမှာ သူတို့လေးယောက် အေးအေးဆေးဆေး စကားပြောရင်း ညစာစားကြတယ်။ တာလူလာက အီလွန်မတ်ကို ကလေး ၅ ယောက်ရဲ့အဖေ ဟုတ်သလားလို့ သွယ်ဝိုက်မနေဘဲ တိုက်ရိုက်မေးလိုက်ပြီး အီလွန်မတ် ဘယ်လိုဖြေရှင်းချက်ပေးမလဲ ဆိုတာကို စောင့်မျှော်နေတယ်။ အီလွန်မတ်က သူမှာ သား ၅ ယောက်ရှိတာ မှန်ကြောင်းနဲ့ သူ့မိန်းမနဲ့ ကွာရှင်းပြတ်စဲဖို့ တရားရုံးမှာ လျှောက်ထားတယ်လို့ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တယ်။ အဲဒီလိုပြောလို့ တာလူလာဟာ အီလွန်မတ်ကို အပြစ်မမြင်ဘဲ သဘောကျသွားတယ်။ ညစာစားပြီးကြတော့ အီလွန်မတ်နဲ့ တာလူလာတို့ဟာ နှစ်ယောက်တည်း ခွဲထွက်လာကြပြီး Cafe Boheme စားသောက်ဆိုင်မှာ ဝင်ထိုင်ကြပြန်တယ်။ အရက်မသောက်ဖို့ အမိန့်ဌာန်ပြုထားတဲ့ တာလူလာက ပန်းသီးဖျော်ရည်သောက်ပြီး အီလွန်မတ်ကတော့ ဘီယာသောက်တယ်။ အဲဒီအချိန်ကစပြီး သူတို့ရဲ့အချစ်ခရီးလမ်း စပါတော့တယ်။

နောက်နေ့ နေ့လယ်မှာ သူတို့နှစ်ယောက် နေ့လယ်စာ အတူစားကြပြီး White Cube လို့ခေါ်တဲ့ ပန်းချီပန်းပု အနုပညာပြခန်းတစ်ခုကို သွားကြည့်ကြတယ်။ ပြီးတော့ အီလွန်မတ်တည်းတဲ့ ဟိုတယ်ခန်းကို ပြန်လာကြတယ်။ "*အီလွန်က သူ့ဒုံးပျံလွှတ်တာတွေပြမယ်လို့ ပြောတော့ ကျွန်မစိတ်ထဲမှာ သူ နောက်ပြောတယ်လို့ပဲ ထင်မိတယ်။ တကယ်ပဲ ဒုံးပျံလွှတ်တင်တာကို ရိုက်ထားတဲ့ ဗီဒီယို*

ပြတယ်။ အဲဒီထဲမှာ သူ့ပုံကိုမြင်ရမှ သူဟာ ဒုံးပျံလုပ်သူဆိုတာ ယုံသွားတယ်။ အထင်လည်း ကြီးသွားတယ်" လို့ တာလူလာက ပြောပြတယ်။ အင်္ဂလန်နိုင်ငံမှာ တစ်ပတ်ကြာနေပြီးတော့ အီလွန်မတ်ဟာ အမေရိကန်နိုင်ငံကို ပြန်လာခဲ့တယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်ဟာ အီးမေးလ်နဲ့ အဆက်အသွယ် ရှိနေကြတယ်။ နှစ်ပတ်ကြာတော့ တာလူလာဟာ လေယာဉ်ပျံစီးပြီး လော့စ်အင်ဂျဲလိစ်မြို့ကို ရောက်လာတယ်။ အီလွန်မတ်နဲ့ တွေ့တယ်။ "*အဲဒီအချိန်အထိ ကျွန်မ သူနဲ့လက်ထပ်ဖို့ စိတ်ကူးမထားပါဘူး။ သူနဲ့အတူနေရရင် ပျော်နေတာပဲသိတယ်*" လို့ သူ ပြောပြတယ်။

ဒါပေမဲ့ အီလွန်မတ်မှာ အစီအစဉ်ရှိနေတယ်။ တာလူလာ ရောက်လာပြီး ၅ ရက်အကြာမှာ သူတို့နှစ်ယောက်ဟာ ဟောလီးဝုဒ် Beverly Hills အရပ်က Peninsula Hotel ရဲ့ အခန်းလေးတစ်ခုထဲက အိပ်ရာပေါ်မှာ လဲလျောင်းရင်း စကားပြောနေကြတယ်။ "*အီလွန်မတ်က ပြောတယ်ရှင့်။ 'ငါ မင်းကို မခွဲနိုင်တော့ဘူးကွာ။ မင်းကို လက်ထပ်ချင်တယ်' တဲ့။ ကျွန်မက သူ နောက်ပြောတယ်ထင်လို့ ရယ်နေလိုက်တယ်။ ဒါပေမဲ့ သူက ထပ်ပြောတယ်။ 'ငါ အတည်ပြောတာပါ။ ငုံ့မှာ လက်ထပ်ခွင့်တောင်းတဲ့ လက်စွပ်မရှိတာတော့ စိတ်မကောင်းပါဘူး' တဲ့။ ကျွန်မ မှတ်မိသလောက်ပြောရရင် ကျွန်မ ဘာပြန်ပြောမိမှန်း မသိတော့ဘူး။ ကျွန်မ အသက် ၂၂ နှစ်ပဲရှိလို့ ငယ်ပါသေးတယ်လို့ ပြောမိလိုက်တာကိုတော့ မှတ်မိပါတယ်*" လို့ တာလူလာက ပြောပြတယ်။

သမီးအလိမ္မာဖြစ်တဲ့ တာလူလာဟာ အီလွန်မတ်ရဲ့ လက်ထပ်ခွင့်တောင်းတာကို သဘောတူပြီးပြီးချင်းမှာပဲ ဟိုတယ်ရဲ့လသာဆောင်ကနေ သူ့မိဘနှစ်ပါးကို ဖုန်းဆက် အကြောင်းကြားလိုက်တယ်။ သူဟာ သူ့ထက် အသက် ၁၄ နှစ်ကြီးပြီး ကလေး ၅ ယောက်ရဲ့ဖခင် မိန်းမနဲ့ ကွာရှင်းပြတ်စဲဖို့ လုပ်နေပြီး ကုမ္ပဏီနှစ်ခုမှာ ရှယ်ယာတွေ အများကြီးပိုင်ထားသူနဲ့ လက်ထပ်တော့မယ်လို့ပါ။ သူဟာ အီလွန်မတ်နဲ့ဆုံတာ သီတင်းပတ်အနည်းငယ်အတွင်း လက်ထပ်ဖို့ ဘာကြောင့် သဘောတူမိလိုက်မှန်း မသိဘူးလို့ တာလူလာက နောင်မှာ ပြန်ပြောပြတယ်။ "*အမေ*

အတော်စိတ်ထိခိုက်သွားတယ် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်မဟာ စိတ်ကူးယဉ်တတ်သူမို့ တစ်နေ့ကျရင် သူ မျှော်လင့်မထားတာကို ကျွန်မ လုပ်မယ်မှန်း အမေသိထားပါတယ်” လို့လည်း ထပ်ပြောတယ်။ တာလူလာဟာ အင်္ဂလန်နိုင်ငံကို ပြန်ပြီး သူ့မိဘတွေရဲ့အိမ်က သူ့ပစ္စည်းတွေကို ထုပ်ပိုးပြင်ဆင်တယ်။ ပြီးတော့ သူ့မိဘနှစ်ပါးနဲ့အတူ အမေရိကန်နိုင်ငံကို ပြန်လာတယ်။ သူတို့ကို အီလွန်မတ်နဲ့ တွေ့ပေးတယ်။ အီလွန်မတ်ကလည်း တာလူလာရဲ့အဖေကို နောက်ကျပြီးမှ သူ့သမီးနဲ့ လက်ထပ်ခွင့်တောင်းရတာကို တောင်းပန်တယ်။ အီလွန်မတ်ဟာ သူ့အိမ်ကို ကွာရှင်းပြတ်စဲတဲ့ သဘောတူညီချက်အရ ဂျပ်စတင်ကို လွှဲပြောင်းပေးလိုက်ရလို့ နေစရာအိမ် မရှိတော့ဘူး။ ဒါကြောင့် သူနဲ့ တာလူလာတို့ဟာ သူ့သူငယ်ချင်းဖြစ်တဲ့ ဘီလျံနာသူဌေး ‘ဂျက်ဖ်စကိုးလ်’ ရဲ့ အိမ်ကြီးမှာ ခေတ္တသွားနေကြတယ်။ *“ကျွန်မကတော့ အဲဒါ သူ (အီလွန်မတ်) ဝယ်ထားတဲ့အိမ်လို့ ထင်နေတယ်။ တစ်မနက်မှာ ကျွန်မ မသိတဲ့လူတစ်ယောက်နဲ့ အိမ်ထဲမှာဆုံမိတယ်။ ကျွန်မက သူ့ကို ဘယ်သူလဲလို့ မေးလိုက်တယ်။ သူက ငါ ဒီအိမ်ရဲ့ အိမ်ရှင်ပါလို့ ပြန်ဖြေတယ်။ ပြီးတော့ စကားထပ်မပြောဘဲ အနားကနေ ထွက်သွားတယ်။ နောက်မှ အီလွန်မတ်ပြောပြလို့ သူဟာ ဒီအိမ်ရှင် ဘီလျံနာသူဌေးမှန်း သိလိုက်ရတယ်”* လို့ တာလူလာက ပြောပြတယ်။ အီလွန်မတ်ဟာ အဲဒီအိမ်ကြီးရဲ့ လသာဆောင်မှာ တာလူလာကို ဒုတိယအကြိမ် လက်ထပ်ခွင့်တောင်းပြန်တယ်။ သူတို့ဟာ အဲဒီအချိန်ထိ လက်မထပ်ကြရသေးဘူး။ ဒီအခါ လက်ထပ်ခွင့်တောင်းတော့ လက်ထပ်လက်စွပ်ပါတယ်။ စိန်ကြီးတစ်လုံးကို နီလာကျောက် ၁၀ လုံး ဝန်းရံထားတဲ့ လက်စွပ်ကြီးပါ။ *“ကျွန်မ မှတ်မိသလောက်ဆိုရင် သူက ခုလိုပြော တယ်။ ‘ဘဝမှာ ဘယ်လောက်ပဲ အခက်အခဲတွေနဲ့ ရင်ဆိုင်ရပါစေ၊ သူ့အနားမှာ မခွဲမခွာနေပေးဖို့ လက်ထပ်ခွင့်ပေးပါ’ တဲ့။ ကျွန်မလည်း ခေါင်းညိတ်ပြလိုက်တယ် ထင်ပါတယ်”* လို့ တာလူလာက ပြောပြတယ်။

တာလူလာက ခဏတာချစ်ခြင်းကနေ ကမ္ဘာကြီးကိုစိုးမိုးမယ့် ဘီလျံနာလူချမ်းသာတစ်ယောက်နဲ့ လက်ထပ်လိုက်ရလို့ သူ ကံကောင်းတယ်။ သူ စိတ်ချမ်း

သာ ကိုယ်ချမ်းသာ နေရတော့မယ်လို့ ထင်နေတယ်။ ဒါပေမဲ့ သူ ထင်တာ မှားသွားပြီ ဆိုတာ လက်ထပ်ပြီး သိပ်မကြာခင်မှာ သိလိုက်ရတယ်။ ဇူလိုင်လ ကုန်ခါနီး ရောက်တော့ အီလွန်မတ်က သူ့လက်ထဲမှာရှိတဲ့ငွေဟာ နှစ်ကုန်အထိပဲ ခံတော့မယ်လို့ သိနေတယ်။ Space X ရော Tesla ကုမ္ပဏီ နှစ်ခုစလုံးဟာ ဝန်ထမ်းလစာ ပေးရုံပဲ ငွေရှိကြတော့တယ်။ လုပ်ငန်းလည်ပတ်ဖို့ လိုအပ်တဲ့ပိုက်ဆံကို ဘယ်က ရှာရမှန်း မသိဘူး။ စီးပွားပျက်ကပ်ကြီးကြောင့် စီးပွားရေးစျေးကွက်တွေဟာ ဖရိုဖရဲ ကစဉ့်ကလျားဖြစ်နေကြလို့ ရင်းနှီးမြှုပ်နှံသူတွေလည်း ရင်းနှီးမြှုပ်နှံမှုလုပ်တာတွေကို ယာယီရပ်ဆိုင်းထားကြတယ်။ Space X နဲ့ Tesla ကုမ္ပဏီတွေ အခြေအနေကောင်းနေရင် အီလွန်မတ်ဟာ လိုတဲ့ငွေကို ရအောင် ရှာနိုင်မှာဖြစ်ပေမယ့် ကုမ္ပဏီတွေရဲ့ အခြေအနေတွေကလည်း လုံးဝမကောင်းဘူး။ *"အီလွန် ညတိုင်း ပြန်လာပါတယ်။ ဒါပေမဲ့ အိမ်ပြန်လာတဲ့သူကို မြင်ရတာ စိတ်မချမ်းသာ စရာပါရှင်။ သူပြုံးတာကို တစ်ချက်လေးတောင် မတွေ့ရဘူး။ သူဟာ လူပေါင်းစုံ နေရာစုံကနေ ကြီးမားတဲ့ဖိအားတွေ ရနေပုံပါပဲ။ သူ့အခြေအနေဟာ အတော် ဆိုးဝါးနေပါတယ်"* လို့ တာလူလာက ပြောပြတယ်။

Space X က အင်ဂျင်နီယာတစ်ဖွဲ့ဟာ Omelek ကျွန်းပေါ်မှာ Falcon 1 ဒုံးပျံကို တတိယအကြိမ်လွှတ်တင်ဖို့ အပူတပြင်း လုပ်ဆောင်နေကြတယ်။ တစ်ချိန်တည်းမှာပဲ Falcon 9 (အင်ဂျင် ၉ လုံးပါ ဒုံးပျံ) ကို လွှတ်တင်ဖို့ နောက် အင်ဂျင်နီယာတစ်ဖွဲ့က Texas ပြည်နယ်မှာ ပြင်ဆင်နေကြတယ်။ Space X ဟာ ဒုံးပျံနှစ်စင်းကို မရှေးမနှောင်း လွှတ်တင်ဖို့ ကြံစည်ထားတယ်။ ဘာကြောင့် အဲဒီလိုကြံစည်ရတာလဲဆိုတော့ အီလွန်မတ်ဟာ NASA ဆီက ငွေအမြောက် အများပါဝင်တဲ့ ကန်ထရိုက်လုပ်ငန်းကြီးတွေ ရယူချင်လို့ပါ။ အဲဒါတွေကို ရယူနိုင်ဖို့ ဒုံးပျံတွေအများကြီးကို အောင်မြင်စွာလွှတ်တင်နိုင်ကြောင်း ပြဖို့လိုပါတယ်။

Omelek ကျွန်းပေါ်မှာ အင်ဂျင်နီယာတွေဟာ Falcon 1 ဒုံးပျံကို လောင်စာ ရည်တွေဖြည့်ပြီး ဒုံးပျံကိုလွှတ်တင်ဖို့ အသင့်ဖြစ်နေကြပြီ။ ဒုံးပျံမှာ အမေရိကန် လေတပ်က ဂြိုဟ်တုတစ်လုံးကို တွဲချိတ်ထားတယ်။ NASA က စမ်းသပ်မယ့်

ပစ္စည်းကိရိယာ နှစ်ခုကိုလည်း ချိတ်တွဲပေးထားတယ်။ ချိတ်တွဲထားတဲ့ ကုန်ပစ္စည်းတွေရဲ့ စုစုပေါင်းအလေးချိန်ဟာ ၃၇၅ ပေါင် ဖြစ်တယ်။ Space X ဟာ ပြီးခဲ့တဲ့ အခေါက် (ဒုတိယအကြိမ်) က မီးလောင်ပျက်စီးသွားတဲ့ Falcon 1 ဒုံးပျံကို ထူးထူးခြားခြား မွမ်းမံပြင်ဆင်တာတွေ လုပ်လိုက်တယ်။ သာမန် အာကာသယာဉ်လုပ်တဲ့ ကုမ္ပဏီတွေဟာ ဒုံးပျံလွှတ်တာ မအောင်မြင်ရင် အဲဒီဒုံးပျံကို ထပ်မံလွှတ်တင်တာကို အရဲစွန့်ပြီး မလုပ်ရဲကြဘူး။ ဒါပေမဲ့ အီလွန်မတ်က Space X အနေနဲ့ နည်းပညာသစ်ကိုသုံးပြီး မအောင်မြင်တဲ့ဒုံးပျံကို နောက်တစ်ကြိမ် လွှတ်တင်ရမယ်လို့ ညွှန်ကြားတယ်။ ဒါကြောင့် Falcon 1 ကို ပြင်ဆင်မှုတွေလုပ်ပြီး အဓိကပြင်ဆင်မှုက Merlin 1 အင်ဂျင်ရဲ့ အအေးခံစနစ်ကို တိုးတက်ကောင်းမွန်အောင် မွမ်းမံပြင်ဆင်လိုက်ခြင်းပါ။

၂၀၀၈ ခုနှစ် သြဂုတ်လ ၂'ရက်နေ့ မနက်ပိုင်းမှာ Falcon 1 ကို တတိယအကြိမ်အဖြစ် လွှတ်တင်ခါနီး စက္ကန့်ပိုင်းမှာ အစီအစဉ်ကို ရပ်ဆိုင်းလိုက်ရတယ်။ အင်ဂျင်သံမမှန်လို့ စိတ်မချတာကြောင့်ပါ။ အင်ဂျင်နီယာတွေဟာ ပစ္စည်းတွေကို သေချာပြန်စစ်ပြီး အဲဒီနေ့ နေ့ခင်းပိုင်းမှာ ပြန်လွှတ်တင်ပြန်တယ်။ ဒီအခါမှာ အားလုံးဟာ အဆင်ပြေ ချောမွေ့နေတယ်။ Falcon 1 ဟာ ကောင်းကင်ကို တစ်ရှိန်ထိုး လှလှပပ တက်သွားတယ်။ ပြဿနာ တစ်စုံတစ်ခုမှ မပေါ်ဘူး။ Kwaj ကျွန်းပေါ်ကနေ Omelek ကျွန်းပေါ်မှာ ဒုံးပျံလွှတ်တင်တာကို ဗီဒီယိုလှမ်းရိုက်ပြီး တိုက်ရိုက်ပြနေတာကို လော့စ်အင်ဂျဲလိစ်မြို့ Space X ရုံးချုပ်ထဲက အီလွန်မတ်နဲ့ ဝန်ထမ်းတွေဟာ နံရံပေါ်မှာချိတ်ဆွဲထားတဲ့ ရုပ်မြင်သံကြားစက်ရဲ့ ဖန်သားပြင်ကျယ်ကြီးမှာ ကြည့်နေကြတယ်။ဒုံးပျံရဲ့ ပထမအဆင့်အပိုင်း (အောက်ခြေအပိုင်း) ဟာ လောင်စာရည်ကုန်လို့ ဒုံးပျံက ပြုတ်ထွက်သွားတယ်။ ဒီအခါမှာ ဒုံးပျံရဲ့ဒုတိယအဆင့် (အပေါ်ပိုင်း) ရဲ့ အင်ဂျင်ဟာ စနိုးရမယ်။ ဒါပေမဲ့ အင်ဂျင်ဟာ ချက်ချင်းမနိုးဘဲ စက္ကန့်အနည်းငယ်ကြာမှ နိုးလို့ ဒုတိယအဆင့်ဟာ အပေါ်တက်ဖို့ တုံ့နှေးနေတယ်။ ဒါကြောင့် အရှိန်မသေသေးတဲ့ ပထမအဆင့်ဟာ ဒုတိယအဆင့်ရဲ့ အောက်ခြေကို ဝင်ဆောင့်မိတယ်။ ဒုတိယအဆင့်ရဲ့ဒုံးပျံကိုယ်ထည်နဲ့ အင်ဂျင်ဟာ

ပျက်စီးသွားတယ်။ ဒုံးပျံဟာ မြေပြင်ကို ပြန်ပြုတ်ကျလာတယ်။

ဒီမအောင်မြင်မှုဟာ Space X က ဝန်ထမ်းတွေကို ရုတ်တရက် စိတ်ဓာတ်ကျသွားစေတယ်။ *"ခန်းမကြီးထဲမှာ ဝန်ထမ်းတွေဟာ စိတ်တက်ကြွစွာ ကြည့်နေရာက ရုတ်တရက် ထိတ်လန့်တကြား အော်လိုက်ကြတယ်။ အမျိုးသမီးဝန်ထမ်းတချို့ဆိုရင် အသံထွက်ပြီး အော်ငိုကြတယ်"* လို့ Space X က ဝန်ထမ်းစုဆောင်းရေးအရာရှိ အမျိုးသမီး 'ဒေါ်လီဆင်း' က ပြောပြတယ်။ ခန်းမကြီးထဲမှာ အတူကြည့်နေတဲ့ အီလွန်မတ်ဟာ ဝန်ထမ်းတွေကို ချက်ချင်းပဲ အားပေးစကားပြောပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြဖို့ မှာကြားတယ်။ *"ငါတို့ အဲဒါကို ဖြစ်အောင်လုပ်ကြမယ်။ အောင်မြင်အောင် လုပ်ကြမယ်။ စိတ်ဓာတ်မကျကြပါနဲ့"* လို့လည်း သူက ပြောလိုက်တယ်။ ဒေါ်လီဆင်းက အဲဒီအကြောင်းကို ခုလို ပြန်ပြောပြတယ်။ *"အီလွန်မတ် စကားပြောလိုက်တာဟာ မျက်လှည့်ပြလိုက်သလိုပဲ။ ဝန်ထမ်းတွေဟာ စိတ်သက်သာရာရသွားကြပြီး သူတို့နေရာတွေဆီ အလုပ်လုပ်ဖို့ ပြန်သွားကြတယ်။ သူတို့ဟာ စိတ်ပျက်နေရာက မျှော်လင့်ချက်ပြန်ရလိုက်ကြတယ်"*။ မကြာခင်မှာ အီလွန်မတ်က ရုံးတွင်းကြေညာချက်တစ်စောင် ထုတ်လိုက်တယ်။ စတုတ္ထအကြိမ် Falcon 1 ဒုံးပျံ လွှတ်တင်ဖို့ မရေးမနှောင်းမှာ စီစဉ်မယ်လို့ပါ။ အဲဒါတင်မကသေးပါဘူး။ Falcon 9 ဒုံးပျံကိုလည်း လွှတ်တင်မယ်တဲ့။

ဒီတစ်ခါမှာတော့ အင်ဂျင်နီယာတွေဟာ အရင်က မအောင်မြင်တဲ့ ဒုံးပျံလွှတ်တင်မှုကို သေသေချာချာ ပြန်စစ်ဆေးကြတယ်။ တတိယအကြိမ် ဒုံးပျံလွှတ်တင်တုန်းက ဒုတိယအဆင့်က အင်ဂျင် ချက်ချင်းမနိုးခဲ့တဲ့အပြစ်ကိုရှာပြီး ပြင်ကြတယ်။ နောက်ပြီး ဒုတိယအကြိမ် ဒုံးပျံလွှတ်တင်တုန်းက လောင်စာရည်ဘောင်ဘင်ခတ်တဲ့ ပြဿနာကိုလည်း သေချာ စစ်ဆေးဖြေရှင်းကြတယ်။ Space X က အင်ဂျင်နီယာတွေကတော့ သူတို့ဟာ ပြဿနာတွေအားလုံးကို အဖြေရှာဖြေရှင်းပြီးသွားကြပြီလို့ ယုံကြည်တာကြောင့် Falcon 1 ကို စတုတ္ထအကြိမ် လွှတ်တင်ဖို့ စိတ်အားထက်သန်နေကြတယ်။ ဒါပေမဲ့ အီလွန်မတ်ဟာ ဒီတစ်ခါမှာ အတော်စိတ်ပူနေတယ်။ *"ဒီတစ်ခေါက် (စတုတ္ထအကြိမ်) ဒုံးပျံလွှတ်လို့ မအောင်*

အချပ်ပို (၁)

Falcon 1 ဒုံးပျံလွှတ်တင်မှု မှတ်တမ်း

(၁) **၂၀၀၅ ခုနှစ် ၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ** ဒုံးပျံလွှတ်တင်ခါနီးမှာ အောက်ဆီဂျင်အရည် LOX သိုလှောင်ကန်က ဘားတစ်ခု မလုံလို့ LOX ဟာ လေထဲ အငွေ့ပျံထွက်နေတယ်။ အဲဒါကိုပြုပြင်ဖို့ ဒုံးပျံလွှတ်တင်မယ့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရတယ်။

(၂) **၂၀၀၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ** ဒုံးပျံကို **ပထမဆုံးအကြိမ်** လေထဲကို လွှတ်တင်တယ်။ ဒုံးပျံတက်ပြီး ၂၅ စက္ကန့်အကြာမှာ Merlin အင်ဂျင်ရဲ့အထက်နားမှာ မီးလောင်ပြီး ဒုံးပျံပြုတ်ကျလာတယ်။ စစ်ဆေးချက်အရ ဆီပိုက်လိုင်းက b-nut တွေ သံချေးတက်ပြီး ကွဲအက်နေကြလို့ပါ။

(၃) **၂၀၀၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှာ** ဒုံးပျံကို **ဒုတိယအကြိမ်** လွှတ်တင်ပြန်တယ်။ လောင်စာသိုလှောင်ကန်ထဲက လောင်စာရည် LOX ဟာ သုံးရင်း လျော့နည်းလာလို့ ကန်ထဲမှာ ဘောင်ဘင်ခတ်ရာက အင်ဂျင်မှာ အပေါက်တစ်ပေါက်ဖြစ်သွားတယ်။ အပေါက်ကနေ ပြင်ပလေကို အင်ဂျင်ထဲစုပ်ယူလို့ အင်ဂျင်မီးလောင်ပြီး ဒုံးပျံဟာ ပေါက်ကွဲပျက်စီးသွားတယ်။

(၄) **၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှာ** ဒုံးပျံကို **တတိယအကြိမ်** လွှတ်တင်ပြန်တယ်။ ဒုံးပျံဒုတိယအဆင့်ရဲ့အင်ဂျင်ဟာ ချက်ချင်းမနီးလို့ ပထမအဆင့်က ဒုတိယအဆင့်ရဲ့ အောက်ခြေကို ဝင်ဆောင့်တယ်။ ဒုတိယအဆင့်ရဲ့ ကိုယ်ထည်နဲ့ အင်ဂျင် ပျက်စီးပြီး ဒုံးပျံဟာ မြေပြင်ပေါ် ပြုတ်ကျလာတယ်။

မှတ်ချက် ။ ။ ဒုံးပျံတွေကို အကြိမ်တိုင်းမှာ Omelek ကျွန်းပေါ်ကနေ လွှတ်တင်ခဲ့တာပါ။

မြင်ရင် ပွဲပြီးသွားပါပြီ” လို့ သူ ပြောတယ်။ Space X မှာ ပဋ္ဌမအကြိမ် ဒုံးပျံ လွှတ်ဖို့ ငွေမရှိတော့ပါဘူး။ မကြာသေးခင်ကမှ ကုမ္ပဏီအတွက် ဒေါ်လာ သန်း ၁၀၀ ထည့်လိုက်တာလည်း အခု သိပ်မကျန်တော့ဘူး။ စတုတ္ထအကြိမ် Falcon 1 လွှတ်တင်ရာမှာ အောင်မြင်ဖို့ အလွန်အရေးကြီးတယ်လို့ အီလွန်မတ်က ထပ်ပြောတယ်။ အဲဒါကို အောင်မြင်အောင်လုပ်နိုင်ရင် အမေရိကန်အစိုးရက Space X အပေါ် ယုံကြည်မှုရှိလာပြီး သူတို့ရဲ့ပစ္စည်းတွေကို အာကာသထဲ ဒုံးပျံနဲ့ပို့ပေးဖို့ အလုပ်တွေ အပ်လာနိုင်တယ်။ အလုပ်ရမှ ငွေတွေရမယ်။ ငွေတွေရမှ Falcon 9 ကို ဆက်လုပ်ဖို့နဲ့ တခြားစီမံကိန်းတွေ ဆက်လုပ်လို့ရမှာ ဖြစ်ပါတယ်။

ဒုံးပျံတည်ဆောက်ရေးမှာ တတိယအကြိမ် Falcon 1 ဒုံးပျံလွှတ်တင်တဲ့ အထိ အီလွန်မတ်ဟာ အလုပ်ထဲမှာ ကိုယ်တိုင်ပါဝင်ခဲ့တယ်။ ဒုံးပျံလွှတ်တင်ဖို့ နောင့်နေးကြန့်ကြာနေရင် အီလွန်မတ်ဟာ တာဝန်ရှိတဲ့ အင်ဂျင်နီယာတွေကို ခေါ်တွေ့ပြီး မေးခွန်းတွေ တရစပ်မေးတယ်။ ဒါပေမဲ့ လိုအပ်ရင် အီလွန်မတ်ဟာ ပြဿနာဖြေရှင်းရာမှာ သူကိုယ်တိုင် ကူညီပေးတယ်။ “*ကျွန်တော် တာဝန်ယူထားတဲ့ ဒုံးပျံလွှတ်တင်ရေးဟာ နေးကွေးနေလို့ အီလွန်မတ်က ကျွန်တော့်ကို သူ့ဆီ တစ်ရက် နှစ်ကြိမ် အခြေအနေကို သတင်းပို့ခိုင်းတယ်*” လို့ အင်ဂျင်နီယာ ‘ကဲလ် ဗင်ဘရိုဂန်’ က ပြောတယ်။ တစ်ခါမှာ အီလွန်မတ်က ဘရိုဂန်ကို ဖုန်းဆက်ပြီး ဒုံးပျံရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းကို ဂဟေဆော်တဲ့အကြောင်း မေးတယ်။ သူ ဖုန်းဆက်တာ ဟာ သူ့အိမ်က အိပ်ခန်းထဲကပါ။ သူက အိပ်ရာထဲက (အနားမှာ သူ့မိန်းမ အိပ်နေလို့ထင်တယ်) လေသံနဲ့ တိုးတိုးလေး ဖုန်းဆက်လို့ ဘရိုဂန်နဲ့ သူ့လုပ်ဖော်ကိုင်ဖက်နှစ်ယောက်ဟာ ဖုန်းနားမှာ ပူးကပ်ပြီး နားထောင်ကြရတယ်။

စတုတ္ထအကြိမ် Falcon 1 ဒုံးပျံလွှတ်တင်ဖို့ ရက်နီးလာတော့ လူတွေဟာ အမှားတွေလုပ်လာကြတယ်။ အရင်က လော့စ်အင်ဂျလိစ်မြို့မှာရှိတဲ့ Space X စက်ရုံက တပ်ဆင်ပေးလိုက်တဲ့ ဒုံးပျံကိုယ်ထည်ကို ဝမ်းပြားရေယာဉ်ပေါ်တင်ပြီး Kwaj ကျွန်းကို ပို့ပေးတယ်။ အခုအချိန်မှာတော့ အီလွန်မတ်နဲ့ အင်ဂျင်နီယာတွေဟာ ဒုံးပျံကိုယ်ထည်ကို Kwaj ကျွန်းဆီ မြန်မြန်ရောက်စေချင်လို့ လေယာဉ်ပျံ

နဲ့ပို့ဖို့ စီစဉ်လိုက်တယ်။ အီလွန်မတ်က စစ်တပ်က တင့်ကား၊နဲ့ အမြောက်တွေ သယ်ပို့ပေးတဲ့ လေယာဉ်ပျံကြီးတစ်စီးဌားတယ်။ လေယာဉ်ပေါ်မှာ ဒုံးပျံကိုယ်ထည်ကို တင်ဆောင်စေပြီး လော့စ်အင်ဂျဲလိစ်မြို့ကနေ ဟာဝိုင်ယီကျွန်းကို ပို့မယ်။ အဲဒီကနေ Kwaj ကျွန်းကို သင်္ဘောနဲ့ပို့မယ်။ Kwaj ကျွန်းပေါ်မှာ ဒုံးပျံကို ပစ္စည်းကိရိယာတွေတပ်ဆင်ပြီး လွှတ်တင်ဖို့ Omelek ကျွန်းမှာ သင်္ဘောနဲ့ ပို့ရမယ်။ ဒုံးပျံကို သင်္ဘောနဲ့ပို့တာထက် လေယာဉ်နဲ့ပို့တာဟာ အချိန်မြန်သလို အပျက်အစီး အထိအခိုက် နည်းနိုင်လို့ အဲဒီအကြံဟာ ကောင်းပါတယ်။ ဒါပေမဲ့ Space X အင်ဂျင်နီယာတွေဟာ လေယာဉ်ပျံရဲ့ အတွင်းလေဖိအားကို ကမ္ဘာ့လေထုဖိအား၊နဲ့ တူညီအောင် ဖိအားပေးထားတယ်ဆိုတဲ့ အချက်ကို ထည့်မစဉ်းစားမိကြဘူး။ အဲဒီလို လေဖိအား၊ရှိတဲ့ လေယာဉ်ပျံထဲမှာ ၁ လက်မရဲ့ ၈ ပုံ ၂ ပုံ အထူပဲရှိတဲ့ ဒုံးပျံကိုယ်ထည်သံပြားဟာ လေဖိအားကြောင့် ဘာဖြစ်နိုင်သလဲဆိုတာကိုလည်း မတွက်မိကြဘူး။ လေယာဉ်ပျံဟာ လော့စ်အင်ဂျဲလိစ်မြို့က ထွက်ခွာလာပြီး ဟာဝိုင်ယီကျွန်းက လေဆိပ်မှာဆင်းဖို့ ပြင်ဆင်နေချိန်မှာ လိုက်ပါလာသူတွေဟာ ဒုံးပျံကိုယ်ထည်ထား၊တဲ့အခန်း၊က ဖျောက်၊ ဖျောက် ဆိုတဲ့ ထူးဆန်း၊တဲ့ အသံတွေ ကြား၊ရတယ်။ *"ကျွန်တော် အဲဒီနေရာကို သွား၊ကြည့်တော့ ဒုံးပျံကိုယ်ထည်ဟာ အက်ကွဲပြီး အသံမြည်တာကို တွေ့ရတယ်"* လို့ Space X ရဲ့အီလက်ထရောနစ် နည်းပညာဌာနရဲ့ဌာနမှူး 'ဘူးလင့်အော်လ်တန်' က ပြောပြတယ်။ *"ကျွန်တော်က လေယာဉ်မောင်းသမား၊ကို လေယာဉ်မဆင်း၊ခိုင်း၊ဘဲ အပေါ်မြင့်မြင့်ပျံတက်ဖို့ အော်ပြောလိုက်တယ်။ သူလည်း လေယာဉ်ကို ချက်ချင်း အပေါ်ပျံတက်လိုက်တယ်"* လို့ သူ ဆက်ပြောတယ်။ ဒုံးပျံကိုယ်ထည်ဟာ ပလတ်စတစ် ရေဘူး၊အလွတ်တစ်ခုကို ဆုပ်ကိုင် ညှစ်လိုက်တဲ့အခါ ရေဘူး၊ရဲ့မျက်နှာပြင်ဟာ တွန့်လိမ်ကြေမွနေတာနဲ့ တူနေပါတယ်။ အော်လ်တန်နဲ့ အင်ဂျင်နီယာတွေဟာ ဒုံးပျံကိုယ်ထည်ကို အကြီး အကျယ်ပျက်စီး၊ခြင်းမှ ကယ်တင်ဖို့ အချိန်နာရီဝက်ပဲ ရကြတယ်။ ဘာကြောင့်လဲ ဆိုတော့ လေယာဉ်ဟာ မဆင်း၊ဘဲ လေထဲမှာဆက်ပျံဖို့ ကျန်တဲ့ဓာတ်ဆီဟာ နာရီဝက်မောင်းစာပဲ ကျန်တော့လို့ပါ။ အော်လ်တန်တို့လည်း မောင်း၊ချား၊ကိုယ်စီနဲ့

ဒုံးပျံကိုယ်ထည်ကို အလုံပိတ် ပတ်ချည်ထားတဲ့ ပလတ်စတစ်အကာကို ခွဲဖြုတ်ကြတယ်။ ပြီးတော့ ခွရှင်တွေနဲ့ ဒုံးပျံကိုယ်ထည်က မူလီတွေကို လျှော့ပြီး ကိုယ်ထည် အတွင်းက လေဖိအားကို လေယာဉ်ပျံအထဲက လေဖိအားနဲ့ တူညီအောင် လုပ်လိုက်ကြတယ်။ နောက်ဆုံးတော့ လေယာဉ်ဟာ ဟာဝိုင်ယီကျွန်းက လေယာဉ်ကွင်းမှာ ဆင်းသက်လိုက်တယ်။ အင်ဂျင်နီယာတွေဟာ Space X က လူကြီးတွေကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြတယ်။ လူကြီးတစ်ယောက်က တစ်ခါ လော့စ်အင်ဂျဲလိစ်မြို့ကအိမ်မှာ အိပ်နေတဲ့ အီလွန်မတ်ဆီ ဖုန်းဆက်ပြောပြတယ်။ အဲဒီ အချိန်ဟာ လော့စ်အင်ဂျဲလိစ်မြို့မှာ မနက် ၃ နာရီ ဖြစ်တယ်။ အင်ဂျင်နီယာတွေ သုံးသပ်တာက ဒုံးပျံကိုယ်ထည်ကို ပြန်ပြင်ဖို့ အချိန် ၃ လ ကြာလိမ့်မယ်လို့ပါ။ ဘာကြောင့်လဲဆိုတော့ ဒုံးပျံကိုယ်ထည်ရဲ့ နေရာအတော်များများမှာ အထဲကို ချိုင့်ဝင်နေကြတယ်။ နောက်ပြီး လောင်စာရည် သိုလှောင်ကန်နဲ့ ဆက်ထားတဲ့ ပိုက်တချို့နဲ့ တချို့ ပစ္စည်းကိရိယာတွေ ကျိုးပျက်နေကြတယ်။ အီလွန်မတ်က ဒုံးပျံကို Kwaj ကျွန်းအထိ သင်္ဘောနဲ့ပို့ခိုင်းပြီး ပြင်ဆင်ရေး အသင်းတစ်သင်းကို အားဖြည့်တဲ့အနေနဲ့ စေလွှတ်ပေးလိုက်တယ်။ ဒုံးပျံကိုယ်ထည်ကို ယာယီတဲကြီးတစ်ခု အောက်မှာထားပြီး ပြင်ကြတယ်။ *"ကျွန်တော်တို့အားလုံး တစ်ယောက်မှ နေ့ရောညပါ အနားမယူဘဲ လုပ်လိုက်ကြတာ နောက်ဆုံးတော့ ပြင်ဆင်တာဟာ အံ့သြဖွယ်ကောင်းအောင် ရက်တိုတိုအတွင်း ပြီးသွားပါတယ်"* လို့ အော်လ်တန်က ပြောတယ်။

စတုတ္ထအကြိမ်နဲ့ (ဂ်မကောင်းရင် နောက်ဆုံးအကြိမ်ဖြစ်မယ့်) Falcon 1 ဒုံးပျံကို ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ Omelek ကျွန်းပေါ်ကနေ လွှတ်တင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ Space X ဝန်ထမ်းတွေဟာ နေ့ဆိုင်းညဆိုင်းတွေနဲ့ မချိမဆန့်ခံစားရတဲ့ အလုပ်ဖိအားတွေအောက်မှာ ၆ ပတ်ကြာ လုပ်ကိုင်ခဲ့ကြပြီးမှ ဒီနေ့ကို ရောက်လာခဲ့ပါတယ်။ သူတို့ရဲ့ အင်ဂျင်နီယာအဖြစ် ဂုဏ်ယူမှု၊ သူတို့ရဲ့ မျှော်လင့်ချက်နဲ့ အိပ်မက်တွေဟာ ကြီးမားတဲ့ စွန့်စားမှုကြီးနဲ့ ကြုံနေရတယ်။ "Space X စက်ရုံကလူတွေဟာ ဒုံးပျံလွှတ်တင်ရာမှာ ပြဿနာ

မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေကြတယ်” လို့ စက်ရုံက စက်တပ်ဆင်ရေး အလုပ်သမား ‘ဂျိမ်းစ် မက်လော်ရီ’ က ပြောပြတယ်။ ဒါပေမဲ့ Omelek ကျွန်းပေါ်မှာ လွှတ်တင်မယ့်ဒုံးပျံကို စောင့်နေကြတဲ့ Space X အင်ဂျင်နီယာတွေကတော့ အရင်က (သုံးကြိမ်တိုင်တိုင်) ဒုံးပျံလွှတ်တင်တာတွေ မအောင်မြင်ခဲ့ပေမယ့် ဒီတစ်ခေါက်မှာတော့ သေချာပေါက် အောင်မြင်မယ်လို့ ယုံကြည်နေကြတယ်။ သူတို့ထဲက တချို့ဟာ Kwaj ကျွန်းနဲ့ Omelek ကျွန်းတွေပေါ်မှာ နှစ်ချီနေထိုင်ခဲ့ကြပြီး အလုပ်ထဲမှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားကြတယ်။ သူတို့ဟာ မိသားစုနဲ့ ခွဲပြီး နေခဲ့ကြရတယ်။ ပူပြင်းတဲ့ နေအပူရှိန်အောက်မှာ တစ်နေကုန် အလုပ်လုပ်ခဲ့ရတယ်။ ဒုံးပျံရဲ့ ကျဉ်းမြောင်းတဲ့အခန်းထဲမှာ တစ်ယောက်တည်း အလုပ်လုပ်ခဲ့ရတယ်။ နေ့လယ်စာနဲ့ ညစာကို အများအားဖြင့် အလုပ်လုပ်တဲ့နေရာမှာပဲ စားခဲ့ရတယ်။ တစ်ခါတလေ အစားအသောက်လာပို့ဖို့ မေ့နေလို့ နေ့လယ်စာ သို့မဟုတ် ညစာလွတ်သွားတဲ့ အကြိမ်ပေါင်းလည်း မနည်းခဲ့ဘူး။ သူတို့ရဲ့ စိတ်ဆင်းရဲဝေဒနာနဲ့ အကြောက်တရားဟာ ဒီတစ်ခေါက် ဒုံးပျံကို အောင်အောင်မြင်မြင် လွှတ်တင်နိုင်ရင်တော့ ပျောက်ကင်းသွားမှာ သေချာပါတယ်။

အဲဒီ ၂၈ ရက်နေ့ မွန်းလွဲပိုင်းမှာ Falcon 1 ဒုံးပျံကို Omelek ကျွန်း အလယ်က ဒုံးပျံပစ်စင်မှာ တည့်တည့်မတ်မတ် ထောင်လိုက်ကြတယ်။ ဒုံးပျံကြီးဟာ အုန်းပင်တွေကြားမှာ ထိုးထိုးထောင်ထောင်ထွက်နေလို့ ကျွန်းပေါ်က လူရိုင်းတွေကိုးကွယ်တဲ့ နတ်ဘုရားရုပ်တု အဖြူကြီးနဲ့ တူနေတယ်။ အဲဒီအချိန်မှာ တိမ်တိုက်နည်းနည်းလေးပဲရှိတဲ့ ကောင်းကင်ဟာ ထူးထူးခြားခြား ပြာပြီး လှပနေတယ်။ Space X ကုမ္ပဏီရဲ့ ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့ဟာ ဒုံးပျံလွှတ်တင်တဲ့ အစီအစဉ်ကို သူ့ဝန်ထမ်းတွေနဲ့ လူထုကြည့်လို့ရအောင် ရုပ်မြင်သံကြားကနေ တိုက်ရိုက် ထုတ်လွှင့်ပြသပေးနေတယ်။ Space X ရဲ့ အရောင်းဌာနက အရာရှိ နှစ်ယောက်ဟာ Falcon 1 အကြောင်းကို ရုပ်မြင်သံကြားကနေ ရှင်းလင်းပြောပြနေကြတယ်။ Falcon 1 ဟာ ဒီတစ်ခေါက်မှာတော့ တကယ့်ကုန်ပစ္စည်း (ဂြိုဟ်တု သို့မဟုတ် စစ်တပ်သုံးပစ္စည်း) ကို မသယ်ဆောင်ပါဘူး။ ဘာကြောင့်လဲဆိုတော့

Space X ရော စစ်တပ်ကပါ ကုန်ပစ္စည်းပေါက်ကွဲတာ သို့မဟုတ် ပင်လယ်ထဲ ပြုတ်ကျတာကို အဖြစ်မခံနိုင်လို့ပါ။ ဒါကြောင့် ဒုံးပျံကသယ်ဆောင်ဖို့ ချိတ်ဆက်ထားတဲ့ပစ္စည်းဟာ ပေါင် ၃၆၀ လေးတဲ့ dummy payload ကုန်ပစ္စည်းအတု ဖြစ်ပါတယ်။

ကုန်ပစ္စည်းအတုနဲ့ ဒုံးပျံကို လွှတ်တင်ရလို့ဆိုပြီး Space X က ဝန်ထမ်းတွေရဲ့ စိတ်အားထက်သန်မှုဟာ လျော့ကျမသွားပါဘူး။ Omelek ကျွန်းပေါ်က ဒုံးပျံဟာ မိုးခြိမ်းသံလို အကျယ်ကြီးမြည်ဟိန်းပြီး ကောင်းကင်ကို ပျံတက်သွားတယ်။ Space X ရုံးချုပ်မှာရှိနေကြတဲ့ ဝန်ထမ်းတွေဟာ နံရံမှာတပ်ထားတဲ့ ရုပ်မြင်သံကြား ဖန်သားပြင်ကြီးပေါ်မှာကြည့်ရင်း ဝမ်းသာအားရ လက်ခုပ်တီးအားပေးနေကြတယ်။ ဒုံးပျံစတက်ပြီး စက္ကန့် ၉၀ အကြာမှာ ဒုံးပျံရဲ့ ပထမအဆင့် (အောက်ခြေအပိုင်း) ဟာ လောင်စာရည်ကုန်လို့ Merlin အင်ဂျင်စက်ရပ်ပြီး အောက်ကိုပြုတ်ကျလာတယ်။ ဒုတိယအဆင့်က Kestrel အင်ဂျင်စက်ထနိုးပြီး ဒုံးပျံကို အပေါ်ထိ ဆက်လက်ပျံတက်သွားစေတယ်။ ဝန်ထမ်းတွေဟာ တက်တက်ကြွကြွ စူးစူးဝါးဝါး အော်နေကြတယ်။ ရုပ်မြင်သံကြားကနေ အစီအစဉ်တင်ဆက်နေသူ (အရောင်းဌာနက အရာရှိ) က *"ဒုံးပျံဟာ စီစဉ်ထားတဲ့အတိုင်း ကွက်တိ အလုပ်လုပ်နေပါတယ်"* လို့ ဂုဏ်ယူစွာ ပြောလိုက်တယ်။ ဒုံးပျံ ဒုတိယအဆင့်က Kestrel အင်ဂျင်ဟာ သူ့ရဲ့လောင်စာရည်တွေကို ကုန်တဲ့အထိ ၆ မိနစ်ကြာ ဆက်နိုးနေမှာ ဖြစ်ပါတယ်။ *"ဒုံးပျံရဲ့ ဒုတိယအဆင့် လောင်စာကုန်သွားရင် ဘာဖြစ်မလဲဆိုတာကို ကျွန်တော်တို့ ဒူးတုန်ပြီး ရင်တထိတ်ထိတ်နဲ့ စောင့်နေကြတယ်"* လို့ စက် တပ်ဆင်ရေးသမား 'ဂျိမ်းစ်မက်လော်ရီ'က ပြောပြတယ်။

၃ မိနစ်အကြာမှာ dummy payload ကို အုပ်ထားတဲ့ အဖုံးအကာဟာ ပွင့်သွားပြီး မြေပြင်ပေါ်ကို ပြုတ်ကျလာတယ်။ ဒါလည်း စီစဉ်ထားတဲ့အတိုင်း ကွက်တိပါပဲ။ စတက်ချိန်ကစလို့ ၉ မိနစ်လောက်ကြာတဲ့အခါ Falcon 1 ဟာ စီစဉ်ထားသလို ကမ္ဘာကိုပတ်တဲ့ ဂြိုဟ်တုပတ်လမ်းထဲ ရောက်သွားတယ်။ လောင်စာရည်ကုန်ဆုံးလို့ အင်ဂျင်လည်တာ ရပ်မသွားခင်လေးမှာ ဒုံးပျံမှာတပ်ထားတဲ့

dummy payload ဟာ ဒုံးပျံကိုယ်ထည်ကခွာပြီး ဂြိုဟ်တုပတ်လမ်းထဲမှာ အရှိန်နဲ့ လှည့်ပတ်နေတယ်။ ဒါဟာ ကာကွယ်ရေးဌာနက မဟုတ်တဲ့ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုရဲ့ ပထမဆုံး အောင်မြင်မှုကြီးဖြစ်ပါတယ်။ ခုလို အောင်မြင်မှုရဖို့ Space X ဟာ ၆ နှစ် အချိန်ယူလုပ်ခဲ့ရတယ်။ (အီလွန်မတ် ရည်မှန်းခဲ့တာက ၄ နှစ်ခွဲကျော်ပါ)။ လူပေါင်း ၅၀၀ လောက်နဲ့ လုပ်ယူခဲ့ရတယ်။

ဒုံးပျံလွှတ်တင်မယ့်မနက်ပိုင်းမှာ အီလွန်မတ်ဟာ သူ့ကိုယ်သူ စိတ်ဖိစီးမှုက လွတ်မြောက်ချင်လို့ သူ့ညီ ကင်းဘားနဲ့ ကင်းဘားရဲ့ကလေးတွေကိုခေါ်ပြီး ဒစ္စနေး အပန်းဖြေဥယျာဉ်ကို သွားတယ်။ သူဟာ ဒုံးပျံလွှတ်တင်မယ့် ညနေ ၄ နာရီ မထိုးခင် လေးကျမှ Space X ရုံးချုပ်ကို ရောက်လာတယ်။ ဒုံးပျံလွှတ်တင်တာပြမယ့် ရုပ်မြင်သံကြား screen ကြီးရှေ့မှာ ထိုင်လိုက်တော့ ဒုံးပျံမတက်ခင် ၂ မိနစ် အလိုမှာပါ။ *"ဒုံးပျံလွှတ်တင်တာ အောင်မြင်သွားလို့ အခန်းထဲက ဝန်ထမ်းတွေဟာ ဝမ်းသာလွန်းလို့ မျက်ရည်ကျကြတယ်"* လို့ အီလွန်မတ်နဲ့အတူ လိုက်ပါလာတဲ့ ကင်းဘားက ပြောပြတယ်။ *"ကျွန်တော် ကြုံဖူးသမျှတွေထဲမှာ စိတ်အလှုပ်ရှားရဆုံးနဲ့ ပျော်စရာအကောင်းဆုံး အတွေ့အကြုံတစ်ခုပဲ"* လို့ သူ ဆက်ပြောတယ်။ အီလွန်မတ်ဟာ ရုပ်မြင်သံကြားကြည့်တဲ့ အခန်းထဲက အပြင်ထွက်လာတယ်။ ဝန်ထမ်းတွေဟာ နာမည်ကြီးအဆိုတော်တစ်ယောက်ကို ကြိုဆိုအားပေးသလို အကြီးအကျယ် လက်ခုပ်တီးပြီး အားပေးကြတယ်။ အီလွန်မတ်ကလည်း *"မယုံနိုင်စရာကောင်းတဲ့ အံ့သြစရာ စွမ်းဆောင်မှုကြီးပါ"* လို့ အားလုံးကို ပြောလိုက်တယ်။ ပြီးတော့ သူက ခုလို စကားဆက်ပြောတယ်။ *"ငါတို့ အောင်မြင်မှာမဟုတ်ဘူးလို့ ထင်ကြသူတွေ အများကြီးရှိပါတယ်။ သူတို့ ထင်တာ မှားကြောင်း ငါတို့ ဒီနေ့ သက်သေပြလိုက်ကြပြီ။ တကယ်တော့ ခုလို ဒုံးပျံကို အောင်မြင်စွာလွှတ်တင်နိုင်ကြတဲ့ နိုင်ငံတွေဟာ ကမ္ဘာပေါ်မှာ လက်တစ်ဆုပ်စာပဲ ရှိပါတယ်။ အဲဒီ လက်တစ်ဆုပ်စာ ကလည်း နိုင်ငံ့အစိုးရတွေပါ။ အစိုးရမဟုတ်ဘဲ ဒုံးပျံကို အောင်မြင်စွာလွှတ်တင်နိုင်တဲ့ ပုဂ္ဂလိကကုမ္ပဏီဆိုလို့ ငါတို့ရဲ့ Space X တစ်ခုပဲ ရှိပါတယ်။ ငါ အတော်ကြီး စိတ်ပင်ပန်းနေလို့ လောလောဆယ်မှာ စကားတွေအများကြီး မပြောနိုင်ဘူး။*

အတိုချုံးပြောရရင် ဒီနေ့အောင်မြင်မှုဟာ နောင်မှာရလာမယ့် အောင်မြင်မှုတွေရဲ့ အစပဲရှိပါသေးတယ်။ ငါ မင်းတို့အတွက် ဂုဏ်ယူတယ်ကွာ။ ဒီညမှာ ငါ ပါတီပွဲကြီး ကျင်းပပေးမယ်"။ သူ့ရဲ့ အမျိုးသမီးကိုယ်ရေးအရာရှိ မေရီဘက်ဘရောင်းက သူ့ရဲ့ပခုံးကို အသာပုတ်ပြီး အစည်းအဝေးတစ်ခုတက်ဖို့ ခေါ်သွားတယ်။

ကြီးမားတဲ့အောင်မြင်မှုကြောင့် ဖြစ်ပေါ်နေတဲ့ အီလွန်မတ်ရဲ့အကြီးအကျယ် ပျော်ရွှင်မှုဟာ မကြာခင်မှာ ပြီးဆုံးသွားတယ်။ အကြောင်းက Space X ရဲ့ဘဏ္ဍာရေးအခြေအနေဟာ အတော့်ကိုစိုးရိမ်ရတဲ့ အခြေအနေရောက်နေလို့ပါ။ Space X ဟာ Falcon 9 ဒုံးပျံကို လွှတ်တင်ဖို့ လုပ်နေသလို Dragon လို့ခေါ်တဲ့ အာကာသယာဉ်ငယ်လေးတစ်စင်း တည်ဆောက်ဖို့ လုပ်နေပါတယ်။ Dragon ကို နိုင်ငံတကာ အာကာသယာဉ်စခန်းကို ရိက္ခာပို့ပေးဖို့နဲ့ တစ်နေ့မှာ လူလိုက်ပါစီးဖို့ ရည်ရွယ်ထားပါတယ်။ အရင်က ကုန်ကျစရိတ်တွေအရ တွက်ကြည့်ရင် အဲဒီ လုပ်ငန်းနှစ်ခုဟာ တစ်ခုကို ဒေါ်လာ ၁ ဘီလီယံလောက်စီ ကုန်မှာဖြစ်ပါတယ်။ ဒါပေမဲ့ Space X က လုပ်ငန်းနှစ်ခုစလုံးကို တစ်ပြိုင်နက်တည်းမှာ ကုန်ကျစရိတ်နည်းနည်းနဲ့ လုပ်နိုင်ဖို့ နည်းလမ်းရှာနေပါတယ်။ ထူးဆန်းတာက ကုမ္ပဏီဟာ ရုတ်တရက် ဝန်ထမ်းသစ်တွေ အများကြီးခန့်လိုက်ပြီး ကာလီဖိုးနီးယားပြည်နယ်၊ Hawthorne မြို့က ကြီးမားတဲ့ အဆောက်အဦးကြီးမှာ Space X ရုံးချုပ်ကို ပြောင်းရွှေ့လိုက်တယ်။ Space X ဟာ မလေးရှားနိုင်ငံအစိုးရအတွက် ဂြိုဟ်တု တစ်လုံးကို ဂြိုဟ်ပတ်လမ်းထဲလွှတ်တင်ဖို့ အလုပ်ရတယ်။ ဒါပေမဲ့ ဒုံးပျံတည်ဆောက်ခန့် ဒုံးပျံလွှတ်တင်ခအတွက် ငွေကို ၂၀၀၉ ခုနှစ် နှစ်လယ်ကျမှ ရမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ Space X ဟာ ဝန်ထမ်းတွေကို လစာပုံမှန်ပေးနိုင်ဖို့ အတော်လေး ရုန်းကန်နေရတယ်။ သတင်းသမားတွေဟာ Space X ရဲ့ ငွေကြေးအကျပ်အတည်းကို မသိကြပေမယ့် Tesla ကုမ္ပဏီဟာ ငွေကြေးအကျပ်အတည်း ဖြစ်နေတယ်ဆိုတာကိုတော့ သိနေကြတယ်။

၂၀၀၈ ခုနှစ် အောက်တိုဘာလ (Falcon 1 ကို စတုတ္ထအကြိမ်မှာ အောင်မြင်စွာလွှတ်တင်ပြီး ၂ ပတ်အကြာ) မှာ အရင်က အီလွန်မတ်အကြောင်း အမြဲတမ်း

အပုတ်ချရေးနေတဲ့ Valleywag ဝက်ဆိုဒ်ဟာ အီလွန်မတ်အကြောင်း အတော်ကြာကြာ မရေးဘဲနေရာက ရုတ်တရက် ဆောင်းပါးပြန်ရေးတယ်။ ဆောင်းပါးမှာ အီလွန်မတ်ဟာ Tesla ကုမ္ပဏီရဲ့ CEO ဒရော်ရီကို ဖယ်ရှားပြီး CEO ရာထူးကို လုယူလိုက်ကြောင်း ရေးထားတယ်။ ပြီးတော့ အမည်မဖော်တဲ့ Tesla ဝန်ထမ်းတစ်ယောက်ရေးထားတဲ့ အီးမေးလ်တစ်စောင်ကို ဆောင်းပါးမှာ ရေးပြထားတယ်။ အီးမေးလ်ထဲမှာ Tesla ကုမ္ပဏီက ဝန်ထမ်းတွေအများကြီးကို အလုပ်ဖြုတ်လိုက်ကြောင်း။ Detroit က Tesla ရုံးကို ပိတ်လိုက်ပြီဖြစ်ကြောင်းနဲ့ Tesla ရဲ့ဘဏ္ဍာမှာ စုထားငွေဟာ ဒေါ်လာ ၉ သန်းပဲ ကျန်တော့ကြောင်းတွေ ရေးပြထားတယ်။ နောက်ပြီး *"ကျွန်တော်တို့မှာ ကားဝယ်ဖို့ စပေါ်ငွေတင်ထားသူ ပေါင်း ၁၂၀၀ ရှိတယ်။ အဲဒီအတွက် ဒေါ်လာသန်းပေါင်းများစွာ ရတယ်။ ဒါပေမဲ့ Tesla ဟာ ကားဝယ်မယ့်သူတွေဆီက ပိုက်ဆံတွေယူပေမယ့် ကားထုတ်တာကို ထိထိရောက်ရောက် မလုပ်ဘူး။ လောလောဆယ်မှာ ကျွန်တော်တို့ဟာ ကားဝယ်သူတွေဆီ Roadster ကားအစီး ၅၀ ပဲ ကတိအတိုင်း ပေးအပ်နိုင်ပါသေးတယ်။ ဒါပေမဲ့ လူတွေဟာ Tesla ကုမ္ပဏီကို ချစ်ကြလို့ Tesla မဟုတ်တာလုပ်နေတာကို မသိကြပါဘူး"* လို့ ဆက်ရေးထားတယ်။

အဲဒီအခြေအနေတွေနဲ့ ကြုံတွေ့နေတဲ့ အီလွန်မတ်က သူ့သူငယ်ချင်းတစ်ယောက်ကို ခုလိုပြောပြတယ်။ *"ကျွန်တော်ဒုက္ခရောက်ရင် ဝမ်းသာကြမယ့်သူတွေ အများကြီးပါ။ ဂျပ်စတင် (သူ့ဇနီးဟောင်း) ကလည်း blog တွေရေးပြီး ကျွန်တော့်ကို စိတ်ဒုက္ခရောက်အောင် လုပ်နေတယ်။ ဝက်ဆိုဒ်တွေကလည်း Tesla ရဲ့ မဟုတ်ကဟုတ်က သတင်းတွေ ရေးကြတယ်။ ပြီးတော့ Space X ရဲ့ မကြာခင်က အောင်မြင်ခဲ့တဲ့ Falcon 1 ဒုံးပျံလွှတ်တင်မှုအကြောင်းထက် သုံးကြိမ်တိုင် မအောင်မြင်ခဲ့တဲ့ Falcon 1 ဒုံးပျံလွှတ်တင်မှုတွေကိုပဲ အသားပေးဖော်ပြနေကြတယ်။ ကျွန်တော် အဲဒါတွေဖတ်ပြီး အတော်စိတ်ထိခိုက်မိတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း ငုံ့ဘဝဟာ အဆင်မပြေဘူး။ ဒုံးပျံလွှတ်တာလည်း အကြိမ်ကြိမ် ကျရှုံးနေတယ်။ ကားထုတ်လုပ်မှုလည်း အဆင်မပြေဘူး။ အိမ်ထောင်

ရေးလည်း အဆင်မပြေဘူး။ ကျွန်တော် အဲဒါတွေကို အောင်မြင်ကျော်လွှားနိုင်မယ်လို့ မထင်တော့ဘူး။ မကြာခင်မှာ ခုထက် ပိုပြီးဆိုးဝါးတာတွေ ဖြစ်လာတော့မယ်လို့ ထင်နေမိတယ်” တဲ့။

အီလွန်မတ်ဟာ ကုမ္ပဏီနှစ်ခုအတွက် လိုအပ်တဲ့ငွေကြေးကို သေသေချာချာ တွက်ကြည့်တယ်။ ဒီအခါမှာ လက်ထဲမှာရှိတဲ့ငွေဟာ ကုမ္ပဏီတစ်ခုအတွက်ပဲ ဆက်လက်ရပ်တည်နိုင်ဖို့ လုံလောက်တော့တာကို တွေ့ရတယ်။ “ကျွန်တော် Space X သို့မဟုတ် Tesla တစ်ခုကိုပဲ ရွေးချယ်ရမလား။ ဒါမှမဟုတ် ရှိတဲ့ငွေကို ကုမ္ပဏီနှစ်ခုအတွက် ခွဲဝေသုံးစွဲရမလားလို့ စဉ်းစားနေတယ်” လို့ အီလွန်မတ်က ပြောတယ်။ “ဆုံးဖြတ်ဖို့ အလွန်ခက်ခဲနေတယ်။ ရှိတဲ့ငွေကို ကုမ္ပဏီနှစ်ခုအတွက် ခွဲဝေသုံးစွဲရင် ကုမ္ပဏီနှစ်ခုစလုံး ကျရှုံးသွားနိုင်တယ်။ ကုမ္ပဏီတစ်ခုအတွက်ပဲ ရှိတဲ့ငွေကိုသုံးရင် အဲဒီကုမ္ပဏီ ဆက်လက်ရပ်တည်နေနိုင်မှာဖြစ်ပေမယ့် နောက်ကုမ္ပဏီ ကျရှုံးသွားလိမ့်မယ်။ ကျွန်တော် ဘာဆုံးဖြတ်ရမလဲဆိုတာကို အပြန်အပြန် အလှန်လှန် စဉ်းစားနေတယ်” လို့ သူ ဆက်ပြောတယ်။ အဲဒီအချိန်မှာပဲ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ ပိုဆိုးဝါးလာနေသလို အီလွန်မတ်ရဲ့ ငွေရေးကြေးရေးအခြေအနေလည်း ပိုပြီးကျပ်တည်းလာတယ်။ ၂၀၀၈ ခုနှစ်ကုန်ခါနီးရောက်တော့ အီလွန်မတ်ရဲ့လက်ထဲမှာ ငွေလုံးဝပြတ်သွားပြီ။

တာလူလာ (အီလွန်မတ်ရဲ့ လက်ရှိဇနီး) က အီလွန်မတ်ကိုကြည့်ရတာ ရှိတ်စပီးယားရဲ့စိတ်ဆင်းရဲစရာ ပြဇာတ်တစ်ပုဒ်ဖတ်ရသလို ခံစားရတယ်လို့ ပြောတယ်။ နောက်ပြီး အီလွန်မတ် ခံစားနေရတာကိုလည်း သူ ပြောပြတယ်။ အီလွန်မတ်ဟာ အမျှားအားဖြင့်တော့ သူတစ်ယောက်တည်း ကြိတ်မိုတ်ခံစားတယ်။ အီလွန်မတ် အီးမေးလ်ဖတ်ရင် တာလူလာက စောင့်ကြည့်နေတယ်။ သတင်းဆိုးဆိုရင် အီလွန်မတ်ရဲ့မျက်နှာဟာ ရှုံ့မဲ့သွားတယ်။ “ကျွန်မချစ်ရသူတစ်ယောက် ခံစားနေရတာကို ကြည့်ပြီး ကျွန်မလည်း ထပ်တူခံစားရတယ် ရှင့်” လို့ တာလူလာက ပြောပြတယ်။ အီလွန်မတ်ဟာ အလုပ်ကို အချိန်အကြာကြီးလုပ်နေလို့ သူ့ရဲ့ စားသောက်ချိန်ဟာ ပုံမှန်မဟုတ်တော့ဘူး။ သူ့ ကိုယ်အလေးချိန်ဟာ တက်လိုက်

ကျလိုက် ဖြစ်နေတယ်။ မျက်ကွင်းညိုနေတယ်။ မျက်နှာပုံစံဟာ တာဝေးအပြေး သမားတစ်ယောက်ရဲ့ ပန်းဝင်ပြီးစအချိန်က မျက်နှာလို ပုံပျက်ပန်းပျက် ဖြစ်နေတယ်။ *"ကျွန်မတွေးမိတာက သူဟာ နလုံးရောဂါရှိပြီး သေသွားတော့မယ်လို့ပါ။ သူ့အခြေ အနေဟာ အတော်ဆိုးဝါးနေပါတယ်"* လို့ တာလူလာက ပြောတယ်။ အီလွန်မတ် ဟာ ညသန်းခေါင်ယံမှာ အိပ်မက်ဆိုးတွေမက်လို့ လန့်နိုးပြီး ထအော်တယ်။ *"တစ်ခါတလေ သူဟာ ကျွန်မရဲ့ကိုယ်ပေါ် တက်ခွပြီး အော်နေတယ်ရှင့်"* လို့ တာလူလာက ဆက်ပြောပြတယ်။ အီလွန်မတ်ဟာ သူ့ရဲ့သူငယ်ချင်း 'စကိုးလ်' ဆီကနေ ဒေါ်လာထောင်ပေါင်းများစွာ ချေးငှားပြီး အလုပ်ထဲထည့်တယ်။ ထည့်မလောက် ဖြစ်နေတယ်။ တာလူလာရဲ့မိဘတွေက သူတို့ရဲ့အိမ်ကို ပေါင်ပြီး အီလွန်မတ် တို့ကို ငွေချေးပေးမယ်လို့ ကမ်းလှမ်းတယ်။ (အီလွန်မတ်က လက်မခံပါဘူး)။ နောက်ပြီး အီလွန်မတ်ဟာ လော့အင်ဂျဲလိစ်နဲ့ Silicon Valley ကို အသွားအပြန် ခရီးသွားရင်သုံးတဲ့ ကိုယ်ပိုင်ဂျက်လေယာဉ်ပျံကို ရောင်းဖို့လုပ်တယ်။ ရောင်းမရလို့ လေယာဉ်ကို လေယာဉ်ရုံထဲမှာ သိမ်းထားလိုက်တယ်။ Southwest Airlines လေကြောင်းက လေယာဉ်ပျံစီးပြီး ခရီးသွားတယ်။

Tesla ကုမ္ပဏီရဲ့အသုံးစရိတ်ဟာ လစဉ် ဒေါ်လာ ၄ သန်းလောက် သုံးနေရ တယ်။ ၂၀၀၈ ခုနှစ် နှစ်ကုန်အထိ ဆက်လက်ရပ်တည်နိုင်ဖို့ ငွေမလောက်တော့ ဘူး။ အီလွန်မတ်ဟာ သူ့ဝန်ထမ်းတွေကို လခပေးနိုင်ဖို့ သူငယ်ချင်းတွေဆီက ပိုက်ဆံချေးတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို နောက်ထပ် ရင်းနှီးငွေထည့်ဝင်ဖို့ ညှိနှိုင်း တယ်။ သူ့သူငယ်ချင်း ဘီလ်လီးက Tesla မှာ ဒေါ်လာ ၂ သန်း ရင်းနှီးငွေ ထည့်ဝင်သလို Google ကို ပူးတွဲတည်ထောင်သူ ဆာဂေးဘရင်ကလည်း ဒေါ်လာ ၅ သိန်း ရင်းနှီးငွေထည့်ဝင်တယ်။ *" Tesla ရဲ့ ဝန်ထမ်းတချို့လည်း လစဉ် ဒေါ်လာ အနည်းငယ်ကို ချက်လက်မှတ်ရေးပြီး ကုမ္ပဏီအတွက် ရင်းနှီးငွေအဖြစ် ထည့်ဝင် ကြတယ်။ သူတို့ဆီကရတဲ့ငွေဟာ သိပ်မများပေမယ့်လည်း အဲဒီအချိန်မှာ ပိုက်ဆံ တစ်ပြားတစ်ချပ်လည်း တန်ဖိုးရှိနေပါတယ်"* လို့ Tesla ကုမ္ပဏီရဲ့ လုပ်ငန်းဖွဲ့ဖြိုး ရေးဌာနရဲ့ ဒုတိယဥက္ကဋ္ဌ 'ဒီယာမွတ်အိုကော်နယ်' က ပြောပြတယ်။ အီလွန်မတ်

ရဲ့ညီ ကင်းဘားလည်း Tesla မှာ ငွေအရင်းအနှီး ထည့်ဝင်ပေးတယ်။ *"ကျွန်တော် ကတော့ ကျွန်တော့်ပိုက်ဆံ ရှုံးတော့မယ်လို့ ထင်နေတယ်။ ဒါပေမဲ့ အီလွန်ဟာ အခုလို ငွေကြေးအကျပ်အတည်း ဖြစ်နေတာကနေ ရုန်းထွက်အောင် နည်းလမ်း ရှာမယ်လို့ ထင်ပါတယ်။ သူဟာ အရှုံးပေးမယ့်လူတစ်ယောက် မဟုတ်ပါဘူး"* လို့ သူ ပြောတယ်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလရောက်တော့ အီလွန်မတ်ဟာ သတင်းကောင်း တစ်ခုကို ကြားလိုက်တယ်။ သတင်းက NASA (နာဆာ - အမေရိကန် ပြည် ထောင်စုရဲ့ အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့) က ISS (International Space Station) နိုင်ငံတကာ အာကာသစခန်းအတွက် ရိက္ခာဖြည့်တင်းရတဲ့ အလုပ်တစ်ခုအတွက် တင်ဒါခေါ်မယ်ဆိုတာပါ။ Space X ဟာ စတုတ္ထမြောက် (နောက်ဆုံးအကြိမ်) Falcon 1 ဒုံးပျံလွှတ်တင်တာကို အောင်မြင်စွာလုပ်နိုင်ခဲ့လို့ ဒေါ်လာ ၁ ဘီလီယံတန်တဲ့ အဲဒီအလုပ်ကိုရဖို့ အခြေ အနေ ကောင်းနေပါတယ်။ ဒါကြောင့် အဲဒီတင်ဒါကို ဝင်လျှောက်တယ်။ မကြာခင် မှာ အီလွန်မတ်က NASA ရုံးချုပ်က သူ့အသိတွေကို မေးမြန်းစုံစမ်းကြည့်တော့ တင်ဒါလျှောက်တဲ့ ကုမ္ပဏီတွေထဲမှာ Space X ဟာ အရှေးခံရဖို့ ထိပ်ဆုံးက ပြေးနေတယ်လို့ သိရတယ်။ Space X ဟာ တင်ဒါရရင် အခြေအနေ ကောင်း လာတော့မှာမို့ အီလွန်မတ်ဟာ Tesla ကုမ္ပဏီကို ကယ်တင်ဖို့ အာရုံစိုက် ကြိုးပမ်း တယ်။ လက်ရှိ Tesla မှာ ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်ထားကြသူတွေကို နောက်ထပ် ရင်းနှီးငွေ ထည့်ဝင်ပေးဖို့ ပြောတယ်။ ဒါမှလည်း ဒီဇင်ဘာလကုန်မှာ ကုမ္ပဏီဟာ ဒေဝါလီမခံရအောင်ပါ။ နောက်ဆုံးတော့ အီလွန်မတ်ဟာ သူစုထားတဲ့ ငွေတွေ အားလုံးကို ဘဏ်ကထုတ်ပြီး Tesla မှာ ရင်းနှီးငွေ ထည့်လိုက်တယ်။ ဒါလည်း ငွေလိုနေသေးတာကြောင့် Space X ကုမ္ပဏီက ငွေတချို့ကို NASA ရဲ့ သဘောတူညီချက်နဲ့ ချေးယူပြီး Tesla ကုမ္ပဏီထဲ ထည့်ပေးလိုက်တယ်။ (NASA ရဲ့ သဘောတူညီမှုကိုယူရတဲ့ အကြောင်းက Space X ဟာ NASA ကခေါ်တဲ့ တင်ဒါကို ဝင်ထားလို့ ကုမ္ပဏီရဲ့ ငွေရေးကြေးရေးအခြေအနေကို အသိပေးရပါ

တယ်)။ အဲဒါလည်း ငွေမလောက်သေးလို့ အီလွန်မတ်ဟာ Solar City က သူပိုင်တဲ့ ရှယ်ယာတချို့ကို ထုတ်ရောင်းပြီး ရတဲ့ငွေကို Tesla ထဲ ထည့်ဝင်လိုက်ပြန်တယ်။ ဒါပေမဲ့ ဂ်ကောင်းတာတစ်ခု ဖြစ်လာတယ်။ အီလွန်မတ်ဟာ သူ့ရဲ့ ညီဝမ်းကွဲတွေ တည်ထောင်ထားတဲ့ Everdream ဆိုတဲ့ ဆောဖ်ဝဲကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံမှု လုပ်ထားရာက အမြတ်ငွေ ဒေါ်လာ ၁၅ သန်း ရလိုက်တယ်။ ဒါကြောင့် အဲဒီငွေဟာ Tesla ကုမ္ပဏီကို အသက်ဆက်ခွင့်ပေးလိုက်တယ်။ *"တော်သေးတာပေါ့ဗျာ။ Everdream ကုမ္ပဏီက ကျွန်တော့်ကို ဖင်ပေါင်ရမယ့် အရေးက ကာကွယ်ပေးခဲ့ပါတယ်"* လို့ အီလွန်မတ်က ပြောတယ်။

အီလွန်မတ်နဲ့ Space X ကုမ္ပဏီရဲ့ထိပ်ပိုင်းအရာရှိကြီးတွေဟာ ဒီဇင်ဘာတစ်လလုံး NASA ကခေါ်တဲ့ တင်ဒါကိစ္စကို တထိတ်ထိတ်နဲ့ စောင့်နေကြတယ်။ နောက်ဆုံးတော့ သတင်းစာတွေမှာ ရေးသားဖော်ပြချက်တွေအရ အရင်က တင်ဒါအောင်ဖို့ ရေပန်းစားနေတဲ့ Space X ဟာ ရုတ်တရက် ရေပန်းစားတဲ့ စာရင်းမှာ မရှိတော့ဘူးလို့ သိလိုက်ရတယ်။ လောလောဆယ် NASA အဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်သူ 'မိုက်ကယ်ဂရစ်ဖင်' ဟာ Space X ကို စတင်ထူထောင်တုန်းက ပါခဲ့သူပါ။ သူဟာ အီလွန်မတ်ကို သဘောမကျဘူး။ တချို့က ပြောကြတယ်။ သူဟာ အီလွန်မတ်နဲ့ Space X ကုမ္ပဏီကို မနာလိုဖြစ်နေတယ်တဲ့။ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာ အီလွန်မတ်ဟာ မျှော်လင့်မထားတဲ့ သတင်းတစ်ခု ကြားလိုက်ရတယ်။ NASA အဖွဲ့က လူတွေဟာ တင်ဒါအတွက် မဲခွဲဆုံးဖြတ်ကြပြီး Space X ကို တင်ဒါအတွက် ရွေးချယ်လိုက်တယ် ဆိုတာပါ။ Space X ဟာ ခုံးပျံလွှတ်တင်ပြီး ISS အာကာသစခန်းကို အာကာသယာဉ်နဲ့ ရိက္ခာဖြည့်တင်းတာ ၁၂ ကြိမ် လုပ်ပေးရမယ်။ အဲဒီအတွက် ၁.၆ ဘီလီယံ ရမှာဖြစ်တယ်။ အဲဒီသတင်းကို NASA က Space X ကို တရားဝင် အကြောင်းကြားချိန်မှာ အီလွန်မတ်ဟာ သူညီ ကင်းဘားနဲ့အတူ ကော်လိုရာဒိုးပြည်နယ်၊ Boulder မြို့မှာ အပန်းဖြေ ခရီးထွက်ရင်း ရောက်နေတယ်။ အီလွန်မတ်ဟာ အဲဒီသတင်းကိုကြားတာနဲ့ ဝမ်းသာလွန်းလို့ ငိုချလိုက်တယ်။ *"အဲဒီအချိန်မှာ ကျွန်တော် အိမ်ကို အပြန်ပြန်ဖို့*

ဆုံးဖြတ်လိုက်တယ်။ တာလူလာအတွက် ခရစ္စမတ်လက်ဆောင် မဝယ်ရသေးဘူး" လို့ အီလွန်မတ်က အဲဒီတုန်းကအဖြစ်ကို ပြန်ပြောပြတယ်။ "ကျွန်တော် ဟိုတယ်ကထွက်ပြီး Boulder မြို့ထဲကို သွားတယ်။ မိုးအတော်ချုပ်နေပြီမို့ ကုန်တိုက်ကြီးတွေ ပိတ်သွားပြီ။ စျေးပေါတဲ့ပစ္စည်းတွေ ရောင်းတဲ့ ညစျေးတန်းတွေပဲ ရှိတော့တယ်။ ကျွန်တော် ညစျေးတန်းက တာလူလာအတွက် အပေါစားပုလဲပုတီးလေးတစ်ကုံးပဲ ဝယ်လိုက်နိုင်တယ်" လို့ သူ ဆက်ပြောတယ်။

Tesla နဲ့ Space X ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ထားပြီး အီလွန်မတ်နဲ့ အတော်လေးရင်းနှီးတဲ့ 'ဂရာစီးယားစ်' က အီလွန်မတ်နဲ့ပတ်သက်ပြီး ခုလိုပြောပြတယ်။ "သူဟာ အမေရိကန်နိုင်ငံကို ဘာမှမပါဘဲ ရောက်လာခဲ့တယ်။ သူ့ရဲ့သားဦးလေး ဆုံးပါးသွားခဲ့တယ်။ သတင်းသမားတွေရဲ့ ဝေဖန်မှုကို တစ်ချိန်လုံးခံနေရတယ်။ ဇနီးဟောင်း ဂျပ်စတင်ရဲ့ blog မှာ တိုက်ခိုက်ရေးသားတာကိုလည်း ခံနေရတယ်။ သူ့ကုမ္ပဏီတွေဟာ ဒေဝါလီခံရလုနီးပါး ဖြစ်သွားခဲ့တယ်။ စီးပွားရေးမှာရော အိမ်ထောင်ရေးမှာပါ သူ့လောက် ဖိအားကြီးခံနေရသူမျိုးကို ကျွန်တော် တစ်ယောက်မှ မတွေ့ဖူးဘူး။ ၂၀၀၈ ခုနှစ်က အခြေအနေဟာ လူတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးပစ်လိုက်နိုင်ပါတယ်။ အဲဒီအခြေအနေမှာ လူအတော်များများဟာ ချုံးချုံးကျပြီး စိတ်ရောဂါဝေဒနာ ရသွားနိုင်ပါတယ်။ ဒါပေမဲ့ အီလွန်မတ်ကတော့ ဖိအားများများ ခံရလေ ပိုတော်လာလေပဲဗျာ" တဲ့။

အခန်း (၀)

Space X ကို့တိုးတက်အောင်လုပ်ဆောင်ခြင်း

ပစ်စင်မှာ တည့်မတ်စွာထောင်ထားတဲ့ Falcon 9 ဒုံးပျံကြီးဟာ အဝေးက ကြည့်ရင် (ကန်တော့ပါသေးရဲ့) အလွန်ကြီးမားတဲ့ အဖြူရောင် ယောက်ျားလင်တံကြီး ထောင်မတ်နေတာနဲ့ တူနေတယ်။ ဒုံးပျံကြီးဟာ အမြင့် ၂၂၄.၄ ပေ၊ အချင်း ၁၂ ပေနဲ့ အလေးချိန် ပေါင် ၁.၁ သန်း ရှိပါတယ်။ ဒုံးပျံရဲ့ ပထမအဆင့် (အောက်ဆုံးအဆင့်) မှာ အမေရိကန်နိုင်ငံအလံပုံနဲ့ Space X ဆိုတဲ့ စာတမ်းကြီးကို ထင်ထင်ရှားရှား ရေးဆွဲထားတယ်။ ပထမအဆင့်ရဲ့ အောက်ခြေမှာ Merlin အင်ဂျင် ၉ လုံးကို Octaweb ပုံစံ တပ်ဆင်ထားတယ်။ (Octaweb ပုံစံဆိုတာ အလယ်ခေါင်မှာ အင်ဂျင် ၁ လုံးနဲ့ ပတ်လည်မှာ အင်ဂျင် ၈ လုံး တပ်ဆင်ထားခြင်းပါ။) ပထမအဆင့်ရဲ့အထက် ဒုတိယအဆင့်ရဲ့အောက်ခြေမှာ Kestrel အင်ဂျင်တစ်လုံး တပ်ဆင်ထားတယ်။ ဒုတိယအဆင့်ရဲ့ အပေါ်ဆုံး (ဒုံးပျံရဲ့ထိပ်ဆုံး) မှာ ဂြိုဟ်တုထည့်ထားတဲ့၊ သို့မဟုတ် လူစီးနင်းလိုက်ပါနိုင်တဲ့ အာကာသယာဉ်ထည့်ထားတဲ့ ကုန်သေတ္တာ (CARGO) တစ်ခု ပါတယ်။ အဲဒါဟာ ဆေးတောင့်ရှည် capsule နဲ့တူလို့ CARGO CAPSULE လို့ ခေါ်ကြတယ်။

ဒုံးပျံစလွှတ်တော့မယ်ဆိုရင် ပထမအဆင့်ရဲ့အောက်ခြေက အင်ဂျင် ၉ လုံး အရင် စက်နိုးတယ်။ ဒုံးပျံ အပေါ်တက်သွားပြီး အင်ဂျင် ၉ လုံးရဲ့ လောင်စာရည်ကုန်သွားလို့ အင်ဂျင်တွေ စက်ရပ်သွားရင် ဒုံးပျံရဲ့ပထမအဆင့်ဟာ ပြုတ်ထွက်ပြီး မြေပြင်ပေါ်ကျလာတယ်။ အဲဒါမဖြစ်ခင်လေးမှာ ဒုတိယအဆင့်ရဲ့အောက်ခြေမှာ တပ်ဆင်ထားတဲ့ အင်ဂျင်နိုးလာပြီး CARGO CAPSULE ပါတဲ့ ဒုတိယအဆင့်ကို အာကာသထဲအထိ မောင်းပို့ပေးတယ်။ လိုချင်တဲ့နေရာရောက်ရင် CAPSULE ကို ဖုံးကာထားတဲ့ အဖုံးအကာဟာ နှစ်ခြမ်းကွဲပွင့်လာတယ်။ အထဲက CAPSUE ဟာ ဒုံးပျံကထွက်ပြီး ဂြိုဟ်တုပတ်လမ်းထဲမှာ သူ့အရှိန်နဲ့ ဆက်လက်လှည့်ပတ်နေတယ်။ ဒုတိယအဆင့်ဟာ ကမ္ဘာမြေပြင်ပေါ် ပြုတ်ကျလာတယ်။

Space X ဟာ အရင်က Falcon 1 ဒုံးပျံတွေကို Omelek ကျွန်းပေါ်ကနေ ပစ်လွှတ်ခဲ့ပေမယ့် ဒီတစ်ခါမှာတော့ Falcon 9 ဒုံးပျံကို ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းမှာရှိတဲ့ Vandenberg လေတပ်အခြေစိုက်စခန်းကနေ လွှတ်တင်တယ်။ အဲဒီနေရာဟာ လေတပ်အခြေစိုက်စခန်း မလုပ်ထားခဲ့ရင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ မိုင်ပေါင်းများစွာ ရှည်လျားတဲ့ ပစိဖိတ်သမုဒ္ဒရာကမ်းခြေရှိသလို သာယာလှပတဲ့ အပင်တွေလည်း ရှိကြတယ်။ ကမ်းခြေနားကပ်လျက်မှာရှိတဲ့ တောင်ကုန်းတစ်ခုပေါ်မှာ ဒုံးပျံပစ်စင်တချို့ ရှိကြတယ်။ Falcon 9 ကို ဒုံးပျံပစ်စင်တစ်ခုမှာ ထင်ထင်ရှားရှား မြင်နေရတယ်။

Falcon 9 ကို လွှတ်တင်ဖို့ ၄ နာရီမတိုင်ခင် အင်ဂျင်နီယာတွေက ဒုံးပျံကို အောက်ဆီဂျင်လောင်စာရည်တွေ ဖြည့်တင်းပေးရတယ်။ ဒုံးပျံ လွှတ်တင်ခါနီးမှာ အောက်ဆီဂျင်အရည်တွေဟာ အဖြူရောင်အငွေ့တွေအဖြစ် အပြင်ကို ပန်းထွက်နေတယ်။ အဲဒါဟာ ဘာနဲ့တူသလဲဆိုတော့ Falcon 9 ဟာ ခရီးမစတင်ခင် အကြောလျှော့နေတာနဲ့ တူနေတယ်။ Control room ထိန်းချုပ်ရေးစခန်းထဲက အင်ဂျင်နီယာတွေဟာ လောင်စာရည်စနစ်နဲ့ ဒုံးပျံရဲ့ ပစ္စည်းကိရိယာတွေ ပုံမှန်အလုပ်လုပ်နေသလားဆိုတာ စစ်ဆေးကြတယ်။ သူတို့လက်ထဲမှာကိုင်ထားတဲ့

စာရွက်တွေမှာရေးထားတဲ့ လုပ်ရမယ့်စာရင်းတွေကိုကြည့်ပြီး စစ်ဆေးကြတယ်။ တစ်ယောက်နဲ့တစ်ယောက် လမ်းလျှောက်စကားပြောစက် walkie-talkie နဲ့ ဆက်သွယ် စကားပြောကြတယ်။ အားလုံးဟာ သွက်သွက်လက်လက် အလုပ်လုပ်နေကြတယ်။ ဒုံးပျံ လွှတ်တင်ဖို့ ၁၀ မိနစ် အလိုမှာ လူတွေအားလုံးဟာ ကားတွေနဲ့ ဒုံးပျံအနီးကနေ ဝေးရာကို မြန်မြန်ထက်ထက် ထွက်ခွာသွားကြတယ်။ အားလုံးရဲ့ရင်ထဲမှာ စိုးရိမ်ပူပန်မှု အပြည့်နဲ့ပါ။

ပစ်စင်ပေါ်က အဖြူရောင်ဆေးသုတ်ထားပြီး ရာဇမတ်ကွက်ပုံစံဖော်ထားတဲ့ သံထောက်တိုင်ကြီးကို ဒုံးပျံကနေ ဖယ်ခွာလိုက်တယ်။ အသံချစ်ကနေ ၁၀ ... ၉ ... ၈ ... ၇ စသဖြင့် ရေတွက်သံ ပေါ်ထွက်လာတယ်။ "၃" လို့ ရေလိုက်ချိန်မှာ ဒုံးပျံပထမအဆင့်ရဲ့ အောက်ခြေက Merlin အင်ဂျင်တွေ စတင်နိုးလာတယ်။ ထိန်းသိမ်းရေးစခန်းက အင်ဂျင်နီယာတွေဟာ ကွန်ပျူတာမှာ အင်ဂျင်တွေရဲ့ တွန်းကန်အားဟာ ဒုံးပျံကို ပျံတက်ဖို့ လုံလောက်မှု ရှိ၊ မရှိ စစ်ကြည့်ကြတယ်။ "၁" လို့ ရေလိုက်ချိန်မှာတော့ ဒုံးပျံအောက်ခြေကိုညှပ်ထားတဲ့ ကြီးမားလှတဲ့ သံညှပ်ကြီး လေးခုဟာ ညှပ်ထားရာက လွှတ်ပေးလိုက်တယ်။ 'သုည' လို့ ရေလိုက်ချိန်မှာ ဒုံးပျံဟာ အောက်ခြေမှာ မီးပန်းတွေမှုတ်ပြီး အပေါ်ကို ပျံတက်သွားတယ်။ ကြီးမားလှတဲ့ ဒုံးပျံရှည်မျောမျောကြီးဟာ မိုးခြိမ်းသံလို အသံအကျယ်ကြီးနဲ့ ကောင်းကင်ကို တည့်တည့်မတ်မတ် ပျံတက်သွားတယ်။ မြင်တွေ့ရတာဟာ ရပ်သပ်ရှုမောစရာ ကောင်းလှပါတယ်။ ဒုံးပျံစတက်ပြီး စက္ကန့် ၂၀ အကြာမှာ ဒုံးပျံပစ်စင်နဲ့ မိုင်အနည်းငယ်အကွာက ကြည့်နေကြသူတွေဟာ ဒုံးပျံရဲ့ ခပ်အုပ်အုပ်မြည်သံကို ကြားနေကြရတယ်။ အဖြူရောင်ဒုံးပျံကြီးဟာ တဖြည်းဖြည်း ပုံမှန်မြင့်တက်နေပါတယ်။ ၁ မိနစ်အကြာမှာ ဒုံးပျံကို အပြာရောင်ကောင်းကင်မှာ အဖြူစက်အဖြစ်ပဲ မြင်ရတော့တယ်။ နောက်ဆုံးတော့ အစက်လေးဟာ မျက်စိမြင်ကွင်းက ပျောက်သွားတယ်။ အဲဒါ ၂၀၁၀ ခုနှစ်၊ ဇွန်လထဲမှာပါ။

နောက်တော့ Space X က ဝန်ထမ်းတွေအတွက် ဒီမြင်ကွင်းမျိုးဟာ ရိုးသွားပါပြီ။ ဒုံးပျံတွေ ပျံတက်တာကို အကြိမ်ပေါင်းများစွာ မြင်တွေ့ခဲ့ကြလို့ပါ။

Space X ဟာ အာကာသလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီတွေရဲ့ လျှောင်ပြောင်ခံဘဝကနေ ပုံမှန် ဒုံးပျံလွှတ်တင်ပေးတဲ့ ကုမ္ပဏီဖြစ်လာခဲ့တယ်။ ကုမ္ပဏီဟာ တစ်လကို အနည်းဆုံး ဒုံးပျံတစ်စင်း ပုံမှန်လွှတ်တင်ပေးနေပြီး ပြည်တွင်းကုမ္ပဏီတွေနဲ့ နိုင်ငံခြားတိုင်းပြည်တွေအတွက် ဂြိုဟ်တုတွေကို ဒုံးပျံနဲ့ လွှတ်တင်ပေးနေတယ်။ နောက်ပြီး ISS (နိုင်ငံတကာ အာကာသစခန်း) အတွက် ရိက္ခာနဲ့ ပစ္စည်းတွေကို ပို့ပေးနေတယ်။ Falcon 1 ဒုံးပျံတွေကို Omelek ကျွန်းကနေ လွှတ်တင်ခဲ့ခြင်းဟာ Space X အတွက် အာကာသလုပ်ငန်းရဲ့ အစဖြစ်ခဲ့ပြီး Falcon 9 ကို Vandenberg လေတပ်အခြေစိုက်စခန်းကနေ လွှတ်တင်ခြင်းဟာ Space X ကို အာကာသလုပ်ငန်းရဲ့ စူပါပါဝါကြီးတစ်ခု ဖြစ်လာစေပါတယ်။ Space X ရဲ့ ဒုံးပျံလွှတ်တင်ခဟာ အမေရိကန်နိုင်ငံက ပြိုင်ဘက်ကုမ္ပဏီတွေဖြစ်ကြတဲ့ Boeing; Lockheed နဲ့ Orbital Sciences တို့ထက် အများကြီး သက်သာတယ်။ စျေးသက်သာရတဲ့အကြောင်းက ဒီလိုပါ။ ပြိုင်ဘက်ကုမ္ပဏီတွေဟာ ဒုံးပျံတည်ဆောက်ဖို့ လိုအပ်တဲ့ ပစ္စည်းတွေကို ရုရှားနိုင်ငံနဲ့ တခြားတိုင်းပြည်တွေက စျေးကြီးပေးပြီး ဝယ်ယူ တင်သွင်းကြတယ်။ Space X ကတော့ ပြည်တွင်းဖြစ် ပစ္စည်းတွေကိုပဲ သုံးပြီး ဒုံးပျံတည်ဆောက်တာကိုလည်း ကိုယ်တိုင်လုပ်တယ်။ ဒါကြောင့် ဒုံးပျံတွေကို စျေးသက်သက်သာသာနဲ့ လွှတ်တင်ပေးနိုင်တဲ့ Space X ဟာ စီးပွားရေးအတွက် ဒုံးပျံလွှတ်တင်တဲ့ ကမ္ဘာ့စျေးကွက်မှာ အဓိကကျတဲ့ကုမ္ပဏီ ဖြစ်လာတယ်။ သူ့ရဲ့ ဒုံးပျံတစ်ခါလွှတ်တင်ဖို့ ကုန်ကျတဲ့ ဒေါ်လာ သန်း ၆၀ ဟာ ဥရောပနဲ့ ဂျပန်နိုင်ငံက ဒုံးပျံလွှတ်တင်ခတွေထက် အများကြီး စျေးသက်သာသလို လုပ်အားခသက်သာတဲ့ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံတို့ထက်လည်း စျေးသက်သာနေတယ်။

လက်ရှိမှာတော့ အမေရိကန်နိုင်ငံဟာ အမြတ်အစွန်း ကောင်းကောင်းရတဲ့ အာကာသလုပ်ငန်း (ဂြိုဟ်တုနဲ့ ဆက်စပ်ပစ္စည်းတွေကို အာကာသထဲလွှတ်တင်ပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်း) ကို တခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်နေပါတယ်။

နှစ်စဉ် အမေရိကန်နိုင်ငံဟာ တစ်ကမ္ဘာလုံးက လွှတ်တင်တဲ့ ဂြိုဟ်တုတွေရဲ့ ၃ ပုံ ၁ ပုံကို လွှတ်တင်ထားပြီး အဲဒါကရတဲ့ ဝင်ငွေအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းကို ရနေပါတယ်။ ကျန်တဲ့ဝင်ငွေတွေကို တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနဲ့ ဥရောပတိုက်က ရကြတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံဟာ အာကာသလုပ်ငန်းကို တိုးချဲ့ဖို့ ကြိုးစားနေသလို ရုရှားနိုင်ငံကလည်း အာကာသလုပ်ငန်းကို တိုးတက်ပြောင်းလဲလာအောင်လုပ်ဖို့ ဒေါ်လာ ၅၀ ဘီလီယံ သုံးမယ်လို့ ကြေညာထားတယ်။ အခုအချိန်မှာ အမေရိကန်နိုင်ငံဟာ အဲဒီနိုင်ငံကြီးနှစ်နိုင်ငံနဲ့ ယှဉ်လိုက်ရင် အတော်လေး ခြေလှမ်းနှေးနေတယ်လို့ ပြောရမှာဖြစ်တယ်။ ဥပမာပြောရရင် အမေရိကန်နိုင်ငံဟာ လူစီးနင်းလိုက်ပါတဲ့ အာကာသလွန်းပြန်ယာဉ် အစီအစဉ်ကို ဖျက်သိမ်းလိုက်လို့ သူ့ရဲ့ အာကာသယာဉ်မှူးတွေကို ISS နိုင်ငံတကာ အာကာသစခန်းကိုပို့ဖို့တောင် ရုရှားနိုင်ငံကို အားကိုးနေရတယ်။ ရုရှားနိုင်ငံကလည်း အာကာသယာဉ်မှူးတစ်ယောက်ကို လွှတ်တင်ဖို့ ဒေါ်လာ သန်း ၇၀ ကောက်ခံတယ်။ အမေရိကန်နိုင်ငံက ရုရှားနိုင်ငံဟာ မတရားအမြတ်ယူတယ်လို့ ထင်ပေမယ့် ရုရှားကို အားကိုးရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူး။ အခုတော့ အာကာသထဲကို လူလွှတ်တင်ပေးနိုင်မယ့် အစီအစဉ်ကို အကောင်အထည်ဖော်နေတဲ့ Space X ကုမ္ပဏီ ပေါ်လာပါပြီ။

Space X ဟာ အာကာသယာဉ်လုပ်ငန်းနဲ့ပတ်သက်ပြီး အမြစ်ကနေ မြေလှန် ပြောင်းလဲပစ်ချင်တယ်။ သူဟာ တစ်နှစ်ကို ဒုံးပျံလွှတ်တင်တဲ့အကြိမ်နည်းနည်းလေးပဲလုပ်တာ၊ သို့မဟုတ် ကုမ္ပဏီရပ်တည်နိုင်ဖို့ အစိုးရကချပေးတဲ့ ကန်ထရိုက်လုပ်ငန်းတွေကို အားကိုးတာတွေပဲ မလုပ်ချင်ဘူး။ အီလွန်မတ်ရဲ့ ရည်မှန်းချက်က ဒုံးပျံလွှတ်တင်တာတွေကို ခေတ်မီနည်းနဲ့ ပြုပြင်မွမ်းမံပြီး ဒုံးပျံလွှတ်တင်တဲ့ ကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချပစ်ဖို့ပါ။ အဓိက သူလုပ်ချင်တာက ဒုံးပျံဟာ Playload (ဂြိုဟ်တု သို့မဟုတ် ရိက္ခာပစ္စည်း သို့မဟုတ် လူ) ကို အာကာသထဲ လွှတ်တင်ပြီးလို့ ကမ္ဘာမြေပြင်ဆီ ပြန်လာတဲ့အခါ ပင်လယ်ရေပြင်ပေါ်က အမာခံအခင်းပေါ် သို့မဟုတ် ဒုံးပျံလွှတ်တင်လိုက်တဲ့ ပစ်စင်နားက မြေ

ကွက်လပ်ပေါ် တိတိကျကျ ဆင်းသက်လာစေဖို့ပါ။ အဲဒါကို ဖြစ်မြောက်စေဖို့ Space X ဟာ reverse thruster စနစ်ကို တီထွင်တယ်။ reverse thruster ဆိုတာ ဒုံးပျံ အပေါ်တက်သွားပြီး ဒုံးပျံရဲ့ ပထမအဆင့်ဟာ မြေပြင်ကိုပြန်ကျ လာချိန်မှာ အဲဒီမှာတပ်ဆင်ထားတဲ့ အင်ဂျင်သေးလေးတစ်လုံးဟာ စက်နိုးလာပြီး ဒုံးပျံကျတဲ့အရှိန်ကို ရပ်ပေးတယ်။ ပြီးရင် ပထမအဆင့်ကို ရဟတ်ယာဉ်လို မြေပြင်က လိုချင်တဲ့နေရာအထိ မောင်းပေးတဲ့စနစ်ပါ။ အဲဒီလိုလုပ်ပေးရင် ဒုံးပျံရဲ့ ပထမ အဆင့်ဟာ ထိခိုက်ပျက်စီးမှုမရှိလို့ နောက်ထပ် ကြိမ်ဖန်များစွာ ပြန်လည်အသုံးပြု နိုင်တယ်။ နောက်တော့ ဒုံးပျံရဲ့ဒုတိယအဆင့်ကိုလည်း reverse thruster စနစ် သုံးဖို့ ကြိုးစားနေတယ်။ ဒီနည်းသုံးပြီး နှစ်အနည်းငယ်အတွင်းမှာ Space X ဟာ ပြိုင်ဘက်ကုမ္ပဏီတွေရဲ့ ဒုံးပျံလွှတ်တင်ခရဲ့ ၁၀ ပုံ ၁ ပုံပဲယူဖို့ စိတ်ကူးထား တယ်။ ဒုံးပျံတစ်စင်းကို လွှတ်တင်ရာမှာ အကြိမ်ကြိမ် ပြန်လည်အသုံးပြုခြင်းဟာ Space X ရဲ့ အားသာချက်ကြီး ဖြစ်လာပါလိမ့်မယ်။

လေကြောင်းကုမ္ပဏီတစ်ခုဟာ သူ့ရဲ့လေယာဉ်ပျံကို အကြိမ်ကြိမ် ပျံသန်း ခိုင်းတာနဲ့ နောက်ကုမ္ပဏီက လေယာဉ်ပျံကို တစ်ကြိမ်ပျံပြီးတိုင်း စွန့်ပစ်တာ ဘယ်သူက ငွေကုန်ကြေးကျ ပိုသက်သာမလဲဆိုတာ မေးဖို့လိုမယ် မထင်ပါဘူး။ Space X သူလွှတ်တင်တဲ့ ဒုံးပျံကို အကြိမ်ကြိမ် ပြန်အသုံးပြုခြင်းဖြင့် ကုန်ကျ စရိတ် သက်သာမှုကို အသုံးချပြီး ကမ္ဘာကြီးရဲ့ စီးပွားရေးသုံး ဒုံးပျံနဲ့ ဂြိုဟ်တု လွှတ်တင်တဲ့ ဈေးကွက်ကြီးရဲ့ အများစုကို ပိုင်ဆိုင်နိုင်ဖို့ မျှော်လင့်နေပါတယ်။ အဲဒီလိုဖြစ်လာဖို့လည်း အခြေ အနေပေးနေပါတယ်။ ယနေ့အထိ Space X ဟာ ကနေဒါနိုင်ငံ၊ ဥရောပနိုင်ငံတွေနဲ့ အာရှနိုင်ငံက ကုမ္ပဏီတွေအတွက် ဒုံးပျံနဲ့ ဂြိုဟ်တုလွှတ်တင်မှုကို အကြိမ် ၂ ဒါဇင်လောက် လုပ်ပေးခဲ့ပြီးပါပြီ။ နောက် နှစ်အနည်းငယ်အတွင်းမှာ လွှတ်တင်မှု အကြိမ် ၅၀ ကျော်လုပ်ဖို့ ကြံစည်ထားသလို အဲဒီအတွက် ဝင်ငွေ ဒေါ်လာ ၅ ဘီလီယံကျော်ရဖို့လည်း မျှော်မှန်းထားပါတယ်။ Space X ဟာ အခုအချိန်အထိ အများပိုင်မဟုတ်တဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုပဲ

ဖြစ်နေပြီး သူ့ရဲ့ ရှယ်ယာအများဆုံးကို အီလွန်မတ်က ပိုင်ဆိုင်ထားပါတယ်။ နောက်ထပ် ရှယ်ယာအများစုကို ပိုင်ဆိုင်ထားကြသူတွေကတော့ ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီကြီးတွေဖြစ်ကြတဲ့ Founders Fund နဲ့ Draper Fisher Jurveston တို့ ဖြစ်ကြပါတယ်။ အဲဒီကုမ္ပဏီကြီး နှစ်ခုဟာ ငွေကြေးအလွန်တောင့်တင်းကြလို့ Space X အတွက် တခြားကုမ္ပဏီတွေနဲ့ယှဉ်လိုက်ရင် အားသာမှုရစေပါတယ်။ ၂၀၀၈ ခုနှစ်အတွင်းက ပိုက်ဆံမရှိတော့လို့ ပြိုလဲတော့မယ့် Space X ဟာ အခုတော့ အမြတ်အစွန်း ကြီးကြီးမားမားရနေပြီး ကုမ္ပဏီဟာ ဒေါ်လာ ၁၂ ဘီလီယံလောက် တန်နေပါပြီ။

အာကာသယာဉ်လုပ်ငန်း လုပ်ကြတဲ့ ပြိုင်ဘက်ကုမ္ပဏီတွေဟာ ဒုံးပျံတွေကို တစ်ခါပဲ သုံးနေကြချိန်မှာ Space X ဟာ လွှတ်တင်ပြီး, ဒုံးပျံတွေကို အကြိမ်ကြိမ် ပြန်သုံးတယ်။ အဲဒီလိုလုပ်ခြင်းဟာ ဒုံးပျံလွှတ်တင်ခ ကုန်ကျစရိတ်သက်သာပြီး ကုမ္ပဏီကို အမြတ်အစွန်း ကြီးကြီးမားမားရစေဖို့သက်သက် မဟုတ်ပါဘူး။ ကုန်ကျစရိတ် အများကြီးသက်သာရင် လူတွေ စျေးသက်သက်သာသာနဲ့ အာကာသ ခရီးသွားတာကို လုပ်နိုင်လာမယ်။ အင်္ဂါဂြိုဟ်ကို လူတွေအများကြီး ပို့လွှတ်ပြီး ကိုလိုနီနိုင်ငံအဖြစ် သိမ်းယူနိုင်ဖို့ပါ။ အီလွန်မတ်ဟာ ဂြိုဟ်တွေပါဝင်ကြတဲ့ စကြဝဠာကြီးကို စိုးမိုးအောင်မြင်ချင်တယ်။ အဲဒီလိုဖြစ်လာစေဖို့ Space X ကုမ္ပဏီက စွမ်းဆောင်နိုင်တယ်လို့ သူ ယုံကြည်တယ်။

အာကာသယာဉ်လုပ်ငန်းဟာ ပျင်းစရာကောင်းနေတာ ကြာပါပြီ။ အာကာသထဲကို ပစ္စည်းတွေ၊ လူတွေ လွှတ်တင်တဲ့လုပ်ငန်းကို စိုးမိုးခြယ်လှယ်ထားတဲ့ ရုရှားကုမ္ပဏီတွေဟာ ဆယ်စုနှစ်ကြာ အိုဟောင်းနေတဲ့ ပစ္စည်းတွေကိုပဲ သုံးနေကြတယ်။ လူတွေကို အာကာသထဲအထိပို့ပေးတဲ့ ဖင်မလှည့်သာ ခေါင်းမလှည့်သာ ကျဉ်းမြောင်းတဲ့ ဆိုယူဇ်အာကာသယာဉ်မှာ တပ်ဆင်ထားတဲ့ ကွန်ပျူတာနဲ့ စက်ခလုတ်တွေဟာ ၁၉၆၆ ခုနှစ်မှာ ပထမဆုံးလွှတ်တင်ခဲ့စဉ်ကနေ အပြောင်းအလဲ မရှိဘူး။ အာကာသယာဉ်လုပ်ငန်း စလုပ်တဲ့ ကုမ္ပဏီတွေဟာလည်း ခေတ်မမီတော့

တဲ့ ရုရှားလုပ် ပစ္စည်းတွေကို လိုက်တုပြီး လုပ်နေကြတယ်။ အာကာသယာဉ် လုပ်ငန်းထဲကို စိတ်ဝင်စားလို့ ရောက်လာကြတဲ့ လူငယ်တွေဟာ ၁၉၆၀ ပြည့်နှစ် ကျော်က ထုတ်တဲ့ အဝတ်လျှော်စက်လို စက်မျိုးတွေ တပ်ဆင်ထားတဲ့ လုပ်ငန်းခွင် အခြေအနေကို တွေ့ရလို့ စိတ်ပျက်သွားကြတယ်။ အီလွန်မတ်ဟာ အဲဒီအခြေ အနေတွေကိုလည်း ပြောင်းလဲပစ်ချင်နေတယ်။

Space X ရဲ့ El Segundo မြို့က ပထမဆုံးဖွင့်ခဲ့တဲ့ရုံးချုပ်ဟာ ကုမ္ပဏီရဲ့ စိတ်ကြိုက်မဖြစ်ခဲ့သလို လူငယ်တွေ အလုပ်လုပ်ချင်စရာကောင်းတဲ့ နေရာတစ်ခု လည်း မဟုတ်ပါဘူး။ အကြောင်းက နေရာကျဉ်းမြောင်းပြီး လူတွေ ကျပ်ညပ်ထိုင် ကြရလို့ပါ။ အခု အသစ်ဖွင့်လိုက်တဲ့ Hawthorne မြို့ Rocket Road အမှတ် (၁) က စက်ရုံနဲ့ ရုံးချုပ်တွဲထားတဲ့ အဆောက်အဦးကြီးကတော့ အီလွန်မတ်ရဲ့ စိတ်ကြိုက်ဖြစ်တယ်။ အဆောက်အဦးနားမှာ Hawthorne လေဆိပ်နဲ့ စက် ပစ္စည်းတွေထုတ်လုပ်တဲ့ ကုမ္ပဏီအဆောက်အဦးတွေ အများကြီးရှိကြတယ်။ Space X အဆောက်အဦးဟာ တခြားကုမ္ပဏီ အဆောက်အဦးတွေနဲ့ အရွယ် အစားရော ပုံသဏ္ဌာန်ပါ တူပေမယ့် ထူးခြားတာက အဆောက်အဦးတစ်ခုလုံးကို ဆေးဖြူသုတ်ထားတာပါ။

အဆောက်အဦးကို ရုံးခန်းမကြီးနဲ့ စက်ရုံဇရိယာလို့ နေရာနှစ်မျိုး ခွဲခြား ထားတယ်။ ရုံးခန်းမကြီးထဲမှာ အမိုးမပါ အကာသက်သက်ပဲရှိတဲ့ cubicle လို့ ခေါ်တဲ့ ရုံးခန်းလေးတွေ ရာနဲ့ချီရှိပြီး အဲဒါတွေထဲမှာ အရာရှိကြီးတွေ၊ အင်ဂျင်နီယာ တွေ၊ ကွန်ပျူတာပရိုဂရမ်ရေးသူတွေနဲ့ အရောင်းသမားတွေဟာ သူတို့စားပွဲမှာ ကွန်ပျူတာတွေနဲ့ အလုပ်လုပ်နေကြတယ်။ ရုံးခန်းတွေအပြင် အစည်းအဝေးလုပ်တဲ့ အခန်းတွေ အများကြီးလည်း ရှိကြတယ်။ စည်းဝေးခန်းတိုင်းရဲ့ အဝင်တံခါးမှာ အာကာသလုပ်ငန်းနဲ့ပတ်သက်တဲ့ နာမည်တစ်ခုစီ ရေးထိုးထားတယ်။ အပိုလို (လကမ္ဘာရောက်တဲ့ ပထမဆုံးဒုံးပျံ)၊ ဝါနာဗွန်ဘရောင်း (ဒုံးပျံကို ပထမဆုံးတီထွင်တဲ့ ဂျာမန်-အမေရိကန် သိပ္ပံပညာရှင်) စတာတွေပါ။ အကြီးဆုံးစည်းဝေးခန်းထဲမှာ တော့ ခေတ်မီထိုင်ခုံတွေနဲ့ မှန်စားပွဲရှည်ကြီးတစ်လုံး ရှိတယ်။ အခန်းနံရံမှာ

Omelek ကျွန်းပေါ်ကနေ Falcon 1 ဒုံးပျံလွှတ်တင်တာကို ရိုက်ထားတဲ့ ဓာတ်ပုံနဲ့ Dragon အာကာသယာဉ် ISS စခန်းကို ဆိုက်ကပ်စဉ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ပုံကြီးချဲ့ပြီး ကပ်ထားတယ်။

ရုံးခန်းမကြီးကို ဖြတ်ကျော်လိုက်ရင် စက်ရုံဧရိယာကို ရောက်တယ်။ စက်ရုံရဲ့ ကြမ်းပြင်အကျယ်ဟာ စတုရန်းပေ ၅ သိန်းခွဲရှိတယ်။ (အရင် Space X ရုံးချုပ် အဆောက်အဦရဲ့ ကြမ်းပြင်အကျယ်ဟာ စတုရန်း ပေ ၇ သောင်းခွဲပဲရှိလို့ အခု Hawthorne က အဆောက်အဦဟာ အများကြီး ပိုကျယ်တယ်)။ စက်ရုံကြမ်းပြင် တစ်ခုလုံးကို မီးခိုးရောင် epoxy paint ဆေးသုတ်ထားပြီး နံရံနဲ့ ကော်လံတိုင်တွေကိုတော့ ဆေးဖြူသုတ်ထားတယ်။ စက်ရုံထဲမှာ လူသံ၊ စက်သံတွေနဲ့ ဆူညံနေတယ်။ စက်ရုံထဲဝင်ဝင်ချင်း တံခါးရဲ့ ညာဘက်က မျက်နှာကြက်မှာ ISS (နိုင်ငံတကာ အာကာသစခန်း) ကို သွားရောက်ခဲ့ပြီး ကမ္ဘာမြေပြင်ပေါ် ပြန်လည်ဆင်းသက်လာခဲ့တဲ့ Dragon အာကာသယာဉ်ကို ချိတ်ဆွဲပြထားတယ်။ အာကာသယာဉ်ရဲ့ ကိုယ်ထည်မှာ မီးခိုးတွေပေနေတယ်။ တမင်သက်သက် မီးခိုးတွေကို မဖျက်ဘဲ ထားတယ်။ အဲဒီအာကာသယာဉ်ရဲ့ အောက်တည့်တည့်မှာ Falcon ဒုံးပျံ အာကာသကနေ မြေပြင်ပေါ် ပြန်ဆင်းလာရင် ရပ်နားတဲ့ ၂၅ ပေ အမြင့်ရှိတဲ့ သုံးချောင်းထောက် ထောက်တိုင်နှစ်စုံကိုလည်း ပြထားတယ်။

စက်ရုံထဲမှာ လူရာချီပြီး တစ်ပြိုင်တည်း အလုပ်လုပ်နိုင်ကြတယ်။ အလုပ်သမားတွေဟာ ယူနီဖောင်းဝတ်စရာ မလိုကြဘူး။ ကြိုက်တဲ့အဝတ်အစား ဝတ်နိုင်ကြတယ်။ တချို့ ကျွမ်းကျင်လုပ်သားတွေဟာ တက်တူးထိုးထားကြပြီး နဖူးစည်းစည်းထားကြတယ်။ နေရာတစ်ခုလုံးဟာ ကစားကွင်းကပြန်လာတဲ့ ကလေးတွေရဲ့ ချွေးနံ့တွေလို နံနေပြီး အဆက်မပြတ် လှုပ်ရှားမှုတွေနဲ့ ပြည့်နှက်နေတယ်။ အီလွန်မတ်ဟာ စက်ရုံထဲမှာ သူသဘောကျတာတွေကို လုပ်ထားတယ်။ ကွန်ပျူတာမှာ အချက်အလက်တွေရိုက်ထည့်ရတဲ့အခန်းကို အပြာရောင်မီးလုံးတွေ တပ်ဆင်ထားတယ်။ သိပ္ပံရုပ်ရှင်ကားတွေထဲက စမ်းသပ်ခန်းနဲ့ တူအောင်ပါ။ နောက်ပြီး အခန်းထဲမှာ ရေခဲသေတ္တာအရှယ် ကွန်ပျူတာကြီးတွေ ရှိကြတယ်။ Terminator ရုပ်ရှင်

ကားထဲက စက်ရုပ်တွေလုပ်တဲ့ အခန်းကို တုထားတာပါ။ ဓာတ်လေကားတွေနားမှာ အီလွန်မတ်က Iron Man* ပိုစတာ အကြီးကြီးကို ချိတ်ဆွဲထားတယ်။ စက်ရုံထဲက အီလွန်မတ်ရဲ့အကြိုက်ဆုံးနေရာဟာ စက်ရုံရဲ့အလယ်မှာ ထီးထီးကြီး တည့်တည့်မတ်မတ်ဆောက်ထားတဲ့ ရုံးခန်းပါ။ ရုံးခန်းဟာ သုံးထပ်ဖြစ်ပြီး မှန်တွေချည်းပဲ ကာထားတယ်။ ပထမထပ်နဲ့ တတိယထပ်တို့ဟာ စည်းဝေးခန်းတွေဖြစ်ကြပြီး ဒုတိယထပ်ဟာ ဂဟေဆော် စက်ပစ္စည်းလုပ်တဲ့ အလုပ်ရုံ လုပ်ထားတယ်။ အဲဒါဟာ ထူးဆန်းသလိုဖြစ်ပေမယ့် အီလွန်မတ်ရဲ့အကြံပါ။ သူဟာ သူ့အင်ဂျင်နီယာတွေ ဘာလုပ်နေကြသလဲဆိုတာကို အဝေးကနေ လှမ်းကြည့်နိုင်သလို သူတို့ဟာ (သူပြောထားသလို) အင်ဂျင်နီယာတွေ၊ အလုပ်သမားတွေနဲ့ ရောနှောဆက်ဆံတာ လုပ်၊ မလုပ်ကိုလည်း စောင့်ကြည့်လို့ရတယ်။

ဒီစက်ရုံဟာ Space X ရဲ့ ဒုံးပျံတည်ဆောက်တဲ့ပြိုင်ပွဲရဲ့ အမေရိကလက်နက်လို့ အီလွန်မတ်က ယူဆထားတယ်။ စက်ရုံကနေ ဒုံးပျံတွေ၊ အင်ဂျင်တွေ၊ အီလက်ထရောနစ်ပစ္စည်းနဲ့ တခြားစက်ကိရိယာတွေရဲ့ ၈၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်း အထိ ထုတ်လုပ်ပေးတယ်။ အဲဒါဟာ Space X ရဲ့ ပြိုင်ဘက်တွေကို အကြီးအကျယ် အုံ့အားသင့်စေတယ်။ ဘာကြောင့်လဲဆိုတော့ ပြိုင်ဘက်ကုမ္ပဏီတွေ ဥပမာ ULA (United Launch Alliance) ကုမ္ပဏီဟာ သူ့ရဲ့ဒုံးပျံမှာ လွှတ်တင်ဖို့ လိုအပ်တဲ့ပစ္စည်းတွေကို ထုတ်လုပ်သူပေါင်း ၁၂၀၀ ဆီက ဝယ်ယူရလို့ပါ။

ပုံမှန် အာကာသယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဟာ ဒုံးပျံလွှတ်တင်ဖို့ စီစဉ်ရေးဆွဲထားတဲ့ ဒီဇိုင်းပုံစံနဲ့ ပစ္စည်းစံသတ်မှတ်ချက်တွေကို ပစ္စည်းတင်သွင်းသူ

---

* ၂၀၀၈ ခုနှစ်က ပြသခဲ့တဲ့ ပထမဆုံး Iron Man ရုပ်ရှင်ကားမှာ သရုပ်ဆောင်တဲ့ မင်းသား Robert Downy Jr က သူ့သရုပ်ဆောင်ရမယ့် သိပ္ပံပညာရှင် Tony Stark နေရာအတွက် အီလွန်မတ်ဆီက အကြံတောင်းရင်း အီလွန်မတ်နဲ့ အတော် ရင်းနှီးခင်မင်သွားတယ်။ Robert နဲ့အတူ ဒါရိုက်တာ Jon Favreau လည်း ရုပ်ရှင်ထဲမှာပြုလုပ်မယ့် ဆက်တင်အခမ်းအနားအတွက် Space X စက်ရုံကို သွားကြည့်ကြပြီး အီလွန်မတ်က လိုက်ပြပေးတယ်။ အီလွန်မတ်ဟာ (၂၀၁၀ ခုနှစ်မှ ရိုက်ကူးတဲ့) Iron Man 2 ရုပ်ရှင်ကားမှာ တစ်ခန်း ပါဝင်ခဲ့သေးတယ်။

အမြောက်အမြားဆီ ပေးအပ်လိုက်ပြီး ပစ္စည်းတွေ မှာယူတယ်။ သူတို့ဟာ ပစ္စည်းတွေကို ကိုယ်တိုင်မလုပ်ဘဲ ပစ္စည်းတင်သွင်းသူကပဲ လုပ်ကြတယ်။ Space X ကတော့ လိုအပ်တဲ့ပစ္စည်းတွေကို အတတ်နိုင်ဆုံး ပြင်ပကနေ မဝယ်ဘူး။ အဲဒီလို လုပ်ရတဲ့အကြောင်းက ပိုက်ဆံသက်သာချင်လို့ရယ်၊ ပစ္စည်းတင်သွင်းသူတွေ (အထူးသဖြင့် နိုင်ငံခြားကုမ္ပဏီတွေ) အပေါ် မှီခိုခြင်းဟာ အားနည်းချက်ဖြစ်တယ်လို့ ယူဆလို့ရယ် ဖြစ်ပါတယ်။ တခြားကုမ္ပဏီတွေဟာ ပစ္စည်းတွေကို ကိုယ်တိုင်လုပ်ရင် အမှားအယွင်းများတယ်လို့ ယူဆကြတယ်။ ဒါပေမဲ့ Space X အတွက် ကိုယ်တိုင်ပစ္စည်းလုပ်ရင် ပစ္စည်းကို ပိုကောင်းအောင်၊ ပိုပြီးစျေးသက်သာအောင် လုပ်နိုင်တယ်လို့ ယူဆတယ်။ ဒါကြောင့်လည်း Space X ဟာ ဒုံးပျံ၊ အင်ဂျင်၊ အာကာသယာဉ်တွေအပြင် အီလက်ထရောနစ်ပစ္စည်းတွေကိုပါ ကိုယ်တိုင်ထုတ်လုပ်တယ်။ Space X က အင်ဂျင်နီယာတွေဟာ ဆက်သွယ်ရေးရေဒီယိုစက်ကို ထုတ်လုပ်ရင်း စက်ရဲ့အလေးချိန်ကို ၂၀ ရာခိုင်နှုန်း လျော့ချနိုင်ခဲ့သလို တခြားကုမ္ပဏီတွေက ဒေါ်လာ ၅ သောင်းကနေ တစ်သိန်းအထိ ပေးဝယ်ရတဲ့ အဲဒီရေဒီယိုကို ဒေါ်လာ ၅ ထောင်ပဲကုန်ပြီး လုပ်နိုင်ခဲ့တယ်။

အဲဒီလောက်အထိ စျေးနှုန်းကွာခြားတာကို ပထမတော့ ယုံဖို့ခက်ပါတယ်။ ဒါပေမဲ့ Space X ဟာ ထုတ်လုပ်တဲ့ပစ္စည်းတွေမှာ ရာချီမဟုတ်ရင်တောင် ဒါဇင်ပေါင်းများစွာသော ပစ္စည်းတွေကို စျေးနှုန်းလျော့ချနိုင်ခဲ့တယ်။ အီလက်ထရောနစ်ပစ္စည်းတွေလုပ်ဖို့ တခြား ပြိုင်ဘက်ကုမ္ပဏီတွေက အာကာသလုပ်ငန်းသုံးအဆင့်လို့ အသိအမှတ်ပြုထားတဲ့ (စျေးကြီးတဲ့) အီလက်ထရောနစ် အစိတ်အပိုင်းတွေကို သုံးနေချိန်မှာ Space X က စျေးကွက်ထဲမှာ ပေါပေါများများ စျေးသက်သက်သာသာနဲ့ ဝယ်လို့ရတဲ့ အီလက်ထရောနစ် အစိတ်အပိုင်းတွေကို သုံးတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်နိုင်ဖို့ တင်ဒါချပေးတဲ့ NASA က လက်ခံနိုင်ဖို့ နှစ်အတော်ကြာကြာ ကြိုးစားကြရတယ်။ အကြီးမားဆုံး စိန်ခေါ်မှုကြီးက NASA က အဲဒီပစ္စည်းတွေ သုံးတာကို စာနဲ့ရေးပြရုံမကဘဲ လက်တွေ့ပါ စမ်းသပ်ပြရတယ်။ တစ်ခါတလေ အာကာသလုပ်ငန်းသုံးအဆင့်လို့ သတ်မှတ်ထားတဲ့ အီလက်ထရောနစ်ပစ္စည်း

သုံးထားတဲ့ ဒုံးပျံနဲ့ ဈေးကွက်ကဝယ်လို့ရတဲ့ အီလက်ထရောနစ်ပစ္စည်းသုံး ဒုံးပျံ နှစ်ခုကိုလုပ်ပြီး ယှဉ်ပြီး စမ်းပြရတယ်။ ဈေးကွက်သုံး အီလက်ထရောနစ်ပစ္စည်းကို NASA က လက်ခံသွားရင် နောက်ပိုင်းမှာ အဲဒီပစ္စည်းပဲ သုံးတယ်။ ဒါကြောင့်လည်း ဒုံးပျံကို ဈေးသက်သက်သာသာနဲ့ လွှတ်တင်နိုင်လာတယ်။

Space X ဟာ ခက်ခဲရှုပ်ထွေးတဲ့ စက်ပစ္စည်းတွေကို တီထွင်ခဲ့တယ်။ အဲဒါတွေထဲက အကောင်းဆုံး ဥပမာတစ်ခုပေးရရင် ထူးဆန်းတဲ့ပုံစံရှိတဲ့ ၂ ထပ်တိုက် အရွယ်မြင့်တဲ့ စက်ကြီးတစ်လုံးပါ။ အဲဒီစက်ရဲ့ အလုပ်က friction stir welding လုပ်ပေးတာပါ။ သတ္တုပြားအချပ်တွေကို ထပ်ပြီးတော့ ဂဟေဆော်ပြီး ဒုံးပျံကိုဖုံးကာတဲ့ အကာချပ်တွေလုပ်တဲ့ စက်ပါ။ အဲဒီစက်ကြီးရဲ့ လက်တံတစ်ခုဟာ ဒုံးပျံကိုဖုံးတဲ့ အကာပြားတစ်ချပ်ကို ညှပ်ယူပြီး နောက်အပြားတစ်ချပ်ပေါ်မှာ ကပ်လိုက်တယ်။ ပြီးတော့ အပြားနှစ်ချပ်ရဲ့ အစွန်းတစ်လျှောက် ပေ ၂၀ လောက် ဂဟေဆော်ပေးတယ်။ တခြား အာကာသယာဉ်လုပ်ငန်းကုမ္ပဏီတွေက ဂဟေဆော်ခြင်းဟာ သတ္တုကို အားပျော့စေတယ်ဆိုပြီး ဂဟေဆော်တဲ့အလုပ်ကို ရှောင်ရှားကြတယ်။ ဒါပေမဲ့ အီလွန်မတ်ကတော့ friction stir welding ဂဟေဆော်တာကို အားပေးတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနည်းနဲ့လုပ်ထားတဲ့ သတ္တုပြားချပ်ဟာ ဂဟေမဆော်ထားတဲ့ သတ္တုပြားထက် ပိုပြီး ခိုင်မာတောင့်တင်းလို့ပါ။ ကုမ္ပဏီအတော်များများဟာ friction stir welding ကို သုံးကြပေမယ့် ဒုံးပျံရဲ့ ကိုယ်ထည်အကာလုပ်ရာမှာတော့ မသုံးကြဘူး။ Space X ဟာ အဲဒီ ဂဟေဆော်နည်းကိုသုံးရင်းနဲ့ ပေါ့ပါးတဲ့ သတ္တုရောအချပ်တွေကို ဂဟေဆော်ကပ်ပြီး ဒုံးပျံကိုယ်ထည်အကာလုပ်ရင် ဒုံးပျံဟာ အလေးချိန် အများကြီးလျော့သွားတယ်ဆိုတာကို တွေ့လာကြတယ်။ Space X က အဲဒီစက်မျိုးနဲ့ ဂဟေဆော် နည်းပညာကို Tesla ကုမ္ပဏီကို မျှဝေပေးလို့ Tesla ကလည်း ကားဘော်ဒီလုပ်ရာမှာ အဲဒီနည်းကို သုံးတယ်။ ဒါကြောင့် Tesla လည်း ပေါ့ပါးပြီး ခိုင်ခဲ့တဲ့ ကားဘော်ဒီတွေကို ထုတ်လုပ်လာနိုင်တယ်။

ဒီ friction stir welding နည်းဟာ ကောင်းလွန်းလို့ Space X ရဲ့

ပြိုင်ဘက်တွေဟာ အတုခိုးဖို့ ကြိုးစားကြတယ်။ Space X ကုမ္ပဏီမှာ လုပ်နေကြတဲ့ ဂဟေဆော်တတ်သူတွေကို လစာများများပေးပြီး ခေါ်ယူဖို့ ကြိုးစားကြတယ်။ Amazon တီထွင်သူ ဘီလျံနာသူဌေးကြီး ဂျက်ဖ်ဘေးဇော့စ် လျှို့ဝှက်တည်ထောင်ထားတဲ့ Blue Origin ဒုံးပျံကုမ္ပဏီဟာ Space X က friction stir welding လုပ်ရာမှာ အတော်ဆုံး ဂဟေဆော်သမားဖြစ်တဲ့ 'ရေးမာရက်' ကို လစာအများကြီးပေးပြီး ခေါ်ယူသွားလို့ ဂျက်ဖ်ဘေးဇော့စ်နဲ့ အီလွန်မတ်တို့ အကြီးအကျယ် စကားများကြတယ်။ *"Blue Origin က ကျွန်တော့်ရဲ့အတော်ဆုံး ဂဟေဆော်သမားကို သူရနေတဲ့လစာရဲ့ နှစ်ဆပေးပြီး ခေါ်သွားပါတယ်။ သူ (ဂျက်ဖ်ဘေးဇော့စ်) ဒါမျိုး မလုပ်သင့်ပါဘူး"* လို့ အီလွန်မတ်က ပြောပြတယ်။ Blue Origin ဟာ Space X က တော်တဲ့လူတွေကို ခေါ်တက်လွန်းလို့ Space X ရဲ့အီးမေးလ်စနစ်မှာ "blue"နဲ့ "origin" စာလုံးပါတဲ့ အီမေးလ်ကို စစ်ဆေးရှာတွေ့နိုင်အောင် လုပ်ထားတယ်။ ကုမ္ပဏီကိုပို့လာတဲ့ အီးမေးလ်တွေမှာ အဲဒီစာလုံးတွေပါလာရင် အီးမေးလ်ကို လက်ခံသူဆီ မရောက်အောင် ဖျက်ဆီးပစ်လိုက်တယ်။ အီလွန်မတ်နဲ့ ဂျက်ဖ်ဘေးဇော့စ်တို့ဟာ အရင်က သူငယ်ချင်းတွေဖြစ်ခဲ့ကြပြီး အင်္ဂါဂြိုဟ်ပေါ် ဒုံးပျံလွှတ်တင်ဖို့ကိစ္စတွေ တိုင်ပင်လေ့ရှိခဲ့ကြတယ်။ အခုတော့ Space X က လူတော်တွေကို ခေါ်ယူတဲ့ကိစ္စကြောင့် သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် စကားမပြောကြတော့ဘူး။

Space X ကုမ္ပဏီကို ထူထောင်စမှာ အီလွန်မတ်ဟာ စက်တွေအကြောင်းနဲ့ ဒုံးပျံကို ဘယ်လိုလုပ်ရတယ်ဆိုတာကို နည်းနည်းပဲ သိပါတယ်။ ဒါကြောင့်လည်း စက်ရုံက အင်ဂျင်နီယာတွေက စက်ပစ္စည်း ဖြုတ်တပ်လုပ်ဖို့ အထူးလက်နက်ကိရိယာ (Special tool) တွေ ဝယ်ချင်ကြောင်း တင်ပြလာရင် အီလွန်မတ်က စျေးကြီးတယ်၊ မလိုအပ်ဘူးဆိုပြီး ဝယ်ယူခွင့်မပြုခဲ့ဘူး။ နောက်တော့ အင်ဂျင်နီယာတွေက အဲဒီ Special tool တွေရဲ့ အလုပ်လုပ်ပုံနဲ့ အဲဒါမပါရင် အလုပ်လုပ်လို့မရဘူးလို့ ရှင်းပြမှ အီလွန်မတ်က ဝယ်ခွင့်ပြုလိုက်တယ်။ နောက်တော့ သူဟာ လုပ်ငန်းကို နားလည်အောင် လေ့လာတယ်။

Space X ကုမ္ပဏီတည်ထောင်ပြီး ကြာလာတာနဲ့အမျှ အီလွန်မတ်ဟာ CEO အနေနဲ့ရော ဒုံးပျံကျွမ်းကျင်သူအဖြစ်ပါ ရင့်ကျက်လာခဲ့တယ်။ အရင် Zip2 ကုမ္ပဏီနဲ့ PayPal ကုမ္ပဏီတွေတုန်းက နည်းပညာဟာ သူ အတော်တတ်ထားတဲ့ ကွန်ပျူတာပရိုဂရမ်ရေးဆွဲတဲ့အပေါ် အခြေခံထားတာမို့ သူ့အတွက် CEO အဖြစ် တာဝန်ယူစဉ်မှာ အခက်အခဲ သိပ်မရှိခဲ့ဘူး။ ဒါပေမဲ့ Space X ဟာ ဒုံးပျံနည်းပညာအခြေခံတဲ့ ကုမ္ပဏီမို့ သူ့အတွက် စီမံခန့်ခွဲရတာ အခက်အခဲရှိတယ်။ သူဟာ ဒုံးပျံနည်းပညာနဲ့ ပတ်သက်လို့ စာအုပ်တွေဖတ်ထားပေမယ့် တကယ်တမ်း အသေအချာ မသိဘူး။ ဒီတော့ သူ ဘာလုပ်သလဲ။ Space X မှာ လူတော်တွေခန့်ပြီး အဲဒီလူတွေရဲ့ ပညာဘဏ္ဍာတိုက်ထဲကိုဝင်ပြီး ပညာယူတယ်။ အဲဒါက ဘာလဲဆိုတော့ သူဟာ Space X စက်ရုံထဲက အင်ဂျင်နီယာတစ်ယောက်ကို သူ့ရုံးခန်းထဲခေါ်ပြီး ဒုံးပျံမှာတပ်ဆင်တဲ့ ပစ္စည်းတစ်ခု အကြောင်း၊ ဒါမှမဟုတ် ပစ္စည်းတစ်ခုရဲ့ ဂုဏ်သတ္တိအကြောင်း မေးခွန်းတွေ အများကြီးမေးတယ်။ *"အစပိုင်းမှာ ကျွန်တော့် အလုပ်ကို ကျွန်တော် တကယ်နားလည်ရဲ့လားဆိုတာ စစ်ချင်လို့ မေးခွန်းတွေ မေးတယ်လို့ ထင်မိတယ်"* လို့ Space X ကို အစောပိုင်းမှာ အလုပ်ဝင်တဲ့ အင်ဂျင်နီယာ 'ကဲလ်ဝင်ဘရိုဂန်' က ပြောပြတယ်။ *"နောက်မှသိရတယ်။ သူ ကျွန်တော့်ဆီက ပညာယူနေတယ်ဆိုတာပါ။ သူဟာ ကျွန်တော်သိထားသမျှရဲ့ ၉၀ ရာခိုင်နှုန်းလောက် သိသွားမှ မေးခွန်းမေးတာ ရပ်သွားတယ်"* လို့ ဆက်ပြောတယ်။ အီလွန်မတ်နဲ့ အနီးကပ်တွဲလုပ်သူတွေကလည်း အဲဒီအချက် မှန်ကန်ကြောင်း ထောက်ခံပြောကြတယ်။ သူတို့ထဲက တစ်ယောက်ကလည်း ပြောပြန်တယ်။ *"အီလွန်မတ်ဟာ မှတ်ဉာဏ် အလွန်ကောင်းတယ်တဲ့။ သူ့မှာ ပြောသမျှ အားလုံးနီးပါးကို မှတ်မိနိုင်တဲ့ အရည်အချင်းရှိတယ်"* တဲ့။ အမှန်ကတော့ သူ အဲဒီအရည်အချင်းကို ငယ်စဉ်ကလေးဘဝကတည်းက ရခဲ့တာပါ။ အဲဒီအချိန်က သူဟာ ဖတ်သမျှစာအုပ်ထဲက အကြောင်းအရာအားလုံးကို ဦးနှောက်ထဲ ထည့်သိမ်းထားလိုက်တယ်။ Space X ကုမ္ပဏီ စထောင်ပြီး ၂ နှစ် အကြာမှာ အီလွန်မတ်ဟာ အာကာသလုပ်ငန်းကျွမ်းကျင်တဲ့ CEO တစ်ယောက် ဖြစ်လာပါတော့တယ်။

အာကာသလုပ်ငန်းအကြောင်း သူ့လောက်သိတဲ့ CEO ဆိုတာ ကုမ္ပဏီတွေမှာ အတော်ရှားတယ်။ "*တကယ်တော့ သူ (အီလွန်မတ်) ဟာ ကျွန်တော်တို့ကို ပစ္စည်းကုန်ကျစရိတ် သက်သာအောင် ဘယ်လိုလုပ်ရသလဲဆိုတာ သင်ပေးနေချိန်မှာ ကျွန်တော်တို့က သူ့ကို ခုံးပျံ့အကြောင်း သင်ပေးနေရတာပါ*" လို့ ဘရိုဂန်က ထပ်ပြောတယ်။

Space X က ဝန်ထမ်းတွေနဲ့ ပြင်ပလူတွေကို စိတ်မသက်မသာဖြစ်စေတဲ့ အကျင့်တစ်ခု အီလွန်မတ်မှာ ရှိတယ်။ *အီလွန်မတ်ဟာ အမြဲတမ်း အကောင်းမြင်တတ်တယ်*" လို့ ဘရိုဂန်က ပြောတယ်။ "*လူတိုင်းဟာ သူ့လို အလုပ်ကို အစွမ်းကုန် ကြိုးစားလုပ်ကြမယ်ဆိုတဲ့ အကောင်းမြင်နေတယ်။ ဒါကြောင့် သူဟာ အလုပ်ပြီးရမယ့်အချိန် ရွေးရင် အတိုဆုံးအချိန်ပဲ ရွေးတတ်တယ်။ သူတို့ လုပ်နိုင်ကြမယ်လို့ သူထင်တယ်*" လို့ ဆက်ပြောစာယ်။

အီလွန်မတ်ဟာ အလုပ်တစ်ခုကို ပြီးမယ်လို့ ကတိပေးထားတဲ့ရက်ထက် အမြဲ နောက်ကျပြီးမှ အလုပ်ပြီးတယ်လို့ သတင်းသမားတွေက လူသိရှင်ကြား ပုတ်ခတ် ရေးသားပြောဆိုကြတယ်။ Tesla က လျှပ်စစ်ကားထုတ်မယ့်ရက်နဲ့ Space X က Falcon 1 ခုံးပျံ့လွှတ်တင်မယ့်ရက်တွေဟာ သူပြောထားသလို ဖြစ်မလာဘဲ အများကြီး နောက်ကျခဲ့ကြတယ်။ နောက်ပိုင်းလည်း အီလွန်မတ်ဟာ ထပ်ခါတလဲလဲ လူတွေကို ကတိပေးတဲ့ရက်အတိုင်း အချိန်မီမပြီးလို့ ဆင်ခြေတွေပေးနေရတယ်။ တစ်ခါမှာ သတင်းသမားတစ်ယောက်က အီလွန်မတ်ကို ၂၀၀၃ ခုနှစ် နှစ်ဆန်းပိုင်းမှာ Falcon 1 ခုံးပျံ့ လွှတ်တင်မယ်လို့ သူပြောခဲ့ကြောင်း သတိပေးပြောလိုက်တော့ သူဟာ အံ့ဩသွားဟန်ဆောင်လိုက်ပြီး "*ခင်ဗျား တကယ် ပြောတာလား။ ကျွန်တော်တို့ အဲဒီအချိန်မှာ ခုံးပျံ့လွှတ်တင်မယ်လို့ တကယ်ပဲ ပြောခဲ့တာလား။ အေးဗျာ။ အဲဒါ အတော် ရယ်စရာကောင်းပါတယ်။ ကျွန်တော် ဘာပြောခဲ့မိမှန်း မမှတ်မိတော့လို့ပါ။ ကျွန်တော် အရင်က ဆော့ဖ်ဝဲနဲ့ ပတ်သက်တဲ့ အတွေ့အကြုံရှိခဲ့တယ်။ ဆော့ဖ်ဝဲတစ်ခုကိုရေးပြီး တစ်နှစ်အတွင်း ဝက်ဆိုဒ်တစ်ခု တည်ဆောက်ပေးမယ်လို့ ပြောခဲ့ရင် အဲဒါကို အချိန်မီ ပြီးအောင်*

လုပ်နိုင်ပါခဲ့တယ်။ ဒါပေမဲ့ အခုကိစ္စက ဆော့ဖ်ဝဲကိစ္စ မဟုတ်ဘူးဗျ။ ဒုံးပျံလွှတ်တင်တဲ့ ကိစ္စက ဆော့ဖ်ဝဲရေးတာနဲ့ မတူပါဘူး" လို့ စကားရောဖောရော ပြောလိုက်တယ်။ သူဟာ အဲဒီလိုလုပ်တာကို မရပ်နိုင်ဘူး။ သူဟာ အကောင်းမြင်သမားဖြစ်လို့ အလုပ်တစ်ခုကိုလုပ်ဖို့ ဘယ်လောက်ကြာမလဲ စဉ်းစားရင် လူတွေဟာ အဆင့်တိုင်းကို အမှားကင်းစင်အောင်လုပ်ကြပြီး သူ့လိုပဲ ကျားကုတ်ကျားခဲ ကြိုးစားလုပ်ကြမယ်လို့ သူ့စိတ်ထဲမှာ ရိုးသားစွာ ယုံကြည်နေတယ်။ တစ်ခါတုန်းက ဘရိုဂန်က နောက်ပြောင်ပြီး ပြောပြဖူးတယ်။ အီလွန်မတ်ဟာ ဆော့ဖ်ဝဲတစ်ခုရေးဖို့ အချိန်ဘယ်လောက်ကြာမလဲဆိုတာကို ခုလို တွက်ချက်တယ်တဲ့။ ကွန်ပျူတာ code တစ်ကြောင်းရေးဖို့ အချိန်ဘယ်လောက်ကြာမယ်၊ ဆော့ဖ်ဝဲမှာ ကွန်ပျူတာ code စာကြောင်းရေ ဘယ်နှကြောင်း ပါမယ်။ အဲဒါနှစ်ခုကို မြှောက်လိုက်ရင် ဆော့ဖ်ဝဲရေးပြီးမယ့်အချိန်ကို ရတယ်တဲ့။ အဲဒါဟာ မမှန်တဲ့ ဥပမာပါ။ ဒါပေမဲ့ အီလွန်မတ်ဟာ အဲဒီအတိုင်း လုပ်ပါတယ်။ ဘရိုဂန်က ခုလိုပြောသေးတယ်။ "*သူဟာ သေးပေါက်ရင်လည်း မြန်တယ်။ ရောဘား ဖွင့်ချလိုက်သလိုပဲ။ ၃ စက္ကန့်ဆိုရင် ရပ်လိုက်ပြီ။ သူဟာ ဘာလုပ်လုပ် အရေးတကြီးဖြစ်နေတယ်*"။

အီလွန်မတ်ဟာ အလုပ်ပြီးရမယ့် အချိန်ဇယားဆွဲရင် လအလိုက်၊ သီတင်းပတ်အလိုက် ခွဲခြားတာကို မကြိုက်ဘူး။ နေ့အလိုက်၊ နာရီအလိုက်၊ မိနစ်အလိုက် အလုပ်ကိုစီစဉ်တာ လိုချင်တယ်။ "*နောက်ဆုံးဗျာ၊ အိမ်သာထဲသွားပြီး သေးပေါက်တဲ့ အချိန်ကိုတောင် အချိန်ဇယားထဲမှာ ထည့်ဆွဲစေချင်သေးတယ်*" လို့ အင်ဂျင်နီယာ ဘရိုင်ယန်က ရယ်မောပြီး ပြောတယ်။ တချို့မန်နေဂျာတွေဟာ အီလွန်မတ်ကို ကြောက်ကြလို့ မဖြစ်နိုင်တဲ့ အလုပ်ပြီးရမယ့် အချိန်ဇယားတွေကို ညာပြီး တင်ပြကြတယ်။ အဲဒီအချိန်ဇယားဟာ ဌာနတွင်းအတွက်ဆိုရင် ပြဿနာမရှိပါဘူး။ ဒါပေမဲ့ အီလွန်မတ်က အဲဒီအချိန်ဇယားအတိုင်း အလုပ်ပြီးမယ်လို့ အလုပ်အပ်တဲ့ အလုပ်ရှင်တွေကို ပြောလိုက်တယ်။ တကယ်မပြီးတော့ ပြဿနာတွေတက်ကုန်တယ်။ အဲဒီပြဿနာတွေကို Space X ရဲ့ အမျိုးသမီးဥက္ကဋ္ဌ ဂဝင်းရှော့ဝဲလ်က ဒိုင်ခံဖြေရှင်းရတယ်။ သူက အလုပ်ရှင်ဆီဖုန်းဆက်ပြီး အလုပ် တကယ်ပြီးမယ့်

အချိန်ကို ပြန်ပြင်ပြောရတယ်၊ သို့မဟုတ် အလုပ် အချိန်မီမပြီးရတဲ့အကြောင်းကို ဆင်ခြေတွေ အမျိုးမျိုးပေးရ တယ်။ *"ဂဝင်းဟာ သနားစရာပါ။ သူ အလုပ်ရှင်တွေကို တောင်းပန်နေတာ၊ လိမ်ညာနေတာကို ဖုန်းပေါ်မှာ ကြားနေရလို့ စိတ်မကောင်းဘူးဗျာ"* လို့ ဘရိုင်ယန်က ပြောပြတယ်။

အီလွန်မတ်ဟာ သူ့ဝန်ထမ်းတွေရဲ့စွမ်းဆောင်ရည်ကို အပြည့်အဝ အသုံးချနိုင်အောင် လုပ်ယူရာမှာ အလွန်ကျွမ်းကျင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ သူဟာ Space X အင်ဂျင်နီယာ သုံးယောက်ကို စကားပြောပြီးလို့ သူတို့ကိုမေးကြည့်လိုက်ရင် သူဖြစ်စေချင်ခဲ့တဲ့အလုပ် အချိန်မီပြီးအောင် တစ်ဦးချင်းကို မတူကွဲပြားတဲ့ နည်းတွေနဲ့ စည်းရုံးခဲ့တယ်ဆိုတာ သိရမှာဖြစ်ပါတယ်။ ပြီးတော့ သူဟာ အလုပ်ခိုင်းရာမှာ အလွန်တော်တယ်။ ဘရိုဂန်ပြောပြတဲ့ ဥပမာစာစ်ခုကို ပြောရမယ်ဆိုရင် အီလွန်မတ်ဟာ မန်နေဂျာတစ်ယောက်နဲ့တွေ့ပြီး အလုပ်ပြီးရမယ့် ရက်အတွက် *"မင်း ဒီအလုပ်ကို လာမယ့်သောကြာနေ့ နေ့လယ် ၂ နာရီမတိုင်ခင် ပြီးရမယ်"* လို့ မပြောဘူး။ အဲဒီလိုပြောလိုက်ခြင်းဟာ အမိန့်ပေးတာဖြစ်လို့ မန်နေဂျာ ကြိုက်မှာမဟုတ်ဘူး ဆိုတာကို အီလွန်မတ် သိတယ်။ ဒါကြောင့် သူက ခုလိုပြောလိုက်တယ်။ *"ငါ မင်းကို အလုပ်တစ်ခု ခိုင်းချင်တယ်။ အဲဒါကို လာမယ့်သောကြာနေ့ နေ့လယ် ၂ နာရီမှာ ပြီးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ မင်းဖြစ်အောင်လုပ်နိုင်မယ်လို့ ငါယုံတယ်။ ဒီတော့ မင်း လုပ်ကြည့်မလား"* တဲ့။ ပထမစကားက မေတ္တာရပ်ခံတဲ့ စကားပါ။ ဒုတိယစကားက မန်နေဂျာကို စိန်ခေါ်တဲ့ စကားပါ။ ဒီတော့ မန်နေဂျာက လုပ်နိုင်တယ်လို့ ဖြေလိုက်ရင် စိန်ခေါ်တာကို လက်ခံလိုက်တာမို့ အလုပ်ကို အချိန်မီပြီးအောင် အစွမ်းကုန် ကြိုးစားပါလိမ့်မယ်။ Space X ဟာ တော်ပြီး တက်ကြွတဲ့ လူရာပေါင်းများစွာကို အလုပ်ခန့်ထားပြီး သူတို့တစ်ဦးချင်းစီရဲ့ စွမ်းရည်ကို အပြည့်အဝ ဖော်ထုတ်အသုံးချတယ်။ အီလွန်မတ်က ပြောတယ်။ လူတစ်ယောက်ဟာ တစ်နေ့ကို ၁၆ နာရီ အလုပ်လုပ်ခြင်းဟာ လူနှစ်ယောက် တစ်နေ့ ၈ နာရီလုပ်တာထက် အလုပ်ပိုပြီးတယ်တဲ့။ တစ်ယောက်တည်း အလုပ်လုပ်ရင် အစည်းအဝေးခေါ်စရာ မလိုဘူး။ နှစ်ဦးသဘောတူဖို့

တိုင်ပင်ဆွေးနွေးစရာ မလိုဘူး။ အလာပသလာပ စကားပြောဖို့ လူမရှိဘူး စတဲ့ အကြောင်းတွေကြောင့် တစ်ယောက်တည်း အလုပ်လုပ်တာဟာ အလုပ်ပိုပြီးတယ်တဲ့။ အီလွန်မတ်ပြောတဲ့ အဲဒီလိုလူမျိုး တစ်ယောက်ရှိတယ်။ သူနာမည်က 'စတိဗ် ဒါးဗစ်' ပါ။

တစ်ရက်မှာ အီလွန်မတ်က Stanford တက္ကသိုလ်ရဲ့ လေယာဉ်တည်ဆောက်ခြင်းနဲ့ ပျံသန်းခြင်းကို သင်ကြားပေးတဲ့ဌာနက သူနဲ့သိတဲ့ နည်းပြဆရာတစ်ယောက်ကို မေးကြည့်တယ်။ သူ့ဌာနမှာ မဟာဘွဲ့တက်နေပြီး စာတော်သူဖြစ်တဲ့အပြင် အိမ်ထောင်မရှိတဲ့ သင်တန်းသား ရှိသလားလို့ပါ။ နည်းပြဆရာက စီးပွားရေးပညာဘွဲ့၊ စက်မှုအင်ဂျင်နီယာဘွဲ့နဲ့ စွမ်းအင်ဆိုင်ရာ ရူပဗေဒဘွဲ့တွေ ရထားပြီး အာကာသနည်းပညာ အင်ဂျင်နီယာဘာသာကို မဟာဘွဲ့ယူဖို့ ကြိုးစားနေသူတစ်ယောက် ရှိတယ်။ သူနာမည်က စတိဗ်ဒါးဗစ်ပါလို့ ဖြေတယ်။ ဒါနဲ့ ဒါးဗစ်ဟာ Space X ရဲ့ ၂၂ ယောက်မြောက် ဝန်ထမ်းဖြစ်လာခဲ့တယ်။ သူဟာ အခု Space X ရဲ့ အဆင့်မြင့်စီမံကိန်းတွေကို ဦးစီးကြီးကြပ်ရတဲ့ ညွှန်ကြားရေးမှူးဖြစ်နေပါတယ်။ *"သူဟာ တစ်နေ့ကို ၁၆ နာရီနဲ့ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့တယ်။ လူ ၁၀ ယောက်လုပ်တဲ့ အလုပ်ကို သူတစ်ယောက်တည်း လုပ်နိုင်တယ်"* လို့ ဘရိုဂန်က ပြောပြတယ်။ အဲဒီအချိန် ၂၀၁၄ ခုနှစ်မှာ သူအသက်ဟာ ၃၅ နှစ် ရှိနေပြီ။

ဒါးဗစ်ဟာ အလုပ်ဝင်ပြီးတော့ Kwaj ကျွန်းမှာ ခဏ တာဝန်ထမ်းဆောင်ရတယ်။ အဲဒီမှာနေရတာဟာ သူ့ဘဝမှာ စိတ်အလှုပ်ရှားရဆုံးနဲ့ ပျော်စရာအကောင်းဆုံးအချိန် ဖြစ်ခဲ့တယ်လို့ ပြောပြတယ်။ *"ညဝိုင်းတွေမှာ ဒုံးပျံကြီးရဲ့ ဘေးမှာ မီးကာတဲထိုးပြီး အိပ်ရတယ်။ တဲထဲကို တောက်တဲ့တွေ၊ မြွေတွေ၊ ကင်းလိပ်ချောတွေ ဝင်လာလို့ ထပြေးရတာလည်း မကြာခဏပဲ။ ပြီးတော့ Kwaj ကျွန်းကနေ ဒုံးပျံပစ်စင်ရှိတဲ့ Omelek ကျွန်းကို တစ်နာရီကြာ မော်တော်ဘုတ်စီးရတာ လှိုင်းမူးတယ်"* လို့ သူက ပြောပြတယ်။ *"ကျွန်းပေါ်မှာနေရတာ ပူလွန်းလို့ မောပန်းပြီး အားကုန်တယ်။ ဒါပေမဲ့ အဲဒီလိုနေရတာ တစ်မျိုး ပျော်စရာကောင်းတယ်"*

လို့ သူ ဆက်ပြောတယ်။ ဒါးဗစ်ဟာ ပထမတော့ Falcon 1 နောက်တော့ Falcon 9 နဲ့ ပြီးတော့ Dragon အာကာသယာဉ်လုပ်တဲ့ စီမံကိန်းတွေ လုပ်ရတယ်။

Space X ဟာ Dragon အာကာသယာဉ် အောင်မြင်ဖို့ကို ၄ နှစ်ကြာ ဒီဇိုင်းလုပ်ခဲ့ရတယ်။ တကယ်တော့ ဒါဟာ အာကာသယာဉ်ထုတ်လုပ်တဲ့ ရာဇဝင်မှာ အမြန်ဆုံး ပြီးစီးအောင်မြင်ခဲ့တဲ့ စီမံကိန်းပါ။ အဲဒီစီမံကိန်းကို အီလွန်မတ်နဲ့ လက်တစ်ဆုပ်စာ အင်ဂျင်နီယာ (အများစုဟာ အသက် ၃၀ ကျော်တွေ ဖြစ်ကြတယ်) တို့ စတင်ခဲ့ပြီး နောက်တော့ လူတစ်ရာအထိ ပါဝင်လာကြတယ်။ သူတို့ဟာ အရင်က တခြားကုမ္ပဏီတွေက အာကာသယာဉ်လုပ်ခဲ့တာတွေကို ပုံတူကူးချကြတယ်။ NASA, Gemini, Apollo စီမံကိန်းတွေလုပ်ကြတဲ့ အာကာသလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတွေက ထုတ်ဝေဖြန့်ချိတဲ့ စာတမ်းတွေကို သေချာဖတ်ကြည့်ကြတယ်။ *"အပိုလိုဒုံးပျံရဲ့ အာကာသကနေ ကမ္ဘာ့လေထုထဲ ပြန်ဝင်လာတဲ့ အကြောင်း ရေးထားတဲ့ စာတမ်းထဲမှာ ကျွန်တော်တို့ရှာနေတဲ့ အဖြေကို တွေ့ရတယ်"* လို့ ဒါးဗစ်က ပြောပြတယ်။ Space X အင်ဂျင်နီယာတွေဟာ သူတို့ အရင်ကုမ္ပဏီတွေကလုပ်ခဲ့တဲ့ အာကာသယာဉ်တွေထက်သာအောင် နည်းလမ်းရှာ လုပ်ကြတယ်။ တချို့အပိုင်းတွေမှာ လွယ်လွယ်ကူကူလုပ်နိုင်ပေမယ့် တချို့အပိုင်းတွေမှာတော့ အတော်လေး ဦးနှောက်သုံးကြရတယ်။ Saturn 5 နဲ့ အပိုလိုဒုံးပျံတွေဟာ ကြီးမားတဲ့ ကွန်ပျူတာကြီးတွေ တပ်ဆင်ထားကြပေမယ့် အဲဒါတွေရဲ့ တွက်ချက်နိုင်စွမ်းဟာ ယနေ့ခေတ် iPad ရဲ့စွမ်းရည်ကို မမီပါဘူး။ ဒီတော့ Space X က အင်ဂျင်နီယာတွေဟာ ဒုံးပျံရဲ့အလေးချိန်ကို လျှော့ချချင်ရင် ကွန်ပျူတာတွေရဲ့အရွယ်အစားနဲ့ အလေးချိန်တွေကို လျှော့ချရမယ်။ အဲဒီလိုလုပ်နိုင်ဖို့ အရွယ်ငယ် ပေါ့ပါးပြီး စွမ်းရည်မြင့်တဲ့ ကွန်ပျူတာတွေ ထုတ်လုပ်ရမယ်လို့ပြောပြီး အဲဒါတွေကို ဖြစ်အောင်လုပ်နိုင်ခဲ့ကြတယ်။ နောက်ပြီး သူတို့ဟာ စျေးနှုန်းချိုသာတဲ့ PICA ပစ္စည်းကို NASA ရဲ့ သဘောတူညီချက်နဲ့ ဒုံးပျံမှာ တပ်ဆင်တယ်။ PICA ဆိုတာ အပူကာတာကိုလုပ်ပေးတဲ့ ပေါ့ပါးတဲ့သတ္တုပါ။ ဒါကြောင့် သူတို့ဟာ ဒုံးပျံအတွက် ကုန်ကျစရိတ်သက်သာအောင် လုပ်သလို အလေးချိန်ကို လျှော့ချ

ပေးနိုင်ကြတယ်။ *"Dragon အာကာသယာဉ်လုပ်ဖို့ ကုန်ကျစရိတ်ဟာ ဒေါ်လာ သန်း ၃၀၀ ဖြစ်ပေ မယ့် တခြားကုမ္ပဏီတွေ ထုတ်လုပ်တဲ့ အာကာသယာဉ် ကုန်ကျ စရိတ်ရဲ့ ၁၀ ပုံ ၁ ပုံကနေ ၃၀ ပုံ ၁ ပုံပဲ ရှိပါ တယ်"* လို့ ဒါးဗစ်က ပြောပါတယ်။ *"ကျွန်တော်တို့ဟာ ပစ္စည်းအားလုံးနီးပါးကို စက်ရုံထဲမှာပဲ လုပ်ကြတယ်။ ဒါကြောင့် ကုန်ကျစရိတ် အတော်နည်းတယ်"* လို့ ထပ်ပြောတယ်။

၂၀၀၄ ခုနှစ်မှာတုန်းက ဒါးဗစ်ဟာ Falcon 1 ရဲ့အင်ဂျင်အတွက် စက်နီး ပေးတဲ့ပစ္စည်း actuator တစ်ခု လိုအပ်နေတယ်။ ဒါးဗစ်ဟာ ဒီလိုပစ္စည်းမျိုးကို တစ်ခါမှမလုပ်ဖူးတာကြောင့် ပစ္စည်းလုပ်တဲ့ကုမ္ပဏီတွေမှာ ဝယ်ယူဖို့ စုံစမ်းကြည့် တယ်။ ကုမ္ပဏီတစ်ခုက အဲဒီပစ္စည်းကို ဒေါ်လာ ၁ သိန်း ၂ သောင်း ကျမယ်လို့ အကြောင်းပြန်ကြားတယ်။ ဒီသတင်းကို ဒါးဗစ်က ပြောပြတော့ အီလွန်မတ်ဟာ ဟားတိုက်ရယ်တယ်။ ပြီးတော့ ခုလိုပြောတယ်။ *"အဲဒီပစ္စည်းဟာ တံခါးဖွင့်တဲ့ လက်တံတစ်ခုလောက် မရှုပ်ထွေးပါဘူး။ ငါ မင်းကို ဒေါ်လာ ၅ ထောင် ဘတ်ဂျက် ချပေးမယ်။ အဲဒါနဲ့ ဖြစ်အောင်လုပ်"* တဲ့။ ဒါးဗစ်ဟာ အဲဒီပစ္စည်းကို တစ်နှစ်နီးပါး ကြာအောင် လုပ်ခဲ့ရတယ်။ လုပ်ပြီးသွားတော့ သူ အဲဒါကို ဘယ်လိုလုပ်ခဲ့ရတယ်။ ပစ္စည်းရဲ့ ကျွန်ကျစရိတ် ဘယ်လောက်ကျတယ်။ တခြားကုမ္ပဏီကလုပ်တဲ့ ပစ္စည်း ထက် ဘယ်လိုသာတယ်ဆိုတဲ့ အကြောင်းတွေကို စာမျက်နှာ ၂၀ ရှိတဲ့ အီးမေးလ် တစ်စောင်ရေးပြီး အီလွန်မတ်ဆီ ပို့လိုက်တယ်။ အီလွတ်မတ် ဘယ်လို အကြောင်း ပြန်လာမလဲဆိုတာကို ရင်မောစွာနဲ့ စောင့်နေတယ်။ သိပ်မကြာခင် အီးမေးလ် ပြန်စာ ရောက်လာတယ်။ စာမှာရေးထားတဲ့ စကားလုံးက နှစ်လုံးတည်းပါ။ *"အိုကေ"* တဲ့။ ဒါးဗစ်ဟာ အဲဒီပစ္စည်းကို ပြုလုပ်ရာမှာ ဒေါ်လာ ၃၉၀၀ ပဲ ကုန်ကျ ပြီး အဲဒီပစ္စည်းဟာ Falcon 1 နဲ့အတူ အာကာသဆီ ရောက်သွားခဲ့ပါတယ်။ *"ကျွန်တော် အီလွန်မတ်ကို သဘောကျတာတစ်ခုက သူဟာ ကျွန်တော်တို့ မဖြစ်နိုင်ဘူးထင်တာကို ဖြစ်အောင် လုပ်ခိုင်းတတ်တယ် ဆိုတာပါ"* လို့ ဒါးဗစ်က ပြောတယ်။

အဲဒီအချက်ကို မှန်ကန်ကြောင်း 'ကဲဗင်ဝို့ဆန်' ရဲ့အဖြစ်က သက်သေခံပါ

တယ်။ ကဗင်ဟာ Space X ကို ၂၀၀၈ ခုနှစ်ထဲမှာ ရောက်လာခဲ့တယ်။ အဲဒီမတိုင်ခင်က NASA ရဲ့လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်တဲ့ Jet Propulsion Laboratory (JPL) မှာ အလုပ်လုပ်ခဲ့တယ်။ JPL မှာ သူဟာ စီမံကိန်းတွေ အများကြီးကို ကြီးကြပ်ပေးခဲ့ရတယ်။ စီမံကိန်းတစ်ခုက အာကာသရဲ့ ကြမ်းတမ်းတဲ့ အခြေအနေတွေကို ခံနိုင်ရည်ရှိတဲ့ ကွန်ပျူတာစနစ်ကိုတည်ဆောက်ပြီး စမ်းသပ်စစ်ဆေးရတာပါ။ JPL ဟာ ပုံမှန်အားဖြင့် စျေးကြီးပြီး အကြမ်းခံတဲ့ ကွန်ပျူတာတွေကို တခြားကုမ္ပဏီတွေကနေ ဝယ်ယူတယ်။ ကဗင်က အဲဒါကို သဘောမကျဘူး။ ပိုက်ဆံဖြုန်းတယ်ထင်လို့ ကိုယ်တိုင်လုပ်ယူဖို့ အထက်လူကြီးတွေဆီ တင်ပြတယ်။ လူကြီးတွေက သဘောမတူကြဘူး။ ဒါကြောင့် သူဟာ JPL မှာ အလုပ်လုပ်ရတာ မပျော်တော့ဘူး။ သူ Space X မှာ အလုပ်လျှောက်တယ်။ အလုပ်ရပြီးတော့ အီလွန်မတ်က သူ့ကို အင်တာဗျူးလုပ်ရင်း ဒုံးပျံရဲ့ ကွန်ပျူတာစနစ်တစ်ခုလုံးကို ဒေါ်လာတစ်သောင်းအောက် ကုန်ကျစရိတ်နဲ့ လုပ်နိုင်မလားလို့ မေးတယ်။ သူက လုပ်နိုင်တယ်လို့ ဖြေတယ်။

သူ Space X မှာ အလုပ်ဝင်တော့ Dragon အာကာသယာဉ်အတွက် ကွန်ပျူတာတွေ တည်ဆောက်ပေးတယ်။ သူတည်ဆောက်တဲ့ ကွန်ပျူတာစနစ်ကို CUCU လို့ နာမည်ပေးထားတယ်။ အသံထွက်က cuckoo (ကတ်ကူး) ဖြစ်ပြီး ဥသြဌက်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီ CUCU ကွန်ပျူတာကို Dragon က သယ်သွားပြီး ISS (နိုင်ငံတကာအာကာသစခန်း) မှာ ထားခဲ့မှာပါ။ ပြီးရင် အဲဒီ ကွန်ပျူတာတွေကနေတစ်ဆင့် ISS နဲ့ ကမ္ဘာမြေပြင်က ဒုံးပျံစခန်း အချင်းချင်း ဆက်သွယ်ဖို့ပါ။ အဲဒါကို NASA က ပုဂ္ဂိုလ်တွေက အယုံအကြည်မရှိကြဘူး။ မဖြစ်နိုင်ဘူးလို့ ပြောကြတယ်။ သူတို့ဟာ Space X က အင်ဂျင်နီယာတွေကို အထင်သေးပြီး ကားပြင်တဲ့အလုပ်ရုံက အလုပ်သမားတွေလို့ နောက်ပြောင်ကြတယ်။ တကယ်လည်း သူတို့စိတ်ထဲမှာ အဲဒီလို သဘောထားကြတယ်။ လပေါင်းများစွာအကြာမှာ ကဗင်နဲ့ အင်ဂျင်နီယာတွေဟာ Dragon အာကာသယာဉ်နဲ့ Falcon 9 ဒုံးပျံတို့အတွက် ကွန်ပျူတာစနစ်ကို တည်ဆောက်ပြီးသွားကြတယ်။

စမ်းသပ်မှုကို အကြိမ်ကြိမ်အခါခါ လုပ်ပြပြီးတော့ NASA က အဲဒါတွေကို အသုံးပြုဖို့ သဘောတူသွားတယ်။ အဲဒါကို တည်ဆောက်ရတာ ဒေါ်လာတစ်သောင်းထက် နည်းနည်းပိုသွားပေမယ့် အီလွန်မတ် သဘောကျ ကျေနပ်သွားတယ်။

ကဗင်ရဲ့ Space X မှာ ပြုလုပ်ခဲ့တဲ့ ထိပ်တန်းတီထွင်မှုတစ်ခု ရှိပါသေးတယ်။ အဲဒါက Hawthorne စက်ရုံရဲ့ စမ်းသပ်ခန်းတစ်ခုထဲမှာရှိတဲ့ test bed စမ်းသပ်ခုံတစ်ခု ဖြစ်တယ်။ ဒုံးပျံမှာတပ်ဆင်ထားတဲ့ စက်ပစ္စည်းတွေနဲ့ အီလက်ထရောနစ်ပစ္စည်းတွေကို ပုံစံတူ ကူးယူလုပ်ထားတဲ့ ပစ္စည်းတွေကို ခုံပေါ်မှာ ချထားပြီး ဆက်သွယ်ထားတယ်။ အဲဒါတွေနဲ့ ဒုံးပျံ တကယ်ပစ်လွှတ်သလို စမ်းသပ်ကြည့်တယ်။ အင်ဂျင်နီယာတစ်ယောက်က test bed ပေါ်က ဒုံးပျံရဲ့ ဘားတစ်ခုကို ဖွင့်ကြည့်တယ်။ တကယ်ပွင့်ရဲ့လား။ ဘယ်လောက်မြန်မြန်ပွင့်သလဲ၊ အဲဒီဘားပွင့်ဖို့ လျှပ်စစ်စီးအား ဘယ်လောက်စီးသလဲဆိုတာတွေကို ကွန်ပျူတာမှာ ကြည့်တယ်။ အဲဒီလို စမ်းသပ်ကြည့်ရင်းနဲ့ ဒုံးပျံလွှတ်တင်ရင် တွေ့ကြုံရမယ့် ပြဿနာတွေကို ကြိုတင်သိနိုင်လာတယ်။ ဒုံးပျံကို တကယ်တမ်း ပစ်လွှတ်ခါနီးမှာ ဒုံးပျံမှာ အမှားတစ်ခုဖြစ်ပေါ်နေရင် test bed က ကွန်ပျူတာမှာ လာပေါ်တယ်။ တစ်ခါတုန်းက Falcon 9 ဒုံးပျံလွှတ်ခါနီးဆဲဆဲမှာ ဆော့ဖ်ဝဲရဲ့ အမှားတစ်ခုကို သိလိုက်တယ်။ ဒုံးပျံလွှတ်ဖို့ စောင့်ခိုင်းထားပြီး အင်ဂျင်နီယာတွေက ဆော့ဖ်ဝဲအမှားကို ချက်ချင်းပြင်ရေးကြတယ်။ ပြင်ရေးပြီးတာနဲ့ ပစ်စင်မှာစောင့်နေတဲ့ ဒုံးပျံရဲ့ ကွန်ပျူတာဆီ ပို့လိုက်တယ်။ အဲဒါဟာ မိနစ် ၃၀ ပဲကြာပြီး ဒုံးပျံကို အချိန်နောက်မကျဘဲ လွှတ်တင်လိုက်နိုင်တယ်။ *"NASA က ပုဂ္ဂိုလ်တွေဟာ အဲဒါမျိုးနဲ့ မကြုံဖူးကြဘူး။ သူတို့ဟာ အမှားတစ်ခုရှာတွေ့ရင် အဲဒါကိုစစ်ဆေးဖို့ ဆိုပြီး ဒုံးပျံလွှတ်တင်တာကို ၃ ပတ်ကြာ ရွှေ့ဆိုင်းပစ်တတ်ကြတယ်"* လို့ ကဗင်က ပြောပြတယ်။

အီလွန်မတ် အလွန်မုန်းတာ တစ်ခုရှိတယ်။ အဲဒါက သူခိုင်းတဲ့အလုပ်ကို တစ်စုံတစ်ယောက်က မဖြစ်နိုင်ဘူးလို့ ပြောခြင်းပါ။ တစ်ခါမှာ ဝန်ထမ်းတစ်ယောက်က အီလွန်မတ်ကို ပြောတယ်။ သူပြောတဲ့ ကုန်ကျစရိတ်နဲ့ ပစ္စည်းကို ဖြစ်အောင်မလုပ်နိုင်ဘူး။ ဒါပြင် သူခိုင်းတဲ့အလုပ်ကို သူပြောတဲ့အချိန်အတွင်းလည်း မပြီး

နိုင်ဘူးတဲ့။ "အီလွန်မတ်က ခုလိုပြန်ပြောတယ်။ 'ကောင်းပြီ။ မင်းလုပ်နေတဲ့ စီမံကိန်းကို ဆက်မလုပ်နဲ့တော့။ ငါပဲ လုပ်လိုက်တော့မယ်။ ငါ ကုမ္ပဏီနစ်ခုရဲ့ CEO တာဝန်တွေအပြင် မင်းစီမံကိန်းကိုလည်း တာဝန်ယူလုပ်မယ်'တဲ့" လို့ ဘရိုဂန်က ပြောပြတယ်။ "တကယ်လည်း အီလွန်မတ်ဟာ အဲဒီအတိုင်း လုပ်ပါတယ်။ တာဝန်ခံ အင်ဂျင်နီယာတစ်ယောက်ကို မကြိုက်လို့ အလုပ်က ထုတ်ပစ်လိုက်ပြီးရင် လူစားမရခင်မှာ အီလွန်မတ်ဟာ သူ့အလုပ်ကို တာဝန်ယူကြီးကြပ်တယ်။ အလုပ်ပြီးရမယ့် အချိန်အတွင်းလည်း ပြီးအောင်လုပ်နိုင်ခဲ့တယ်" လို့ သူ ဆက်ပြောတယ်။

Space X ဟာ ပြဿနာကို မြန်မြန်ထက်ထက် ဖြေရှင်းတတ်တဲ့အကျင့်ကြောင့် အလုပ်လုပ်ရင် ဗျူရိုကရေစီစနစ် (ရှုပ်ထွေးပြီး အရာမရောက်သော စည်းကမ်းနည်းလမ်းများပါတဲ့ စနစ်) ကျင့်သုံးတတ်ကြတဲ့ အစိုးရအဖွဲ့အစည်းတွေ ဖြစ်ကြတဲ့ NASA, အမေရိကန်လေတပ်နဲ့ FAA (Federal Aviation Administration - အမေရိကန်လေကြောင်းဦးစီးဌာန) တွေနဲ့ သဘောထားချင်းမတိုက်ဆိုင်လို့ ပဋိပက္ခဖြစ်လာတယ်။ ပဋိပက္ခအစဟာ Kwaj ကျွန်းမှာ ဖြစ်ခဲ့တာပါ။ Space X ရဲ့ လုပ်နည်းလုပ်ဟန်ကို အစိုးရအဖွဲ့က သဘောမကျကြောင်း ပြသခဲ့ကြတယ်။ ဥပမာတစ်ခုက ခဲ့ပျံ့ရဲ့ filter (လေစစ်တဲ့ ကိရိယာ) မကောင်းတာကို တွေ့ရလို့ Space X အင်ဂျင်နီယာတွေက လဲဖို့လုပ်တယ်။ လဲလုယ်တာကို အသေးစိတ်အဆင့်တွေ (လက်အိတ်ဝတ်တာ၊ မျက်လုံးအကာတပ်တာ၊ filter ရဲ့ မူလီတွေကို တစ်ခုချင်း လှည့်ဖြုတ်တာ စတာတွေ) ကို အသေးစိတ်ရေးပြရတယ်။ အသေးစိတ် စာရင်းရေးပြပြီးတာနဲ့ filter အသစ်တစ်ခုနဲ့ လဲလိုက်တယ်။ FAA က filter ချက်ချင်းလဲလိုက်တာကို သဘောမကျကြဘူး။ သူတို့ရဲ့ လုပ်ထုံးလုပ်နည်းက filter မကောင်းတာကို စစ်ဆေးတဲ့ အသေးစိတ်စာရင်းကို တစ်ပတ်ကြာ ဖတ်ကြည့်ပြီးမှ သဘောတူ မတူ ဆုံးဖြတ်ချင်ကြတယ်။ အဲဒါကို Space X အင်ဂျင်နီယာတွေနဲ့ အီလွန်မတ်တို့ လုံးဝမကြိုက်ကြဘူး။ "*တစ်ခါမှာ အဲဒီလို ခဲ့ပျံ့ရဲ့ ပစ္စည်းတစ်ခု လဲတာနဲ့ပတ်သက်ပြီး FAA နဲ့ Space X တို့လုပ်တဲ့ zoom meet-*

ing မှာ အီလွန်မတ်ဟာ *FAA* အရာရှိကို ပယ်ပယ်နယ်နယ် ပြစ်တင်ကြိမ်းမောင်းတာ ၁၀ မိနစ်လောက်ကြာတယ်” လို့ ဘရိုဂန်က ပြောပြတယ်။

အီလွန်မတ်က အဲဒီအဖြစ်ပျက်ကို မမှတ်မိတော့ဘူးလို့ ပြောပေမယ့် FAA အရာရှိတွေနဲ့ ဖြစ်ပွားခဲ့တဲ့ အချင်းများမှုတွေကိုတော့ မှတ်မိတယ်လို့ ပြောတယ်။ တစ်ခါမှာ FAA အရာရှိတစ်ယောက်ဟာ အဓိပ္ပာယ်မရှိတဲ့ စစ်ဆေးမှုတွေလုပ်ဖို့ စာရင်းရှည်ကြီးတစ်ခု Space X ကို ပေးတယ်။ အီလွန်မတ်က အဲဒီ စာရင်းရှည်ကြီးကို အဲဒီ FAA အရာရှိရဲ့အထက်က မန်နေဂျာဆီ အီးမေးလ်ပို့လိုက်ပြီး အရာရှိတောင်းဆိုချက်ဟာ အဓိပ္ပာယ်မရှိဘူး။ မလိုအပ်ဘဲ အချိန်နဲ့ ငွေ ဖြုန်းတာဖြစ်တယ်လို့ ရေးလိုက်တယ်။ “မန်နေဂျာဆီက အီးမေးလ်ပြန်လာတယ်။ သူ့အီးမေးလ်ထဲမှာ ရေးထားတာက သူဟာ ဒုံးပျံလွှတ်တဲ့ စီမံကိန်းတွေမှာ အကြိမ် ၂၀ လောက် ကြီးကြပ်ခဲ့လို့ သူ့လောက် အတွေ့အကြုံများသူ ဘယ်သူမှမရှိဘူး။ သူ့တပည့်ကို မှားတယ်လို့ အပြစ်ပို့ချရဲတာ ဘယ်လောက်သတ္တိရှိလို့လဲဆိုပြီး ကျွန်တော့်ကို စိန်ခေါ်လာတယ်” လို့ အီလွန်မတ်က ပြောတယ်။ သူ ဆက်ပြောတယ်။ “ကျွန်တော် အီးမေးလ်ပြန်ရေးလိုက်တယ်။ သူ့တပည့်လုပ်တာဟာ မှားနေရုံမကဘဲ *FAA* အဖွဲ့ဟာ လာဘ်စားနေတာကို သတင်းစာတွေကို ပြောပြလိုက်မယ်။ သတ္တိရှိရင် စမ်းကြည့်ပါလို့ပါ။ သူ့ဆီက နောက်ထပ် အီးမေးလ်ပြန်မလာတော့ဘူး။ ကျွန်တော်တို့ဟာ အာကာသလုပ်ငန်းကြီးကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ချင်ကြလို့ အဲဒီလို ဗျူရိုကရေစီ စည်းကမ်းတွေကို တတ်နိုင်သလောက် တိုက်ဖျက်ကြရပါမယ်။ လွယ်တော့ မလွယ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အစိုးရအဖွဲ့အစည်းက လူတွေ ဖြစ်နေကြလို့ပါ”။

“အဲဒီအစိုးရအဖွဲ့အစည်းက လူတွေ အထူးသဖြင့် ကျွန်တော်တို့ ဒုံးပျံလွှတ်တင်တာကို ကြီးကြပ်တဲ့လူတွေနေရာမှာ ဝင်ပြီး ကျွန်တော် စဉ်းစားကြည့်တယ်။ သူတို့ဟာ တစ်ခုခု ဆုံးဖြတ်ချက်ပေးဖို့ကြုံလာတိုင်း ခေါင်းရှောင်ချင်ကြတယ်။ ဘာကြောင့်လဲ၊ ဆုံးဖြတ်ချက်မှားသွားလို့ ပြဿနာတက်ရင် သူတို့ အရေးယူခံရမယ်။ အလုပ်လည်း ပြုတ်သွားနိုင်တယ်။ ဆုံးဖြတ်ချက် မှန်သွားလို့ အကျိုး

ရှိရင်လည်း သူတို့ ချီးမွမ်းမခံကြရဘူး။ ဆုကြေးလည်း မရကြဘူး။ ဒီတော့ ဆုံးဖြတ်ချက်ပေးတာ သူတို့အတွက် ဘာမှအကျိုးမရှိဘူး။ ဒါကြောင့် ဆုံးဖြတ်ချက်ပေးဖို့ ရှောင်လွှဲကြတယ်။ ရှောင်လွှဲမရရင် အချိန်ဆွဲကြတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ *Space X* ဟာ လုပ်ရကိုင်ရ ခက်တာပေါ့ဗျာ" လို့ အီလွန်မတ်က ရှင်းပြတယ်။

၂၀၀၉ ခုနှစ် နှစ်လယ်မှာ Space X က အာကာသယာဉ်မှူးတစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ 'ကင်ဘိုးဝါးဆော့' ကို ဒုံးပျံနဲ့ အာကာသယာဉ်လွှတ်တင်ရေးမှာ အန္တရာယ်ကင်းစေဖို့ တာဝန်ယူရတဲ့ဌာနရဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်လိုက်တယ်။ ဘိုးဝါးဆော့ဟာ အဲဒီရာထူးနဲ့ သင့်တော်သူတစ်ယောက် ဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ အမေရိကန်လေတပ်တက္ကသိုလ်က အာကာသယာဉ်၊ ဒုံးပျံတည်ဆောက်တဲ့ နည်းပညာနဲ့ ဘွဲ့ရခဲ့ပြီး အမေရိကန်လေတပ်မှာ လေယာဉ် စမ်းသပ်ပျံသန်းသူ test pilot အဖြစ် လုပ်ခဲ့ဖူးသလို အာကာသယာဉ်နဲ့ စီးနင်းလိုက်ပါခဲ့ဖူးလို့ပါ။ Space X က လူတွေဟာ သူရောက်လာတာကို ကုမ္ပဏီအတွက် ကောင်းတယ်လို့ မြင်ကြတယ်။ သူဟာ အလုပ်ကြိုးစားပြီး အလွန်စေ့စပ်တယ်။ Space X ရဲ့ ဒုံးပျံလွှတ်တင်ရေးအစီအစဉ်တွေကို သေသေချာချာ ဆန်းစစ်ကြည့်တယ်။ ဒီအခါမှာ သူနဲ့ Space X အင်ဂျင်နီယာတွေကြားမှာ ပြဿနာတွေ ပေါ်လာတယ်။ အင်ဂျင်နီယာတွေဟာ Space X ရဲ့ ထုံးစံအတိုင်း အလုပ်ကို မြန်မြန်ထက်ထက် ပြီးချင်ကြတယ်။ ဘိုးဝါးဆော့က အလုပ်ကို အန္တရာယ်ကင်းအောင် အချိန်ယူပြီး လုပ်စေချင်တယ်။ အဲဒါကို အီလွန်မတ် မကြိုက်ဘူး။ အချိန်ကြာလာတာနဲ့အမျှ သူနဲ့ အီလွန်မတ်တို့ကြားမှာ အချင်းများတာတွေ ဖြစ်လာကြတယ်။ တစ်ခါမှာ ချို့ယွင်းချက်ရှိတဲ့ ပစ္စည်းတစ်ခုဟာ စက်ရုံမှာတုန်းက မစစ်ဆေးမိဘဲ ဒုံးပျံပစ်စင်မှာ လွှတ်တင်ဖို့စောင့်နေတဲ့ ဒုံးပျံဆီ ရောက်လာတယ်။ ပစ္စည်းမှာ ချို့ယွင်းချက်ရှိတာကိုတွေ့လို့ Space X အင်ဂျင်နီယာတွေကို ချို့ယွင်းချက်ဟာ ကြီးကြီးမားမား မဟုတ်ဘူးဆိုပြီး ချက်ချင်းပြင်တယ်။ ပြီးရင် ဒုံးပျံမှာ ပြန်တပ်ချင်တယ်။ ဘိုးဝါးဆော့က အဲဒီပစ္စည်းကို ယူသွားပြီး စမ်းသပ်ခန်းမှာ ချို့ယွင်းချက်ဖြစ်ရတဲ့ အကြောင်းအချက်ကို ရှာရမယ်လို့ ပြောတယ်။ အဲဒီလို အချေအတင်ဖြစ်နေတာကို အီလွန်မတ်

သိသွားပြီး ဘိုးဝါးဆော့ရဲ့ အကြံပြုချက်ကို ပယ်ချလိုက်တယ်။ Space X က လူတွေက အဲဒီအဖြစ်အပျက်ဟာ စည်းကမ်း နည်းလမ်းတွေကို မလိုအပ်ရင် မလိုက်နာဘူးဆိုတဲ့ အီလွန်မတ်ရဲ့စိတ်ဓာတ်ကို ဖော်ပြတယ်လို့ ပြောကြတယ်။

အီလွန်မတ်နဲ့ Space X ကုမ္ပဏီထဲကလူတွေဖြစ်ဖြစ်၊ ပြင်ပလူတွေဖြစ်ဖြစ် ပြဿနာဖြစ်တိုင်း၊ အချင်းများသူ နှစ်ဦးနှစ်ဖက် ပြေလည်အောင် ဖြန်ဖြေညှိနှိုင်းပေးသူဟာ (အမျိုးသမီး) 'ဂဝင်းရှော့ဝဲလ်'ပါ။ ဂဝင်းဟာ အာကာသနည်းပညာ ကုမ္ပဏီတစ်ခုမှာ လုပ်ခဲ့ပြီး Space X မှာ အရောင်းသမားအဖြစ် စတင်ခဲ့တယ်။ နှစ်ပေါင်းများစွာအကြာမှာ သူဟာ Space X ရဲ့ ဥက္ကဋ္ဌနဲ့ အီလွန်မတ်ရဲ့ ညာလက်ရုံး အားကိုးရသူတစ်ယောက် ဖြစ်လာခဲ့တယ်လို့ ရှေ့ပိုင်းမှာ ရေးပြထားခဲ့ပါတယ်။ အီလွန်မတ်လိုပဲ သူဟာ စကားကို အတုံးလိုက် အတစ်လိုက် ပြောပြီး ဒေါသကြီးတတ်တယ်။ ဒါပေမဲ့ ပြဿနာတစ်ခုခုဖြစ်ရင်တော့ သူဟာ ဖျန်ဖြေစေ့စပ်ပေးတတ်သူနေရာမှာ ဝင်လုပ်တတ်တယ်။ နောက်တော့ သူဟာ အဲဒီအလုပ်မှာ ကျွမ်းကျင်လာလို့ ကုမ္ပဏီမှာ နေ့စဉ် ပြဿနာဖြစ်တိုင်း သူ ပါဝင်ဖြေရှင်းပေးရတယ်။ ဒီတော့ အီလွန်မတ်ဟာ ပြဿနာတွေကြောင့် စိတ်မရှုပ်ရဘဲ ကုမ္ပဏီရဲ့ မဟာဗျူဟာ၊ ပစ္စည်းတွေရဲ့ ဒီဇိုင်း၊ အရောင်းလုပ်ငန်းနဲ့ ဝန်ထမ်းတွေကို စိတ်ဓာတ်တက်အောင် လုပ်ပေးတာတွေမှာ အာရုံစူးစိုက် လုပ်ကိုင်လာနိုင်ခဲ့တယ်။ အီလွန်မတ် အားကိုးရတဲ့ လက်ထောက်တွေလိုပဲ ဂဝင်းလည်း နောက်ကွယ်ကနေ Space X ကုမ္ပဏီ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးနေသူတစ်ယောက် ဖြစ်လာခဲ့တယ်။

ဂဝင်းဟာ Space X မှာ အလုပ်ဝင်ပြီး မကြာခင်မှာ ကုမ္ပဏီက မလုပ်နိုင်ခဲ့တဲ့ အလုပ်တစ်ခုကို အောင်မြင်စွာ လုပ်ပြနိုင်ခဲ့တယ်။ အဲဒါက ဒီလိုပါ။ Falcon 1 ဒုံးပျံတွေလွှတ်တင်တာ မအောင်မြင်တာကြောင့် Space X က တခြားကုမ္ပဏီတွေအတွက် ဒုံးပျံလွှတ်တင်ပေးမယ့် အစီအစဉ်ကို ဘယ်ကုမ္ပဏီကမှ စိတ်မဝင်စားကြဘူး။ ဒါပေမဲ့ ဂဝင်းဟာ Falcon 1 ကို အောင်မြင်စွာ မလွှတ်တင်နိုင်ခင်မှာ အစိုးရဌာနတွေနဲ့ စီးပွားရေးကုမ္ပဏီအတွက် ဒုံးပျံလွှတ်တင်ဖို့ အစီ

အစဉ် တစ်ဒါဇင်လောက်ကို လုပ်ပေးဖို့ သဘောတူညီချက်ရအောင် လုပ်နိုင်ခဲ့တယ်။ နောက်ပိုင်း Space X ငွေရေးကြေးရေး အကျပ်အတည်းဖြစ်နေချိန်မှာ NASA ကနေ ကုန်ထရိုက်အလုပ်တွေရအောင် လုပ်နိုင်ခဲ့တယ်။ အဲဒါတွေထဲက တစ်ခုကတော့ ဒေါ်လာ ၂၇၈ သန်းတန်တဲ့ ISS (နိုင်ငံတကာအာကာသစခန်း) ကို ရိက္ခာနဲ့ ပစ္စည်းတွေ ပို့မယ့်အလုပ်ကို ၂၀၀၆ ခုနှစ် သြဂုတ်လမှာ ရလိုက်ပါတယ်။ ဂဝင်းရဲ့အောင်မြင်မှုကြောင့် မကြာခင်မှာ အီလွန်မတ်ရဲ့လူယုံတစ်ယောက် ဖြစ်လာခဲ့သလို ကုမ္ပဏီရဲ့ ဥက္ကဋ္ဌနဲ့ COO (Chief Operating Officer) ဖြစ်လာခဲ့တယ်။

Space X ရဲ့ ကြီးမားတဲ့ ရည်မှန်းချက်ပန်းတိုင်တွေထဲက တစ်ခုဟာ အာကာသကို ဒုံးပျံတွေ လွှတ်တင်နိုင်သမျှ လွှတ်တင်ဖို့ဖြစ်တယ်။ ဒုံးပျံလွှတ်တင်တဲ့ အခေါက်တိုင်းမှာ အမြတ်ငွေ အများကြီးရဖို့ ရည်ရွယ်မထားဘူး။ အခေါက်တိုင်းမှာ အမြတ်နည်းနည်းပဲယူပြီး ခေါက်ရေများများ လွှတ်တင်ချင်တယ်။ Falcon 9 ဒုံးပျံလွှတ်တင်တုန်းက ဒေါ်လာ သန်း ၆၀ ကုန်ကျခဲ့တယ်။ ကုမ္ပဏီက နောင်မှာ ဒုံးပျံခေါက်ရေ များများလွှတ်တင်ပြီး ကုန်ကျစရိတ် သက်သာစေမယ့်နည်းတွေ သုံးရင် ဒေါ်လာ သန်း ၂၀ ပဲ ကုန်ကျအောင် လုပ်နိုင်မယ်လို့ တွက်မိတယ်။ Space X ဟာ ဒေါ်လာ ၂.၆ ဘီလီယံ အကုန်အကျခံပြီး Dragon အာကာသယာဉ်ကို ISS စခန်းဆီ ၄ ခေါက် ပို့ခဲ့ပြီးသလို Falcon 9 ဒုံးပျံကို ၉ ကြိမ် လွှတ်တင်ခဲ့တဲ့ အပြင် Falcon 1 ဒုံးပျံကို ၅ ကြိမ် လွှတ်တင်ခဲ့ပြီးပါပြီ။ တစ်ကြိမ်လွှတ်တင်တဲ့ ပျမ်းမျှကုန်ကျစရိတ်ဟာ ပြိုင်ဘက်ကုမ္ပဏီတွေ မယှဉ်နိုင်အောင် နည်းတယ်။ လောလောဆယ်မှာ ဖွံ့ဖြိုးဆဲ နိုင်ငံအတော်များများဟာ ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်တာကို စိတ်ဝင်စားလာကြတယ်။ သူတို့ဟာ တခြား တိုးတက်ပြီးတဲ့နိုင်ငံတွေနဲ့ အာကာသနည်းပညာမှာ ယှဉ်ပြိုင်ချင်ကြလို့ပါလို့ ဂဝင်းက ပြောတယ်။ Space X က စျေးသက်သက်သာသာနဲ့ ဒုံးပျံလွှတ်တင်တာကို လုပ်ပေးနိုင်ရင် အဲဒီနိုင်ငံတွေက အလုပ်အပ်ကြမှာဖြစ်ပါတယ်။ အာကာသယာဉ်နဲ့ လူစီးနင်းလိုက်ပါတဲ့ ခရီးစဉ်တွေကို နိုင်ငံအတော်များများက စိတ်ဝင်စားလာကြလို့လည်း

Space X ဟာ အဲဒါကိုလုပ်ဖို့ကြံစည်နေပါတယ်။ ကမ္ဘာမြေပြင်အထက် အာကာသ ထဲမှာ အာကာသယာဉ်ကို ၅ မိနစ်လောက် လှည့်ပတ်စီးရမယ့် ခရီးစဉ်မျိုးမဟုတ်ဘဲ အာကာသစခန်းတွေဆီ သုတေသနလုပ်မယ့် သိပ္ပံပညာရှင်တွေကို အာကာသ ယာဉ်နဲ့ ပို့ပေးတာမျိုးပါ။ Space X ဟာ ဒုံးပျံနဲ့ အာကာသယာဉ်တွေ ထုတ်လုပ် နေရာက ရြိုဟ်တုထုတ်လုပ်ဖို့လည်း ပြင်ဆင်နေတယ်။ ဒီလိုနဲ့ Space X ဟာ အာကာသလုပ်ငန်းနဲ့ပတ်သက်တာ အားလုံးကို လုပ်ပေးနိုင်တဲ့ ကုမ္ပဏီဖြစ်ဖို့ ကြိုးစားနေပါတယ်။

အာကာသလုပ်ငန်းဟာ စိတ်ဝင်စားစရာကောင်းလွန်းလို့ အဲဒါကို စီးပွားဖြစ် လုပ်မယ့် ကုမ္ပဏီတွေ အများအပြားပေါ်လာကြမယ်လို့ ထင်စရာပါ။ ဒါပေမဲ့ လက်တွေ့မှာ အဲဒီလိုဖြစ်မလာပါဘူး။ Wright brothers ဟာ လေယာဉ်ပျံကို စတင်တီထွင်ပြီး နှစ် ၂၀ ကြာမှ လေယာဉ်ပျံနဲ့ ခရီးသွားတဲ့လုပ်ငန်းဟာ ကြီးထွား လာပြီး ပုံမှန်လိုဖြစ်လာခဲ့တယ်။ ၁၉၆၀ ပြည့်နှစ်ကျော်မှာ လကမ္ဘာကို လူသား သွားရောက်နိုင်ခဲ့တယ်။ နောက်တော့ အင်္ဂါရြိုဟ်ကို သုတေသနလုပ်ဖို့ အာကာသ ယာဉ်တွေ လွှတ်တင်နိုင်ခဲ့တယ်။ နေရဲစွမ်းအင်ကို လေ့လာနိုင်ခဲ့တယ်။ အဲဒါတွေ ပြီးသွားတော့ အာကာသလုပ်ငန်းဟာ ရပ်သလောက်နီးပါး ဖြစ်နေတယ်။ ဘာ ကြောင့်လဲ။ အကြောင်းက ဒုံးပျံလွှတ်တင်ရတဲ့ နည်းပညာဟာ ခက်ခဲပြီး ကုန်ကျ စရိတ် ကြီးမားလွန်းလို့ပါလို့ ရြိုဟ်နဲ့ပတ်သက်တာတွေကို လေ့လာတဲ့ အမျိုးသမီး သိပ္ပံပညာရှင် 'ကာရိုစတိုကာ'က ပြောပြတယ်။ ဒါပေမဲ့ NASA က ချပေးတဲ့ ကြီးမားတဲ့ ဘတ်ဂျက်ပါတဲ့ အာကာသဆိုင်ရာ ကန်ထရိုက်လုပ်ငန်းကြီးတွေကြောင့် အာကာသလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီတွေတော့ ပေါ်လာကြတယ်။

ဒါပေမဲ့ Space X ကုမ္ပဏီကလွဲရင် အမေရိကန်နိုင်ငံမှာ တခြားနိုင်ငံ တွေနဲ့ ပြိုင်နိုင်တဲ့ ကုမ္ပဏီဆိုတာ မရှိသလောက် အလွန်နည်းတယ်။ ဒုံးပျံလွှတ် တင်တဲ့ နည်းပညာကို မသိကြလို့ရယ်နဲ့ စိတ်ဝင်စားမှုလည်း မရှိကြလို့ပါ။ ပြည်တွင်းက စစ်တပ်နဲ့ NASA တို့က ချပေးတဲ့ ကန်ထရိုက်လုပ်ငန်းတွေအတွက် Space X နဲ့ ယှဉ်ပြိုင်နိုင်တာ ULA (United Launch Alliacne) ကုမ္ပဏီပဲ

ရှိတယ်။ ULA ဟာ ၂၀၀၆ ခုနှစ်တုန်းက လေယာဉ်ပျံထုတ်လုပ်တဲ့ ကုမ္ပဏီကြီး တွေဖြစ်ကြတဲ့ Boeing နဲ့ Lockheed Martin တို့ ပူးတွဲထူထောင်ထားခဲ့တာပါ။ အဲဒီအချိန်က Boeing နဲ့ Lockheed Martin တို့မှာ လေယာဉ်ထုတ်လုပ်တဲ့ အလုပ်နည်းလာတယ်။ ဒါကြောင့် သူတို့ရဲ့ လေယာဉ်နည်းပညာတွေ အသုံးချပြီး ဒုံးပျံတွေကို စျေးသက်သက်သာသာနဲ့ လွှတ်တင်နိုင်မယ့် ကုမ္ပဏီတစ်ခု ထူထောင်ချင်လို့ ULA ကို ထူထောင်လိုက်ကြတယ်။ ULA က ဒုံးပျံနဲ့ အာကာသယာဉ်တွေကို ထုတ်လုပ်တယ်။ ဒါပေမဲ့ ULA ကုမ္ပဏီဟာ Space X၊ ရုရှားနဲ့ တရုတ်နိုင်ငံတွေနဲ့ ဒုံးပျံလွှတ်တင်တဲ့ စျေးနှုန်းမှာ မယှဉ်ပြိုင်နိုင်ပါဘူး။ *"ULA ဟာ ရုရှားနဲ့ တရုတ်နိုင်ငံတို့ရဲ့ လုပ်အားခနည်းပါးမှုကြောင့် မယှဉ်နိုင်သလို Space X ရဲ့ ကုန်ကျစရိတ်လျှော့ချတဲ့ နည်းပညာကိုလည်း မယှဉ်နိုင်ပါဘူး"* လို့ Aerospace Corporation ကုမ္ပဏီက ဦးဆောင်ညွှန်ကြားရေးမှူး 'ဒေဗစ်ဗီယာဒင်'က ပြောပြတယ်။

၂၀၁၄ ခုနှစ်မှာ ULA ဟာ အမေရိကန်နိုင်ငံအတွက် အရှက်ရစရာတစ်ခုနဲ့ ကြုံတွေ့ရတယ်။ အဲဒီနှစ် မတ်လထဲမှာကျင်းပတဲ့ အမေရိကန် လွှတ်တော်ကြားနားပွဲတစ်ခုမှာ အီလွန်မတ်နဲ့ ULA ရဲ့ CEO 'မိုက်ကယ်ဂက်စ်' တို့ ထိပ်တိုက်စကားများကြတယ်။ အစိုးရရဲ့ ဒုံးပျံလွှတ်တင်တဲ့ ကန်ထရိုက်လုပ်ငန်းတွေချပေးဖို့ တောင်းခံတဲ့ကိစ္စနဲ့ ပတ်သက်လို့ပါ။ အီလွန်မတ်က ကြားနာပွဲမှာ ရုပ်ပုံဆလိုက်တွေ ထိုးပြပြီး ခုလိုပြောတယ်။ Boeing နဲ့ Lockheed ကုမ္ပဏီတို့ ပေါင်းပြီး ULA ကုမ္ပဏီကို ထောင်လိုက်ပြီးကတည်းက အစိုးရရဲ့ ဒုံးပျံလွှတ်တင်ဖို့ ချပေးတဲ့ ဘတ်ဂျက်ဟာ အများကြီးတက်သွားတယ်။ ဒါပေမဲ့ အဲဒီအလုပ်တွေကို ULA ကပဲ အများဆုံးရသွားတယ်။ ULA ဟာ ဒုံးပျံတစ်စင်းလွှတ်တင်တိုင်း လွှတ်တင်ခအဖြစ် ဒေါ်လာ သန်း ၃၈၀ ယူတယ်။ Space X ကတော့ လွှတ်တင်ခကို ဒေါ်လာ သန်း ၉၀ ပဲ ယူတယ်။ (အမှန်တကယ်က Space X ဟာ ဒေါ်လာ သန်း ၆၀ ယူရင်လည်း အမြတ်ရနိုင်ပေမယ့် အစိုးရရဲ့ နောက်ထပ် လိုအပ်ချက်တွေကို ဖြည့်ဆည်းခိုင်းလာနိုင်တာကို ထည့်တွက်ထားလို့ ဒေါ်လာ သန်း ၉၀ လို့ ပြောတာ

ပါ)။ အစိုးရက ဒုံးပျံလွှတ်တင်တာကို Space X ကုမ္ပဏီကို ခိုင်းရင် အမြဲတမ်း စျေးသက်သာပြီး သက်သာသွားတဲ့ငွေနဲ့ အာကာသယာဉ်တစ်ခုကိုတောင် လုပ်နိုင်ပါတယ်လို့ အီလွန်မတ်က ပြောတယ်။ မိုက်ကယ်ဂက်စ်က အီလွန်မတ်ပြောတဲ့ ULA ရဲ့ ဒုံးပျံလွှတ်တင်ခဟာ အဲဒီလောက် မမျှားပါဘူးလို့ ပြန်ဖြေပေမယ့် ဒုံးပျံလွှတ်တင်ခ အတိအကျကိုတော့ ထုတ်ဖော်မပြောပြဘူး။ အဲဒီအချိန်ဟာ အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ရဲ့ ဆက်ဆံရေးတင်းမာမှု အမြင့်ဆုံးအချိန် ဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့ ယူကရိန်းနိုင်ငံကို ကျူးကျော်ချင်တဲ့ လုပ်ရပ်ကြောင့်ပါ။ တကယ်လို့ ရုရှားနိုင်ငံဟာ ယူကရိန်းနိုင်ငံကို ကျူးကျော်တိုက် ခိုက်ရင် အမေရိကန်နိုင်ငံက ရုရှားနိုင်ငံကို စီးပွားရေးပိတ်ဆို့တာ လုပ်ပါလိမ့်မယ်။ ရုရှားနိုင်ငံကနေ ပစ္စည်းတွေ (အာကာသလုပ်ငန်းဆိုင်ရာပစ္စည်းတွေ အပါအဝင်) အမေရိကန်နိုင်ငံက တင်သွင်းနေတာကို ပိတ်ဆို့ပါလိမ့်မယ်။ အဲဒီအချိန်မှာ ULA ကုမ္ပဏီဟာ အမေရိကန်စစ်တပ်က ပစ္စည်းတွေကို အာကာသထဲလွှတ်တင်မယ့် သူ့ရဲ့ Atlas ဒုံးပျံအတွက် လိုအပ်တဲ့ အင်ဂျင်တွေကို ရုရှားနိုင်ငံက တင်သွင်းနေရတယ်။ *"Space X ရဲ့ Falcon 9 နဲ့ Falcon Heavy ဒုံးပျံတွေဟာ အမေရိကန်မျိုးချစ်စိတ်ကို ပြသပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဒုံးပျံတွေဟာ ပြည်တွင်းဖြစ်ပစ္စည်းတွေနဲ့ လုပ်ထားပြီး ကာလီဖိုးနီးယားနဲ့ တက်ဆက်ပြည်နယ်တွေမှာ ဒီဇိုင်းဆွဲပြီး ထုတ်လုပ်ထားတာပါ"* လို့ အီလွန်မတ်က ပြောပြီး စကားကို အဆုံးသတ်လိုက်တယ်။ မိုက်ကယ်ဂက်စ်က ULA ဟာ ရုရှားဆီက အင်ဂျင်တွေကို ၂ နှစ်စာ ဝယ်ထားပြီး သလို အင်ဂျင်ဒီဇိုင်းကို အသေးစိတ်ရေးဆွဲထားတဲ့ ပုံစံစာရွက်တွေက ရုရှားစာတွေကို အင်္ဂလိပ်လို ဘာသာပြန်ပြီးကြောင်း လွှတ်တော်ထဲမှာ မျက်နှာထားတင်းတင်းနဲ့ ဖြေကြားတယ်။ (အဲဒီကြားနာပွဲပြီးလို့ လအနည်းငယ်အကြာမှာ ULA က မိုက်ကယ်ဂက်စ်ကို CEO ရာထူးက ထုတ်ပယ်လိုက်ပြီး Amazon ထူထောင်တဲ့ ဂျက်ဘေးဇော့စ်ထောင်ထားတဲ့ Blue Origin ကုမ္ပဏီနဲ့ ပြည်တွင်းဖြစ် ဒုံးပျံတွေလုပ်ပေးဖို့ စာချုပ်လိုက်တယ်)။

အဲဒီကြားနာပွဲမှာ အပြန်အလှန် မေးခွန်းတွေထုတ်ကြတယ်။ Alabama

ပြည်က ဆီးနိတ်အမတ် (လွှတ်တော်အမတ်) 'ရစ်ချတ်ရှယ်ဘီ' က အများကြီး အောင် မိုက်ခွက်ကနေ အီလွန်မတ်ကို မေးခွန်းတွေ မေးတယ်။ Alabama ပြည်နယ်မှာ ULA စက်ရုံအများကြီးရှိတယ်။ ရှယ်ဘီက ULA ကို ကာကွယ်ပေးချင်လို့ ULA ဟာ ဒုံးပျံလွှတ်တင်တာကို ၆၄ ကြိမ် အောင်မြင်စွာလုပ်နိုင်ခဲ့တယ်။ အီလွန်မတ်ရဲ့ Space X ဟာ အဲဒီလို အောင်မြင်မှုရအောင် လုပ်နိုင်သလားလို့ မေးတယ်။ ပြီးတော့ *"ပုံမှန်အားဖြင့် ယှဉ်ပြိုင်ခြင်းဟာ အရည်အသွေးတက်လာစေပြီး ကုန်ကျစရိတ် သက်သာစေတာ မှန်ပါတယ်။ ဒါပေမဲ့ ဒုံးပျံလွှတ်တင်တာဟာ သာမန်အလုပ် မဟုတ်ပါဘူး"* လို့ ဆက်ပြောတယ်။ ဒါပေမဲ့ ရှယ်ဘီရဲ့ ပြောကြားချက်ဟာ အီလွန်မတ်ရဲ့ ဆလိုက်တွေမှာ စျေးနှုန်းတွေကို တိတိကျကျ တွက်ချပြထားတာတွေကို မချေဖျက်နိုင်ဘူး။ ဒီအကျိုးဆက်ကြောင့် အစိုးရဟာ ဒုံးပျံလွှတ်တင်တဲ့ စီမံကိန်း ၁၄ ခုကို အရင်က ULA ကို တိုက်ရိုက် ကန်ထရိုက်ပေးနေရာက မပေးတော့ဘဲ တင်ဒါခေါ်ဖို့ ဆုံးဖြတ်လိုက်တယ်။ လေတပ်ကလည်း သူတို့ အရင်ကချပေးနေကျ တင်ဒါ ၁၄ ခုထဲက ၇ ခုကို ဖျက်သိမ်းလိုက်တယ်။ လေတပ်ဟာ ULA ကို ချပေးထားတဲ့ တင်ဒါ ၁၄ ခု စလုံးကို မဖျက်သိမ်းလို့ဆိုပြီး Space X က လေတပ်ကို တရားစွဲတယ်။ *"Space X က အဲဒီတင်ဒါတွေ ရချင်လို့ တရားစွဲတာ မဟုတ်ပါဘူး။ ရိုးရိုးသားသား ယှဉ်ပြိုင်ခွင့်ကို လိုချင်တာပါ"* လို့ အီလွန်မတ်က ပြောတယ်။

NASA ရဲ့ အာကာသယာဉ်မှူးတွေကို ISS (နိုင်ငံတကာအာကာသစခန်း) ကို ပို့ဆောင်ပေးဖို့ ၄ နှစ်တာ လုပ်ဆောင်ပေးရမယ့်အလုပ်ကို Space X နဲ့ Boeing ကုမ္ပဏီတို့ ခွဲဝေကြတယ်။ Space X က ဒေါ်လာ ၂.၄ ဘီလီယံနဲ့ Boeing ဒေါ်လာ ၂.၆ ဘီလီယံကို အာကာသယာဉ်ငယ်တွေ တည်ဆောက်ပြီး လူတွေကို ISS ကို အသွားအပြန် ပို့ပေးတာတွေအတွက် ရကြမှာဖြစ်ပါတယ်။ *"ကျွန်တော်တို့ Space X က Boeing ထက် ပိုက်ဆံ ပိုနည်းပြီးရတာကို ဘယ်လိုမှ သဘောမထားပါဘူး။ ကုမ္ပဏီ အနည်းဆုံးနှစ်ခု ယှဉ်ပြိုင်ကြတာ ကောင်းပါတယ်"* လို့ အီလွန်မတ်က ပြောတယ်။

Space X ဟာ အစောပိုင်းက အလုပ်တစ်ခုတည်းကိုပဲလုပ်ဖို့ ကြံရွယ်ထားခဲ့တယ်။ အဲဒါက ဒုံးပျံအသေးဖြစ်တဲ့ Falcon 1 တွေကို တစ်ခါလွှတ်တင်ရင် ဒေါ်လာ ၆ သန်းနဲ့ ၁၂ သန်းကြား ယူပြီး လွှတ်တင်ပေးဖို့ပါ။ Falcon 1 ကို အဲဒီလောက် စျေးနှုန်းချိုသာစွာ လွှတ်တင်ပေးနိုင်လို့ လူတွေ စိတ်ဝင်စားနေကြတယ်။ ဒါပေမဲ့ Falcon 1 ဟာ ကြီးတဲ့ဂြိုဟ်တုကို မသယ်ဆောင်နိုင်လို့ အလုပ်မဖြစ်လို့ သူ့ထက်ပိုကြီးတဲ့ ဒုံးပျံလွှတ်ဖို့ ကြိုးစားတယ်။ ဒုံးပျံကြီးရင် ပိုကြီးတဲ့ဂြိုဟ်တုနဲ့ ပစ္စည်းတွေကို သယ်ယူနိုင်မယ်။ လူစီးနင်းလိုက်ပါနိုင်တဲ့ အာကာသယာဉ်တွေလည်း သယ်ပေးသွားနိုင်မယ်။ ဒီလိုနဲ့ Falcon 1 ဒုံးပျံထက် အများကြီးပိုကြီးတဲ့ အင်ဂျင် ၉ လုံးတပ် Falcon 9 ကို ၂၀၁၀ ခုနှစ် ဇွန်လမှာ ပထမဆုံးအကြိမ် ကမ္ဘာ့ပတ်လမ်းထဲ လွှတ်တင်ခဲ့တယ်။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလမှာ Falcon 9 ဟာ Dragon အာကာသယာဉ်ကို သယ်ဆောင်ပြီး အာကာသထဲကို သွားခဲ့တဲ့ အပြင် အာကာသယာဉ်ဟာ ပြန်ဆင်းလာတဲ့အခါ ပင်လယ်ရေပြင်ပေါ်က အခင်းပေါ် ဆင်းနိုင်လို့ အာကာသယာဉ်ကို အကောင်းအတိုင်း ပြန်ရတယ်။ ၂၀၁၂ ခုနှစ်မေလမှာ Space X ဟာ အာကာသသမိုင်းမှာ မှတ်တိုင်တစ်ခု စိုက်ထူခဲ့တယ်။ အဲဒါက ဒီလိုပါ။

မေလ ၂၂ ရက်နေ့ မနက် ၃ နာရီ ၄၄ မိနစ်မှာ Falcon 9 ဒုံးပျံဟာ ဖလော်ရီးဒါးပြည်နယ်၊ Cape Canaveral အင်္ဂက NASA ပိုင် ကနေဒီ ဒုံးပျံလွှတ်တင်ရေးစခန်းကနေ ပျံတက်သွားတယ်။ ဒုံးပျံဟာ Dragon အာကာသယာဉ်ကို သယ်ဆောင်သွားတယ်။ အာကာသထဲရောက်တာနဲ့ အာကာသယာဉ်ဟာ ဒုံးပျံကခွဲထွက်ပြီး ဂြိုဟ်ပတ်လမ်းထဲမှာ ပတ်နေတယ်။ တစ်နေရာအရောက်မှာ အာကာသယာဉ်ရဲ့ ဘေးတစ်ဖက်တစ်ချက်စီကနေ နေရောင်ခြည်စွမ်းအင်သုံးဖို့ အတွက် လုပ်ထားတဲ့ ဆိုလာပြား အရှည်ကြီးနှစ်ခု ဆန့်ထွက်လာတယ်။ အဲဒီ ဆိုလာပြားတွေက အာကာသယာဉ်အတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်ပေးတယ်။ အာကာသယာဉ်မှာ လိုချင်တဲ့နေရာ သွားလာဖို့အတွက် သေးငယ်တဲ့ အင်ဂျင်လေးတွေ တပ်ဆင်ထားတယ်။ အာကာသယာဉ်ဟာ ISS (နိုင်ငံတကာ

အာကာသစခန်း) ဆီ ၃ ရက်ကြာ သွားရမှာဖြစ်လို့ Space X အင်ဂျင်နီယာတွေဟာ Control room ထိန်းချုပ်ရေးအခန်းထဲကနေ အာကာသယာဉ်ကို စောင့်ကြည့်ကြတယ်။ တချို့လည်း အခန်းထဲမှာပဲ ခေါက်ကုတင်လေးတွေနဲ့ စောင့်အိပ်ကြတယ်။ တာဝန်ကျသူတွေဟာ အာကာသယာဉ်မှာ တပ်ဆင်ထားတဲ့ sensor အာရုံခံကိရိယာကပို့တဲ့ အချက်ပြတာတွေကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြတယ်။ တွက်ချက်ထားမှုအရ ဒုံးပျံပျံတက်ပြီး ၃ ရက်အကြာဖြစ်တဲ့ မေလ ၂၅ ရက်နေ့ မနက် ၄ နာရီမှာ အာကာသယာဉ်ဟာ ISS စခန်းနဲ့ ချိတ်ဆက်ရမှာ ဖြစ်တယ်။ ဒါပေမဲ့ အာကာသယာဉ်မှာ ISS ကို ရှာဖွေဖို့ တပ်ဆင်ထားတဲ့ လေဆာရောင်ခြည်စက်ပေါ် နေရောင်ထိုးနေလို့ လေဆာစက်ဟာ ISS နဲ့ အကွာအဝေးကို တွက်ချက်လို့မရဘူး။ အဲဒါကြောင့် အချိန် ၂ နာရီခွဲ ပိုကြာသွားတယ်။ ဒီထက်ကြာလို့မှ အာကာသယာဉ်ဟာ ISS ဆီ ရောက်မသွားရင် အစီအစဉ်ကို ဖျက်သိမ်းပြီး အာကာသယာဉ်ကို မြေပြင်ပေါ် ပြန်ဆင်းခိုင်းရပါမယ်။ အဲဒါကို ကြောက်လို့ အင်ဂျင်နီယာတွေဟာ ထိန်းချုပ်ရေးအခန်းထဲက ကွန်ပျူတာကနေ အာကာသယာဉ်ပေါ် နေရောင်ခြည်မကျရောက်အောင် အာကာသယာဉ်ကို အနေအထား ပြောင်းပေးဖို့ ကြိုးစားတယ်။ ကြိုးစားတာ အောင်မြင်သွားတယ်။ ဒါကြောင့် မနက် ၇ နာရီမှာ Dragon အာကာသယာဉ်ဟာ ISS နဲ့ အကွာအဝေးကို အတိအကျ တွက်ချက်နိုင်တာကြောင့် ISS ဆီ ချဉ်းကပ်သွားတယ်။ အနီးရောက်တာနဲ့ ISS စခန်းထဲက အာကာသယာဉ်မှူး 'ဒွန်ပက်တစ်'က ထိန်းချုပ်တာ လုပ်လိုက်တယ်။ ISS ကနေ ၅၈ ပေ ရှည်တဲ့ လက်တံကြီးထွက်လာပြီး အာကာသယာဉ်ကို ချိတ်ကပ်လိုက်တယ်။ *"ကနေဒီ၊ ကျွန်တော်တို့ Dragon ရဲ့ အမြီးကို ဖမ်းမိလိုက်ပြီ"* လို့ ဒွန်ပက်တစ်က ကနေဒီစခန်းကို သတင်းပို့လိုက်တယ်။

"ကျွန်မလည်း အဲဒီအချိန်မှာ Control room ထဲမှာ ရောက်နေပါတယ်။ ဒွန်ပက်တစ်ရဲ့ သတင်းပို့တာ ကြားလိုက်တာနဲ့ အခန်းထဲက လူ ၃၀ ဟာ လက်ခုပ်တီးပြီး 'ဟေး' လို့ အော်ကြတယ်" လို့ ဂဝင်းရှော့ဝဲလ်က ပြောပြတယ်။ နောက် ၂ နာရီအကြာမှာ Space X စက်ရုံထဲက ဝန်ထမ်းတွေလည်း ပျော်ရွှင်မြူးထူး

နေကြတယ်။ အဲဒီအချိန်အထိ ISS စခန်းနဲ့ အာကာသယာဉ် ချိတ်ဆက်တာကို လုပ်နိုင်တဲ့ ပုဂ္ဂလိကကုမ္ပဏီဟာ ကမ္ဘာပေါ်မှာ Space X တစ်ခုပဲ ရှိပါသေးတယ်။ နောက် ၂ လ အကြာမှာ Space X ဟာ Dragon အာကာသယာဉ်ကို လူစီးနင်းလိုက်ပါနိုင်အောင် လုပ်ပေးဖို့အတွက် NASA ဆီက ဒေါ်လာ သန်း ၄၄၀ ရလိုက်တယ်။ NASA အရာရှိ 'စတုတ်ကာ' က ပြောတယ်။ "*အီလွန်မတ်ဟာ အာကာသလုပ်ငန်းကို ပြောင်းလဲနေပါတယ်။ သူဟာ အာကာသကို ဘေးအန္တရာယ် ကင်းကင်း။ စျေးသက်သက်သာသာနဲ့ သွားလာနိုင်အောင် လုပ်ပေးနေပါတယ်*" တဲ့။

Dragon အာကာသယာဉ်နဲ့ ISS တို့ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့တဲ့ အဖြစ်အပျက်ပြီးလို့ ၂ နှစ်အကြာ ၂၀၁၄ ခုနှစ် မေလထဲမှာ အီလွန်မတ်က သတင်းသမားတွေနဲ့ ဧည့်သည်တွေကို Space X ရုံးချုပ်ဆီ ဖိတ်ခေါ်လိုက်တယ်။ သူက NASA ကရထားတဲ့ ပိုက်ဆံကို ဘာလုပ်ထားသလဲဆိုတာကို ပြချင်လို့ပါတဲ့။ ရာချီတဲ့လူတွေဟာ ည ၇ နာရီခွဲလောက်မှာ Space X ရုံးချုပ်ကို ကားတွေနဲ့ ရောက်လာကြတယ်။ Space X က အစားအသောက်နဲ့ ကျွေးမွေးဧည့်ခံတယ်။ ခရမ်းရောင် ကတ္တီပါဂျာကင်ဝတ်ထားတဲ့ အီလွန်မတ်က လာရောက်သူအားလုံးကို နှုတ်ဆက်ပြီးတော့ Space X စက်ရုံထဲကိုခေါ်သွားတယ်။ အဲဒီထဲမှာ Dragon 2 အာကာသယာဉ်အသစ်ကို ပြထားတယ်။ အပြင်ပမ်းကြည့်ရင် အရင် Dragon အာကာသယာဉ်နဲ့ တူတယ်။ ဒါပေမဲ့ Dragon က လူလိုက်ပါလို့မရဘဲ အခု Dragon 2 က လူစီးနင်းလိုက်ပါနိုင်တယ်။ အီလွန်မတ်က Dragon 2 ရဲ့ အဝင်တံခါးပေါက်ကို ဆွဲဖွင့်လိုက်တယ်။ အရင် Dragon လို နေရာမကျဉ်းဘဲ ကျယ်ကျယ်ဝန်းဝန်းရှိနေတယ်။ အထဲမှာ တောင့်တင်းပြီး အနေတော်ထိုင်ခုံ ၇ လုံး တပ်ဆင်ထားတယ်။ အဲဒီထဲက ၄ လုံးဟာ စက်ခလုတ်ခုံနဲ့ အနီးဆုံးမှာ ရှိပြီး ကျန် ၃ လုံးက သူတို့ရဲ့နောက်မှာပါ။ အီလွန်မတ်က ယာဉ်ခန်းထဲမှာ လမ်းလျှောက်ပြပြီး နေရာကျယ်ဝန်းကြောင်း ပြတယ်။ ပြီးတော့ ရှေ့ဆုံးခုံတန်းတွေထဲက အာကာသယာဉ်မှူးချုပ်ထိုင်တဲ့ ထိုင်ခုံမှာ ဘုတ်ခနဲ ထိုင်ချလိုက်တယ်။ ပြီးတော့ သူ့ရှေ့က

ကွန်ပျူတာဖန်သားပြင်ကို ဖုံးအုပ်ထားတဲ့ ကတ္တီပါအဝတ်စကို ဖယ်လိုက်တယ်။ အဲဒါရဲ့ရှေ့နားမှာ joystick လက်နဲ့ထိန်းချုပ်တဲ့ ပဲ့ထိန်းခလုတ်တစ်ခု ရှိတယ်။ Dragon 2 ရဲ့အတွင်းခန်းဟာ သတ္တုရောင် တောက်ပြောင်နေပြီး သိပ္ပံပညာရှင်တွေနဲ့ ရုပ်ရှင်ရိုက်ကူးသူတွေ အားကျစရာ ဖြစ်နေပါတယ်။

Dragon 2 ဟာ အတွင်းခန်း သားနားရံတင်မကဘဲ လုပ်ဆောင်မှုစွမ်းရည်ဟာ အရင် Dragon အာကာသယာဉ်ထက် ပိုပါတယ်။ Dragon 2 ဟာ ISS သို့မဟုတ် တခြား အာကာသစခန်းမှာ ဆိုက်ကပ်ဖို့ အဲဒီကနေ ထွက်လာတဲ့ လက်တံကြီးမှာ ဆိုက်ကပ်ဖို့မလိုဘဲ စခန်းမှာ တိုက်ရိုက် ဆိုက်ကပ်ရပ်နားလို့ ရတယ်။ သူ့မှာ Space X က တီထွင်ထားတဲ့ SuperDraco အင်ဂျင်စက်လေးတစ်လုံး တပ်ဆင်ထားတယ်။ အဲဒီအင်ဂျင်နဲ့ Dragon 2 ဟာ အာကာသထဲက သွားချင်တဲ့နေရာကို သွားလို့ရတယ်။ ပစ္စည်းကိရိယာတွေအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို တောင်ပံနှစ်ဖက်လို ဖြန့်ထုတ်ထားတဲ့ ဆိုလာအပြားကြီးတွေက နေရောင်ခြည်စွမ်းအင်ကနေ ပြောင်းလဲထုတ်ပေးတယ်။ အဲ့ဒီသစ္စရာအကောင်းဆုံးက Dragon 2 ဟာ အာကာသထဲမှာ သူ့တာဝန်တွေကို လုပ်ဆောင်ပြီးရင် လေယာဉ်ပြေးလမ်းပေါ်မှာ လေယာဉ်ပျံလို ဘေးကင်းစွာ ဆင်းသက်လာနိုင်တယ်။ အရင်လို ပင်လယ်ပြင်ထဲ ဆင်းစရာမလိုဘူး။ အာကာသယာဉ်ကို အကောင်းအတိုင်းပြန်ရလို့ အရင်က အာကာသယာဉ်တွေလို စွန့်ပစ်စရာမလိုဘဲ နောက်ထပ်ပြန်သုံးလို့ရတယ်။ *"ကျွန်တော်တို့ရဲ့ ဒုံးပျံရော အာကာသယာဉ်ပါ မြေပြင်ပေါ်က လိုချင်တဲ့နေရာမှာ အထိအခိုက် အပျက်အစီးမရှိ ဆင်းလာနိုင်တယ်။ လောင်စာရည် ပြန်ဖြည့်ပြီး အကြိမ်ကြိမ် ပြန်သုံးလို့ရတယ်။ အဲဒါ ကျွန်တော်တို့ Space X ရဲ့ အားသာချက်ပါ။ ဒုံးပျံနဲ့ အာကာသယာဉ်တွေကို တစ်ခါသုံးပြီးတိုင်း စွန့်ပစ်ရမယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ အာကာသကို ဘယ်တော့မှ စိုးမိုးနိုင်မှာ မဟုတ်ဘူး"* လို့ အီလွန်မတ်က ပြောတယ်။

Space X ဟာ Dragon 2 ကို ပြုလုပ်နေတဲ့ တစ်ချိန်တည်းမှာပဲ Fal-

con Heavy ဆိုတဲ့ ကမ္ဘာမှာ စွမ်းအားအကြီးဆုံး ဒုံးပျံကြီးတစ်စင်းကိုလည်း တည်ဆောက်နေတယ်။ Falcon Heavy ဟာ Falcon 9 ဒုံးပျံ သုံးစင်းကို ပေါင်းစပ်ထားသလိုဖြစ်ပြီး ဒုံးပျံကြီးရဲ့အောက်ခြေမှာ Merlin အင်ဂျင် ၂၇ လုံး တပ်ဆင်ထားသလို အာကာသထဲကို စုစုပေါင်းအလေးချိန် ၅၃ တန်ရှိတဲ့ပစ္စည်းကို သယ်ဆောင်သွားလို့ရပါတယ်။ Space X ဟာ Falcon 1 ကနေ Falcon Heavy အထိ ဒုံးပျံတွေရဲ့ ပထမအဆင့် အောက်ခြေတွေမှာ Merlin အင်ဂျင်တစ်မျိုး တည်းကို အသုံးပြုခဲ့ကြတာကြောင့် အင်ဂျင်အသစ်တွေ တီထွင်စရာမလိုဘူး။ ဒါကြောင့်လည်း အချိန်နဲ့ ငွေကုန်သက်သာတယ်။ *"ကျွန်တော်တို့ဟာ combustion chamber (မီးလောင်ပေါက်ကွဲခန်း)၊ turbo pump ၊ ဓာတ်ငွေ့ထုတ်စက်၊ injector ၊ main valves* စတဲ့ ဒုံးပျံနဲ့ပတ်သက်တဲ့ ပစ္စည်းအားလုံးကို စက်ရုံမှာပဲ လုပ်ကြတယ်။ ဒါကြောင့် ဘယ်နိုင်ငံ၊ ဘယ်ကုမ္ပဏီကိုမှ အားကိုးစရာ မလိုဘူး" လို့ အီလွန်မတ်က ပြောတယ်။

"တချို့ကုမ္ပဏီတွေဟာ သူတို့ဒုံးပျံတွေကို စမ်းသပ်ဖို့ အစိုးရရဲ့ စမ်းသပ်နေရာမှာ သွားလုပ်ရပေမယ့် ကျွန်တော်တို့မှာ ကိုယ်ပိုင်စမ်းသပ်တဲ့နေရာတွေ ရှိကြတယ်။ ကိုယ်ပိုင်စမ်းသပ်တဲ့နေရာမှာ စမ်းသပ်ရလို့ ငွေနဲ့လုပ်အား သက်သာတယ်။ ဒုံးပြင် ကြိုက်တဲ့အချိန်မှာ စမ်းသပ်နိုင်တယ်။ လွန်ခဲ့တဲ့ ၄ နှစ်လောက်က ကျွန်တော်တို့ဟာ တစ်နှစ်မှာ ဒုံးပျံ နှစ်စင်းပဲ ပစ်လွှတ်နိုင်ခဲ့ပေမယ့် အခုတော့ တစ်နှစ်မှာ ဒုံးပျံအစင်း ၂၀ အထိ ပစ်လွှတ်နေနိုင်ပါပြီ" လို့ Space X က ဒုံးပျံ ဒီဇိုင်းလုပ်သူ သောမတ်စ်မူလာက ပြောပြတယ်။ Falcon Heavy ဒုံးပျံဟာ အကြီးဆုံး ပြိုင်ဘက်ကုမ္ပဏီ ULA ကထုတ်တဲ့ Delta IV Heavy ထက် ကုန်ပစ္စည်း အလေးချိန် ၂ ဆ သယ်ဆောင်နိုင်ပြီး ကုန်ကျစရိတ်ဟာ အဲဒါရဲ့ ၃ ပုံ ၁ ပုံပဲ ရှိမယ်လို့ Space X က ဂုဏ်ယူဝင့်ကြွားစွာ ကြေညာလိုက်တယ်။ နောက်ပြီး Space X ဟာ ကားနဲ့သယ်ဆောင်နိုင်တဲ့ ဒုံးပျံပစ်စင်တစ်မျိုးကို Texas ပြည်နယ် Brownsville မြို့မှာ တီထွင်နေတယ်။ ကားနဲ့သယ်ယူလာတဲ့

ပစ်စင်မှာ ဒုံးပျံကို ထောင်၊ လောင်စာရည်ဖြည့်ပြီး ချက်ချင်းလွှတ်တင်နိုင်မှာ ဖြစ်ပါတယ်။ တစ်နာရီအတွင်း ဒုံးပျံစင်းရေ အများအပြား လွှတ်တင်နိုင်ဖို့ စီစဉ်ထားပါတယ်။

အီလွန်မတ်ဟာ ဝန်ထမ်းတွေကို မဖြစ်နိုင်တာတွေ တစ်ခုပြီးတစ်ခု လုပ်ခိုင်းတယ်။ ဝန်ထမ်းတွေဟာ အဲဒီ မဖြစ်နိုင်ဘူးဆိုတာတွေကို ဖြစ်အောင်လုပ်နိုင်ကြလို့ စိတ်ဓာတ်တက်လာကြတယ်။ အီလွန်မတ်ဟာ သူလိုချင်တာ ရပြီးရင် ကျေနပ်ရောင့်ရဲသွားတယ်ဆိုတာ မရှိသလောက်ပဲ။ ဒါကြောင့်လည်း သူ့ဝန်ထမ်းတွေဟာ သူကျေနပ်အောင် တစ်ခုလုပ်ပြီးသွားရင် နောက်ထပ်တစ်ခုလုပ်ဖို့ သူ ချက်ချင်းတောင်းဆိုတယ်။ ဥပမာတစ်ခု ပြောရရင် ဒီလိုပါ။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလမှာ Falcon 9 ဟာ Dragon 2 အာကာသယာဉ်ကို အာကာသထဲ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သလို Dragon 2 အာကာသယာဉ်ဟာလည်း ပင်လယ်ပြင်ပေါ် မျောပါနေတဲ့ယာဉ်ပေါ် အထိအခိုက်မရှိ ပြန်ဆင်းလာခဲ့တယ်။ ဒါဟာ Space X အတွက် ကြီးမားလှတဲ့ အောင်မြင်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။ Falcon 9 လွှတ်တင်တာကို ဒီဇင်ဘာလ ၈ ရက်မှာ အောင်မြင်ရင် ဒီဇင်ဘာလ ၁၆ ရက်မှာ ဟိုတယ်ကြီးတစ်ခုရဲ့ ခန်းမကြီးမှာ ခရစ္စမတ်အကြို ပါတီပွဲကြီးကို ကြီးကြီးကျယ်ကျယ်လုပ်ဖို့ စီစဉ်ထားတယ်။ Falcon 9 လွှတ်တင်တာ အောင်မြင်လို့ ဒီဇင်ဘာလ ၁၆ ရက်ညနေပိုင်းမှာ ပါတီပွဲကြီး လုပ်တော့မယ်။ ပါတီပွဲမစခင် ၁ နာရီခွဲအလိုမှာ အီလွန်မတ်က သောမတ်စ်မူလာအပါအဝင် အရာရှိကြီး ၆ ယောက်ကို Space X ရုံးချုပ်ကို ချက်ချင်းလာဖို့ ဆင့်ခေါ်လိုက်တယ်။ ပါတီပွဲတက်ဖို့ ဆန်းဆန်းပြားပြား အဝတ်အစားတွေ ဝတ်ထားကြတဲ့ အဲဒီအရာရှိကြီးတွေနဲ့ သူတို့မိန်းမတွေဟာ Space X ရုံးချုပ်ကို ကမန်းကတန်း သွားကြရတယ်။ ရုံးချုပ်ရောက်တော့ အီလွန်မတ်က နောက်လုပ်မယ့်ဒုံးပျံရဲ့အကာလုပ်မယ့် သတ္တုမျိုးတစ်မျိုးအကြောင်း ရှင်းပြတယ်။ အရာရှိကြီးတွေဟာ အီလွန်မတ် ပြောတာကို ၁ နာရီကြာအောင် စိတ်ရှည်ရှည်နဲ့ နားထောင်နေကြရသလို အီလွန်မတ်ပြောတာတွေကို နားမလည်ကြတဲ့ သူတို့ရဲ့မိန်းမတွေလည်း ထိုင်စောင့်နေကြရတယ်။ အဲဒီလိုမျိုး အရေးပေါ်

အစည်းအဝေးခေါ်တာကို အီလွန်မတ်ဟာ စိတ်ကူးရရင် ရသလို လုပ်တတ်တယ်။

တစ်ခါမှာ အီလွန်မတ်က ဝန်ထမ်းအယောက် ၃၀ ကို NASA က ခေါ်တဲ့ တင်ဒါကို ရအောင်လုပ်ပေးလို့ဆိုပြီး ဆုကြေးနဲ့ ရှယ်ယာတွေပေးတယ်။ သူတို့ထဲက အများစုဟာ ရှယ်ယာအစား ငွေကို လိုချင်တယ်လို့ အီလွန်မတ်ကို ပြောကြတယ်။ *"သူ (အီလွန်မတ်) က ကျွန်တော်တို့ကို ရှယ်ယာတွေ မယူလို့ဆိုပြီး အပြစ်တင်တယ်"* လို့ ဆုကြေးနဲ့ ရှယ်ယာရတဲ့အထဲမှာပါတဲ့ အင်ဂျင်နီယာ 'ဒရူးအဲလ်ဒင်း' က ပြောတယ်။ *"သူက 'ရေရှည်မှာ ရှယ်ယာတစ်စုဟာ ဒေါ်လာထောင်ပေါင်းများစွာ ဖြစ်လာလိမ့်မယ်' လို့ ပြောပါတယ်။ သူ ကျွန်တော်တို့ကို မဆူပါဘူး။ ဒါပေမဲ့ အတော်စိတ်ညစ်သွားပုံ ပေါ်တယ်"* လို့ သူ ဆက်ပြောတယ်။

Space X ရဲ့ ဝန်ထမ်းတွေအချင်းချင်း မေးနေကြတဲ့ မေးခွန်းတစ်ခုက Space X ဟာ ဘယ်တော့ လူထုကို ရှယ်ယာရောင်းပြီး အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ် ပြောင်းလဲမလဲတဲ့။ ဒါမှ သူတို့ခံစားခွင့်ရထားတဲ့ ရှယ်ယာတွေကို ထုတ်ရောင်းရင် ပိုက်ဆံအများကြီးရမှာမို့ပါ။ ဒါပေမဲ့ အီလွန်မတ်ဟာ Space X ကို အများပိုင်ကုမ္ပဏီအဖြစ် မပြောင်းလဲချင်သေးဘူး။ ရှယ်ယာတွေ ထုတ်ရောင်းလိုက်ရင် ပိုက်ဆံအများကြီးရမှာကို မလိုချင်လို့ မဟုတ်ပါဘူး။ ရှယ်ယာဝယ်မယ့်သူတွေ၊ ရင်းနှီးမြှုပ်နှံမယ့်သူတွေဟာ Space X ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အင်္ဂါဂြိုဟ်မှာ အခြေချပြီး ကိုလိုနီနိုင်ငံလုပ်ဖို့ဆိုတဲ့ ရည်မှန်းချက်ကို နားလည်ကြမှာ မဟုတ်လို့ပါ။ ဒါကြောင့် သူက Space X ဝန်ထမ်းတွေကို ပြောပြ တယ်။ Space X ကို လောလောဆယ်မှာ အများပိုင်ကုမ္ပဏီ မလုပ်သေးဘူး။ အင်္ဂါဂြိုဟ်ပေါ်မှာ အခြေချနိုင်မှ လုပ်မယ်တဲ့။ ဝန်ထမ်းတွေက သူ နောက်ပြောင်ပြောတယ်လို့ ထင်ကြတယ်။ တကယ်တော့ အီလွန်မတ်က နောက်ပြောင်ပြောတာ မဟုတ်ပါဘူး။ အမှန်အတိုင်း ပြောလိုက်တာပါ။

❑

အခန်း (၉)

Tesla မှကျရှုံးဖို့ ကြိုးပမ်းရခြင်း

လူစီးကားနဲ့ ပစ္စည်းတင်တဲ့ အပေါ့စားထရပ်ကားတွေကို ကြော်ငြာပေးနေတဲ့ တီဗီကြော်ငြာတွေများလာလို့ လူတွေဟာ အဲဒီကြော်ငြာတွေကို ကြည့်ရတာ ရိုးအီလာကြတယ်။ ကြော်ငြာတွေကို လူတွေသိပ်မကြည့်ကြတော့ဘူး။ ဟုတ်ပါတယ်။ ကားကြော်ငြာတွေကလည်း စိတ်ဝင်စားဖို့ မကောင်းတော့ဘူး။ ကားထုတ်သူတွေဟာ သူတို့ကားကို ဆန်းသစ်မှု နည်းနည်းပါးပါးလေးလုပ်ပြီး ကားသစ်လို့ ကြော်ငြာကြတယ်။ ဥပမာ ဒါမျိုးတွေပါ။ ကားဘော်ဒီ နည်းနည်း ပိုကျယ်လာတယ်။ ဓာတ်ဆီတစ်ဂါလံကို မိုင်အနည်းငယ် ပိုမောင်းနိုင်လာတယ်။ ဒါမှမဟုတ် ကားမောင်းသူရဲ့ ထိုင်ခုံဘေးမှာ ကော်ဖီခွက်ထည့်စရာ စင်လေးတစ်ခု လုပ်ပေးထားတယ်။ နောက်တော့ ကားထုတ်လုပ်သူတွေဟာ လူတွေစိတ်ဝင်စားစေမယ့် ပစ္စည်းအသစ်အဆန်းတွေ မလုပ်နိုင်ကြတော့ မလုံမခြုံ ရေကူးဝတ်စုံဝတ်ထားတဲ့ မိန်းမပျိုလေးတွေ၊ သို့မဟုတ် ဗြိတိသျှလေသံနဲ့ စကားပြောတတ်သူတွေ၊ သို့မဟုတ် ကနေတဲ့ ကာတွန်းကြွက်ရုပ်လေးတွေနဲ့ ကားကို ကြော်ငြာကြပြန်တယ်။ နောက်တစ်ခါ တီဗီမှာ ကားကြော်ငြာတစ်ခုပြရင် စောစောကပြောတာတွေ ဟုတ်၊ မဟုတ် ဆိုတာကို

စဉ်းစားကြည့်ကြပါ။ ဆိုလိုတာက မော်တော်ကားထုတ်လုပ်တဲ့ လုပ်ငန်းဟာ တီထွင်မှု မရှိဘဲ တန့်နေတယ်လို့ ပြောရမှာပါ။

ဒါပေမဲ့ ၂၀၁၂ ခုနှစ် နှစ်လယ်လောက်မှာ Tesla ကုမ္ပဏီဟာ (သူတို့ရဲ့ လက်ရှိ ထုတ်ထားတဲ့ကားတွေအပေါ် ကျေနပ်နေကြတဲ့) မော်တော်ကားထုတ်လုပ်သူတွေကို အံ့အားသင့်သွားစေမယ့် တီထွင်မှုတစ်ခု လုပ်ပြလိုက်တယ်။ အဲဒါက ပထမဆုံးထုတ်တဲ့ လျှပ်စစ်ကား Roadster ပြီးနောက် ဒုတိယမြောက်ကားဖြစ်တဲ့ Model S ဇီမ်ခံလျှပ်စစ်ကားပါ။ Model S ကားဟာ ဘက်ထရီကို တစ်ကြိမ် အားအပြည့်သွင်းပြီးရင် မိုင် ၃၀၀ ကျော် မောင်းလို့ရတယ်။ ကားကို ရပ်ထားရာက စက်နှိုးပြီး ၄.၂ စက္ကန့်အတွင်း တစ်နာရီ မိုင် ၆၀ နှုန်းနဲ့ မောင်းလို့ရတယ်။ ကားထဲမှာ ကားမောင်းသူအပါ လူ ၅ ယောက်စီးနိုင်သလို ကားနောက်ဘက်မှာ နောက်ပြန်လှည့်ထားတဲ့ ကလေးထိုင်ခုံနှစ်ခုကိုပါ ထည့်တွက်ရင် စုစုပေါင်း ထိုင်ခုံ ၇ ခု ပါကြတယ်။ ကားမှာ ပစ္စည်းထားဖို့ နေရာကျယ် နှစ်ခုရှိတယ်။ ဓာတ်ဆီ၊ ဒီဇယ်သုံးတဲ့ ကားတွေလို ကားနောက်က ပစ္စည်းထားခန်းမှာ ပစ္စည်းထားလို့ရသလို ကားရှေ့ဘောနက်အောက်မှာ အင်ဂျင်မပါလို့ ပစ္စည်းထားဖို့ နေရာရှိနေပါတယ်။ Model S ဟာ လျှပ်စစ်ကားတွေရဲ့ ထုံးစံအတိုင်း ကားဘော်ဒီအောက်မှာ ဘက်ထရီတွဲကြီး တစ်ခုကို အပြည့်တပ်ဆင်ထားပြီး နောက်ဘီးနှစ်ခုကြားမှာ ဖရဲသီးအရွယ် လျှပ်စစ်မော်တာတစ်လုံး တပ်ဆင်ထားတယ်။ ကားမှာ အင်ဂျင်မပါတဲ့အတွက် ကားမောင်းရင် အင်ဂျင်စက်သံ မကြားရဘူး။ Model S ကားဟာ လက်ရှိ ဇီမ်ခံကားတွေ အားလုံးထက် အချိန်တိုအတွင်း အမြန်နှုန်းမြင့်မြင့် မောင်းနှင်နိုင်ခြင်း၊ ဘက်ထရီကို တစ်ခါ အားသွင်းထားရုံနဲ့ မိုင်အများကြီး မောင်နှင်လို့ရခြင်း၊ ကားမှာ အင်ဂျင်မပါလို့ စက်သံ မဆူညံခြင်း၊ စက်ပျက်တာနည်းခြင်းနဲ့ ပစ္စည်းထားဖို့ နေရာအကျယ်အဝန်း များခြင်း စတဲ့ အားသာချက်တွေ အများကြီး ရှိနေပါတယ်။

အဲဒီအားသာချက်တွေအပြင် ကားမှာ သဘောကျစရာတွေ အများကြီး ရှိပါသေးတယ်။ ကားတံခါးလက်ကိုင်ဟာ ကားတံခါးမှာ တစ်သားတည်းဖြစ်အောင် မြှုပ်ထားတယ်။ တံခါးလက်ကိုင်ဟာ ကားတံခါးနဲ့ အရောင်တူလို့ ရှိမှန်း

မသိရဘူး။ ကားထဲဝင်ဖို့ ကားတံခါးကို လက်နဲ့တို့ထိလိုက်မှ တံခါးလက်ကိုင်ဟာ အပြင်ထွက်လာတယ်။ ကားမောင်းသူက အဲဒီလက်ကိုင်ကို ဆွဲပြီး ကားတံခါးကို ဖွင့်လိုက်ရုံပဲ။ ကားထဲဝင်လိုက်တာနဲ့ ကားမောင်းသူရှေ့မှာ ၁၇ လက်မအကျယ် touch screen ကြီးတစ်ခုကို တွေ့ရတယ်။ အဲဒီ screen ကြီးကို လက်နဲ့ ထောက်ပြီး မိမိလုပ်ချင်တာတွေ ကားကိုခိုင်းလို့ရတယ်။ ဥပမာ ဖွင့်ထားတဲ့ သီချင်းသံကို ချဲ့ချင်သလား။ တိုးချင်သလား၊ သို့မဟုတ် ကားအမိုးပေါ်က နေကာမှန်ကို ဖွင့်ချင်သလား၊ ပိတ်ချင်သလား။ လေအေးပေးစက်က အအေးကို လျှော့ချင်သလား၊ တိုးချင်သလား၊ စတာတွေပါ။ ခလုတ်တစ်ချက် နှိပ်ပေးစရာမလိုဘူး။ အင်ဂျင်သုံး ကားတွေမှာ ကြီးမားတဲ့ dashboard (ယာဉ်မောင်းရှေ့မှာရှိတဲ့ ဒိုင်ခွက်တွေ အများကြီးပါတဲ့ ဘောင်ကြီး) ပါကြတယ်။ အဲဒါဟာ ဒိုင်ခွက်တွေနဲ့ ခလုတ်တွေ အများကြီး တပ်ဆင်ဖို့ဖြစ်သလို ကားအင်ဂျင်ရဲ့ဆူညံသံကို မကြားရအောင် ဖုံးကာပေးထားတာလည်း ဖြစ်တယ်။ Model S ကားမှာ ကားအင်ဂျင်မရှိလို့ ကားဘောနက်အောက်မှာ ပစ္စည်းထားစရာ နေရာအကျယ်ကြီးရှိနေတယ်။ နောက်ပြီး ကားမှာ အင်တာနက်ချိတ်ဆက်ထားလို့ ကားမောင်းရင်းနဲ့ အင်တာနက်ကလွှင့်တဲ့ သီချင်း၊ သတင်းတွေကို နားထောင်နိုင်သလို ရေဒီယိုကလွှင့်တဲ့ ယာဉ်ကြောပိတ်ဆို့မှု သတင်းတွေကိုလည်း နားထောင်နိုင်တယ်။ Google map နဲ့ GPS သုံးလို့ရတယ်။ ကားမောင်းတော့မယ်ဆိုရင် ကားမောင်းဖို့ သော့လှည့်ဖွင့်တာ၊ စက်နှိုးခလုတ် နှိပ်တာ လုပ်ဖို့မလိုဘူး။ သော့ချိတ်လိုတွဲထားတဲ့ remote control (အဝေးထိန်းကိရိယာ) သုံးပြီး သို့မဟုတ် touch screen ကြီးမှာ လက်ဖွေနှိပ်ပြီး ကားစက်နှိုးလို့ရတယ်။ ကားရဲ့ဘော်ဒီကို ပေါ့ပါးတဲ့ ဒန်သတ္တုနဲ့ လုပ်ထားလို့ သံဘော်ဒီတပ်ထားတဲ့ အင်ဂျင်သုံးကားတွေထက် အများကြီးပေါ့တယ်။ ကားရဲ့ဘက်ထရီကို အားသွင်းချင်ရင် Tesla ကုမ္ပဏီက ဆောက်လုပ်ပေးထားတဲ့ ဘက်ထရီအားသွင်းရုံ charging station တွေဟာ အမေရိကန်နိုင်ငံရဲ့ အဝေးပြေးလမ်းမကြီးတစ်လျှောက်မှာ ရှိနေကြတယ်။ နောက်ပိုင်းကျရင် တခြားနိုင်ငံတွေမှာလည်း အဲဒီ station တွေ ဆောက်လုပ်ပေးမှာ ဖြစ်တယ်။

Model S ကားဟာ ကားရဲ့ စက်ဆူညံသံ မကြိုက်သူတွေအတွက် သဘောကျနှစ်သက်စရာဖြစ်လာတယ်။ ကားပြင်သူတွေအတွက်လည်း နှစ်သက်စရာ ဖြစ်လာတယ်။ အကြောင်းက ဒီလိုပါ။ လောင်စာဆီသုံးတဲ့ ကား၊ ဓာတ်ငွေ့သုံးတဲ့ ကားနဲ့ hybrid (လောင်စာဆီနဲ့ လျှပ်စစ် နှစ်မျိုးသုံး) ကား စတဲ့ အင်ဂျင်ပါတဲ့ ကားတွေမှာ လှုပ်ရှားနေတဲ့ စက်ပစ္စည်း moving parts တွေဟာ ရာဂဏန်းကနေ ထောင်ချီ ရှိကြတယ်။ အင်ဂျင်အလုပ်လုပ်ဖို့အတွက် ပစ္စတင်၊ ကရိုင်းရှပ်၊ ဒိုင်နမို၊ ပန်ကာ၊ distributor (အင်ဂျင်ရဲ့ ပလပ်တွေကို လျှပ်စစ်လွှတ်ပေးတဲ့ ကိရိယာ)၊ ဘား၊ ဆလင်ဒါ၊ ကွိုင်ထုပ် စတဲ့ ပစ္စည်းတွေ လိုပါတယ်။ နောက်ပြီး အင်ဂျင်ကထုတ်လိုက်တဲ့ စွမ်းအားဟာ ခြေနင်းကလပ်တွေ၊ ဂီယာတွေနဲ့ ကရိုင်းရှပ်တွေကတစ်ဆင့် ကားဘီးတွေကို လည်ပတ်စေတယ်။ ဒါကြောင့် အင်ဂျင်ကထုတ်ပေးတဲ့ စွမ်းအားရဲ့ ၁၀-၂၀ ရာခိုင်နှုန်းပဲ ကားဘီးတွေဆီရောက်ပြီး ကျန်တဲ့ စွမ်းအား ၈၀ ရာခိုင်နှုန်းနီးပါးဟာ အပူကြောင့် ဆုံးရှုံးသွားတယ်။ Model S ကားမှာတော့ လှုပ်ရှားတဲ့ စက်ပစ္စည်းဟာ တစ်ဒေါင်လောက်ပဲရှိပြီး ဘက်ထရီတွေကထုတ်ပေးတဲ့ လျှပ်စစ်က ဖရဲသီးအရွယ် မော်တာကို လည်စေတယ်။ မော်တာက ကားဘီးတွေကို လည်စေတယ်။ ဒါကြောင့် ကားရဲ့စွမ်းအားဟာ အပူကြောင့် စုစုပေါင်း ၆၀ ရာခိုင်နှုန်းလောက် ဆုံးရှုံးပေမယ့် ၄၀ ရာခိုင်နှုန်းကို အသုံးချနိုင်တာကြောင့် အင်ဂျင်ကားတွေထက် စွမ်းအင်ကို အသုံးချရာမှာ ထိရောက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

Model S ကားကို ဝယ်ယူရတာ တခြားကုမ္ပဏီထုတ် ကားတွေကို ဝယ်ယူရတာနဲ့ မတူဘူး။ ကားရောင်းသူတွေရဲ့ ကုမ္ပဏီ သို့မဟုတ် ကားအရောင်းပြခန်းကို သွားပြီး အရောင်းသမားတွေနဲ့ စကားပြောစရာ မလိုဘူး။ Tesla ကုမ္ပဏီက Model S ကားတွေကို သူတို့ရဲ့ကားအရောင်းပြခန်းတွေနဲ့ ဝက်ဆိုဒ်ကနေ ရောင်းချပေးတယ်။ အရောင်းပြခန်းတွေကို ကုန်တိုက်အကြီးစားတွေနဲ့ လူချမ်းသာတွေနေကြတဲ့ ရပ်ကွက်တွေမှာ ဖွင့်လှစ်ထားတယ်။ ကားဝယ်ချင်သူဟာ အရောင်းပြခန်းထဲကိုဝင်လာတာနဲ့ ကားဘော်ဒီကို ဖြုတ်ပြီး ဘေးချထားတဲ့ Model S ကားကို တွေ့ရမယ်။ ကားရဲ့ အောက်ခြေတစ်ခုလုံးမှာ အပြည့်ခင်းထားတဲ့ ဘက်ထရီ

တွေနဲ့ မော်တာနဲ့ ဂီယာအုံ့တွဲထားတဲ့ drive unit ကို ရှင်းရှင်းလင်းလင်း မြင်ရမယ်။ အရောင်းပြခန်းထဲမှာ တပ်ဆင်ထားတဲ့ touch screen တွေကို နှိပ်ပြီး ဒီကားကိုသုံးရင် ဓာတ်ဆီ/ဒီဇယ်ဆီ/ဓာတ်ငွေ့ဖို့ ဘယ်လောက် သက်သာသွားမယ်ဆိုတာကို တွက်ချက်ကြည့်လို့ရတယ်။ နောက်ပြီး ကားမှာတပ်ဆင်ချင်တဲ့ အပိုပစ္စည်းတွေကို တပ်ဆင်ကြည့်တာကို touch screen မှာ လုပ်လို့ရတယ်။ တကယ်လို့ ကားထဲမှာ ဝင်ထိုင်ကြည့်ချင်ရင် စမ်းကြည့်ဖို့ထားပေးတဲ့ Model S ထဲမှာ ဝင်ထိုင်ကြည့်လို့ရတယ်။ အရောင်းပြခန်းက အရောင်းသမားတွေဟာ ကော်မရှင်ခယူပြီး လုပ်ကြသူတွေမဟုတ်ကြလို့ ကားကို ဇွတ်အတင်းရောင်းတာမျိုး မလုပ်ကြဘူး။ ကားကို စိတ်ကြိုက်ကြည့်ပြီးလို့ မဝယ်ဘဲ ထွက်သွားလည်း အရောင်းသမားတွေက စိတ်မဆိုးကြဘူး။ ကားကို အရောင်းပြခန်းမှာ ဝယ်တာဖြစ်ဖြစ်၊ ဝက်ဆိုဒ်ကနေ ဝယ်တာဖြစ်ဖြစ် အိမ်တိုင်ယာရောက် ပို့ပေးတယ်။ ကားကို အိမ် သို့မဟုတ် ရုံးခန်း သို့မဟုတ် ကြိုက်တဲ့နေရာကို ပို့ခိုင်းလို့ရတယ်။ တကယ်လို့ မှာထားတဲ့ကားကို Silicon Valley မှာရှိတဲ့ ကားထုတ်တဲ့စက်ရုံမှာ ကိုယ်တိုင်လာယူမယ်ဆိုရင်လည်း သူခေါ်လာတဲ့ မိသားစုနဲ့ သူငယ်ချင်းတွေအတွက် လမ်းစရိတ်နဲ့ စားသောက်စရိတ်ကို ကုမ္ပဏီက ကျခံပေးတယ်။ ကားဝယ်ပြီးသွားရင်လည်း လအတော်ကြာကြာအထိ ကားကို ဆီလဲပေးတာ၊ စက်ကိုညှိပေးတာတွေ လုပ်စရာမလိုဘူး။ တကယ်လို့ ကားမှာ တစ်စုံတစ်ခု ပြဿနာဖြစ်ရင် Tesla ကုမ္ပဏီက ကားကိုပြင်ဖို့ အိမ်မှာ လာယူပေးတယ်။ ကားပြင်နေချိန်မှာစီးဖို့ ကားတစ်စီး ခဏပေးထားတယ်။

Model S ကို စရောင်းချိန်မှာ ဝယ်သွားကြသူတွေမှာ ချို့ယွင်းမှုလေးတွေနဲ့ ကြုံတွေ့ရတယ်။ ကားတံခါးလက်ကိုင်ဟာ အပြင်ဘက်ကို သေသေချာချာ ထွက်မလာတာ သို့မဟုတ် လောကာမှန် ရေယက်ဟာ ရေသုတ်တာ အရမ်းမြန်နေတာ စတာမျိုးပါ။ ဒါမျိုးတွေဟာ ပြဿနာကြီးတွေမဟုတ်ပေမယ့် စျေးကြီးပေးဝယ်ထားတဲ့ကားမှာ ကြုံတွေ့ရတာမို့ လက်ခံနိုင်ဖွယ်မရှိဘူး။ အဲဒါကို ကားပိုင်ရှင်က Tesla ကုမ္ပဏီကို အကြောင်းကြားတဲ့အခါ Tesla က ကားကို သူတို့ရဲ့ ကားပြင်အလုပ်ရုံကို ယူမလာခိုင်းပါဘူး။ ဒါဆိုရင် သူတို့ ဘာလုပ်သလဲ။ ညပိုင်း ကားပိုင်ရှင်

အိပ်ပျော်နေချိန်မှာ Tesla အင်ဂျင်နီယာတွေဟာ အင်တာနက်ကနေတစ်ဆင့် ကားရဲ့ကွန်ပျူတာထဲဝင်ပြီး ဆော့ဖ်ဝဲကို ပြင်ရေးလိုက်ကြတယ်။ မနက်မှာ ကားပိုင်ရှင် ကားမောင်းတော့ ချိုယွင်းချက်တွေ မရှိတော့တာတွေ့ရလို့ ပျော်သွားတယ်။ Tesla က လိုအပ်ရင် ကားရဲ့ ဆော့ဖ်ဝဲတွေကို ညပိုင်းမှာ အင်တာနက်ကနေ update လုပ်တာ၊ ပြင်တာ လုပ်ပေးတယ်။ စက်နဲ့ပတ်သက်တဲ့ ချိုယွင်းချက် ရှိ၊ မရှိလည်း စစ်ဆေးပြီး ရှိရင် တစ်ခါတည်း ပြင်ပေးတယ်။ အဲဒါကို ကားမောင်းသူ မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ကားဟာ အပြစ်အနာအဆာ ကင်းတယ်ဆိုပြီး ကျေနပ်နေတယ်။ Tesla ဟာ ကားကို ကစားစရာတစ်ခုအဖြစ် ပြောင်းပေးလိုက်တယ်။ DNA ကို ပထမဆုံး အဓိပ္ပာယ်ဖော်ပေးခဲ့တဲ့ သိပ္ပံပညာရှင်ဖြစ်ပြီး ပထမဆုံး ရောင်းပေးတဲ့ Model S ကားကို ဝယ်ယူခဲ့သူ 'ကရေ့ဂ်ျဝင်တာ' က "*Model S ဟာ ကားလောကကို ပြောင်းလဲပေးလိုက်တယ်။ ဘီးတပ်ထားတဲ့ ကွန်ပျူတာကြီးနဲ့ တူတယ်*" လို့ ပြောတယ်။

Model S ကား၊ စတင်ရောင်းပြီး ပထမနှစ်လအတွင်းမှာတော့ San Francisco မြို့ရဲ့လမ်းတွေပေါ်မှာ တစ်ရက်ကို ကား တစ်စီးစ နှစ်စီးစပဲ မြင်တွေ့ရတယ်။ နောက်တော့ အဲဒီမြို့နဲ့အနီးက မြို့တွေမှာ တစ်ရက်ကို ၅ စီးကနေ ၁၀ စီးအထိ တွေ့လာရတယ်။ ၆ လ အကြာမှာ Silicon Valley က အကြီးဆုံးမြို့တွေ ဖြစ်ကြတဲ့ Palo Alto နဲ့ Mountain View မှာ Model S ကားတွေကို အများအပြား မြင်တွေ့လာရတယ်။ Model S ဟာ ချမ်းသာပြီး နည်းပညာ အသစ်အဆန်းကို စိတ်ဝင်စားကြတဲ့လူတွေရဲ့အဆင့်အတန်းပြယုဂ်တစ်ခု ဖြစ်လာခဲ့တယ်။ နောက်ပြီး သူတို့ လျှပ်စစ်ကားမောင်းခြင်းဟာ ငွေကြေးသက်သာအောင် လုပ်တာထက် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကို ကာကွယ်ချင်တာ ပြချင်လို့ လည်း ဖြစ်ပါတယ်။ Model S ကား ရှားသွပ်တဲ့ရောဂါဟာ Silicon Valley ကနေ လော့စ်အင်ဂျဲလိစ်မြို့ နောက်တော့ အနောက်ပိုင်းကမ်းခြေကနေ ဝါရှင်တန်မြို့ နယူးယောက်မြို့တွေအထိ ပျံ့နှံ့သွားပါတယ်။

ပထမတော့ လျှပ်စစ်ကား မဟုတ်တဲ့ အင်ဂျင်ကား ထုတ်လုပ်သူတွေက

Model S ကားဟာ လူကြိုက်များလို့ အရောင်းသွက်နေတယ်ဆိုတာ လုပ်ကြံပြောတဲ့ ထွင်လုံးလို့ ယူဆကြတယ်။ နောက်တော့ အဲဒီလို ယူဆနေကြရာက အံ့သြလာကြတယ်။ အံ့သြရာက ထိတ်လန့်လာကြတယ်။ ဘာကြောင့်လဲဆိုတော့ Model S ရဲ့ ကောင်းသတင်းဟာ ပိုပိုပြီး ပျံ့နှံ့လာလို့ပါ။ Model S ကို စတင်ရောင်းချပြီး လအနည်းငယ်အကြာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန်ကားတွေအကြောင်း ရေးသားဖော်ပြတဲ့ Motor Trend မဂ္ဂဇင်းက Model S ကို 'Car of the Year' တစ်နှစ်တာအတွက် အကောင်းဆုံး ကားအဖြစ် ရွေးချယ်ခဲ့တယ်။ Model S ဟာ နာမည်ကြီး ကားကုမ္ပဏီတွေဖြစ်ကြတဲ့ Porsche, BMW, Lexus နဲ့ Subaru တို့က ထုတ်လုပ်တဲ့ ကား ၁၁ စီးကို ကျော်ပြီး ရွေးချယ်ခံခဲ့ရတာပါ။ Model S ဟာ Motor Trend မဂ္ဂဇင်းက နှစ်စဉ် အကောင်းဆုံးကားတွေကို ရွေးချယ်ပေးခဲ့ရာမှာ ပထမဆုံးအကြိမ် အင်ဂျင်မပါတဲ့ လျှပ်စစ်ကားဖြစ်ပါတယ်။ ဒါ့ပြင် မဂ္ဂဇင်းရဲ့ ဆောင်းပါးထဲမှာ Model S ဟာ ပြိုင်ကားတစ်စီးနဲ့ တူတယ်။ Rolls-Royce ကားလို မောင်းရတာ ငြိမ့်တယ်။ Chevy Equinox ကားရဲ့အဆင့်အတန်း မီတယ်နဲ့ Toyota Prius ကားထက် ပိုပြီး စွမ်းရည်မြင့်တယ်လို့ ရေးပြထားတယ်။ လအတော်ကြာပြီးတော့ အမေရိကန် ထုတ်ကုန်ပစ္စည်းတွေရဲ့ အဆင့်အတန်းကို သတ်မှတ်ပေးတဲ့ စားသုံးသူများအဖွဲ့က ထုတ်ပြန်တဲ့ Consumer Report အစီရင်ခံစာမှာ Model S ကို အမှတ် ၁၀၀ အနက် ၉၉ မှတ် ပေးခဲ့တယ်။ ကားသမိုင်းမှာ အမှတ်အများဆုံး ပေးခံရတဲ့ ကားဖြစ်လာခဲ့သလို ထုတ်လုပ်ပြီးသမျှ ကားတွေအားလုံးမှာ အကောင်းဆုံး ဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ Model S ကား အရောင်းဟာ တိုးလာနေသလို Tesla ကုမ္ပဏီရဲ့ ရှယ်ယာဈေးတွေလည်း ဆက်တိုက် တက်နေတယ်။ ကားကုမ္ပဏီကြီး General Motors က Model S ကားကို လေ့လာဖို့နဲ့ အီလွန်မတ်ရဲ့ လုပ်နည်းလုပ်ဟန်ကို လေ့လာဖို့အတွက် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းလိုက်တယ်။

Tesla အောင်မြင်အောင် အီလွန်မတ် ဘာလုပ်ခဲ့သလဲ။ အီလွန်မတ်ဟာ

အင်ဂျင်သုံးကားတွေရဲ့ စွမ်းရည်ကို လိုက်မီတဲ့ လျှပ်စစ်ကားကို လုပ်နိုင်ခဲ့တယ်။ နောက်ပြီး လျှပ်စစ်ကား မကောင်းဘူးလို့ပြောတဲ့သူတွေကို မှားကြောင်း သက်သေပြခဲ့တယ်။ Model S ဟာ အကောင်းဆုံး လျှပ်စစ်ကား ဖြစ်ရုံသာမကဘဲ အကောင်းဆုံးကား။ လူတွေအလိုချင်ဆုံးကား ဖြစ်လာခဲ့တယ်။ အမေရိကန်နိုင်ငံမှာ ၁၉၂၅ ခုနှစ်က အောင်မြင်ခဲ့တဲ့ Chrysler ကားလို အောင်မြင်တဲ့ ကားကို မတွေ့ရတာ ကြာနေပြီ။ အခုမှ Model S ကားကို တွေ့ရတယ်။ Model S ကားကို စတင်ရောင်းပြီး တစ်နှစ်အကြာမှာ ၄ လပတ်အတွက်ရတဲ့ အမြတ်ငွေဟာ ဒေါ်လာ ၅၆၂ သန်း ဖြစ်နေပါပြီ။ အရောင်းစံချိန်တွေကို ဆက်တိုက် ချိုးနေတယ်။ အီလွန်မတ်ဟာ iPhone လို ဝက်ဝက်ကွဲအောင်မြင်တဲ့ မော်တော်ကားကို တီထွင်ခဲ့သလို Tesla ကုမ္ပဏီကိုလည်း Apple ကုမ္ပဏီလို အောင်မြင်အောင် လုပ်ပေးနိုင်ခဲ့တယ်။ အခုအခါ Detroit မြို့၊ ဂျပန်နိုင်ငံနဲ့ ဂျာမဏီနိုင်ငံက ကားထုတ်လုပ်သူတွေဟာ Model S ကားနဲ့ Tesla ကုမ္ပဏီတို့ရဲ့ အောင်မြင်မှုတွေကို ငေးမောရင်းဘာလုပ်ရမှန်းမသိ ဖြစ်နေကြတယ်။

Tesla ဟာ ခုလိုအဆင့်ကို လွယ်လွယ်ကူကူ ရောက်ခဲ့တာ မဟုတ်ပါဘူး။ အများကြီး ကြိုးစားခဲ့ရတယ်။ အဲဒါကိုသိဖို့ Tesla ကုမ္ပဏီရဲ့ အစောပိုင်း အခြေအနေတွေကို လေ့လာကြည့်ကြရအောင်ပါ။ ၂၀၀၉ ခုနှစ် စောစောပိုင်းမှာ Tesla က ပထမဆုံး လျှပ်စစ်ကားအဖြစ် Roadster ကားကို ရောင်းချတော့မယ်လို့ ကြေညာလိုက်တယ်။ လူတွေ စရန်ငွေပေးပြီး ကားမှာကြတယ်။ မကြာခင်မှာ အီလွန်မတ်က Roadster ကားကိုဝယ်ဖို့ စရန်ငွေပေးထားကြတဲ့ ဖောက်သည်တွေကို အီးမေးလ်တစ်စောင်ရေးပို့လိုက်တယ်။ အီးမေးလ်မှာ ခုလိုရေးထားတယ်။ ကားကို အစောပိုင်းက ဒေါ်လာ ၉၂၀၀၀ နဲ့ ရောင်းမယ်လို့ ကြေညာထားခဲ့ပေမယ့် ဒေါ်လာ ၁၀၉၀၀၀ နဲ့ စျေးမြှင့်တင်ရောင်းမယ်လို့ အကြောင်း ကြားပါတယ်တဲ့။ နောက်ပြီး အီးမေးလ်မှာ ထပ်ရေးထားပြန်တယ်။ ကားဝယ်ဖို့ စရန်ငွေပေးထားကြသူပေါင်း ၄၀၀ ကျော်အနေနဲ့ ကားဖိုးပေးချေရင် တိုးလာတဲ့ စျေးအတွက်ပါ ပေးချေရမှာဖြစ်တယ်။ ကုမ္ပဏီဟာ စျေးမတက်ချင်ပေမယ့် ရွှေးချယ်စရာလမ်း

မရှိလို့ ခုလိုလုပ်ရပါတယ်။ Roadster ကားရဲ့ ထုတ်လုပ်စရိတ်ဟာ အရင်ကတွက်ချက်ထားတာထက် ဈေးတက်လာခဲ့လို့ပါ။ Tesla ကုမ္ပဏီအနေနဲ့လည်း ကားရောင်းလို့ အမြတ်ရမှ နောက်ထပ် ကားသစ်ဖြစ်တဲ့ Model S လျှပ်စစ်ကားကို ၂၀၁၁ ခုနှစ်မှာ ထုတ်လုပ်နိုင်မှာဖြစ်ကြောင်းလည်း ရေးပြထားတယ်။ အီးမေးလ်ကို အီလွန်မတ်က ခုလိုရေးပြီး အဆုံးသတ်ထားတယ်။ *"Tesla ကုမ္ပဏီကို စတင်ထူထောင်ကတည်းက လျှပ်စစ်ကားတွေ အများကြီးထုတ်လုပ်ဖို့ဆိုတာ ကျွန်တော့်ရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်ပါတယ်။ အဲဒီ ရည်မှန်းချက်ပန်းတိုင်ကို ထိခိုက်စေမယ့်အရာကို Tesla ရဲ့ဖောက်သည်တွေ မလုပ်ချင်ကြဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်"* တဲ့။ ဖောက်သည်အချို့ဟာ မကျေနပ်ဘူးလို့ ပြောကြပေမယ့် ဖောက်သည်အများစုကတော့ အီလွန်မတ်ပြောတာကို လက်ခံကြတယ်။ စရန်ငွေကို ထပ်တိုးပေးကြတယ်။

Roadster ကားတွေ စရောင်းပြီး မကြာခင်မှာ Tesla ဟာ safety recall လုပ်ရတယ်။ Safety recall ဆိုတာ ကားကိုရောင်းပြီးမှ ကားမှာ စက်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေတယ်ဆိုတာကို ထုတ်လုပ်သူက သတိထားမိလို့ ကားဝယ်ထားသူတွေကို အကြောင်းကြားပြီး အဲဒီချို့ယွင်းချက်ကို ပြင်ပေးခြင်းပါ။ Roadster ရဲ့ချို့ယွင်းချက်က Lotus ကုမ္ပဏီဟာ ကားဘော်ဒီတပ်ဆင်ပေးစဉ်မှာ မူလီတစ်လုံးကို သေသေချာချာ မကျပ်ခဲ့ဘူးတဲ့။ ဂ်ကောင်းတာက အဲဒီအချိန်မှာ ရောင်းချပြီးတဲ့ Roadster ကားဟာ ၃၄၅ စီးပဲ ရှိသေးလို့ အဲဒီချို့ယွင်းချက်ကို အချိန်တိုတို အတွင်း နိုင်နိုင်နင်းနင်း ပြုပြင်ပေးလိုက်နိုင်ပါတယ်။ ဂ်မကောင်းတာက ထူထောင်ခါစ ကားကုမ္ပဏီတစ်ခုအတွက် safety recall လုပ်ရတယ်ဆိုရင် နာမည်ပျက်ပါတယ်။ နောက်နှစ်မှာလည်း Tesla ဟာ safety recall နောက်တစ်ခါ ထပ်လုပ်ရပြန်တယ်။ Roadster ရဲ့ကားထဲက လျှပ်စစ်ဝါယာကြိုးတစ်ချောင်းဟာ အောက်လျှောကျနေကာ ကားမောင်းရင် ကားဘော်ဒီနဲ့ ပွတ်တိုက်မိပြီး မီးလောင်တယ်လို့ ဖောက်သည်တချို့က သတင်းပို့လာကြလို့ပါ။ တက်စလာဟာ အဲဒီအချိန်မှာ Roadster ကားပေါင်း ၄၃၉ စီး ရောင်းပြီးနေပါပြီ။ ဖောက်သည်တွေ မကျေနပ်

တာ မဖြစ်ရအောင် ကားတွေကို Tesla ဝန်ထမ်းတွေက အိမ်မှာလာယူပြီး စက်ရုံ ကို ယူသွားပြီး ဒီနည်းနဲ့ အီလွန်မတ်ဟာ ပရမ်းပတာဖြစ်တဲ့အခြေအနေမှာ Tesla က ဖောက်သည်တွေ အဆင်ပြေဖို့ ဂရုစိုက်ကြောင်း ပြသပေးခဲ့တယ်။

Roadster ကားနဲ့ပတ်သက်လို့ ရံဖန်ရံခါ ပြဿနာတွေ ကြုံတွေ့နေချိန်မှာ Tesla ရဲ့ သတင်းဆိုးတွေ လူတွေကြားမှာ ပျံ့နှံ့လာတယ်။ ၂၀၀၉ ခုနှစ် ဇွန်လမှာ မာတင်အီဘားဟတ် (Tesla ကုမ္ပဏီကို ပူးတွဲတည်ထောင်ခဲ့သူ) က အီလွန်မတ် ကို တရားစွဲတယ်။ အီလွန်မတ်ဟာ သူ့ကို အသရေဖျက်တယ်၊ လိမ်ညာတယ်၊ နှစ်ဦးသဘောတူချုပ်ဆိုထားတဲ့ စာချုပ်ကို ဖောက်ဖျက်တယ်လို့ စွပ်စွဲတယ်။ ပြီးတော့ အီလွန်မတ်ဟာ ဉာဏ်ဆင်ပြီး သူ့ကို Tesla ကုမ္ပဏီက ထုတ်ပစ်ခဲ့တယ် လို့လည်း စွပ်စွဲတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အီလွန်မတ်က blog မှာ စာရေး ပြီး အီဘားဟတ်ရဲ့ အားနည်းချက်တွေကို ဖော်ပြတယ်။ နောက်ပြီး သူဟာ Tesla ကို ထူထောင်သူ မဟုတ်ဘူးလို့ အီဘားဟတ်ပြောခဲ့တာကို အလွန် စိတ်ဆိုးတယ် လို့လည်း ရေးတယ်။ မကြာခင်မှာပဲ သူတို့နှစ်ယောက်ဟာ အမှု ကျေအေးလိုက် ကြပြီး သင့်သင့်မြတ်မြတ်နေကြမယ်လို့ သဘောတူလိုက်ကြတယ်။ *"Tesla ကို ပူးတွဲထူထောင်ခဲ့သူတစ်ယောက်ဖြစ်တဲ့ အီလွန်မတ်ဟာ ကုမ္ပဏီတိုးတက်အောင် အများကြီး လုပ်ပေးခဲ့ပါတယ်"* ဆိုတဲ့ ကြေညာချက်တစ်စောင်ကို အီဘားဟတ်က ထုတ်ပြန်ပေးတယ်။ သူတို့နှစ်ဦး ကျေအေးသွားရတဲ့ အကြောင်းရင်းကို ဘယ်သူမှ မသိကြဘူး။ ဒါပေမဲ့ သူတို့နှစ်ယောက်ဟာ ယနေ့အထိ တစ်ယောက်နဲ့တစ်ယောက် မခေါ်မပြော မုန်းတီးနေကြဆဲပါ။ ဒါပေမဲ့ အဲဒါကို လူသိရှင်မကြား မဖြစ်ရအောင် နှစ်ယောက်စလုံးက ထိန်းထိန်းသိမ်းသိမ်း နေကြတယ်။ ဒါပေမဲ့ အီဘားဟတ်ဟာ Tesla ကုမ္ပဏီအပေါ် မုန်းတီးစိတ်မထားတဲ့အပြင် ကျေးဇူးတောင်တင်နေတယ်။ ဘာကြောင့်လဲဆိုတော့ Tesla ရဲ့ရှယ်ယာတွေကြောင့် သူ အတော်လေး ချမ်းသာ နေလို့ပါ။ သူဟာ Roadster ကားကိုမောင်းနေပြီး သူ့မိန်းမက Model S ကားကို မောင်းနေပါတယ်။

Tesla ကုမ္ပဏီကို အစပိုင်းမှာ သတင်းစာတွေက သတင်းဆိုးတွေ ရေးသား

ဖော်ပြပေးကြတယ်။ အီလွန်မတ်နဲ့ အီဘားဟတ်အကြား။ အီလွန်မတ်နဲ့ သူ့ရဲ့ ဝန်ထမ်းဟောင်းတွေအကြား ဖြစ်ပွားတဲ့ ပြဿနာတွေကို ရေးသားဖော်ပြပေးကြတာပါ။ အဲဒီလို ဖော်ပြပေးတာကို တခြား ကားထုတ်လုပ်သူတွေ သဘောကျနေကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အီလွန်မတ် ကျရှုံးတာကို မြင်ချင်ကြလို့ပါ။ Tesla ကုမ္ပဏီ ပြိုလဲသွားတာကိုလည်း တွေ့ချင်ကြလို့ပါ။ Roadster ကားကားသချိုင်းရောက်သွားတာကိုလည်း ဖြစ်စေချင်ကြလို့ပါ။ အဲဒီလိုဖြစ်မှလည်း တခြားကားထုတ်လုပ်သူတွေဟာ ကားထုတ်လုပ်တဲ့လုပ်ငန်းကို သူတို့စိတ်တိုင်းကျ ခြယ်လှယ်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူတို့ဖြစ်စေချင်တာ ဖြစ်မလာခဲ့ပါဘူး။ Tesla ဟာ ဆက်လက်ရှင်သန်နေခဲ့တယ်။ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ Tesla ဟာ Roadster ကားပေါင်း ၂၅၀၀ ရောင်းနိုင်ခဲ့တယ်။ Roadster ဟာ အီလွန်မတ် မျှော်မှန်းထားခဲ့သလို အောင်မြင်ခဲ့တယ်။ လျှပ်စစ်ကားတွေဟာ မောင်းရတာ ပျော်စရာကောင်းသလို လိုချင်တပ်မက်စရာ ပစ္စည်းဖြစ်ကြောင်း သက်သေပြခဲ့တယ်။ Tesla ဟာ အမေရိကန်ကားလုပ်ငန်း ပြိုလဲခြင်းနဲ့ စီးပွားရေး အကျပ်အတည်းဖြစ်ခြင်း စတဲ့ အခြေအနေဆိုးတွေအောက်မှာ လျှပ်စစ်ကားကို လူတွေသိအောင်၊ လူတွေစီးအောင် လုပ်နိုင်ခဲ့တယ်။ အီလွန်မတ်ဟာ Tesla ကို ထူထောင်ခဲ့သူ ဟုတ်၊ မဟုတ်ဆိုတာ စကားထဲ ထည့်ပြောနေစရာ မလိုပါဘူး။ တကယ်လို့ အီလွန်မတ်ရဲ့ ရင်းနှီးမြှုပ်နှံငွေရအောင် စွမ်းဆောင်မှု၊ ဈေးကွက်နားလည်မှု၊ လူတွေကို ကားဝယ်ချင်အောင် စည်းရုံးပြောဆိုတတ်မှု၊ အင်ဂျင်နီယာပညာကျွမ်းကျင်မှုနဲ့ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်တွေကြောင့်သာမဟုတ်ရင် ယနေ့ Tesla ကုမ္ပဏီဆိုတာ ရှိချင်မှ ရှိနေမှာပါ။ Tesla ကို ရှင်သန်အောင်လုပ်ပေးခဲ့တဲ့ အီလွန်မတ်ကို လူတွေက Microsoft ကုမ္ပဏီထူထောင်သူ ဘီလ်ဂိတ်၊ Apple ကုမ္ပဏီထူထောင်သူ စတီဗ်ဂျော့တို့နဲ့ တစ်တန်းစားတည်း သတ်မှတ်လာကြတယ်။ Tesla ကို ပူးတွဲတည်ထောင်ခဲ့သူတွေထဲက တစ်ယောက်ဖြစ်တဲ့ မာ့ခ်တာပင်နင်းကလည်း "*အီလွန်မတ်ဟာ Tesla ကို ကျွန်တော်တို့ မျှော်မှန်းထားတာထက် ပိုပြီးအောင်မြင်အောင်*

လုပ်ပေးခဲ့ပါတယ်” လို့ ပြောပါတယ်။

Roadster ကို အောင်မြင်မှုရအောင် ခက်ခက်ခဲခဲ လုပ်ယူခဲ့ရပေမယ့် အောင်မြင်မှုရလာပြီးတော့ အီလွန်မတ်ဟာ ကားထုတ်လုပ်တဲ့လုပ်ငန်းမှာ နောက်ထပ် အောင်မြင်မှု ထပ်ရချင်လာတယ်။ အဲဒါက Model S ဆိုတဲ့ Tesla ရဲ့ နောက်ထုတ်မယ့်ကားပါ။ ဒီကားဟာ တခြားကုမ္ပဏီက ကားတစ်စီးကို တုပ လုပ်မှာ မဟုတ်ဘူး။ ကားကို စိတ်ကြိုက် ကိုယ်ပိုင်ဒီဇိုင်းဆွဲပြီး လုပ်ယူမှာပါ။ Roadster ကားမှာ ဘက်ထရီတွဲကြီးကို Lotus Elise ကားဘော်ဒီရဲ့ကန့်သန့် ချက်ကြောင့် ကားရဲ့နောက်ပိုင်းမှာ ထားရတယ်။ လေးလွန်းတဲ့ ဘက်ထရီတွဲကြီးကို ကားရဲ့အလယ်မှာထားနိုင်ရင် ကားရဲ့ balance ဟန်ချက်ညီလို့ ကားမောင်းလို့ ပိုကောင်းတယ်။ ဒါကြောင့် နောက်ထုတ်မယ့် Model S ကားမှာ အင်ဂျင်နီယာ တွေဟာ ပေါင် ၁၃၀၀ လေးတဲ့ ဘက်ထရီတွဲကြီးကို ကားရဲ့အလယ်မှာ ထားရုံမက ဘဲ နိမ့်နိမ့်မှာထားပေးဖို့ စဉ်းစားကြတယ်။ ဒါကြောင့် ကားမောင်းရင် ကားဟာ ငြိမ်နေပြီး မှောက်ဖို့ မလွယ်ဘူး။ ဒီဇယ်၊ ဓာတ်ဆီ၊ ဓာတ်ငွေ့သုံး ကားတွေမှာ အလေးချိန်ကို သေချာ ထည့်မစဉ်းစားထားဘူး။ ကြီးမားလေးလံတဲ့ အင်ဂျင်က ကားရှေ့ပိုင်းမှာ၊ ယာဉ်မောင်းနဲ့ စီးသူတွေက ကားအလယ်မှာနဲ့ လောင်စာဆီတိုင်ကီက ကားနောက်မှာ ဖြစ်နေကြတယ်။ အလေးချိန် မညီမျှမှုကြောင့် ကားမှောက်ဖို့ (လျှပ်စစ်ကားနဲ့ ယှဉ်ရင်) အလားအလာ ပိုများတယ်။

အီလွန်မတ်ဟာ Model S ကားကို အပြင်ကကြည့်ရင် အလှပဆုံး လူစီး ဆလွန်းကား လုပ်စေချင်တယ်။ ကားအတွင်းမှာလည်း နေရာ ကျယ်ကျယ်ဝန်းဝန်း ရှိပြီး အဖိုးတန် ဇိမ်ခံပစ္စည်းတွေ တပ်ဆင်ချင်တယ်။ ဒါကြောင့် ဒိန်းမတ်နိုင်ငံသား ဖြစ်တဲ့ (Aston Martin ပြိုင်ကားလို အောင်မြင်တဲ့ကားတွေကို ဒီဇိုင်းပြုလုပ် ပေးသူ) ‘ဟင်းနရစ်ဖစ်စကာ’ ကို ငှားလိုက်တယ်။ Tesla က ဖစ်စကာကို သူတို့ လိုချင်တဲ့ Model S ကားပုံစံကို အကြမ်းဖျင်း ပြောပြတယ်။ ကျစ်လျစ်ကြော့မော့ ပြီး တံခါးလေးပေါက်ပါတဲ့ လူစီး စလွန်းကား ဖြစ်ရမယ်။ ကားတစ်စီး ထုတ်လုပ် ကုန်ကျစရိတ်ဟာ ဒေါ်လာ ၅ သောင်းကနေ ၇ သောင်း ကြားပဲ ရှိရမယ်။ Road-

ster ကားကို အများကြီးမရောင်းရသေးလို့ နောက်ကားထုတ်ရင် အခြေအနေ ကောင်း။ မကောင်း မသေချာသေးဘူး။ ဒါပေမဲ့ အီလွန်မတ်ဟာ အချိန်မဆွဲချင်ဘူး။ Model S ကားကို ၂၀၀၉ ခုနှစ်ကုန် သို့မဟုတ် ၂၀၁၀ ခုနှစ်ဆန်းမှာ စတင်ရောင်းချချင်တယ်။ ဒါကြောင့် သူက ဖစ်စကာကို Model S ကား ဒီဇိုင်းဆွဲတာကို မြန်မြန်ပြီးအောင်လုပ်ဖို့ တွန်းအားပေးတယ်။ ဖစ်စကာဟာ ပြီးခဲ့တဲ့ ၁၀ နှစ်တာ ကာလအတွင်း Aston Martin ကုမ္ပဏီအတွက် အံ့မခန်းဖွယ်လုပတဲ့ ကားအပြင် BMW, Mercedes -Benz စတဲ့ ကုမ္ပဏီက ကားတွေကို ဒီဇိုင်းဆွဲပေးခဲ့လို့ ကားထုတ်လုပ်သူ လောကမှာ ထင်ရှားကျော်ကြားနေသူဖြစ်တယ်။ ဒါပေမဲ့ သူဟာ အီလွန်မတ် တွန်းအားပေးတာကို ဂရုမစိုက်ဘဲ သူ့အလုပ်ကို အေးအေးဆေးဆေးပဲ လုပ်တယ်။

Orange County အရပ်မှာ ဖစ်စကာရဲ့ ဒီဇိုင်းလုပ်တဲ့ အလုပ်ရုံတစ်ခု ရှိတယ်။ အီလွန်မတ်နဲ့ Tesla ရဲ့ ထိပ်ပိုင်းအရာရှိကြီးတွေဟာ အဲဒီကိုသွားပြီး Model S ကားဒီဇိုင်းလုပ်နေတာကို သွားကြည့်ကြတယ်။ သွားကြည့်တဲ့ အခေါက်တိုင်းမှာ ထူးထူးခြားခြား တိုးတက်မှု မတွေ့ရဘူး။ ပြီးတော့ လုပ်ထားတဲ့ ကားဒီဇိုင်းဟာ အကြီးကြီးဖြစ်နေတယ်။ *"စလုပ်လုပ်ချင်း ဒီဇိုင်းဟာ အလွန်ကြီးတဲ့ ဥကြီးတစ်လုံးနဲ့ တူတယ်"* လို့ ဖစ်စကာရဲ့ ပြောစကားကြောင့် အီလွန်မတ်နဲ့ အရာရှိကြီးတွေ ခေါင်းရှုပ်သွားကြတယ်။ အီလွန်မတ်က ဒီဇိုင်းကို မြန်မြန်ပြီးအောင်လုပ်ဖို့ ပြောတော့ ဖစ်စကာက သူ့ကို ဖိအားပေးရင် ဒီဇိုင်းကိုမလုပ်တော့ဘူးလို့ ပြောတယ်။ ဒါပေမဲ့ ဖစ်စကာက ကားဒီဇိုင်းနှစ်ခုကို အမြန်ပြုလုပ်ပြီး အီလွန်မတ်တို့ကို ပြတယ်။ အီလွန်မတ်တို့က နှစ်ခုစလုံးကို မကြိုက်ဘူးလို့ ပြောတယ်။ တကယ်တော့ ဖစ်စကာဟာ သူမှာ အကြံရှိလို့ အီလွန်မတ်တို့ကို ပညာပြနေတာပါ။ အဲဒါကို အီလွန်မတ်တို့ မသိကြဘူး။

တစ်ချိန်တည်းမှာပဲ ဖစ်စကာဟာ Fisker Automotive ကုမ္ပဏီ ထောင်လိုက်ပြီး Fisker Karma ဆိုတဲ့ hybrid vehicle (အင်ဂျင်နဲ့ ဘက်ထရီ နှစ်မျိုးသုံးတဲ့ ကား) ကို ၂၀၀၈ ခုနှစ်မှာ စတင်ထုတ်မယ်လို့ ကြေညာလိုက်တယ်။

အဲဒီလူစီးကားဟာ Batman ရုပ်ရှင်ကားထဲက Batman မောင်းတဲ့ Batmobile ကားနဲ့ တူတယ်။ ရှည်မျောမျော ကားပုံစံမှာ အချွန်အတက်တွေပါတဲ့ အနက်ရောင် ကားဟာ တကယ်ပဲ ရင်သပ်ရှုမောစရာပါ။ *"ဖစ်စကာဟာ ကျွန်တော်တို့နဲ့ပြိုင်နေ မှန်း သိသာပါတယ်"* လို့ Tesla က ထိပ်တန်းအရာရှိကြီးတစ်ယောက်ဖြစ်တဲ့ 'လွိုက်ဒ်' က ပြောပြတယ်။ အီလွန်မတ်ဟာ စုံစမ်းရင်းနဲ့ ဖစ်စကာဟာ သူတို့ ပြောပြတဲ့ ကားဒီဇိုင်းကို အတုခိုးပြီး အဲဒီကားကိုလုပ်ထားမှန်း သိလိုက်တယ်။ ဖစ်စကာက ရင်းနှီးမြှုပ်နှံသူတွေကို အဲဒီကားပုံစံကိုပြပြီး သူ့ကုမ္ပဏီ Fisker Automotive မှာ ရင်းနှီးငွေထည့်ဖို့ စည်းရုံးဆွဲဆောင်နေတယ်။ Tesla မှာ ရင်းနှီး မြှုပ်နှံဖို့ အရင်က သဘောတူထားခဲ့တဲ့ Kleiner Perkins ကုမ္ပဏီဟာ သဘော တူထားတာကို ပယ်ဖျက်ပြီး ဖစ်စကာရဲ့ကုမ္ပဏီမှာ ရင်းနှီးငွေ ထည့်ဝင်လိုက်တယ်။ ဖစ်စကာ လွန်လွန်းတယ်ဆိုပြီး Tesla က ၂၀၀၈ ခုနှစ်မှာ တရားစွဲတယ်။ ဖစ်စကာဟာ Tesla ပေးတဲ့အကြံကိုယူပြီး သူ့ကား Fisker Karma ကို လုပ်တယ်နဲ့ Tesla ပေးတဲ့ ဒီဇိုင်းလုပ်ခ ဒေါ်လာ ၈၇၅,၀၀၀ ကို ယူပြီး သူ့ကုမ္ပဏီ Fisker Automotive ထူထောင်ရာမှာ သုံးစွဲတယ်လို့ စွပ်စွဲတယ်။ ဒါပေမဲ့ အဆုံးမှာ တရားရုံးက Tesla ရဲ့ စွပ်စွဲချက်တွေဟာ အခြေအမြစ်မရှိဘူးဆိုပြီး ဖစ်စကာကို အနိုင်ပေးလိုက်တယ်။ ဒါ့ပြင် ဖစ်စကာရဲ့တရားရုံးစရိတ် ကုန်ကျငွေကို Tesla က ပြန်ပေးဖို့ ဆုံးဖြတ်ပေးလိုက်တယ်။

ကားထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတစ်ခုဟာ ကားသစ်တစ်စီးကို ဒီဇိုင်းပြုလုပ် ရာကနေ စျေးကွက်ထဲရောင်းရဖို့အထိ ဒေါ်လာ ၁ ဘီလီယံနဲ့ လူထောင်ပေါင်း များစွာ လိုပါတယ်။ Tesla ဟာ Model S ကို မွေးထုတ်ပေးဖို့ အဲဒီလောက် နီးနီးစပ်စပ် ငွေနဲ့လူအင်အင်အား မရှိဘူး။ လွိုက်ဒ်ရဲ့ ပြောစကားအရ Tesla ဟာ Model S ကားကို တစ်နှစ်မှာ စီးရေ တစ်သောင်းအထိ ထုတ်ဖို့ ရည်ရွယ်ထားပြီး အဲဒီအတွက် ဘတ်ဂျက်ငွေ ဒေါ်လာ သန်း ၁၃၀ သုံးဖို့ လျာထားလိုက်တယ်။ အဲဒီ ငွေမှာ ကားဘော်ဒီနဲ့ လိုအပ်တဲ့ပစ္စည်းတွေ ထုတ်လုပ်ဖို့ စက်ပစ္စည်းတွေ ဝယ်ယူခ တွေ ပါဝင်တယ်။ *"အီလွန်မတ်က အင်ဂျင်နီယာတွေကို တတ်နိုင်သမျှ ပစ္စည်း*

တွေကို ပြင်ပကမဝယ်ဘဲ စက်ရုံမှာပဲလုပ်ယူဖို့ မှာကြားလေ့ရှိတယ်” လို့ လွိုက်ဒ်က ပြောတယ်။ Tesla မှာ လူများများခန့်ဖို့ ဘတ်ဂျက်မလုံလောက်လို့ လူနည်းနည်း လူတော်တွေပဲ ရွေးခန့်တယ်။ “*ကားကုမ္ပဏီကြီးတွေက လူအများစုထက် တော်တဲ့ လူတွေကို ရွေးခန့်တယ်။ Tesla မှာ ပြောနေကျ စကားတစ်ခွန်းရှိတယ်။ အတော်ဆုံး အင်ဂျင်နီယာတစ်ယောက်ဟာ သာမန်အင်ဂျင်နီယာ သုံးယောက်နဲ့ ညီမျှတယ်*” လို့ သူ ဆက်ပြောတယ်။

Tesla အင်ဂျင်နီယာတွေဟာ Model S ကားရဲ့ အတွင်းပိုင်း စက်ပစ္စည်းတွေ နေရာချဖို့ အခက်အခဲ တွေ့နေကြတယ်။ ဒီတော့ သူတို့ ဘာလုပ်ကြသလဲ။ Mercedes ကား အရောင်းပြခန်းက Mercedes ကားအမျိုးအစားတွေဖြစ်ကြတဲ့ CLS 4 နဲ့ E-Class ဆီဒင်ကားနှစ်စီးကို ဝယ်မယ်ဆိုပြီး အပြင်မှာ မောင်းကြည့်ကြတယ်။ တစ်နေရာမှာ ကားနှစ်စီးကို ရပ်ပြီး အတွင်းပိုင်းစက်ပစ္စည်းတွေရဲ့ နေရာချပုံကို အတိအကျ အတိုင်းအတာယူပြီး နှိုင်းယှဉ်ကြည့်ကြတယ်။ နောက်ဆုံးတော့ သူတို့ဟာ CLS 4 ကားရဲ့ အတွင်းပိုင်းစက်ပစ္စည်း နေရာချပုံကို ပိုသဘောကျတာနဲ့ CLS 4 ကားတစ်စီး ဝယ်လိုက်ကြတယ်။ CLS 4 ကားအပေါ် အခြေခံပြီး Model S ကား လုပ်ဖို့ပါ။

သူတို့ဟာ CLS 4 ကားကို Tesla အလုပ်ရုံမှာ တစ်စစီ ဖြုတ်ချကြတယ်။ Roadster က ဘက်ထရီအတွဲလိုက်ကြီးကို ဖြုတ်ပြီး CLS 4 ကားရဲ့ကြမ်းပြင်မှာ တပ်ဆင်လိုက်တယ်။ ပြီးတော့ လိုအပ်တဲ့ ပစ္စည်းတွေနဲ့ ဝါယာကြိုးတွေကို တပ်ဆင်တယ်။ သုံးလကြာတော့ Mercedes CLS 4 ကားဘော်ဒီနဲ့ လျှပ်စစ်ကားတစ်စီး လုပ်လို့ရသွားပြီ။ Tesla က Model S ကားလို့ နာမည်ပေးလိုက်တယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ဖိတ်ခေါ်ပြီး အဲဒီကားကို မောင်းပြတယ်။ တစ်ခါတလေ သူတို့ကို အများသွားလာတဲ့ လမ်းမပေါ်မှာလည်း စမ်းမောင်းကြည့်ခိုင်းတယ်။ ဒီကားဟာ အရင် Roadster ထက် ပိုလေးပေမယ့် အမြန်နှုန်း ပိုမောင်းနိုင်တယ်။ တစ်နာရီ မိုင် ၁၂၀ အထိ မောင်းနိုင်တယ်။ ဒီကားဟာ CLS 4 ကားဘော်ဒီ တပ်ဆင်ထားတဲ့ လျှပ်စစ်ကားမှန်း လူတွေ (အထူးသဖြင့် ပြိုင်ဘက် ကား

ထုတ်တဲ့ကုမ္ပဏီက လူတွေ) သိမှာစိုးလို့ အိပ်ဇောပိုက် (အင်ဂျင်က မီးခိုးထုတ်လွှတ်တဲ့ ပိုက်) ရဲ့ ထိပ်ကို ဖြတ်ပြီး ကားနောက်မှာ ဂဟေဆော်ထားလိုက်တယ်။ အင်ဂျင်သုံးကားလို့ ထင်အောင်လို့ပါ။

အဲဒီအချိန် ၂၀၀၈ ခုနှစ် မတ်လ ကားဒီဇိုင်းလုပ်သူ 'ဖရန့်စ် ဗွန်ဟိုဇောင်စင်း' ဟာ Tesla မှာ အလုပ်စဝင်တယ်။ သူ့ရဲ့ အလုပ်တာဝန်က လက်ရှိ ပြီးစီးနေတဲ့ Model S ရဲ့ ကားဒီဇိုင်းကို ဆန်းသစ်လုပပြီး စွဲမက်ဖွယ်ကားတစ်စီးဖြစ်လာအောင် အကြံပေးဖို့ပါ။ သူဟာ Connecticut မြို့သေးလေးမှာ ကြီးပြင်းခဲ့တယ်။ သူ့အဖေဟာ လူသုံးကုန်စက်ပစ္စည်းလေးတွေလုပ်ပြီး ရောင်းချတယ်။ သူတို့အိမ်ရဲ့ မြေအောက်ခန်းထဲမှာ ပစ္စည်းလုပ်တဲ့ လက်နက်ကိရိယာတွေနဲ့ ရောင်းဖို့ လုပ်ထားတဲ့ ပစ္စည်းတွေနဲ့ ပြည့်နှက်နေတယ်။ သူဟာ ကျောင်းပိတ်ရက်ဆိုရင် အဲဒီမြေအောက်ခန်းထဲမှာ တစ်ယောက်တည်း ပစ္စည်းတွေကို ဖြုတ်တပ်လုပ်တမ်းကစားတယ်။ လူပျိုအရွယ်ရောက်တော့ မော်တော်ကားကို စိတ်ဝင်စားလာတယ်။ ဆောင်းတွင်းတစ်ရက်မှာ ဗွန်ဟိုဇောင်စင်းနဲ့ သူငယ်ချင်းတစ်ယောက်ဟာ သဲသောင်ပြင်မှာမောင်းတဲ့ ဘီးလုံးကြီးတွေတပ်ဆင်ထားတဲ့ စက်တပ်ယာဉ်တစ်စင်းကို တစ်စစီ ဖြုတ်ချလိုက်ကြတယ်။ နောက်နေ့မှာ အကုန်ပြန်တပ်ဆင်ကြတယ်။ ကျောင်းသုံးဗလာစာအုပ်တွေမှာ ကားတွေရဲ့ပုံတွေ ဆွဲထားသလို သူ့အခန်းရဲ့နံရံမှာ ကားရုပ်ပုံတွေ ဖြတ်ညှပ်ပြီး ကပ်ထားတယ်။ သူ့အဖေကိုအားကျလို့ Syracuse University တက်တော့ စက်မှုဒီဇိုင်းဘာသာရပ်ကို သင်ယူတယ်။ စက်ရုံတစ်ခုမှာ နွေရာသီကျောင်းပိတ်ရက် လက်တွေ့သင်တန်းဆင်းရင်း ဒီဇိုင်းပညာကျွမ်းကျင်တဲ့ ကျောင်းသားတစ်တစ်ယောက်နဲ့ သိကျွမ်းခင်မင်သွားတယ်။ အဲဒီကျောင်းသားဟာ လော့စ်အင်ဂျဲလိစ်မြို့က Art Center College of Design (ACCD) ကောလိပ်မှာ ဒီဇိုင်းသင်ယူနေသူဖြစ်တယ်။ *"သူက ကျွန်တော့်ကို ကားနဲ့ ပတ်သက်တဲ့ ဒီဇိုင်းကို သင်တန်းတက်ရင်း တတ်ခဲ့တယ်လို့လည်း ပြောတယ်။ ကျွန်တော်လည်း သူ့လို ကားဒီဇိုင်းပညာတတ်ချင်လို့ Syracuse တက္ကသိုလ်မှာ ၂ နှစ်တက်ပြီးမှ လော့စ်အင်ဂျဲလိစ်က အဲဒီ ACCD ကောလိပ်မှာ ပြောင်းတက်*

တယ်” လို့ ဗွန်ဟိုဇောင်စင်းက ပြောပြတယ်။

ဗွန်ဟိုဇောင်စင်းဟာ ကောလိပ်တက်ရင်း နွေရာသီကျောင်းပိတ်ရက်တွေမှာ Michigan ပြည်နယ်က Ford ကားကုမ္ပဏီနဲ့ဥရောပတိုက်က Volkswagen ကားကုမ္ပဏီတွေမှာ လက်တွေ့သင်တန်း တက်ခဲ့တယ်။ သင်တန်းတက်ရင်း မော်တော်ကားဒီဇိုင်းရေးဆွဲတာကို ပိုပြီးစိတ်ဝင်စားလာခဲ့တယ်။ ၁၉၉၂ ခုနှစ်မှာ ACCD ကောလိပ်က ဘွဲ့ရပြီးတော့ Volkswagen (VW) ကုမ္ပဏီမှာ အလုပ်ဝင်လုပ်တယ်။ Beetle လို့ခေါ်တဲ့ လိပ်ခုံးကားသစ် တစ်စီးကိုလုပ်တဲ့ စီမံကိန်းမှာ ပါဝင်လုပ်ခွင့်ရတယ်။ *“ကျွန်တော်ဟာ အဲဒီကားရဲ့ အတွင်းပိုင်းရော အပြင်ပါ ဒီဇိုင်းလုပ်တာအပြင် ကား dashboard ပေါ်က ပန်းအိုးပုံဒီဇိုင်းလေးကို လုပ်ခွင့်ရခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ VW ကုမ္ပဏီက New Beetle ဆိုတဲ့ ကားသစ်ကို ထုတ်လိုက်တဲ့အခါ အရင်က VW ကား အပေါ်စိတ်ဝင်စားမှု လျော့နည်းနေကြတဲ့လူတွေဟာ ပြန်ပြီး စိတ်ဝင်စားလာကြတယ်”*။

ဗွန်ဟိုဇောင်စင်းဟာ VW ကုမ္ပဏီမှာ ၈ နှစ်ကြာလုပ်ပြီးတော့ VW ကနေ အလုပ်ထွက်ပြီး General Motors (GM) ကားကုမ္ပဏီရဲ့ design studio မှာ ဝင်လုပ်တယ်။ သူဟာ GM ကားကုမ္ပဏီမှာ အလုပ်ဝင်ပြီး မပျော်ဘူးဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာလုပ်ထားတဲ့ ကားဒီဇိုင်းတွေဟာ စိတ်ဝင်စားစရာ မကောင်းဘူး။ နောက်ပြီး သူဟာ လူတစ်ရာပါဝင်တဲ့ ဒီဇိုင်းအသင်းမှာ ပါဝင်သူတစ်ယောက်ဖြစ်ပြီး သတ်သတ်မှတ်မှတ် အလုပ်တာဝန်မရှိဘူး။ သူတို့ကို အထက်က ကြံ့ကြဲတဲ့ကားရဲ့ဒီဇိုင်းကို လုပ်ခိုင်းတယ်။ မိမိစိတ်ဝင်စားတဲ့ ကားရဲ့ဒီဇိုင်းကို လုပ်ခွင့်မရဘူး။ သူ GM မှာ မပျော်ကြောင်း ကြားလို့ Mazda ကားကုမ္ပဏီက ခေါ်ယူလိုက်တယ်။ သူ အဲဒီမှာ ဒီဇိုင်းဌာနရဲ့ ဒါရိုက်တာဖြစ်လာခဲ့တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီမှာ ကားဒီဇိုင်းလုပ်ရတာကို အသစ်တစ်ဖန် ပျော်လာတယ်။

၂၀၀၈ ခုနှစ်စောစောရောက်တော့ ဗွန်ဟိုဇောင်စင်းဟာ Mazda မှာ အလုပ်လုပ်ရတာ မပျော်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ Mazda ဟာ ကုမ္ပဏီအကြီးကြီးဖြစ်လို့ သူလုပ်ချင်တာကို စိတ်တိုင်းကျ လုပ်ခွင့်မရဘူး။ ဒီအချိန်မှာ

သူ့သူငယ်ချင်းတစ်ယောက်က Tesla ကုမ္ပဏီဟာ သူ့ဒီဇိုင်းဌာနအတွက် ဌာနမှူး တစ်ယောက် ရှာနေတယ်လို့ ပြောတယ်။ ဒါနဲ့ သူလည်း Tesla မှာလုပ်ဖို့ စိတ်ကူးပြီး Tesla ကုမ္ပဏီကို ဖုန်းဆက်လိုက်တယ်။ အီလွန်မတ်ရဲ့ ကိုယ်ရေးအရာရှိ မေရီ ဘက်ဘရောင်းက ဖုန်းဖြေပြီး အီလွန်မတ်နဲ့ တွေ့ဆုံစကားပြောဖို့ Space X ရုံးချုပ်ကိုလာဖို့ ချိန်းဆိုလိုက်တယ်။

အီလွန်မတ်ဟာ ဆံပင်အမောက်ထောင်ထောင်၊ ခေတ်ဆန်တဲ့ အဝတ်အစား၀တ်ထားပြီး စကားကို အေးအေးဆေးဆေးပြောတတ်တဲ့ ဗွန်ဟိုဇောင်စင်းကို ကားဒီဇိုင်းအကြောင်းပြောရင်း သဘောကျသွားတယ်။ အီလွန်မတ်က သူ့ကို Space X စက်ရုံနဲ့ Tesla ရုံးချုပ်ကို လိုက်ပြတယ်။ အဲဒီ နှစ်နေရာစလုံးဟာ အထိုင်မကျကြသေးလို့ ပစ္စည်းတွေနဲ့ ရှုပ်ပွနေကြတယ်။ ဒါပေမဲ့ အီလွန်မတ်က ဗွန်ဟိုဇောင်စင်းကို ကားထုတ်တဲ့လုပ်ငန်းကြီးကို ပြောင်းလဲသွားစေမယ့် အခွင့်အရေးကို အရမယူချင်ဘူးလားလို့ မေးတယ်။ *"အီလွန်က ကျွန်တော့်ကို Roadster ကားနဲ့ ခေါ်သွားပြီး မြို့ထဲမှာ တစ်ပတ်မောင်းပြတယ်။ ကားစီးရင်း ကျွန်တော် တွေးနေမိတယ်။ Mazda ကုမ္ပဏီမှာ နောက်ထပ် ၁၀ နှစ် ဆက်နေပြီး သက်သက်သာသာနေမလား။ သို့မဟုတ် ကားလောကကို ပြောင်းလဲသွားစေမယ့် ကားတစ်စီးရဲ့ဒီဇိုင်းကိုလုပ်ဖို့ အခွင့်အရေးကို ယူရမလားလို့ပါ"* လို့ ဗွန်ဟိုဇောင်စင်းက နောင်မှာပြောပြတယ်။

၂၀၀၈ ခုနှစ် မတ်လမှာ ဗွန်ဟိုဇောင်စင်းဟာ Tesla ကုမ္ပဏီမှာ အလုပ်ဝင်လိုက်တယ်။ သူ အလုပ်ဝင်ချိန်မှာ Tesla ကုမ္ပဏီဟာ ကားတစ်စီး (Roadster) ပဲ ထုတ်ဖူးသေးတဲ့ ထူထောင်ခါစ ကုမ္ပဏီအသေးလေးမှန်းသိပေမယ့် ငွေကြေးအခက်အခဲကြောင့် ဒေ၀ါလီခံတော့မယ့်ဆဲဆဲ ဖြစ်နေတယ်ဆိုတော့ မသိရှာဘူး။ အီလွန်မတ်က သူ့ကို လစာကောင်းကောင်းနဲ့ သက်သောင့်သက်သာနေရပြီး အာမခံချက်ရှိတဲ့ Mazda ကုမ္ပဏီကနေ ဆွဲထုတ်ပြီး သေမင်းခံတွင်းထဲ တွန်းပို့လိုက်တာနဲ့ တူနေပါတယ်။ တကယ်တော့ အဲဒီလိုဖြစ်ဖို့ ဗွန်ဟိုဇောင်စင်းက ဆုံးဖြတ်ခဲ့တာပါ။ သူ Tesla မှာ အလုပ်ဝင်ပြီး ပျော်သွားတယ်။ အဲဒီအကြောင်းကို

ခုလို ပြောပြ တယ်။ *"Tesla ကုမ္ပဏီဟာ ကားထုတ်တဲ့ တခြားကုမ္ပဏီကြီးတွေနဲ့ မတူဘူးဗျ။ အဲဒီကုမ္ပဏီကြီးတွေမှာ ကားဒီဇိုင်းကို စည်းဝေးခန်းမကြီးတွေမှာ ဆွေးနွေးကြ တယ်။ အများသဘောတူအောင် အကြာကြီး ညှိနှိုင်းယူကြရတယ်။ Tesla မှာ အဲဒီလို မဟုတ်ဘူး။ ကားပြင်ရုံထဲမှာ ဒီဇိုင်းကို လက်တွေ့လုပ်ရင်း ဆွေးနွေးကြတယ်။ ကျွန်တော် ကားဒီဇိုင်းလုပ်ရတာကို စိတ်မပျော်ဖြစ်နေတာ ကြာနေခဲ့ပြီး အခု Tesla ရောက်မှ ပြန်ပျော်လာတယ်"* တဲ့။ ဗွန်ဟိုဇောင်စင်းဟာ Tesla မှာ အလုပ်ဝင်လိုက်တော့ အီလွန်မတ်ရဲ့ အားပေးပံ့ပိုးမှုနဲ့ ယုံကြည်မှုကိုရလို့ ပိုပြီး ပျော်နေတယ်။

ဗွန်ဟိုဇောင်စင်းဟာ ဖစ်စကာရေးဆွဲထားတဲ့ Model S ကားဒီဇိုင်းပုံတွေနဲ့ ရှိန်စေးနဲ့လုပ်ထားတဲ့ Model S ကားပုံစံငယ်တစ်ခုကို ကြည့်ပြီး သဘောမကျဘူး။ *"ကျွန်တော့်စိတ်ထဲမှာ တွေးမိလိုက်တယ်။ Model S ကား ဒီဇိုင်းလုပ်သူတွေဟာ အလုပ်ဝင်စ လူသစ်တွေဖြစ်မယ်လို့ပါ"* လို့ သူက ပြောပြတယ်။ အီလွန်မတ်ကလည်း အဲဒီ Model S ဒီဇိုင်းကို သဘောမကျကြောင်းနဲ့ သူလိုချင်တဲ့ ဒီဇိုင်းပုံစံကို ရှင်းပြတယ်။ အီလွန်မတ်ဟာ သူလိုချင်တာကို ရှင်းလင်းအောင် မပြောတတ်ပေမယ့် ဗွန်ဟိုဇောင်စင်းက သူ ဘာလိုချင်မှန်း သိသလို သူလိုချင်တာကို ရအောင်လုပ်ပေးနိုင်မယ်လို့ ယုံကြည်တယ်။ *"ကျွန်တော် ပြောလိုက်တယ်။ အိုကေပါ။ ကျွန်တော်တို့ အတူတွဲလုပ်ကြရင် ခင်ဗျားလိုချင်တာ ရစေပါမယ်လို့ပါ"* လို့ ဗွန်ဟိုဇောင်စင်းက ပြောပြတယ်။

ဗွန်ဟိုဇောင်စင်းဦးဆောင်မယ့် Model S ကားဒီဇိုင်းရေးဆွဲမယ့် ဒီဇိုင်းအဖွဲ့အတွက် Space X စက်ရုံထဲမှာ design studio ရုံးခန်းတစ်ခု လုပ်ပေးမယ်လို့ အီလွန်မတ်က ပြောတယ်။ အီလွန်မတ်ရဲ့ရည်ရွယ်ချက်က သူဟာ Space X စက်ရုံမှာ အနေများတဲ့သူမို့ ဗွန်ဟိုဇောင်စင်းနဲ့အဖွဲ့ကို သူ့အနားမှာ ရှိနေစေချင်လို့ပါ။ ဒီဇိုင်းအဖွဲ့ဟာ စက်ရုံထဲ အီလွန်မတ်ရုံးခန်းအနီးက ကြမ်းပြင်မှာ အပြင်ကလူတွေ မမြင်ရအောင် စတုရန်းပေ ၃၀၀၀ ကျယ်တဲ့ တဲတစ်ခု လုပ်လိုက်တယ်။ ပြီးတော့ အီလွန်မတ်ရဲ့ ဝန်ထမ်းအသစ်တွေ လုပ်နေကျအတိုင်း ဗွန်ဟိုဇောင်စင်းနဲ့

အဖွဲ့ဟာ ပရိဘောဂရောင်းတဲ့ IKEA ဆိုင်ကြီးကိုသွားပြီး သူတို့ထိုင်ဖို့ စားပွဲနဲ့ ကုလားထိုင်တွေ ဝယ်လိုက်ကြတယ်။ စာရေးကိရိယာရောင်းတဲ့ဆိုင်ကနေ လိုအပ်တဲ့ စက္ကူတွေ၊ ရေးစရာ ဘောလ်ပင်၊ ခဲတံတွေ ဝယ်လိုက်ကြတယ်။

ဗွန်ဟိုဇောင်စင်းဟာ Model S ကားရဲ့ အပြင်ဒီဇိုင်းကို စတင်ရေးဆွဲနေချိန်မှာ Tesla အင်ဂျင်နီယာဟာ အဲဒီဒီဇိုင်းပြီးတဲ့အဆင့်ထိ CLS 4 ကားကို ပြုပြင်ကြတယ်။ ကားရဲ့ဘော်ဒီကို ဘက်ထရီအတွဲကြီးထားဖို့ နေရာဆန့်အောင် ဘေးနှစ်ဖက်ကို ၄ လက်မစီ ထပ်ချဲ့လိုက်တယ်။ ဘက်ထရီနဲ့ စက်တွေကို ဘော်ဒီပေါ်မှာ နေရာချတယ်။ အားလုံးဟာ တက်ညီလက်ညီလုပ်ကြလို့ ၃ လ ကြာတဲ့အခါမှာ Model S ကားဒီဇိုင်းဟာ ၉၅ ရာခိုင်နှုန်းအထိ ပြီးနေပြီဖြစ်သလို အင်ဂျင်နီယာတွေဟာလည်း အဲဒီ ဒီဇိုင်းပုံစံနဲ့ လျှပ်စစ်ကားတစ်စင်းကို စတင်တည်ဆောက်နေကြပြီ။

အဲဒီအချိန်တစ်လျှောက်လုံး ရုံးခန်းချင်းနီးကြတဲ့ အီလွန်မတ်နဲ့ ဗွန်ဟိုဇောင်စင်းတို့ဟာ နေ့စဉ် စကားပြောဖြစ်ကြတယ်။ သူတို့နှစ်ယောက်ဟာ အချိန်တိုအတွင်း ရင်းနှီးခင်မင်သွားကြတယ်။ အီလွန်မတ်က ဗွန်ဟိုဇောင်စင်းကို ပြောပြတယ်။ Model S ရဲ့ ကားပြင်ပဒီဇိုင်းဟာ Aston Martin ကားနဲ့ Porsche ကားနှစ်စီး ပေါင်းစပ်ထားတဲ့ပုံစံဖြစ်ပေမယ့် အတွင်းက ပစ္စည်းတွေ မတူကြဘူး။ နောက်ပြီး ကားကို လူ ၇ ယောက်စီး ဖြစ်စေချင်တယ်တဲ့။ *"ကျွန်တော်က 'ဘုရားရေ၊ ဒီလောက် ကျစ်ကျစ်လျစ်လျစ်ရှိတဲ့ ကားလေးထဲမှာ လူ ၇ ယောက် စီးလို့ရအောင် ဘယ်လိုလုပ်လို့ရမှာလဲဗျ' လို့ ပြန်ပြောလိုက်တယ်။ သူ ဘာကြောင့် ကားကို ၇ ယောက်စီး လုပ်ချင်ရတာလဲဆိုတဲ့အကြောင်းကို ပြောပြတယ်။ သူမှာ ကလေး ၅ ယောက်ရှိတာမို့ ကားကို မိသားစုစီးတဲ့ကားမျိုး ဖြစ်စေချင်တယ်တဲ့။ သူလိုပဲ တခြား လူတွေလည်း အဲဒီလို ဆန္ဒရှိမှာပါလို့ သူ ထပ်ပြောတယ်"* လို့ ဗွန်ဟိုဇောင်စင်း ပြောပြတယ်။

အီလွန်မတ်က ကားမောင်းသူရဲ့ dashboard မှာ touch screen တစ်ခုတပ်ချင်တယ်လို့ ပြောတယ်။ အဲဒီအချိန်ဟာ iPad မပေါ်မီ နှစ်အတော်ကြာကြာ

ကပါ။ လေဆိပ်တွေမှာ၊ ကုန်တိုက်ကြီးတွေမှာပဲ touch screen တွေကို တွေ့ရတယ်။ အီလွန်မတ်က touch screen ဟာ သိပ်မကြာခင်မှာ လူတွေအတွက် ထူးဆန်းတဲ့အရာဖြစ်မှာ မဟုတ်တော့ဘူးဆိုတာကို ကြိုသိနေခဲ့တယ်။ သူနဲ့ ဗွန်ဟိုဇောင်စင်းတို့ဟာ touch screen ကို ဘယ်လိုပုံစံထားရမယ်ဆိုတာကို သိဖို့ laptop ကွန်ပျူတာအရွယ်မျိုးကို ကား dashboard မှာ ထောင်လိုက်၊ အလျားလိုက် လက်နဲ့ ထိန်းကိုင်ကြည့်ကြတယ်။ နောက်ဆုံးတော့ ၁၇ လက်မအရွယ် touch screen ကို ထောင်လိုက်တပ်ဆင်ဖို့ သဘောတူလိုက်ကြတယ်။ ယာဉ်မောင်းသူဟာ ကားကို အလုပ်နှစ်ခုကလွဲရင် ကျန်တဲ့အလုပ်အားလုံးကို touch screen မှာ လက်ဖျားနဲ့ထောက်ပြီး ခိုင်းလို့ရတယ်။ ခိုင်းလို့မရတဲ့ အလုပ်နှစ်ခုက glove box လို့ခေါ်တဲ့ ယာဉ်မောင်းသူရှေ့က ပစ္စည်းထည့်တဲ့ အံဆွဲကို ဖွင့်ဖို့နဲ့ အရေးပေါ်မီး emergency lights ဖွင့်ဖို့ပါ။ လမ်းစည်းကမ်းဥပဒေအရ အရေးပေါ်မီးဖွင့်ဖို့ ခလုတ် သီးသန့်တပ်ဆင်ရပါတယ်။

Model S မှာ တပ်ဆင်မယ့် ဘက်ထရီတွဲကြီးဟာ အတော်လေးတယ်။ အဲဒါရဲ့အလေးချိန်ကို လျှော့ချချင်ရင် ဘက်ထရီတွေရဲ့ အရွယ်အစားကို သေးပစ်ရမယ်။ ဒါဆိုရင် ဘက်ထရီတွဲရဲ့ ထုတ်လွှတ်နိုင်တဲ့စွမ်းအား လျော့ကျသွားမယ်။ ဒီတော့ ဘက်ထရီတွဲအစား တခြားနေရာမှာ အလေးချိန်လျှော့ချဖို့ စဉ်းစားရတယ်။ အီလွန်မတ်က အဲဒါအတွက် ခုလိုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ Model S ကားရဲ့ကားရဲ့ဘော်ဒီကို သံမဏိအစား ပေါ့ပါးတဲ့ အလူမီနီယံ (ဒန်သတ္တု) နဲ့ လုပ်ဖို့ပါ။ "*Model S ဟာ တခြားကားတွေထက် အလေးချိန် ပိုများနေရင် ဝယ်သူရှိမှာမဟုတ်ဘူး*" လို့ အီလွန်မတ်က ပြောတယ်။

အီလွန်မတ်ဟာ ဆုံးဖြတ်ချက်ချပြီးရင် အဲဒီဆုံးဖြတ်ချက်ကို မဖြစ် ဖြစ်အောင် လုပ်တတ်တယ်။ အခုလည်း ကားကိုပေါ့အောင်လို့ ကားဘော်ဒီကို အလူမီနီယံနဲ့ လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ။ ဒါပေမဲ့ အဲဒီအချိန်မှာ ကနေဒါ၊ မက်ဆီကိုနဲ့ အမေရိကန်နိုင်ငံတို့ ပါဝင်ကြတဲ့ မြောက်အမေရိကတိုက်က ကားထုတ်လုပ်သူတွေဟာ အလူမီနီယံနဲ့လုပ်တဲ့ ကားဘော်ဒီလုပ်တဲ့ အတွေ့အကြုံ မရှိကြဘူး။ အလူမီနံယံသတ္တု

ပြားကို ပုံသွင်းတဲ့စက်ကြီးမှာ ပုံသွင်းဖို့ဖိလိုက်ရင် ကွဲသွားတယ်။ မကွဲရင်တောင် အပြားပေါ်မှာ အက်ရာတွေပေါ်လာတယ်။ အဲဒီအက်ရာတွေဟာ ဆေးသုတ်လည်း မပျောက်ဘဲကျန်နေတယ်။ Tesla ကုမ္ပဏီမှာ အင်ဂျင်နီယာတွေဟာ အလူမီနီယံနဲ့ ကားဘော်ဒီမလုပ်တတ်လို့ အဲဒီအစီအစဉ်ကို လက်လျှော့ဖို့ အီလွန်မတ်ကို အကြံပေးကြတယ်။ ဒါပေမဲ့ အီလွန်မတ်ဟာ သူဆုံးဖြတ်ချက်ကို မပြင်ဘူးလို့ ပြန်ပြောတယ်။ ဒါကြောင့် အင်ဂျင်နီယာတွေဟာ အလူမီနီယံဘော်ဒီလုပ်ဖို့ အကြီးအကျယ် တိုင်ပင်ကြပြီး အကြံထုတ်ကြတယ်။ *"အဲဒါကို ဖြစ်အောင်လုပ်ရမယ်မှန်း သိကြပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်မလဲနဲ့ အဲဒါရအောင် ဘယ်လောက်ကြာကြာ အချိန်ပေးရမလဲဆိုတာက ပြဿနာပါ"* လို့ အင်ဂျင်နီယာတစ်ယောက်က ပြောတယ်။

Model S အတွက် အဓိကကျတဲ့ ဒီဇိုင်းရွေးချယ်မှုတွေဟာ စိန်ခေါ်မှုတွေနဲ့ ကြုံရတယ်။ *"ကျွန်တော်က Model S မှာ ၁၇ လက်မအရွယ် touch screen တပ်ဆင်မယ်လို့ ပြောတော့ ကျွန်တော့်လူတွေက ပြောကြတယ်။ အဲဒါမျိုးဟာ ကားပစ္စည်းထုတ်လုပ်သူတွေဆီမှာ မရနိုင်ဘူးတဲ့။ "ကျွန်တော် သူတို့ကို ပြန်ပြောလိုက်တယ်။ အဲဒါ ငါသိပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီပစ္စည်းကို ဘယ်ကားမှာမှ မတပ်ဖူးလို့ပါလို့"* လို့ အီလွန်မတ် ပြောပြတယ်။ သူ ခုလိုစဉ်းစားတယ်။ ကွန်ပျူတာထုတ်လုပ်သူတွေဟာ ၁၇ လက်မအရွယ် laptop တွေ လုပ်ဖူးတဲ့ အတွေ့အကြုံတွေ အများကြီးရှိကြလို့ သူလိုချင်တဲ့ touch screen ကို လုပ်ပေးနိုင်မလားလို့ပါ။ *"Laptop တွေဟာ အကြမ်းခံတယ်။ ကြမ်းပြင်ပေါ်လွတ်ကျလည်း တော်ရုံနဲ့ မကွဲအက်ဘူး။ အလုပ်လုပ်လို့ရတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။ အင်ဂျင်နီယာတွေဟာ ကွန်ပျူတာလုပ်သူတွေဆီမှာ စုံစမ်းကြည့်ကြပြီး အီလွန်မတ်ကို ပြန်ပြောကြတယ်။ Laptop တွေရဲ့ ခံနိုင်တဲ့ အပူချိန်နဲ့ တုန်ခါမှုဟာ ကားတွေမှာတပ်ဆင်ဖို့ မသင့်တော်ဘူးတဲ့။ အီလွန်မတ်က laptop ကို ကားထဲမှာတပ်ဆင်ပြီး ကားကို မောင်းကြည့်တယ်။ Laptop ရဲ့ screen ဟာ ကားရဲ့ အပူချိန်နဲ့ တုန်ခါမှုကို ကောင်းကောင်းခံနိုင်ကြောင်း တွေ့ရတယ်။ အဲဒီလိုစမ်းသပ်နေချိန်မှာ laptop ဟာ ကောင်းကောင်းအလုပ်လုပ်တယ်။ ဒါကြောင့်

အီလွန်မတ်ဟာ အာရှတိုက်က ကွန်ပျူတာထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုကို ၁၇ လက်မ touch screen လုပ်ပေးဖို့ မှာလိုက်တယ်။ *"ကားမှာ touch screen သုံးဖို့ ကြံရွယ်တာ ပထမဆုံး ကုမ္ပဏီဟာ Tesla ဖြစ်ပါတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

Tesla အင်ဂျင်နီယာတွေဟာ ကားထုတ်လုပ်တဲ့စံနှုန်းတွေကို ပြောင်းလဲ လုပ်ရဲကြပေမယ့် အီလွန်မတ်ရဲ့အကြံတွေကို လက်တွေ့အကောင်အထည် ဖော်ဖို့ အခက်အခဲတွေ့နေကြတယ်။ *"သူတို့က ကားထဲမှာ မီးဖွင့်ဖို့ မီးခလုတ်တစ်ခု တပ်ချင်ကြတယ်။ ကျွန်တော်က 'မီးခလုတ် လိုလို့လား။ မှောင်နေတဲ့ကားထဲ ဝင်လိုက်တာနဲ့ သူ့အလိုလို မီးလင်းလာအောင် လုပ်လိုက်ပေါ့' လို့ ပြောလိုက်တယ်"* လို့ အီလွန်မတ်က ပြောပြတယ်။ နောက်ပြဿနာက ကားတံခါး လက်ကိုင်ပါ။ အင်ဂျင်နီယာတွေက Model S ပုံစံလုံပ်ထားတဲ့ကားရဲ့ တံခါးလေးပေါက်မှာ တံခါးဖွင့်ဖို့ တံခါးလက်ကိုင် လေးခု တပ်ထားကြတယ်။ အီလွန်မတ်နဲ့ ဗွန်ဟိုဇောင်စင်းတို့ နှစ်ယောက်စလုံး အဲဒီတံခါးလက်ကိုင်တွေကိုကြည့်ပြီး အတော်စိတ်ပျက်သွားကြတယ်။ ကားရဲ့အပြင်ဟာ ပြောင်လက်တောက်ပပြီး အလွန်လှပနေပေမယ့် အဲဒီအလှကို အပြင်ကိုဖုထွက်နေကြတဲ့ တံခါးလက်ကိုင်တွေက ဖျက်ဆီးလိုက်တယ်။ အီလွန်မတ်က အင်ဂျင်နီယာတွေကို ပြောလိုက်တယ်။ *"တံခါးလက်ကိုင်တွေဟာ ကားထဲ လူဝင်တော့မယ်ဆိုမှ အပြင်ကို ထွက်လာရမယ်။ သာမန်အချိန်မှာ လက်ကိုင်ဟာ တံခါးထဲမှာ မြှုပ်နေရမယ်"*။ အင်ဂျင်နီယာတွေဟာ အီလွန်မတ် လိုချင်တာကို အတော် ခက်ခက်ခဲခဲ လုပ်ယူကြရတယ်။

Model S ကားကို ဒီဇိုင်းဆွဲပြီးသလောက်အထိ ပုံစံတူ ကားတစ်စီးကို အင်ဂျင်နီယာတွေဟာ နေ့ရောညပါ အဆိုင်းနှစ်ဆိုင်းခွဲပြီး တည်ဆောက်ကြတယ်။ သူတို့ဟာ Space X ရဲ့ ကြမ်းပြင်ပေါ်က စတုရန်းပေ ၃၀၀၀ ကျယ်တဲ့ တဲထဲမှာ ပူးကပ်ပြီး အလုပ်လုပ်ကြတယ်။ သူတို့အလုပ်လုပ်တဲ့ နေရာဟာ အပြင်မှာကျင်းပတဲ့ မင်္ဂလာဆောင်အခမ်းအနားတစ်ခုက ဧည့်ခံကြိုဆိုတဲ့ နေရာလို လူတွေ ရှုပ်ယှက်ခတ်နေကြတယ်။ *"Space X က လူတွေဟာ Tesla*

ကုမ္ပဏီက ကျွန်တော်တို့ကို လေးစားမှုရှိကြပါတယ်။ တဲထဲကို ချောင်းကြည့်တာ၊ စပ်စုတာတွေ မလုပ်ကြဘူး" လို့ Tesla အင်ဂျင်နီယာဖြစ်တဲ့ 'အလီဂျာဗီဒန်' က ပြောပြတယ်။ ဗွန်ဟိုဇောင်စင်းက ဒီဇိုင်းရဲ့လိုအပ်ချက်တွေ ရှင်းပြပေးပြီး အင်ဂျင်နီယာတွေက အဲဒီ ဒီဇိုင်းအတိုင်း ပုံစံတူကားကို လုပ်တယ်။ သောကြာနေ့ နေ့ခင်းပိုင်းမှာ အင်ဂျင်နီယာတွေဟာ လုပ်ပြီးတဲ့ Model S ကားပုံစံတူကို စက်ရုံ နောက်ဘက်က မြေကွက်လပ်ကို ယူလာကြတယ်။ အီလွန်မတ် လာကြည့်ပြီး လိုအပ်တာတွေကို ပြောပြတယ်။ လူ ၅ ယောက် အလေးချိန်ရှိတဲ့ လမ်းခင်း ကျောက်တုံးတွေထည့်ထားတဲ့ ပုံးတွေကို ကားပေါ်မှာတင်ပြီး စမ်းမောင်းကြည့်တယ်။ စက်ရုံကို အကြိမ်ကြိမ် ပတ်မောင်းတယ်။ ကားဟာ အပူလွန်သွားမှ သို့မဟုတ် ပျက်သွားမှ စမ်းသပ်တာကို ရပ်လိုက်တယ်။

ဗွန်ဟိုဇောင်စင်းဟာ Tesla ကုမ္ပဏီရဲ့ ငွေကြေးအကျပ်အတည်းကို သိလာတာနဲ့အမျှ Model S ကားကို အမြန်ဆုံး ထုတ်လုပ်ချင်တယ်။ "*Tesla ရဲ့ အခြေအနေဟာ ပြိုလဲလုဆဲဆဲ ဖြစ်နေပါတယ်။ ကျွန်တော် ဒီကားကိုထုတ်ပြီး ကမ္ဘာကြီးကိုပြရမယ့် အခွင့်အလမ်းကို လက်လွှတ်မခံချင်ဘူးဗျာ*" လို့ သူ ပြောတယ်။ သူဖြစ်ချင်တာဟာ ၂၀၀၉ ခုနှစ် မတ်လ (သူ Tesla မှာ အလုပ်ဝင်ပြီး ၆ လ အကြာ) မှာ တကယ်ဖြစ်လာခဲ့တယ်။ Tesla က သတင်းသမားတွေကို ဖိတ်ခေါ်ပြီး Model S ကားကို Space X စက်ရုံထဲမှာ အခမ်းအနားနဲ့ ဖွင့်လှစ်ပြလိုက်တယ်။

ဒုံးပျံအင်ဂျင်တွေနဲ့ အလူမီနီယံ အချပ်ပြားပုံကြီးတွေကြားမှာ ခဲရောင် Model S ကားကို တွေ့ရတယ်။ အဝေးကနေကြည့်ရင် Model S ကားဟာ တောက်ပြောင်လှပနေတယ်။ သတင်းစာတွေမှာ ကားဟာ Aston Martin ကားနဲ့ Maserati ကားနှစ်စီးက မွေးဖွားပေးတဲ့ ကားလေးလို့ တင်စားရေးကြတယ်။ တကယ်တော့ ကားဟာ Model S ကားအစစ် မဟုတ်သေးပါဘူး။ သူ့ရဲ့ ကားအောက်ပိုင်းဟာ Mercedes CLS 4 ကားရဲ့ အောက်ခြေဖြစ်ပါတယ်။ ကားဘော်ဒီက အကာပြားတွေနဲ့ ကားစက်ခေါင်းအဖုံး (ကားဘောနက်) တို့ဟာ သံလိုက်

တွေနဲ့ ကပ်ထားတာပါ။ အဲဒါတွေကို သတင်းသမားတွေရော၊ တက်ရောက်လာ ကြသူတွေ မသိကြပါဘူး။ အခမ်းအနားနေ့မတိုင်ခင် နှစ်ရက်မှာ အင်ဂျင်နီယာ နှစ်ယောက်ဟာ ကားကို အပူမလွန်ခင် ဘယ်လောက်အကွာအဝေး မောင်းနိုင် တယ်ဆိုတာကို စမ်းမောင်းကြည့်ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခမ်းအနားဟာ အီလွန်မတ် မှန်းထားသလို အားလုံး အဆင်ပြေခဲ့ပါတယ်။

တကယ်တော့ လူတွေကို အခမ်းအနားမှာပြထားတဲ့ Model S ကားရောင်း နိုင်တဲ့ အဆင့်ရောက်ဖို့ အလားအလာ အတော်နည်းနေတယ်။ ဘာကြောင့်လဲ ဆိုတော့ Tesla မှာ ကားစီးရေ ထောင်ချီထုတ်လုပ်ပေးနိုင်တဲ့ စက်ရုံမရှိဘူး။ စက်ရုံရှိရင်တောင် အဲဒီစက်ရုံမှာ ဒီလိုစက်တွေ ရှိရမှာဖြစ်ပါတယ်။ အလူမီနီယံ အချပ်ပြားကြီးကို ဖြတ်တောက်ပြီး ကားတံခါး၊ ကားဘောနက်နဲ့ ကားအစိတ်အပိုင်း တွေ လုပ်ပေးတဲ့ blanking machine စက်တွေ ရှိရမယ်။ နောက်ပြီး အလူမီနီယံ အချပ်တွေကို လိုချင်တဲ့ပုံစံရအောင် ပုံသွင်းပေးတဲ့ stamping machine စက်ကြီး တွေလည်း ရှိရမယ်။ နောက်တစ်ခါ ကားတွေမှာ ပစ္စည်းကို အလိုအလျောက် တပ်ဆင်ပေးတဲ့ စက်ရုပ် robot တွေ တစ်ဒါဇင်လောက်၊ ကွန်ပျူတာနဲ့ထိန်းချုပ် ပြီး အပေါက်ဖောက်ပေးတဲ့ milling machine စက်တွေ၊ ဆေးဖြန်းသုတ်ပေးတဲ့ စက်တွေနဲ့ စက်ပစ္စည်းတွေကိုစမ်းသပ်တဲ့ ကိရိယာတွေလည်း ရှိဖို့လိုပါတယ်။ အဲဒါ တွေဝယ်ဖို့ ဒေါ်လာသန်းရာချီ ကုန်မှာဖြစ်ပါတယ်။ ဒုံပြင် အီလွန်မတ်အနေနဲ့ အလုပ်သမား ထောင်ပေါင်းများစွာကို အလုပ်ခန့်ရမှာဖြစ်တယ်။

အီလွန်မတ်ဟာ Space X က ဒုံးပျံနဲ့ အာကာသယာဉ်တွေကို တခြား ကုမ္ပဏီတွေကို အလုပ်မအပ်ဘဲ ကိုယ်တိုင်လုပ်သလို Tesla ကိုလည်း ကား တွေကို ကိုယ်တိုင်လုပ်စေချင်တယ်။ ဒါပေမဲ့ အဲဒီလိုလုပ်နိုင်ဖို့ စောစောကပြောခဲ့တဲ့ စက်တွေဝယ်ရင် ငွေအများကြီးကုန်မယ်။ ဝယ်ဖို့ ပိုက်ဆံမရှိဘူး။ ဒါကြောင့် ကား တွေရဲ့ အစိတ်အပိုင်းတွေကို တခြားကုမ္ပဏီတွေကို လုပ်ခိုင်းမယ်။ လုပ်ပြီးသွားတဲ့ ပစ္စည်းတွေ Tesla ကုမ္ပဏီကို ရောက်လာတဲ့အခါ ကားဖြစ်အောင် တပ်ဆင်ကြ မယ်။ Tesla ဟာ အဲဒီလို ကားအစိတ်အပိုင်းတွေကို တပ်ဆင်ပေးဖို့ စက်ရုံတစ်ရုံ

ကို New Mexico မှာ ဆောက်ဖို့ စီစဉ်တယ်။ နောက်တော့ အဲဒီမှာ မဆောက်ဖြစ်ဘဲ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဟိုဆေးမြို့မှာ ဆောက်ဖို့လုပ်တယ်။ အဲဒါလည်း မဆောက်ဖြစ်လိုက်ဘူး။ Tesla ဟာ စက်ရုံမရှိဘဲ ကားထုတ်ဖို့ ဖြစ်နိုင်ပုံ၊ မလားလို့ သံသယရှိတယ်ဆိုပြီး သတင်းစာတွေက ရေးကြတယ်။

Tesla ရဲ့ လုပ်ငန်းဖွံ့ဖြိုးရေးဌာနရဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ 'ဒဲမွတ်အိုကောနဲ့လ်' ဟာ ၂၀၀၆ ခုနှစ်မှာ Tesla ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တယ်။ သူဟာ စီးပွားရေးပညာဘွဲ့၊ မဟာဘွဲ့နဲ့ MBA ဘွဲ့တွေ ရထားခဲ့တယ်။ ဒုံပြင် ကုမ္ပဏီ အတော်များများမှာလည်း အလုပ်လုပ်ခဲ့ဖူးပြီး အတွေ့အကြုံ အများကြီးရှိခဲ့တယ်။ ဒါကြောင့် အီလွန်မတ်က သူ့ကို Tesla ကုမ္ပဏီမှာ ကြုံတွေ့နေရတဲ့ပြဿနာ အထူးသဖြင့် ငွေကြေးပြဿနာကို ဖြေရှင်းဖို့ အလုပ်ခန့်လိုက်တယ်။

အီလွန်မတ်က သူ့ကို အလုပ်ခန့်ပြီးတာနဲ့ ချက်ချင်းပဲ ဝါရှင်တန်မြို့ကို သွားခိုင်းတယ်။ Tesla ကုမ္ပဏီက လောင်စာဆီမသုံးတဲ့ လျှပ်စစ်ကား ထုတ်လုပ်မယ်ဆိုရင် ဝင်ငွေခွန် ဘယ်လောက်သက်သာသွားမလဲ ဆိုတာကို အမြတ်ခွန်ဌာနမှာ စုံစမ်းဖို့ပါ။ တစ်ချိန်တည်းမှာ အိုကောနဲ့လ်ဟာ စွမ်းအင်ဝန်ကြီးဌာနမှာ လျှပ်စစ်ကားထုတ်ဖို့အတွက် ငွေချေးပေးဖို့ လျှောက်လွှာတင်လိုက်တယ်။ *"ကျွန်တော် သိရသလောက်ဆိုရင် ကုမ္ပဏီဟာ ငွေအများကြီးလိုနေတယ်။ ငွေရဖို့အတွက် ကျွန်တော်လည်း နည်းလမ်းပေါင်းစုံစဉ်းစားပြီး လုပ်ကြည့်နေတယ်"* လို့ သူပြောပြတယ်။ Tesla ဟာ Model S ကားထုတ်ဖို့အတွက် ဒေါ်လာ သန်း ၁၀၀ နဲ့ သန်း ၂၀၀ ကြား ကုန်ကျမယ်လို့ ခန့်မှန်းထားတယ်။ *"လောလောဆယ် ကျွန်တော်တို့ဟာ ဒီလောက်များတဲ့ငွေတွေကိုရဖို့ မျှော်လင့်ချက် မရှိသလောက်ပဲ"* လို့ သူ ဆက်ပြော တယ်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလထဲမှာ မော်တော်ကားပြပွဲတစ်ခု ပြုလုပ်တယ်။ Detroit မြို့မှာပါ။ ၂၀၀၈ ခုနှစ်ကုန်လောက်က စတင်ခဲ့တဲ့ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးကြောင့် ကားကုမ္ပဏီကြီး အတော်များများဟာ ပြပွဲမှာ မပါဝင်ကြဘူး။ Porsche ကားကုမ္ပဏီလည်း မပါဝင်လို့ သူ့ကားတွေပြဖို့ ယာယီဆောက်ထားတဲ့ရုံ

booth ကို Tesla ကုမ္ပဏီအား ဈေးသက်သက်သာသာနဲ့ ငှားပေးလိုက်တယ်။ ၂၀၀၈ ခုနှစ်တုန်းက Tesla တရားစွဲခဲ့တဲ့ ဖစ်စကာလည်း booth အကြီးကြီးကို ဈေးကြီးပေး ငှားထားတယ်။ Tesla က booth ထဲမှာ Roadster ကားဘော်ဒီကို ဖြုတ်ချထားပြီး ကားအောက်ခံမှာ တပ်ဆင်ထားတဲ့ ဘက်ထရီတွဲကြီးနဲ့ (မော်တာနဲ့ ဂီယာအုံ့တွဲထားတဲ့) drive unit တွေပဲ ပြထားတယ်။ တခြား အပိုဆာဒါး တစ်ခုမှမပြဘူး။

Tesla ရဲ့ booth ထဲက ပစ္စည်းတွေကို ကားကုမ္ပဏီကြီးတွေက လာကြည့်ကြပြီး စိတ်ဝင်စားသွားကြတယ်။ ကားပြပွဲပြီးသွားလို့ သိပ်မကြာခင်မှာ Daimler (မာစီဒီးကား တွေထုတ်တဲ့ Mercedes-Benz ရဲ့ မိခင်ကုမ္ပဏီ) က Tesla ကုမ္ပဏီကိုဆက်သွယ်ပြီး ကုမ္ပဏီကို လာကြည့်ချင်တယ်လို့ ပြောတယ်။ Tesla က အင်ဂျင်နီယာတွေဟာ သူတို့ရောက်မလာခင် တစ်လအချိန်ရလို့ အဲဒီတစ်လအတွင်းမှာ လျှပ်စစ်ကားနှစ်စီးကို တပ်ဆင်လိုက်ကြတယ်။ Daimler က အရာရှိကြီးတွေ ရောက်လာကြပြီး အဲဒီကားတွေမှာတပ်ထားတဲ့ ဘက်ထရီအတွဲကြီးတွေကို အလွန်သဘောကျသွားကြတယ်။ ဒါကြောင့် ဂျာမနီနိုင်ငံမှာလုပ်တဲ့ မာစီဒီးကားတွေမှာတပ်ဆင်ဖို့ ဘက်ထရီအတွဲပေါင်း ၄ ထောင်ကို အော်ဒါမှာသွားတယ်။ နောက်တော့ Toyota ကားကုမ္ပဏီကလည်း ဘက်ထရီတွဲတွေ မှာယူကြပြန်တယ်။

၂၀၁၀ ခုနှစ် မေလထဲမှာ Tesla ရဲ့ ငွေကြေးအခြေအနေ စတင်ကောင်းလာတယ်။ Model S ကားကို စတင်ရောင်းပေးလိုက်ပြီ။ Daimler ကုမ္ပဏီက Tesla ရှယ်ယာစုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းကို ဒေါ်လာ သန်း ၅၀ နဲ့ ဝယ်လိုက်တယ်။ နောက်ပြီး Tesla က Daimler ရဲ့ လျှပ်စစ်ကားအစီး တစ်ထောင်အတွက် ဘက်ထရီတွဲတွေ လုပ်ပေးတယ်။ အဲဒီအတွက် Tesla ဟာ ငွေအတော်များများ ရလိုက်တယ်။ *"ပိုက်ဆံတွေရလိုက်ခြင်းဟာ အဲဒီအချိန်မှာ အလွန် အရေးကြီးခဲ့ပါတယ်။ Tesla ကုမ္ပဏီကို ဒေဝါလီခံရဖို့အရေးက လွတ်မြောက်စေခဲ့ပါတယ်"* လို့ အိုကောနဲ့လ်က ပြောပြတယ်။ *"ကမ္ဘာမှာ အကောင်းဆုံးနဲ့ ဈေးအကြီးဆုံးကားတွေ*

ထုတ်တဲ့ မာစီဒီးကားကုမ္ပဏီကြီးက ကျွန်တော်တို့ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံတယ် ဆိုတော့ ကျွန်တော်တို့ကုမ္ပဏီဟာ သာမန်ကုမ္ပဏီ မဟုတ်ဘူးဆိုတာကို သက်သေခံလိုက်တာပါပဲ" လို့ သူ ဆက်ပြောတယ်။

အဲဒါထက် ပိုပြီး ဝမ်းသာစရာကောင်းတာက ၂၀၁၀ ခုနှစ် ဇွန်လထဲမှာ စွမ်းအင်ဝန်ကြီးဌာနက Tesla ကို လျှပ်စစ်ကားတွေထုတ်နိုင်အောင် ဒေါ်လာ ၄၆၅ သန်း ချေးငွေထုတ်ပေးဖို့ စာချုပ်ပေးတယ်။ အီလွန်မတ်နဲ့ အိုကောနဲလ် တို့ဟာ အစိုးရဆီက ဒီလောက်များတဲ့ ချေးငွေရလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ကြလို့ အလွန်ပျော်သွားကြတယ်။ ဒါပေမဲ့ ကားတွေထုတ်ဖို့ ကားကုမ္ပဏီတွေ လိုအပ်တဲ့ ဒေါ်လာ ၁ ဘီလီယံပြည့်မီဖို့ ငွေတွေအများကြီး လိုပါသေးတယ်။ ဒါကြောင့် အီလွန်မတ်တို့ဟာ မမျှော်လင့်ဘဲ ငွေတွေအများကြီး ရလာမလား။ ဒါမှ မဟုတ် ကားထုတ်တဲ့ စက်ရုံတစ်ရုံကို ခိုးယူရင်ကောင်းမလားလို့တောင် စဉ်းစားနေကြတယ်။ ၂၀၁၀ ခုနှစ် မေလမှာ Tesla ဟာ ကားထုတ်တဲ့ စက်ရုံတစ်ခုကို ခိုးယူစရာမလိုဘဲ ရလိုက်ကြတယ်။ အဖြစ်က ဒီလိုပါ။

၁၉၈၄ ခုနှစ်တုန်းက အမေရိကန်ကားကုမ္ပဏီကြီး General Motors (GM) နဲ့ ဂျပန်ကားကုမ္ပဏီကြီး Toyota တို့ ပူးပေါင်းလိုက်ကြပြီး New United Motor Manufacturing Inc., (NUMMI) ဆိုတဲ့ ကုမ္ပဏီတစ်ခု ထောင်လိုက်ကြတယ်။ ကုမ္ပဏီသစ် NUMMI က Silicon Valley ရဲ့ဆင်ခြေဖုံး မြို့လေး Fremont မှာ ကားစက်ရုံတစ်ခု တည်လိုက်တယ်။ ကုမ္ပဏီနှစ်ခုဟာ အမေရိကန်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့မှာ ကားထုတ်လုပ်ရင်းရထားတဲ့ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေကို ပေါင်းစပ်ပြီး စျေးသက်သာတဲ့ အဆင့်မြင့်ကားတွေထုတ်ဖို့ ရည်မှန်းခဲ့ကြတယ်။ အစပိုင်းမှာ သူတို့ရဲ့ ရည်မှန်းချက် အောင်မြင်ခဲ့ပါတယ်။ NUMMI ကုမ္ပဏီရဲ့ Fremont ကားစက်ရုံကနေ Chevrolet Nova နဲ့ Toyota Corolla ကားတွေကို နှစ်စဉ် စင်းရေ သန်းချီ ထုတ်လုပ်ပေးခဲ့တယ်။ ဒါပေမဲ့ ၂၀၀၈ ခုနှစ်မှာ ဖြစ်ပွားလိုက်တဲ့ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးကြောင့် GM ကုမ္ပဏီဟာ ဒေဝါလီခံရလုဆဲဆဲ ဖြစ်သွားခဲ့တယ်။ ဒါကြောင့် GM ဟာ ၂၀၀၉

ခုနှစ်မှာ Fremont ကားစက်ရုံကို ဆက်မလုပ်တော့ဘူးဆိုပြီး ပူးပေါင်းလုပ်နေတဲ့ NUMMI ကုမ္ပဏီကနေ နှုတ်ထွက်လိုက်တယ်။ သိပ်မကြာခင်မှာပဲ Toyota ကုမ္ပဏီလည်း စီးပွားရေးအခြေအနေ မကောင်းလို့ဆိုပြီး အဲဒီစက်ရုံကို ပိတ်ပစ်လိုက်တယ်။ အလုပ်သမား ၅ ထောင်လောက် အလုပ်လက်မဲ့ ဖြစ်သွားကြတယ်။

ဒါကြောင့် Tesla ကုမ္ပဏီဟာ အကျယ် စတုရန်းပေ ၅.၃ သန်းရှိတဲ့ အဲဒီကားစက်ရုံကြီးကို ဝယ်ဖို့ အခွင့်အရေးရလိုက်တယ်။ အဲဒီစက်ရုံကြီးကနေ နောက်ဆုံး Toyal Corolla ကားကို ၂၀၁၀ ခုနှစ် ဖေဖြီလမှာထုတ်ပြီး တစ်လအကြာမှာ Tesla နဲ့ Toyota ကုမ္ပဏီတို့ဟာ အကျိုးတူစီးပွားဖြစ်လုပ်ကြမယ့် အကြောင်းနဲ့ စက်ရုံကို Tesla ထံ လွှဲပြောင်းပေးလိုက်ကြောင်း ပူးတွဲကြေညာကြတယ်။ (အရင်က ဒေါ်လာ ၁ ဘီလီယံတန်ခဲ့တဲ့) စက်ရုံကြီးကို Tesla က ဒေါ်လာ ၄၂ သန်းနဲ့ ဝယ်ယူလိုက်ပြီး Toyota က Tesla ရဲ့ ရှယ်ယာစုစုပေါင်းရဲ့ ၂.၅ ရာခိုင်နှုန်းအတွက် ဒေါ်လာ သန်း ၅၀ ထည့်ဝင် ရင်းနှီးမြှုပ်နှံပါတယ်။ Tesla ဟာ စက်ကြီးတွေ အများအပြားပါဝင်တဲ့ စက်ရုံကြီးကို အလကားနီးပါးစျေးနဲ့ ရလိုက်တယ်။

အဲဒီကံကောင်းမှုကြီးကြောင့် အီလွန်မတ်ဟာ ပျော်နေတယ်။ စက်ရုံကို လွှဲပြောင်းပေးလိုက်ကြောင်း စာချုပ်လိုက်တဲ့ ၂၀၁၀ ခုနှစ် မေလမှာ Tesla ဟာ အမျှားပိုင်ကုမ္ပဏီလုပ်ပြီး လူထုကို ပထမဆုံးအကြိမ် ရှယ်ယာရောင်းဖို့ ပြင်ပါတယ်။ ကုမ္ပဏီဟာ Model S ကို ထုတ်လုပ်ဖို့ ရန်ပုံသမျှ ငွေလိုအပ်နေပါတယ်။ လူထုကို ရှယ်ယာရောင်းရင် ဒေါ်လာ သန်း ၂၀၀ လောက် ရမယ်လို့ မျှော်လင့်ထားတယ်။

အီလွန်မတ်က လူထုကို ရှယ်ယာရောင်းပြီး Tesla ကို အမျှားပိုင်ကုမ္ပဏီလုပ်တာကို မလုပ်ချင်ဘူး။ မလုပ်ချင်တဲ့အကြောင်း နှစ်ချက်ရှိပါတယ်။ ပထမအကြောင်းက Tesla သာ အမျှားပိုင်ကုမ္ပဏီဖြစ်သွားရင် အရင်က Zip2 နဲ့ PayPal ကုမ္ပဏီတွေမှာတုန်းက ဖြစ်ပျက်ခဲ့သလို သူ့စိတ်ကြိုက် လုပ်လို့ရမှာ မဟုတ်ဘူး။ သူဟာ Tesla မှာ ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသူဖြစ်ပေမယ့်

တခြားရှယ်ယာရှင်တွေ သဘောမတူတာကို တစ်ဖက်သတ် လုပ်လို့ရမှာ မဟုတ်ဘူး။ သူဟာ ကုမ္ပဏီရဲ့ ရေရှည်ကိုကြည့်တတ်ပြီး ရင်းနှီးမြှုပ်နှံသူတွေကတော့ ရေတိုမှာ အမြတ်ရဖို့ပဲ ကြည့်တတ်ကြလို့ သဘောထားကွဲလွဲမှုတွေ ဖြစ်လာမှာ သေချာပါတယ်။ ဒုတိယအကြောင်းက Tesla ဟာ အမျှားပိုင်ကုမ္ပဏီဖြစ်သွားရင် ကုမ္ပဏီရဲ့ ငွေစာရင်းကို အမျှားမြင်သာအောင် ပြရတော့မယ်။ သူက မပြချင်ဘူး။ ဘာကြောင့်လဲဆိုတော့ Tesal ရဲ့ငွေရေးကြေးရေးအခြေအနေ မကောင်းဘူး။ ကုမ္ပဏီမှာ အခုချိန်အထိ ထုတ်လုပ်ထားတဲ့ပစ္စည်းဆိုလို့ Roadster ကားတစ်စီးပဲ ရှိသေးတယ်။ ကုမ္ပဏီဟာလည်း စောစောပိုင်းက ဒေါ်လီခ်ရလုနီးပါးအခြေအနေ ရောက်ခဲ့တယ်။ ကုမ္ပဏီဟာ ၂၀၀၃ ခုနှစ်မှာ စထောင်ခဲ့ပြီးကတည်းက ဒေါ်လာ သန်း ၂၉၀ ရှုံးပြီး စုစုပေါင်းဝင်ငွေဟာ ဒေါ်လာ ၁၄၇.၆ သန်းပဲ ရှိခဲ့တယ်။

Tesla ကုမ္ပဏီထဲက အတွင်းသိလူတစ်ယောက်ရဲ့ အပြောအရ Model S ကားတစ်စီးကို ဒေါ်လာ ၅၈၀၀၀ စျေးနဲ့ ကားစီးရေ ၂ သောင်း ရောင်းဖို့ မျှော်လင့်ထားတယ်တဲ့။ ကားတွေအကြောင်း blog ရေးလေ့ရှိတဲ့ Jalopnik ဝက်ဆိုဒ်က ခုလိုရေးတယ်။ *"အဲဒီလောက် ကားစီးရေ အမျှားကြီး ရောင်းရဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှာ မကြိုက်သူတွေနဲ့ အသစ်အဆန်းကြိုက်သူတွေဟာ အဲဒီကားကို ဝယ်စီးကြမှာဖြစ်ပေမယ့် ကားကုမ္ပဏီကြီးတွေဟာ သူတို့ရဲ့ အင်ဂျင်သုံးကားတွေ အရောင်းကျမှာကို မလိုလားကြလို့ ဒီတိုင်းလက်ပိုက်ကြည့်နေကြမှာ မဟုတ်ဘူး။ Model S ကားထက်သာတဲ့ ကားတွေကို စျေးသက်သက်သာသာနဲ့ ရောင်းပေးကြမှာပါ"* တဲ့။ ဝေဖန်သူအမျှားစုကလည်း Jalopnik ရဲ့ရေးသားချက်ကို သဘောတူကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ် Tesla ဟာ ၂၀၁၀ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှာ အမျှားပိုင်ကုမ္ပဏီအဖြစ် ပြောင်းလိုက်ပြီး ရှယ်ယာတွေ လူထုကို ထုတ်ရောင်းပေးတယ်။ ရှယ်ယာရောင်းရင်ငွေ စုစုပေါင်း ဒေါ်လာ ၂၂၆ သန်း ရလိုက်တယ်။ ရှယ်ယာဝယ်တဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ Tesla ကုမ္ပဏီက ၂၀၀၉ ခုနှစ်ထဲမှာ ဒေါ်လာ ၅၅.၇ သန်း ရှုံးခဲ့ပြီး ကုမ္ပဏီစတင်ခဲ့ပြီးကတည်းက ၇ နှစ်အတွင်း ဒေါ်လာ သန်း ၃၀၀ ကျော်

ရှုံးခဲ့တယ်ဆိုတာတွေကို သိပေမယ့် ရေရှည်မှာ အမြတ်ရမယ်လို့ ယုံကြည်ပြီး ရှယ်ယာတွေ ဝယ်ခဲ့ကြတာပါ။ Tesla က ရှယ်ယာတွေရောင်းပြီး ငွေတွေအများကြီး ရလိုက်တာကို ပြိုင်ဘက်ကားကုမ္ပဏီကြီးတွေ သဘောမကျကြဘူး။

Tesla မှာ ငွေကြေးအလုံအလောက်ရှိလာပြီမို့ အီလွန်မတ်ဟာ လုပ်ငန်းကို တိုးချဲ့တယ်။ အင်ဂျင်နီယာအသစ်တွေ တိုးခန့်တယ်။ Model S ကို တိုးတက်အောင်လုပ်ဆောင်မှုတွေကို တိုးချဲ့လုပ်တယ်။ Tesla ရဲ့ ရုံးချုပ်ကို လက်ရှိနေရာကနေ Palo Alto မြို့က ကြီးမားတဲ့ အဆောက်အဦကြီးကို ပြောင်းရွှေ့လိုက်တယ်။ ဗွန်ဟိုဇောင်စင်းကလည်း သူ့ရဲ့ဒီဇိုင်းအသင်းအတွက် လူသစ်တွေခန့်တယ်။ Palo Alto ရုံးချုပ်သစ်ရဲ့ မြေအောက်ခန်းမှာ (Fremont စက်ရုံမှာ ပုံစံသွင်း လုပ်ထားတဲ့) ကားဘော်ဒီ၊ ပြန်လည်ဆန်းသစ်ထားတဲ့ ဘက်ထရီအတွဲနဲ့ အီလက်ထရောနစ် ပစ္စည်းသစ်တွေကို စမ်းသပ်ဆဲ Model S ကားမှာ အားချင်း တပ်ဆင်ကြတယ်။ *"တပ်ဆင်မှုအားလုံးဟာ မနက် ၂ နာရီမှာ ပြီးစီးသွားတယ်"* လို့ အင်ဂျင်နီယာ 'ဂျာဗင်ဒန်' က ပြောပြတယ်။ *"ကျွန်တော်တို့ဟာ စိတ်လှုပ်ရှားနေကြပြီး မှန်တွေမတပ်ရသေးတဲ့၊ ကားအတွင်းပိုင်းပစ္စည်းတွေ မတပ်ရသေးတဲ့၊ ကားဘောနက်မပါတဲ့ ကားကို စမ်းသပ်မောင်းကြည့်ကြတယ်"* လို့ သူ ဆက်ပြောတယ်။

တပ်ဆင်မှုအားလုံးပြီးလို့ နှစ်ရက်အကြာမှာ အီလွန်မတ် ကားကို လာကြည့်တယ်။ ကားကို အပြင်ကနေ ခဏကြည့်ပြီးတာနဲ့ ကားထဲဝင်ထိုင်လိုက်ပြီး မြေအောက်ခန်းအစွန်အထိ ကားကိုမောင်းသွားတယ်။ အဲဒီမှာ အင်ဂျင်နီယာတွေဟာ သူ ဘာပြောမလဲဆိုတာ ရပ်စောင့်နေကြတယ်။ သူဟာ ကားထဲကထွက်လာပြီး ကားနဲ့ ပတ်သက်တဲ့ ဝေဖန်ချက်တွေ ပြောပြတယ်။ *"သူက ပုံမှန်အားဖြင့် အပြုသဘောဆောင်တဲ့ ဝေဖန်ချက်တွေပေးတာ မျှားပါတယ်။ ဥပမာ ကားစတီယာရင်ဟာ ကိုင်ရတာ လေးနေတယ်။ ထိုင်ခုံခါးပတ်ဟာ တင်းလွန်းတယ် စတာမျိုးတွေပါ။ ဒါပေမဲ့ သူ့ဝေဖန်ချက်တွေကို ဂရုတစိုက် ပြုပြင်ပေးကြရတယ်။ အဲဒီလို ကားလာကြည့်တာကို လန့်ချီပြီး အကြိမ်ပေါင်းများစွာလုပ်တယ်။ လာတိုင်းလည်း*

ပြောစရာရှိတာကို မြန်မြန်ထက်ထက် ပြောပြီးတာနဲ့ အစည်းအဝေးတက်ဖို့ ကမန်းကတန်း ထွက်ခွာသွားတယ်" လို့ အင်ဂျင်နီယာ ဂျာဗင်ဒန်က ပြောတယ်။

တစ်ခါတလေ အီလွန်မတ်ဟာ စမ်းသပ်ဆဲ Model S ကားကို တစ်ပတ်လောက် အိမ်ယူသွားတယ်။ သူသွားစရာရှိရင် အဲဒီကားကို မောင်းသွားတယ်။ တစ်ပတ်ကြာတော့ စက်ရုံကို ကားပြန်ယူလာပြီး အင်ဂျင်နီယာတွေကို ကားမှာ ပြုပြင်စရာအချက်တွေကို ပြောပြတယ်။ အချက်ပေါင်းဟာ ၅၀ ကနေ ၈၀ အထိ ရှိတယ်။ သူဟာ အဲဒါတွေကို စာရွက်နဲ့ ရေးမှတ်ထားခြင်းမရှိဘဲ အလွတ်ပြောပြတယ်။ နောက်တစ်ခါကျရင် သူပြောတဲ့အချက်တွေကို သူလူတွေလုပ်တာ ပြီး၊ မပြီး လာစစ်တယ်။ တကယ်လို့ မလုပ်ထားရင် အီလွန်မတ်ရဲ့ အကြီးအကျယ် ဆူပူကြိမ်းမောင်းမှုကို ခံရတယ်။

Tesla က Model S ရဲ့ alpha car (ပထမအဆင့် စမ်းသပ်ကား) တစ်ဒါဇင် ထုတ်လုပ်လိုက်တယ်။ အဲဒါတွေထဲက ၂ စီးကို Bosch စတဲ့ ကုမ္ပဏီတွေဆီ ဘရိတ်ဖမ်းတဲ့စနစ် တပ်ဆင်ဖို့ ပို့လိုက်တယ်။ ကျန်ကားတွေကိုတော့ စမ်းသပ်ဖို့နဲ့ ဒီဇိုင်းပြုပြင်မွမ်းမံဖို့ အဖွဲ့တွေဆီ ပို့ပေးလိုက်တယ်။ အဖွဲ့တစ်ဖွဲ့ဟာ ကားတစ်စီးရဲ့ အအေးဒဏ်ခံနိုင်ရည်ရှိမှု ရှိ၊ မရှိ စစ်နေရင် နောက်တစ်ဖွဲ့က ကားရဲ့ မော်တာကနေ ဘီးတွေကိုလှည့်ပေးတဲ့ ဝင်ရိုးတံကို စစ်ဆေးတယ်။ "*ကျွန်တော်တို့ စစ်ဆေးနေကြတာကို ကြည့်ပြီး Toyota နဲ့ Daimler ကားကုမ္ပဏီတွေက အင်ဂျင်နီယာတွေဟာ အတော်အံ့ဩနေကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ စမ်းသပ်စစ်ဆေးစရာ alpha car ကားပေါင်း နှစ်ရာကျော်နဲ့ beta car (ထုတ်လုပ်မှု အပြီးသတ်ခါနီး ဒုတိယအဆင့် စမ်းသပ်ကား) ပေါင်း တစ်ထောင်ကျော် ရှိကြတယ်။ ကျွန်တော်တို့ကတော့ ကား ၁၅ စီးလောက်နဲ့ပဲ စမ်းသပ်မှုတွေ လုပ်နေကြလို့ပါ*" လို့ အင်ဂျင်နီယာ ဂျာဒီဗန်က ပြောတယ်။

သောကြာနေ့တိုင်း အီလွန်မတ်နဲ့ ဗွန်ဟိုဇောင်စင်းတို့ဟာ Space X စက်ရုံထဲက design studio လုပ်ထားတဲ့ တဲထဲမှာ ဒီဇိုင်းလုပ်နေဆဲ Model S ကားကို သွားကြည့်ကြတယ်။ အီလွန်မတ်က Model S ရဲ့ ယာဉ်မောင်းနေရာနဲ့

ဟိုဇောင်စင်းက သူ့ဘေးမှာ ဝင်ထိုင်ကြည့်ကြတယ်။ အီလွန်မတ်ဟာ ကားထဲကို ဝေ့ဝိုက်ကြည့်လိုက်တယ်။ ယာဉ်မောင်းသူရဲ့မျက်စိကို နေမထိုးအောင် ကားမှန် အပေါ်မှာတပ်ထားတဲ့ နေကာမှာ စပ်ကြောင်းလေးတစ်ခုကနေ အတွင်းသား ပေါ်နေတယ်။ သူက အဲဒါကို လက်နဲ့ အသာဖြဲပြီး အတွင်းက ပလတ်စတစ်ကို ကော်ထုတ်လိုက်တယ်။ နောက်ပြီး နေကာကို ဝက်အူလေးတွေစုပ်ထားတာ သူ ဘဝင်မကျဘူး။ အဲဒီဝက်အူလေးတွေကို ကြည့်ရင်း သူမျက်လုံးတွေကို အပ်နဲ့ ထိုးစိုက်သလို ခံစားရတယ်လို့ ပြောတယ်။ သူက *"ကျွန်တော်တို့ အဲဒါကို ကမ္ဘာမှာ အကောင်းဆုံး နေကာတစ်ခုနဲ့ လဲတပ်ချင်တယ်ဗျာ"* လို့ ဗွန်ဟိုဆောင်ဇင်းကို ပြောလိုက်တယ်။ အနားမှာရှိနေကြတဲ့ အင်ဂျင်နီယာနှစ်ယောက်ဟာ သူပြောလိုက် တာကို လိုက်ရေးမှတ်ကြတယ်။

Model S ကားကိုလုပ်နေတဲ့ တစ်ချိန်တည်းမှာ Tesla ဟာ Model X လျှပ်စစ်ကားကို တီထွင်နေတယ်။ အဲဒါက Model S ရဲ့ ကားအောက်ခံပေါ်မှာ SUV ကား (မြို့တွင်းနဲ့ တောလမ်းမှာ မောင်းလို့ရတဲ့ ကား) နဲ့ ဗင်ကား နှစ်မျိုး ပေါင်းစပ်ထားတဲ့ ကားဘော်ဒီကို ဆောက်လုပ်ထားခြင်းပါ။ ဗွန်ဟိုဆောင်ဇင်းဟာ Model X ကားရဲ့ထိုင်ခုံနေရာချမှုကို ၄ မျိုးလုပ်ထားတယ်။ ထိုင်ခုံတွေကို ရှေ့နှစ်ခု အသေနဲ့ နောက်နှစ်ခု အရှင်၊ သို့မဟုတ် ရှေ့နှစ်ခု အရှင်နဲ့ နောက်နှစ်ခု အသေ၊ သို့မဟုတ် ထိုင်ခုံအားလုံး အသေ၊ သို့မဟုတ် အားလုံး အရှင် စတာတွေပါ။ အဲဒါ တွေထဲက တစ်မျိုးကို ရွေးချယ်ဖို့ပါ။ အီလွန်မတ်ဟာ ထိုင်ခုံအားလုံး အရှင်ကို ကြိုက်တယ်။ ခရီးသည်အားလုံးဟာ ထိုင်ခုံတွေကို ကြိုက်တဲ့ဘက်ကိုရွှေ့ပြီး လွတ်လွတ်လပ်လပ် ထိုင်နိုင်ကြတယ်။ *"ပြဿနာက သူတို့ ကြိုက်သလိုထိုင် ကြရင် ထိုင်ခုံတွေဟာ မညီမညာဖြစ်ပြီး ကြည့်ရတာ အတော်ရုပ်ဆိုးမယ်။ အဲဒါကို ဖြေရှင်းဖို့လိုမယ်"* လို့ အီလွန်မတ်က ပြောတယ်။

တစ်ရက်မှာ အီလွန်မတ်နဲ့ ဗွန်ဟိုဇောင်စင်းတို့ဟာ လော့အင်ဂျဲလိစ်မြို့က ကားပြပွဲတစ်ခုကို သွားကြည့်ကြတယ်။ အဲဒီမှာပြထားတဲ့ ကားတွေထဲက SUV ကားတစ်စီးကို လာကြည့်တဲ့မိဘတွေဟာ ကားရဲ့အပြင်ကနေ သူတို့ကလေးတွေ

ကို နောက်ထိုင်ခုံတွေမှာ နေရာချပေးတာကို သူတို့ကိုယ်ကို တွန့်လိမ်ကွေးကောက်ပြီးမှ လုပ်ပေးကြရတာကို တွေ့ရတယ်။ အဲဒီလိုဖြစ်ရတာဟာ SUV ကားရဲ့ ဘေးနှစ်ဖက်က sliding door ဟာ ဖွင့်လိုက်ရင် အပြည့်မပွင့်ဘဲ ကားဝင်ပေါက် အကျယ်ရဲ့ ၃ ပုံ ၁ ပုံကို ကာထားပေးတာကြောင့်ပါ။ ဒါကြောင့် ကလေးတွေကို နောက်ထိုင်ခုံမှာ နေရာချပေးဖို့ အခက်အခဲတွေ မရှိစေချင်ရင် တံခါးတွေကို sliding door သုံးလို့မဖြစ်ဘူး။ *"ဒါဆိုရင် ဘယ်လိုတံခါးမျိုး သုံးကြမလဲလို့ အီလွန်မတ်နဲ့ ကျွန်တော် တိုင်ပင်ကြတယ်"* လို့ ဗွန်ဟိုဇောင်စင်းက ပြောပြတယ်။ *"အဆင့်မြင့် ကားတစ်စီးဖြစ်တဲ့ DeLorean ကားရဲ့ gull-wing လို့ခေါ်တဲ့ တံခါးမျိုးကို စဉ်းစားမိကြတယ်။ Gull-wing ဆိုတာ ဘေးနှစ်ဖက်က တံခါးနှစ်ချပ်ကို ကားခေါင်မိုးမှာ ပတ္တာနဲ့ ချိတ်တွဲထားပြီး တံခါးနှစ်ချပ်ကို လှန်ဖွင့်လိုက်ရင် ငှက်ရဲ့တောင်ပံနှစ်ဖက် ကားသလို ဖြစ်နေတာကို တွေ့ရတယ်။ ဒီနည်းဟာ တံခါးဝင်ပေါက်ကို အပြည့်အဝပွင့်စေလို့ စောစောကပြောတဲ့ ကလေးကို နောက်ထိုင်ခုံမှာ နေရာချပေးဖို့ခက်တဲ့ ပြဿနာ မရှိနိုင်တော့ဘူး။ ဒါပေမဲ့ McLorean ကားနဲ့ တခြားကားတွေမှာ တပ်ဆင်ထားတဲ့ gull-wing တံခါးတွေကို ကြည့်ရတာ ရုပ်ဆိုးတယ်။ ဒါကြောင့် တံခါးနှစ်ချပ်ကို gull-wing လို ဖွင့်လိုက်ရင် သိမ်းငှက်ရဲ့တောင်ပံနှစ်ဖက် ဖြန့်ကားထားသလို ကြွကြွရွရွ လှလှပပရှိစေမယ့် တံခါးမျိုး လုပ်မယ်။ အဲဒီတံခါးကို falcon-wing လို့ နာမည်ပေးမယ်"* လို့ အီလွန်မတ်က ပြောတယ်။

Tesla အင်ဂျင်နီယာတွေဟာ အီလွန်မတ်က falcon-wing လုပ်မယ်လို့ ပြောလိုက်တာနဲ့ လန့်သွားကြတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါဟာ လုပ်ဖို့ခက်မှန်း သိကြလို့ပါ။ ဒါပေမဲ့ လုပ်ဖို့ခက်တယ်လို့ မပြောရဲတာနဲ့ ဆင်ခြေတွေ ပေးကြတယ်။ ကားကို ကားထားတဲ့ရုံထဲမှာ ထည့်လို့မရဘူး။ တံခါးဟာ ဖွင့်နေရင်း jam ညပ်သွားလို့ ဆက်ဖွင့်မရတော့ဘူး စတာတွေပါ။ အီလွန်မတ်ဟာ gull-wing တပ်ထားတဲ့ ကားတစ်စင်းကို သူ့အိမ်ယူသွားပြီး သူ့ကားရုံထဲမှာ ကားတံခါး အဖွင့်အပိတ် လုပ်ကြည့်တယ်။ Jam ညပ်တာ မဖြစ်ဘူး။ အင်ဂျင်နီယာတွေကို

ခေါ်ပြတယ်။ အင်ဂျင်နီယာတွေလည်း Model X ကားအတွက် အီလွန်မတ် စိတ်တိုင်းကျ falcon-wing တံခါးကို လုပ်ပေးလိုက်ကြတယ်။ *"အဲဒီတံခါးဟာ Model S က ကားတံခါးမှာ မြှုပ်ထားတဲ့ တံခါးလက်ကိုင်လိုပဲ လူတွေ အတော်သဘောကျကြတယ်"* လို့ ဗွန်ဟိုဇောင်စင်းက ပြောပြတယ်။

၂၀၁၂ ခုနှစ် ဇွန်လ ၂၂ ရက်နေ့မှာ Tesla က သူ့ဝန်ထမ်းအားလုံးနီးပါး။ ဖောက်သည်တချို့နဲ့ သတင်းသမားတွေကို အခမ်းအနားတစ်ခု တက်ရောက်ဖို့ Fremont က ကားထုတ်တဲ့စက်ရုံကို ဖိတ်ခေါ်လိုက်တယ်။ စက်ရုံကထွက်လာတဲ့ Model S ကားတွေကို ငွေအကျေပေးပြီး ဝယ်ထားသူတွေ လာရောက် လက်ခံယူတဲ့ အခမ်းအနားပါ။ ပြင်ပကလူတွေဟာ ပထမဆုံးအကြိမ် ကားထုတ်စက်ရုံကို ကြည့်ပြီး ရင်သပ်ရှုမော ဖြစ်သွားကြတယ်။ စက်ရုံရဲ့ အပြင်ဘက် မျက်နှာစာရဲ့ အပေါ်မှာ TELSA ဆိုတဲ့ ကြီးမ်ားတဲ့ အနက်ရောင်စာလုံးတွေကို ရေးဆွဲထားလို့ အမြန်လမ်းမကြီးပေါ်က ကားမောင်းသူတွေနဲ့ လေယာဉ်မောင်းသူတွေဟာ Tesla စက်ရုံမှန်း သိကြတယ်။ အရင် NUMMI ကုမ္ပဏီလက်ထက်က ညစ်ပေ မဲမှောင်နေတဲ့ စက်ရုံအတွင်းပိုင်းကို အီလွန်မတ်က သန့်ရှင်းသပ်ရပ်အောင် လုပ်ထားတယ်။ ကြမ်းပြင်တစ်ခုလုံးကို မီးခိုးရောင် epoxy ဆေး သုတ်ထားသလို နံရံတွေနဲ့ ရက်မတွေကိုလည်း ဆေးဖြူသုတ်ထားတယ်။ ပေ ၃၀ မြင့်တဲ့ Stamping machine (အလူမီနီယံအချပ်တွေကို လိုချင်တဲ့ပုံစံရအောင် ပုံသွင်းပေးတဲ့ စက်) စက်ကြီးတွေကိုလည်း ဆေးဖြူသုတ်ထားတယ်။ ဒါပေမဲ့ ကားမှာ ကားအစိတ်အပိုင်းတွေ တပ်ဆင်ပေးတဲ့ Robot စက်ရုပ်တွေကိုတော့ အနီရောင်ဆေးသုတ်ထားတယ်။ ဒါကြောင့် စက်ရုံအတွင်းပိုင်းဟာ ခရစ္စမတ်ဘိုးဘိုးကြီး Santa Claus ရဲ့ ဝတ်စုံက အနီနဲ့အဖြူ ရောစပ်ထားတာနဲ့ တူနေတယ်။ အီလွန်မတ်က စက်ရုံရဲ့ ကြမ်းပြင်မှာ အင်ဂျင်နီယာတွေ အလုပ်လုပ်ဖို့ အမိုးမပါ အကာသက်သက် ရုံးခန်းလေးတွေ လုပ်ပေးထားတယ်။ သူလည်း အဲဒီနားက ရုံးခန်းတစ်ခုမှာ ရုံးထိုင်တယ်။

Model S ကို ကားဝယ်သူတွေဆီ လွှဲပြောင်းမပေးခင် စက်ရုံထဲမှာ

နောက်ဆုံး စမ်းသပ်မှုလုပ်ပေးတယ်။ ကြမ်းပြင်ပေါ်က မည်မည်ရှာ ခုံးထနေတဲ့ နေရာကိုဖြတ်ပြီး ကားကိုမောင်းခိုင်းတယ်။ စစ်ဆေးသူတွေက ကားဆီက သာမန် မဟုတ်တဲ့အသံ ကြား။ မကြား စစ်ဆေးကြတယ်။ နောက်ပြီး ကားကို အလုံပိတ်ခန်း ထဲက အရှိန်ပြင်းပြင်း ရေပန်းတွေကြားကနေ ဖြတ်မောင်းစေပြီး ကားထဲကို ရေစိမ့်ဝင်မှု ရှိ၊ မရှိ စစ်ဆေးကြပြန်တယ်။ နောက်ဆုံးစစ်တဲ့ နေရာကတော့ ကြမ်းပြင်ပေါ်က ဝါးနဲ့လုပ်ထားတဲ့ စင်မြင့်ရှည် နိမ့်နိမ့်ပေါ်မှာ ကားတွေကို ရပ်ထား ခိုင်းတယ်။ ကားတွေကို LED မီးတွေနဲ့ထိုးပြီး အပြစ်အနာအဆာ အသေးလေး ကအစ မြင်အောင် ရှာကြည့်ကြတယ်။ ကားရဲ့အပြင်သာမကဘဲ ကားဘီးတွေနဲ့ ကားအောက်ခြေတွေကိုပါ အသေးစိတ် စစ်ဆေးကြတယ်။ အီလွန်မတ်လည်း ဝင်စစ်ဆေးတယ်။ *"တစ်ခါတလေ သူဟာ ဝါးစင်မြင့်ပေါ်မှာ ပက်လက်လှန်ပြီး ကားအောက်ပိုင်းကို စစ်ဆေးတယ်"* လို့ ရင်းနှီးမြှုပ်နှံသူနဲ့ Tesla ရဲ့ ဒါရိုက်တာ အဖွဲ့ဝင် 'စတီဗ်ဂျာဗက်ဆန်' က ပြောပြတယ်။

စစ်ဆေးပြီးသွားတဲ့ ကားတွေကို ဝါးစင်မြင့်ပေါ်မှာ ရပ်ထားတယ်။ ပြီးတော့ ကားတွေကို တစ်စီးပြီးတစ်စီး ဝယ်သူတွေဆီ လွှဲပြောင်းပေးနေတာကို ရာချီတဲ့ လူတွေဟာ ဝိုင်းပြီး လက်ခုပ်လက်ဝါးတီး အားပေးကြတယ်။ အဲဒီလူအုပ်ထဲက Tesla ဝန်ထမ်း အတော်များများဟာ အရင်က ပိတ်သိမ်းသွားတဲ့ NUMMI ကုမ္ပဏီက ဖြစ်ခဲ့ကြတယ်။ သူတို့ဟာ အဲဒီကုမ္ပဏီ ပိတ်သိမ်းလိုက်လို့ အလုပ်လက်မဲ့ ဖြစ်ခဲ့ကြပြီး Tesla က သူတို့ကို အလုပ်ပြန်ခန့်ထားခဲ့တယ်။ အခု သူတို့ဟာ Tesla မှာ အလုပ်လုပ်ရတာကို ပျော်နေကြတယ်။ အမေရိကန်အလံငယ်လေးတွေကို လက်မှာကိုင်ဝှေ့ရမ်းရင်း အနီ၊ အဖြူနဲ့ အပြာရောင် နေကာဦးထုပ်တွေ ဆောင်း ထားကြတယ်။ Model S ကားတွေကို တင်ထားတဲ့ ဝါးစင်မြင့်ဘေးကပ်လျက်က အလုပ်သမားတစ်စုက အော်ဟစ် မြူးထူးနေကြတယ်။ အီလွန်မတ်နဲ့ Tesla ကုမ္ပဏီကို ဝေဖန်ပြစ်တင် ပြောဆို ကြသူတွေဟာ အခုအခမ်းအနားအစီအစဉ်ကို ကြည့်ပြီး လောလောဆယ်မှာ သဘောထား ပျောပျောင်းသွားကြတယ်။ NUMMI ကနေ အလုပ်ပြုတ်သွားခဲ့ကြတဲ့ လူထောင်ပေါင်းများစွာကို အလုပ်ခန့်ပေးခဲ့တဲ့

Tesla ရဲ့ လုပ်ရပ်ကို သူတို့ မချီးကျူးဘဲ မနေနိုင်ကြဘူး။ နောက်ကွယ်က စက်သံ တွေကြားမှာ အီလွန်မတ်က အခမ်းအနား တက်ရောက်လာကြသူတွေကို အမှာ စကား တိုတိုပြောပြီး ကားဝယ်ထားသူတွေကို ကားသော့တွေ အပ်နှံပေးတယ်။ ကားသော့ရပြီးကြသူတွေဟာ ဝါးစင်မြင့်ပေါ်က Model S ကားတွေကို တစ်စီး ပြီးတစ်စီး မောင်းပြီး စက်ရုံထဲက ထွက်သွားကြတယ်။ အဲဒါကို Tesla ဝန်ထမ်း တွေက မတ်တပ်ရပ်ပြီး အားပါးတရ လက်ခုပ်တီး သြဘာပေးကြတယ်။

ဒီအခမ်းအနားမတိုင်ခင် ၄ ပတ်လောက်က Space X ဟာ Dragon အာကာသယာဉ်ကို ISS (နိုင်ငံတကာအာကာသစခန်း) ဆီ ပို့ဆောင်ခဲ့ပြီး အာကာသယာဉ်ဟာ ကမ္ဘာမြေပေါ် ချောချောမောမော ပြန်ဆင်းလာခဲ့တယ်။ ဒီလို လုပ်နိုင်တာ ပုဂ္ဂလိကကုမ္ပဏီတွေမှာ Space X ဟာ ပထမဆုံးဖြစ်ပါတယ်။ အဲဒီ စွမ်းဆောင်နိုင်မှုနဲ့အတူ Model S လျှပ်စစ်ကား ထုတ်လုပ်လိုက်ခြင်းဟာ အီလွန်မတ်ကို လူအများ အထင်ကြီးလေးစားသွားစေပါတယ်။ လုပ်မယ်လို့ ကတိ တွေပေးနေခဲ့တဲ့သူဟာ တကယ်လည်း အဲ့မခန်းဖွယ်ရာတွေကို လုပ်ပြခဲ့ပါတယ်။ *"ကျွန်တော်ဟာ အကောင်းမြင်တတ်လွန်းလို့ ပြီးရမယ့်ရက်ကို စောပြောတတ်ပြီး ပြီးရမယ့်ရက်မှာ မပြီးခဲ့တာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ လုပ်မယ်လို့ ကတိပေးထားတဲ့ အလုပ်ကို ပြီးမြောက်အောင်တော့ လုပ်နိုင်ခဲ့ပါတယ်"* လို့ အီလွန်မတ်က ပြော ပြတယ်။

အီလွန်မတ်ဟာ အောင်မြင်မှုအတွက် အခမ်းအနား ကျင်းပနေချိန်မှာ သူ့ဇနီး တာလူလာ မပါဝင် မဆင်နွှဲနိုင်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ သူနဲ့ အီလွန်မတ်တို့ဟာ ကွာရှင်းပြတ်စဲပြီးနေကြလို့ပါ။ အီလွန်မတ်ဟာ အချိန်ရရင် သူနဲ့ပြန်ပေါင်းထုတ်ဖို့ ကြိုးစားချင်စိတ်ရှိနေတယ်။ အိမ်ထောင်ရေး အဆင်မပြေ လို့ နှစ်ပေါင်းများစွာ အနားမရခဲ့တဲ့ အီလွန်မတ်ဟာ လောလောဆယ်မှာ ယာယီ စိတ်ချမ်းသာမှု ရှာတယ်။ အဲဒါက ပထမဇနီး ဂျပ်စတင်နဲ့ရခဲ့တဲ့ သူ့ကလေးတွေ ကိုခေါ်ပြီး ဟာဝိုင်ယီကျွန်းနားက မာဝီကျွန်းလေးမှာ သွားအနားယူတယ်။ အဲဒီမှာ ရောက်နေကြတဲ့ သူညီ ကင်းဘားမိသားစုနဲ့လည်း တွေ့ဆုံတယ်။ *"ကျွန်တော့်*

ဘဝမှာ တကယ် အနာဂရလိုက်တဲ့အချိန်ပါ" လို့ အီလွန်မတ်က ပြောပြတယ်။ ကျွန်တော့်ကို (စာရေးသူကို) ပြောပြတယ်။ သူကလေးတွေနဲ့ ကင်းဘားရဲ့ကလေးတွေကို သူက ဒုံးပျံအသေးလေး လွှတ်တင်တာ သင်ပြပေးတယ်။ သူတို့ဟာ တောထဲမှာ စခန်းချကြတယ်။ ပင်လယ်ကမ်းစပ်မှာ ရေကူးကြတယ်။ လုံးထွင်းလှေတွေ လှော်ပြီး အနာဂကျွန်းတွေကို သွားကြတယ်။ သူ အလွန်ပျော်ခဲ့ရတယ်တဲ့။

ဒါပေမဲ့ သူပျော်ရတဲ့အချိန်ဟာ သိပ်မကြာလိုက်ဘူး။ Tesla ရဲ့ အသက်ရှင်ရပ်တည်နေနိုင်ဖို့ စစ်ပွဲပြန်စပါပြီ။ ကုမ္ပဏီဟာ တစ်ပတ်မှာ ကား ၁၀ စီးပဲ ထုတ်လုပ်နိုင်ပြီး ကားမှာထားသူ ထောင်ပေါင်းများစွာကို ကားတွေ မပေးနိုင်သေးဘူး။ ဒီအတိုင်းဆိုရင် Tesla ဟာ အကြီးအကျယ် နာမည်ပျက်တော့မယ်။ ကားမှာထားသူတွေဟာ ကားမှာထားတာကို ဖျက်သိမ်းကြလိမ့်မယ်။ ဒါဆိုရင် သူတို့ရဲ့ စရန်ငွေတွေကို ပြန်အမ်းပေးရမယ်။ ကားထောင်ပေါင်းများစွာကို အချိန်တိုတိုအတွင်း အရှုံးမရှိဘဲ ထုတ်လုပ်နိုင်ပါ့မလားဆိုတာ သံသယအကြီးကြီး ရှိနေကြတယ်။ ဒီထဲက ၂၀၁၂ ခုနှစ် အောက်တိုဘာလထဲမှာ တီဗီကနေ တိုက်ရိုက် ထုတ်လွှင့်ပြသတဲ့ အမေရိကန်သမ္မတ ရွေးကောက်ခံမယ့် 'မစ်ရွန်မနီ' က 'ဘားရက်အိုဘားမား' နဲ့ စကားယှဉ်ပြိုင်ပြောပွဲမှာ Tesla ကုမ္ပဏီ ကျရှုံးတော့မယ်လို့ စကားတစ်ခွန်းပြောလိုက်တယ်။ အဲဒါဟာ Tesla အတွက် ကြီးမားတဲ့ ထိုးနှက်ချက်ကြီးပါ။

လူတွေက Tesla သေချာပေါက် ကျရှုံးတော့မှာပဲလို့ ထင်ကြေးပေးနေကြချိန်မှာ အီလွန်မတ်ဟာ Tesla အကြောင်း လေကြီးမိုးကြီး ပြောနေတုန်းပါ။ Tesla ရဲ့ ရည်မှန်းချက်ဟာ ကမ္ဘာပေါ်မှာ အမြတ်အစွန်း အများကြီးရတဲ့ မော်တော်ကားထုတ်တဲ့ ကုမ္ပဏီကြီးတစ်ခုဖြစ်လာဖို့အပြင် BMW ကား ကုမ္ပဏီထက်လည်း အမြတ်အစွန်း ပိုရမယ်လို့ ပြောပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ Tesla ကို ဝေဖန်သူတွေရော ထောက်ခံသူတွေပါ အုံ့ဩသွားစေမယ့် အစီအစဉ်တစ်ခုကို ကြေညာလိုက်ပြန်တယ်။ Tesla ဟာ လျှပ်စစ်ကား ဘက်ထရီကို လျှပ်စစ်အားသွင်းပေးတဲ့ အားသွင်းရုံတွေအများကြီးကို လျှို့ဝှက်စွာ တည်ဆောက်နေတယ်တဲ့။ ကာလီဖိုးနီးယားပြည်နယ်၊ နီဗာဒါးပြည်နယ်နဲ့ အာရီဇိုးနားပြည်နယ်တို့မှာ

အားသွင်းရုံ ၆ ခု ဆောက်လုပ်ထားပြီး မကြာခင်မှာ ရာနဲ့ချီတဲ့ အားသွင်းရုံတွေ ဆက်ဆောက်လုပ်တော့မယ်လို့ ကြေညာလိုက်တယ်။ Tesla ဟာ ကမ္ဘာတစ်ခုလုံးမှာ အားသွင်းရုံတွေ အနှံ့ဆောက်လုပ်ပေးခြင်းဖြင့် Model S ကားဟာ ဘယ်နေရာရောက်နေနေ ဘက်ထရီအားသွင်းနိုင်အောင် လုပ်ပေးနိုင်မယ်လို့ ဆိုပါတယ်။ နောက်ပြီး ဘက်ထရီအားသွင်းတာကို အခမဲ့လုပ်ပေးမယ်တဲ့။ အီလွန်မတ်က ခုလိုပြောပြန်တယ်။ "*Tesla ကားပိုင်ရှင်တွေဟာ အမေရိကန်နိုင်ငံအနှံ့ ခရီးထွက်ရင် ဓာတ်ဆီ၊ ဓာတ်ငွေ့အတွက် ပိုက်ဆံ တစ်ပြားတစ်ချပ်မှ အကုန်ခံစရာလိုကြမှာ မဟုတ်တော့ဘူး*" တဲ့။ နောက်ပြီး Model S ကားမောင်းသူတွေဟာ အဲဒီ ဘက်ထရီအားသွင်းရုံတွေရှိတဲ့ နေရာကို ရှာတွေ့ဖို့လည်း အခက်အခဲရှိကြမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကားရဲ့ touchscreen မှာ အဲဒီရုံတွေထဲက အနီးဆုံးရုံကို ရှာကြည့်လို့ရတဲ့အပြင် အားသွင်းရုံအဝင်ဝမှာ အနီရောင်ကျောက်တိုင်နဲ့ အဖြူရောင်ကျောက်တိုင်တွေ ဆောက်လုပ်ထားလို့ အဝေးက မြင်တွေ့နိုင်ပါတယ်လို့ သူ ဆက်ပြောတယ်။

အဲဒီ ဘက်ထရီအားသွင်းရုံတွေကို Tesla ကုမ္ပဏီက Supercharging station လို့ နာမည်ပေးထားပြီး အဲဒါတွေဆောက်လုပ်ခြင်းဟာ ငွေပြတ်နေတဲ့ ကုမ္ပဏီအတွက် ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးဖြစ်ပါတယ်။ အဲဒီလိုလုပ်ခြင်းဟာ ကုမ္ပဏီကို အမြန်ပြိုလဲအောင် လုပ်လိုက်တာလားလို့ အငြင်းပွားစရာ ဖြစ်လာပါတယ်။ တကယ်တော့ အီလွန်မတ်၊ စထရောဘဲလ်နဲ့ Tesla က လူကြီးတွေဟာ Model S ကားကို စတင်တီထွင်ကတည်းက Supercharging station တွေ ဆောက်ဖို့ ထည့်သွင်းစဉ်းစားခဲ့ကြပါတယ်။

Tesla ဟာ Model S ကားနဲ့ Supercharging station တွေအကြောင်း ကြေညာပြီးတာနဲ့ Model S ကားကို စျေးကွက်ထဲရောက်အောင် အမြန်လုပ်ကြတယ်။ ဒီတော့ စစချင်းထုတ်တဲ့ ထောင်ချီတဲ့ Model S ကားတွေမှာ ချို့ယွင်းချက်တွေ ပါသွားကြတယ်။ ဥပမာ ကားနောက်ဆုတ်ရင် တစ်ခုခုရှိတာကို အသံမြည် သတိပေးတဲ့ parking sensor နဲ့ မော်တော်ကားအမြန်နှုန်းကို အလို

အလျောက်ထိန်းချုပ်ပေးတဲ့ cruise control စတဲ့ အဆင့်မြင့်ကားတွေမှာ ပါနေကျပစ္စည်းမျိုး မတပ်ဆင်ပေးမိလိုက်ဘူး။ Tesla က လူ ၅ ယောက်စီ ပါဝင်တဲ့ အဖွဲ့ ၁၀ ဖွဲ့ ဖွဲ့ပြီး အဲဒီပစ္စည်းတွေကို အမြန်တပ်ဆင်ပေးရတယ်။

အရည်အသွေးမမီတဲ့ ပစ္စည်းတချို့ဟာ Model S ကားဝယ်သူတွေကို မကျေမနပ်ဖြစ်စေတယ်။ ဥပမာ ကားထိုင်ခုံတွေနဲ့ နေကာတွေဟာ ဒေါ်လာ တစ်သိန်း ပေးဝယ်ထားတဲ့ Model S ကားအတွက် အဆင့်မမီဘူးလို့ ပြောကြ တယ်။ *"ပြဿနာက အရည်အသွေးမြင့်တဲ့ ပစ္စည်းတွေ ဝယ်မရတာပါ။ ဝယ်ရတဲ့ ခပ်ညံ့ညံ့ပစ္စည်းကိုပဲ တပ်ဆင်လိုက်ရလို့ ဒီပြဿနာဖြစ်တာပါ။ ကျွန်တော်တို့ အဲဒါတွေကို ပစ္စည်းကောင်းနဲ့လဲပေးဖို့ လုပ်နေကြပါတယ်"* လို့ ဗွန်ဟိုဆောင်စင်း က ပြောပြတယ်။ ဒါပေမဲ့ ဒီပြဿနာတွေဟာ ကုမ္ပဏီကို ဒေါ်လာခံရမယ့်အခြေ အနေ ရောက်စေမယ့် ကုမ္ပဏီရဲ့ ဝရန်းသုန်းကားအခြေအနေနဲ့ နှိုင်းယှဉ်လိုက်ရင် အသေးအဖွဲလေးတွေပါ။

အီလွန်မတ်က ယခင်က Apple ကုမ္ပဏီမှာ စတိုနဲ့ ပစ္စည်းပြင်ဆင်တဲ့ ဌာနတွေကို ကိုင်တွယ်ခဲ့တဲ့ အရာရှိကြီး 'ဂျော့ဘလင်ကန်ရစ်' ကို အလုပ်ခန့်လိုက် တယ်။ Apple ကုမ္ပဏီမှာ ဘလင်ကန်ဟာ CEO စတီဗင်ဂျော့အောက်မှာ အလုပ် လုပ်ခဲ့ပြီး Apple Store နဲ့ပတ်သက်တဲ့ နည်းဗျူဟာတွေ ချမှတ်ရာမှာ နာမည် ရသူ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ Tesla က ဘလင်ကန်ကို အလုပ်ခန့်ကြောင်း ကြေညာ တော့ သတင်းဌာနတွေနဲ့ ဝန်ထမ်းတွေဟာ သူနဲ့ အလုပ်ဖြစ်ပါ့မလားလို့ သံသယ ဖြစ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ အီလက်ထရောနစ် နည်းပညာသုံးတဲ့ Apple ကုမ္ပဏီမှာ လုပ်လာခဲ့တဲ့ ဘလင်ကန်ဟာ ကားထုတ်တဲ့ လုပ်ငန်းနဲ့ ကိုက်ညီပါ့မလားလို့ တွေးမိကြလို့ပါ။

ဒါပေမဲ့ ဘလင်ကန်ဟာ အံ့ဩစရာတွေ လုပ်ပြခဲ့တယ်။ Tesla Shop (Tesla ကားအရောင်းပြခန်း) တွေကို နိုင်ငံအတော်များများမှာ ဖွင့်လှစ်ပေးသလို အဲဒါတွေကို Appl Store လို စိတ်လှုပ်ရှားစရာဖြစ်အောင် လုပ်ပေးခဲ့တယ်။ အရောင်းပြခန်းတွေမှာ ပြထားတဲ့ Model S ကားအပြင် အမျိုးသားဝတ် စပို့ရှပ်

လက်ရည်နဲ့ ဦးထုပ်တွေလည်း ရောင်းဖို့ ပြထားတယ်။ အရောင်းပြခန်း နောက်ဘက်မှာ ကလေးတွေအတွက် ဆေးရောင်ခြယ်တဲ့ ရုပ်ပုံစာအုပ်နဲ့ ရောင်စုံခဲတံတွေ ထားပေးတယ်။ ပြခန်းကိုလာတဲ့ လူကြီးသာမက ကလေးတွေကိုပါ ပျော်အောင် စီစဉ်ပေးတာပါ။

ဘလင်ကန်က ကျွန်တော့်ကို (စာအုပ်ရေးသူကို) ဆန်ဟိုဆေးမြို့ရဲ့ ခမ်းနားတဲ့ ကုန်တိုက်ကြီးထဲက Tesla Shop အရောင်းပြခန်းမှာ စောင့်ကြိုနေတယ်။ သူဟာ ဖော်ရွေပြီး Tesla ကားကို မြေးတစ်ယောက်ချစ်သလို ချစ်တဲ့ အဘိုးတစ်ယောက်နဲ့ တူနေတယ်။ သူက ကျွန်တော့်ကိုပြောပြတယ်။ "*အရောင်းသမားတွေရဲ့ ရည်မှန်းချက်က ကားတွေကို အမြန်ဆုံး ရောင်းချင်ကြတယ်။ အဲဒါမှ ကုမ္ပဏီအတွက် ပိုက်ဆံမြန်မြန်ရမှာဖြစ်သလို သူ့အတွက်လည်း ကော်မရှင်ခမြန်မြန်ရမှာကို။ ဒါပေမဲ့ ကျွန်တော်နဲ့ အီလွန်မတ်ကတော့ ကားဝယ်ချင်သူတွေကို Tesla ကားနဲ့ ရင်းနှီးအောင် အရင်လုပ်ပေးချင်ကြတယ်*"။ သူ ဆက်ပြောပြတယ်။ "*Tesla ဟာ Model S ကို ကားတစ်စီးထက် သာအောင် လုပ်ပြချင်တယ်။ အထူးသဖြင့် iPod နဲ့ iPhone တွေလို လူတွေရဲ့ စွဲမက်စရာပစ္စည်းတစ်ခုဖြစ်လာစေချင်တယ်*"။ အဲဒီအချိန်မှာ Model S ကားကိုဝယ်ဖို့ စရန်ငွေပေးထားကြသူပေါင်း လူတစ်သောင်းလောက် ရှိနေကြပြီ။ အဲဒီလူတွေထဲက အတော်များများဟာ Model S ကားကို တစ်ကြိမ်တစ်ခါမှ စမ်းမောင်းမကြည့်ဖူးသူတွေ ဖြစ်ကြတယ်။ စမ်းမောင်းမကြည့်ရဘဲ သူတို့ ဘာကြောင့် ဝယ်ချင်ကြတာလဲ။ အကြောင်းက အီလွန်မတ်ရဲ့ Model S ကားအကြောင်း ချီးမွမ်းခန်းဖွင့် ပြောတာကို လူတွေ သဘောကျလို့ဖြစ်ပါတယ်။ အီလွန်မတ်ဟာ Apple က စတိဗ်ဂျော့လိုပဲ လူတွေကို စိတ်ဝင်စားအောင်၊ စိတ်လှုပ်ရှားအောင် ပြောဆိုတတ်တယ်လို့ ဘလင်ကန်က ပြောပြတယ်။ နောက်ပြီး "*Apple ကထုတ်တဲ့ iPod, iPhone နဲ့ iPad စတဲ့ ပစ္စည်းတွေကြောင့် လူတွေ စိတ်လှုပ်ရှားကြသလို Tesla ရဲ့ Model S ကားကိုလည်း လူတွေစိတ်လှုပ်ရှားအောင် လုပ်ပေးနိုင်တာကို ကျွန်တော် မြင်တွေ့နေရပါတယ်*" လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်နဲ့ ဘလင်ကန်ဟာ အစပိုင်းမှာ အဆင်ပြေကြပေမယ့် ၂၀၁၂ ခုနှစ် နှစ်ကုန်မှာ သူတို့ရဲ့ဆက်ဆံရေး ဆိုးဝါးလာလို့ ဘလင်ကန် အလုပ်ထွက်သွားတယ်။ အဲဒီအချိန်မှာ စရန်ငွေ ဒေါ်လာ ၅၀၀၀ ပေးသွင်းပြီး Model S ကားကို ဝယ်ဖို့ စောင့်နေကြသူတွေ အများကြီးရှိနေကြတယ်။ ဒါပေမဲ့ အဲဒီလူတွေဟာ ငွေအကျေပေးချေပြီး ကားဝယ်ဖို့ကို အချိန်ဆွဲနေကြတယ်။ အဲဒီလိုဖြစ်တာ ဘာကြောင့်မှန်း တိတိကျကျ မသိရပေမယ့် ဖြစ်နိုင်တဲ့ အကြောင်းတစ်ခုတော့ ရှိတယ်။ အဲဒါက ဒီလိုပါ။ ပထမဆုံးရောင်းလိုက်တဲ့ Model S ကားတွေမှာ အပြစ်အနာအဆာ၊ ချို့ယွင်းချက်တွေ ပါသွားလို့ ကားတွေအများကြီး Tesla ရဲ့ service center ကားပြင်တဲ့နေရာတွေမှာ ရောက်နေကြတယ်။ Service center တွေကလည်း ကားတွေကို ပြင်လို့ မနိုင်ကြတော့ဘူး။ ကားဝယ်မယ့်သူတွေဟာ ဒီအခြေအနေကို မြင်တွေ့ကြားနေကြလို့ အပြစ်အနာအဆာ ချို့ယွင်းချက်ကင်းတဲ့ကားတွေ ထုတ်နိုင်တဲ့အထိ စောင့်နေကြတယ်လို့ ထင်ရပါတယ်။ အီလွန်မတ်က အဲဒါနဲ့ပတ်သက်လို့ *"တစ်ယောက်စကား၊ တစ်ယောက်ကြားနဲ့ Model S ကို လူတွေ စိတ်မချဖြစ်လာကြတယ်။ လူတွေကို အပြစ်ပြောလို့မရဘူး။ ကျွန်တော်တို့ အပြစ်အနာအဆာကင်းတဲ့ Model S တွေ အမြန်ဆုံးထုတ်နိုင်အောင် ကြိုးစားကြရမှာပါ"* လို့ ပြောပါတယ်။

၂၀၁၃ ခုနှစ် နှစ်လယ်ရောက်တော့ Model S ကားအတွက် စရန်ငွေ ကြိုပေးထားပြီး ကားမဝယ်ကြသေးသူတွေ ပိုများလာတယ်။ သူတို့ ကားတွေ မဝယ်ကြရင် ကားစက်ရုံတွေဟာ ကားထုတ်တဲ့လုပ်ငန်းကို ဆက်မလုပ်နိုင်ဘဲ ရပ်ထားရလိမ့်မယ်။ ကားမရောင်းရဘဲ ကားတွေကို ဆက်ထုတ်နေရင် အလကားမို့ပါ။ စက်ရုံ ရပ်နားထားပေမယ့် ဝန်ထမ်းတွေကို လခပေးနေရမှာမို့ လစဉ် ငွေအမြောက်အမြား ဆုံးရှုံးတော့မယ်။ နောက်ပြီး ကားထုတ်တဲ့စက်ရုံ ရပ်နားထားရတယ်ဆိုတဲ့ သတင်းကြောင့် လူတွေ Tesla ကုမ္ပဏီအပေါ် ယုံကြည်မှု လျော့နည်းလာကြမယ်။ ဒါဆိုရင် Tesla ရဲ့ရှယ်ယာတွေ တန်ဖိုးကျဆင်းသွားမယ်။ ဒီလိုဖြစ်လာရင် Tesla ကုမ္ပဏီအတွက် အကြီးအကျယ် ထိခိုက်နစ်နာမှုတွေ

ဖြစ်လာလိမ့်မယ်။

Tesla က ထိပ်ပိုင်းလူတွေဟာ ဒီသတင်းကို အစပိုင်းမှာ အီလွန်မတ် မသိအောင် ဖုံးဖိထားကြတယ်။ ဒါပေမဲ့ မကြာခင်မှာ အီလွန်မတ် သိသွားတယ်။ သူဟာ သိသိချင်းမှာပဲ ချက်ချင်း အရေးယူဆောင်ရွက်တယ်။ သူ ဘာလုပ်သလဲ။ စစ်ပွဲတစ်ပွဲကို အနိုင်တိုက်ဖို့ ရှိသမျှလူအင်အား အကုန်ထုတ်သုံးသလို လုပ်လိုက်တယ်။ အလုပ်ဝင်လာစ လူသစ်တွေ၊ ဒီဇိုင်းအဖွဲ့၊ အင်ဂျင်နီယာအဖွဲ့နဲ့ ငွေစာရင်းအဖွဲ့က ဝန်ထမ်းတွေအားလုံးကို စက်ရုံတစ်နေရာမှာ စုရုံးစေပြီး အီလွန်မတ် စကားပြောတယ်။ သူတို့ကို ချက်ချင်းလုပ်ဆောင်ဖို့ အမိန့်တစ်ခုပေးတယ်။ အဲဒါက သူတို့ကို ကားဝယ်ဖို့ စရန်ငွေပေးသွင်းထားကြသူတွေဆီ ဖုန်းဆက်ပြီး ကားကို အမြန်ဆုံးဝယ်ဖို့ တိုက်တွန်း ပြောကြားခိုင်းတာပါ။ အီလွန်မတ်က သူတို့ကို ခုလို ပြောတယ်။ *"ငါတို့ကားတွေကို မြန်မြန်ထက်ထက် မရောင်းနိုင်ရင် ကားထုတ်တဲ့ စက်ရုံ ပိတ်ရတော့မယ်။ ဒါဆိုရင် ကုမ္ပဏီရော မင်းတို့ပါ အကြီးအကျယ် ဒုက္ခရောက်ကြလိမ့်မယ်။ ဒီတော့ မင်းတို့ရဲ့ လက်ရှိအလုပ်ဟာ ဘာအလုပ်ဆိုတာ ငါ ဂရုမစိုက်ဘူး။ လောလောဆယ် မင်းတို့လုပ်ရမယ့် အရေးကြီးဆုံးအလုပ်ဟာ စရန်ငွေပေးထားသူတွေကို ကားအမြန်ဆုံးဝယ်အောင် တိုက်တွန်းဖို့ပဲဖြစ်တယ်"*။ တစ်ချိန်တည်းမှာပဲ အီလွန်မတ်ဟာ အရင်က Diamler ကုမ္ပဏီက အရာရှိကြီး ဖြစ်ခဲ့သူ 'ဂျေရွမ်ဂွီလန်' ကို Teslar ကားပြင်ရုံတွေကို ကြီးကြပ်ပြီး ကားပြင်ရုံမှာ ရောက်နေကြတဲ့ Model S ကားတွေကို အမြန်ဆုံးပြင်ဆင်နိုင်အောင်လုပ်ဖို့ တာဝန်ပေးလိုက်တယ်။ ပြီးတော့ အလုပ်လုပ်ရာမှာ ကျေနပ်ဖွယ်မရှိတဲ့ အရာရှိကြီးတွေကို အလုပ်ထုတ်ပစ်လိုက်ပြီး သူတို့နေရာမှာ အလုပ်ကို ကျေနပ်ဖွယ်လုပ်နိုင်ကြတဲ့ အရာရှိငယ်တွေကို ရာထူးတိုးပြီး အစားထိုး ခန့်ထားလိုက်တယ်။ နောက်ပြီး အီလွန်မတ်က Model S ကား ပြန်ဝယ်တဲ့ဈေးနှုန်းကို သတ်မှတ်ကြေညာလိုက်တယ်။ တကယ်လို့ Model S ကားကို ဝယ်သွားသူက သူ့ကားကို မစီးချင်တော့လို့၊ သို့မဟုတ် ဘာအကြောင်းကြောင့်ဖြစ်ဖြစ် ကားကို Tesla ကုမ္ပဏီထံ ပြန်ရောင်းရင် Tesla ကပေးမယ့် ဈေးနှုန်းဖြစ်ပါတယ်။ အဲဒီဈေးနှုန်း

ဟာ ထိပ်တန်းဇီမ်ခံကားတွေရဲ့ ပြန်ဝယ်ဈေးနှုန်းတွေနဲ့ မတိမ်းမယိမ်းဖြစ်လို့ လူတွေကို ကျေနပ်မှုရစေပါတယ်။ အီလွန်မတ်ဟာ အဲဒါတွေလုပ်ပြီးလို့မှ ကုမ္ပဏီကို ကယ်တင်လို့မရဘူးဆိုရင် နောက်ဆုံးနည်းလမ်းတစ်ခုကို စဉ်းစားထားတယ်။ အဲဒါက ဒီလိုပါ။

၈ပြီလ ပထမပတ်ထဲမှာ အီလွန်မတ်ဟာ သူနဲ့ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းဖြစ်ပြီး Google ကို ပူးတွဲတီထွင်သူနှစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ လယ်ရီပေ့ဂ်နဲ့ ဆက်သွယ်တယ်။ သူတို့နဲ့ နီးစပ်သူတချို့ရဲ့အပြောအရ အီလွန်မတ်က လယ်ရီပေ့ဂ်ကို Tesla ကြဲတွေ့နေရတဲ့ အခြေအနေတွေကို ပြောပြတယ်တဲ့။ Tesla မှာ လာမယ့် သီတင်းပတ်အနည်းငယ်အတွက်ပဲ သုံးဖို့ ငွေကျန်တော့တယ်။ ဖောက်သည်အသစ်တွေဟာ ကားရဲ့ ချို့ယွင်းချက် အပြစ်အနာအဆာတွေကြောင့် ကားဝယ်ဖို့ကို တွန့်ဆုတ်နေကြသလို ဖောက်သည်အဟောင်းတွေလည်း နောက်ထုတ်မယ့် Tesla ကားတွေမှာ ပစ္စည်းအသစ်အဆန်းတွေ ပါလာမှာရယ်၊ ရွေးချယ်စရာပိုစုံတဲ့ ကားအရောင်တွေကြောင့် ကားသစ်ထွက်လာဖို့ စောင့်ဆိုင်းနေကြတယ်။ အခြေအနေဆိုးလာလို့ Tesla ဟာ ကားထုတ်တဲ့စက်ရုံကို ပိတ်လိုက်ရတယ်။ စက်ရုံကို ပြုပြင်မွမ်းမံတာလုပ်ဖို့ ယာယီပိတ်လိုက်တယ်လို့ ကုမ္ပဏီက ကြေညာလိုက်တယ်။ အဲဒီအကြောင်းတွေ အပြည့်အစုံကို အီလွန်မတ်က လယ်ရီပေ့ဂ်ကို မခွဲခင်းမချန်ပြောပြတယ်။ ပြီးတော့ Google ကုမ္ပဏီက Tesla ကုမ္ပဏီကို ဝယ်ပါလို့ တိုက်တွန်းတယ်။

တကယ်ဆိုရင် အီလွန်မတ်ဟာ Tesla ကုမ္ပဏီကို မရောင်းချင်ပါဘူး။ ဒါပေမဲ့ ကုမ္ပဏီ ဆက်လက်ရှင်သန်စေဖို့ ရောင်းဖို့ကလွဲလို့ တခြားရွေးချယ်စရာ မရှိတော့ဘူး။ ဒါပေမဲ့ ကုမ္ပဏီကို ရောင်းပြီးရင် နောက်လာမယ့် ကုမ္ပဏီ ပိုင်ရှင်အသစ်ဟာ အီလွန်မတ်ရဲ့ Tesla အပေါ် မျှော်မှန်းထားတာတွေ မလုပ်မှာကိုလည်း အီလွန်မတ် စိုးရိမ်တယ်။ ပြီးတော့ Tesla ကို လျှပ်စစ်ကား အမြောက်အများ ထုတ်လုပ်တဲ့ ကုမ္ပဏီအဖြစ် ဆက်လက် တည်ရှိနေစေချင်တယ်။ ဒါကြောင့် သူက Tesla ကို ရောင်းချရာမှာ သူ့ဘက်ကလိုချင်တဲ့ အချက်တွေကို သတ်မှတ်ပေး

တယ်။ အဲဒါတွေထဲမှာ တစ်ချက်က ကုမ္ပဏီကို ရောင်းချလိုက်ပြီးချိန်ကနေ ၈ နှစ်ကြာတဲ့အထိ သို့မဟုတ် ကုမ္ပဏီက လျှပ်စစ်ကား အမြောက်အများကို စျေးကွက်မှာ ရောင်းချပေးနိုင်တဲ့အချိန်အထိ သူ ကုမ္ပဏီကို စီမံအုပ်ချုပ်ချင်တယ်လို့ပါ။ ဒါ့ပြင် အရောင်းအဝယ်ဖြစ်တာနဲ့ ကားထုတ်တဲ့စက်ရုံကို တိုးချဲ့ဖို့ ဒေါ်လာ ၅ ဘီလီယံ ပေးဖို့လည်း တောင်းခံတယ်။ Google ရဲ့ ရှေ့နေတွေက အီလွန်မတ်ရဲ့ တောင်းဆိုချက်တွေကို လက်မခံချင်ကြဘူး။ ဒါပေမဲ့ လယ်ရီပေ့ဂ်ျဟာ အီလွန်မတ်ကို အားနာတာကြောင့် သူနဲ့ ဆွေးနွေးညှိနှိုင်းတာ ဆက်လုပ်တယ်။ အဲဒီအချိန်က Tesla ကုမ္ပဏီဟာ ဒေါ်လာ ၆ ဘီလီယံတန်ကြေးရှိနေလို့ Google က ဝယ်ရင် အဲဒီစျေး ပေးရမှာဖြစ်တယ်။

အီလွန်မတ်၊ လယ်ရီပေ့ဂ်ျနဲ့ Google ရဲ့ ရှေ့နေတွေ Tesla အရောင်းအဝယ်ကို အပြီးသတ်ဖို့ ဆွေးနွေးနေကြချိန်မှာ အုံ့ဩစရာကောင်းတာတစ်ခုဖြစ်လာတယ်။ အီလွန်မတ်ကပြောလို့ သူ့ဝန်ထမ်း ၅၀၀ ဟာ စရန်ငွေပေးထားသူတွေကို တယ်လီဖုန်းဆက်ပြီး ကားဝယ်ဖို့ တိုက်တွန်းပြောကြတဲ့ အကျိုးကြောင့် စရန်ငွေပေးထားသူ အမြောက်အများ Model S ကားကို ဝယ်ယူလာကြတယ်။ Tesla ရဲ့ဘဏ်မှာရှိတဲ့ငွေဟာ နှစ်ပတ်စာပဲခံတော့မယ့်အချိန်မှာ နှစ်ပတ်အတွင်း ကားထောင်ပေါင်းများစွာ ရောင်းလိုက်ရလို့ ကုမ္ပဏီဟာ ကားရောင်းရငွေ အမြောက်အများ ရလိုက်တယ်။ ၂၀၁၃ ခုနှစ် မေလ ၈ ရက်နေ့မှာ ထုတ်ပြန်တဲ့ Wall Street Journal ရဲ့ အစီရင်ခံစာမှာ Tesla ကုမ္ပဏီဟာ Public Company အများပိုင်ကုမ္ပဏီ စဖြစ်ပြီးကတည်းက ဒါဟာ ပထမဆုံးအကြိမ် အမြတ်ရတာဖြစ်တယ်။ အမြတ်ငွေဟာ ဒေါ်လာ ၁၁ သန်းဖြစ်ပြီး စုစုပေါင်း ကားရောင်းရငွေဟာ ဒေါ်လာ ၅၆၂ သန်းဖြစ်တယ်။ နှစ်ပတ်အတွင်းရောင်းရတဲ့ Model S ကားစီးရေဟာ ၄၉၀၀ ဖြစ်တယ်တဲ့။ Wall Street ရဲ့ အစီရင်ခံစာကြောင့် Tesla ကုမ္ပဏီရဲ့ ရှယ်ယာစျေးဟာ ဇူလိုင်လထဲမှာ ရှယ်ယာတစ်စုစျေး ဒေါ်လာ ၃၀ ကနေ ဒေါ်လာ ၁၃၀ အထိ တက်သွားတယ်။ ကုမ္ပဏီဟာ စောစောပိုင်းက လျှပ်စစ်ကားထုတ်ဖို့ အတွက် အကူအညီအဖြစ် အစိုးရဆီက ချေးယူထားတဲ့ ချေးငွေ ဒေါ်လာ ၄၆၅

သန်းကို အတိုးရော အရင်းပါ ဆပ်နိုင်လိုက်တယ်။ ကုမ္ပဏီမှာ ရတ်တရက် ငွေတွေ အများကြီးရှိလာတယ်။ ကားရောင်းရလို့ ငွေတွေ အများကြီးရလာတာရယ်၊ ကုမ္ပဏီရဲ့ ရှယ်ယာစျေး တက်လာတာကြောင့်ရယ် Tesla ကုမ္ပဏီကို Google ထံ ရောင်းဖို့မလိုတော့ဘူး။ Google က ဝယ်ချင်ရင်လည်း Tesla ရဲ့ရှယ်ယာတွေ စျေးတက်နေလို့ ဝယ်ဖို့ အရင်ကမ်းလှမ်းထားတဲ့ ဒေါ်လာ ၆ ဘီလီယံထက် အများကြီး ပိုပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် Tesla ကိုရောင်းဖို့ အစီအစဉ်ကို နှစ်ဖက်သဘောတူ ဖျက်သိမ်းလိုက်ကြတယ်။

Tesla ရဲ့ အခြေအနေ ကောင်းလာတာကို ပိုပြီးကောင်းလာစေဖို့ အီလွန်မတ် လုပ်ဆောင်ပြန်တယ်။ သူက Tesla အကြောင်း ကောင်းသတင်းတွေကို အများသိအောင် ကြေညာပေးဖို့ တာဝန်ပေးထားသူတွေကို တိုက်တွန်းတယ်။ တစ်ပတ်ကို သတင်းကောင်းတစ်ခု အနည်းဆုံး ကြေညာပေးဖို့ပါ။ သူတို့ဟာ အီလွန်မတ်တောင်းဆိုတာကို အပြည့်အဝ မလုပ်ပေးနိုင်ကြပေမယ့် သတင်းကောင်းတွေကို အများသိအောင် အခါအားလျော်စွာ ထုတ်ပြန်ပေးကြတယ်။ အီလွန်မတ်ကလည်း သတင်းစာရှင်းလင်းပွဲတွေလုပ်ပြီး Model S ကား များများ ထုတ်လုပ်နိုင်ဖို့ Supercharging station ဘက်ထရီအားသွင်းရုံတွေ အများကြီး ဆောက်ဖို့နဲ့ ကားအရောင်းပြခန်းတွေ တိုးချဲ့ဖွင့်လှစ်ဖို့အတွက် ငွေအများကြီး သုံးမယ်လို့ ပြောတယ်။ သူ့ရဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ Tesla ဟာ နေရောင်ခြည်စွမ်းအင်သုံးတဲ့ ကားဘက်ထရီ အားသွင်းရုံတွေကို ဆောက်လုပ်မှာ ဖြစ်သလို အရေးပေါ်လဲလှယ်ဖို့ ဘက်ထရီအပိုတွေကိုလည်း ရုံတွေမှာ ထားပေးမယ်လို့ ပြောတယ်။ သူ ခုလိုလည်း ပြောတယ်။ *"ကျွန်တော် နောက်ပြောင်ပြောနေကျ စကားတစ်ခွန်း ရှိပါတယ်။ အဲဒါက နိုင်ငံတစ်ဝှမ်း နေရာအနှံ့မှာ Zombie ဖုတ်ကောင်တွေရဲ့ တိုက်ခိုက်မှုနဲ့ ကြုံတွေ့ရမယ်ဆိုရင်လည်း သင်ဟာ Tesla ကားကို မောင်းနေရင် ဘာမှပူစရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ နေရာအနှံ့မှာ ကားဘက်ထရီအားသွင်းတဲ့ရုံတွေ ရှိနေကြလို့ အဲဒီနေရာတွေမှာ ကားဘက်ထရီကို အခမဲ့အားသွင်းပြီး Zombie တွေရဲ့ တိုက်ခိုက်မှုက လွတ်ကင်း*

အောင် ကားကို တစ်နိုင်ငံလုံး လှည့်ပတ် မောင်းပြေးလို့ရတယ်လို့ပါ"။ သူ့စကား ဟာ နောက်ပြောင်ပြောလိုက်တာဖြစ်ပေမယ့် တကယ်ဖြစ်နိုင်ပါတယ်။ ဓာတ်ဆီဖိုး လုံးဝ မကုန်ဘဲ ခရီးဝေးမောင်းနိုင်တဲ့ Tesla ကားလိုမျိုးကားကို ဘယ်ကား ကုမ္ပဏီမှ မထုတ်နိုင်သေးပါဘူး။ ဒါ့ပြင် Tesla က လော့စ်အင်ဂျဲလိစ်မြို့မှာ ကျင်းပတဲ့ ကားပြပွဲမှာ Model S နဲ့ပတ်သက်ပြီး လျှို့ဝှက်ချက်တစ်ခုကို ထုတ်ဖော် ပြသလိုက်ပါတယ်။

၂၀၁၃ ခုနှစ် ဇွန်လထဲမှာ Tesla က သူတို့ထုတ်လုပ်မယ့်ကားတွေရဲ့ ရှေ့ပြေးပုံစံကားတွေကို လော့စ်အင်ဂျဲလိစ်မြို့က design studio (ကားပုံစံထုတ် ရုံးခန်း) မှာ Tesla ကားပိုင်ရှင်တွေနဲ့ သတင်းသမားတွေကို ဖိတ်ခေါ်ပြီး ပြသ ပေးတယ်။ ပြပွဲကျင်းပတဲ့ ညနေခင်းမှာ တီးဝိုင်းတစ်ဖွဲ့က ပရိသတ်ကို တီးမှုတ် ဖျော်ဖြေပေးနေတယ်။ လူပေါင်းရာချီ တက်ရောက်ကြတယ်။ တက်ရောက်လာကြသူ တွေရဲ့မျှားပြားလှတဲ့ Model S ကားတွေဟာ Hawthorne လမ်းမတစ်လျှောက် design studio နဲ့ Space X စက်ရုံကြားမှာ ရပ်ထားကြတယ်။ Design studio ကို ပြပွဲကျင်းပတဲ့ ခန်းမအဖြစ် ပြင်ဆင်ထားတယ်။ ခန်းမကို မီးမိုန်မိုန်လေး ထွန်းထားတယ်။ ကြမ်းပြင်ကို ကော်ဇောနီ အပြည့်ခင်းထားတယ်။ အဲဒီအပေါ်မှာ လူတွေဟာ လမ်းလျှောက်ရင်း ဆိုဖာတွေပေါ်မှာထိုင်ရင်း စကားပြောနေကြတယ်။ အနက်ရောင်ဝတ်စုံ ဆင်တူဝတ်ထားကြတဲ့ အမျိုးသမီးငယ်လေးတွေဟာ ပရိသတ်ကို အဖျော်ယမကာတွေ လိုက်လံ ဝေပေးနေကြတယ်။ တီးဝိုင်းက တီးမှုတ်သီဆိုတာ ခဏရပ်နားချိန်မှာ ပေါ့အဆိုတော် 'Daft Punk' ရဲ့ 'Get Lucky' သီချင်းကို မတိုးမကျယ်လေး ဖွင့်ပေးထားတယ်။ ခန်းမထဲက ရှေ့မှာ ၄ ပေ အမြင့်ရှိတဲ့ စင်မြင့်တစ်ခု လုပ်ထားတယ်။ အီလွန်မတ်ဟာ အဲဒီစင်မြင့်ပေါ် မတက်ခင် လူတွေကြားမှာသွားလာရင်း လိုက်လံနှုတ်ဆက်နေတယ်။ Tesla ကားဝယ်ထားကြသူတွေဟာ သူ့ကို Apple ကုမ္ပဏီက စတီဗင်ဂျော့နဲ့ တန်းတူ အောင်မြင်ကျော်ကြားသူလို့ မြင်ကြတယ်။ လူတွေဟာ သူနဲ့တွဲပြီး ဓာတ်ပုံ အရိုက် ခံကြတယ်။ ဒီအချိန်မှာ Tesla ကုမ္ပဏီ စထောင်ကတည်းက ရှိနေခဲ့တဲ့ စထရော

ဘဲလ်ဟာ ခန်းမအပြင်ဘက်တစ်နေရာမှာ တစ်ယောက်တည်း မတ်တတ်ရပ်နေတယ်။ သူ့ကို ဘယ်သူမှ အရေးမလုပ်ကြဘူး။

အီလွန်မတ်ဟာ လူတွေကိုနှုတ်ဆက်ပြီးသွားတော့ စင်မြင့်ပေါ် တက်သွားတယ်။ ဒီအချိန် စင်မြင့်ပေါ်က ပိတ်ကားပေါ်မှာ တီဗီကြော်ငြာတစ်ခုကို ဆလိုက်ထိုးပြနေတယ်။ ကြော်ငြာက မိသားစုတစ်စု Shell ဓာတ်ဆီဆိုင်မှာ ကားကို ဆီလာဖြည့်ရင်း ရောက်နေကြတာကို ပြနေတာပါ။ ကလေးတွေဟာ ဓာတ်ဆီဆိုင်ရှေ့မှာ လူဝင်ပြီး သရုပ်ဆောင်ထားတဲ့ ကျားရုပ်ကြီးကို သဘောကျပြီး ပျော်နေကြတယ်။ *"ဓာတ်ဆီဆိုင်မှာ ဆီဖြည့်ရတာ ပျော်စရာကောင်းပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက Tesla ကားဟာ ဆီဖြည့်စရာ မလိုပါဘူး"* လို့ အီလွန်မတ်က မိုက်ခွက်ကနေ ဟာသလုပ် ပြောလိုက်တော့ လူတွေ လိုက်ရယ်ကြတယ်။ ဒီအချိန်မှာပဲ စင်မြင့်ပေါ်ကို Model S ကားတစ်စီး တက်လာတယ်။ စင်မြင့်အလယ်မှာ ကားရပ်သွားတယ်။ ကားရပ်ထားတဲ့ အောက်တည့်တည့်က ကြမ်းခင်းမှာ ကားအရွယ်နီးပါး အပေါက်ကြီးတစ်ခု ပွင့်လာတယ်။ အီလွန်မတ်က မိုက်ခွက်ကနေ အော်ပြောလိုက်ပြန်တယ်။ *"Model S ကားရဲ့ ဘက်ထရီအတွဲကြီးကို အပေါက်ကြီးကနေ အားဖြည့်ထားတဲ့ ဘက်ထရီအတွဲကြီးနဲ့ စက္ကန့်ပိုင်းအတွင်း လဲလှယ်တပ်ဆင်ပေးနိုင်ပါတယ်"* တဲ့။ တကယ်လည်း ဘက်ထရီလဲလှယ်တာကို စက္ကန့်ပိုင်းအတွင်း လုပ်ပြသွားတယ်။ ဒီလိုလုပ်နိုင်တာကို အရင်က Tesla ကုမ္ပဏီရဲ့ အင်ဂျင်နီယာတွေကလွဲရင် ပြင်ပလူတွေ တစ်ယောက်မှ မသိကြဘူး။ Tesla ဟာ မကြာခင်မှာ ဘက်ထရီအတွဲလိုက် လဲလှယ်ပေးတာကို ဘက်ထရီ အားသွင်းရုံတွေမှာ လုပ်ပေးတော့မယ်လို့ အီလွန်မတ်က ဆက်ပြောတယ်။ အားသွင်းရုံထဲကို ဘက်ထရီအတွဲလိုက်လဲချင်တဲ့ Model S ကားတစ်စီး မောင်းဝင်လာမယ်။ ကြမ်းပြင်မှာ ဆေးခြယ် သတ်မှတ်ထားတဲ့ ကားအရွယ် လေးထောင့်ကွက်ထဲမှာ ရပ်လိုက်မယ်။ ကားအောက်မှာ အပေါက်ကြီးပွင့်လာပြီး robot စက်ရုပ်ဟာ ကားရဲ့ လက်ရှိ ဘက်ထရီအတွဲလိုက်ကို ဖြုတ်ချပြီး အားအပြည့်သွင်းထားတဲ့ ဘက်ထရီအတွဲလိုက်ကို တပ်ဆင်ပေးလိုက်မယ်။ လဲလှယ်ချိန်ဟာ စက္ကန့် ၉၀ လောက်ပဲ ကြာမယ်။

ဘက်ထရီအတွဲလိုက်လဲတာရဲ့ကျသင့်ငွေဟာ ကားရဲ့ဆီတိုင်ကီကို အပြည့်ဖြည့်တဲ့ဓာတ်ဆီဖိုးလောက်ပဲ ရှိပါမယ်။ *"ကျွန်တော်တို့ရဲ့ Tesla ဘက်ထရီအားသွင်းရုံကို လာရင် ဆုံးဖြတ်ချက်တစ်ခု ချလာခဲ့ပါ။ အဲဒါက မြန်မြန်လိုချင်လား၊ အခမဲ့လိုချင်လား ဆိုတာပါ"* လို့ အီလွန်မတ်က ပြောပြပြန်တယ်။ သူဆိုလိုတာက မြန်မြန်လိုချင်ရင် ဘက်ထရီအတွဲလိုက် လဲပါ။ စက္ကန့်ပိုင်းပဲ ကြာမယ်။ ဒါပေမဲ့ ကျသင့်ငွေ ပေးရမယ်။ အခမဲ့လိုချင်ရင် ဘက်ထရီကို အားသွင်းရမှာဖြစ်ပါတယ်။ ဘက်ထရီအားပြည့်အောင် အချိန်အတော်ကြာ စောင့်ရမှာဖြစ်ပါတယ်။

ဒီအဖြစ်အပျက်ဖြစ်ပြီး လအတန်ကြာမှာ Tesla ကုမ္ပဏီကို နာမည်ပျက်စေမယ့် အဖြစ်တစ်ခုနဲ့ ကြုံတွေ့ရတယ်။ အဲဒါက New York Times သတင်းစာကြီးမှာ Tesla ကားနဲ့ ဘက်ထရီအားသွင်းရုံတွေ မကောင်းကြောင်း ရက်ရက်စက်စက် ဝေဖန်ရေးထားသလို Model S ကားနှစ်စီးဟာ ကားတိုက်မှုဖြစ်ပြီး ကားမီးလောင်သွားကြတယ်လို့လည်း ရေးထားတဲ့ ဆောင်းပါးတစ်ပုဒ် ပါလာတယ်။ အီလွန်မတ်ဟာ ဒီကိစ္စကိုဖြေရှင်းဖို့ Tesla ရဲ့ ပြန်ကြားရေးတာဝန်ခံကို တာဝန်မပေးဘဲ သူကိုယ်တိုင် ဖြေရှင်းလိုက်တယ်။ သတင်းစာမှာ ဆောင်းပါးပါပြီး နှစ်ရက်အကြာမှာ အီလွန်မတ်ဟာ သတင်းစာတိုက်ကို သွားတယ်။ ဆောင်းပါးမှာ ရေးထားတာတွေဟာ မမှန်ဘူး။ Model S ကားနှစ်စီး တိုက်တာမှန်ပေမယ့် ကားမီးလောင်တယ်ဆိုတာ မမှန်ဘူးလို့ ပြောတယ်။ ပြီးတော့ သတင်းစာတိုက်က Tesla ကုမ္ပဏီကို တောင်းပန်ကြောင်း သတင်းစာကနေ ကြေညာပေးပါ။ အဲဒီလိုမကြေညာရင် တရားစွဲမယ်လို့လည်း ပြောတယ်။ Tesla ရဲ့ ဒါရိုက်တာဘုတ်အဖွဲ့က ဒါရိုက်တာတစ်ယောက်ဖြစ်တဲ့ 'အန်တိုနီယို ဂရားစီးယပ်စ်' က အဲဒါနဲ့ပတ်သက်ပြီး ခုလိုပြောပြတယ်။ *"အီလွန်မတ်ဟာ သတင်းစာတိုက်ကို ကိုယ်တိုင်သွားပြီး ဖြေရှင်းတာဟာ လိုအပ်လို့ဖြစ်ပါတယ်။ အဲဒီလို သူ သွားမဖြေရှင်းရင် ဆောင်းပါးဟာ Tesla ကားကို ရိုက်သတ်သလို ဖြစ်သွားစေမယ်။ ကုမ္ပဏီကိုလည်း အကြီးအကျယ် နာမည်ပျက်သွားစေနိုင်ပါတယ်"*။ မကြာခင်မှာ New York Times သတင်းစာကြီးက သတင်းစာပါ ဆောင်းပါးရဲ့ အချက်အလက်တွေ မမှန်ဘူးလို့ ဝန်ခံပြီး

Tesla ကုမ္ပဏီကို တောင်းပန်ကြောင်း သူတို့သတင်းစာကနေ လူသိရှင်ကြား ကြေညာပေးလိုက်တယ်။ သတင်းစာက တောင်းပန်ကြောင်း ကြေညာပြီး မရှေ့မနောင်းမှာပဲ အီလွန်မတ်က သတင်းစာရှင်းလင်းပွဲတစ်ခု လုပ်တယ်။ ရှင်းလင်းပွဲမှာ Model S ကားဟာ အမေရိကန်နိုင်ငံမှာ ကားမောင်းရတာ စိတ်အချရဆုံး ဖြစ်တယ်လို့ သတင်းသမားတွေကို ခေါ်ပြီး ပြောကြားရုံမကဘဲ လက်တွေ့လည်း ပြလိုက်တယ်။ ဘက်ထရီအတွဲလိုက်ရဲ့အပေါ်မှာ တိုက်တေနီယံ အချပ်ပြားကြီးနဲ့ ကာထားလို့ ဘက်ထရီအိုးတွေ မီးလောင်ရင်ဖြစ်ဖြစ်၊ ပေါက်ကွဲရင်ဖြစ်ဖြစ် ကားပေါ်ကလူကို လုံးဝ မထိခိုက်နိုင်ဘူးဆိုတာ ပြတယ်။ ပြီးတော့ ဘက်ထရီ မီးလောင်တာမဖြစ်အောင် ဘက်ထရီတွေထဲ ဝင်လာမယ့် ဖုန်၊ အမှိုက်၊ အညစ်အကြေး၊ ပစ္စည်း စတာတွေကို အလိုအလျောက် ဖယ်ရှားပေးတဲ့စနစ် တပ်ထားတယ်လို့ လည်း ပြတယ်။

ဒါကြောင့်မို့ သတင်းစာမှာ ဆိုးဝါးတဲ့ဆောင်းပါး ပါလာပေမယ့် Tesla ကားအရောင်းနဲ့ Tesla ရဲ့ရှယ်ယာစျေးတွေကို နည်းနည်းမှ ထိခိုက်မှုမဖြစ်ခဲ့ဘူး။ အဲဒါတင်မကဘဲ Tesla ရဲ့ ပိုင်ဆိုင်မှုတန်ဖိုး တက်လာတယ်။ နှစ်ပေါင်းများစွာ ကားထုတ်လုပ်တဲ့လောကကို ကြီးစိုးထားတဲ့ ကုမ္ပဏီကြီးတွေဖြစ်ကြတဲ့ GM နဲ့ Ford တို့ရဲ့ ပိုင်ဆိုင်မှုတန်ဖိုးရဲ့ ထက်ဝက်နီးပါး ဖြစ်လာခဲ့တယ်။ တစ်ချိန်တည်းမှာ အီလွန်မတ်လည်း ကားလောကမှာ ထင်ရှားကျော်ကြားသူတစ်ယောက် ဖြစ်လာခဲ့တယ်။

Tesla က ၂၀၁၄ ခုနှစ် အောက်တိုဘာလထဲမှာ သတင်းစာရှင်းလင်းပွဲ တစ်ခု လုပ်တယ်။ ရှင်းလင်းပွဲမှာ အီလွန်မတ်က မော်တာနှစ်လုံးတပ်ဆင်ထားတဲ့ Model S ကားတစ်စီးကို ပြတယ်။ ကားရဲ့ဘော်ဒီတွေကို ဖယ်ရှားထားလို့ ကားရှေ့ပိုင်းမှာ တပ်ထားတဲ့ မော်တာတစ်လုံးနဲ့ ကားနောက်ပိုင်းမှာ တပ်ထားတဲ့ မော်တာတစ်လုံးတို့ကို တွေ့ရပါတယ်။ ရှေ့မော်တာက ရှေ့ဘီးနှစ်လုံးကို လှည့်ပေးသလို နောက်မော်တာက နောက်ဘီးနှစ်လုံးကို လှည့်ပေးတယ်။ တစ်ပြိုင်တည်း ဘီးလေးလုံးစလုံး မောင်းနိုင်တာကြောင့် ကားကို ရပ်နားထားရာက မောင်းရင်

စက်နှီးပြီး ၃.၂ စက္ကန့်အတွင်း ကားဟာ တစ်နာရီ မိုင် ၆၀ နှုန်း မောင်းနိုင်တာကို တွေ့ရတယ်။ Tesla ဟာ Model S ကို အဆင့်မြင့် ပြိုင်ကားတစ်စီးအဖြစ် ပြောင်းလဲပေးလိုက်တယ်။ ဒါ့ပြင် ကားမှာ autopilot အလိုအလျောက် မောင်းပေးလို့ရအောင် ဆော့ဖ်ဝဲထည့်သွင်းပေးလိုက်တယ်။ ကားဟာ ဘေးပတ်ဝန်းကျင်က ထိမိတိုက်မိစရာတွေကို ရှောင်ရှားပြီး သွားချင်တဲ့နေရာကို GPS စနစ်နဲ့ အလိုအလျောက် မောင်းသွားလို့ရတယ်။ *"နောက်ပိုင်းမှာ ကျွန်တော်တို့ကားကို မြင်းတစ်ကောင်လို လေချွန်ပြီးခေါ်သလို ခေါ်လို့ရလာပါမယ်။ အဲဒါက လက်ထဲမှာ remote ကို နှိပ်လိုက်ရင် ကားဟာ သင်ရှိတဲ့နေရာကို သူ့ဘာသာ မောင်းလာမှာ ဖြစ်ပါတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။ *"ကျွန်တော်လုပ်ချင်တာ တစ်ခုရှိပါသေးတယ်။ ကားကို ဘက်ထရီအားသွင်းရုံမှာ ရပ်လိုက်တာနဲ့ အားသွင်းတဲ့ကေဘယ်လ်ကြိုးဟာ မြွေတစ်ကောင်လို ကားမှာ အလိုအလျောက် လာတပ်ပေးဖို့ပါ။ ဒါပေမဲ့ အဲဒါလုပ်ဖို့ကို ကျွန်တော် အင်ဂျင်နီယာတွေကို မပြောပြရသေးဘူး"* လို့ သူ ဆက်ပြောတယ်။

အီလွန်မတ် Model S ကားအကြောင်း ရှင်းပြနေတာကို တက်ရောက်နားထောင်သူတွေ ထောင်ချီရှိကြတယ်။ အီလွန်မတ်ဟာ လက်တွေ့လုပ်ပြရင်းလူတွေရဲ့ စိတ်ဝင်စားမှုရအောင် လုပ်တယ်။ အရင် PayPal ကုမ္ပဏီမှာရှိစဉ်က သတင်းစာသမားတွေရှေ့မှာ မပြောရဲမဆိုရဲ ရှက်ကိုရှက်ကန်းဖြစ်နေခဲ့တဲ့ သူဟာ အခုတော့ အထင်ကြီးစရာ တင်ဆက်သူတစ်ယောက် ဖြစ်နေပါပြီ။ အီလွန်မတ်က ခေါ်လိုက်လို့ စင်မြင့်ပေါ်တက်သွားတဲ့ ကျွန်တော့် (ဒီစာအုပ်ရေးသူ) ဘေးနားက အမျိုးသမီးဟာ စိတ်လှုပ်ရှားလွန်းလို့ တစ်ကိုယ်လုံး တုန်ယင်နေတယ်။ ကျွန်တော့် နောက်ဘက်က အမျိုးသားတစ်ယောက်ဟာ မကြာခင်ထုတ်မယ့် Model X ကားကို ဝယ်ချင်လွန်းလို့ ကားဝယ်ခွင့်ရဖို့ အလှည့်နီးနေတဲ့ သူ့သူငယ်ချင်းဆီက တန်းစီနံပါတ် Q နံပါတ်ကို ဒေါ်လာ ၁ သောင်းခွဲပေးပြီး ဝယ်ယူလိုက်တယ်။ ဒါကြောင့် သူဟာ ကားဝယ်ဖို့အလှည့်ကျသူ လူ ၇၀၀ မြောက် ဖြစ်သွားတယ်။ အီလွန်မတ်ရဲ့ Tesla ကားတွေအပေါ် လူတွေရဲ့စိတ်ဝင်စားမှုရအောင် ဆွဲဆောင်နိုင်

မှုဟာ ပြိုင်ဘက်ကားကုမ္ပဏီတွေထဲက ဘယ် CEO မှ မလုပ်နိုင်ကြပါဘူး။ သူတို့ဟာ အီလွန်မတ် လုပ်ပြနေတာကို အံ့သြတကြီးနဲ့ ကြည့်နေကြရတယ်။

Model S ကို ရှားသွပ်နေတဲ့ရောဂါဟာ Silicon Valley မှာ ပျံ့နှံ့နေချိန်မှာ ကျွန်တော် Palo Alto မြို့က Ford မော်တော်ကားကုမ္ပဏီရဲ့ သုတေသန စမ်းသပ်မှုတွေလုပ်တဲ့ ဓာတ်ခွဲခန်းလေးတစ်ခုကို ရောက်သွားတယ်။ ဓာတ်ခွဲခန်း တာဝန်ခံဟာ ဆံပင်ကို မြင်းမြီးလို ခေါင်းနောက်မှာ စုချည်ပြီး ခြေညှပ်ဖိနပ် စီးထားတဲ့ အင်ဂျင်နီယာ 'တီဂျေ ဝိုလီ' ဖြစ်ပါ တယ်။ သူဟာ Tesla ကုမ္ပဏီကို အလွန်မနာလိုဖြစ်နေတယ်။ သူ ကျွန်တော့်ကိုပြောပြတယ်။ Ford ကားတိုင်းမှာ ထည့်ထားတဲ့ ဆော့ဖ်ဝဲတွေဟာ ကုမ္ပဏီပေါင်းစုံက ဖြစ်ကြတယ်။ ဒါကြောင့် ဆော့ဖ်ဝဲတစ်ခုနဲ့တစ်ခု ဆက်သွယ်ပြီး အလုပ်လုပ်ဖို့ အတော် ကြိုးစားလုပ်ရတယ်။ Ford ဟာ တစ်နှစ်ကို ကားပေါင်းသိန်းချီထုတ်နေလို့ ကားတွေမှာတပ်ဆင်ထားတဲ့ ဆော့ဖ်ဝဲတွေဟာ အလွန်များပြီး ရှုပ်ထွေးနေကြတယ်။ ဒါကြောင့် ကားတွေဟာ မောင်းရင်း စက်ရပ်သွားတာ၊ စက်နှိုးမရတာ၊ လေအေးစက်မလည်တာ စတဲ့ ပြဿနာတွေနဲ့ နေ့စဉ် ကြုံတွေ့နေကြရတယ်။ ဒါပေမဲ့ Model S မှာ ထည့်ပေး ထားတဲ့ ဆော့ဖ်ဝဲတွေဟာ Tesla ရဲ့ကိုယ်ပိုင်ဖြစ်လို့ ရှုပ်ထွေးမှုမရှိဘူး။ အဲဒါမျိုးကို အင်ဂျင်နီယာ တီဂျေ လိုချင်တယ်။ *"ဆော့ဖ်ဝဲဟာ ကားအတွက် ဦးနှောက်ပါ။ ဦးနှောက်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ပေးထားရင် အလုပ်လုပ်တာ စွမ်းရည်မြင့်တာပေါ့။ ဒါကြောင့်လည်း Model S ကားတွေဟာ စွမ်းရည်မြင့်တာ ပါ။ ကျွန်တော်တို့ သူတို့ကို လိုက်မီဖို့ အတော်လုပ်ယူရမယ်"* လို့ တီဂျေက ပြောပြ တယ်။ သိပ်မကြာခင်မှာ တီဂျေဟာ Ford ကုမ္ပဏီက အလုပ်ထွက်သွားပြီး လေယာဉ်ပျံ့ကို ရေဒါနဲ့ ဖမ်းရခက်အောင်လုပ်တဲ့ နည်းပညာလုပ်တဲ့ကုမ္ပဏီတစ်ခု ထောင်လိုက်တယ်။

အီလွန်မတ်လုပ်နေတာတွေမှာ ပြိုင်ဘက် ကားကုမ္ပဏီတွေ မလုပ်နိုင်တာ၊ မတုပနိုင်တာ တစ်ခုရှိပါသေးတယ်။ အဲဒါက Tesla ကုမ္ပဏီကို အမြတ်အစွန်း ရှာတဲ့ ကုမ္ပဏီမဟုတ်ဘဲ လူတွေရဲ့ဘဝမှာ အရေးပါတဲ့ ကုမ္ပဏီဖြစ်အောင် လုပ်ပေး

တာပါ။ Tesla ဟာ လူတွေကို ကားရောင်းပေးရုံသက်သက် မလုပ်ဘူး။ လူတွေရဲ့ စိတ်ကျေနပ်မှုကိုရစေမယ့် ပုံရိပ်တစ်ခု ပေးလိုက်တာပါ။ အဲဒါမျိုးကို လွန်ခဲ့တဲ့ ၁၀ စုနှစ်များစွာအကြာက Apple က လုပ်ပေးခဲ့တယ်။ Apple က လူတွေကို ပထမဆုံး Mac ကွန်ပျူတာနဲ့ စိတ်ပျော်ရွှင်မှုရစေတယ်။ နောက်တော့ iPod, iPhone တွေနဲ့ ပျော်ရွှင်စေပြန်တယ်။ အဲဒီပစ္စည်းတွေကို လူတွေဟာ စစချင်းမှာ စိတ်မဝင်စားကြပေမယ့် iTunes ဆိုတဲ့ ဆော့ဖ်ဝဲထည့်သွင်းပေးလိုက်တော့ ပစ္စည်းတွေကို မူးယစ်ဆေးလို စွဲလမ်းသွားကြတယ်။ အီလွန်မတ်ဟာ Model S ကားနဲ့ နောက်ပိုင်းထုတ်မယ့် Tesla ကားတွေကို လူတွေ စွဲလမ်းမှုဖြစ်အောင် ဆော့ဖ်ဝဲတွေတီထွင်ဖို့ ကြံဆောင် ကြိုးစားနေတယ်။

Apple ရဲ့ Mac ကွန်ပျူတာတွေ ခေတ်စားလာတော့ ကွန်ပျူတာထုတ်လုပ်တဲ့ ကုမ္ပဏီတွေဟာ Apple ကို ပြိုင်ပြီး ကွန်ပျူတာတွေ ထုတ်လုပ်ကြ တယ်။ ဒါပေမဲ့ သူတို့ရဲ့ကွန်ပျူတာတွေကို Mac ကွန်ပျူတာလောက် လူတွေ လိုချင်တပ်မက်ခြင်း မဖြစ်ကြဘူး။ ဘာကွာခြားလို့လဲ။ ကွာခြားတာက ကွန်ပျူတာထုတ်လုပ်သူတွေဟာ ဆော့ဖ်ဝဲပိုင်းကို Microsoft ကုမ္ပဏီကို အလုပ်အပ်တယ်။ ကွန်ပျူတာချစ်ပ် (chip) ပစ္စည်းတွေကို Intel က မှာယူတယ်။ ကျန်တဲ့ပစ္စည်းတွေကို တရုတ်ပြည်က မှာယူတယ်။ Apple ကတော့ Mac ကွန်ပျူတာတွေ တည်ဆောက်ရာမှာ ဆော့ဖ်ဝဲ၊ ကိုယ်ထည် အားလုံး သူတို့ဘာသာ လုပ်ယူတယ်။ ပစ္စည်းအားလုံးဟာ လိုက်လျောညီထွေဖြစ်နေကြလို့ Mac ကွန်ပျူတာကို လူတွေ နှစ်သက်ကြတာပါ။ စုပေါင်းစပ်ပေါင်းလုပ်ထားတဲ့ ကွန်ပျူတာကို လူတွေဟာ မသုံးမဖြစ်လို့ သုံးကြပေမယ့် Mac ကွန်ပျူတာလို စွဲလမ်းတပ်မက်မှု မဖြစ်ကြဘူး။ Tesla ကားတွေရဲ့ ကားဘော်ဒီ၊ ဘက်ထရီ၊ ပစ္စည်းတွေနဲ့ ဆော့ဖ်ဝဲ အားလုံးဟာ Tesla လုပ်တွေ့ချည်းမို့ လူတွေကို စွဲလမ်းတပ်မက်မှု ဖြစ်ပေါ်စေပါတယ်။

အီလွန်မတ်က Tesla ကားဟာ လူတွေရဲ့ နေပုံထိုင်ပုံကို ပြောင်းလဲသွားစေမယ်လို့ ယုံကြည်ထားတယ်။ Model S ကားပိုင်ရှင်တွေဟာ ကားအတွက် အချိန်မကုန် အလုပ်မရှုပ်ကြတော့ဘူး။ သူတို့ဟာ ဓာတ်ဆီဆိုင်မှာ ဆီဖြည့်စရာ

မလိုကြတော့ဘူး။ ညပိုင်းမှာ ကားကို ပလပ်ထိုးပြီး ဘက်ထရီအားသွင်းပေးရုံပဲ။ လူတိုင်း ညရောက်ရင် ဖုန်းကို အားသွင်းသလိုမျိုးပါ။ ကားဘက်ထရီကို ချက်ချင်း အားသွင်းချင်ရင် ရသလို Model S ကားရဲ့ ဆော့ဖ်ဝဲကနေ အားသွင်းမယ့်အချိန် (ဥပမာ သန်းခေါင်ကျော်အချိန်) ကို ချိန်ညှိပေးထားလို့ ရတယ်။ ညသန်းခေါင်ကျော်ရင် လျှပ်စစ်ဓာတ်အားခ သက်သာလို့ပါ။ Tesla ကားပိုင်ရှင်တွေဟာ ဓာတ်ဆီဆိုင်သွားစရာ မလိုသလို ကားပြင်တဲ့ဆိုင်တွေကိုလည်း သွားစရာ မလိုကြတော့ဘူး။ ပုံမှန်ကား (ဓာတ်ဆီ၊ ဒီဇယ်၊ ဓာတ်ငွေ့သုံးကား) ကားတွေကို အင်ဂျင်ဝိုင်လဲဖို့၊ ထိပ္ပတ်ဖန်များလို့ ပါးသွား၊ စားသွား၊ ပျက်စီးသွားတဲ့ ကားပစ္စည်းလဲဖို့ ကားပြင်ရုံကို ပို့ပေးရတယ်။ လျှပ်စစ်ကားတွေမှာ လူပ်ရှားတဲ့စက်ပစ္စည်း နည်းတာကြောင့် အဲဒါမျိုးလုပ်ဖို့မလိုဘူး။ ဒါပေမဲ့ Tesla ကုမ္ပဏီက သူတို့ဆီကဝယ်သွားတဲ့ ကားတွေကို အနည်းဆုံး တစ်နှစ်တစ်ခါ လာပြပြီး စစ်ဆေးခံယူဖို့ အကြံပေးထားတယ်။ အဲဒါကလည်း အချိန်မတိုင်ခင် ပျက်စီးယိုယွင်းသွားတဲ့ ပစ္စည်း ရှိ၊ မရှိနဲ့ ရှိရင် အသစ်နဲ့လဲပေးဖို့ ဖြစ်ပါတယ်။

ဒီနေရာမှာ car dealers ကားရောင်းတဲ့ ကုမ္ပဏီတွေရဲ့ ငွေရှာနည်း ရေးပြချင်ပါတယ်။ အဲဒီကုမ္ပဏီတွေဟာ ကားရောင်းပေးတဲ့အတွက် ကားထုတ်လုပ်သူဆီက ကော်မရှင်ရကြသလို ရောင်းပြီးတဲ့ကားတွေကို သူတို့ရဲ့ ကားပြင်ဆိုင်တွေကနေ ထိန်းသိမ်းပြုပြင်ပေးတဲ့အတွက်လည်း ပိုက်ဆံကောင်းကောင်းရကြတယ်။ Tesla ကားတွေဟာ ရောင်းပြီးရင် ထိန်းသိမ်းပြုပြင်စရာ မလိုဘူး။ ဒီတော့ car dealers တွေဟာ Tesla ကားရောင်းရင် ထိန်းသိမ်းပြုပြင်ခ မရကြလို့ Tesla ကားတွေကို မရောင်းချင်ကြဘူး။ ဒါကြောင့် Tesla ကားတွေကို Tesla ကုမ္ပဏီရဲ့ အရောင်းပြခန်းတွေကနေ ကားဝယ်ချင်သူဆီ တိုက်ရိုက်ရောင်းပေးတယ်။ *"ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ကားကို ဝယ်ပြီးသွားရင် ကားမှာ ချို့ယွင်းချက်ရှိလို့ဆိုပြီး ကားပြန်ရောက်လာတာကို မလိုလားဘူး"* လို့ အင်ဂျင်နီယာ ဂျာဗင်ဒန်က ပြောပြတယ်။ Tesla ဟာ ကားပြင်ခမယူဘဲ ဆော့ဖ်ဝဲအသစ်ထည့်ချင်တယ်ဆိုမှ ပိုက်ဆံယူပါတယ်။ Silicon Valley က ဆော့ဖ်ဝဲကျွမ်းကျင်သူနဲ့ စီးပွားရေးသမားဖြစ်သူ 'ကွန်စတန်တင် အော့တမာ' က Tesla ကားနဲ့

ပတ်သက်တဲ့ အတွေ့အကြုံကို ခုလိုပြောပြတယ်။ "ကျွန်တော် *Model S* ကား တစ်စီး ဝယ်လိုက်တယ်။ ကားကို အလွန်သဘောကျနေတယ်။ ဒါပေမဲ့ မကြာခင်မှာ လူတွေပြောနေကြတဲ့ အပြစ်အနာအဆာ ချို့ယွင်းချက်တွေ ပေါ်လာတယ်။ ကျွန်တော် *Tesla* ကုမ္ပဏီကို အဲဒါတွေပြင်ပေးဖို့ အကြောင်းကြားလိုက်တယ်။ နောက်နေ့မှာ *Tesla* က ကျွန်တော့်ကားကို နောက်တွဲယာဉ်တစ်စီးပေါ်တင်ပြီး ယူသွားတယ်။ ကားလာယူသူက ပြောတယ်။ ကျွန်တော် ကားမောင်းပြီး သူတို့ဆီ သွားပို့ရင် ကားမှာ မောင်းပြီးတဲ့ မိုင်အရေအတွက် တိုးလာမှာမို့ အဲဒါ မဖြစ်စေချင် လို့ပါတဲ့။ ကျွန်တော် သူပြောတာကို သဘောကျသွားတယ်။ သူတို့ဆီမှာ ကားကို တစ်လထားရတယ်။ သူတို့ဟာ ကားက ပစ္စည်းအားလုံးကို စစ်ဆေးပြီး ပြုပြင်တာ၊ အသစ်လဲပေးတာတွေ လုပ်ပေးလိုက်တယ်။ ကားဟာ အသစ်တစ်စီးထက်တောင် ပိုကောင်းသွားသေးတယ်။ *Tesla* ရဲ့ ဝန်ဆောင်မှုကတော့ အံ့ဩစရာပါပဲ"။

တခြား ကားထုတ်တဲ့ကုမ္ပဏီတွေ Tesla ကို မယှဉ်နိုင်တာ တစ်ခုရှိပါသေးတယ်။ 'Over-the-air updates' ပါ။ အဲဒါက ဘယ်လိုမျိုးလဲဆိုတော့ ကားတစ်စီးကို စက်ညှိပေးတာ၊ ပြုပြင်ပေးတာ၊ ဆော့ဖ်ဝဲကို update လုပ်ပေးတာတွေ လုပ်ဖို့ လုပ်ပေးမယ့်သူဟာ ကားအနားကပ်စရာ မလိုဘူး။ ကားကို ထိကိုင်စရာ လည်း မလိုဘူး။ အဝေးကနေ wireless internet နဲ့ လုပ်ပေးပါတယ်။ "ဓာတ်ဆီ၊ ဓာတ်ငွေ့သုံးကားတွေကို အသေးစားပြုပြင်မယ်ဆိုရင်တောင် ဥပမာ - *spark-plug* ပလပ်ကို ညှိပေးတာ၊ မော်တာရဲ့ခါးပတ်ကို ညှိပေးတာ လုပ်မယ်ဆိုရင် ကားစက်ဖုံး ကို ဖွင့်ပေးဖို့လိုပါတယ်။ *Tesla* ကားမှာ အဲဒီလိုလုပ်ဖို့ မလိုဘူး" လို့ ဂျာဗင်ဒန်က ပြောပါတယ်။ Tesla ကားကို မယှဉ်နိုင်တာ နောက်တစ်ခုလည်း ကျန်ပါသေးတယ်။ ဓာတ်ဆီကားပိုင်ရှင်က မိမိဝယ်ထားတဲ့ကားရဲ့ (မောင်းသူရှေ့ က) ဒိုင်ခွက်ဒီဇိုင်း ပြောင်းချင်ရင် ကားထုတ်လုပ်သူဆီက ခွင့်ပြုချက်ယူရတယ်။ ခွင့်ပြုချက်ရဖို့ လပေါင်း အတော်ကြာကြာ စောင့်ရတယ်။ တစ်ခါတလေ နှစ်ချီ ကြာတယ်။ "*Tesla* ကားတွေအတွက် အီလွန်မတ်က ခရစ္စမတ်ပွဲတော်ကို ကြိုဆိုတဲ့အထိမ်းအမှတ်အဖြစ် ကားဒိုင်ခွက်တွေမှာ ယုန်ရုပ်ပုံလေးထည့်ချင်တယ်လို့ ပြောလိုက်ရင် ၂ နာရီအတွင်း ရောင်းထားသမျှ *Model S* ကားအားလုံးရဲ့

ဒိုင်ခွက်တွေမှာ ယုန်ရုပ်ပုံလေးတွေ ပေါ်လာ ကြလိမ့်မယ်။ Wireless internet နဲ့ *လုပ်ပေးလိုက်တာပါ”* လို့ ဂျာဗင်ဒန်က ဆက်ပြောတယ်။

Tesla ဟာ အမေရိကန်နိုင်ငံရဲ့ လျှပ်စစ်ကားထုတ်တဲ့လုပ်ငန်းမှာ အောင်မြင်နေစဉ် သူ့ရဲ့ပြိုင်ဘက်တချို့ဟာ ကျရှုံးသွားကြတယ်။ အီလွန်မတ်တို့နဲ့ တရားဖြစ်ခဲ့တဲ့ ဖစ်စကာရဲ့ Fisker Automotive လျှပ်စစ်ကားထုတ်တဲ့ ကုမ္ပဏီဟာ အရှုံးပေါ်နေလို့ ဒေဝါလီခံရလုဆဲဆဲဖြစ်နေလို့ အဲဒီကုမ္ပဏီကို ကယ်တင်ဖို့ Kleiner Perkins ကုမ္ပဏီက ဝယ်လိုက်တယ်။ Kleiner Perkins မှာ ရင်းနှီးမြှုပ်နှံငွေထည့်ဝင်ထားသူတွေဟာ Tesla ကုမ္ပဏီမှာလည်း ရင်းနှီးမြှုပ်နှံချင်ကြတယ်။ ဒါပေမဲ့ Kleiner Perkins ရဲ့ ဥက္ကဋ္ဌ ‘ရေးလိန်း’ က အများဆန္ဒကို ဆန့်ကျင်ပြီး Fisker Automotive ကို ဝယ်လိုက်တယ်။ ဝယ်ပြီး မကြာခင်မှာ Fisker ဟာ နလံပြန်မထူနိုင်လို့ ပိတ်သိမ်းလိုက်ရတယ်။ Kleiner Perkins ရဲ့ရင်းနှီးငွေတွေ ရှုံးသွားသလို ဥက္ကဋ္ဌ ရေးလိန်းလည်း စီးပွားရေးလောကမှာ ခေါင်းမဖော်နိုင်အောင် နာမည်ပျက်သွားတယ်။ Better Place ကုမ္ပဏီဟာ လျှပ်စစ်ကားထုတ်ဖို့နဲ့ ကားဘက်ထရီတွေကို အားသွင်းပြီးသားတွေနဲ့ လဲလှယ်ပေးတဲ့ရုံတွေ တည်ဆောက်ဖို့ ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံတယ်။ ဒါပေမဲ့ ကုမ္ပဏီဟာ ဘာပစ္စည်းမှ မထုတ်နိုင်ခင်မှာပဲ ၂၀၁၃ ခုနှစ်မှာ ပိတ်သိမ်းသွားရတယ်။

“လျှပ်စစ်ကားလုပ်ဖို့ အကြံဟာ အခုမှပေါ်လာတာ မဟုတ်ပါဘူး။ အဲဒီ အကြံဟာ အစောပိုင်းကတည်းက လူတွေ စဉ်းစားခဲ့ကြပါတယ်။ ဒါပေမဲ့ လျှပ်စစ်ကားကို ထုတ်လုပ်ရင် စီးပွားရေးအရ တွက်ချေမကိုက်ဘူးဆိုပြီး လူတွေ မလုပ်ကြတာပါ။ အခု ကျွန်တော်တို့ လျှပ်စစ်ကားထုတ်တာ အောင်မြင်လို့ဆိုပြီး လိုက်လုပ်ချင်ကြသူတွေ အများကြီးဖြစ်နေကြပါပြီ” လို့ အီလွန်မတ် ပြောပြတယ်။ တကယ်လည်း လျှပ်စစ်ကားထုတ်တဲ့ ကုမ္ပဏီတွေ အများကြီး ပေါ်လာနေကြပါတယ်။ ဒါပေမဲ့ အဲဒီ ကုမ္ပဏီတွေဟာ သူချမှတ်ပေးထားတဲ့ အရည်အသွေး အဆင့်အတန်းထက် တစ်ပြားသားမှ မလျော့ကျစေဘဲ လျှပ်စစ်ကားတွေထုတ်နေတဲ့ Tesla ကုမ္ပဏီကို ယှဉ်နိုင်ဖို့ အများကြီး ကြိုးစားကြရပါဦးမယ်။

❑

အခန်း (၁၀)

Space X, Tesla နဲ့ SolarCity တို့ရဲ့ စုပေါင်းစွမ်းအား

ရိုက်ညီအစ်ကို (Rive Brothers) တွေဟာ နည်းပညာကို အသုံးချပြီး ဝင်ငွေရှာကြတယ်။ ၁၉၉၀ ပြည့်နှစ်ကျော် စောစောပိုင်း ကွန်ပျူတာနဲ့ အင်တာနက် ခေတ်စားလာချိန်မှာ သူတို့ဟာ စကိတ်လျှောပြားတွေကို ကိုယ်စီစီးပြီး ကာလီဖိုးနီးယားပြည်နယ်ရဲ့ ပင်လယ်ကမ်းခြေမြို့လေးဖြစ်တဲ့ Santa Cruz မြို့က ကုမ္ပဏီတွေရဲ့ ရုံးခန်းတံခါးတွေကို ခေါက်ကြတယ်။ တံခါးဖွင့်ပေးရင် ကွန်ပျူတာနဲ့ ပတ်သက်တဲ့ ပြဿနာ၊ အခက်အခဲ တစ်စုံတစ်ရာရှိရင် ကူညီပေးပါရစေလို့ ပြောကြတယ်။ အမှန်က အလုပ်တောင်းတာပါ။ ဒီအလုပ်ကနေ သူတို့ရဲ့ စားဝတ်နေရေး ပြေလည်ရုံပဲ ဝင်ငွေရကြတယ်။ ဒါပေမဲ့ သူတို့မှာ တခြားရွေးစရာ အလုပ်မရှိလို့ ဒီအလုပ်ပဲ ဆက်လုပ်နေကြရတယ်။ ဘာပဲဖြစ်ဖြစ် သူတို့ဟာ အဲဒီအလုပ်လုပ်ရင်းနဲ့ ကွန်ပျူတာနည်းပညာမှာ ကျွမ်းကျင်လာကြတယ်။

ကြာတော့ ညီအစ်ကိုတွေဟာ ရုံးခန်းတံခါးခေါက်ပြီး အလုပ်တောင်းတာကို မလုပ်ချင်ကြတော့ဘဲ ကွန်ပျူတာကျွမ်းကျင်မှုကို အသုံးချတဲ့ သတ်သတ်မှတ်မှတ် အလုပ်တစ်ခု လုပ်ချင်လာကြတယ်။ ဒါကြောင့် Everdream ဆိုတဲ့ ဆော့ဖ်ဝဲ တစ်မျိုးကို တီထွင်ရေးဆွဲကြတယ်။ အဲဒီဆော့ဖ်ဝဲကို အသုံးပြုပြီး wireless

internet ကတစ်ဆင့် အဝေးကနေ ကုမ္ပဏီတွေရဲ့ ကွန်ပျူတာတွေမှာ ဆော့ဖ်ဝဲပိုင်းအမှား error တက်လာရင် ပြင်ပေးတယ်။ ကွန်ပျူတာတွေရဲ့ application တွေကို update လုပ်ပေးတယ်။ Santa Cruz မြို့နဲ့ Silicon Valley က လမ်းမတွေပေါ်မှာ ကြော်ငြာဆိုင်းဘုတ်ကြီးတွေထောင်ပြီး သူတို့ရဲ့ ကွန်ပျူတာနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုတွေ ကြော်ငြာတယ်။ ဒါပေမဲ့ ဝင်ငွေများများစားစား မရပါဘူး။

သူတို့ဟာ ၈ယ်စဉ်က တောင်အာဖရိကနိုင်ငံမှာ အတူတူကြီးပြင်းလာခဲ့တဲ့ သူတို့ရဲ့ညီအစ်ကိုတစ်ဝမ်းကွဲတော်တဲ့ အီလွန်မတ်နဲ့ အမေရိကန်နိုင်ငံမှာ ပြန်လည်ဆုံတွေ့ကြပြီး မကြာခဏ အတူသွားလာ လည်ပတ်ကြတယ်။ ၂၀၀၄ ခုနှစ်မှာ ညီအစ်ကိုထဲက အကြီးဆုံးဖြစ်တဲ့ 'လန်ဒန်ရိုက်' နဲ့ သူ့ညီနှစ်ယောက်ဖြစ်ကြတဲ့ 'ပီတာရိုက်'၊ 'ရပ်စ်ရိုက်' တို့ဟာ လက်ရှိလုပ်နေတဲ့ အလုပ်အစား စိန်ခေါ်တဲ့အလုပ်တစ်ခုကို လုပ်ချင်နေကြတယ်။ *"ပိုက်ဆံရဖို့သက်သက်မဟုတ်ဘဲ နေ့စဉ်နေ့တိုင်း စိတ်ကျေနပ်ပျော်ရွှင်မှုပေးနိုင်တဲ့ အလုပ်မျိုး လုပ်ချင်တယ်။ ဘာလုပ်ရမလဲ"* လို့ လင်ဒန်ရိုက်က အီလွန်မတ်ကို မေးတယ်။ ဒီအချိန်မှာ အီလွန်မတ်ဟာ Space X နဲ့ Tesla ကုမ္ပဏီတွေထောင်ပြီး အတန်အသင့် အောင်မြင်မှုရနေတယ်။ အီလွန်မတ်က နေရောင်ခြည်စွမ်းအင်ကို အသုံးချတဲ့အလုပ်မျိုး လုပ်ပါလားလို့ ပြောလိုက်တယ်။ *"အီလွန်မတ်ဟာ နေရောင်ခြည်စွမ်းအင်အကြောင်း နည်းနည်း လေ့လာဖူးထားလို့ ဒီလုပ်ငန်းမှာ လူတွေသတိမထားမိတဲ့ အခွင့်အလမ်းတွေရှိနေတယ်လို့ ထင်နေတယ်"* လို့ လင်ဒန်ရိုက်က ပြောပြတယ်။

အီလွန်မတ်ရဲ့ အကြံပေးချက်ကြောင့် ရိုက်ညီအစ်ကိုသုံးယောက်ဟာ မကြာခင်မှာ နေရောင်ခြည်စွမ်းအင်နဲ့ပတ်သက်တဲ့ နည်းပညာနဲ့ စီးပွားရေး လုပ်နည်းလုပ်ဟန်တွေကို လေ့လာကြတယ်။ အဲဒီလုပ်ငန်း ကျွမ်းကျင်သူတွေကို မေးမြန်းကြည့်ကြတယ်။ လုပ်ငန်းနဲ့သက်ဆိုင်တဲ့ ညီလာခံတွေ တက်ရောက်နားထောင်ကြတယ်။ သူတို့လိုချင်တဲ့ လုပ်ငန်းနမူနာပုံစံကို ရှာတွေ့တဲ့နေရာက Solar Power International Conference ညီလာခံမှာ ဖြစ်ပါတယ်။ အဲဒီညီလာခံကို လူ ၂ ထောင်လောက် လာတက်ကြတယ်။ တက်ရောက်လာကြသူတွေဟာ

ဟိုတယ်ရဲ့ ကြီးမားတဲ့ ခန်းမကြီးထဲမှာ ပြည့်ကျပ်နေပြီး တင်ဆက်ပြသမှုတွေကို နားထောင်ကြတယ်။ တင်ဆက်တာပြီးသွားလို့ မေးခွန်းမေးတဲ့အချိန် ရောက်လာပြီ။ အစီအစဉ်တင်ဆက်သူက ဆိုလာပြားတပ်ဆင်တဲ့ ကုမ္ပဏီက ကိုယ်စားလှယ်တွေကို ခုလို မေးခွန်းမေးတယ်။ *"ဆိုလာပြားတပ်ဆင်တာကို စျေးသက်သာအောင် ဘယ်လိုလုပ်ရမလဲ"* လို့ပါ။ *"သူတို့အားလုံးက တူညီတဲ့အဖြေ ပေးကြတယ်။ အဲဒါက ဆိုလာပြားတွေ စျေးကျအောင် စောင့်နေကြမယ်လို့ပါ"* လို့ လင်ဒန်ရိုက်ကပြောတယ်။ *"ကျွန်တော် သိလိုက်ပါပြီ။ သူတို့အားလုံးဟာ ဆိုလာပြားတပ်ဆင်တာ စျေးသက်သာအောင် လုပ်မနေကြဘူးဆိုတာပါ"* လို့ သူ ဆက်ပြောတယ်။

အဲဒီအချိန်က ဆိုလာပြားတပ်ဆင်ချင်သူတွေဟာ သူတို့အိမ်မှာ ကိုယ်တိုင်တပ်ဆင်ဖို့ မလွယ်ဘူး။ ဆိုလာပြား အတိုင်းအတာ အတိအကျကို ဝယ်ရမယ်။ ကျွမ်းကျင်သူတစ်ယောက်ကို တပ်ဆင်ခိုင်းရမယ်။ ဒုံးပြင် ကြိုတင်စရန်ငွေ ပေးရမယ်။ အဲဒါတွေအပြင် ဆိုလာပြားဟာ စျေးများ ထပ်ကျမလားဆိုပြီး စောင့်နေကြလို့ ဆိုလာပြားတပ်ဆင်သူတွေ နည်းပါးကြတယ်။

ရိုက်ညီအစ်ကိုတွေဟာ ဆိုလာပြားလုပ်ငန်းလုပ်ဖို့ ရည်ရွယ်ချက်နဲ့ ၂၀၀၆ ခုနှစ်မှာ SolarCity ဆိုတဲ့ ကုမ္ပဏီတစ်ခု ထောင်လိုက်ကြတယ်။ သူတို့ဟာ တခြား ကုမ္ပဏီတွေလုပ်သလို ဆိုလာပြားတွေထုတ်လုပ်တာ မလုပ်ဘဲ အသင့်လုပ်ပြီးသား ဆိုလာပြားတွေကို ဝယ်ယူပြီး တပ်ဆင်တာ၊ စမ်းသပ်ပေးတာ စတဲ့ ကျန်တဲ့အလုပ်အားလုံးကို လုပ်ပေးတယ်။ သူတို့ဟာ အလုပ်အပ်မယ့်သူရဲ့ အိမ်က လျှပ်စစ်မီတာခနဲ့ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားဝယ်သုံးတာ ဘယ်ဟာက ဘယ်လောက်သက်သာမယ်ဆိုတာရယ်၊ သူ့အိမ်ဟာ နေရောင်ခြည် အလုံအလောက် ရ၊ မရ ဆိုတာတွေကို တွက်ချက်ပေးကြတယ်။ ဆိုလာပြား တပ်ဆင်ရင် ငွေသက်သာလို့ အိမ်ရှင်က တပ်ချင်တယ်ဆိုရင် SolarCity က ဝန်ထမ်းတွေက ဆိုလာပြားတွေ လာတပ်ဆင်ပေးတယ်။ အိမ်ရှင်ဟာ လုပ်ငန်းမစခင်မှာ ကြိုတင်စရန်ငွေ ပေးစရာ မလိုဘူး။ SolarCity က ဆိုလာပြားတွေကို လစဉ် ပုံမှန်ကြေးနဲ့ နှစ်အတော်ကြာကြာ ငှားပေးတယ်။ ဒါကြောင့် အိမ်ရှင်ဟာ ဆိုလာပြားတပ်ဆင်ခအတွက် ငွေတွေအများကြီး အကုန်ခံစရာမလိုဘဲ လစဉ်ကြေး ပေးနေရုံပဲမို့ ငွေအများကြီး

သက်သာပါတယ်။ အိမ်ရှင်က သူ့အိမ်ကိုရောင်းလိုက်ရင် SolarCity နဲ့ ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်ကို အိမ်ရှင်အသစ်က ဆက်ခံပိုင်ခွင့်ရှိတယ်။ ငှားတဲ့သက်တမ်း ကုန်သွားရင် အိမ်ရှင်ဟာ ပိုပြီးထိရောက်တဲ့ ဆိုလာပြားအသစ်တွေနဲ့ လဲလှယ်တပ်ဆင်ခွင့်ရပါတယ်။ အီလွန်မတ်ဟာ သူ့ညီအစ်ကိုဝမ်းကွဲတွေဖြစ်ကြတဲ့ ရိုက်ညီအစ်ကိုတွေကို ကုမ္ပဏီတစ်ခုကို ဘယ်လိုဖွဲ့စည်းရမယ်ဆိုတာ သင်ပြပေးတဲ့ အပြင် ကုမ္ပဏီရဲ့ ဥက္ကဋ္ဌနဲ့ ရှယ်ယာအများဆုံး ထည့်ဝင်သူတစ်ယောက်လည်း ဖြစ်လာခဲ့တယ်။ သူဟာ Solar-City က ရှယ်ယာစုစုပေါင်းရဲ့ ၃ ပုံ ၁ ပုံကို ပိုင်ဆိုင်လာတယ်။

၆ နှစ်ကြာတဲ့အခါမှာ SolarCity ဟာ အမေရိကန်နိုင်ငံမှာ ဆိုလာပြားတွေတပ်ဆင်တဲ့ အကြီးဆုံးကုမ္ပဏီတစ်ခု ဖြစ်လာတယ်။ ကုမ္ပဏီဟာ ဝင်ငွေကောင်းနေသလို ဆိုလာပြား တပ်ဆင်ရာမှာလည်း အတော်ကျွမ်းကျင်နေကြပြီ။ ပြိုင်ဘက်ကုမ္ပဏီတွေဟာ SolarCity ကုမ္ပဏီရဲ့လုပ်ငန်းပုံစံကို အတုခိုးကြတယ်။ ဆိုလာပြားတွေ စျေးကျလာလို့ SolarCity အတွက် ပိုပြီး အကျိုးရှိလာစေတယ်။ စျေးကျရတဲ့ အကြောင်းက တရုတ်နိုင်ငံလုပ် ဆိုလာပြား အများအပြားဟာ စျေးကွက်ထဲ ဝင်လာလို့ပါ။ SolarCity ဟာ လူတစ်ဦးချင်းစီအတွက် ဆိုလာပြား တပ်ဆင်ပေးရာကနေ ကုမ္ပဏီတွေအတွက်ပါ တပ်ဆင်ပေးလာတယ်။ Intel, Walgreens နဲ့ Wal-Mart စတဲ့ ကုမ္ပဏီကြီးတွေအတွက် ကြီးမားတဲ့ ဆိုလာပြား တပ်ဆင်မှုကြီးတွေ လုပ်ပေးရတယ်။ ၂၀၁၂ ခုနှစ်မှာ SolarCity ဟာ အများပိုင် ကုမ္ပဏီ လုပ်လိုက်တယ်။ သူ့ရှယ်ယာတွေကို စျေးကောင်းကောင်း ပေးဝယ်ကြတယ်။ ၂၀၁၄ ခုနှစ်မှာ SolarCity ဟာ ဒေါ်လာ ၇ ဘီလီယံတန်တယ်လို့ စျေးဖြတ်ခံရတယ်။

အဲဒီအချိန်မှာ Silicon Valley က green technology လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်မပျက်စီးစေတဲ့ နည်းပညာသုံးတဲ့ ကုမ္ပဏီတွေမှာ ငွေအရင်းအနှီးမြောက်မြားစွာ ထည့်ဝင်ထားကြပြီး အရှုံးပြနေကြတယ်။ SolarCity ကုမ္ပဏီကတော့ ဖြည်းဖြည်းချင်း ဖွံ့ဖြိုးတိုးတက်လာနေတယ်။ ၂၀၁၄ ခုနှစ် အစပိုင်းမှာ SolarCity ဟာ energy storage system စွမ်းအင်

သိုလှောင်တဲ့ ပစ္စည်းတွေကို စတင်ရောင်းချတယ်။ အဲဒီပစ္စည်းတွေဆိုတာ Tesla ကားစက်ရုံကထုတ်လုပ်တဲ့ ဘက်ထရီအတွဲတွေ ထည့်ထားတဲ့ ရေခဲသေတ္တာအရွယ် သေတ္တာသေတ္တာတွေပါ။ ကုမ္ပဏီတွေ၊ လူတွေဟာ ညပိုင်းမှာ သို့မဟုတ် လျှပ်စစ်မီး ပြတ်တဲ့အခါ အဲဒီပစ္စည်းကို ကုမ္ပဏီ သို့မဟုတ် အိမ်ကမီးနဲ့ ချိတ်ဆက်သုံးနိုင်ကြတယ်။ အခုခေတ် အင်ဗာတာလို ပစ္စည်းမျိုးပါ။ ဒါပြင် အဲဒီပစ္စည်းရဲ့ ဘက်ထရီတွေကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားကနေ လျှပ်စစ်ဓာတ်အားသွင်းပေးနိုင်လို့ လျှပ်စစ်မီတာခ သက်သာတယ်။ SolarCity က အဲဒီပစ္စည်းကို သိပ်မရောင်းရပေမယ့် ဆိုလာပြားတွေ ဈေးကျလာရင် အများကြီး ပိုရောင်းရမယ်လို့ မျှော်လင့်ထားတယ်။

၂၀၁၄ ခုနှစ် ဇွန်လမှာ SolarCity က ဆိုလာပြားထုတ်လုပ်တဲ့ Silevo ကုမ္ပဏီကို ဒေါ်လာ သန်း ၂၀၀ နဲ့ ဝယ်ယူလိုက်တယ်။ ဝယ်ယူရတဲ့ ရည်ရွယ်ချက်က SolarCity ဟာ ဆိုလာပြားတွေကို ဈေးကွက်က ဝယ်ယူစရာမလိုတော့ဘဲ ကိုယ်တိုင်ထုတ်လုပ်ချင်လို့ပါ။ ဆိုလာပြားထုတ်လုပ်တဲ့ စက်ရုံကို နယူးယောက်ပြည်နယ်မှာ ဆောက်ဖို့ ရည်ရွယ်ထားတယ်။ Silevo က ထုတ်တဲ့ ဆိုလာပြားတွေဟာ နေရောင်ခြည်ကနေ လျှပ်စစ်ထုတ်ရာမှာ ၁၈.၅ ရာခိုင်နှုန်း စွမ်းရည်ရအောင် လုပ်နိုင်တယ်။ တခြားကုမ္ပဏီအများစုက ၁၄.၅ ရာခိုင်နှုန်း စွမ်းရည်ပဲ ရအောင်လုပ်နိုင်တယ်။ SolarCity က နည်းစနစ် ပိုကောင်းအောင်လုပ်နိုင်ရင် စွမ်းရည် ၂၄ ရာခိုင်နှုန်းအထိ ရမယ်လို့ မျှော်လင့်ထားတယ်။ SolarCity ဟာ ဆိုလာပြားကို ဈေးကွက်ကမဝယ်ဘဲ ကိုယ်တိုင်ထုတ်လုပ်မှာမို့ ဆိုလာပြားဈေးနှုန်းကို လျှော့ချပေးနိုင်မယ်လို့ ယုံကြည်တယ်။ လောလောဆယ် ဆိုလာပြား တပ်ဆင်သူတွေ များလာလို့ ဆိုလာပြားတွေကို ပုံမှန်နဲ့ များများစားစား ထုတ်ပေးရမှာဖြစ်ပါတယ်။ *"ဆိုလာပြားတွေကို ဈေးသက်သက်သာသာနဲ့ ရောင်းပေးနိုင်ရင် ဝယ်သူတွေ များလာမှာ သေချာပါတယ်။ ဒါကြောင့် Solar-City ရဲ့ အဓိကရည်မှန်းချက်က ဆိုလာပြားတွေရဲ့ ဈေးနှုန်းကို လျှော့ချပေးနိုင်ဖို့ ဖြစ်ပါတယ်"* လို့ SolarCity ကို ပူးတွဲတည်ထောင်သူနဲ့ Chief Technical Officer (CTO) ဖြစ်တဲ့ ပီတာရိုက်က ပြောပြတယ်။

SolarCity ကုမ္ပဏီဟာ တဖြည်းဖြည်းနဲ့ ဆိုလာပြားတွေနဲ့ energy storage system ပစ္စည်းတွေ ထုတ်လုပ်ပေးရုံမက စက်ရုံတွေ၊ အိမ်တွေမှာ တပ်ဆင်ပေးတယ်။ ၂၀၁၅ ခုနှစ်အကုန်လောက်မှာ တစ်နှစ်မှာ 2 gigawatts (1 gigawatt = megawatt ၁၀ သိန်း) စွမ်းအင်ထုတ်ပေးတဲ့ ဆိုလာပြားတွေ ထုတ်လုပ်ပေးခဲ့သလို 2.8 terawatt-hour (1 terawatt-hour = kilowatt-hr သိန်းပေါင်း တစ်သိန်း) လျှပ်စစ်စွမ်းအား ထုတ်ပေးနိုင်ခဲ့ပါတယ်။ *"ဒါကြောင့် ကုမ္ပဏီရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားထုတ်ပေးတဲ့ အကြီးဆုံးကုမ္ပဏီတွေထဲက တစ်ခုဖြစ်လာစေမယ့် လမ်းကြောင်းပေါ် ရောက်နေပါပြီ"* လို့ SolarCity ရဲ့ လေးလပတ် အစီရင်ခံစာမှာ ရေးသားဖော်ပြထားပါတယ်။

အီလွန်မတ် ရင်းနှီးမြှုပ်နှံထားတဲ့ Space X, Tesla နဲ့ SolarCity ကုမ္ပဏီသုံးခုတို့ဟာ အချင်းချင်း အပြန်အလှန် အကျိုးပြုနေကြပါတယ်။ အဲဒါက ဘယ်လိုလဲဆိုတော့ Tesla ကုမ္ပဏီက ဘက်ထရီတွေထုတ်လုပ်ပြီး အဲဒါတွေကို SolarCity က အိမ်မှာ ဆိုလာပြားတပ်ဆင်ထားကြတဲ့ ဖောက်သည်တွေဆီ ရောင်းပေးတယ်။ SolarCity က Tesla ကားတွေကို အခမဲ့ ဘက်ထရီအားသွင်းပေးတဲ့ Supercharging station တွေမှာ တပ်ဆင်ဖို့ ဆိုလာပြားတွေ ထောက်ပံ့ပေးတယ်။ Tesla ကားပိုင်ရှင်တွေဟာ သူတို့ရဲ့ကားတွေကို ဘက်ထရီအားသွင်းရာမှာ လျှပ်စစ်ဓာတ်အားခ သက်သာစေဖို့ အိမ်တွေမှာ ဆိုလာပြားတပ်ဆင်ပြီး နေရောင်ခြည်ကရတဲ့ လျှပ်စစ်ကို အသုံးပြုကြတယ်။ Tesla နဲ့ Space X တို့လည်း ကုမ္ပဏီအချင်းချင်း ကူညီကြတယ်။ ပစ္စည်းတွေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ အဲဒါတွေထုတ်လုပ်တဲ့ နည်းပညာတွေကို အချင်းချင်း ဖလှယ်ကြတယ်။

Space X, Tesla နဲ့ SolarCity ကုမ္ပဏီတွေ မတိုင်ခင်က ခုံးပျံနဲ့ အာကာသယာဉ်လွှတ်တင်ရေးလုပ်ငန်း၊ လျှပ်စစ်ကားထုတ်လုပ်ငန်းနဲ့ နေရောင်ခြည်စွမ်းအင်သုံးလုပ်ငန်းတွေကို ငွေကြေးတောင့်တင်းတဲ့ ကုမ္ပဏီကြီးတွေပဲ စိုးမိုးထားကြတယ်။ ကုမ္ပဏီငယ်တွေဟာ သူတို့ကို မယှဉ်နိုင်ကြဘူး။ မယှဉ်နိုင်တဲ့အကြောင်းက ငွေကြေးကြောင့်ချည်း မဟုတ်ပါဘူး။ အစိုးရရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့

ဗျူရိုကရေစီစနစ်က ကုမ္ပဏီကြီးတွေကို အခွင့်အရေးပေး မျက်နှာလိုက်ထားလို့ပါ။ ရုတ်တရက် အီလွန်မတ်ဟာ အဲဒီလုပ်ငန်းတွေမှာ လုပ်ကိုင်သူတစ်ယောက်အဖြစ် ပေါ်ထွက်လာခဲ့တယ်။ အစပိုင်းမှာ ကုမ္ပဏီကြီးတွေဟာ သူ့ကို အရေးမပါသူဆိုပြီး လှောင်ပြောင် သရော်ကြတယ်။ ကုမ္ပဏီကြီးတွေဟာ သူတို့ရဲ့အစိုးရနဲ့ ဆက်ဆံရေး ကောင်းမှုကို အသုံးချပြီး အီလွန်မတ်ရဲ့ကုမ္ပဏီသုံးခုကို ဒုက္ခပေးကြတယ်။ အဲဒီလို ဒုက္ခပေးရာမှာလည်း သူတို့ အတော် တော်ကြတယ်။

ဒါပေမဲ့ ၂၀၁၂ ခုနှစ်ရောက်တော့ အီလွန်မတ်ရဲ့ ကုမ္ပဏီအဖွဲ့ (Space X, Tesla နဲ့ SolarCity) တို့ဟာ ကုမ္ပဏီကြီးတွေကို ခြိမ်းခြောက်နိုင်တဲ့ အခြေအနေ ရောက်လာပါတယ်။ သူတို့ဟာ ကုမ္ပဏီတစ်ခုချင်းအနေနဲ့ ပြိုင်ဘက် ကုမ္ပဏီကြီးတွေကို မခြိမ်းခြောက်နိုင်ပေမယ့် ကုမ္ပဏီသုံးခု အဖွဲ့လိုက်မှာ ခြိမ်းခြောက် လာနိုင်တယ်။ သူတို့ရဲ့စုပေါင်းအားကို ပြိုင်ဘက်တွေ ယှဉ်ပြိုင်နိုင်ဖို့ ခက်လာတယ်။ Tesla ရဲ့ ရှယ်ယာတွေ စျေးတက်လာရင် SolarCity ရဲ့ ရှယ်ယာတွေလည်း စျေးတက်လာတယ်။ Space X ရဲ့ အောင်မြင်တဲ့ ဒုံးပျံလွှတ်တင်မှု သတင်းတွေ ကြောင့် ကျန်တဲ့ ကုမ္ပဏီနှစ်ခုအပေါ်မှာလည်း လူတွေ အကောင်းမြင်လာကြတယ်။ ရင်းနှီးမြှုပ်နှံချင်သူတွေ တိုးလာကြတယ်။ အာကာသယာဉ်လုပ်ငန်း၊ စွမ်းအင် လုပ်ငန်းနဲ့ မော်တော်ကားလုပ်ငန်းတွေက အရာရှိကြီးတွေဟာ အီလွန်မတ်ရဲ့ အောင်မြင်မှုကြောင့် စိုးရိမ်လာကြတယ်။ တချို့ဟာ အီလွန်မတ်ရဲ့ဘက်ကို ပြောင်းဖို့အထိ စဉ်းစားလာကြတယ်။ တချို့ကတော့ ညစ်ပတ်တဲ့အလုပ်လုပ်ဖို့ ပြင်ဆင်လာကြတယ်။

ဒီစာအုပ်ကိုရေးနေချိန်မှာ Space X ကုမ္ပဏီမှာ လော့စ်အင်ဂျဲလိစ်မြို့မှာ ဒုံးပျံနဲ့ ဂြိုဟ်တုလုပ်တဲ့ စက်ရုံတစ်ခု၊ Texas ပြည်နယ် အလယ်ပိုင်းမှာ ဒုံးပျံစမ်း သပ်တဲ့ နေရာတစ်ခုနဲ့ Texas ပြည်နယ်တောင်ပိုင်းမှာ ဆောက်လုပ်နေဆဲ ဒုံးပျံ လွှတ်တင်တဲ့ စခန်းတစ်ခု ရှိနေကြတယ်။ ကာလီဖိုးနီးယားနဲ့ ဖလော်ရီဒါးပြည်နယ် တွေမှာလည်း ဒုံးပျံလွှတ်တင်တဲ့ စခန်းတွေ ရှိနေပါတယ်။ Tesla ကုမ္ပဏီမှာ Silicon Valley မှာ ကားထုတ်တဲ့ စက်ရုံတစ်ခု၊ လော့စ်အင်ဂျဲလိစ်မြို့မှာ ကားဒီဇိုင်း လုပ်တဲ့ အလုပ်ရုံတစ်ခုနဲ့ နီဗားဒါးမှာ ဆောက်လုပ်ဆဲ ဘက်ထရီထုတ်လုပ်တဲ့

စက်ရုံတစ်ခု ရှိနေပါတယ်။ နီဗာဒါးမှာဆောက်နေတဲ့ ဘက်ထရီစက်ရုံအတွက် Tesla ကုမ္ပဏီဟာ အစိုးရဆီက ထောက်ပံ့ငွေ ဒေါ်လာ ၁.၄ ဘီလီယံကို ရထားခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် အီလွန်မတ်ဟာ ကုမ္ပဏီအတွက် ငွေရှာပေးနိုင်သူတစ်ယောက်ဖြစ်ကြောင်း ပြသခဲ့တယ်။ SolarCity ဟာ ထောင်ပေါင်းများစွာသော လူတွေအတွက် အလုပ်အကိုင်တွေ ရှာဖွေပေးနိုင်ခဲ့တယ်။ နယူးယောက်ပြည်နယ်၊ Buffalo မြို့မှာ ဆောက်လုပ်နေတဲ့ ဆိုလာပြားထုတ်တဲ့ စက်ရုံပြီးသွားရင် ပစ္စည်းထုတ်တဲ့ အလုပ်သမားများစွာကို ခန့်ထားမှာဖြစ်ပါတယ်။ အီလွန်မတ်ရဲ့ ကုမ္ပဏီအဖွဲ့(ကုမ္ပဏီသုံးခု) ဟာ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ လူပေါင်း ၁၅၀၀၀ ကို အလုပ်ခန့်ထားပြီး နေခဲ့ပါပြီ။ အဲဒါတင်မကသေးဘဲ နောက်ထပ် လူ သောင်းချီ အလုပ်ခန့်ဖို့ စီစဉ် ပြင်ဆင်နေပါတယ်။

Tesla ကုမ္ပဏီရဲ့ ၂၀၁၅ ခုနှစ်တစ်လျှောက်မှာ အဓိက အာရုံထားနေတာက Model S ကားပြီး နောက်ထုတ်မယ့် Model X ကားကို အမြန်ဆုံးစျေးကွက်မှာ တင်ရောင်းပေးဖို့ပါ။ အီလွန်မတ်ဟာ Model X ကားကို Model S ကားလိုပဲ ရောင်းကောင်းမယ်လို့ မျှော်လင့်ထားတယ်။ ဒါကြောင့်လည်း Tesla ဟာ ကားစက်ရုံတွေကနေ ကားနှစ်မျိုးစလုံးအတွက် ၂၀၁၅ ခုနှစ် နှစ်ကုန်အထိ တစ်နှစ် ကားစီးရေ ၁၀ သိန်းအထိ ထုတ်လုပ်ဖို့ စီစဉ်ထားတယ်။ Model X ကားရဲ့အားနည်းချက်တစ်ခုက စျေးကြီးတာပါ။ ဒါပေမဲ့ Model X ဟာ မိသားစုစီးနိုင်တဲ့ ကားဖြစ်လို့ အိမ်ရှင်မတွေကို ဆွဲဆောင်နိုင်မယ်။ ဒါဆိုရင် ကားတွေ ရောင်းကောင်းမယ်လို့ အီလွန်မတ် မျှော်လင့်နေတယ်။ ဒါကြောင့်လည်း ဘက်ထရီ အားသွင်းရုံတွေ၊ ကားပြင်တဲ့ အလုပ်ရုံတွေ၊ ဘက်ထရီအတွဲလိုက်ကို အားသွင်းပြီးသား ဘက်ထရီတွေနဲ့ လဲပေးတဲ့ရုံတွေကို ကားသစ်တွေထွက်မလာခင် ၂၀၁၅ ခုနှစ် နှစ်ကုန်မှာ အများကြီးထပ်ဆောက်ဖို့ သူ ကတိပေးထားတယ်။ Model X ကား ထုတ်ပြီးရင် Roadster ကို တိုးတက်အောင်ပြုပြင်ထားတဲ့ ကား။ နောက်ပြီး လျှပ်စစ်နဲ့မောင်းတဲ့ ထရပ်ကားတို့အပြင် ရေထဲရော ကုန်းပေါ်ပါ သွားနိုင်တဲ့ ရေငုပ်သင်္ဘောကားတစ်စီးထုတ်ဖို့လည်း ရည်မှန်းထားတယ်။ အီလွန်မတ်ဟာ ဂျိမ်းစ်ဘွန်း ရုပ်ရှင်ကား 'The Spy Who Loved Me' ထဲက မင်းသား ရော်ဂျာမိုး

မောင်းနှင်တဲ့ ရေအောက်သွားယာဉ်ထုတ်တဲ့ Lotus Esprit ကုမ္ပဏီနဲ့ ပေါင်းပြီး အဲဒီကားမျိုး ထုတ်တယ်။ *"ကျွန်တော်တို့ အဲဒီကားမျိုး ၂ စီး၊ ၃ စီးပဲ ထုတ်ပြီးတော့ ထပ်မထုတ်တော့ဘူး။ အကြောင်းက အဲဒီကားကို လိုချင်တဲ့သူ ရှားလို့ပါ"* လို့ အီလွန်မတ်က Independent သတင်းစာကို ပြောပြတယ်။

အဲဒါတွေလုပ်ပြီးသွားရင် အီလွန်မတ်ဟာ တတိယ Model ကားဖြစ်တဲ့ Model 3 ကို ထုတ်ဖို့ မျှော်မှန်းထားတယ်။ တံခါး ၄ ပေါက်နဲ့ အဲဒီကားကို ၂၀၁၇ ခုနှစ်ထဲမှာ ထုတ်မှာဖြစ်ပြီး ကားစျေးဟာ ဒေါ်လာ ၃၅၀၀၀ လောက်ပဲ ကျမှာဖြစ်ပါတယ်။ စျေးမများတဲ့အတွက် အဲဒီကားဟာ ရောင်းကောင်းမယ်။ ကားကို သိန်းချီ ရောင်းရမှာမို့ အဲဒီအတိုင်းမှန်ရင် လျှပ်စစ်ကားထဲမှာ အများဆုံးရောင်းရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ BMW ကားကုမ္ပဏီဟာ တစ်နှစ်မှာ ကားသောင်းလေးတွေ ၅ သိန်းနဲ့ BMW 3 series ကဲကားတွေ ၃ သိန်းလောက် ရောင်းနေရလို့ Tesla ဟာ အဲဒီအဆင့်မီဖို့ အတော်ကြိုးစားရပါဦး မယ်။ *"အခု တိုးတက်နှုန်းအတိုင်း ဆက်သွားနေမယ်ဆိုရင် Tesla ဟာ မကြာခင် ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးဆုံး ကားကုမ္ပဏီတစ်ခု ဖြစ်လာမှာပါ"* လို့ အီလွန်မတ်က ပြောပါတယ်။

Tesla ဟာ ကမ္ဘာပေါ်မှာ lithium ion လီသီယံအိုင်းယင်း ဘက်ထရီတွေ အများဆုံးထုတ်လုပ်ပေးတဲ့ ကုမ္ပဏီဖြစ်လာတယ်။ ဒါပေမဲ့ Model 3 ကားတွေမှာ တပ်ဆင်ဖို့ နောက်ထပ် ဘက်ထရီတွေ အများကြီးထုတ်ပေးဖို့ လိုလာပါတယ်။ ဒါကြောင့် ၂၀၁၄ ခုနှစ်မှာ အီလွန်မတ်က Tesla ကုမ္ပဏီဟာ Gigafactory လို့ခေါ်တဲ့ ကမ္ဘာ့အကြီးဆုံး လီသီယံအိုင်းယင်း ဘက်ထရီထုတ်လုပ်တဲ့ စက်ရုံတွေ တည်ဆောက်မယ်လို့ ကြေညာလိုက်တယ်။ စက်ရုံတစ်ခုစီမှာ လူပေါင်း ၆၅၀၀ ကို အလုပ်ခန့်ထားမှာ ဖြစ်ပါတယ်။ Tesla အနေနဲ့ သူထုတ်တဲ့ ကားတွေအတွက် လိုအပ်တဲ့ ဘက်ထရီတွေကို အလျှင်မီအောင် ထုတ်ပေးရမှာ ဖြစ်ပါတယ်။ Tesla ဟာ ဘက်ထရီတွေထုတ်ရင်းနဲ့ ဘက်ထရီထုတ်လုပ်စရိတ် ကျဆင်းဖို့နဲ့ ဘက်ထရီရဲ့ စွမ်းရည် မြင့်တက်လာစေဖို့ ကြိုးစားမှာဖြစ်ပါတယ်။ စထရောဘဲလ်ရဲ့ အပြောအရ Gigafactory က ထုတ်လိုက်တဲ့ ဘက်ထရီတွေဟာ သိသိသာသာ စျေးနည်းပြီး အရင်ထုတ်ထားတဲ့ ဘက်ထရီတွေထက် စွမ်းရည်မြင့်မှာ ဖြစ်တယ်တဲ့။ Model

3 ကို ဒေါ်လာ ၃၅၀၀၀ နဲ့ ရောင်းရုံမကဘဲ ကားဟာ ဘက်ထရီကို တစ်ကြိမ် အားသွင်းထားရုံနဲ့ မိုင် ၅၀၀ အထိ သွားနိုင်မယ်လို့လည်း ဆိုပါတယ်။ Model 3 ဟာ တကယ်ပဲ ဘက်ထရီကို အားတစ်ခါသွင်းထားရုံနဲ့ မိုင် ၅၀၀ အထိ မောင်းနှင်နိုင်ပြီး စျေးလည်း တကယ်ပဲ သက်သာတယ်ဆိုရင် ကားထုတ်တဲ့ကုမ္ပဏီတွေက နှစ်ပေါင်းများစွာ မဖြစ်နိုင်ဘူးလို့ပြောနေကြတဲ့ ကားကို တီထွင်နိုင်ပြီ ဖြစ်ပါမယ်။

၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှာ Tesla ဟာ ငွေချေးစာချုပ် ဘွန်းတွေရောင်းပြီး ဒေါ်လာ ၂ ဘီလီယံ ရလိုက်တယ်။ *"Tesla ကုမ္ပဏီမှာ လောလောဆယ် ငွေတွေ မလိုပါဘူး။ ဒါပေမဲ့ Tesla ရဲ့ ရှယ်ယာတွေ ဘယ်အချိန်မှာ ရုတ်တရက် ထိုးကျသွားမလဲဆိုတာကို မသိနိုင်လို့ ကြိုတင်ပြီး ပိုက်ဆံရှာထားဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာပါ"* လို့ အီလွန်မတ်က ပြောတယ်။ *"ကျွန်တော်ဟာ ကျွန်တော့် အဘွားလို ခံစားမိတယ်။ အဘွားဟာ Great Depression (၁၉၂၉ ခုနှစ်နဲ့ ၁၉၃၉ ခုနှစ်ကြားမှာ ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး) နဲ့ ကြုံခဲ့ဖူးတယ်။ အဲဒီကပ်ကြီးပြီးသွားတာ နှစ်ပေါင်းအတော်ကြာပေမယ့် အဘွားဟာ အဲဒီကပ်ကြီးနဲ့ ကြုံနေတုန်းပဲလို့ ခံစားမိပြီး စိတ်ဆင်းရဲနေတယ်။ ကျွန်တော် အခု ပျော်နေပါတယ်။ ဒါပေမဲ့ မပျော်ရွှင်ရတဲ့ဘဝနဲ့ ဘယ်အချိန်မှာကြုံတွေ့ရမလဲလို့ စိတ်ထဲမှာ တွေးပြီး ပူပန်နေပါတယ်။ ဒါကြောင့်လည်း Tesla အတွက် ကျွန်တော် ငွေတွေ အများကြီး ကြိုတင်ရှာထားတာပါ။ ဒါမှ Tesla ကဲဆိုးတာဖြစ်လာရင် ခံသာအောင်လို့ပါ"* လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်ရဲ့ ထူးခြားချက်တစ်ခုက ကျရှုံးမှုကို မကြောက်ခြင်းပါ။ သူဟာ Gigafactory အလုပ် ဖြစ်၊ မဖြစ် မသေချာဘဲနဲ့ Gigafactory တွေ အများကြီး ဆောက်ချင်နေတယ်။ အဲဒီစက်ရုံတွေကနေ Model 3 ကားအတွက် ဘက်ထရီတွေကို အလုံးအရင်းနဲ့ ထုတ်ချင်တယ်။ *"ပြိုင်ဘက်ကုမ္ပဏီတွေက 'ကားထုတ်တဲ့ ကုမ္ပဏီက ဘက်ထရီစက်ရုံ အကြီးကြီးထောင်တယ်ဆိုတာ ရူးမိုက်တဲ့အကြံပါ။ ဘက်ထရီရောင်းတဲ့ ကုမ္ပဏီတွေပဲ ဘက်ထရီစက်ရုံ ထောင်သင့်တယ်' လို့ ပြောကြတယ်။ ကျွန်တော် ကားရောင်းတဲ့ ကုမ္ပဏီတွေအားလုံးနဲ့ သိပါတယ်။ သူတို့ထဲက ဘယ်သူမှ ဒေါ်လာ ဘီလီယံအကုန်ခံပြီး ဘက်ထရီစက်ရုံကို မတည်ထောင်ပါဘူး။*

ဒါပေမဲ့ စဉ်းစားစရာတစ်ခု ရှိပါတယ်။ ခင်ဗျား ကားတွေ အများကြီး ထုတ်လိုက်ပါပြီတဲ့။ တပ်ဆင်ရမယ့် ဘက်ထရီတွေ မလုံလောက်ရင် ကားတွေကို အချိန်မီ ထုတ်နိုင်ပါ့မလား။ ဘက်ထရီရောင်းတဲ့ ကုမ္ပဏီတွေက သူတို့မှာ ရောင်းစရာ ဘက်ထရီမရှိတော့ဘူး။ ကုန်နေပြီလို့ ပြောရင် ခင်ဗျား ဘာတတ်နိုင်မှာလဲ။ ဘက်ထရီ ကုမ္ပဏီတွေကို တရားစွဲလို့လည်း မရဘူးလေ။ တရားစွဲလို့ရရင်လည်း ကားတွေကို အချိန်မီ ထုတ်ပေးနိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ကျွန်တော် Gigfactory တွေ အများကြီးဆောက်ဖို့ ဆုံးဖြတ်တာပါ" လို့ အီလွန်မတ်က ထပ်ပြောတယ်။

တကယ်ပဲ Tesla ရဲ့ Model 3 ကားဟာ အကြီးအကျယ် အဝယ်လိုက်လာရင် ပြိုင်ဘက် လျှပ်စစ်ကားထုတ်တဲ့ ကုမ္ပဏီတွေဟာ အထိတ်တလန့် ဖြစ်သွားကြမယ်။ သူတို့လည်း သူတို့ရဲ့ကားတွေအတွက် ဘက်ထရီတွေ ,အလုအယက် ဝယ်ကြမယ်။ ဒါပေမဲ့ စျေးကွက်မှာ ဘက်ထရီတွေ ဝယ်မရရင် သူတို့လည်း ဘာမှ မတတ်နိုင်ဘဲ လက်မှိုင်ချနေကြရုံပဲ။ ဒီအချိန်မှာ Tesla ကုမ္ပဏီဟာ Gigafactory က အလုံအလောက်ထုတ်ပေးတဲ့ ဘက်ထရီတွေနဲ့ Model 3 ကားတွေကို အမြောက်အမြား ထုတ်လုပ်နေမှာဖြစ်ပါတယ်။ "အဲဒီအတိုင်း ဖြစ်လာနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်" လို့ အီလွန်မတ်က ပြောတယ်။ "ပြိုင်ဘက်ကုမ္ပဏီတွေက ဘက်ထရီပေါင်းမြောက်များစွာကို ထုတ်ပေးနိုင်တဲ့ Gigafactory မျိုး ဆောက်ရင် ဘယ်လောက်ကြာမလဲလို့ မေးလာရင် အခုအချိန်ကနေ ၆ နှစ်ကြာမယ်လို့ ဖြေရမှာပါ။ ကားကုမ္ပဏီကြီးတွေဟာ တစ်စုံတစ်ခုကို ပုံတူကူးကြတော့မယ်ဆိုရင် အရင်စောင့်ကြည့်ကြတယ်။ အဲဒါ အလုပ်ဖြစ်တယ်ဆိုမှ စပြီးလုပ်ကြတယ်။ အဲဒါကြောင့် သူတို့ Gigafactory မျိုး ဆောက်ရင် ၇ နှစ်လောက် ကြာလိမ့်မယ်။ ကျွန်တော်တွက်တာ မမှားဘူးလို့ ထင်ပါတယ်" လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်ဟာ လျှပ်စစ်ကားတွေ၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားတွေ၊ ဘက်ထရီတွေအကြောင်းကို အားတက်သရော ပြောနေပေမယ့်လည်း တကယ်တော့ အဲဒါတွေဟာ သူလုပ်ချင်တဲ့ အဓိကအလုပ် မဟုတ်ပါဘူး။ အဲဒါတွေဟာ လူသားတွေရဲ့ တိုးတက်မှုကို အထောက်အကူပြုလို့ လုပ်ဆောင်သင့်တယ်လို့

သူယုံကြည်တယ်။ အဲဒါတွေလုပ်ရင်း အောင်မြင်လာလို့ သူ ကျော်ကြားလာတယ် ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အဓိကရည်မှန်းချက်က လူတွေကို ဂြိုဟ်တွေမှာ သွားရောက် အခြေချနေထိုင်အောင် လုပ်ပေးချင်တာပါ။ အဲဒီရည်မှန်းချက်ကြောင့် သူ Space X ကုမ္ပဏီကို ထောင်ခဲ့တာပါ။ အခုဆိုရင် Space X ဟာ စျေးသက်သာတဲ့ စွမ်းရည်မြင့်တဲ့ဒုံးပျံတွေ တည်ဆောက်ပြီး အာကာသထဲ လွှတ်တင်နိုင်နေပါပြီ။

မကြာတော့တဲ့ အချိန်မှာ Space X ဟာ လူတွေကို အာကာသထဲ ပို့ဆောင်ဖို့ စမ်းသပ်ပါတော့မယ်။ ၂၀၁၆ ခုနှစ်မှာ လူလိုက်ပါတဲ့ ဒုံးပျံတွေ လွှတ်တင်ပြီး တစ်နှစ်အကြာမှာ NASA အဖွဲ့က အာကာသယာဉ်မှူးတွေကို ISS (International Space Station) နိုင်ငံတကာ အာကာသစခန်းဆီ ပို့လွှတ်ပေးဖို့ စီစဉ်ထားပါတယ်။ Space X ဟာ ဂြိုဟ်တုအများအပြားကို တည်ဆောက်ပြီး ရောင်းချဖို့လည်း လုပ်နေပါတယ်။ ဒီအလုပ်ဟာ အာကာသလုပ်ငန်းမှာ အမြတ်အစွန်း အများကြီးရတဲ့ လုပ်ငန်းပါ။ အဲဒါတွေလုပ်နေချိန်မှာ Space X ဟာ Falcon Heavy ဒုံးပျံကြီးကို လွှတ်တင်ဖို့ စမ်းသပ်ပြင်ဆင်နေပါတယ်။ Falcon Heavy ဟာ ကမ္ဘာပေါ်မှာ ကုန်တန်ချိန်အများဆုံးကို တင်ဆောင်နိုင်တဲ့ ဒုံးပျံဖြစ်သလို အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်တဲ့ နည်းပညာကိုလည်း အသုံးပြုထားပါတယ်။

၂၀၁၄ ခုနှစ်မှာ Space X ဟာ ကိုယ်ပိုင်ဒုံးပျံလွှတ်တင်တဲ့ စင်ကို Texas ပြည်နယ် တောင်ပိုင်းမှာ စတင်ဆောက်နေခဲ့တယ်။ ကုမ္ပဏီက အဲဒီမှာ မြေဖက ပေါင်း မျှားစွာကို ဝယ်ယူထားပြီး ကမ္ဘာပေါ်မှာ ခေတ်အမီဆုံး ဒုံးပျံလွှတ်တင်တဲ့ ပစ္စည်းတွေ တပ်ဆင်တည်ဆောက်ဖို့ စီစဉ်နေတယ်။ အီလွန်မတ်ဟာ ဒုံးပျံလွှတ်တင်တာကို အလိုအလျောက်စနစ် သုံးချင်တယ်။ ဒုံးပျံကို လောင်စာဆီဖြည့်တာ၊ ပစ်စင်မှာ တည့်တည့်မတ်မတ်ထောင်တာ၊ ကွန်ပျူတာတွေနဲ့ ဒုံးပျံမလွှတ်တင်ခင် စမ်းသပ်စစ်ဆေးမှုအားလုံးကို အလိုအလျောက်ဖြစ်စေချင်တယ်။ နောက်ပြီး လစဉ် ဒုံးပျံပေါင်းများစွာကို လွှတ်တင်ချင်တယ်။ အဲဒီလိုလုပ်နိုင်ဖို့ ကိုယ်ပိုင် ဒုံးပျံ

လွှတ်တင်တဲ့စင် လိုတယ်ဆိုတာကို သိလို့ အဲဒီစင်ကြီးကို အမြန်တည်ဆောက်နေတယ်။ အင်္ဂါ(ဂ)ဟ်ကိုသွားနိုင်ဖို့ ဒီ့ထက်မက အဆင့်မြင့်တဲ့နည်းပညာနဲ့ ကျွမ်းကျင်မှုတွေ အများကြီးလိုပါတယ်။

အီလွန်မတ်က အင်္ဂါ(ဂ)ဟ်သွားဖို့ကိစ္စနဲ့ပတ်သက်ပြီး ခုလို ရှည်ရှည်ဝေးဝေး ရှင်းပြတယ်။ "အင်္ဂါ(ဂ)ဟ်ကို လူတွေလွှတ်တင်ရုံနဲ့ မပြီးသေးပါဘူး။ အဲဒီမှာ လူတွေ အသက်ရှင်နေထိုင်လို့ရမယ့် စခန်းတွေ ဆောက်ပေးထားဖို့လည်း လိုပါတယ်။ လူသန်းချီ ရောက်သွားကြရင် သူတို့အတွက် စားနပ်ရိက္ခာနဲ့ ပစ္စည်းတွေ တန်ချိန်ပေါင်းများစွာ လိုပါတယ်။ အဲဒါတွေကိုပို့ဖို့ ဒုံးပျံနဲ့ ဘယ်နခေါက်ပို့ရမလဲ။ တကယ်လို့ တစ်ခေါက်ကို လူ ၁၀၀ ပို့ပေးရင် လူတစ်သန်းအတွက် ဒုံးပျံ အခေါက် တစ်သောင်း လွှတ်တင်ပေးရမှာပါ။ အဲဒီ အခေါက်တစ်သောင်း ပြည့်အောင် ဘယ်လောက် အချိန်ယူရမလဲ။ အကြမ်းအားဖြင့် နှစ်ပေါင်း ၄၀ ဒါမှမဟုတ် ၄၅ နှစ်ကြာမှာ ဖြစ်ပါတယ်။ တကယ်လို့ တစ်ရက်မှာ ဒုံးပျံကို အကြိမ်အများကြီး လွှတ်တင်နိုင်ရင်တော့ အဲဒီနှစ်ကာလကို အများကြီး လျှော့ချပေးနိုင်မှာပါ"။

"ကမ္ဘာမြေပြင်ကနေ အင်္ဂါ(ဂ)ဟ်ကိုသွားတဲ့ခရီးဟာ တစ်ဆင့်တည်း မဟုတ်ပါဘူး။ အာကာသထဲမှာ နားနားပြီး သွားရမှာဖြစ်ပါတယ်။ အာကာသထဲမှာ နားပြီး လောင်စာဆီဖြည့်ရမယ့် စခန်းတွေ ရှိရပါမယ်။ အဲဒီစခန်းတွေမှာ လောင်စာဆီ တိုင်ကီတွေ တင်ဆောင်ထားတဲ့ အာကာသယာဉ်တွေ စောင့်နေကြမယ်။ အဲဒီ ယာဉ်တွေက အင်္ဂါ(ဂ)ဟ်ကိုသွားမယ့် အာကာသယာဉ်ကို ဆီဖြည့်ပေးကြမယ်။ အာကာသယာဉ်ဟာ အင်္ဂါ(ဂ)ဟ်ရောက်ဖို့ ၆ လ ကြာမယ်။ ကျွန်တော်က ၃ လနဲ့ ရောက်စေချင်တယ်။ လောလောဆယ်မှာတော့ ကျွန်တော့်မှာ အဲဒါအတွက် အသေးစိတ် အစီအစဉ် မရှိသေးပါဘူး။ ဒါပေမဲ့ အင်္ဂါ(ဂ)ဟ်ကို သွားနိုင်မှာ သေချာတယ်ဆိုတာတော့ ကျွန်တော်သိပါတယ်။ ၂၀၂၅ ခုနှစ် မတိုင်ခင်ပေါ့ဗျာ"။

"အင်္ဂါ(ဂ)ဟ်ကိုသွားနိုင်ဖို့ ကုန်ကျစရိတ်ဟာ အရေးကြီးပါတယ်။ လူတစ်ယောက်သွားဖို့ ကုန်ကျစရိတ်ဟာ ဒေါ်လာ ၁ ဘီလီယံဖြစ်ရင် အင်္ဂါ(ဂ)ဟ်ကို ကိုလိုနီနယ်အဖြစ် သိမ်းပိုက်ဖို့ အစီအစဉ်ကို မေ့ပစ်လိုက်ကြပါစို့။ အဲဒီလောက်

ပိုက်ဆံအများကြီး ဘယ်သူမှအကုန်မခံနိုင်လို့ပါ။ တကယ်လို့ လူတစ်ယောက်သွားဖို့ ဒေါ်လာ တစ်သန်း သို့မဟုတ် ဒေါ်လာ ၅ သိန်းပဲ ကုန်ကျရင်တော့ အင်္ဂြိုဟ်ကို ကိုလိုနီနယ်အဖြစ်သိမ်းယူဖို့ အစီအစဉ် နီးစပ်ပါတယ်။ အဲဒီကို သွားချင်တဲ့လူတွေ ရှိရင် သူတို့ဟာ ကမ္ဘာပေါ်က သူတို့ပိုင်ဆိုင်ထားတဲ့ အိမ်မြေပစ္စည်းတွေ ရောင်းချပြီး အဲဒီမှာ သွားနေလို့ရတာပေါ့။ အဲဒီကိုသွားတာ အလည်အပတ် မဟုတ်ပါဘူး။ အရင်က လူတွေ အမေရိကန်နိုင်ငံကို အခြေချနေထိုင်ဖို့ ရောက်လာကြတယ်။ ဒီလိုပဲ ကျွန်တော်တို့ဟာ အင်္ဂြိုဟ်မှာ အခြေချနေထိုင်ကြဖို့ပါ။ ကျွန်တော်တို့ဟာ အင်္ဂြိုဟ်ကို ပစ္စည်းတွေပို့ဖို့ အခက်အခဲပြဿနာတွေကို ကျော်လွှားနိုင်ကြရင် အင်္ဂြိုဟ်ပေါ်မှာ အောက်ဆီဂျင်ထည့်သွင်းထားတဲ့ greenhouse (အပင်တွေ စိုက်ထားတဲ့ ဖန်လုံအိမ်ကြီး) တည်ဆောက်ပြီး လူတွေအများကြီး နေနိုင်ကြပါတယ်။ ဒါပေမဲ့ အင်္ဂြိုဟ်ကို မသွားနိုင်ရင် အဲဒါတွေဖြစ်လာမှာ မဟုတ်ဘူး"။

အီလွန်မတ်ဟာ အင်္ဂြိုဟ် သွားဖို့ကိစ္စကို လော့စ်အင်ဂျဲလိစ်မြို့က သူ့အိမ်မှာ လပေါင်းများစွာကြာအောင် ညမအိပ်ဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားနေတယ်။ သူစဉ်းစားမိတာတွေကို သူနဲ့ကွဲသွားပြီး ပြန်လက်ထပ်ထားတဲ့ တာလူလာရီလေးကို ပြောပြတယ်။ (သူတို့နှစ်ယောက်ဟာ နှစ်ကြိမ်လက်ထပ်ပြီး နှစ်ကြိမ် ကွာရှင်းခဲ့ကြတယ်။) "ကျွန်တော့်မှာ ဒီအကြောင်း ပြောပြဖို့ လူ အများကြီး မရှိတူးလေ။ တချို့က အင်္ဂြိုဟ်သွားမယ်လို့ ပြောလိုက်တာနဲ့ ကျွန်တော့်ကို အရူးလို့ ထင်ကြတယ်" လို့ သူ ပြောပြတယ်။ "သူဟာ အင်္ဂြိုဟ်ကို ပထမဆုံးရောက်သွားတဲ့ လူသားဖြစ်ချင်နေတယ်။ ကျွန်မကတော့ သူ့ကို စိတ်လျှော့ဖို့ ပြောတာပေါ့။ ဒါပေမဲ့ မရပါဘူး။ သူ သိပ်ပြီး စိတ်အားထက်သန်နေတယ်" လို့ တာလူလာ ပြောပြတယ်။ "ကျွန်တော် အင်္ဂြိုဟ်ကို သွားချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် မသွားရလည်း ကိစ္စမရှိပါဘူး။ အရေးကြီးတာက လူတွေအများကြီး အဲဒါကို ရောက်သွားကြဖို့ ပိုအရေးကြီးပါတယ်" လို့ အီလွန်မတ်ကလည်း ပြောတယ်။

ဒီအချိန်မှာ ဝေဖန်ကြသူတချို့က အီလွန်မတ်ကို အင်္ဂြိုဟ်ကို ပို့ဆောင်ပေးတဲ့ ခရီးသွားလုပ်ငန်းလုပ်သူလို့ ပြောကြပြန်တယ်။ အီလွန်မတ်က အဲဒါကို

ခုလို တုံ့ပြန်ခဲ့ပါတယ်။ "တကယ်တော့ သူတို့ဟာ ကျွန်တော် ဘာလုပ်နေတယ်ဆိုတာကို နားလည်မှုလွဲနေကြတာပါ။ ကျွန်တော် ခရီးသွားလုပ်ငန်းအကြောင်း တစ်ခါမှ မပြောခဲ့ပါဘူး။ ကမ္ဘာကြီးနဲ့ အင်္ဂြိုဟ်တို့အကြား သွားလိုက်ပြန်လိုက် လုပ်မယ်လို့လည်း မပြောခဲ့ပါဘူး။ အင်္ဂြိုဟ်မှာ အခြေချနေထိုင်ဖို့ပဲ ပြောခဲ့ပါတယ်။"

အီလွန်မတ်ဟာ အောင်မြင်မှုတွေ တစ်ခုပြီးတစ်ခု ရနေရင်း Silicon Valley က လေးစားရတဲ့လူတစ်ယောက် ဖြစ်လာခဲ့တယ်။ သူဟာ PayPal မှာ တုန်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းခဲ့တဲ့ CEO ဘဝကနေ အခုတော့ ကုမ္ပဏီသုံးခုကို စီမံခန့်ခွဲနေသူ ယုံကြည်မှုအပြည့်အဝရှိတဲ့ CEO တစ်ယောက် ဖြစ်နေပါပြီ။ PayPal မှာတုန်းက အီလွန်မတ်နဲ့ လက်တွဲလုပ်ခဲ့တဲ့ ပီတာတီယယ်က ခုလိုပြောတယ်။ "သူဟာ အချိန်တိုအတွင်းမှာ အများကြီး တိုးတက်ပြောင်းလဲလာခဲ့တယ်။ သူ့မှာရှိတဲ့ အထင်ကြီးစရာကောင်းတာတစ်ခုက ထက်မြက်ပြီး ရည်မှန်းချက်ကြီးတဲ့ လူတော်တွေကို သူ့ဆီမှာ အလုပ်လာလုပ်ချင်အောင် ဆွဲဆောင်နိုင်ခြင်း ဖြစ်ပါတယ်။ ပါရမီထူးရှိကြတဲ့ လူတွေအများကြီး *Space X* မှာ လုပ်နေကြတယ်။ ထို့နည်းတူပဲ *Tesla* မှာ အဲဒီလိုလူတွေ အများကြီးလုပ်နေကြတယ်။ ခင်ဗျားဟာ အလွန်တော်တဲ့ စက်မှုအင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး မော်တော်ကား တည်ဆောက်တာကို သဘောကျရင် ဘယ်မှာအလုပ်လုပ်မလဲ။ သေချာတာပေါ့။ *Tesla* မှာ လုပ်မှာပါ။ ဘာကြောင့်လဲဆိုတော့ *Tesla* ကုမ္ပဏီဆိုတာ သင်စိတ်ဝင်စားတဲ့ ကားအသစ်အဆန်းတွေလုပ်တဲ့ အမေရိကန်နိုင်ငံရဲ့ တစ်ခုတည်းသော ကုမ္ပဏီဖြစ်လို့ပါ"။ ပြီးတော့ သူ ဆက်ပြောတယ်။ "ထို့နည်းတူပဲ *Space X* ကုမ္ပဏီဟာ အင်္ဂြိုဟ်ကို လူသားတွေလွှတ်တင်ဖို့ လုပ်နေတာမို့ အဲဒါထက်ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့ အာကာသလုပ်ငန်းဆိုတာ ရှိပါဦးမလား။ ၁၉၆၉ ခုနှစ်မှာ လကမ္ဘာပေါ် လူသွားရောက်ခဲ့လို့ အဲဒီနောက်ပိုင်းကျရင် အာကာသလုပ်ငန်းမှာ ကြီးကြီးကျယ်ကျယ်တွေ ဖြစ်လာကြမယ်လို့ လူတွေ မျှော်လင့်ထားခဲ့ကြတယ်။ ဒါပေမဲ့ အဲဒါပြီးတော့ အာကာသလုပ်ငန်းတွေ ရပ်နားကုန်ကြလို့ မျှော်လင့်ချက်တွေ မေးမိုန် ပျောက်ကွယ်သွားခဲ့တယ်။ *Space X* ဟာ အဲဒီ

မျှော်လင့်ချက်ကို ပြန်ရအောင် လုပ်ပေးလိမ့်မယ်လို့ အီလွန်မတ် ယုံကြည်နေပါတယ်” တဲ့။

အီလွန်မတ်ရဲ့ အားကိုးရတဲ့ ဝန်ထမ်းတွေဖြစ်ကြတဲ့ အမျိုးသမီး ဂဝင်းရော့ဝဲလ် (Space X ကုမ္ပဏီရဲ့ဥက္ကဋ္ဌ) နဲ့ ဂျေဘီစထရောဘဲလ် (Tesla ကုမ္ပဏီရဲ့ CTO - Chief Technical Officer) တို့ဟာ အီလွန်မတ်ရဲ့ ထူးဆန်းတဲ့ အကြံအစည်ကို အမြဲတမ်း ထောက်ခံပေးကြတယ်။ သူတို့ဟာ အီလွန်မတ်ကို ပေါ်ပေါ်ထင်ထင်မဟုတ်ဘဲ နောက်ကွယ်ကနေ ထောက်ခံအားပေးကြတယ်။ ဂဝင်းဟာ Space X ကိုရောက်လာတဲ့ ပထမဆုံးနေ့ကနေ တောက်လျှောက် သူနာမည်ရဖို့ မလုပ်ဘဲ အီလွန်မတ် နာမည်ရဖို့ပဲ လုပ်ပေးခဲ့တယ်။ သူက အီလွန်မတ်ဟာ လူတွေကို အင်္ဂါဂြိုဟ်ကို ပို့ဆောင်ပေးနိုင်မယ်လို့ အပြည့်အဝ ယုံကြည်ထားတယ်။ သူ့လိုပဲ စထရောဘဲလ်လည်း Tesla ကုမ္ပဏီမှာ အီလွန်မတ်ကို အားပေးကူညီတယ်။ သူဟာ ဝန်ထမ်းတွေနဲ့ အီလွန်မတ်ကြားမှာ အဆင်မပြေတာရှိရင် ညှိနှိုင်းပေးတတ်တယ်။ သူ့ရဲ့ အတော်ဆုံးအရည်အချင်းတစ်ခုက လျှပ်စစ်ကားနဲ့ ပတ်သက်ရင် သူ့လောက်သိသူ ဘယ်သူမှမရှိဘူး။ သူဟာ ကုမ္ပဏီမှာ နှစ်အကြာကြီးလုပ်ခဲ့သလို အရေးပါသူတစ်ယောက် ဖြစ်နေပေမယ့်လည်း အီလွန်မတ်ကို စကားပြောဖို့ရာမှာ ကြောက်တယ်လို့ ဝန်ခံပါတယ်။ အီလွန်မတ်ကလည်း သူနဲ့ သဘောထားကွဲလွဲသူတွေအပေါ် တင်းတင်းမာမာ ဆက်ဆံတတ်တယ်။ *“အီလွန်နဲ့ အလုပ်လုပ်ရတာ အလွန်ခက်တယ်။ ဒါပေမဲ့ သူ့အလုပ်ပေါ်မှာ စိတ်ဝင်တစားလုပ်တတ်သူပါ။ ကျွန်တော်က အားလုံးသိအောင် သူ့ရဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်တွေကို ရှင်းပြပေးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အီလွန်ဟာ ကျွန်တော်တို့ရဲ့ Boss ပါ။ သူဟာ ကုမ္ပဏီကို အခုအခြေအနေရောက်အောင် သွေး၊ ချွေး၊ မျက်ရည်တွေရင်းပြီး လုပ်ဆောင်ခဲ့တယ်။ လူတိုင်းထက် ပိုပြီး စွန့်လွှတ်၊ စွန့်စားခဲ့တယ်။ ကျွန်တော် သူလုပ်တာတွေကို လေးစားတယ်။ သူ့ကြောင့်သာမဟုတ်ရင် Tesla ကုမ္ပဏီ အောင်မြင်မှာမဟုတ်ပါဘူး။ ဒါကြောင့် သူ ဘာလုပ်ချင်ချင် သူ့ကို ဦးစားပေး နားထောင်ကြရပါမယ်”* လို့ စထရောဘဲလ်က ပြောပြတယ်။

အောက်ခြေဝန်ထမ်းတွေက အီလွန်မတ်အကြောင်း ပြောရာမှာ အကောင်းနဲ့

အဆိုး ဒွန်တွဲနေကြတယ်။ သူတို့ဟာ အီလွန်မတ်ရဲ့ စိတ်ဓာတ်တက်ကြွမှုနဲ့ အလုပ်လုပ်အောင် တွန်းအားပေးတာကို လေးစား သဘောကျကြတယ်။ ဒါပေမဲ့ သူ့ရဲ့ စိတ်ဟာ ပြောင်းလဲလွယ်တယ်။ သူတို့ဟာ သူနဲ့ နီးနီးကပ်ကပ် ဆက်ဆံချင်ပေမယ့် ရုတ်ခြည်းပြောင်းလဲတတ်တဲ့ သူ့စိတ်ကို ကြောက်လန့်ကြတယ်။ *"အီလွန်မတ်ရဲ့ ဆိုးတဲ့အကျင့်တစ်ခု (ကျွန်တော့်စိတ်ထင်ပါ) ဟာ သူ့မှာ ငဲ့ညှာထောက်ထားတတ်တဲ့စိတ်မရှိဘူး"* လို့ ဝန်ထမ်းဟောင်းတစ်ယောက်က ပြောပြတယ်။ *"ကျွန်တော်တို့ထဲက အတော်များများဟာ သူ့အတွက် နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း အလုပ်လုပ်ပေးကြပေမယ့် သူ မကြိုက်တော့ရင် အမှိုက်တစ်ခုကို လမ်းဘေး ပလက်ဖောင်းပေါ် လွှင့်ပစ်လိုက်သလို နည်းနည်းလေးမှ ထောက်ထားစာနာမှု မရှိဘဲ အလုပ်ထုတ်ပစ်တတ်တယ်။ သူ အဲဒီလိုလုပ်တာဟာ ကျန်တဲ့ဝန်ထမ်းတွေ ကြောက်အောင် လုပ်တာလား၊ သူ့မှာ လူသားချင်းစာနာတဲ့စိတ် မရှိလို့လား မသိပါဘူး။ သေချာတာကတော့ သူဟာ သူ့ဝန်ထမ်းတွေကို သေနတ်လက်နက်လို သဘောထားတယ်။ ပစ်လို့ရတုန်း သုံးတယ်။ ယမ်းကုန်လို့ ပစ်မရတော့ရင် လွှင့်ပစ်လိုက်တယ်"* လို့ သူ ဆက်ပြောတယ်။

၂၀၁၄ ခုနှစ် စောစောပိုင်းမှာ အီလွန်မတ်ရဲ့ အကြင်နာတရားကင်းမဲ့တဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့တယ်။ အဲဒါက သူ့ရဲ့ ကိုယ်ရေးအရာရှိဖြစ်တဲ့ အမျိုးသမီး မေရီဘက်ဘရောင်းကို အလုပ်က ထုတ်ပစ်လိုက်တာပါ။ ဝန်ထမ်းတွေက MB လို့ခေါ်ကြတဲ့မေရီဟာ Space X မှာ နှစ်ပေါင်းများစွာ အီလွန်မတ်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့သူပါ။ သူဟာ အီလွန်မတ်နဲ့ ဝန်ထမ်းတွေကြားမှာ ဆက်ဆံရေးပြေလည်အောင် အစွမ်းကုန် ကြိုးပမ်းပေးခဲ့တယ်။ ဒါ့ပြင် အီလွန်မတ်ရဲ့ အလုပ်တွေကိုလည်း အဆင်ပြေအောင် စီစဉ်ပေးခဲ့တယ်။ ၁၀ နှစ်ကျော်ကြာ သူဟာ သူ့ဘဝကို အီလွန်မတ်အတွက် ပေးဆပ်ခဲ့တယ်။ လော့စ်အင်ဂျဲလိစ်မြို့နဲ့ Silicon Valley တို့ကြား အပတ်စဉ် ပြေးလွှားပြီး အလုပ်အတွက် စီစဉ်ပေးတယ်။ ညနက်အထိ အလုပ်လုပ်တယ်။ ရုံးပိတ်ရက်တွေလည်း မနားဘဲ အလုပ်လုပ်တယ်။ တစ်ရက်မှာ မေရီဟာ အီလွန်မတ်နဲ့သွားတွေ့ပြီး သူ့ကို Space

X က အရာရှိကြီးတွေရဲ့လစာနဲ့ တန်းတူတိုးပေးဖို့ ပြောတယ်။ သူ့အကြောင်း ပြချက်က သူဟာ Space X မှာ ရုံးထိုင်ပေမယ့် အီလွန်မတ်ရဲ့ကိစ္စတွေကို Space X ရော Tesla အတွက်ပါ လုပ်ပေးရလို့ လစာတိုးရသင့်တယ်တဲ့။ အီလွန်မတ်က မေရီကို ခွင့်နှစ်ပတ်ယူလိုက်ပါ။ သူ ခွင့်သွားတဲ့ကာလအတွင်း သူ့အလုပ်တွေကို လုပ်ပေးမယ်လို့ ပြန်ပြောတယ်။ နှစ်ပတ်ပြည့်လို့ မေရီ ရုံးပြန်တက်တော့ အီလွန်မတ်က သူ့ကို မလိုတော့ဘူးဆိုပြီး အလုပ်ဖြုတ်ပစ်လိုက်တယ်။ မေရီရဲ့ အလုပ်တာဝန်တွေကို မေရီ့လက်ထောက်ကိုလုပ်ဖို့ တာဝန်ပေးလိုက်တယ်။ အီလွန်မတ်က အဲဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ခုလိုပြောပြတယ်။ မေရီဟာ သူ့အတွက် ဘဝကို မြှုပ်နှံလုပ်ခဲ့လို့ နားသင့်ပြီ။ သူ့ဘဝနဲ့သူ နေသင့်တယ်တဲ့။ တချို့ ပြောကြတာက မေရီဟာ တာလူလာ (အီလွန်မတ်ရဲ့ဇနီး) နဲ့ စကားများကြတာကြောင့် အီလွန်မတ်က မေရီ့ကို အလုပ်ထုတ်ပစ်လိုက်တာပါတဲ့။ အဲဒါ မှန်၊ မမှန် ဆိုတာ အီလွန်မတ်နဲ့ မေရီတို့ကလွဲရင် ဘယ်သူမှ မသိကြပါဘူး။ (ကျွန်တော်က ဒီစာအုပ်ရေးစဉ်မှာ မေရီကို အင်တာဗျူးလုပ်ဖို့ အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့ပေမယ့် သူ ငြင်းပယ်ခဲ့ပါတယ်)။

မေရီကို အလုပ်ထုတ်လိုက်တဲ့အတွက် Space X နဲ့ Tesla ကုမ္ပဏီတွေက ဝန်ထမ်းတွေကြားမှာ အီလွန်မတ်ဟာ နှလုံးသားမရှိသူ၊ အကြင်နာတရားကင်းမဲ့သူလို့ ပြောနေကြတယ်။ ဝန်ထမ်းတွေက အီလွန်မတ်ရဲ့ တစ်မူထူးခြားတဲ့ အကျင့်တွေအကြောင်း ကျွန်တော့်ကို ပြောပြကြတယ်။ သူဟာ အီးမေးလ်ဖတ်ရာမှာ စာလုံးအမှားကို အထူးဂရုစိုက်ပြီး စစ်ဆေးတယ်။ ကြာတော့ သူဟာ အီးမေးလ်မှာ ဘာရေးထားတယ်ဆိုတာကို မသိတော့ဘဲ စာလုံးပေါင်းအမှားတွေကိုပဲ ရှာနေတတ်တယ်။ နောက်ပြီး ဇည့်ခံပွဲတွေတက်ရင် သူဟာ စားပွဲတစ်ခုမှာ မိတ်ဆွေတွေနဲ့ စကားပြောနေရင်းကနေ မပြောမဆို ရုတ်တရက် နောက်စားပွဲတစ်ခုကို ကူးသွားတတ်တယ်။ သူထိုင်နေတဲ့စားပွဲမှာ စကားပြောရတာ စိတ်မဝင်စားရင်၊ သို့မဟုတ် စားပွဲပေါ်က အစားအသောက်ကို မကြိုက်ရင် အဲဒီလိုလုပ်တတ်တယ်။ အဲဒီအမူအကျင့်တွေကိုကြည့်ပြီး လူတွေက အီလွန်မတ်ဟာ အမြဲတမ်းလို အထီး

ကျန် ခံစားနေရတယ်။ ဒါကြောင့် သူဟာ တခြားလူတွေရဲ့ ခံစားချက်တွေကို နားမလည်ဘူး။ လူတွေအပေါ် ကြင်နာသနားစိတ် မထားတတ်ဘူးလို့ ပြောကြတယ်။

အီလွန်မတ်ဟာ ရင်းနှီးတဲ့မိတ်ဆွေတွေနဲ့ မိသားစုကို ဆက်ဆံတာဟာ ဝန်ထမ်းတွေနဲ့ဆက်ဆံတာနဲ့ မတူဘူး။ သူဟာ မိတ်ဆွေတွေနဲ့ စကားပြောရာမှာ သူတို့ မိသားစုနဲ့ ကလေးတွေအကြောင်း စပ်စုပြီး မေးလေ့မေးထ မရှိဘူး။ ဒါပေမဲ့ သူတို့ ကလေးတွေထဲက တစ်ယောက်ယောက် နေမကောင်းတာ၊ ပြဿနာတစ်ခုခု ကြုံတွေ့တာဖြစ်ရင် အီလွန်မတ်ဟာ အစွမ်းကုန် အကူအညီပေးတယ်။ သူ့ရဲ့ မိတ်ဆွေတွေကို လိုအပ်ရင် အစွမ်းကုန် ကာကွယ်ပေးတယ်။ သူ့မိတ်ဆွေတွေကို မတရားပြုလုပ်သူတွေကိုလည်း ဒုက္ခရောက်အောင် နှိပ်ကွပ်တတ်တယ်။

အီလွန်မတ်ရဲ့ အကျင့်တွေဟာ စိတ်ပညာရှင်တွေပြောပြတဲ့ ပါရမီရှင်တွေရဲ့ အကျင့်တွေနဲ့ အတော် နီးနီးစပ်စပ် တူနေပါတယ်။ ပါရမီရှင်တွေဟာ ကလေးဘဝမှာ ဉာဏ်အလွန်ကောင်းပြီး IQ Test (ဉာဏ်ရည်စစ်ဆေးခြင်း) မှာ အမှတ်ပြည့် နီးပါး ရကြတယ်။ အဲဒီကလေးတွေဟာ ကမ္ဘာကြီးကို ရှုမြင်ရာမှာ ချိုယွင်းချက် အမှားတွေကို ရှာတတ်သလို တွေ့ရင်လည်း အဲဒါတွေကိုပြင်ပေးဖို့ သူတို့စိတ်မှာ အာရုံထားတတ်ကြတယ်။ အီလွန်မတ်ဟာ အဲဒီလို လူမျိုးပါ။ ကမ္ဘာကြီးဟာ နှစ်အတော်ကြာရင် နေချင့်စဖွယ်မကောင်းတော့တဲ့ နေရာကြီး ဖြစ်လာနေပြီ။ လူဦးရေ ပေါက်ကွဲတော့မယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးတော့မယ်။ သယံဇာတ ရှားပါးလာတော့မယ်။ အပူ လွန်ကဲလာတော့မယ်။ ကမ္ဘာကြီးဟာ လူတွေရဲ့ နှစ်ပေါင်းများစွာ စည်းကမ်းမရှိ နေထိုင်မှုကြောင့် (ဖျက်ဆီးမှုကြောင့်) ပျက်စီး နေပြီ။ ကမ္ဘာကြီးကို ကယ်တင်လို့မရတော့ဘူး။ လူတွေကိုပဲ ကယ်တင်ရမယ်။ လူတွေကို တခြားဂြိုဟ် (ဥပမာ အင်္ဂါဂြိုဟ်) ကို ပို့ပေးပြီး အဲဒီမှာ အခြေချနေထိုင်ဖို့ လုပ်ပေးရမယ်။ အီလွန်မတ်ဟာ အဲဒါကို ကလေးဘဝကစပြီး တစ်ချိန်လုံး တွေးနေ ခဲ့တယ်။

အီလွန်မတ်ဟာ အလုပ်ထဲမှာ အမှားလုပ်သူတွေနဲ့ စည်းဝေးပွဲတွေမှာ

ညံ့ဖျင်းတဲ့ အကြံအစည်ပြောသူတွေကို လုံးဝ သည်းမခံဘူး။ အော်ငေါက် ကြိမ်းမောင်းတယ်။ လိုအပ်ရင် အရေးယူတယ်။ ဒါပေမဲ့ သူ အဲဒီလိုလုပ်တာဟာ လူတွေကို မုန်းလို့မဟုတ်ပါဘူး။ သူတို့ရဲ့ အပြုအမူအမှားကို သည်းမခံနိုင်တာပါ။ သူဟာ လူတွေကို မမုန်းဘူး၊ လူတွေကို ချစ်တယ်ဆိုတာ အချက်တစ်ချက်က သိသာထင်ရှားစေပါတယ်။ ၂၀၁၄ ခုနှစ်ထဲမှာ အီလွန်မတ်က တစ်ခု ကြေညာလိုက်တယ်။ အဲဒါက Tesla ဟာ သူတို့ပစ္စည်းတွေရဲ့ ထားရှိတဲ့ မူပိုင်ခွင့်တွေကို ပယ်ဖျက်ပေးတော့မယ်တဲ့။ ဒီသတင်းကိုကြားသူတချို့က အီလွန်မတ်ဟာ လူတွေ အာရုံစိုက်ဖို့ ထွင်လုံးတစ်ခု လုပ်လိုက်တာပဲလို့ ပြောကြတယ်။ တကယ်တော့ အီလွန်မတ်က ရိုးရိုးသားသား ကြေညာလိုက်တာပါ။ သူ ဘာကြောင့် အဲဒီလိုလုပ်လိုက်တာလဲ။ လျှပ်စစ်ကား အများအပြားကို လူတွေ ဝယ်စေချင်လို့ပါ။ Tesla ရဲ့ မူပိုင်ခွင့်တွေကို ပယ်ဖျက်ပေးလိုက်ခြင်းအားဖြင့် တခြားကုမ္ပဏီ အများအပြားဟာ လျှပ်စစ်ကားတွေကို လွယ်လွယ်ကူကူ ထုတ်လုပ်လာနိုင်ကြမယ်။ လူတွေ လျှပ်စစ်ကား အများအပြားကို ဝယ်စီးကြရင် လောင်စာဆီသုံးစွဲတဲ့အရေအတွက် လျော့ကျသွားမယ်။ ကမ္ဘာကြီးရဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းလာမယ်၊ လူတွေ နေပျော်စရာနေရာကြီး ပြန်ဖြစ်လာမယ်လို့ အီလွန်မတ် ယုံကြည်လို့ပါ။ တကယ်လည်း အီလွန်မတ်ဟာ ဝေဖန်သူတွေ အံ့အားသင့်သွားအောင် Tesla ရဲ့ လျှပ်စစ်ကားနဲ့ပတ်သက်တဲ့ မူပိုင်ခွင့်တွေ (အားလုံးမဟုတ်ပေမယ့် အတော်များများ) ကို ပယ်ဖျက်ပေးခဲ့ပါတယ်။

Boeing ကုမ္ပဏီကြီးက လေယာဉ်ပျံတွေထုတ်လုပ်ပြီး တစ်ကမ္ဘာလုံးကို ရောင်းပေးခြင်းဖြင့် အမေရိကန်နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်အောင် လုပ်ပေးခဲ့တယ်။ အီလွန်မတ်ကလည်း Space X ကုမ္ပဏီကို Boeing ကုမ္ပဏီလိုဖြစ်စေချင်တယ်။ ဒုံးပျံတွေကို ပြည်တွင်းဖြစ်ပစ္စည်းတွေနဲ့ ပြည်တွင်းမှာပဲ ထုတ်လုပ်ပြီး နိုင်ငံခြားတိုင်းပြည်တွေကို ရောင်းချချင်တယ်။ နောင် နှစ် ၂၀ အကြာမှာ လောလောဆယ် အာကာသလုပ်ငန်းမှာ ထိပ်ဆုံးကပြေးနေတဲ့ တရုတ်နိုင်ငံနဲ့ ယှဉ်ပြိုင်နိုင်တဲ့ ကမ္ဘာမှာ တစ်ဦးတည်းသော ကုမ္ပဏီဟာ Space X ဖြစ်လာရ

မယ်လို့ အီလွန်မတ်က ပြောပါတယ်။ ဒုံးပြင် Space X နဲ့ Tesla ကုမ္ပဏီတွေဟာ အမေရိကန်နိုင်ငံမှာ အီလက်ထရောနစ်၊ ဆော့ဖ်ဝဲနဲ့ သတ္တုရောစပ်တဲ့ နည်းပညာတွေမှာ ကမ္ဘာ့ထိပ်ဆုံးရောက်နေဖို့ ရည်မှန်းထားတယ်လို့ သူ ထပ်ပြောပြတယ်။

အမေရိကန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ စက်မှုလုပ်ငန်းအထွန်းကားဆုံး နိုင်ငံဖြစ်ပေမယ့် လက်ကိုင်ဖုန်းလုပ်ငန်းရဲ့ဖွံ့ဖြိုးမှုဟာ iPhone မပေါ်ခင်အထိ အတော်လေး နေးကွေးနေခဲ့တယ်။ စိတ်ဝင်စားစရာကောင်းတဲ့ လက်ကိုင်ဖုန်းတွေနဲ့ ဖုန်းနဲ့ ဆက်နွယ်တဲ့ နည်းပညာတွေဟာ ဥရောပတိုက်နဲ့ အာရှတိုက်ကပဲ ပေါ်ထွက်ခဲ့ကြတယ်။ အမေရိကန်လူထုဟာ ခေတ်မမီတဲ့ လက်ကိုင်ဖုန်းတွေပဲ ကိုင်ရင်း ဘာလုပ်ရမှန်းမသိ ယောင်ချာချာဖြစ်နေကြတယ်။

၂၀၀၇ ခုနှစ်မှာ Apple ကုမ္ပဏီကထုတ်တဲ့ iPhone ပေါ်လာတော့ အခြေအနေ လုံးဝပြောင်းလဲသွားတယ်။ iPhone မှာ ကွန်ပျူတာရဲ့ အခြေခံ လုပ်ဆောင်မှုတွေကို တုပပြီး application, sensor နဲ့ location awareness (ဖုန်းရှိတဲ့နေရာကို သိခြင်း) စတဲ့ အရည်အချင်းတွေ ထည့်သွင်းပေးထားတယ်။ iPhone ကို စတင်ရောင်းချပြီး ရက်ပိုင်းအတွင်းမှာ ဖုန်းအလုံးပေါင်း သန်းချီ ရောင်းရတယ်။ Google က iPhone ကို တုံ့ပြန်ဖို့ Android ဆော့ဖ်ဝဲကို တီထွင်ပြီး Apple ရဲ့ပြိုင်ဘက်ဖုန်းကုမ္ပဏီတွေရဲ့ လက်ကိုင်ဖုန်းတွေမှာ သုံးစွဲခွင့်ပြုလိုက်တယ်။ ဒါပေမဲ့ iPhone ကို ယှဉ်ပြိုင်နိုင်တဲ့အဆင့် မရောက်ခဲ့ပါဘူး။ ဒီလိုနဲ့ အမေရိကန်နိုင်ငံဟာ ကမ္ဘာကြီးရဲ့ လက်ကိုင်ဖုန်းလုပ်ငန်းကို ရုတ်တရက် ပြောင်းလဲပစ်လိုက်တယ်။ Apple ကုမ္ပဏီဟာ iPhone အပြင် ကွန်ပျူတာ၊ အင်တာနက်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာလည်း ခေတ်မီဆန်းသစ်တဲ့ နည်းပညာတွေနဲ့ အီလက်ထရောနစ်ပစ္စည်း အသစ်အဆန်းတွေကို ထုတ်လုပ်နိုင်တာကြောင့် အမေရိကန်နိုင်ငံမှာ တန်ဖိုးအရှိဆုံး ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့တယ်။ Apple ကုမ္ပဏီက ထုတ်တဲ့ iPhone (smartphone)၊ ကွန်ပျူတာ၊ iPod နဲ့ iPad စတဲ့ ပစ္စည်းတွေဟာ ကမ္ဘာပေါ်မှာ ဒေါ်လာဘီလီယံချီပြီး ရောင်းချနေကြရတယ်။

iPhone နဲ့ iPod တို့ကို စျေးကွက်ထဲပေါက်အောင် လုပ်ပေးခဲ့သူလို့

ထင်ရှားကျော်ကြားတဲ့ Apple ကုမ္ပဏီက အရာရှိချုပ်ဟောင်း တိုနီဖက်ဒဲလ်က smartphone ဆိုတာ စျေးပေါတဲ့ပစ္စည်းနဲ့ ဆော့ဖ်ဝဲ ပေါင်းစပ်ပြီး ခေတ်မီ ဆန်းသစ်အောင်လုပ်ထားတဲ့ ပစ္စည်းလို့ ပြောပါတယ်။ ဟုတ်ပါတယ်။ သူပြောတဲ့ ပစ္စည်းဆိုတာ လျှပ်စစ်ဆိုင်တွေမှာ စျေးပေါပေါနဲ့ လွယ်လွယ်ကူကူဝယ်လို့ရတဲ့ အီလက်ထရောနစ် ပစ္စည်းလေးတွေကို ပြောတာပါ။ အဲဒါကို စိတ်ချရပြီး ခေတ်မီတဲ့ ဆော့ဖ်ဝဲနဲ့ ပေါင်းစပ်လိုက်တဲ့အခါ သိပ္ပံဝတ္ထုတွေထဲကလို စိတ်ဝင်စားစရာကောင်းပြီး အံ့သြစရာပစ္စည်းတွေ ဖြစ်လာပါတယ်။ အံ့သြစရာကောင်းတဲ့ ပစ္စည်းဆိုတာ smartphone တစ်ခုတည်း မဟုတ်ပါဘူး။ ကုမ္ပဏီတွေဟာ အဲဒီနည်းနဲ့ စိတ်ဝင်စားစရာ ပစ္စည်းတွေကို အပြိုင်အဆိုင် ထုတ်လုပ်လာကြတယ်။

Google က မောင်းသူမဲ့ကားတွေ၊ robot စက်ရုပ်တွေ ထုတ်တယ်။ ဖက်ဒဲလ်ရဲ့ Nest ကုမ္ပဏီက စဉ်းစားဆင်ခြင်ဉာဏ် (intelligence) ရှိတဲ့ thermostat (အပူချိန်ညှိကိရိယာ) နဲ့ smoke alarm (မီးလောင်ရင် အလိုလျောက် အချက်ပြတဲ့စနစ်) တွေကို ထုတ်တယ်။ GE (General Electric) ကုမ္ပဏီက ဂျက်လေယာဉ်ပျံတွေရဲ့ အင်ဂျင်မှာ ချို့ယွင်းချက်တစ်ခုဖြစ်လာရင် လေယာဉ်မောင်းသူ ချက်ချင်းသိနိုင်တဲ့ sensor တွေ ထုတ်တယ်။ စွမ်းရည်မြင့် ဆော့ဖ်ဝဲတွေ တပ်ဆင်ထားတဲ့ ဆေးကုသတဲ့ ပစ္စည်းကိရိယာတွေနဲ့ လူတွေရဲ့ရောဂါကို တိတိကျကျ မြန်မြန်ဆန်ဆန် ရှာဖွေဖော်ထုတ်ပေးတဲ့ ပစ္စည်းတွေထုတ်တဲ့ ကုမ္ပဏီတွေလည်း အများကြီးပေါ်လာကြတယ်။ ဒါတင်မကသေးပါဘူး။ အရင်ကဆိုရင် အာကာသထဲမှာ လွှတ်တင်ထားတဲ့ ဂြိုဟ်တုတွေဟာ မိုးလေဝသလေ့လာတာ၊ ထောက်လှမ်းရေး စပိုင်လုပ်ငန်းလုပ်တာ၊ ဆက်သွယ်ရေးလုပ်ပေးတာ စတဲ့ လုပ်ငန်းတွေထဲက တစ်ခုကိုပဲ လုပ်ပေးနိုင်ခဲ့တယ်။ အခုတော့ ဆော့ဖ်ဝဲရဲ့ကျေးဇူးကြောင့် ဂြိုဟ်တုတွေဟာ အလုပ်တွေအများကြီးကို တစ်ပြိုင်တည်း လုပ်လာနိုင်ကြပြီ။ အခုရေးပြခဲ့တာ တွေဟာ iPhone ပေါ်လာပြီးမှ ဖြစ်ပေါ်လာကြတဲ့ ၂၁ ရာစုရဲ့ နည်းပညာပြောင်းလဲမှုကြီးတွေ ဖြစ်ကြပါတယ်။

နည်းပညာပြောင်းလဲမှုကြီးမှာ အီလွန်မတ်ဟာ ထိပ်ဆုံးရောက်နေပါတယ်

လို့ ဖက်ဒဲလ်က ပြောတယ်။ *"သူဟာ လျှပ်စစ်ကားကို မောင်းလို့ရရုံပဲ တီထွင်ခဲ့တာ မဟုတ်ဘူး။ ကားတံခါးဖွင့်ဖို့ မော်တာနဲ့လုပ်ပေးတယ်။ ကားမှာ touchscreen သုံးတယ်။ လူအများသုံးတဲ့ပစ္စည်းကို ဆော့ဖ်ဝဲနဲ့ ပေါင်းစပ်ပေးတယ်။ သူလုပ်တာကို တခြားကားကုမ္ပဏီတွေဟာ အတုခိုးပြီး လိုက်လုပ်ကြတယ်"*။ အရင်က မမြင်ဖူးတဲ့ အီလက်ထရောနစ်ပစ္စည်းနဲ့ ဆော့ဖ်ဝဲပေါင်းစပ်မှုကြောင့် ကမ္ဘာကြီးမှာ ကြီးမားတဲ့ နည်းပညာပြောင်းလဲမှုကြီး ဖြစ်လာတယ်။

iPhone နဲ့ နည်းပညာပြောင်းလဲမှုကြီးတွေကို ဖြစ်ပေါ်အောင် အစပျိုးခဲ့တဲ့ Apple ကုမ္ပဏီရဲ့ CEO စတီဗင်ဂျော့ရဲ့နေရာမှာ နောက်ထပ်ဆက်ခံမယ့် လူကို Silicon Valley က စဉ်းစားကြည့်တဲ့အခါ အီလွန်မတ်ပဲဖြစ်တယ်လို့ ပြောကြတယ်။ ကုမ္ပဏီက အရာရှိကြီးတွေ၊ သိပ္ပံပညာရှင်တွေနဲ့ အင်ဂျင်နီယာ တွေရဲ့ လောလောဆယ်မှာ အားအကျဆုံးပုဂ္ဂိုလ်ဟာ အီလွန်မတ် ဖြစ်နေပါတယ်။ Tesla ကထုတ်တဲ့ လျှပ်စစ်ကားတွေဟာ လူကြိုက်များလာတာနဲ့အမျှ အီလွန်မတ်ရဲ့ ဂုဏ်သတင်းဟာ ဆက်လက်ပြီး ကြီးလာနေမှာပါ။ *"အီလွန်မတ်ဟာ ကျွန်တော် လုပ်ခဲ့တာထက် သာလွန်အောင်လုပ်နိုင်သူ နည်းနည်းလေးထဲက တစ်ယောက် ဖြစ်ပါတယ်"* လို့ 'ကရေဂ်ျဗင်တာ' က ပြောပြတယ်။ ကရေဂ်ျဟာ လူမျိုးရိုးဗီဇ (DNA) ရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်ပေးနိုင်ခဲ့လို့ ထင်ရှားကျော်ကြားလာသူပါ။ သူဟာ လူကိုယ်အင်္ဂါအစိတ်အပိုင်း အတုတွေကို ဖန်တီးထုတ်လုပ်ဖို့ ကြိုးစားနေတယ်။ အီလွန်မတ်နဲ့လက်တွဲပြီး DNA printer ကို အင်္ဂါရှိုဟ်ဆီပို့ဆောင်ပေးဖို့ မျှော်လင့်ထားတယ်။ DNA printer နဲ့ အင်္ဂါရှိုဟ်မှာ စတင်အခြေချသူတွေ အတွက် စားစရာ၊ ဆေးဝါးနဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းအတုတွေ ထုတ်ပေးဖို့ပါ။ *"ကျွန်တော့်အကြံကိုပြောပြတော့ အီလွန်မတ် သဘောကျတယ်။ အဲဒါဖြစ်ဖို့ ကျွန်တော်တို့ ဆွေးနွေးနေကြဆဲပါ"* လို့ ကရေဂ်ျက ပြောပြတယ်။

အီလွန်မတ်ကို အလွန် နစ်သက် သဘောကျနေကြသူတွေထဲကတစ်ယောက်ဟာ 'လယ်ရီပေ့ဂ်'ပါ။ ပေ့ဂ်ျဟာ အီလွန်မတ်ရဲ့ အခင်ဆုံး သူငယ်ချင်းတွေထဲက တစ်ယောက်ဖြစ်ပြီး Google ကို ပူးတွဲတည်ထောင်ခဲ့သူနဲ့ Google ရဲ့ CEO

လည်း ဖြစ်ပါတယ်။ အီလွန်မတ်ဟာ ညရောက်လို့ ဘယ်မှာအိပ်ရမှန်းမသိ ဖြစ်နေရင် သူ့အိမ်ကို ရောက်လာတတ်တယ်။ *"အီလွန်ဆီက ရုတ်တရက် အီးမေးလ် ရောက်လာတယ်။ အီးမေးလ်မှာ 'လယ်ရီ၊ ဂျွန်တော် ဒီညဘယ်မှာအိပ်ရမှန်းမသိ ဖြစ်နေတယ်။ ခင်ဗျားအိမ်မှာ လာအိပ်လို့ရမလား' လို့ ရေးထားတယ်"* လို့ ပေ့ဂ်ျက ပြောပြတယ်။ *"ဂျွန်တော်လည်း သူ လာမယ်ဆိုရင် ပျော်တာပေါ့။ သူ ရောက်လာရင် အဲဒီညမှာ နှစ်ယောက်သား မိုးလင်းခါနီးအထိ စကားထိုင်ပြော ကြတယ်"* လို့ သူ ဆက်ပြောတယ်။

Google ကုမ္ပဏီဟာ အီလွန်မတ်ရဲ့ စီမံကိန်းတွေဖြစ်ကြတဲ့ မောင်းသူမဲ့ ကားနဲ့ စက်ရုပ်ထုတ်လုပ်ရေး အစီအစဉ်တွေမှာ ရင်းနှီးမြှုပ်နှံငွေတွေ ထည့်ဝင်ထား တယ်။ အဲဒီထည့်ဝင်ငွေဟာ တခြားကုမ္ပဏီတွေ တစ်ခုချင်းစီမှာ ထည့်ဝင်ငွေထက် ပိုများပါတယ်။ ပေ့ဂ်ျဟာ Google ကုမ္ပဏီရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရ သလို ရင်းနှီးမြှုပ်နှံထားသူတွေရဲ့ စဉ်ဆက်မပြတ် စောင့်ကြည့်ခံနေရတာကြောင့် စိတ်ထင်တိုင်း လုပ်မရဘူး။ ဒါကြောင့် သူဟာ အီလွန်မတ်ကို မနာလိုဖြစ်မိတယ်လို့ ပြောပြတယ်။ အကြောင်းက အီလွန်မတ်ဟာ သူ လုပ်ချင်တာကို လုပ်ခွင့်ရနေပြီး သူ့မှာ အဲဒီအခွင့်အရေး မရှိလို့ပါတဲ့။ *"Silicon Valley က ကုမ္ပဏီတွေနဲ့ Google အပါအဝင် ကုမ္ပဏီကြီးတွေဟာ ငွေမရှာကြပါဘူး။ ငွေတွေ အများကြီး ရှိကြတယ်။ ဒါပေမဲ့ သူတို့ဟာ ငွေရှိတိုင်း လုပ်ချင်တာ လုပ်ခွင့်မရကြလို့ အတော် စိတ်မချမ်းမသာ ဖြစ်နေကြတယ်။ အီလွန်က တစ်ခါမှာ ဂျွန်တော့်ကို မေးတယ်။ သူလုပ်ချင်နေတာတွေထဲက ဘယ်ဟာကို အရင်လုပ်ရမလဲတဲ့။ သူလုပ်ချင်တာ တွေက ဒါတွေပါ။ ကုန်းပေါ်မှာရော ရေထဲမှာပါသွားနိုင်တဲ့ ကားထုတ်ရမလား။ ကမ္ဘာကြီးရဲ့ ပူနွေးမှုပြဿနာကို ဖြေရှင်းပေးရမလား။ တခြားဂြိုဟ်တွေမှာ လူတွေ သွားရောက်အခြေချနိုင်အောင် လုပ်ပေးရမလားတဲ့။ အဲဒါတွေအားလုံးဟာ အတော်စိတ်ဝင်စားစရာကောင်းတဲ့ ရည်မှန်းချက်တွေပါ။ သူ တကယ်လုပ်ချင်ရင် ဖြစ်အောင်လုပ်နိုင်ပါတယ်။ ဂျွန်တော် သူ့ကို အရမ်းအားကျမိတယ်ဗျာ"* လို့ သူပြောတယ်။

တစ်ခါမှာ ပေ့ဂ်ျပြောလိုက်တဲ့ စကားတစ်ခွန်းဟာ လူတွေကြား ကောလာဟလသတင်းအဖြစ် ပျံ့နှံ့သွားတယ်။ အဲဒါက ပေ့ဂ်ျဟာ သူမှာရှိတဲ့ ပိုက်ဆံအားလုံးကို အီလွန်မတ်ဆီ လွှဲပြောင်းပေးချင်တယ်လို့ ပြောတယ်ဆိုတဲ့ သတင်းပါ။ ပေ့ဂ်ျက *"အဲဒီစကား မမှန်ပါဘူး။ လောလောဆယ် ကျွန်တော့်မှာရှိနေတဲ့ ပိုက်ဆံတွေ သူ့ကို လွှဲမပေးပါဘူး။ ဒါပေမဲ့ သူပြောတဲ့ တခြားကြိုဟ်တွေမှာ လူတွေ သွားရောက်အခြေချနေထိုင်ဖို့ဆိုတဲ့ အစီအစဉ်ကို ကျွန်တော် အတော်သဘောကျပါတယ်။ အဲဒါကို သူ တကယ်လုပ်ဖြစ်ရင် ကျွန်တော့်မှာရှိတဲ့ ပိုက်ဆံတွေနဲ့ သူ့ကို ကူညီပါမယ်"* လို့ ပြောတယ်။

ပေ့ဂ်ျက ဆက်ပြောတယ်။ *"ကောင်းတဲ့ အကြံအစည်ဟာ ရူးမိုက်တာ မဟုတ်ဘူးလို့ သက်သေပြနိုင်တဲ့အချိန်အထိ ရူးမိုက်နေမှာ ,ဖြစ်ပါတယ်"* တဲ့။ ပေ့ဂ်ျက အဲဒီအယူအဆကို Google မှာ ကျင့်သုံးဖို့ ကြိုးစားခဲ့တယ်။ လူတွေက အကြံအစည်ကို ရူးမိုက်တယ်လို့ ဘယ်လောက်ပြောပြော ဇွဲမလျှော့ဘဲ လုပ်ကြည့်ဖို့ပါ။ တကယ်ရူးမိုက်တာပဲလို့ သိမှသာ ရပ်လိုက်ဖို့ပါ။ Google ကုမ္ပဏီကို စတင်တည်ထောင်စမှာ ပေ့ဂ်ျနဲ့ ပူးတွဲတည်ထောင်ခဲ့သူ 'ဆာဂေးဘရင်' တို့ဟာ စာအုပ်တွေထဲက စာသားတွေကို အင်တာနက်မှာရှာဖို့ စတင် ကြိုးစားကြတယ်။ အဲဒီလိုလုပ်နိုင်ဖို့ စာအုပ်ပေါင်းများစွာကို scan လုပ်ပြီး ကွန်ပျူတာမှာ သိမ်းထားဖို့ လုပ်ကြတယ်။ scan လုပ်ပြီး သိမ်းထားလို့မရဘူးလို့ ကွန်ပျူတာကျွမ်းကျင်သူတွေက သူတို့ကို ပြောကြတယ်။ ပေ့ဂ်ျနဲ့ ဆာဂေးတို့ဟာ အချိန်တစ်ခုအတွင်းမှာ ထောင်ပေါင်းများစွာသော စာအုပ်တွေကို scan လုပ်ပြီး ကွန်ပျူတာမှာ သိမ်းဆည်းနိုင်ခဲ့ကြတယ်။ နောက်တော့ သန်းပေါင်းများစွာသော စာအုပ်တွေကို scan လုပ်ပြီး သိမ်းခဲ့တယ်။ Search Engine ဆိုတဲ့ ဆော့ဖ်ဝဲကိုထွင်ပြီး သိချင်တဲ့ အကြောင်းအရာကို Google ဝက်ဆိုဒ်မှာ ရှာနိုင်တဲ့စနစ်ကို တီထွင်ခဲ့တယ်။

"ကျွန်တော်တို့ဟာ တစ်ခုခုလုပ်တော့မယ်ဆိုရင် မလုပ်နိုင်ဘူး။ မဖြစ်နိုင်ဘူးလို့ စပြီး စဉ်းစားတတ်ကြတယ်" လို့ ပေ့ဂ်ျက ပြောတယ်။ *"ဒါပေမဲ့ အီလွန်ကတော့ ပြဿနာတစ်ခုကို စစဉ်းစားရင် မဖြေရှင်းနိုင်ဘူး။ မဖြစ်နိုင်ဘူး ဆိုတာ*

ကနေ မစဉ်းစားဘူး။ သူက ခုလို မေးခွန်းတွေမေးပြီး စဉ်းစားတယ်။ အဲဒါကို သချာနည်း၊ ရူပဗေဒနည်းနဲ့ ဖြေရှင်းလို့ရမလား။ အဖြေထွက်လာဖို့ အချိန် ဘယ်လောက်ကြာမလဲ။ ငွေ ဘယ်လောက်သုံးရမလဲ။ ငွေကုန်ကြေးကျသက်သာ အောင် လုပ်လို့မရဘူးလား။ ကျွန်တော်ထင်ပါတယ်။ သူဟာ အဲဒီမေးခွန်းတွေ မေးပြီး ပြဿနာ အတော်များများကို ဖြေရှင်းနိုင်ခဲ့တယ်လို့ပါ” လို့ သူ ဆက်ပြော တယ်။

ပေ့ဂ်ျနဲ့ အီလွန်မတ်ဟာ Google ကုမ္ပဏီပိုင်တဲ့ Palo Alto မြို့က လျှို့ဝှက်တိုက်ခန်းတစ်ခုမှာ မကြာခဏ တွေ့ဆုံ စကားပြောတတ်ကြတယ်။ တိုက်ခန်းဟာ Stanford University တက္ကသိုလ်ဝင်းနဲ့ မလှမ်းမကမ်းက တောင်တန်းတွေကို လှမ်းမြင်ရတဲ့ တိုက်အမြင့်ကြီးတွေထဲက တိုက်တစ်ခုထဲကပါ။ တစ်ခါတလေ ဆာဂေးလည်း ရောက်လာတတ်တယ်။ ပေ့ဂ်ျနဲ့ ဆာဂေးတို့က သူတို့ရဲ့ ကိုယ်ပိုင်စားဖိုမှူးတွေကို အဲဒီကိုခေါ်လာပြီး အစားအသောက်တွေ ချက်ပြုတ်ခိုင်း ကြတယ်။ သူတို့သုံးယောက် ဆုံကြတဲ့အခါ ပြောကြတဲ့ စကားတွေဟာ ထူးဆန်း သလို၊ ရယ်စရာကောင်းသလို ဖြစ်နေကြတယ်။ ရင်းနှီးမြှုပ်နှံသူနဲ့ အီလွန်မတ်ရဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ဂျော့ဇာခရီက ခုလိုပြောတယ်။ *“တစ်ခါမှာ သူတို့ စကားပြောနေကြတုန်း ကျွန်တော် အလည်ရောက်သွားတယ်။ အီလွန်က ကောင်း ကင်ကို တည့်တည့်မတ်မတ် ပျံတက်နိုင်ပြီး မြေပြင်ပေါ် တည့်တည့်မတ်မတ် ပြန်ဆင်းနိုင်တဲ့ လျှပ်စစ်လေယာဉ်ပျံတစ်စင်း တည်ဆောက်မယ်လို့ ပြောတယ်။ ပေ့ဂ်ျက အဲဒီလေယာဉ်ပျံဟာ နှင်းလျှောစီးတဲ့ တောင်စောင်းတစ်လျှောက် ဆင်းနိုင် ရမယ်လို့ ပြောတယ်။ ဆာဂေးကလည်း အဲဒါဟာ မင်ဟတ်တန်မြို့က ဆိပ်ကမ်းမှာ ဆိုက်ကပ်နိုင်ရမယ်လို့ ပြောပြန်တယ်။ ပြီးတော့ သူတို့ဟာ ကမ္ဘာကြီးကို ၂၄ နာရီ ပတ်နေတဲ့ လေယာဉ်ပျံကြီးတစ်စင်း တည်ဆောက်ကြမယ်။ ပုံမှန် အလုပ်ဆင်းသူ တွေဟာ အဲဒီလေယာဉ်ပျံကြီးကို ကြိုက်တဲ့မြို့မှာ တက်စီးပြီး ကြိုက်တဲ့မြို့မှာ ဆင်းနိုင်ကြမယ်တဲ့။ လေယာဉ်ဟာ အသံထက်မြန်တဲ့ မြန်နှုန်းနဲ့ သွားနေမယ်တဲ့။ သူတို့စကားပြောကြတာ ရပ်သွားတော့ ကျွန်တော်က အီလွန်ကို မေးလိုက်တယ်။*

'ခင်ဗျားတို့၊ အဲဒါတွေကို တကယ်လုပ်မှာလား'။ သူက 'လုပ်မှာပေါ့' လို့ ရယ်ရင်းပြန်ဖြေတယ်"။

"ကျွန်တော်တို့ စိတ်ကူးရရာတွေကို ပြောကြခြင်းဟာ စိတ်အပန်းဖြေခြင်းပါ။ အပြင်မှာ အဲဒီစကားတွေသွားပြောရင် လူတွေက ကျွန်တော်တို့ကို အရူးတွေလို့ ပြောကြမှာပါ" လို့ ပေ့ဂ်ျက ပြောတယ်။ "ကျွန်တော်တို့သုံးယောက်ဟာ အဲဒီလို ရူးကြောင်ကြောင်အကြံတွေကိုပြောရင်း ပျော်နေကြတယ်။ ဒါပေမဲ့ တစ်ခါတလေမှာ ပြောလိုက်တဲ့စကားတွေထဲက တချို့ကို တကယ် လုပ်ဖြစ်သွားကြတယ်။ ကျွန်တော်တို့ဟာ အလားအလာအကောင်းဆုံးကို မရွေးချယ်ခင်အထိ ဖြစ်နိုင်ခြေရှိတဲ့အရာ ထောင်ပေါင်းများစွာကို စဉ်းစားခဲ့ကြတယ်" လို့ သူ ဆက်ပြောတယ်။

အီလွန်မတ်ဟာ လူအများနဲ့မတူဘဲ ထူးခြားသူတစ်ယောက် ဖြစ်တယ်။ သူဟာ သူများတွေ ကြိုးစားဖို့တောင် မစဉ်းစားရဲတဲ့ လုပ်ငန်းတွေကို အောင်မြင်အောင် လုပ်တတ်တယ်လို့ ပေ့ဂ်ျက ပြောတယ်။ "ကျွန်တော်တို့အတွက် *Space X* နဲ့ *Tesla* တို့ဟာ အလွန်အလွန် စွန့်စားရတဲ့ လုပ်ငန်းတွေလို့ ထင်ကြတယ်။ ဒါပေမဲ့ အီလွန်က အဲဒါတွေကို အောင်မြင်အောင် လုပ်သွားခဲ့တယ်။ အဲဒါတွေ အောင်မြင်သွားတော့ လူတွေက အီလွန်မတ် ဂ်ကောင်းတယ်လို့ ပြောကြတယ်။ သူ တစ်ကြိမ်လုပ်လို့ အောင်မြင်ရင်တော့ ဂ်ကောင်းတယ်လို့ ပြောလို့ရပါတယ်။ နှစ်ကြိမ်လုပ်လို့ နှစ်ကြိမ်စလုံး အောင်မြင်တာ ဂ်ကောင်းလို့ မဟုတ်ပါဘူး။ တကယ်လို့ သူ ထပ်ခါထပ်ခါ လုပ်ရင်လည်း အောင်မြင်မှာပါ" လို့ ပေ့ဂ်ျက ဆက်ပြောပြပြန်တယ်။

ကမ္ဘာကြီးမှာဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ဖြေရှင်းပေးဖို့တာဝန် သူမှာ ရှိနေတယ်လို့ အီလွန်မတ် ယုံကြည်နေတယ်။ အဲဒီအတွက် သူမှာ ဖိအားကြီး ကျရောက်နေတယ်။ ဖိအားတွေကြောင့်လားမသိဘူး သူဟာ မကြာခဏ ခြေကုန်လက်ပန်းကျနေတယ်။ အိပ်ရေးမဝလို့ မျက်တွင်းဟောက်ပက်ဖြစ်ပြီး မျက်လုံးတွေဟာ မျက်နှာထဲ နစ်ဝင်သလိုဖြစ်နေကြတယ်။ သူ့ရဲ့ကိုယ်အလေးချိန်ဟာ စိတ်

ဖိစီးမှုကြောင့်ထင်တယ်။ တက်လိုက်ကျလိုက် ဖြစ်နေတယ်။ ထူးဆန်းတာက သူ အလုပ်များနေရင် သူ့ကိုယ်အလေးချိန် တက်လာတတ်တယ်။ အစားအသောက်ကို ဂရုတစိုက်နဲ့ အချိန်မှန်စားသောက်တာ မလုပ်လို့ ထင်ပါတယ်။ သူက အသက်ရှင်ရပ်တည်မှုနဲ့ပတ်သက်ပြီး စထရောဘဲလ်ကို ခုလိုပြောဖူးတယ်။ "*ဘဝဆိုတာ တိုတောင်းလွန်းလို့ အလုပ်တွေကို အချိန်တိုအတွင်း ပြီးနိုင်သလောက် ပြီးအောင် လုပ်ရမယ်*" တဲ့။

ဒုက္ခဝေဒနာဆိုတာ ဘုရားပေးတဲ့ ကောင်းချီးဖြစ်တယ်လို့ အီလွန်မတ်က ပြောတယ်။ ဘာကြောင့် သူ အဲဒီလိုပြောတာလဲ။ ဒုက္ခဝေဒနာဟာ လူကို ခွန်အားနဲ့ စိတ်စွမ်းအား ပေးလို့ပါတဲ့။ သူငယ်စဉ် ကျောင်းတက်တုန်းက ဒုက္ခဝေဒနာတွေ ခံစားခဲ့ရတယ်။ ကျောင်းမှာ တခြားကလေးတွေရဲ့ အနိုင်ကျင့်တာ ခံရတယ်။ သူ့အဖေက သူ့ကို ငယ်စဉ်မှာ စိတ်ညစ်အောင် ချုပ်ချယ်ကန့်သတ်မှုတွေလုပ်တယ်။ သူ့ကိုယ်တိုင်လည်း ဗီဒီယိုဂိမ်းကစားချင်စိတ်ကို ချုပ်တီးပြီး စာအုပ်တွေ ဖတ်တယ်။ စာအုပ်တွေကနေ အသိပညာဗဟုသုတတွေ အများကြီးရလာခဲ့တယ်။ ဒုက္ခဝေဒနာက ကောင်းချီးပေးခဲ့ပါတယ်။

အီလွန်မတ်ဟာ ကလေးတွေကို အတော်အလိုလိုက်တယ်။ "*ကျွန်တော့်ကို ဖခင်ကောင်းတစ်ယောက်လို့ ပြောလို့ရပါတယ်။ သီတင်းပတ်ရဲ့ တစ်ဝက်လောက်မှာ ကလေးတွေနဲ့ အတူနေပေးတယ်။ သူတို့ကို မြို့ပြင်သွားရင် ခေါ်သွားတယ်။ မကြာသေးခင်က ကျွန်တော်တို့မိသားစု မော်နာကိုနိုင်ငံက ကားမောင်းပြိုင်ပွဲကို သွားကြည့်ကြတယ်။ အဲဒီမှာ မော်နာကို အိမ်ရှေ့မင်းသား။ မင်းသမီးတို့နဲ့ လျှောက်လည်ကြတယ်။ အဲဒီလို အရေးကြီးပုဂ္ဂိုလ်တွေနဲ့ အတူသွားလာရတာဟာ ကျွန်တော့် ကလေးတွေအတွက် ရိုးနေပါပြီ*" လို့ အီလွန်မတ်က ပြောတယ်။ ဒါပေမဲ့ သူ့ကလေးတွေဟာ သူ့ရဲ့ အလိုလိုက်မှုကြောင့် ဒုက္ခဝေဒနာနဲ့ မကြုံရလို့ စိတ်မကောင်းဖြစ်မိတယ်တဲ့။ "*ကျွန်တော့် ကလေးတွေဟာ ကျောင်းမှာ ဒုက္ခဝေဒနာ နည်းနည်းကြုံတွေ့နိုင်ပါတယ်။ ဒါပေမဲ့ ယနေ့ခေတ်ကျောင်းတွေဟာ ကလေးတွေကို အကာအကွယ်ပေးလွန်းကြပါတယ်။ ကျွန်တော်တို့ခေတ်တုန်းကဆို ကျောင်းသားတစ်ယောက်*

က လက်သီးနဲ့ထိုးလိုက်လို့ သွေးမထွက်ရင် ဆရာက ထိုးတဲ့ကျောင်းသားကို အရေးမယူဘူး။ ဒီတော့ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ခံနိုင်ရည်ရှိဖို့နဲ့ ကာကွယ်တတ်ဖို့ ကျင့်ထားရတယ်” လို့ သူ ဆက်ပြောတယ်။

နောင် ၁၀ နှစ်ကြာတဲ့အခါမှာ အီလွန်မတ်ရဲ့ ကုမ္ပဏီတွေဟာ ပိုကောင်းလာမလား။ ပိုဆိုးသွားမလားဆိုတာ သေချာမသိရပေမယ့် ပိုကောင်းလာမယ်လို့ မျှော်လင့်ရပါတယ်။ အီလွန်မတ်လည်း ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး စီးပွားရေးသမားနဲ့ တီထွင်တတ်သူတစ်ယောက် ဖြစ်လာဖို့ မျှားပါတယ်။ Tesla ဟာ အောင်မြင်တဲ့ လျှပ်စစ်ကားအမျိုးပေါင်း ၅ ခု၊ ၆ ခုလောက်ကို ဆက်တိုက် ထုတ်လုပ်နိုင်မယ်ဆိုရင် ၂၀၂၅ ခုနှစ်လောက်ကျရင် လျှပ်စစ်ကားထုတ်တဲ့ လောကမှာ အင်အားအကြီးဆုံး ကုမ္ပဏီ ဖြစ်လာမှာပါ။ လောလောဆယ် ဖွံ့ဖြိုးတိုးတက်မှုနှုန်းနဲ့ ဆက်သွားမယ်ဆိုရင် Solar City ကုမ္ပဏီလည်း မကြာခင်မှာ ကြီးမားတဲ့ လျှပ်စစ်ဓာတ်အားထုတ်တဲ့ ကုမ္ပဏီနဲ့ နေရောင်ခြည်စွမ်းအင် ဈေးကွက်မှာ ဦးဆောင်သူ ဖြစ်လာမှာပါ။ Space X ကရော ဘယ်လိုလဲ။ အဲဒါဟာ စိတ်ဝင်စားစရာ အကောင်းဆုံးပါ။ အီလွန်မတ်ရဲ့ တွက်ချက်ထားမှုအရ Space X ဟာ အဲဒီအချိန်မှာ အာကာသကို လူတွေနဲ့ ပစ္စည်းတွေပို့ပေးတဲ့ ခရီးစဉ်တွေကို အပတ်စဉ် လုပ်ပေးနေမှာဖြစ်ပြီး သူ့ရဲ့ ပြိုင်ဘက်ကုမ္ပဏီတွေ ကျရှုံးသွားကြမှာ ဖြစ်ပါတယ်။ အင်္ဂါဂြိုဟ်ကို ပစ္စည်းပို့တဲ့ ခရီးစဉ်တချို့ စတင်နေပြီဖြစ်မှာပါ။

အဲဒါတွေ အားလုံးဖြစ်နေပြီဆိုရင် အီလွန်မတ်ဟာ အသက် ၅၀ နဲ့ ၆၀ ကြား ဖြစ်နေလောက်ပါပြီ။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးလူတစ်ယောက် ဖြစ်နေမှာပါ။ သူဟာ သူ့ရဲ့ ကုမ္ပဏီသုံးခု (Space X, Tesla နဲ့ SolarCity) အသီးသီးမှာ ရှယ်ယာအများဆုံးပိုင်သူ ဆက်ဖြစ်နေမှာပါ။ နောက်ထပ် ကုမ္ပဏီအသစ်တွေမှာ ရှယ်ယာအများဆုံးပိုင်သူ ဖြစ်လာဦးမှာပါ။ သူလုပ်ခဲ့တာတွေကို သမိုင်းမှာ မှတ်တမ်းရေးထိုးပြီး ဖြစ်မှာပါ။ ကမ္ဘာကြီး လူတွေနေမရအောင် ပူနွေးလာလို့ နိုင်ငံအစိုးရတွေ၊ စီးပွားရေးကုမ္ပဏီကြီးတွေဟာ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြချိန်မှာ အီလွန်မတ်ဟာ ဖြစ်နိုင်တဲ့နည်းလမ်းတွေ ရှာကြံပြီး စလုပ်နေပြီ

ဖြစ်နေမှာပါ။ လိုအပ်ရင် လူတွေကို ကမ္ဘာကြီးကနေ ကယ်ထုတ်ပြီး တခြားဂြိုဟ်တွေဆီ ပို့ဖို့ အစီအစဉ်လုပ်နေပြီဖြစ်မှာပါ။

ဒါပေမဲ့ အီလွန်မတ်ရဲ့ကုမ္ပဏီတွေရဲ့ အနာဂတ်ဟာ မသေချာ မရေရာဖြစ်နေပါတယ်။ ပစ္စည်းထုတ်ရာမှာ ပြဿနာတွေနဲ့ ကြုံတွေ့နေရတယ်။ လျှပ်စစ်ကား။ ဘက်ထရီ၊ ဆိုလာပြားတွေကို စျေးသက်သက်သာသာနဲ့ ရောင်းပေးနိုင်ဖို့ အများကြီး ကြိုးစားရပါဦးမယ်။ Tesla ကားဟာ ပြဿနာပေါ်လို့ ရောင်းပြီးသမျှ ကားအားလုံးကို ပြန်ပြင်ပေးရတဲ့ recall လုပ်တာနဲ့ ကြုံတွေ့ပြီး နာမည်ပျက်နိုင်တယ်။ Space X က လွှတ်တင်လိုက်တဲ့ လူလိုက်ပါသော ဒုံးပျံတစ်စင်းဟာ ပျံတက်နေစဉ်မှာ မတော်တဆ ပေါက်ကွဲမီးလောင်သွားရင် ကုမ္ပဏီရဲ့အခြေအနေဟာ ပြိုလဲမတတ် ဖြစ်သွားနိုင်တယ်။

ကျွန်တော် (ဒီစာအုပ်ရေးသူ) နဲ့ အီလွန်မတ်ဟာ ညစာစားပြီးသွားလို့ ကော်ဖီသောက်နေကြတယ်။ ကျွန်တော်က သူ့ကို ပွင့်ပွင့်လင်းလင်း မေးခွန်းတစ်ခုမေးလိုက်တယ်။ သူ့ဘဝကို ဘယ်လောက်အထိ စွန့်လွှတ်ထားသလဲလို့ပါ။ သူက ဘာပြန်ဖြေသလဲဆိုတော့ သူဟာ တခြားသူတွေအတွက် အရေးကြီးတဲ့ အရာအမှန်သမျှကို စွန့်လွှတ်ထားပါတယ်တဲ့။ ဆိုလိုတာက ပစ္စည်းဥစ္စာ၊ ငွေကြေးအားလုံးကို စွန့်လွှတ်ထားတယ်လို့ ပြောတာပါ။ *"ကျွန်တော် အင်္ဂါဂြိုဟ်ပေါ်မှာ သေချင်ပါတယ်။ ဒါပေမဲ့ အာကာသယာဉ် မတော်တဆပျက်စီးပြီး သေတာမျိုး မဟုတ်ပါဘူး။ အင်္ဂါဂြိုဟ်ကို သွားလိုက်ပြန်လိုက် လုပ်နေမယ်။ အသက် ၇၀ ကျော်ရင်တော့ အဲဒီမှာပဲနေပြီး အဲဒီမှာပဲ သေချင်ပါတယ်။ အားလုံး၊ အဆင်ပြေရင်ပေါ့ဗျာ။ ကျွန်တော့်မိန်းမနဲ့ ကလေးတွေက ကမ္ဘာပေါ်မှာပဲ နေချင်ကြတယ်ဆိုရင်တော့ သူတို့ကို ခေါ်မသွားပါဘူး"*။

❑

နိုဂုံး

၂၀၁၄ ခုနှစ်တုန်းက ကျွန်တော် (ဒီစာအုပ်ရေးသူ) နဲ့ အီလွန်မတ် ညစာစားပွဲတစ်ခု သွားတက်ကြတယ်။ ညစာစားပွဲရောက်တာနဲ့ သူဟာ ပုံမှန်ထက်ပိုသွက်သွက်လျှောက်ပြီး တခြားစားပွဲကလူတွေကို နှုတ်ဆက်နေတယ်။ သူ့ကြည့်ရတာ အလွန်ပျော်နေမှန်း သိသာပါတယ်။ ဒီပွဲကို မလာခင်လေးမှာ Google က သူ့ငယ်ချင်းတွေဆီကနေ ထူးခြားတဲ့ သတင်းတစ်ခုကြားခဲ့လို့ ပျော်နေတာပါလို့ သူ ကျွန်တော့်ကို ပြောပြတယ်။ ကျွန်တော်က ဘာသတင်းလဲလို့မေးတော့ သူက *"Google ရဲ့ အာကာသ ရှေ့ဟပ်တုအစီအစဉ်တစ်ခု ကြားခဲ့ရတယ်။ အဲဒီအစီအစဉ်ဟာ ဘယ်လောက်တောင် ကြီးကျယ်သလဲဆိုရင် ခင်ဗျားသာမက ကြားသမျှလူအားလုံး အကြီးအကျယ် အံ့သြသွားကြမယ်"* လို့ ပြန်ပြောတယ်။ အဲဒီစကားပြောပြီး စကားဆက်မပြောတော့ဘဲ ဘီယာတစ်ခွက် လှမ်းမှာတယ်။ ပြီးတော့ ဘီယာကို တစိမ့်စိမ့်သောက်နေတယ်။ သူဟာ ကျွန်တော် သတင်းအပြည့်အစုံကို သိချင်နေမှန်းသိလို့ အချိန်ဆွဲပြီး နောက်နေတာပါ။

နောက်တော့ သူပြောပြမှ အဲဒီအကြောင်းအရာဟာ အင်မတန်ကြီးကျယ်တဲ့ စီမံကိန်းဆိုတာ သိလိုက်ရတယ်။ အဲဒီစီမံကိန်းကို အစပြုသူဟာ အတွေးအခေါ်ထက်မြက်တဲ့ 'ဂရက်ဝိုင်လာ' ဆိုတဲ့ လူတစ်ယောက်ပါ။ အင်တာနက်

လုပ်ငန်းတွေ တဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်ကျော်ကာလမှာ အသက် ၂၀ အရွယ် ဝိုင်လာဟာ ကွန်ပျူတာအေးအောင် လုပ်ပေးနိုင်တဲ့စနစ် တစ်ခု တီထွင်လိုက်တယ်။ အဲဒီစနစ်ကို လူတွေ သဘောကျကြတယ်။ ဒါကြောင့် ကုမ္ပဏီတစ်ခုထောင်ပြီး အဲဒီစနစ်ကို သန်းချီတဲ့ ကွန်ပျူတာတွေမှာ တပ်ဆင်ပေးတယ်။ ငွေအမြောက်အမြား ရလိုက်တယ်။ နောက်တော့ ကုမ္ပဏီကိုရောင်းလိုက်လို့ ဒေါ်လာသန်းချီ ရလိုက်ပြန်တယ်။ ရလာတဲ့ငွေတွေကို အိမ်မြေရောင်းဝယ်ရေး လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံလိုက်ပြန်တယ်။ အဲဒါက အင်တာနက်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်ကျော်ကာလမှာပါ။ ၂၀၀၂ ခုနှစ်မှာ ဝိုင်လာရဲ့ ဘဝဟာ တစ်ဆစ်ချိုး ပြောင်းလဲသွားတယ်။

တစ်ရက်မှာ သူဟာ မက်ဆာချူးဆက်ပြည်နယ်၊ Winchester မြို့မှာနေတဲ့ သူ့အမေဆီ အလည်သွားတယ်။ အမေ့အိမ်ရောက်တော့ အမေ့ကို ကားထားတဲ့ ရုံထဲမှာ သွေးအိုင်ထဲ လဲကျသေဆုံးနေတာကို တွေ့လိုက်ရတယ်။ တစ်စုံတစ်ယောက်က အမေ ဆူဇန်ရဲ့ခေါင်းကို တင်းပုတ်နဲ့ ထုသတ်ထားခဲ့တယ်။ ဝိုင်လာက အမေဟာ သူ့အဖေ ဂေါ်ဖရီနဲ့ စကားများ ရန်ဖြစ်ထားလို့ သူ့အမေကိုသတ်သူဟာ သူ့အဖေလို့ စွပ်စွဲတယ်။ သူက မဂ္ဂဇင်းတစ်စောင်က သတင်းထောက်ကို ခုလိုပြော ပြတယ်။ *"တစ်စုံတစ်ယောက်ဟာ ကျွန်တော့်အမေ့အိမ်ထဲဝင်တယ်။ သေ့ဖျက်ဝင်တာ မဟုတ်ဘူး။ အမေ့ကို သေအောင်သတ်တယ်။ ပြီးတော့ ပစ္စည်းတစ်ခုမှ မယူဘဲ အိမ်ထဲက ပြန်ထွက်သွားတယ်။ တရားခံ ဘယ်သူဖြစ်နိုင်သလဲမေးရင် အဖြေက ရှင်းရှင်းကြီးပါ"* တဲ့။

သူ့အမေ အသတ်ခံရတာဟာ ဝိုင်လာရဲ့ဘဝအပေါ် ကြီးမားတဲ့သက်ရောက်မှုကြီး ဖြစ်စေခဲ့တယ်။ သူဟာ အမေ့အတွက် ရည်စူးပြီး လူအများကို ကောင်းကျိုးပြုမယ့်အလုပ်ကို လုပ်ချင်လာတယ်။ လူတွေကို ကူညီချင်လာတယ်။ ဒီတော့ ဝိုင်လာဟာ အလုပ်တစ်ခုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအလုပ်က အင်တာနက်ကို ပိုက်ဆံပေးသုံးဖို့ မတတ်နိုင်သူတွေ၊ သို့မဟုတ် နေရာဒေသနဲ့ စီးပွားရေးအကန့်အသတ်ကြောင့် အင်တာနက်မသုံးနိုင်သူတွေကို အင်တာနက်သုံးနိုင်အောင်

လုပ်ဆောင်ပေးဖို့ဖြစ်တယ်။ ဝိုင်လာက ခုလို ပြောလေ့ရှိတယ်။ "*သင့်ဆီမှာ အင်တာနက်ကောင်းကောင်းရှိရင် သင့်စီးပွားရေး တိုးတက်လာမယ်*" တဲ့။ သူဟာ နောက် ဆယ်စုနှစ်တစ်ခုလုံးကို သူ့ရည်မှန်းချက်ဖြစ်တဲ့ လူတွေရဲ့ဘဝကို တိုးတက်အောင် အင်တာနက်တပ်ဆင်တာလုပ်ပေးရင်း ကုန်ဆုံးသွားဖို့ ဆုံးဖြတ်လိုက်တယ်။

ပထမဆုံး ဝိုင်လာဟာ အာဖရိကတိုက်က ရဝမ်ဒါနိုင်ငံကိုသွားပြီး အဲဒီမှာ ဆက်သွယ်ရေးကုမ္ပဏီတစ်ခု ထောင်လိုက်တယ်။ ကုမ္ပဏီက fiber optic cables ဖိုင်ဘာ ကေဘယ်လ်ကြိုးတွေကို နိုင်ငံအနှံ့မှာသွယ်တန်းပြီး အာဖရိကရဲ့ပထမဆုံး 3G ဆယ်လူလာဖုန်းလိုင်း တပ်ဆင်ပေးလိုက်တယ်။ ၂၀၀၇ ခုနှစ်ရောက်တော့ ဝိုင်လာဟာ o3b Networks လို့ခေါ်တဲ့ ကုမ္ပဏီတစ်ခုကို ထောင်လိုက်ပြန်တယ်။ o3b ဆိုတာ 'other 3 billions' ကမ္ဘာ့လူဦးရေထဲက အင်တာနက်မသုံးနိုင်တဲ့ လူဦးရေ သုံးဘီလီယံကို ရည်ညွှန်းတာဖြစ်တယ်။ ဒီကုမ္ပဏီက ကမ္ဘာကြီးကိုပတ်နေတဲ့ ဂြိုဟ်ပတ်လမ်းမှာ ဂြိုဟ်တုတွေအများကြီး လွှတ်တင်ထားပြီး အဲဒီဂြိုဟ်တုတွေကနေ မြန်နှုန်းမြင့်တဲ့ အင်တာနက်ကို ကမ္ဘာပေါ်လွှင့်ထုတ်ပေးဖို့ဖြစ်ပါတယ်။

ဂြိုဟ်တုတွေကနေ အင်တာနက်လွှတ်ပေးတဲ့စနစ် ပြီးမြောက်ဖို့ နှစ်ပေါင်းအများကြီး အချိန်ယူရပါမယ်။ ဒါပေမဲ့ အဲဒါပြီးသွားရင်တော့ fiber optic cables ကေဘဲလ်ကြိုး မသွယ်နိုင်လို့ မြန်နှုန်းမြင့် အင်တာနက်မရနိုင်ကြတဲ့ နိုင်ငံတွေအတွက် ကြီးမားတဲ့အကျိုး ရပါလိမ့်မယ်။ အထူးသဖြင့် ပင်လယ်ရေအောက်ကနေ fiber optic cables တွေ မသွယ်တန်းနိုင်ကြတဲ့ Papua New Guinea နဲ့ American Samoa လို ကျွန်းနိုင်ငံတွေပါ။ အင်တာနက်ဟာ အာကာသထဲမှာ ရှိနေကြတဲ့ ဂြိုဟ်တုတွေဆီကလာပြီး မြန်နှုန်းမြင့်တဲ့အတွက် နောက်ဆုံးပေါ် ကွန်ပျူတာဆော့ဖ်ဝဲတွေကို အလုပ်လုပ်ပေးနိုင်ပါမယ်။ အရင်က အင်တာနက်မရတဲ့၊ သို့မဟုတ် မြန်နှုန်းမြင့် အင်တာနက်မရကြတဲ့ နိုင်ငံတွေဟာ တခြားနိုင်ငံကြီးတွေနဲ့ တန်းတူ အင်တာနက်ရလာနိုင်ကြမယ်။ ဒါဆိုရင် သူတို့နိုင်ငံသားတွေဟာ ပညာရေး၊ အလုပ်အကိုင်နဲ့ ဆက်သွယ်ရေးနည်းပညာတွေမှာ ပိုကောင်းတဲ့

အခွင့်အလမ်းတွေ ရလာကြမှာပါ။

ဝိုင်လာရဲ့ o3b ကုမ္ပဏီမှာ အဲဒီစနစ်ကို အကောင်အထည်ဖော်ဖို့ အခက်အခဲတွေနဲ့ ကြုံနေရတယ်။ o3b ဟာ ဂြိုဟ်တုအနည်းငယ်ပဲ အာကာသထဲ လွှတ်တင်နိုင်တယ်။ နောက်ပြီး အဲဒီဂြိုဟ်တုတွေဆီက လွှတ်ပေးလိုက်တဲ့ အင်တာနက်ကို ဖမ်းယူနိုင်ဖို့ နိုင်ငံတွေဟာ ကြီးမားပြီး စျေးကြီးတဲ့ အင်တင်နာ (ဆက်သွယ်ရေးတာဝါတိုင်) ကြီးတွေ လိုအပ်တယ်။ အဲဒီ အင်တင်နာတွေကမှ အိမ်တွေကို အင်တာနက် ပို့လွှတ် ဖြန့်ဖြူးပေးကြမှာပါ။ ဆင်းရဲတဲ့နိုင်ငံတွေဟာ အဲဒါတွေ အတွက် ပိုက်ဆံ အကုန်မခံနိုင်ကြပါဘူး။ ဒါကြောင့် ဝိုင်လာဟာ အဲဒီအစီအစဉ်ကို စွန့်ပယ်လိုက်ပြီး အလုပ်ဖြစ်မယ့် အစီအစဉ်တစ်မျိုးကို စဉ်းစားတယ်။ အဲဒါက ကမ္ဘာကြီးရဲ့ပတ်လည်က ဂြိုဟ်ပတ်လမ်းမှာ ဂြိုဟ်တုအသေးလေးတွေ အများကြီး (ရာဂဏန်းကနေ ထောင်ဂဏန်းအထိ) လွှတ်တင်ပေးထားပြီး အဲဒါတွေကနေ အင်တာနက်လွှင့်ထုတ်ပေးမယ်။ လွှင့်ထုတ်ပေးတဲ့ အင်တာနက်ကို သေးငယ်စျေးပေါပြီး နေရောင်ခြည်စွမ်းအင်သုံး အင်တင်နာလေးတွေနဲ့ ဖမ်းယူနိုင်မယ်။ ဒါဆိုရင် ဘယ်သူမဆို အဲဒီ စျေးသက်သာတဲ့အင်တင်နာကို ဝယ်ပြီး အိမ်ခေါင်မိုးမှာ တပ်ဆင်ထားလိုက်ရင် မြန်နှုန်းမြင့်အင်တာနက်ကို ရနိုင်မှာဖြစ်ပါတယ်။ ဒီနည်းနဲ့ အင်တာနက်ကို ဝေးကွာတဲ့ ရွာတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေနဲ့ အစိုးရရုံးတွေမှာ ရအောင်လုပ်ပေးရင်း အဲဒီနိုင်ငံတွေရဲ့ စီးပွားရေးတိုးတက်လာအောင် ကူညီပေးနိုင်မယ်လို့ ဝိုင်လာ ယုံကြည်တယ်။

ဝိုင်လာရဲ့အကြံအစည် ဖြစ်မြောက်အောင် Google ကုမ္ပဏီက လုပ်ပေးတယ်။ Google ဟာ SkyBox ဆိုတဲ့ ကုမ္ပဏီတစ်ခုကို ဝယ်ယူလိုက်တယ်။ SkyBox ဟာ ဂြိုဟ်တုအသေးလေးတွေထုတ်လုပ်နေတဲ့ ကုမ္ပဏီပါ။ Google ရဲ့သုတေသနဌာနကလည်း အင်တာနက်ကို 'other 3 billion' ကျန်တဲ့လူဦးရေ ၃ ဘီလီယံဆီရောက်အောင် ပေးနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေနေကြတယ်။ ဝိုင်လာကလည်း သက်ဆိုင်ရာနိုင်ငံတွေကိုသွားပြီး အဲဒီနိုင်ငံတွေမှာ ဂြိုဟ်တုက လွှတ်ပေးတဲ့ အင်တာနက်ကို ဖမ်းယူသုံးစွဲဖို့ အစိုးရတွေနဲ့ ဆွေးနွေးညှိနှိုင်းနေ

တယ်။ ဒီအလုပ်ကြီးအတွက် ဒေါ်လာ ဘီလီယံပေါင်းများစွာ ကုန်ကျမှာဖြစ်လို့ ဝိုင်လာတစ်ယောက်တည်း ငွေကြေးမတတ်နိုင်တာကြောင့် ငွေတွေအများကြီးရှိတဲ့ Google နဲ့ ပူးပေါင်း လိုက်တာပါ။ ဒီစီမံကိန်းကို ဝိုင်လာ ဦးဆောင်မှာပါ။ (ဒီအခန်းရဲ့အစမှာ ရေးပြခဲ့တဲ့ အီလွန်မတ် ကြားခဲ့တဲ့ Google နဲ့ပတ်သက်တဲ့ သတင်းဆိုတာ ဒီသတင်းပါ)။

ဂြိုဟ်တုအလုံးပေါင်း ရာချီ၊ သို့မဟုတ် ထောင်ချီကို အာကာသထဲ လွှတ်တင်ဖို့ ဒုံးပျံပေါင်းများစွာ လိုအပ်တယ်။ အဲဒါကို လုပ်ပေးနိုင်မယ့် သူငယ်ချင်းတစ်ယောက်ကို ဝိုင်လာ သတိရလိုက်တယ်။ အီလွန်မတ်ပါ။ အီလွန်မတ်ဟာ တစ်ချိန်က Silicon Valley ရဲ့ Atherton မြို့က ဝိုင်လာရဲ့အိမ်မှာ ခဏနေဖူးတယ်။ ဝိုင်လာနဲ့ အီလွန်မတ်တို့ ဆုံတွေ့ကြပြီး Google ရဲ့ အာကာသ အင်တာနက် အစီအစဉ်တွေ ဆွေးနွေးကြတယ်။ သူတို့နှစ်ယောက်ဟာ ဝိုင်လာရဲ့အိမ်က လသာဆောင်မှာ ညဉ့်နက်အထိ ထိုင်ပြီး ဆွေးနွေးကြတယ်။ ဝိုင်လာက သူလုပ်မယ့် အစီအစဉ် အသေးစိတ်ကို ပြောပြတယ်။ အီလွန်မတ်က စိတ်ဝင်တစား နားထောင်တယ်။ သီတင်းပတ် အတော်ကြာကြာ ဆွေးနွေးကြပြီးတော့ အီလွန်မတ်ဟာ ဝိုင်လာရဲ့ အာကာသ အင်တာနက်အစီအစဉ်ကို အလွန်အမင်း စိတ်ဝင်စားသွားတယ်။ သူစိတ်ဝင်စားတာက ဂြိုဟ်ပတ်လမ်းထဲ ဂြိုဟ်တုတွေ လွှတ်တင်ပေးဖို့တင်မကဘဲ ဝိုင်လာရဲ့ အစီအစဉ်တစ်ခုလုံး ဖြစ်တယ်။

နောက် ဘာတွေဆက်ဖြစ်တယ်ဆိုတာ လူတွေပြောတဲ့ စကားတွေကနေ သိရတာပါ။ ဝိုင်လာနဲ့ နီးစပ်သူတွေက ပြောပြကြတယ်။ အီလွန်မတ်က ဝိုင်လာကို Google နဲ့ လက်တွဲဖြုတ်ပြီး ကိုယ်ပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ဖို့ ဖျောင်းဖျနားချတယ်။ ဝိုင်လာရဲ့ အာကာသ အင်တာနက်စီမံကိန်းဟာ Google ရဲ့ရှုပ်ထွေးပြီး နည်းလမ်းစည်းကမ်းများတဲ့ ဗျူရိုကရေစီစနစ်အောက်မှာ ကျဆုံးသွားလိမ့်မယ်။ ဒါကြောင့် ဝိုင်လာအနေနဲ့ ကုမ္ပဏီတစ်ခု စတင်တည်ထောင်ပြီး ရင်းနှီးဖို့ ထည့်ဝင်ငွေတွေရအောင် ကြိုးစားသင့်တယ်လို့ ပြောပြတယ်။ သူ့ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်မယ်လို့ အီလွန်မတ်က ကတိပေးတယ်။ ဒါကြောင့်မို့ ၂၀၁၄

ခုနှစ် စက်တင်ဘာလမှာ ဝိုင်လာဟာ Google နဲ့ လမ်းခွဲလိုက်ပြီး OneWeb ဆိုတဲ့ ကုမ္ပဏီတစ်ခု ထောင်လိုက်တယ်။ နောက်ပြီး Google က သူနဲ့သိတဲ့ ကျွမ်းကျင်ဝန်ထမ်းတချို့ကို ခေါ်ယူလိုက်တယ်။

အဲဒီအချိန်မှာ ဝိုင်လာ သတိမထားမိလိုက်တာ အီလွန်မတ်ဟာ ဝိုင်လာရဲ့ အစီအစဉ်ကို ပူးပေါင်းလုပ်ဖို့ စိတ်မဝင်စားတော့ဘူးဆိုတာပါ။ အီလွန်မတ်က ဝိုင်လာဟာ သူလုပ်ချင်တဲ့ အာကာသအင်တာနက်ကို ဘယ်လိုလုပ်ရမလဲဆိုတဲ့ အစီအစဉ်ကို မကြာခဏ ပြောင်းလဲပြီး နည်းပညာနဲ့ပတ်သက်တဲ့ မေးခွန်းတွေကိုလည်း တိတိကျကျ မပြောဘူးလို့ပြောတယ်။ အီလွန်မတ်ရဲ့(Space X ကုမ္ပဏီက ဒါရိုက်တာအဖွဲ့ရဲ့ အဖွဲ့ဝင်တချို့ပါဝင်တဲ့) အဖွဲ့ ဟာ ဝိုင်လာရဲ့ အကျင့်စရိုက်ကို သဘောမကျကြဘူး။ တစ်ရက် ဝိုင်လာရဲ့အိမ်မှာ အီလွန်မတ်နဲ့ အဖွဲ့တို့ အစည်းအဝေး လာတက်ကြတယ်။ ဝိုင်လာရဲ့မိန်းမဟာ ညစာအတွက် ထမင်းဟင်း ချက်ခပ်ပြင်ဆင်ပေးတယ်။ အဲဒီထဲက အသားဟင်းတစ်ပွဲကို ဝိုင်လာမကြိုက်လို့ သူဟာ ဇည့်သည်တွေရှေ့မှာ သူ့မိန်းမကို အကြီးအကျယ် ဆူပူကြိမ်းမောင်းတယ်။ အဖွဲ့က ဝိုင်လာဟာ သူ့မိန်းမကို ကျေးကျွန်တစ်ယောက်လို ဆက်ဆံတယ်လို့ မြင်သွားကြတယ်။ အဲဒီအစည်းအဝေးပြီးလို့ သိပ်မကြာခင်မှာ အီလွန်မတ်ဟာ ဝိုင်လာရဲ့ အစီအစဉ်ဖြစ်တဲ့ အာကာသအင်တာနက်လုပ်ငန်းကို ဝိုင်လာမသိအောင် သူ့ဘာသာလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

အီလွန်မတ်ဟာ ဝိုင်လာကို မသိစေဘဲ အာကာသ အင်တာနက်လုပ်ငန်းစလုပ်ဖို့ ပြင်ဆင်တယ်။ Seattle မြို့မှာ Space X ရုံးခွဲတစ်ခု ဖွင့်လိုက်တယ်။ အဲဒီရုံးခွဲကနေ ဂြိုဟ်တုအသေးလေးတွေ ထုတ်လုပ်မှာဖြစ်တယ်။ အဲဒါအပြင် အီလွန်မတ်ဟာ အဲဒီလုပ်ငန်းအတွက် Google ဆီကနေ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၁ ဘီလီယံ ရလိုက်တယ်။ ဟုတ်ပါတယ်။ Google ဆီကပါ။ အီလွန်မတ်ရဲ့ အာကာသအင်တာနက်လုပ်ငန်းအတွက် ထောက်ပံ့ငွေပါ။ Google က ဝိုင်လာဟာ အဲဒီအစီအစဉ်ကို ဖြစ်မြောက်အောင်လုပ်နိုင်မယ် မထင်လို့ အီလွန်မတ်ဆီ ရင်းနှီးငွေ ထည့်လိုက်တာပါ။

အီလွန်မတ်ဟာ သူလုပ်မယ့် အာကာသအင်တာနက်လုပ်ငန်းအကြောင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ လူသိရှင်ကြား ကြေညာလိုက်တယ်။ ကမ္ဘာကြီးကို ပတ်နေကြတဲ့ ဂြိုဟ်တုအသေးလေးတွေကနေ ကမ္ဘာမြေပြင်ကို မြန်နှုန်းမြင့် အင်တာနက် ပို့လွှတ်ပေးမယ့်အကြောင်း။ ဒီအင်တာနက်ဟာ အင်တာနက် မရကြသေးတဲ့၊ သို့မဟုတ် အင်တာနက်သုံးဖို့ ငွေကြေးမတတ်နိုင်ကြတဲ့ ကမ္ဘာလူဦးရေထဲက လူပေါင်း ၃ ဘီလီယံအတွက်ဖြစ်ကြောင်းနဲ့ fiber optic cables သုံးနေကြတဲ့ နိုင်ငံတွေမှာ အင်တာနက်ပြတ်သွားရင် ဂြိုဟ်တုက အင်တာနက်ကို အသုံးပြုနိုင်မှာမို့ အင်တာနက်ပြတ်တဲ့ အခြေအနေနဲ့ လုံးဝ ရင်ဆိုင်ရတော့မှာ မဟုတ်ကြောင်းလည်း ပြောပြတယ်။

အီလွန်မတ်က ဒီအာကာသအင်တာနက်လုပ်ငန်းဟာ နောင်မှာ အင်္ဂါဂြိုဟ်ပေါ်မှာ လူတွေ အခြေချနေထိုင်ရင်လည်း လိုအပ်မှာဖြစ်တယ်လို့ ပြောပြတယ်။ *"အင်္ဂါဂြိုဟ်ပေါ်မှာ လူတွေ အခြေချနေထိုင်ကြရင် ကမ္ဘာကြီးနဲ့ဆက်သွယ်ဖို့ အင်တာနက် လိုအပ်ပါတယ်"* လို့ အီလွန်မတ်က ပြောတယ်။ *"အဲဒါကို ဂြိုဟ်တုတွေကတစ်ဆင့် ရအောင်လုပ်ဖို့ လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ အခုအချိန်ထိ အဲဒါကို ဘယ်သူမှ မစဉ်းစားမိကြသေးပါဘူး"* လို့ ဆက်ပြောတယ်။ (တကယ်တော့ ဒီလုပ်ငန်းကို ဝိုင်လာက စတင်အကြံရခဲ့တာဖြစ်ပေမယ့် အီလွန်မတ်က ဖြောင်လိမ်ပြီး ပြောလိုက်တာပါ)။

အီလွန်မတ်ရဲ့ ပက်စက်တဲ့အကြံကို သိလိုက်တဲ့ ဝိုင်လာဟာ တုန်လှုပ်ချောက်ချားသွားတယ်။ အီလွတ်မတ်ကိုလည်း စိတ်နာသွားတယ်။ ဒါပေမဲ့ စိတ်နာနေလို့ ဘာမှအကျိုးမရှိဘူးဆိုပြီး ဝိုင်လာဟာ သူလုပ်စရာရှိတာကို မြန်မြန်ဆန်ဆန် လုပ်တယ်။ သူ့လုပ်ငန်းလုပ်မယ့် သူထောင်ထားတဲ့ OneWeb ကုမ္ပဏီအတွက် ရင်းနှီးငွေ ဒေါ်လာဘီလီယံ အများကြီးလိုနေတယ်။ Google ဟာ အီလွန်မတ်ဆီမှာ ရင်းနှီးငွေ ဒေါ်လာ ၁ ဘီလီယံ ထည့်ဝင်ထားပြီးလို့ သူ့အနေနဲ့ Google ဆီက ရင်းနှီးငွေရဖို့ မဖြစ်နိုင်တော့ဘူး။ အီလွန်မတ်ဟာ သူ့ကို ရင်းနှီးငွေရှာမရအောင် လုပ်လိုက်တယ်လို့ ဝိုင်လာက ညည်းညူတယ်။ နောက်ပြီး အီလွန်မတ်ဟာ

အာကာသအင်တာနက်ကို အလုပ်ဖြစ်စေမယ့် နည်းလမ်းတွေ မသိပါဘူးလို့လည်း သူက ပြောတယ်။ အီလွန်မတ်က သတင်းထုတ်ပြန်ကြေညာပြီး နှစ်လအကြာမှာ ဝိုင်လာဟာ ဘီလျံနာသူဌေးကြီး ရစ်ချတ်ဘရင်ဆန်ရဲ့ Virgin Group ကုမ္ပဏီအဖွဲ့၊ Space X ရဲ့ ပြိုင်ဘက်ဖြစ်တဲ့ Airbus Defence and Space ကုမ္ပဏီနဲ့ smartphone တွေအတွက် Chip ချစ်ပ်ပြားလေးတွေထုတ်လုပ်တဲ့ Qualcomm ကုမ္ပဏီတွေကနေ ရင်းနှီးမြှုပ်နှံငွေတွေရလိုက်တယ်။ *"အီလွန်မတ်ဟာ ကျွန်တော်တို့နဲ့ ပြိုင်နိုင်မယ် မထင်ပါဘူး"* လို့ ရစ်ချတ်ဘရင်ဆန်က ကျွန်တော့် (ဒီစာအုပ်ရေးသူ) ကို ပြောပြတယ်။ *"ဝိုင်လာဟာ ဒီလုပ်ငန်းမှာ ကျွမ်းကျင်သူပါ။ အီလွန်မတ်ဟာ ဒီလုပ်ငန်းလုပ်ချင်ရင် သူလုပ်သင့်တာက ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပါ"* လို့ သူ ဆက်ပြောတယ်။

တဖြည်းဖြည်း ဇာတ်ရည်လည်လာတော့မှ ကျွန်တော်လည်း အီလွန်မတ်ရဲ့ အကျင့်စရိုက် တစ်စတစ်စ ပြောင်းလဲလာတာကို သတိထားမိတယ်။ ကျွန်တော် ၂၀၁၂ ခုနှစ်ကတည်းက အီလွန်မတ်ကို အနီးကပ်လေ့လာခဲ့တယ်။ သူမှာ ကြီးမားတဲ့ ရည်မှန်းချက်ရှိသလို သူ့ကိုယ်သူလည်း ယုံကြည်မှုအပြည့်ရှိတယ်။ နောက်တော့ Space X ကုမ္ပဏီဟာ အာကာသလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီတွေအတွက် အားကျစရာ၊ မနာလိုစရာဖြစ်အောင် အောင်မြင်လာတဲ့အခါနဲ့ Model S လျှပ်စစ်ကားဟာ ကားလောကမှာ အထင်ရှားဆုံးနဲ့ လူကြိုက်အများဆုံး ဖြစ်လာတဲ့အခါမှာ အီလွန်မတ်ဟာ လူသစ်တစ်ယောက်လို ဖြစ်သွားတယ်။ သူ့ကိုယ်သူ ယုံကြည်မှုပိုများလာသလို ဘဝင်မြင့်လာတယ်။ အခု သူဟာ မာနကြီးပြီး မောက်မာလာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် သူဟာ အာကာသအင်တာနက်လုပ်ငန်းလုပ်ဖို့ တစ်စုံတစ်ယောက်နဲ့ ပူးပေါင်းမှာမဟုတ်ပါဘူး။ သူ့ဘာသာပဲ လုပ်မှာဖြစ်ပါတယ်။ *"ကျွန်တော်လုပ်ချင်တာဟာ ကမ္ဘာပေါ်မှာ အကြီးမားဆုံး ဆက်သွယ်ရေးလုပ်ငန်းဖြစ်ပါတယ်။ ဝိုင်လာ လုပ်ချင်တာထက် အများကြီး ကြီးကျယ်ပြီး ပိုလည်းခေတ်မီပါတယ်"* လို့ အီလွန်မတ်က ပြောပြတယ်။

ဒါပေမဲ့ ရယ်စရာကောင်းတာက ယနေ့အချိန်အထိ အာကာသအင်တာနက်

ပြိုင်ပွဲမှာ ဘယ်သူမှ အနိုင်မရကြသေးပါဘူး။ အားလုံးဟာ ကြိုးပမ်းနေကြဆဲပါ။ ဝိုင်လာရဲ့ OneWeb ကုမ္ပဏီဟာ ဂြိုဟ်တုလေးတွေတည်ဆောက်ပြီး အာကာသထဲ လွှတ်တင်ရာမှာ အီလွန်မတ်ရဲ့ Space X ကုမ္ပဏီနဲ့ ယှဉ်နိုင်လာတယ်။ Samsung ကုမ္ပဏီကလည်း အာကာသအင်တာနက်လုပ်ငန်း လုပ်မယ်လို့ ကြေညာလိုက်တယ်။

၂၀၁၅ ခုနှစ် ဇွန်လမှာ Space X ကုမ္ပဏီဟာ ကံဆိုးမိုးမှောင်ကျခြင်းနဲ့ ကြုံတွေ့လိုက်ရတယ်။ NASA အဖွဲ့အတွက် ISS (နိုင်ငံတကာ အာကာသစခန်း) ကို ရိက္ခာဖြည့်တင်းဖို့ လွှတ်တင်လိုက်တဲ့ ဒုံးပျံတစ်စင်းဟာ ပျံတက်စမှာ မီးလောင်ပေါက်ကွဲသွားတယ်။ ဒီအဖြစ်အပျက်မတိုင်မီအထိ စတုတ္ထမြောက် Falcon 1 ဒုံးပျံလွှတ်တင်မှုပြီးနောက် ဒုံးပျံလွှတ်တင်မှုတိုင်းဟာ အောင်မြင်ခဲ့တယ်။ အခုဖြစ်ရပ်ကြောင့် ကုမ္ပဏီကို ဝေဖန်သူတွေရဲ့ပြောစကား မှန်သလိုဖြစ်သွားတယ်။ ဝေဖန်သူတွေ ပြောကြတာက Space X ဟာ အလုပ်မြန်တယ်၊ စွန့်စားမှုတွေ အရမ်းယူတယ်။ Safety အန္တရာယ်ကင်းခြင်းအတွက် လုပ်ဆောင်တာ အားနည်းတယ်လို့ပါ။ လပေါင်းအတော်ကြာမှ Space X ဟာ အောင်မြင်မှုတွေ ပြန်ရလာတယ်။ ၂၀၁၆ ခုနှစ်မှာ ကုမ္ပဏီဟာ အီလွန်မတ်မျှော်လင့်ထားသလို လုပ်နိုင်ခဲ့တယ်။ လစဉ် ဒုံးပျံတစ်စင်း အနည်းဆုံး လွှတ်တင်နိုင်ခဲ့တယ်။ နောက်ပြီး လွှတ်တင်လိုက်တဲ့ ဒုံးပျံတွေဟာ မြေပြင်ပေါ်ကို ကောင်းမွန်စွာ ပြန်ဆင်းသက်နိုင်ကြလို့ ဒုံးပျံတွေကို ပြန်လည်အသုံး ပြုနိုင်လာခဲ့တယ်။ ဒါဟာ အာကာသလုပ်ငန်းအတွက် ကြီးမားတဲ့ ကုန်ကျစရိတ် သက်သာမှုကြီး ဖြစ်လာစေပါတယ်။

Space X ကုမ္ပဏီဟာ အောင်မြင်လာတာနဲ့ အီလွန်မတ်ဟာ အင်္ဂါဂြိုဟ်ကိုသွားရောက်မယ့် အစီအစဉ်တွေကို လူသိရှင်ကြား ပြောကြားလာတယ်။ သတင်းသမားတွေလုပ်တဲ့ အင်တာဗျူးတွေမှာ အီလွန်မတ်က ခုလို ပြောတယ်။ Space X ဟာ အင်္ဂါဂြိုဟ်ကို လူမပါတဲ့ခရီးစဉ်တွေကို ၂၀၁၈ ခုနှစ်မှာ စတင်ပြီး လူလိုက်ပါတဲ့ ခရီးစဉ်ကို ၂၀၂၅ ခုနှစ်မှာ စတင်မယ်တဲ့။ အင်္ဂါဂြိုဟ်ကိုသွားမယ့် ခရီးစဉ်ဟာ

တစ်ကြိမ်နဲ့ ပြီးသွားမှာမဟုတ်ဘဲ ၂ နှစ် တစ်ကြိမ် လုပ်မှာဖြစ်တယ်တဲ့။ *"စစချင်းမှာ ကျွန်တော်တို့ဟာ အင်္ဂါဂြိုဟ်ကို ကုန်ပစ္စည်းတွေပို့ဆောင်တဲ့ ခရီးစဉ်ဖြစ်ပါတယ်"* လို့ အီလွန်မတ်က Washington Post သတင်းစာကို ပြောပြတယ်။ *"ကုန်ပစ္စည်းပို့တာဟာ ပုံမှန်ခရီးစဉ် ဖြစ်ပါတယ်။ ၂၆ လတိုင်း တစ်ခေါက် အင်္ဂါဂြိုဟ်ကို သွားမှာပါ။ ဘူတာရုံက ရထား ပုံမှန်ထွက်သလိုပေါ့ဗျာ။ သိပ္ပံပညာရှင်တွေဟာ အဲဒီခရီးစဉ်တွေဟာ စိတ်ချရသလို ကုန်ကျစရိတ်လည်း မများဘူးလို့ သိသွားကြရင် သူတို့လည်း အင်္ဂါဂြိုဟ်ကိုသွားပြီး သိပ္ပံစမ်းသပ်မှုတွေ လုပ်ကြမှာပါ"* လို့ သူ ထပ်ပြောတယ်။

Tesla ကုမ္ပဏီနဲ့ပတ်သက်လို့လည်း အီလွန်မတ်ဟာ အစွမ်းကုန်ကြိုးစားပြီး အောင်မြင်အောင် လုပ်တယ်။ ၂၀၁၅ ခုနှစ် နှစ်ကုန်မှာ Tesla ဟာ falcon wing doors တောင်ပံနှစ်ဖက် တံခါးတွေပါတဲ့ Model X ကားတွေကို စတင်ရောင်းချတယ်။ စစချင်းရောင်းတဲ့ ကားတွေမှာ ချို့ယွင်းချက် အပြစ်အနာအဆာတွေ ပါသွားပေမယ့် ၂၀၁၆ ခုနှစ်ထဲမှာ Tesla ကားချစ်သူတွေဟာ ထွက်လာသမျှ Model X တွေကို ဝယ်သွားကြတယ်။ Silicon Valley က လမ်းတွေပေါ်မှာ Model X ကားတွေကို နေရာတကာမှာ တွေ့နေရတယ်။ Model X စရောင်းပြီးလို့ လအနည်းငယ်ကြာတဲ့ ၂၀၁၆ ခုနှစ် မတ်လမှာ Tesla က Model 3 ကားကို ထုတ်တော့မယ်လို့ ကြေညာလိုက်ပြန်တယ်။ အဲဒီကားရဲ့ တန်ဖိုးဟာ ဒေါ်လာ ၃၅၀၀၀ ကနေ စမယ်တဲ့။

Model 3 ကားထုတ်မယ်ဆိုတဲ့ ကြေညာချက်ဟာ ဆယ်စုနှစ်ပေါင်းများစွာ အတွင်း မော်တော်ကားလုပ်ငန်းမှာ စိတ်လှုပ်ရှားမှုအကြီးဆုံး ဖြစ်စေခဲ့တယ်။ လူပေါင်း ၄ သိန်း နီးပါးဟာ အီလွန်မတ်က ၂၀၁၇ ခုနှစ်မှ ရောင်းမယ်လို့ ကြေညာတဲ့ Model 3 ကားအတွက် အမှာစာတွေ ပို့ကြတယ်။ ဒီကားဟာ Tesla ကို စီးပွားရေးလောကမှာ အကြီးကျယ်ဆုံးကုမ္ပဏီတစ်ခု ဖြစ်လာစေမလား။ သို့မဟုတ် ကုမ္ပဏီကို ဒေဝါလီခံသွားစေမလားဆိုတာ ဝေဖန်သူတွေ စောင့်ကြည့်နေကြတယ်။

Model 3 ကားကြောင့် Tesla မှာ စိုးရိမ်ပူပန်စရာ ဖြစ်လာတယ်။ အဲဒါက ဒီလိုပါ။ ကားကို သက်သာတဲ့ဈေးဖြစ်တဲ့ ဒေါ်လာ ၃၅၀၀၀ နဲ့ ရောင်းမယ်ဆိုရင်

ကားကို အဝယ်လိုက်လာမှာမို့ Tesla ရဲ့နီဗားဒါးမှာရှိတဲ့ Gigafactory ဘက်ထရီ စက်ရုံတွေဟာ ဘက်ထရီတွေကို အလျှင်မီအောင် ထုတ်ပေးရမှာ ဖြစ်ပါတယ်။ Gigafactory ဟာ ခေတ်မီဆန်းသစ်တဲ့ ပစ္စည်းတွေနဲ့ တည်ဆောက်တပ်ဆင်ထားလို့ ကုန်ကျစရိတ် အလွန်များတယ်။ Tesla ကုမ္ပဏီရဲ့ ငွေကြေးဟာ စက်ရုံကြောင့် အတော်လေး လျော့နည်းလာမယ်။ ကုမ္ပဏီဟာ ရင်းနှီးမြှုပ်နှံငွေရဖို့ ကြိုးစားရပါမယ်။

Space X ရဲ့ ဒုံးပျံလွှတ်တင်မှုတွေဟာ အထင်ကြီးစရာကောင်းအောင် စွမ်းဆောင်နေကြပေမယ့် Tesla ရဲ့ ကားထုတ်လုပ်ငန်းကတော့ အတော်လေး ကြိုးစားရုန်းကန်နေရတယ်။ Tesla ဟာ လေးလပတ် ကုန်ထုတ်လုပ်ငန်း ရည်မှန်းချက်တွေကို ပြည့်မီအောင် မစွမ်းဆောင်နိုင်ဘူး။ တကယ်လို့ Model 3 ကားတွေကနေ အမြတ်ငွေရအောင် လုပ်မပေးနိုင်ရင် Tesla ကုမ္ပဏီဟာ ရပ်တည်ဖို့ ခက်ခဲသွားပြီ။

နှစ်ပေါင်းအတော်ကြာကြာ အီလွန်မတ်ဟာ အလုပ်များလွန်းလို့ Tesla ရဲ့ နေ့စဉ် လုပ်ငန်း ဆောင်တာတွေကို ကြီးကြပ်ဆောင်ရွက်ပေးနိုင်မယ့် CEO သို့မဟုတ် COO တစ်ယောက် ခန့်ထားဖို့ စဉ်းစားခဲ့တယ်။ Apple ကုမ္ပဏီမှာ iPod ကို မွေးဖွားပေးခဲ့တဲ့ တိုနီဖဒဲလ်ဟာ CEO အလုပ်ကို လက်ခံခါနီး ဖြစ်ခဲ့တယ်။ Skype ကုမ္ပဏီက တိုနီဘီတစ်စ်၊ Facebook ကုမ္ပဏီက ရှယ်လီ စင်းဘတ်နဲ့ Google ကုမ္ပဏီက ဆူဆန် ဝိုချစ်ကီတို့လည်း အဲဒီအလုပ်ကို လက်ခံမယ်လို့ Silicon Valley က အတင်းပြောတဲ့ အဖွဲ့တွေကြားမှာ သတင်းပြေးနေပါတယ်။ ဒါပေမဲ့ အီလွန်မတ်ဟာ သူ စီမံခန့်ခွဲနေတာကို တခြားတစ်ယောက်ဆီ စွန့်လွှတ်ပေးအပ်ဖို့ ဝန်လေးနေတယ်။ အထူးသဖြင့် Tesla ရဲ့ အခက်ခဲဆုံးကာလမှာ သူဟာ ကုမ္ပဏီကို ဦးဆောင်ပေးနေတဲ့ နေရာကနေ ဖယ်မပေးချင်ဘူး။ ဒါပေမဲ့ Tesla က လူတွေဟာ အဲဒါကို နားမလည်ကြဘူး။ သူတို့က အီလွန်မတ်ဟာ ရာထူး လောဘကြီးတယ်။ တစ်ကိုယ်ကောင်းဆန်တယ်လို့ ပြောကြတယ်။

ကုမ္ပဏီ အခြေအနေမကောင်းလို့ အီလွန်မတ်ဟာ စိတ်လျှော့နေရမယ့်အစား ကုမ္ပဏီအတွက် ရည်မှန်းချက်အသစ်တွေ ချတယ်။ ၂၀၁၆ ခုနှစ် နှစ်လယ်မှာ

Tesla ရဲ့ ကုန်ထုတ်လုပ်မှုကို အကြီးအကျယ်တိုးချဲ့ဖို့ အစီအစဉ်တွေကို ကြေညာလိုက်တယ်။ Model 3 ကို အသွင်ပြောင်းထားပြီး ကုန်ပစ္စည်းသယ်ပို့နိုင်တဲ့ ပစ်ကပ်ထရစ်ကားတစ်မျိုး ထုတ်မယ်လို့ ကြေညာလိုက်ပြန်တယ်။ အဲဒီကားကို မောင်းသူမဲ့ အလိုလျောက်မောင်းနိုင်တဲ့ ဘတ်စ်ကားအဖြစ်လည်း သုံးနိုင်တယ်လို့ အီလွန်မတ်က ပြောပြတယ်။

၂၀၁၆ ခုနှစ်မှာ Tesla ဟာ autopilot technology မောင်းသူမပါတဲ့ အလိုအလျောက်မောင်း နည်းပညာကို အတက်ကြွဆုံးအားပေးတဲ့ ကုမ္ပဏီ ဖြစ်လာခဲ့တယ်။ လူထောင်ပေါင်းများစွာဟာ Model S နဲ့ Model X ကားတွေမှာ ပါတဲ့ autopilot စနစ်ကို အဝေးပြေးလမ်းမကြီးတွေမှာ အသုံးပြုကြတယ်။ *"တကယ်လို့ အာဏာပိုင်တွေ ခွင့်ပြုလိုက်ပြီဆိုရင် သင်ဟာ သင့်ရဲ့ Tesla ကားကို ကြိုက်တဲ့ နေရာကနေ ခေါ်ယူလို့ရမှာ ဖြစ်ပါတယ်"* လို့ အီလွန်မတ်က ပြောတယ်။ *"သင် ခေါ်လိုက်တဲ့ကား ရောက်လာရင် ကားပေါ်တက်လိုက်သွားပြီး ကားကို မောင်းစရာမလိုလို့ ကားပေါ်မှာ အိပ်နိုင်တယ်။ စာဖတ်နိုင်တယ်။ ဒါမှမဟုတ် ကြိုက်တာတစ်ခုခု လုပ်နိုင်တယ်။ ကားက သင်သွားစေချင်တဲ့နေရာကို အလိုအလျောက် သွားပါလိမ့်မယ်။ တကယ်လို့ သင် ကားကို အသုံးပြုဖို့မလိုရင် အိမ်မှာ အလကားရပ်မထားဘဲ တယ်လီဖုန်းမှာ သွင်းထားတဲ့ Tesla phone application ကိုဖွင့်ပြီး သင့်ကားကို (Tesla shared fleet) Tesla ရဲ့ ကားငှားတဲ့ အဖွဲ့မှာ အပ်ထားလို့ရတယ်။ သင်ဟာ ကားငှားထားတဲ့အတွက် ဝင်ငွေရနေမှာပါ"* လို့ သူ ဆက်ပြောတယ်။

autopilot စနစ်ကြောင့် အီလွန်မတ်ဟာ လူတွေရဲ့မှန်းတီးမှုကို ခံလိုက်ရတဲ့ အဖြစ်တစ်ခု ဖြစ်ခဲ့တယ်။ အဖြစ်က ဒီလိုပါ။ ၂၀၁၆ ခုနှစ် ဇွန်လထဲမှာ Tesla ကထုတ်တဲ့ ကားကို အရှေ့အမှီး စွဲလမ်းတဲ့ 'ဂျော့ရှွဝါဘရောင်း' ဆိုတဲ့ လူတစ်ယောက်ဟာ Tesla ကားကို autopilot နဲ့ မောင်းနေရင်း ကားတိုက်မှုဖြစ်ပြီး သေဆုံးသွားတယ်။ လူတွေက Tesla ကားကြောင့် သူသေဆုံးရတယ်လို့ ပြောကြတယ်။ တကယ်တော့ Tesla ကားမှ မဟုတ်ပါဘူး။ တခြားကုမ္ပဏီကထုတ်တဲ့ ကားကို autopilot စနစ်သုံး မောင်းရင်လည်း ယာဉ်တိုက်မှု ဖြစ်ပွားနိုင်ပါတယ်။

ဒါပေမဲ့ အီလွန်မတ်ဟာ ဂျော့ရှ်ဝါ သေဆုံးရတဲ့ အဖြစ်အပျက်ကို မှားယွင်းစွာ ကိုင်တွယ် ဖြေရှင်းလိုက်တယ်။ သူဟာ ကွယ်လွန်သူရဲ့မိသားစုကို ဝမ်းနည်းကြေကွဲ ကြောင်း ပြောပြီး ဝန်ချတောင်းပန်ရမယ့်အစား ကြေညာချက်တစ်ခုကို ထုတ်ပြန် လိုက်တယ်။ ကြေညာချက်မှာ ခုလိုရေးထားတယ်။ *"မကြာခင်က ထုတ်ပြန်တဲ့ ၂၀၁၅ ခုနှစ်အတွက် အမေရိကန်နိုင်ငံရဲ့ ကုန်းလမ်းပို့ဆောင်ရေးဌာနရဲ့ နှစ်ပတ်လည် အစီရင်ခံစာမှာ ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုဟာ ၈ ရာခိုင်နှုန်းအထိ တိုးလာခဲ့တယ်။ အဲဒါဟာ ကားမောင်းတဲ့ မိုင်ပေါင်း ၈၉ သန်းမှာ လူတစ်ယောက် သေဆုံးတယ်လို့ အဓိပ္ပာယ်ရပါတယ်"* တဲ့။

သူ့ထုတ်ပြန်ချက်မှာ ခုလို ဆက်ရေးထားတယ်။ *"autopilot စနစ်နဲ့ မောင်းတဲ့ မိုင်အရေအတွက်ဟာ အဲဒီ မိုင် (၈၉ သန်းကို ပြောတာပါ) ရဲ့ နှစ်ဆ ရောက်မှ လူတစ်ယောက် သေဆုံးမှုဖြစ်ပါတယ်။ ဒါကြောင့် autopilot စနစ်ကို မှန်မှန်ကန်ကန် အသုံးပြုမယ်ဆိုရင် လူကိုယ်တိုင် ကားမောင်းတာထက် အများကြီး ပိုစိတ်ချရပါတယ်။ ဒါပေမဲ့ သတင်းဌာနတွေဟာ autopilot စနစ်နဲ့ မောင်းတဲ့ ကားတိုက်မှုဖြစ်တိုင်း လူရဲ့ အမှားလား။ စနစ်ရဲ့ အမှားလားဆိုတာ သေချာ မစုံစမ်းမစစ်ဆေးဘဲ စနစ်ကို အပြစ်ပုံချတာ မကောင်းပါဘူး"* တဲ့။ အီလွန်မတ်ရဲ့ ထုတ်ပြန်ချက်ဟာ အချက်အလက်အရ လုံးဝမှန်ပါတယ်။ ဒါပေမဲ့ လူအများဟာ အဲဒီထုတ်ပြန်ချက်ကို ဘဝင်မကျကြဘဲ သူ့ကို ကွယ်လွန်သူအပေါ် ကြင်နာစိတ်မထားသူ၊ တာဝန်ယူချင်စိတ် ကင်းမဲ့သူလို့ ထင်သွားကြတယ်။

အီလွန်မတ်လည်း သူ့ရဲ့ ကိုင်တွယ်ဖြေရှင်းပုံ မှားသွားတယ်ဆိုပြီး စိတ်ထိခိုက်သွားတယ်။ ဒီအချိန်မှာပဲ သူ့ရဲ့ အိမ်ထောင်ရေးအခြေအနေ ဆိုးလာပြန်တယ်။ သူနဲ့ ဇနီး တာလူလာတို့ ဒုတိယအကြိမ် ကွာရှင်းပြတ်စဲလိုက်ကြပြန်တယ်။ သူတို့နှစ်ယောက်ဟာ စိတ်သဘောချင်းမတိုက်ဆိုင်လို့ ကွာရှင်းလိုက်၊ စိတ်ပြေသွားရင် ပြန်ပေါင်းလိုက်နဲ့ အခု ထပ်မံကွာရှင်းကြပြန်ပြီ။ တာလူလာဟာ လက်ရှိနေတဲ့ လော့စ်အင်ဂျဲလိစ်မြို့မှာ မနေချင်တော့ဘဲ သူ့ဇာတိနေရပ် အင်္ဂလန်နိုင်ငံကို ပြန်ချင်နေတယ်လို့ အီလွန်မတ်က ကျွန်တော့် (ဒီစာအုပ်ရေးသူ) ကို ပြောပြတယ်။ သူဟာ တာလူလာနဲ့ အဆင်ပြေနေချိန်မှာ ပျော်နေတယ်။ အခု တာလူလာနဲ့ ကွာရှင်း

ပြီးသွားရင် စိတ်ထိခိုက်နေမှာ သေချာပါတယ်။

အီလွန်မတ်ဟာ ကြီးမားတဲ့ စိန်ခေါ်မှုကြီးတွေကို အောင်မြင်စွာ ရင်ဆိုင်နိုင်ခဲ့တယ်။ Silicon Valley နဲ့ ကမ္ဘာကြီးကို ပိုပြီး တွေးတတ်အောင်၊ ပိုပြီး အိပ်မက်မက်တတ်အောင် စေ့ဆော်ပေးခဲ့တယ်။ သူဟာ အင်အားကြီးမားတဲ့ နိုင်ငံကြီးတွေထက် သာလွန်တဲ့ ခုံးပျံတွေကို ကုမ္ပဏီစထောင်ပြီး နှစ်အနည်းငယ်အတွင်း ပြုလုပ်ပြီး လွှတ်တင်ပြခဲ့တယ်။ လျှပ်စစ်ကားနဲ့ အထင်ကြီးစရာကားကို လိုသလို စီမံထိန်းချုပ်ပေးနိုင်တဲ့ ဆော့ဖ်ဝဲတွေကို လုပ်ပြခဲ့လို့ အခု မော်တော်ကားကုမ္ပဏီကြီးတွေဟာ အဲဒါကို မီအောင်လိုက်ဖို့ မနည်းကြိုးစားနေကြရတယ်။ သူဟာ အာကာသ ယာဉ်လုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဘက်ထရီလုပ်ငန်းနဲ့ နေရောင်ခြည်စွမ်းအင်စတဲ့ နယ်ပယ်စုံမှာ ကုမ္ပဏီတွေထောင်ပြီး အောင်မြင်အောင် လုပ်ပြနိုင်ခဲ့တယ်။

သူ ဘာကြောင့် အောင်မြင်ရတာလဲ။ သူနဲ့ နှစ်ပေါင်းများစွာ အနီးကပ်နေခဲ့တဲ့ ကျွန်တော့် (စာရေးသူ) ရဲ့ အမြင်ကို ပြောရရင် သူအောင်မြင်ရခြင်းဟာ သူရဲ့ စဉ်းစားတွေးခေါ်ပုံ၊ လုပ်နည်းလုပ်ဟန်တွေဟာ ကုမ္ပဏီကြီးတွေက CEO တွေနဲ့ မတူလို့ပါ။ သူဟာ ငွေကြေးအမြတ်အတွက်၊ နာမည်ရဖို့အတွက်၊ ကျော်ကြားအောင်မြင်ဖို့အတွက် အလုပ်လုပ်တာမဟုတ်ဘဲ သူ့ရင်ထဲမှာဖြစ်ပေါ်တဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းဖို့ အလုပ်လုပ်တာပါ။ ကျွန်တော် သူ့ကို နှစ်ပေါင်းများစွာကြာအောင် အနီးကပ်နေရင်း လေ့လာကြည့်ပြီးတဲ့အခါ အဲဒီအချက်ကို သဘောတူပါတယ်။ သူဟာ စီးပွားရေးအမှားတွေ လုပ်ခဲ့တယ်။ သူ့မှာ အားနည်းချက်တွေ ရှိတယ်။ လူတွေ (အထူးသဖြင့် ဝန်ထမ်းတွေ) အပေါ် စာနာမှုကင်းမဲ့တယ်ဆိုတဲ့ ချို့ယွင်းချက်တွေ ရှိပေမယ့် သူ ဘာလုပ်လုပ် အောင်မြင်မှာပါ။ ဘာကြောင့်လဲဆိုတော့ သူဟာ ပင်ကိုအားဖြင့် ကျရှုံးမှုကို လက်မခံတတ်လို့ပါ။

Ashlee Vance

(စာရေးသူ)

ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်

ဝန်းမော်သိန်းဝေ၏
ထွက်ရှိပြီးသော စာအုပ်များ

ELON MUSK

ASHLEE VANCE

အီလွန် မတ်
ဗန်းမော် သိန်းပေ

ဒီစာအုပ်မှာ
Space X (အာကာသထဲ ခုံးပျံ လွှတ်တင်တဲ့ ကုမ္ပဏီ) နဲ့
Tesla (လျှပ်စစ်ကား ထုတ်တဲ့ ကုမ္ပဏီ) တို့ရဲ့ CEO ဖြစ်သူ
(ယနေ့ ကမ္ဘာမှာ အချမ်းသာဆုံးဖြစ်နေတဲ့)
ဘီလျံနာသူဌေးကြီး "အီလွန်မတ်" က
ကျွန်တော်တို့ရဲ့ အနာဂတ် ပြောင်းလဲသွားအောင်
ဘာတွေ လုပ်ပေးတယ်ဆိုတာ ရေးပြထားပါတယ်။

ELON MUSK

9 202375 247658